၁၉၄၆၃

ပဲခူးမြို့

မဟာကလျာဏီသိမ်တော်ကြီးသမိုင်း

မဟာကလျာဏီသိမ်တော်ကြီး၌ ရဟန်းခံခဲ့သော

သာသနာ့ဝန်ဆောင် ရဟန်းတော်များ အဖြစ်တော်စဉ်

အရည်ဝါသီနိကာယ ဝိနိယသာကစ္ဆာ

သမိုင်းတို့ဖြင့် တန်ဆာဆင်အပ်သော

# ကလျာဏီသာသနာဝင်

စာကြည့်ခန်း
၁၄၀၅

အရှင်ကေလာသ

ဓမ္မာစရိယ၊ ဂဏဝါစက B. A. Hons.

ဝိဇ္ဇာဂုဏ်ထူး [သီရိလင်္ကာ] ပြုစုရေးသားသည်။

သာသနာ ၂၅၂၅၊ ကောဇာ ၁၃၄၃၊ ခရစ် ၁၉၈၁၊

၁၉၇၁ ခု၊ အောက်တိုဘာလ

ပထမအကြိမ်

အုပ်ရေ (၂၀၀၀)


၂၉၄.၃၀၉

ကဓသ

၁၉၄၇၃

ဂ၆-၂

ကန်-၂၀



ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနအတွက် အမှတ် ၁၁၊ ၁၂၅ လမ်း၊ ကန်တော်ကလေး၊ နေလင်းစာပုံနှိပ်တိုက် (၀၂၀၃၀) တွင် ဒေါ်တင်လှက ပုံနှိပ်၍ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင် မှတ်ပုံတင်အမှတ် (၀၂၅၂၇) က ထုတ်ဝေသည်။

၁၉၄၇၉
ခ၆၂၊ ကာန်.၂၀

# ကလျာဏီသာသနာဝင်

## မာတိကာ

အကြောင်းအရာ	စာမျက်နှာ


ရတနတ္တယပဏာမ .... ၁
အဘိယာစကနှင့် ပဋိညာဉ် .... ၂


### ကလျာဏီသာသနာဝင်–ပဌမပိုင်း


ရာမာဓိပတိဓမ္မစေတီမင်း .... ၅
အင်းဝကြွရောက် ပညာသင်ကြားခြင်း .... ၅
မိဖုရားကြီး ရှင်စောပု .... ၆
ဓမ္မဓရ ဓမ္မဉာဏတို့ကို သားပြု၍ မွေးစားခြင်း .... ၇
ဓမ္မဓရနှင့် ဓမ္မဉာဏတို့ ရှင်စောပုကို ခိုးပြေးခြင်း .... ၇
ဓမ္မဓရနှင့် ဓမ္မဉာဏတို့ လူထွက်ကြ ဓမ္မဓရ ဓမ္မစေတီဖြစ် .... ၉
ပဌမပိုင်း အပြီးသတ်ခြင်း .... ၉


### ကလျာဏီသာသနာဝင်–ဒုတိယပိုင်း


ရာမညတိုင်း .... ၁၀
ပဌမအကြိမ် ရာမညတိုင်း သာသနာတော်ဆက် .... ၁၁
ဒုတိယအကြိမ် ရာမညတိုင်း သာသနာတော်ဆက် .... ၁၂
တတိယအကြိမ် ရာမညတိုင်း သာသနာတော်ဆက် .... ၁၃
ရာမညတိုင်း စတုတ္ထအကြိမ် သာသနာတော်ဆက် .... ၁၄
အရှင်ဥတ္တရာဇီဝနှင့် အရှင်ဆပ္ပဋ(ဆပ္ပဒ) .... ၁၄
ပုဂံရဟန်းများနှင့် ခွဲ၍ ကံပြုခြင်း .... ၁၆

အကြောင်းအရာ — စာမျက်နှာ

ရာမညတိုင်း ဒလမြို့၌ အရှင်ဓမ္မဝိလာသ သာသနာပြုခြင်း ... ၁၇
ရာမညတိုင်း ငါးကြိမ်မြောက် သာသနာဆက် .... ၁၇
ရာမညတိုင်း ခြောက်ကြိမ်မြောက် သာသနာဆက် .... ၁၈
ဘုဝနေကဿသောဘနမထေရ် — ၁၈
ရာမညတိုင်း ခုနစ်ကြိမ်မြောက် သာသနာဆက် .... ၁၉

## ကလျာဏီသာသနာဝင်–တတိယပိုင်း

ရဟန်းတော် ၂၂-ပါး သီဟိုဠ်ကျွန်းသို့ စေလွှတ်ခြင်း .... ၂၁
လှူဖွယ်ဝတ္ထုနှင့် လက်ဆောင် ပဏ္ဏာများ စီမံခြင်း .... ၂၂
သီဟိုဠ်ကျွန်း မဟာထေရ်ကြီးများထံ လျှောက်လွှာ .... ၂၂
ဘုဝနေကမင်းအတွက် လက်ဆောင်နှင့် သဝဏ်လွှာ .... ၂၃

## ကလျာဏီသာသနာဝင် –စတုတ္ထပိုင်း

သီဟိုဠ်ကျွန်းသို့ သင်္ဘောလှင့်ကြခြင်း .... ၂၅
သီဟိုဠ်ဘုရင်က ပစ္စည်းလေးပါးဖြင့် ပြုစုလုပ်ကျွေးခြင်း .... ၂၅
အနုရာဓမြို့သို့ ကြွရောက် စေတီပုထိုးများ ဖူးမြော်ကြ .... ၂၆
ရာမတမန်သင်္ဘော ခက်ခဲစွာ သီဟိုဠ်ကျွန်း ဆိုက်ရောက်ခြင်း .... ၂၆
အနုရာဓမြို့ စေတီပုထိုးများ ဖူးမြော် .... ၂၈
မထေရ်မြတ်အားလုံး စွယ်တော် ဖူးမြော် ပူဇော်ကြ .... ၂၈

## ကလျာဏီသာသနာဝင်–ပဉ္စမပိုင်း

ကလျာဏီမြစ်တွင် ရဟန်းခံကြခြင်း .... ၃၀
ပဉ္စင်းခံပုံ အစီအစဉ် .... ၃၁
ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း .... ၃၄
ကလျာဏီသာသနာဝင် ပဉ္စမပိုင်း အပြီးသတ်ခြင်း .... ၃၅

အကြောင်းအရာ စာမျက်နှာ

**ကလျာဏီသာသနာဝင်-ဆဋ္ဌမပိုင်း**

ရာမတမန်နှင့်မထေရ်မြတ် ၁၁-ပါးတို့ ဝယ်လိရွာရောက်ခြင်း.... ၃၆
စိတြတမန်သတော်ပါ မထေရ် စေတီပါဒဖူးမြော် .... ၃၆
မထေရ်မြတ် ၁၁-ပါးတို့ ပြန်လည်ရောက်ရှိခြင်း .... ၃၆
စိတြတမန်သင်္ဘောပျက်စီးခြင်း .... ၃၇
နာဝုဘသင်္ဘောဆိပ်သို့ ရောက်ရှိခြင်း .... ၃၈
မထေရ်တချို့ ပြန်ရောက်ကြ၊ မထေရ်အချို့ ပျံလွန်တော်မူကြ.... ၃၈
ဓမ္မစေတီမင်း ကြိုဆိုတော်မူခြင်း .... ၃၉
မထေရ်မြတ်တို့ ဟံသာဝတီကြွ သာသနာတော်ဆိုင်ရာ ဘဏ္ဍာများ
သဝဏ်လွှာများ ပေးအပ်ခြင်း .... ၄၀

**ကလျာဏီသာသနာဝင်-သတ္တမပိုင်း**

ကလျာဏီသိမ်သမုတ်ရန် စီရင်တော်မူခြင်း .... ၄၂
ရှေးဦးစွာသိမ်နှုတ်ခြင်း .... ၄၄
သိမ်သမုတ်ခြင်း .... ၄၅
ကလျာဏီသိမ်ဟု အမည်ပေးခြင်း .... ၄၆
ကလျာဏီသာသနာဝင် သတ္တမပိုင်းအပြီးသတ်ခြင်း .... ၄၇

**ကလျာဏီသာသနာဝင်-အဋ္ဌမပိုင်း**

ပဉ္စင်းခံရန် အကြောင်းကြားကြခြင်း၊ ဥပဇ္ဈာယ်ဆရာရှာခြင်း.... ၄၈
ဇာရှင်ဓမ္မကိတ္တိထေရ် အစပြု၍ များစွာသော မထေရ်တို့
လူထွက်၍ ပဉ္စင်းခံကြပြီ .... ၅၀
ငှမဆုံး ကလျာဏီ ဥပုသ်ပွဲကြီး .... ၅၁
ဆွမ်းခံဖွယ်ဘောဇဉ်ကပ်လှူခြင်းနှင့် သင်္ကန်းသည်
လှူဒါန်းခြင်း .... ၅၂
ကလျာဏီတိဿဘွဲ့တံဆိပ်တော်လှူဒါန်း .... ၅၃

အကြောင်းအရာ စာမျက်နှာ

နေ့စဉ်မပြတ်ပဉ္စင်းခံကြ .... ၅၃
ကလျာဏီသာသနာဝင် အဋ္ဌမပိုင်း အပြီးသတ်ခြင်း .... ၅၃

## ကလျာဏီသာသနာဝင်-နဝမပိုင်း

ကတိကဝတ် တောင်းပန်လျှောက်ထားခြင်း .... ၅၄
ဆေးကု၊ ဂဏန်းတွက်သော ရဟန်း စသည်တို့ နေခွင့်မပေးရန် .... ၅၅
သဒ္ဓါတရားပြည့်စုံ သိက္ခာလုံခြုံသော ရဟန်းတို့ကိုသာ နေခွင့်ပေးရန် .... ၅၆
ပရိက္ခရာရှစ်ပါး ထောက်ပံ့၍ ပဉ္စင်းခံစေမည် စသည် လျှောက်ထား .... ၅၆
သာသနာတော်ကို သုတ်သင်ခြင်း .... ၅၇
တသောင်း ငါးထောင် ခြောက်ရာ ခြောက်ဆယ့်ခြောက်ပါး .... ၅၈
နဝမပိုင်း အပြီးသတ်ခြင်း .... ၅၉

## ကလျာဏီသာသနာဝင်-ဒသမပိုင်း

ရာမညတိုင်း အနှံ့အပြား သိမ်ပေါင်း ၃၉၇-လုံး သမုတ်ခြင်း .... ၆၀
ပဉ္စင်း ၆၀၁-ပါး ရဟန်းခံပွဲကြီး .... ၆၁
နောက်နောင်မင်းတို့ အတုယူရန် ရှေးမင်းတို့၏ အတုယူ၍ ပြုလုပ် .... ၆၃
ကလျာဏီသာသနာဝင် ဒသမပိုင်းပြီးဆုံးခြင်း .... ၆၃

## ကလျာဏီသာသနာဝင်-ကောဒသမပိုင်း

ယိုးဒယားနိုင်ငံ ဓမ္မယုတ္တိဂိုဏ်း .... ၆၄
ယိုးဒယားပြန် ဂိုဏ်းသီးခြားထောင် သာသနာပြု .... ၆၅
စူဠနိကာယဟု ထင်ရှားခြင်း .... ၆၅

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ရောက်ရှိလေ့လာ သံဃာ့ကံဆောင်တော်မူကြ | .... | ၆၆ |
| မဟာနိကာယလည်း လွန်စွာ အလေးအမြတ်ပြု | .... | ၆၆ |
| ယိုးဒယား သာသနာပိုင် ဆရာတော် ကြွရောက်ကြည်ညို | .... | ၆၇ |
| နှစ်ဂိုဏ်းလုံးက အလေးအမြတ်ပြု | .... | ၆၇ |
| ကောဒသမပိုင်း အပြီးသတ်ခြင်း | .... | ၆၇ |

**ကလျာဏီသာသနာဝင်-ဒွါဒသမပိုင်း**

| | | |
|---|---|---|
| သီဟိုဠ်အမျိုးသားတို့ ကလျာဏီသိမ်၌ ရဟန်းခံကြခြင်း | .... | ၆၈ |
| သီဟိုဠ်ရဟန်းတော် အရှင်ဂုဏရတနတိဿ | .... | ၆၈ |
| သီဟိုဠ်ကျွန်း ကလျာဏီဝံသနိကာယ်ထောင် သာသနာပြု | .... | ၇၀ |
| ဘဝနတ်ထံ ပျံလွန်တော်မူခြင်း | .... | ၇၂ |
| သီဟိုဠ်ရဟန်းတော် အရှင်ကလျာဏဘိဿ | .... | ၇၂ |
| ပဲခူးကလျာဏီသိမ်၌ ရဟန်းခံတော်မူခြင်း | .... | ၇၂ |
| သီဟိုဠ် ရဟန်းတော် အရှင်ဓမ္မရတန | .... | ၇၃ |
| မြန်မာပြည်သို့ ကြွရောက်တော်မူခြင်း | .... | ၇၃ |
| ကလျာဏီသိမ်၌ ရဟန်းခံခြင်း | .... | ၇၄ |
| သီဟိုဠ် ရဟန်းတော် အရှင်ဓမ္မသာရ | .... | ၇၄ |
| ဖွားမြင် ရှင်သာမဏေပြုခြင်း | .... | ၇၄ |
| ကလျာဏီသိမ်၌ ရဟန်းခံခြင်း | .... | ၇၄ |
| သီဟိုဠ် ပြန်ကြွ သာသနာပြု | .... | ၇၅ |
| သီရိဓမ္မသာရ မဟာနာယက | .... | ၇၅ |
| ပျံလွန်တော်မူခြင်း | .... | ၇၅ |
| သီဟိုဠ် ရဟန်းတော် အရှင်သုမနတိဿ | .... | ၇၅ |
| ဖွားမြင် ရှင်သာမဏေပြုခြင်း | .... | ၇၅ |
| မြန်မာပြည်သို့ ကြွရောက်ခြင်း | .... | ၇၆ |
| ကလျာဏီသိမ်၌ ရဟန်းခံခြင်း | .... | ၇၆ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သီဟိုဠ်ပြန် သာသနာပြု | .... | ၇၆ |
| လွန်စွာ ကျေးဇူးများသော သိမ် | .... | ၇၆ |
| သီဟိုဠ်ရဟန်းတော် အရှင်ပညာတိဿ | .... | ၇၇ |
| ဖွားမြင် ရှင်သာမဏေဝတ် | .... | ၇၇ |
| မြန်မာပြည်သို့ ကြွရောက်ခြင်း | .... | ၇၇ |
| ကလျာဏီသိမ်၌ ရဟန်းခံခြင်း | .... | ၇၇ |
| သီဟိုဠ်ပြန်ကြွ သာသနာပြု | .... | ၇၈ |
| သီဟိုဠ်ရဟန်းတော် အရှင်ဂုဏသာရ | .... | ၇၈ |
| ဖွားမြင် ရှင်သာမဏေပြုခြင်း | .... | ၇၈ |
| မြန်မာပြည်သို့ ကြွရောက်ခြင်း | .... | ၇၈ |
| စေတီပုထိုးများ ဖူးမြော်ခဲ့ | .... | ၇၈ |
| ကလျာဏီသိမ်၌ ရဟန်းခံခြင်း | .... | ၇၉ |
| သီဟိုဠ်ပြန်ကြွ သာသနာပြု | .... | ၇၉ |
| သီဟိုဠ်ရဟန်းတော် အရှင်မေဓာနန္ဒ | .... | ၇၉ |
| ဖွားမြင် ရှင်သာမဏေဝတ်ခြင်း | .... | ၇၉ |
| မြန်မာပြည်ကြွရောက်ခြင်း | .... | ၇၉ |
| ကလျာဏီသိမ်၌ ရဟန်းခံခြင်း | .... | ၈၀ |
| သီဟိုဠ်ကျွန်းပြန်ကြွ သာသနာပြု | .... | ၈၀ |
| သီဟိုဠ်ရဟန်းတော် အရှင်သီလာနန္ဒ | .... | ၈၀ |
| ဖွားမြင် ရှင်သာမဏေဝတ်ခြင်း | .... | ၈၀ |
| မြန်မာပြည်သို့ ကြွတော်မူခြင်း | .... | ၈၁ |
| ကလျာဏီသိမ်၌ ရဟန်းပြုခြင်း | .... | ၈၁ |
| ဥပဇ္ဈာယ် ဆရာတော်က များစွာချီးမြှောက်ခြင်း | .... | ၈၁ |
| သာသနပ္ပဝတ္တိဒီပနီ စာတမ်းချီးမြှင့် | .... | ၈၂ |
| သီဟဠဒီပါဂတာနံ ဂုဏရတနာဒီနံ ရာမညကလျာဏီ စံသိမ်ကေဟိ ဥပသမ္ပဒါဒိတာနံ ဥပသမ္ပဒါဒီပနီ | .... | ၈၂ |

အကြောင်းအရာ စာမျက်နှာ

ပဗ္ဗဇ္ဇုပသမ္ပဒါပရိဒီပနီ .... ၈၇
ကလျာဏီ သာသနာဝင် ဒုတိယသမပိုင်း အပြီးသတ်ခြင်း .... ၉၁

## ကလျာဏီသာသနာဝင်-တေရသမပိုင်း

ဆင့်သံဃာယနာတင်စဉ်က သဝဏ်လွှာပို့ခြင်း .... ၉၅
သီဟိုဠ်ကျွန်း ကလျာဏီတိဿနိကာယမှ သဝဏ်လွှာ .... ၉၅
ဘုန်းတော်ရှင်ဘုရားအား ရှိခိုးပါကုန်၏။ .... ၉၅
တေရသမပိုင်း အပြီးသတ်ခြင်း .... ၉၇

## ကလျာဏီသာသနာဝင်-စုဒ္ဒသမပိုင်း

သီဟိုဠ်ဆရာတော် အရှင်ဣန္ဒာသဘာဝရဉာဏသာမိ ဖွားမြင်
တော်မူခြင်း .... ၉၈
ပညာသင်ကြားခြင်း .... ၉၉
ရဟန်းခံခြင်း .... ၉၉
သံဃာရှိ၍ ထပ်မံရဟန်းခံ .... ၉၉
မြန်မာနိုင်ငံသို့ ကြွရောက်ခြင်း .... ၁၀၀
မောင်းထောင်သာသနာပိုင်ထံ ထပ်မံ ရဟန်းခံခြင်း .... ၁၀၀
ဘွဲ့မည်ပြင်မှည့်ခေါ်ခြင်း .... ၁၀၀
ကလျာဏီသိမ်၌ သိမ်ထပ်ဒဠှီကမ္မပြုခြင်း .... ၁၀၁
ရာမညသံဃာကိုဏ်း တည်ထောင်ရန်ကြံရွယ် .... ၁၀၁
သီဟိုဠ်ကျွန်းပြန်ကြွ ရာမညဂိုဏ်းထောင် .... ၁၀၁
သံဃာသုံးထောင်ခန့်ရှိ .... ၁၀၂
ပညာတတ်ရဟန်းတော် အများအပြားပါဝင် .... ၁၀၂
ရာမညဂိုဏ်း ရာပြည့်ပွဲကြီး .... ၁၀၂
ကလျာဏီသာသနာဝင် စုဒ္ဒသမပိုင်း အပြီးသတ်ခြင်း .... ၁၀၃

အကြောင်းအရာ　　　　စာမျက်နှာ

## ကလျာဏီသာသနာဝင်-ပဉ္စမပိုင်း

ကလျာဏီသိမ်၌ ရဟန်းခံခဲ့သော သီဟိုဠ်ရဟန်းတော် ၁၈-ပါး .... ၁၀၄
ဆင်္ဃသံဂါယနာတင်စဉ်က သဝဏ်လွှာများပို့ခြင်း .... ၁၀၅
ရာမညဂိုဏ်း မဟာနာယကဆရာတော်ထံမှ သဝဏ်လွှာ .... ၁၀၆
ကလျာဏီသာသနာဝင် ပဉ္စမပိုင်း အပြီးသတ်ခြင်း .... ၁၀၈

## ကလျာဏီသာသနာဝင်-သောဠသမပိုင်း

ပဲခူးမြို့ .... ၁၀၉
ဘုရားလက်ထက်တော်ကပင် လူနေအိမ်ခြေရှိခဲ့ .... ၁၀၉
ပဲခူးမြို့တည်ခြင်း .... ၁၁၀
သမလမင်းမှစ၍ တိဿမင်းတိုင်အောင် ၁၇-ဆက် .... ၁၁၀
ရှာနိဂုံးကြီး ဖြစ်ခဲ့ခြင်း .... ၁၁၁
ရေမာန်ကန်း တရဖျားတို့ ပဲခူးမြို့ကိုစားရ .... ၁၁၁
ပဲခူးမြို့ အမည်များ .... ၁၁၁
ပဲခူးတိုင်း၊ ပဲခူးမြို့နယ် .... ၁၁၂
ပဋိယတ္တိ စာသင်တိုက် နှစ်ဆယ်ကျော် .... ၁၁၂
စေတီပုထိုးများ .... ၁၁၃
ကလျာဏီသာသနာဝင် သောဠသမပိုင်း အပြီးသတ်ခြင်း .... ၁၁၄

## ကလျာဏီသာသနာဝင်-သတ္တရသမပိုင်း

ကလျာဏီကျောင်းတိုက်ကြီး .... ၁၁၅
ကျောင်းတိုက်ကြီး အတွင်းမြင်ကွင်း .... ၁၁၆
ကလျာဏီသိမ်တော် အရှေ့မြောက်အနီး စွယ်တော်ပွားတဆူ
ကိန်းဝပ်တော်မူသော ကလျာဏီစေတီ ကလျာဏီ မော်ဒယ်ပုံ ၁၁၆

အကြောင်းအရာ စာမျက်နှာ

ကလျာဏီစေတီ စီရင်စေပြီ .... ၁၁၇
အဆက်ဆက် ပြန်လည်တည်ကြခြင်း .... ၁၁၉
ကလျာဏီသိမ်တော် အရှေ့တောင်အနီး သွားတော်ခေတ်တဆူ
ကိန်းဝပ်တော်မူသော မဓေါကျောက် စေတီတော် .... ၁၁၉
သက်တော်ထင်ရှား ဖြစ်စဉ်များ .... ၁၂၀
ဆံတော်ခေတ်ရှင် ပူဇော်ချင် .... ၁၂၁
သွားတော်ခေတ်မြတ် လှူပေးအပ် .... ၁၂၁
၃၃-ဆူ ဖော်ထုတ်ယူ .... ၁၂၂
အဓိဋ္ဌာန်မြင့်မား နယ်ကြွသွား .... ၁၂၃
သွားတော်ခေတ်တဆူ ရာမညတိုင်း ဟံသာဝတီ ပဲခူးသို့
ရောက်တော်မူခြင်း .... ၁၂၃
စေတီပြင်ဆင် ရှုဆင်ခြင် .... ၁၂၄
မဓေါအကျိုး ဆက်ဖွံ့ဖြိုးလက် .... ၁၂၅
သမိုင်းကို ပြောနေသော ပန်းချီကားများ .... ၁၂၅
တိုက်တွန်းချက် .... ၁၂၇
ကလျာဏီသာသနာဝင် သတ္တရသမပိုင်း အပြီးသတ်ခြင်း .... ၁၂၀

## ကလျာဏီသာသနာဝင်–အဋ္ဌာရသမပိုင်း

ကလျာဏီကျောင်းတိုက်ကြီး၏ ငှ၅ဦးဆုံး ဆရာတော်
အရှင်သုဝဏ္ဏသောဘန မဟာထေရ် — ၁၂၉
ပညာသင်ကြားခဲ့ခြင်း၊ ဘုရားပုထိုးများ ဖူးမြော်ခြင်း .... ၁၂၉
မြန်မာပြည်သို့ ပြန်ကြွတော်မူခြင်း .... ၁၃၀
များစွာသော ရဟန်းတို့၏ ဥပဇ္ဈာယ်ဆရာ .... ၁၃၀
ကလျာဏီကျောင်းတိုက်၏ အဓိပတိတာဝန် .... ၁၃၀

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ကလျာဏီတိဿ ဘွဲ့တံဆိပ်တော်နှင့် သာသနာပိုင်အရာ | | |
| အပ်နှင်းခြင်းခံရ | .... | ၁၃၁ |
| ဝုတိကမ္မဇရုပ် ချုပ်တော်မူခြင်း | .... | ၁၃၁ |
| သံဝေဂယူရန် | .... | ၁၃၁ |
| မဟာကလျာဏီကျောင်းတိုက်ကြီး၏ ဒုတိယဆရာတော် | | |
| အရှင်မေဓာနန္ဒဓဇမဟာထေရ် | .... | ၁၃၂ |
| ရှင် ရဟန်းပြုခြင်း | .... | ၁၃၂ |
| စာပေကျမ်းဂန် တတ်မြောက်ခြင်း | .... | ၁၃၂ |
| မေဓာနန္ဒဓဇ မဟာရာဇဂုရု | .... | ၁၃၃ |
| သာသနာပိုင် အဆက်ဆက် အသိအမှတ်ပြု | .... | ၁၃၃ |
| ကလျာဏီသိမ်ကို စောင့်ရှောက်ရခြင်း | .... | ၁၃၃ |
| ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးရခြင်း | .... | ၁၃၄ |
| သီဟိုဠ်ကျွန်း ကလျာဏီဝံသ မဟာနာယကဆရာတော်ထံ | | |
| လှူဖွယ်နှင့်ဒါယကာနှစ်ဦး စေလွှတ်ခြင်း | .... | ၁၃၄ |
| အရှင်မေဓာနန္ဒဓဇထံ သီဟိုဠ်ကျွန်း အရှင်ဓမ္မသာရ ပေးပို့သည့် | | |
| သန္ဒေသပါဠိ | .... | ၁၃၅ |
| ဖော်ပြပါ သန္ဒေသ မြန်မာနိဿယ | .... | ၁၃၇ |
| သီဟိုဠ်ကျွန်းသို့ လှူဖွယ်ဝတ္ထုများလှူဒါန်း | .... | ၁၄၄ |
| သီဟိုဠ်သာသနာအား များစွာ ကျေးဇူးပြုသူ | .... | ၁၄၄ |
| ပျံလွန်တော်မူခြင်း | .... | ၁၄၅ |
| သံဝေဂယူရန် | .... | ၁၄၅ |
| ကလျာဏီသာသနာဝင် အဋ္ဌာရသမပိုင်း အပြီးသတ်ခြင်း | .... | ၁၄၅ |

**ကလျာဏီသာသနာဝင်–ကေူနဝီသတိမပိုင်း**

| | | |
|---|---|---|
| ကလျာဏီကျောင်းနေရာ | .... | ၁၄၆ |

အကြောင်းအရာ စာမျက်နှာ

ကလျာဏီကျောင်းတိုက်ကြီး၏ တတိယဆရာတော် အရည
ဝါသီ နိကာယ အာဒိကမ္မိက နာယကဆရာတော် အရှင်ဝဏ္ဏ
မဟာထေရ် .... ၁၄၆
ဖွားမြင်တော်မူခြင်း .... ၁၄၇
ရှင် ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင် .... ၁၄၇
ပညာသင်ကြားတော်မူခြင်း .... ၁၄၇
တောထွက်တော်မူခြင်း .... ၁၄၈
ကျားတွေ ဆင်တွေအပေါ် သဟဲပြု .... ၁၄၈
ဆရာတော် အရှင်ဝဏ္ဏ စာပေချပို့ခြင်း .... ၁၄၈
ရဟန်းတော် ဦးသီလကြွရောက်ပညာသင်ခြင်း .... ၁၄၉
ပဋိပတ်ယှဉ်တွဲ ကျင့်စေမြဲ .... ၁၄၉
တောရဂိုဏ်းဖြစ်အောင် ကြိုးပမ်းခြင်း .... ၁၄၉
ဆရာတော် အရှင်ဝဏ္ဏ၏ တိုက်တွန်းလှုံ့ဆော်ပုံ .... ၁၅၀
ကျောင်းသစ် တည်ထောင် .... ၁၅၀
ဣရိယာပထ လွန်မျှတ .... ၁၅၁
ပဲခူးတောရ စာပြန်ပွဲအစ ဦးဝဏ္ဏ .... ၁၅၁
ဉာဏ်တော်စိတ်လှ တုယှဉ်ကြ .... ၁၅၂
နည်းလမ်းညွှန်ပြ ဦးဝဏ္ဏ ဘဝနတ်ထံပျံလွန်တော်မူခြင်း .... ၁၅၂
သံဝေဂယူရန် .... ၁၅၂
မဟာကလျာဏီတောရကျောင်းတိုက်ကြီး၏ စတုတ္ထ
ဆရာတော် ပဲခူး အရည၀ါသီ ရွှေကျင်နိကာယ၏
အာဒိကမ္မိက မဟာနာယက ဆရာတော် အရှင်အာစာရ
မဟာထေရ် .... ၁၅၃
ဖွားမြင်ခြင်း .... ၁၅၃
ကျောင်းအပ်နှံခြင်း .... ၁၅၄
ရှင်ရဟန်းဖြစ်ခြင်း .... ၁၅၄

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပညာသင်ကြားခြင်း | .... | ၁၅၄ |
| အနောက်အာစာရ၏ နေ့စဉ်ဆင်ခြင်ပုံ | .... | ၁၅၅ |
| သာသနာတော်ကို အသက်ပေးမည် | .... | ၁၅၅ |
| သာသနာဘည်ကြောင်း ဗုဒ္ဓနည်းလမ်းကောင်း | .... | ၁၅၅ |
| စိတ်ကောင်းပြည့်က မိတ်ကောင်းရ | .... | ၁၅၆ |
| မိတ်ကောင်းရှိမှ ဥစ္စာရ | .... | ၁၅၆ |
| အောင်မြေပင်မ တောထွက်ကြ | .... | ၁၅၇ |
| သမဂ္ဂသုခ လွန်ပြည့်ဝ | .... | ၁၅၇ |
| စေတီယင်္ဂဏာဝတ် စသည်ပြု | .... | ၁၅၇ |
| သိမ်တန်ဆောင်းကြီး မီးလောင် သံဝေဂဖြစ် | .... | ၁၅၇ |
| သိမ်တန်ဆောင်း အသစ်ဆောက်လုပ်ရာ၌စိမံဆောင်ရွက်ခြင်း | ... | ၁၅၈ |
| ရေစက်ချပေး၍ အလှူခံခြင်း | .... | ၁၅၈ |
| ပဝါရဏာပွဲ အစ အရှင်အာစာရ | .... | ၁၅၈ |
| ပဲခူး အရညဝါသီ ရွှေကျင် နိကာယကြီး၏ အစအဆုံး | | |
| မဟာနာယကဆရာတော် ဖြစ်တော်မူခြင်း | .... | ၁၅၉ |
| သာသနာတော် တိုးတက်ရန် လိုလားသူ | .... | ၁၆၀ |
| ဘဝနတ်ထံပါးလွန်တော်မူခြင်း | .... | ၁၆၀ |
| သံဝေဂယူရန် | .... | ၁၆၀ |
| ကလျာဏီနှယ်ဝင် ဘုန်းတော်ကြီး ဦးသီလ အရညဝါသီ | | |
| နိကာယနာယက အရညဝါသီ ရွှေကျင်နိကာယ နာယက | .... | ၁၆၁ |
| မီးရှူးသန့်စင် ဖွားမြင်တော်မူခြင်း | .... | ၁၆၁ |
| ကျောင်းနေ ပညာသင် ရှင်သာမဏေဝတ် | .... | ၁၆၂ |
| ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း | .... | ၁၆၂ |
| ပညာသင်ကြားတော်မူခြင်း | .... | ၁၆၃ |
| ပဲခူးမြို့၊ ရန်ကုန်မြို့တို့၌ ပညာသင် | .... | ၁၆၃ |
| ကလျာဏီတောရကျောင်း၌ ၁-ဝါ သီတင်းသုံးပညာသင် | .... | ၁၆၃ |

အကြောင်းအရာ စာမျက်နှာ


| | | |
|---|---|---|
| စစ်ကိုင်း မန္တလေးတို့၌ ၁-ဝါစီပညာသင် | .... | ၁၆၄ |
| စာသင်ပြီးဆုံး | .... | ၁၆၄ |
| တောထွက်မည်ဟု ယတိပြတ်ဆုံးဖြတ် | .... | ၁၆၄ |
| တတောဝင် တတောထွက် | .... | ၁၆၅ |
| တောရမှီ ယောဂီရဟန်းတော် အရှင်သီလသာရ | | |
| အဋ္ဌကထာဆရာ၏ ဥယျောဇဉ် ဆင်ခြင် ပျော်ရွှင်ခြင်း | .... | ၁၆၅ |
| ဆရာတော်သခင် အရှင်မြတ် တောထွက်အောင် | | |
| ဆွဲဆောင်ခြင်း | .... | ၁၆၇ |
| ကလျာဏီသို့ ဆရာတပည့် တောထွက်ကြလေပြီ | .... | ၁၆၉ |
| ကလျာဏီ တောရကျောင်းတိုက်အတွင်း တောအာရုံခံ | .... | ၁၆၉ |
| ဂင်္ဂါတီရိယမထေရ်နှင့် တူသူ | .... | ၁၇၀ |
| ဟင်္သာကုန်း တောကျောင်း၌ သီတင်းသုံး | .... | ၁၇၁ |
| ဆင်တွေ ကျားတွေက အန္တရာယ်မပြု စောင့်ရှောက်ကြ | .... | ၁၇၂ |
| အနယ်နယ်အစိုစို အမြို့မြို့ အရွာရွာလှည့်လည်သာသနာပြု | .... | ၁၇၂ |
| ဂုဏ်တော်အသွယ်သွယ် ကြည်ညိုဖွယ် | .... | ၁၇၃ |
| ပရိယတ် ပဋိပတ် | .... | ၁၇၄ |
| ခရီးကြွတော်မူခြင်း | .... | ၁၇၄ |
| အဝတ်အထည်များ ခင်းကြခြင်း | .... | ၁၇၄ |
| ခရီးရှည်ကြွရာ၌ ဖျာသင်ဖြူး စသည်ခင်းကြ | .... | ၁၇၅ |
| ခြေတော်မြေမထိဟု ပြောကြ | .... | ၁၇၆ |
| ပိဏ္ဍပါတ်ဓုတင်အမြဲဆောင် | .... | ၁၇၆ |
| ချီးကျူးထိုက်သော ရဟန်းမြတ် | .... | ၁၇၇ |
| သပဒါနစာရီဓုတင် | .... | ၁၇၈ |
| ပံသုကူဓုတင် ထာဝစဉ် ဆောင်တော်မူခြင်း | .... | ၁၇၉ |
| တိစီဝရိတ် ဓုတင်ကျင့်ဆောင် | .... | ၁၇၉ |
| ကောသနိက်ဓုတင်၊ ပတ္တပိဏ်ဓုတင် | .... | ၁၈၀ |

အကြောင်းအရာ　　စာမျက်နှာ


ရှုက္ခမူဓုတင်ကျင့်ဆောင် .... ၁၀၁
အဗ္ဗောကာသိက ဓုတင်ကိုလည်းကျင့်ခဲ့ .... ၁၀၁
သုသာန်ဓုတင် ဆောက်တည်ကျင့်ကြံတော်မူခြင်း .... ၁၀၂
အခြားဓုတင်များ ဆောက်တည် .... ၁၀၃
အကျွမ်းတဝင် ဟောပြောလေ့မရှိခြင်း .... ၁၀၃
ဟောနေကြ တရား .... ၁၀၄
ကျားမကိုက်သော ဘုန်းတော်ကြီး .... ၁၀၄
ကျားဖြစ်မည် နွားဖြစ်မည် မထင်ရှား .... ၁၀၅
ကျားနှင့် ၃-တောင်ခန့်သာကွာ .... ၁၀၅
ကျားပါးစပ်က မိ.ခဲကြီး .... ၁၀၆
ကျားများ အိမ်ကြောင်အလား ဖြစ်ကြ .... ၁၀၇
ငိုယိုလျက် နောက်ဆုတ်ဖဲသော ဆင် .... ၁၀၇
ဆင်များ ရှောင်ရှားသွားကြ .... ၁၀၈
လမ်းရှောင်သော ဆင်နှင့် ဦးညွှတ်သော ဆင် .... ၁၀၈
ကြောင့်မူးဆင်ဆိုး လမ်းရှောင် တောဝင်သွား .... ၁၀၉
ဆင်အုပ်ကြီးကြွ အန္တရာယ်မပြု .... ၁၀၉
နွားကြမ်းလည်း မခွေ့. .... ၁၉၀
ဘုန်းတော်ကြီးစကား နားထောင်သော မြွေငန်း .... ၁၉၁
ဘုန်းတော်ကြီးစကား နာယူသော စပါးကြီးမြွေ .... ၁၉၁
ခြင်၊ ပရွက်များ .... ၁၉၁
ဘူတနတ်များ တရားနာလာကြ၊ အဖူးမြော်လာကြ .... ၁၉၂
ဥစ္စာစောင့်များက ဆေးလှူခြင်း .... ၁၉၂
သေနတ် မီးမထွက် .... ၁၉၂
ပဲခူး ပဝါရဏာပွဲ အစပါဝင် .... ၁၉၃
ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် ဘုန်းတော်ကြီးဦးသီလ .... ၁၉၃
သထုံမြို့ကြွ မမ္ဘိကာရေမစာသင်တိုက် တည်ထောင် .... ၁၉၄

အကြောင်းအရာ စာမျက်နှာ

တောင်ဝိုင်းတောရတည်ထောင် .... ၁၉၅
ညောင်လေးပင်တောရကျောင်းတိုက်တည်ထောင် .... ၁၉၅
ကျိုက်ထိုမြို့ ဆိတ်ဖူးတောင် ၅-နှစ်ဝါဆို .... ၁၉၆
ကျိုက္ကစံကျောင်းတိုက် တည်ထောင် .... ၁၉၆
ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် တည်ထောင် .... ၁၉၇
ဖြူးမြို့၌ ကျောင်းတိုက် ၂-တိုက်တည်ထောင် .... ၁၉၇
စုတ်ကမ္မဇရုပ် ချုပ်တော်မူခြင်း .... ၁၉၈
ကလျာဏီကျောင်းတိုက်ကြီး၏ ပဌမမြောက် နာယက
ဆရာတော် အရှင်စန္ဒိမာမဟာထေရ် အရည်ဝါသိ
ရွှေကျင်နိကာယ နာယကဆရာတော် .... ၁၉၈
မိးရှူးသန့်စင် ဖွားမြင်ခြင်း .... ၁၉၈
ကလျာဏီကျောင်းတိုက် ရောက်ရှိပညာသင် ... ၁၉၈
ရှင်၊ ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင် .... ၁၉၉
ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း .... ၁၉၉
တောင်ငူမြို့ လောကုတ္တရာ သိမ်ကုန်းကျောင်း ဆရာတော်
အရှင်အရိန္ဒမ .... ၁၉၉
အရှင်အရိန္ဒမထံ ပညာသင် .... ၂၀၀
မန္တလေး သာသနာရောင် .... ၂၀၀
သာသနာရေးအားပေးသည့် မန္တလေးမြို့တော် .... ၂၀၁
ဘုရားမြတ်စွာ သာသနာ လွန်စွာပွင့်လင်း .... ၂၀၂
မန္တလေးသာသနာ့ဖွဲ့ .... ၂၀၃
သီပေါမင်းလက်ထက် သာသနာ့ထွန်းကားပုံဖွဲ့ ကေပိုဒ်ရတု .... ၂၀၃
အရှင်စန္ဒိမာ မန္တလေးပညာသင်ကြွရန် ကြံစည် .... ၂၀၄
မြတောင်ဆရာတော် အရှင်အာလောကမဟာထေရ် .... ၂၀၄
မြတောင်ကျောင်းတိုက် ဆရာတော်အရှင်အာလောကထံ
ပညာသင် .... ၂၀၅

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဟသ်ာတမြို့ မိုးကောင်းတိုက် အရှင်ဂန္ဓမာ မဟာထေရ် | .... | ၂၀၆ |
| ရဟန်းတော် အရှင်စန္ဒိမာ အရှင်ဂန္ဓမာထံ ပညာသင် | .... | ၂၀၆ |
| ပုသိမ်မြို့ မန်းကျောင်း ဆရာတော်အရှင်ဥက္ကံသ | .... | ၂၀၇ |
| အရှင်စန္ဒိမာ ပုသိမ်အရှင်ဥက္ကံသထံ ပညာသင် | .... | ၂၀၇ |
| ရန်ကုန်မြို့ မြေနီကုန်းကျောင်းတိုက် ကျောက်တိုင်ကျောင်းတိုက်တို့၌ စာပေချပို့ | .... | ၂၀၇ |
| သာစ္စဌာနီ ယိုးဒယားပြည် | .... | ၂၀၇ |
| ကလျာဏီဆရာတော်လောင်းလျာ ယိုးဒယားသိမ်သမုတ်ကြွတော်မူခြင်း | .... | ၂၀၈ |
| ယိုးဒယားနိုင်ငံ၌ ၃-၀ါသီတင်းသုံးတော်မူခြင်း | .... | ၂၀၉ |
| ကလျာဏီကျောင်းတိုက်၌ စာပေကျမ်းဂန်ချပို့ခြင်း | .... | ၂၀၉ |
| ကျောင်းတိုက်သက်ခံပြီ | .... | ၂၀၉ |
| မဉ္ဇိမဒေသကြွရောက်၍ သံဝေဇနိယဌာနများဖူးမြော်သံဝေဂယူ | .... | ၂၁၀ |
| သီဟိုဠ်ကျွန်း ဘုရားမြတ်စွာ သာသနာရောင် | .... | ၂၁၁ |
| သီဟိုဠ်ကျွန်း၌ ထင်ရှားသည့် စေတီပုထိုးများ | .... | ၂၁၄ |
| ထင်ရှားခဲ့သော ကျောင်းတိုက်ကြီးများ | .... | ၂၁၅ |
| အဋ္ဌကထာကျမ်း၊ ဋီကာကျမ်းကြီးများ ပေါ်ထွန်းရာ | .... | ၂၁၅ |
| အဘယဂိရိ ကျောင်းတိုက်ထွက် ကျမ်းများ | .... | ၂၁၅ |
| သီဟိုဠ်ကျွန်း ကြွရောက် စေတီပုထိုးများ ဖူးမြော် | .... | ၂၁၇ |
| ကျောင်းတကျောင်းရရှိ၊ အရှင်သီရိမေ္မအား လှူဒါန်းခဲ့ | .... | ၂၁၇ |
| မြန်မာပြည်ပြန်ကြွ ရေ နှစ်ပါး ကြိုးစားအားသစ် | .... | ၂၁၇ |
| ဖားအံတောရကျောင်း တဝါ သီတင်းသုံး | .... | ၂၁၈ |
| သက်ဆုံးတိုင် ကလျာဏီကျောင်းတိုက်၌ သီတင်းသုံး | .... | ၂၁၈ |
| ဇရာဒဏ်ချက် နှိပ်စက်ပြီ | .... | ၂၁၈ |
| ကျောင်းတိုက် လွှဲအပ်ခြင်း | .... | ၂၁၉ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဒကာ၊ ဒကာမတွေနှင့် အတွေ့မခံ | .... | ၂၂၀ |
| ဘဝနတ်ထံ ပျံလွန်တော်မူပြီ | .... | ၂၂၀ |
| သံဝေဂယူရန် | .... | ၂၂၀ |
| မဟာကလျာဏီကျောင်းတိုက်ကြီး၏ ဆဋ္ဌ မဟာနာယက ဆရာတော် အရညဝါသီ ရွှေကျင်နိကာယ၏ နာယကဆရာတော် အရှင်ဉာဏဝံသမဟာထေရ် | .... | ၂၂၁ |
| ဖွားမြင်တော်မူခြင်း | .... | ၂၂၂ |
| သာမဏေဝတ် သာသနာ့တာဝန်ထမ်းဆောင် | .... | ၂၂၂ |
| ပညာသင်ကြားခြင်း | .... | ၂၂၂ |
| ရဟန်းဘဝ ဒုလ္လဘသို့ ရောက်တော်မူခြင်း | .... | ၂၂၃ |
| ဝိထိုရွာ၌ ကျောင်းထိုင်နာယက တာဝန်ထမ်းဆောင် | .... | ၂၂၃ |
| မဟာကလျာဏီ ကျောင်းတိုက်၌ ပြန်လည်သီတင်းသုံး | .... | ၂၂၄ |
| မဟာကလျာဏီ ကျောင်းတိုက်ကြီးကို လွှဲအပ်ခံရခြင်း | .... | ၂၂၄ |
| မဇ္ဈိမဒေသသို့ ဘုရားဖူးကြွတော်မူခြင်း | .... | ၂၂၅ |
| အရညဝါသီ ရွှေကျင်နိကာယဂိုဏ်းကြီး၏ နာယက | .... | ၂၂၅ |
| ဝိနယသာကစ္ဆာအဖွဲ့ကြီး၏ ဩဝါဒါစရိယ | .... | ၂၂၅ |
| မဟာကလျာဏီသိမ် ပြန်လည်တည်ဆောက်ရေး နာယက ဆရာတော်များအဖွဲ့ ဥက္ကဋ္ဌ | .... | ၂၂၆ |
| မဝေါစေတီ ပြန်လည်တည်တော်မူခြင်း | .... | ၂၂၆ |
| အခြားလုပ်ဆောင်ချက်များ | .... | ၂၂၇ |
| ဘုန်းကံကြီးမား ကျေးဇူးများသော ဆရာတော် | .... | ၂၂၇ |
| ဘဝနတ်ထံ ပျံလွန်တော်မူခြင်း | .... | ၂၂၇ |
| သံဝေဂယူရန် | .... | ၂၂၈ |
| မဟာကလျာဏီ ကျောင်းတိုက်ကြီး၏ သတ္တမ မဟာနာယက ဆရာတော် အရညဝါသီ ရွှေကျင်နိကာယ နာယက အရှင်ဇာနေယျ မဟာထေရ် | .... | ၂၂၈ |

အကြောင်းအရာ — စာမျက်နှာ


ဖွားမြင်တော်မူခြင်း၊ ကျောင်းနေပညာသင်ခြင်း .... ၂၂၉
သာမဏေဘဝ၊ သာသနာ့ဝန် ထမ်းဆောင် .... ၂၂၉
ရဟန်းဘဝ ဒုလ္လဘသို့ ရောက်တော်မူခြင်း .... ၂၂၉
ကမ္မဝါစာ ဆရာတော်များ .... ၂၂၉
၉ ကြိမ်တိုင် သိမ်ထပ်ရဟန်းခံခဲ့ .... ၂၃၀
ပညာသင်ကြားတော်မူခြင်း .... ၂၃၀
ကလျာဏီစာချ အရှင်ဝဏ္ဏဝံသထံကျမ်းစာအချို့သင်ယူ .... ၂၃၁
ကျောက်ဘန်း မဟာဗောဓိ စာသင်တိုက် .... ၂၃၂
အရှင်ဇာဂနေယျကျောက်ဘန်း မဟာဗောဓိတိုက်၌ ပညာသင် .... ၂၃၂
ဝိနည်းငါးကျမ်း၊ ၎င်းပါဠိ အဋ္ဌကထာ ဋီကာများ .... ၂၃၃
အရှင်ဇာဂနေယျ ဝိနည်း ၅-ကျမ်းကို ဆိုဝါဖြင့်သင်ယူ .... ၂၃၃
မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရ ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ
ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသ .... ၂၃၄
ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသထံ ပညာသင် .... ၂၃၄
ဝိသုဒ္ဓါရုံစည်ရှင်ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ အရှင်ကောသလ္လာဘိဝံသ .... ၂၃၅
ဆရာတော်အရှင်ကောသလ္လာဘိဝံသထံ ပညာသင် .... ၂၃၆
အခြားပညာရှင်များထံ သင်ယူခြင်း .... ၂၃၆
တောင်မြို့ အဘိဓမ္မာညဝါအကျော်ဆရာတော် အရှင်ဥက္ကံသ.... ၂၃၆
ဆရာတော် အရှင်ဥက္ကံသထံ ပညာသင် .... ၂၃၇
မဇ္ဈိမဒေသသို့ ဘုရားဖူးကြွတော်မူခြင်း .... ၂၃၇
ဒုတိယအကြိမ် မဇ္ဈိမဒေသ ဘုရားဖူးကြွတော်မူခြင်း .... ၂၃၇
တင့်တယ် ရွှမ်းစို ကျွန်းသီဟိုဠ် .... ၂၃၇
သီဟိုဠ်ကျွန်းသို့ကြွရောက် ဘုရားပုထိုးဖူးမြော် .... ၂၃၈
ကိုလံဘိုမြို့ပေါ်ရှိ ဘုရားများဖူးမြော် .... ၂၃၉
ကလျာဏီစေတီတော်ကြီး သွားရောက်ဖူးမြော် .... ၂၃၉

အကြောင်းအရာ စာမျက်နှာ

အနူရာမြို့ရှိ ဘုရားများဖူးမြော် .... ၂၃၉
ပုလတ္တိမြို့မှ ကျောင်းကန်ဘုရားများ ဖူးမြော်သံဝေဂယူ .... ၂၄၀
ဆိဂိရိယတောင် နန်းတော်ဟောင်း .... ၂၄၀
ဆရာတော် အရှင်ဇာနေယျ ဆိဂိရိယ ကြွရောက်လေ့လာ .... ၂၄၁
ဒမ္ဗုလတောင် ဘုရားကျောင်းတော်များ .... ၂၄၂
ဒမ္ဗုလဘုရားကျောင်းတော်များ ဖူးမြော်လေ့လာ .... ၂၄၂
ပေါတ္ထကာရုဠ သံဂါယနာတင်ရာ အာလောကလိုဏ် .... ၂၄၂
ဆရာတော် အရှင်ဇာနေယျ စတုတ္ထသံဂါယနာတင်ရာ
အာလောကလိုဏ် ကြည်ညိုလေ့လာ .... ၂၄၄
ကန္ဒီမြို့ဝယ် ကိန်းဝပ်စံပယ် စွယ်တော်မြတ် .... ၂၄၄
မြတ်ဘုရားစွယ်တော် ဖူးမြော်ခြင်း .... ၂၄၅
တိဿမဟာရာမ စေတီကြီး .... ၂၄၆
အရှင်ဇာနေယျ တိဿမဟာရာမ စေတီတော် ဖူးမြော် .... ၂၄၆
အခြားစေတီပုထိုးများကိုလည်း ဖူးမြော်ခြင်း .... ၂၄၇
ယိုးဒယားနိုင်ငံသို့ ဘုရားဖူးကြွခြင်း .... ၂၄၇
ဝိဇ္ဇာလင်္ကာရကျောင်းတိုက်ကြီး အသွဲအပ်ခံ ဆရာတော်
၄-ပါးတွင် အရှင်ဇာနေယျပါဝင် .... ၂၄၇
ဝိဇ္ဇာလင်္ကာရတိုက် တိုးဘက်စည်ကားအောင် ဆောင်
ရွက်ခြင်း .... ၂၄၈
ခန္တီတရား လက်ကိုင်ထား .... ၂၄၈
ကြီးသူရှိသေ ငယ်သူချစ်ခင် .... ၂၄၉
မဟာကလျာဏီကျောင်းတိုက်ကြီးကို လွှဲအပ်ခြင်းခံယူတော်
မူခြင်း .... ၂၄၉
ပဲခူးမြို့ မဟာကလျာဏီကျောင်းတိုက် ဂရုဘက် လယ်ဟုဘက်
အာရာမ်နှင့်တကွ အားလုံး လှူဒါန်း အပ်နှံခြင်းစာလွှာ .... ၂၅၀
အံ့သြသက်သေ သံဃာတော်များ .... ၂၅၁

အကြောင်းအရာ　　　　　　　　　　　　　　　　　　စာမျက်နှာ

မဟာကလျာဏီနာယက .... ၂၅၁
အဆောက်အအုံ အကာအရံများ ပြုပြင်ခြင်း .... ၂၅၂
အလောင်းတော် ဝီရိယနှင့် တစိတ်တဖို့တူ .... ၂၅၂
ကျေနပ်ဝီသတိမပိုင်း အပြီးသတ်ခြင်း .... ၂၅၃

## ကလျာဏီသာသနာဝင်-ဝိသတိမပိုင်း

ကလျာဏီသိမ်တော်ကြီး ဘုရင့်နောင်ပြုပြင် .... ၂၅၄
ရာပြည့် ရဟန်းခံပွဲကြီး .... ၂၅၄
သာမဏေ ၆၅-ပါး ရဟန်းခံပြန်ခြင်း .... ၂၅၅
ကလျာဏီသိမ်နှင့်ကျောင်း မီးလောင်ပျက်စီးခြင်း .... ၂၅၅
သာလွန်မင်းတရားနှင့် ဘိုးတော်မင်းတရား သိမ်အသစ်
ဆောက်လုပ်လှူ .... ၂၅၆
သဌေးဦးသိန်းနှင့် သဌေးကတော် ဒေါ်မှိုဥ သိမ်ဆောက်
လုပ်လှူ .... ၂၅၆
သဌေးမ ဒေါ်ကျေးက ဆောက်လုပ်လှူပြန် .... ၂၅၇
လျှော်ဒဏ်ကြောင့် သိမ်တန်ဆောင်းနံရံများ ကွဲအက်ခြင်း .... ၂၅၇
ဘိလပ်မြေ ကျောက် သံတို့ဖြင့် ပြီးသော သိမ်တော်ကြီး
တည်ဆောက်ပြီး .... ၂၅၇
ပရိတ်ရွက် မြေသန့် နတ်မျှားအမျှဝေ .... ၂၅၇
ဆရာတော် သံဃာတော်များ ဦးသူတော် လျှောက်ထား .... ၂၅၈
တည်ဆောက်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း .... ၂၅၉
ကလျာဏီသိမ် ပြန်လည်တည်ဆောက်ရေး နာယကဆရာ
တော်များ ၉-ပါး အဖွဲ့ .... ၂၅၉
ကလျာဏီသိမ် ပြန်လည်တည်ဆောက်ရေး ဒါယကာများ
အဖွဲ့ .... ၂၆၀
ငွေစံကို သဘောကျ နှစ်သက်ကြ .... ၂၆၀

အကြောင်းအရာ ... စာမျက်နှာ

သိမ်တန်ဆောင်းကြီး ပန္နက်ချပြီ .... ၂၆၁
မြသပိတ်ဆရာတော် အရှင်သုမန၏ ဩဝါဒမိန့်ခွန်းတော် .... ၂၆၂
နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်း .... ၂၆၄
သာသနာရေးဝန်ကြီး မိန့်ခွန်း .... ၂၆၈
အစိုးရက ကူညီတာဝန်ယူ ဆောက်လုပ်ခြင်း .... ၂၇၃
သိမ်တော်ကြီး ဆောက်လုပ်ပြီးစီးခြင်း .... ၂၇၄
ဒုလ္လဘ ၁၀၈-ပါး ရဟန်းခံပွဲကြီး .... ၂၇၅
ရဟန်းလောင်းများ များလွန်း၍ မဲချရ .... ၂၇၅
ရဟန်းခံကြပြီ .... ၂၇၆
ကြခတ်ဝိုင်းကျောင်းတိုက်၌ ဩဝါဒခံယူပွဲကျင်းပ .... ၂၇၇
မဟာကလျာဏီ ဆွမ်းဆန်စိမ်း လောင်းပွဲကြီး .... ၂၇၇
၁၀-ရက်ကြာနေ့ထိုင် ဆွမ်းခံစား တရားရှုမှတ် .... ၂၇၈
ဒုလ္လဘရဟန်းပြုရကျိုး .... ၂၇၈
ကလျာဏီသိမ်တန်ဆောင်းတော် ရေစက်ချပွဲသဘင်ကြီး .... ၂၇၉
နာယကရွှေဂူဆရာတော်ဘုရား၏ ဩဝါဒမိန့်ခွန်းတော် .... ၂၇၉
သာသနာရေးဝန်ကြီး လျှောက်ထားလွှာ .... ၂၈၄
နိုင်ငံတော်ဝန်ကြီးချုပ်၏ မဟာကလျာဏီ
သိမ်တိုက်တော်ကြီး ရေစက်ချစာတမ်း .... ၂၈၉
သာခုသံကြီးတခဲနက် .... ၂၉၁
ကလျာဏီသာသနာဝင် ဝိသတိမပိုင်း အပြီးသတ်ခြင်း .... ၂၉၁

ကလျာဏီသာသနာဝင်-ဧကဝိသတိမပိုင်း

အရည၀ါသီ ရွှေကျင်နိကာယ စတင်ရာ မဟာကလျာဏီ .... ၂၉၃
အရည၀ါသီ နိကာယထွက် တောကြိုထွက် ရဟန်းတော်
၄-ပါး .... ၂၉၃
ကလျာဏီတောပျော် ၂-ပါးကို နေ့စဥ် စဥ်းစား
တောင့်ထပုံ .... ၂၉၄

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ကလျာဏီတောပျော်တို့ စိတ်အကြံ ပြည့်စုံ ပြုလာခြင်း | .... | ၂၉၅ |
| မိတ်ကောင်း ရွေးချယ်တတ်သော ကလျာဏီအရှင်ဝဏ္ဏ | .... | ၂၉၆ |
| တောရဂိုဏ်း မပေါ်မီကာလ သာသနာ | .... | ၂၉၆ |
| အရှင်စန္ဒာလင်္ကာရ သာသနာစိတ် ထက်သန်လာပုံ | .... | ၂၉၆ |
| အရှင်စန္ဒာလင်္ကာရ စိတ်အကြံ | .... | ၂၉၇ |
| ဂိုဏ်းအုပ် အရှင်စန္ဒာလင်္ကာရ တရားဟော | .... | ၂၉၇ |
| ဂိုဏ်းသံဃာအားလုံး တောထွက်ရန် ဝန်ခံ | .... | ၂၉၇ |
| ဂိုဏ်းသံဃာတို့ ပဋိညာဉ်ပျက် | .... | ၂၉၈ |
| သံဝေဂရ တောထွက်ရန် ဆုံးဖြတ်ချက်ချ | .... | ၂၉၈ |
| အရညဝါသီနိကာယဂိုဏ်းကြီး စတင်လေပြီ ပြုနိုင်ခဲ့သော အလုပ်ကို ပြုတော်မူခြင်း | .... | ၂၉၈ |
| အရညဝါသီ ပေါင်းဆုံမိကြပြီ | .... | ၂၉၉ |
| တောရဂိုဏ်းအစ ရှင်ကျော်(၄)ပါး | .... | ၂၉၉ |
| ခိုင်ခန့်ဖွဲ့စည်းခြင်း | .... | ၃၀၀ |
| အရညဝါသီ နိကာယ အဦးအစ နာယကအဖွဲ့ | .... | ၃၀၀ |
| အရညဝါသီ နိကာယ အာဒိကမ္မိက မဟာနာယကဆရာတော် ကလျာဏီနွယ်ဝင် အရှင်စန္ဒာလင်္ကာရ မဟာထေရ် | .... | ၃၀၀ |
| အရှင်စန္ဒာလင်္ကာရ၏ ဆရာ | .... | ၃၀၁ |
| တောမထွက်မီ သိတင်းသုံးရာ | .... | ၃၀၁ |
| အရညဝါသီ နိကာယ အာဒိကမ္မိက မဟာနာယက | .... | ၃၀၁ |
| အရညဝါသီ နိကာယ ဝိနည်းစာပြန်ပွဲကြီး ပေါ်လာပြီ | .... | ၃၀၁ |
| အရညဝါသီ နိကာယ ဝေါဟာရပွဲကြီး ပေါ်လာပြီ | .... | ၃၀၂ |
| ရွှေကျင်ဂိုဏ်းနှင့် တောရဂိုဏ်း | .... | ၃၀၃ |
| ခိုင်မြဲရန်ဖွဲ့စည်း | .... | ၃၀၃ |
| အရညဝါသီ ရွှေကျင်နိကာယ အဦးအစ နာယကအဖွဲ့ | .... | ၃၀၃ |
| အရညဝါသီ ရွှေကျင်နိကာယ အဦးအစ ဝိနည်းဓိုရ်အဖွဲ့ | .... | ၃၀၄ |

အခန်းကြောင်းအရာ စာမျက်နှာ

ရှေးမူမပျက် အဆက်ဆက် အုပ်ချုပ် .... ၃၀၄
ဝိနယသာကစ္ဆာအဖွဲ့ကြီးပေါ်လာပြီ .... ၃၀၄
ဝိနည်း ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစသည်များ
ဆွေးနွေးကြပြီ .... ၃၀၅
သံဃာတော် ၄၀-ကျော် ၅၀-ခန့် ကြွရောက်ပါဝင်
ဆွေးနွေးတော်မူကြ — ၃၀၆
အလှည့်ကျ ကျင်းပ ဆွေးနွေးတော်မူကြ .... ၃၀၆
မဟာကလျာဏီကျောင်းတိုက် ဝိနယသာကစ္ဆာ လပတ်
တည်ရာဖြစ် .... ၃၀၇
ကလျာဏီသာသနာဝင် ဧကဝီသတိမပိုင်း အပြီးသတ်ခြင်း .... ၃၀၇

ကလျာဏီသာသနာဝင်-ဒွါဝီသတိမပိုင်း

ဝိနယသာကစ္ဆာ ဩဝါဒါစရိယ ဆရာတော်များ .... ၃၀၈
ဆင်ပုံးတောရ ပထမဆရာတော်ဘုရားကြီး အရှင်ပညာရှင်သိရိ
(ဝိနယသာကစ္ဆာ ဩဝါဒါစရိယ၊ ဂဏာဟိတခရ
အဖွဲ့ကြီး၏ ဥက္ကဋ္ဌ) .... ၃၁၀
ရွှေဂူဆရာတော် အရှင်ဉာဏာလင်္ကာရ အရညဝါသီ ရွှေကျင်
နိကာယနာယက ဝိနယသာကစ္ဆာ ဩဝါဒါစရိယ ပုစ္ဆက .... ၃၁၁
ရွှေကျင်ခြေမှုရိပ်သာ ဆရာတော် အရှင်ဝိမလသိက္ခာ (၆၈)-ဝါ
အရညဝါသီ ရွှေကျင်နိကာယ ဦးဥက္ကဋ္ဌနာယက
ဝိနယသာကစ္ဆာအဖွဲ့ကြီး ဩဝါဒါစရိယ ဆရာတော် .... ၃၁၃
ရွှေဘုံဆင်ဆရာတော် အရှင်ပဏ္ဍိတ သိက္ခာ(၆၃)ဝါ
အရညဝါသီ ရွှေကျင်နိကာယနာယက ဝိနယသာကစ္ဆာ
ဩဝါဒါစရိယ .... ၃၁၄
ဒက္ခိဏသာခါရုံမဆရာတော် အရှင်ဝါသေဝ သိက္ခာ(၆၁)ဝါ
အရညဝါသီ ရွှေကျင်နိကာယ နာယက ဝိနယသာကစ္ဆာ
ဩဝါဒါစရိယ .... ၃၁၅

အကြောင်းအရာ   စာမျက်နှာ


စမ်းကြီး တောရဆရာတော် အရှင်သိရိနန္ဒ အရညဝါသီ ရွှေကျင်နိကာယ နာယက ဝိနယသာကစ္ဆာ ဩဝါဒါစရိယ .... ၁၁၆

မင်းကျောင်းတိုက် အင်းရဲဆရာတော် အရှင်ဝိလာသ ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ ဩဝါဒါစရိယ .... ၁၁၇

မယင်းမွေ့သိင်္ဂီကျောင်းတိုက် ဆရာတော် အရှင်ကုသလ (သိက္ခာ ၆၂-ဝါ) အရညဝါသီ ရွှေကျင်နိကာယ နာယက ဝိနယသာကစ္ဆာအဖွဲ့ကြီး၏ ဩဝါဒါစရိယ ဓမ္မကထိက .... ၁၁၈

အရညဝါသီ ရွှေကျင်နိကာယ နာယက ရွှေဂူဆရာတော် အရှင်အာစိဏ္ဏ(သိက္ခာ ၅၁-ဝါ) ဝိနယသာကစ္ဆာအဖွဲ့ကြီး၏ ဩဝါဒါစရိယ .... ၁၁၉

ကျိုက်လှရွာ ဒက္ခိဏာရုံကျောင်း ဆရာတော် အရှင်သံကိစ္စ ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ ဩဝါဒါစရိယ .... ၁၂၀

ရွှေပန်းတောရကျောင်းကြီး ဆရာတော်အရှင်ဇာနေယျ (သိက္ခာ ၅၉-ဝါ) အရညဝါသီ ရွှေကျင်နိကာယ နာယက ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ ဩဝါဒါစရိယ .... ၁၂၁

တတိယမင်းကျောင်း ဆရာတော် အရှင်နိသဘ အရညဝါသီ ရွှေကျင်နိကာယ နာယက ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ ဩဝါဒါစရိယ .... ၁၂၁

ခေါင်းဆေးကျွန်းဆရာတော် အရှင်စက္ကိန္ဒ(သိက္ခာ ၅၆-ဝါ) အရညဝါသီ ရွှေကျင်နိကာယ နာယက ဝိနယသာကစ္ဆာ ဩဝါဒါစရိယ .... ၁၂၂

စန္ဒာရုံဆရာတော် အရှင်နန္ဒဝံသ (သိက္ခာ ၆၂-ဝါ) ဝိနယသာကစ္ဆာ ဩဝါဒါစရိယ .... ၁၂၃

ဆင်ပုံးတောရဆရာတော် အရှင်ကုဏ္ဍလ သိက္ခာ (၆၂-ဝါ) အရညဝါသီ ရွှေကျင်နိကာယ နာယက ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ ဩဝါဒါစရိယ ကမ္မဋ္ဌာနာစရိယ .... ၁၂၃

အကြောင်းအရာ စာမျက်နှာ

ဘုရားလေး ဥက္ကံတိုက်အုပ် ဆရာတော် အရှင်တိလောက (သိက္ခာ ၅၅-ဝ၁) ဝိနယသာကစ္ဆာအဖွဲ့ကြီး၏ အကျိုးဆောင် ဩဝါဒါစရိယ .... ၃၂၄
ဂန္ဓာရုံကျောင်းဆရာတော် အရှင်သုစိတ္တ ဂဏဟိတဓရ ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ အထူးအကျိုးတော်ဆောင် .... ၃၂၅
ရွှေပန်းတောရ ပဓာနိကာရာမ ဆရာတော် အရှင်သီလာစာရ ဂဏဟိတဓရ ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ အထူးအကျိုးဆောင် .... ၃၂၆
အရညဝါသီ ရွှေကျင်နိကာယ နာယက မျက်နှာတော် ဆရာတော် အရှင်နာဂိန္ဒ (သိက္ခာ ၅၂-ဝ၁) ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ အထူးအကျိုးဆောင် မဟာကလျာဏီ ကျောင်းတိုက်ကြီး၏ ဩဝါဒါစရိယ .... ၃၂၇
အရညဝါသီ ရွှေကျင်နိကာယ နာယကသာသနာ့မဏ္ဍိုင် ဆရာတော် အရှင်ပညာဇောတ (သိက္ခာ-၄၆-ဝ၁) ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ အကျိုးတော်ဆောင် ဓမ္မကထိက .... ၃၂၈
ဝမ်းဘဲအင်း ဘာဝနာရုံဆရာတော် အရှင်ခေမဝတ (သိက္ခာ ၄ဝ-ဝ၁)ဝိနယသာကစ္ဆာအဖွဲ့ကြီး၏ အထူး အကျိုး ဆောင် ဓမ္မကထိက .... ၃၃ဝ
အခြား ဝိနယသာကစ္ဆာအဖွဲ့ဝင် ဆရာတော်များ .... ၃၃ဝ
ကလျာဏီသာသနာဝင် ဒွါဝီသတိမပိုင်း အပြီးသတ်ခြင်း .... ၃၃၃

## ကလျာဏီသာသနာဝင်-တေဝီသတိမပိုင်း

ကလျာဏီသိမ်ဝိနယပရိယတ္တိစာမေးပွဲ .... ၃၃၄
ဝိနည်းဆိုင်ရာစာမေးပွဲများ ဆုနှင်းပွဲများ၌ ကျူးရင့်သည့် ပါဠိ ပါဠိအနက် .... ၃၃၅

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မြေမြတ် မဟာကလျာဏီကျောင်းတိုက် | .... | ၃၃၆ |
| ကလျာဏီသာသနာဝင် တေဝီသတိမပိုင်း အပြီးသတ်ခြင်း | .... | ၃၃၇ |

## ကလျာဏီသာသနာဝင်-စတုဝီသတိမပိုင်း

| | | |
|---|---|---|
| မဟာကလျာဏီသိမ်တော် ပဝါရဏာပွဲတော်ကြီး | .... | ၃၃၈ |
| မဟာကလျာဏီဆရာတော်က ပင့်လျှောက်ရ | .... | ၃၃၉ |
| ပဝါရဏာပွဲအစီအစဉ် | .... | ၃၃၉ |
| ပဝါရဏာ | .... | ၃၄၂ |
| မဟာပဝါရဏာ ရုပ်ပြည့်ပွဲ | .... | ၃၄၆ |
| ကလျာဏီသာသနာဝင် စတုဝီသတိမပိုင်း အပြီးသတ်ခြင်း | .... | ၃၄၆ |
| ကလျာဏီသာသနာဝင်ကျမ်း အပြီးသတ်ခြင်း | .... | ၃၄၆ |
| ကလျာဏီသာသနာဝင်နိဂုံး | .... | ၃၄၇ |
| အရှင်ကေလာသ ပြုစုသော ကျမ်းစာများ | .... | ၃၅၀ |

# ကလျာဏီသာသနာဝင်ကျမ်း နိဒါန်း

## ရှိသင့်သော ကျမ်းစာ

ကလျာဏီသာသနာဝင်မှာ သီဟိုဠ် ယိုးဒယားစသည့် နိုင်ငံရပ်ခြား တိုင်းတပါး၌ပင် ပြန့်ပွားစည်ပင်လျက်ရှိရာ အလွန်လျှင် စိတ်ဝင်စား စရာကောင်းလှ၏။ ကလျာဏီနှယ်ဝင် ပခာန် သီဟိုဠ်၊ ယိုးဒယား၊ မြန်မာ သာသနာ့ဝန်ဆောင် ဆရာတော်ဘုရားကြီး ၏ အနွယ်အဆက်ကို ပြဆိုရာ ကလျာဏီသာသနာဝင် ကျမ်းသည် အမှန်မုချ ရှိသင့်သည့် ကျမ်းစာ ဖြစ်သည်။

## ဆန္ဒပြင်းပြသော ဆရာတော် အရှင်ဇာနေယျ

ယခုလက်ရှိ ကလျာဏီကျောင်းတိုက်ကြီး၏ မဟာနာယကဖြစ်တော် မူသော ဆရာတော် အရှင်ဇာနေယျ မဟာထေရ်သည် စာပေမြတ်နိုး သူဖြစ်သည့်၊ စာပေ၏ တန်ဖိုးကို နားလည်သဘောပေါက် သိမြင်သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်၊ ဘုရားမြတ်စွာ သာသနာတော် စည်ပင် ပြန့်ပွားရေးကိုလည်း အလွန်လျှင် လိုလား တောင့်တတော်မူသည်။ ဖော်ပြပါ ဆရာတော် အရှင်ဇာနေယျသည်လည်း ကလျာဏီသာသနာ ဝင်ကျမ်းကြီး တကျမ်းတည်ထွန်းပေါ်ပေါက်ရန် ဆန္ဒပြင်းပြတော်မူ သည်။

## ရဟန်းတော် အရှင်နန္ဒိယနှင့်တိုင်ပင်

သို့ဖြစ်၍ ဆရာတော် အရှင်ဇာနေယျ မဟာထေရ်သည် မိမိ၏တပည့် ကလျာဏီကျောင်းတိုက်၌ စာပေကျမ်းဂန် ချပို့ခြင်း၊ တိုက်တာဝေယျာ

ဝတ္တ ဆောင်ရွက်ခြင်း စသည်တို့ဖြင့် သာသနာကျိုးကို သည်ပိုးထမ်းရွက်သော်မူသော ရဟန်းတော် အရှင်နန္ဒိယကို "ဦးနန္ဒိယ...ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် သာသနဇောတိပါလကျောင်း၌ စာချ၊ ကျမ်းပြု၍နေသော ဦးကေလာသထံ သွားပါ။ ဦးကေလာသက တပည့်တော်တို့နှင့် ရင်းနှီးပါတယ်။ ပဝါရဏာ ရပြည့်ပွဲတွင် ကလျာဏီသိမ်ကျောင်းတိုက်နှင့် စပ်သည့် ကျမ်းစာတစောင် ရေးသားပြုစုရန် တောင်းပန်လျှောက်လျှင်သင့်မည်ထင်ကြောင်း" တိုင်ပင်၍ ဇောလှတ်ရာ အရှင်နန္ဒိယကလည်း "ဆရာတော် ဦးကေလာသက ရေးပေးလျှင် ကောင်းတာပေါ့ဘုရား။ တပည့်တော် သွားရောက် လျှောက်ထား တောင်းပန်ကြည့်ပါမည်" ဟု အရှင်နန္ဒိယ အဖြေပေးလေသည်။

## အရှင်နန္ဒိယ လျှောက်ထားတောင်းပန်ခြင်း

သို့နှင့် အရှင်နန္ဒိယသည် ၁၃၄၂-ခုနှစ် ပြ သိုလပြည့်ကျော် ၁၀-ရက်ခန့်တွင် ဤစာပြုသူနှင့် တွေ့ရန် ပခုက္ကူသို့ကြွရောက်ရာ မတွေ့သဖြင့် ဤစာပြုသူ ခေတ္တရောက်ရှိနေထိုင်ရာ ရန်ကုန်မြို့ ဇမ္ဗုဒီပကျောင်းဆောင်သို့ ကြွရောက်၍ အောက်ဖော်ပြပါ စာဖြင့် လျှောက်ထား တောင်းပန်လေသည်။

## ဆရာတော်ဦးကေလာသ (ကျမ်းပြုဆရာတော်) သို့

လေးမြတ်စွာ လျှောက်ထားပါသည်ဘုရား။

ဘုရားတပည့်တော်များ၏ ပဲခူး အရညဝါသီ ရွှေကျင်နိကာယ၏ သံဃမဟာပဝါရဏာပွဲသည် ယခု ပုဂ္ဂိုလ်တို့ ဆောင်ရွက်နေသည့်အကြိမ် အရ ၁၃၄၃-ခု သီတင်းကျွတ်လပြည့်နေ့၌ အကြိမ်တရာ ပြည့်ပါမည်ဘုရား။ ပဲခူး အရညဝါသီ ရွှေကျင်နိကာယ၏ သံဃာတော်များ ပဝါရဏာဌာနဖြစ်သော မဟာကလျာဏီ သိမ်တော်တည်ရာ မဟာကလျာဏီကျောင်းတိုက်ကြီးကိုလည်း ၁၃၄၀-ပြည့်နှစ်ကမှစ၍ သာသနာတော်ကြီးစည်ပင်အောင် ထိရောက်စွာ ဆောင်ရွက်နိုင်သည့် တိုက်တာအဆင့်ရောက်

ရန် ဦးတည်ချက်ဖြင့် စာသင်တိုက် ပြန်လည်ဖွင့်လှစ်ခဲ့ပါပြီဘုရား။ သို့ပါ၍ အထက်ပါ ပဝါရဏာရပြည့်ပွဲ အထိမ်းအမှတ် ကျမ်းတကျမ်းကို အောက်ပါ အင်္ဂါရပ်များနှင့် ပြည့်စုံစွာ ရေးသား ချီးမြှင့်တော်မူပါရန် ရိုသေစွာ လျှောက်ထားပါသည်ဘုရား။

၁။ ဖတ်ရှုလေ့လာသည့် ရဟန်း၊ ရှင်၊ လူပုဂ္ဂိုလ်မရွေး အကျိုးဖြစ်ထွန်းရန်။

၂။ ကလျာဏီသိမ် မူလဘူတသဒ္ဓမ္မသာသနာ၊ ဒုတိယသာသနာ၊ ပဲခူး အရညဝါသီ ရွှေကျင်နိကာယ သံဃပဝါရဏာ အနှစ်တို့ကို ထင်ရှားသိသာစေရန်။

၃။ အပိုဒ်ကဏ္ဍအနေ ကျမ်းအနေအားဖြင့် မကြီးမငယ် မကျယ်မဝန်း အလယ်အလတ်စား ဖြစ်စေရန်ပါဘုရား။

တပည့်နန္ဒိယ
မဟာကလျာဏီကျောင်းတိုက်၊
မဇင်းရပ်၊ ပဲခူးမြို့။

ပဲခူး အရညဝါသီ ရွှေကျင်နိကာယ သံဃမဟာ ပဝါရဏာဌာန တာဝန်ခံဆရာတော်ဘုရား ကိုယ်စား။

ဖော်ပြပါ လျှောက်ထားတောင်းပန် လွှာကို ၁၃၄၂-ခု ပြာသို လဆုတ် ၁၅-ရက်နေ့တွင် ရရှိပါသည်။

## ကလျာဏီသာသနာဝင် ကျမ်းရေးပြီ

ဤစာပြုသူသည် တဘက်သားကိုအားနာတတ်သည့်ပြင် စာပေလုပ်ငန်းဖြင့်လည်း တောင်းခံသူအား တတ်နိုင်သမျှ ကူညီလေ့ရှိသည့်အလျောက် သီဟိုဠ်၊ မြန်မာသမိုင်း ရာဇဝင် သာသနာဝင် အတ္ထုပ္ပတ္တိကျမ်းဂန်အမျိုးမျိုး နှတ်စုမှတ်ရာ အမျိုးမျိုးတို့ကို ကြည့်ရှုလေ့လာပြီး ဤသည်သော ကလျာဏီသာသနာဝင်ကျမ်းကို အပိုင်းကဏ္ဍ ပရိစ္ဆေဒအပါင်း ၂၄-ခု တို့ဖြင့် ကြိုးပမ်းရေးသားပါသည်။

### ဆန္ဒပြုချက်

ဖော်ပြပါ ကလျာဏီသာသနာဝင်ကျမ်းကြီးကို အစမှအဆုံး နိဂုံးတိုင်အောင် လေ့လာကြည့်ရှုပြီး ဘုရားမြတ်စွာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အားပေးဆောင်ရွက်နိုင်ပါစေဟု ဆန္ဒပြုပါသည်။

အရှင်ကေလာသ
ဓမ္မာစရိယ ဂဏဝါစက ဘီအေ (ဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့။
၁၃၄၃-ခုနှစ် ဝါဆိုလပြည့်နေ့။

# ကလျာဏီသာသနာဝင်နိဒါန်း

## ကျမ်းဦးမှတ်ဖွယ်

### ကန်တော့ပန်း ဆင်သခြင်း

ရတနာသုံးပါးအားလည်းကောင်း၊ ထေရဝံသ သာသနာပြု ရဟန်းကောင်း ရဟန်းမြတ် အဆက်ဆက်အားလည်းကောင်း၊ သာသနာဝင်ဂန္ထကာရက ကျမ်းပြုဆရာမြတ်အားလည်းကောင်း တိုး၍တိုး၍ပင် ရှိခိုးခြင်လှပါဘိ၊ တိုး၍တိုး၍ပင် ကန်တော့ပန်းဆင်ချင်ရပါ၏။ ဤကျမ်းကို မရှုစားမီ အကျဉ်းချုပ်မျှ သဲလွန်စကို ပြပါအံ့။

### ပွင့်လတ်ချိန်ခါ၌

သာသနာသမိုင်းစကားနှင့် ပတ်သက်သော် သာသနသုတေသီတို့ အဖို့ အရိပ်ပြလျှင် အကောင်ထင် တထွာပြလျှင် တလံမြင် သဲလွန်စရလျှင် ဆိုင်ရာကျမ်းစာ၌ ရှာဖွေ၍ တွင်ကျယ်သောအခါကြီးပါတည်း။

### ကျမ်းပြုဆရာ

ဤကျမ်းပြုဆရာမြတ်သည် ဂန္ထဝင်မြောက် ကျမ်းပေါင်း ၁၀၀-ကျော် ပြုစုပြီးဖြစ်သည်။ မန္တလေးသာသနာဝင် ပခုက္ကူသာသနာဝင် စစ်ကိုင်းသာသနာဝင် စသော သာသနာဝင်ကျမ်းစာများကို အထူး ရေးသားတော်မူ၏။

## ကျမ်းပြုဆရာမြတ်၏ ဇာတိဝံသည်

သာသနာ၀ံကျမ်းပြုဆရာမြတ်၏ ဇာတိပဝတ္တိနှင့် ပညာဆည်းပူးခဲ့ပုံ လေးကို လောကဣဟု ဂန္ထန္တရအဝဝ ဘာသန္တရအစစ တတ်ကျွမ်းနိုင်နင်းလှပုံ၊ ဒေသန္တရ ဗဟုသုတပြည့်စုံလှပုံ၊ လက်တွေ့ကျကျ ဘယ်လောက်အထိသာသနာပြုနေပုံ၊ သာသနာစိတ် အဘက်ဘက်ပြည့်စုံကြီးမားပုံ၊ ဇဝနဉာဏ် တိက္ခဉာဏ် မြင့်မားပုံ အလုံးစုံတို့ကို ဤကလျာဏီသာသနာ၀ံကျမ်း၌ ဉာဏ်သက်ဝင်၍ ကြည်ညိုယှင်း သံဝေဂယူယင်းရှုဆင်ခြင်ကာသိမြင်နိုင်ပါပေသည်။

## စကားလက်ဆောင်ပါးလိုသည်

ကျမ်းပြုဆရာနှင့် ဆက်စပ်၍ စာရှုသူဘုကေသိတို့အား စကားလက်ဆောင် ပါးလိုသည်မှာ ကျမ်းပြုဆရာမြတ် သီတင်းသုံးရာကျောင်းတိုက်ကြီးနှင့် ကျမ်းပြုဆရာ၏ ဂန္ထန္တရ အဝဝ ဂန္ထဝင်မြောက်ကျမ်းမျိုးစုံတို့ စုံလင်စည်ရှိရာ ကျမ်းပြုသည့်ခန်းကြီးပင် ဖြစ်ပါသည်။ ကျောင်းတိုက်ကြီးနှင့် ကျမ်းပြုခန်းမကို ကြုံလျှင်ပူးမြင်စေလိုသည်။

## ခေါက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီး

ကျောင်းတိုက်ကြီးမှာ ရေစကြိုဆရာတော်ဘုရားကြီး စသော သီလဝန္တ ဂုဏဝန္တ ရဟန်းတို့ပြည့်စုံဖွယ်ရာ အဖြာဖြာတို့နှင့် ပြည့်စုံသော ဆရာစဉ်ဆက်တို့၏ သီတင်းသုံးရာ ဘူမိနက်သံဖြစ်သည်အားလျော်စွာ နတ်ဘုံနတ်နန်းသဖွယ် ကြီးကျယ်ခန့်ငြား ထယ်ဝါလှပါပေသည်။

## ပုဂ္ဂိုလ်ကောင်းတို့ ပေါ်ထွန်းရာ

ထိုကြောင့်ပင် ယနေ့တိုင်အောင် အဘိမဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကရေ၊ ဂန္ထန္တရကျမ်းပြု စသော အကျော်အမော်များ၊ နိကာယ်ငါးရပ် အတတ်ရဟန်းတော်များ၊ နိကာယ်ငါးရပ် ဆည်းပူးသင်

ယူသည့် ရဟန်းတော်များ ထောင်ပေါင်းများစွာ အဆက်ဆက်ပေါက် ဖွားပြီး ပေါက်ဖွားဆဲ ဖြစ်ပါပေသည်။

## ကျမ်းပြုခန်းမ

သာသနာ၀င် ကျမ်းပြုခန်းမမှာလည်း ဆရာမြတ်၏ ဉာဏ်တော်နှင့် ဂန္ထန္တရ အာ၀ဇ္ဇပြည့်စုံမှု ပေါင်းစပ်လိုက်သောအခါ သာသနာနှင့် စပ်သည့် မည်သည့်ကျမ်းကို မဆို ရက်ပိုင်းအတွင်းမှာပင် အပြီး စီရင်နိုင်သော သတ္တိထူးရှိနေရကား ပြောမပြနိုင်လောက်အောင်ပင်ပြည့်စုံလှပါပေသည်။

## သာသနာကာကွယ်သည့်ကျောင်းတိုက်မို့ စောင့်ရှောက်သင့်

ထိုနှစ်ချပ်ကို ပေါင်းစပ်ခြင်းအားဖြင့် ထိုမဟာဝိသုတာရာမကျောင်း တိုက်ကြီးသည် သာသနာပြုကျောင်းတိုက် သာမန် မဟုတ်။ သာသနာကို ကာကွယ်စောင့်ရှောက်နိုင်သည့် ကျောင်းတိုက်ဟူ၍ပင် ဆိုရပါပေမည်။ စုပေါင်းလုပ်အားအကျိုးများလှပါပေသည်။

သာသနာကို ကာကွယ်သော ကျောင်းတိုက်ကြီးဖြစ်ခြင်းကြောင့် သာသနာ့နွယ်ဝင် သူတော်စင်အပေါင်းတို့က ထိုကျောင်းတိုက်ကြီးကို မိမိတို့အိုးအိမ် စည်းစိမ်သဖွယ် ကာကွယ်စောင့်ရှောက်ထိုက်ပါပေသည်။

အဖွဲ့အစည်း အသီးသီးဖြင့် ကာကွယ်စောင့်ရှောက်နေသည်ဟု သိရ၍ လည်း သာသနာအတွက် အားတက်စရာဖြစ်ရုံမက စောင့်ရှောက်သည့် ဒကာ ဒကာမများအတွက်လည်း ဂုဏ်ယူစရာ ကောင်းလှပါပေသည်။ ပခုက္ကူမြို့နေ ဗုဒ္ဓဘာသာ၀င် သူတော်စင်တို့အဖို့ အရေတော်လေစွ။

## ကြည်ညိုလိုက လမ်းညွှန်ပြ

ကျောင်းတိုက်ကြီး၏ အဘက်ဘက်ပြည့်စုံပုံ ဘုန်းဂုဏ်ကား အနန္တ ပါပေ၊ ကြည်ညိုလိုသော သူတော်သီတို့သည် ပခုက္ကူ မဟာဝိသုတာရာမ နိကာယသာသနာ၀င် စသောကျမ်းများ၌ ရှုစားကြပါကုန်။

## သာသနာဝင် ကျမ်းများကို ဦးစားပေးရေးသားခြင်း

ကျမ်းပြုဆရာသည် ဘာကြောင့် သာသနာဝင်ကျမ်းများကို ဦးစားပေး၍ ရေးသားသနည်းဟု စဉ်းစားရန်ရှိ၏။ ကျမ်းပြုဆရာသည် ဖော်ပြပြီးအတိုင်း သာသနာစိတ် အလွန်ကြီးမားလှသည်။ သာသနာအရှည်ခန့်၍ တည်တန့်ရန်မှာ ဝိနည်းသည် ပဓာနဖြစ်၏၊ ဝိနည်းမိုရ်တို့၏ ဂုဏ်အင်္ဂါလက္ခဏာကို ရှာဖွေသော်—

### ဝိနည်းမိုရ်အင်္ဂါသုံးပါး

၁။ ဘုရားဟောဖော် ဝိနည်းပါဠိတော်နှုတ်တက်ရခြင်း၊
၂။ ဝိနည်းအကျင့်၌ တည်တံ့ခြင်း၊
၃။ သာသနာဝင် ဆရာစဉ်ဆက်ကို ကောင်းစွာ မှတ်သားဆောင်ထားခြင်း—

ဤသုံးချက်ကို တွေ့ရပေသည်။ ထိုသုံးချက်တွင် ကျမ်းပြု ဆရာတဦးအနေနှင့် ပါဝင်ဖြည့်စွမ်း၍ ရသော သာသနာတော် လိုအပ်ချက်တတိယ ဂုဏ်အင်္ဂါနေရာ၌ သာသနာဝင် ဆရာစဉ်ဆက်ကို ပြသောကျမ်းစာများစွာဖြင့် သာသနာအရှည်ခန့်၍ တည်တံ့ရန် ဖြည့်ဆည်းပေးတော်မူပေသည်။

### တမျိုးတဖုံအားဖြင့်လည်း

လူတို့နားတွင်း၊ မိုက်မလင်းကို၊ ဉာဏ်ဆီမီးဖြင့်၊ မှောင်ကြီးကင်းပျောက်၊ ငါ့စာရောက်က၊ ငါ့အောက်ပညာ၊ နုသေးစွာသား၊

သမ္မာမပြန့်၊ လူအဝှန်အား၊ စိတ်ဖြားပညာ၊ ပွားပါလိမ့်မည်-ဟူသော ရှေးပညာရှိ ကျမ်းပြုဆရာတို့၏ ထုံးကို နှလုံးမူ၍ သာသနာအတွက်သော်လည်းကောင်း၊ စာရှုသူ ဘဝ ဝဋ္ဋဒုက္ခမှ လွတ်မြောက်ရန်အတွက်သော်လည်းကောင်း နည်းကောင်း လမ်းကောင်း အကြံကောင်းများကို အမှန်ပင် ပေးစွမ်းနိုင်သော သာသနာဝင် ဆရာစဉ်တို့၏

ကျင့်ပုံကြံပုံအလုံးစုံကို အသိဉာဏ်မပွင့်သေးသော ရဟန်းရှင်လူပြည်သူ အများတို့အား အသိဉာဏ်ဖွင့်ပေးရန်နှင့် ထိုရှေးရှေး ဟောင်းကောင်း ရဟန်းမြတ်မင်းကောင်းမင်းမြတ်တို့ကို အတုယူ၍ ကျင့်ကြံပါစေခြင်း အကျိုးငှာ ဤသာသနာဝင် ကျမ်းများကို ဦးစားပေး ရေးသားပေ သည်ဟု မှတ်သားရပေမည်။

## သာသနာ၏ အမွန်အစ မြတ်ဗုဒ္ဓ

သာသနာ၏ စတင်ချာကို ရှာဖွေသော် ဗုဒ္ဓကိုပင် တွေ့ရပေမည်။ ဗုဒ္ဓ သည် လွန်ခဲ့သည့် လေးသင်္ချေနှင့် ကမ္ဘာတသိန်းအဆက်ကပင် ကိုယ်ကျိုး အတွက် ရုန်းထွက်လိုသော် တပုဒ်တပါဒတရားကို ကျင့်ကြံနာရုံဖြင့် နိဗ္ဗာန်ကို ဝင်စံနိုင်ပေသည်။

## ကိုယ်ကျိုးစွန့်ကာ လေးသင်္ချေကမ္ဘာတသိန်းဖြည့်ကျင့်

သို့ပေမင့် သံသာရာဝဋ်၌ ကျင်လည်နေကြရသော လောကသား အားလုံးကို သနားကရုဏာဖြစ်တော်မူသ၍ ကိုယ်ကျိုးအတွက် နိဗ္ဗာန်ကို စွန့်လွှယ်ပြီးလျှင် စကားသုံးခွန်းဖြင့် ကြုံးဝါးလျက် ယနေ့နက်ဖြန်ဘုရား ဖြစ်မည့် အမှတ်နှင့် လေးသင်္ချေ ကမ္ဘာတသိန်းတိုင်တိုင် လောကသား အားလုံးအကျိုးငှာ ဘဝအမျိုးမျိုးသို့ ရောက်လျက် ပါရမီ ၁၀-ပါး အပြား-၃၀ စွန့်ခြင်းကြီး ၅-ပါး စရိယ ၃-ပါး မြတ်တနားတို့ကို မနေ မနား ကျိုးစားတော်မူခဲ့လေသည်။

## ဘုရားလောင်းဖွားမြင်

သက္ကရာဇ်-၆၈ ကဆုန်လပြည့် သောကြာနေ့ တွင် "ကာဠု၊ ယသော် ညီတော်, ဆန္န၊ ကဏ္ဍကာ၊ သောဏ္ဍာ၊ ဗုဒ္ဓဟော," ဟူသော ဖွားဖက် တော် ခုနစ်ဦးနှင့် အတူ ဖွားမြင်တော်မူ၏။

## ဘုရားဖြစ်ပြီး သာသနာထူထောင်

သက်တော်-၃၅ နှစ်တွင် မာရ် ၅-ပါးကို အောင်မြင်ကာ ဘုရားဖြစ်ပြီးနောက် လောကအကျိုး အစွမ်းကုန်သည်ပိုးမည် စိတ်အကြံရှိခဲ့သည့်အလျောက် ၄၅-ဝါကာလကြာအောင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ အဆုံးအမဟူသော အံ့ဖွယ် ရှစ်ဖြာ သာသနာကို နိုင်မာအောင် တည်ထောင်တော်မူခဲ့ပေသည်။

## အံ့ဖွယ်ရှစ်ဖြာ သာသနာ

အစဉ်နက်လတ် တရားမြတ်နှင့်၊ ပြဋ္ဌာန်းလူနတ် ပညတ်မကျော်၊ မသူတော်ထုတ်၊ မျိုးယုတ်မခြား ဘုရားသားထဲ၊ နည်းများမရှု၊ ဗဟုရတနာ၊ ရသာဝိမုတ္တိ၊ ဘူမိအရိယာ၊ အင်ရှစ်ဖြာသည်၊ သာသနာတော်၏ အံ့ဖွယ်ရှစ်ပါးတည်း။

## ပရိနိဗ္ဗာန်ဝင်စံ

ဘုရားရှင်တို့သည် သက်တမ်းကို ၅-စုပြု ၁-စုချန် နိဗ္ဗာန်စံမြဲဖြစ်လေသည်။ထို့ကြောင့် ၁၄၈-ခု ကဆုန်လပြည့် အင်္ဂါနေ့ သက်တော် ၈၀ ဝါတော် ၄၅-တွင် ပရိနိဗ္ဗာန်ဝင်စံတော်မူသည်။

## အဖိုးတန်အမွေမို့ ဆက်ခံကြ

လေးသင်္ချေ ကမ္ဘာတသိန်းတိုင်တိုင် သူမတူအောင် ငွေမ်းဆောင်တော်မူမှ ရခဲ့သော အံ့ဖွယ်ရှစ်ဖြာ သာသနာ၏ အဖိုးအနဂ္ဃကို သိကြသဖြင့် အောက်ဖော်ပြပါအတိုင်း ရှင်မဟာကဿပစသော သားတော်ငဉ်ဆက်၊ အဇာတသတ်စသော သာသနာပြုမင်း အဆက်ဆက်တို့သည် ယနေ့တိုင်အောင် ပြုစုပျိုးထောင် သယ်ဆောင်၍ လာကြကုန်၏။

## ပထမသံဂါယနာ

ဘုရားပရိနိဗ္ဗာန်စံပြီး ၃-လ ၄-ရက်လွန်သော် သုဘဒ္ဒရဟန်းကြီး၏ "မစိုးရိမ်ကြကုန်လင့်၊ ခုဂါတမလက်မှ လွတ်ပြီ၊ လုပ်လိုရာ လုပ်ရတော့မည်"

စသော စကားကို အကြောင်းပြု၍ အဇာတသတ်မင်း၏ အထောက် အပံ့ကို ရယူလျက် အရှင်မဟာကဿပ အမှူးရှိသော တေဒဂ်ရ ဆဠ ဘိညာ ပဋိသမ္ဘိဒါပတ္တရဟန္တာ ၅၀၀-တို့သည် ရာဇဂြိုဟ်ပြည် ဝေဘာရ တောင် စရိုးပင် ရောက်ရာလိုဏ်၌ ၇-လတိုင်တိုင် စုပေါင်းသံပြိုင်ဆိုကာ ပထမသံဂါယနာ တင်ခဲ့ကြကုန်၏။ ဝိနည်းနှင့် သုတ္တန်တို့ကား ဤပထမ သံဂါယနာတင်မှ အစီအစဉ်ဖြင့် တည်ရှိကုန်၏။

## ဒုတိယသံဂါယနာ

ဘုရား ပရိနိဗ္ဗာန်စံပြီး နှစ် ၁၀၀-မြောက်၌ ဝဇ္ဇီတိုင်းသား ရဟန်း များသည် ဝိနည်းနှင့်မညီ အဓမ္မဝတ္ထု ၁၀-ပါးကို ဟောပြောကာ သာသနာ ဖျက်နေခြင်းကို အကြောင်းပြု၍ ကာလာသောက မင်း၏ အထောက်အပံ့ကို ရယူလျက် အရှင်မဟာယသ အမှူးရှိသော ရဟန္တာ ၇၀၀-တို့သည် ဝေသာလီပြည် ဝါလိကာရုံကျောင်း၌ ၈-လ တိုင်တိုင် စုပေါင်းသံပြိုင်ဆိုကာ ဒုတိယ သံဂါယနာ တင်ခဲ့ကြကုန်၏။

ထို ဒုတိယ သံဂါယနာအချိန်ဝယ် အဓမ္မဝါဒီ ဝဇ္ဇီ ရဟန်း တသောင်းတို့ကို နှင်ထုတ်ခဲ့ကုန်၏၊ အမြစ်မပြတ် နှင်ထုတ်ကာမတ္တ ဖြစ် ခြင်းကြောင့် ယခုနတိုင်ပင် ဗုဒ္ဓဘာသာ အတုအယောင်တို့သည် ဖြစ်ပွား ခဲ့ကုန်၏။ သံဂါယနာအတု တကြိမ်လည်း ပေါ်ခဲ့သေး၏။ ဒုတိယ သံဂါယနာနောက်မှ ဂိုဏ်းကွဲများ ပေါ်လာခဲ့သည်။ သင်္ဂဟ်ဆံ်းစသည်ဟုဆိုရာ ပါပေ၊

## တတိယသံဂါယနာ

ဘုရားပရိနိဗ္ဗာန်စံပြီး ၂၃၅-ခု လွန်သော် တိတ္ထိ ခြောက်သောင်းတို့ သာသနာတွင်းဝင်ရောက်ရောနှောသဖြင့် ပရိသတ်မသန့် ဥပုသ်ပြု ၇-နှစ် ပြတ်သပ်ခြင်းကို အကြောင်းပြု၍ သီရိဓမ္မာသောကမင်း၏ အထောက် အပံ့ကို ရယူလျက် အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ် အမှူးရှိသော ရဟန္တာ ၁၀၀၀-တို့သည် ပါဋလိပုတ်ပြည် အသောကာရုံကျောင်း၌

၉-သတိုင်တိုင် စုပေါင်းသံပြိုင်ဆိုကာ တတိယသံဂါယနာ တင်ခဲ့ကြကုန်၏၊

သံဂါယနာတင်ပြီးနောက် ၉-တိုင်း ၄-ဌာန သာသနာပြုစေလွှတ်ခဲ့ရကား ဗုဒ္ဓသာသနာတော် များစွာပြန့်ပွားခဲ့ပေသည်။ အတုယူစရာပါပေ။ ထို တတိယသံဂါယနာ၌ တိတ္ထိခြောက်သောင်းတို့ အယူဝါဒကို ဗုဒ္ဓအယူဝါဒနှင့် စစ်ဆေပြီး ပုဆိုးဖြူပေးကာ လူထွက်စေခဲ့ကုန်၏။ ဤသံဂါယနာ သုံးတန်တို့ကား မုခပါဌ နှုတ်တော်သက်သက်ဖြင့်ရွတ်၍ တင်သော သံဂါယနာတို့သာ ဖြစ်ကုန်၏။

## စတုတ္ထသံဂါယနာ

ဘုရားပရိနိဗ္ဗာန်စံပြီး သာသနာနှစ် ၄၄၉ နှစ်တိုင်တိုင် ပါဠိတော် အဋ္ဌကထာတို့လို နှုတ်ဖြင့် ဆောင်ရွက်နိုင်ခဲ့ကြသော်လည်း နောင်ဘုင် သတိ၊ သမာဓိ၊ ပညာ ဆုတ်ယုတ်၍ နှုတ်တက်အာဂုံ မဆောင်နိုင်မည်ကို ရဟန္တာအရှင်မြတ်တို့ မြင်တော်မူသဖြင့် သာသနာ ၄၅၀-နှစ်၌ ဝဋ္ဋဂါမဏိမင်း၏ အထောက်အပံ့ကို ရယူလျက် အရှင်မဟာဓမ္မရက္ခိတအမှူးရှိသော ရဟန္တာ ၅၀၀-တို့သည် သီဟိုဠ်ကျွန်း မာတုလဇနပုဒ်အာလောကလိုဏ်၌ပါဠိတော်အဋ္ဌကထာများကိုစုပေါင် သံပြိုင်ရွတ်ဆိုပြီး အရှည်တည်ရန်နှင့် မဟာသံဃိကအစရှိသော နိကာယ်တပါးအယူတို့နှင့် မရောစိမ့်သောငှါ ပိဋကတ်သုံးပုံ ပါဠိတော်များကို မာဂဓဘာသာဖြင့်လည်းကောင်း၊ အဋ္ဌကထာများကို သီဟိုဠ်ဘာသာဖြင့်လည်းကောင်း ပေထက်ရေးသားတင်ထားကာ ပေထက်အက္ခရာ စတုတ္ထသံဂါယနာ တင်ကြကုန်၏။ သီဟိုဠ်သာသနာ၌ စတုတ္ထသံဂါယနာနောက်မှ ဂိုဏ်း ကွဲများ ပေါ်လာခဲ့သည်။

## ပဉ္စမသံဂါယနာ

ဘုရားပရိနိဗ္ဗာန်စံပြီး ၂၄၀၀-နှစ်မြောက်၌ ဘဝရှင် မင်းတုန်းမင်းတြားကြီး၏အထောက်အပံ့ကို ရယူလျက် ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်နေ တိပိဋကဓရ ဘဒ္ဒန္တဇာဂရမထေရ်အမှူးပြု၍ ၂၄၀၀-

သော ရဟန်းသံဃာမထေရ်တို့သည် ရတနာပုံမည်သော မန္တလေးမြို့တော်၌ ပါဠိတော်အဋ္ဌကထာတို့ကို စုဒေါင်းသံပြိုင် ရွတ်ဆိုပြီး ကျောက်ထက်ရေးသား တင်ထားကာ ကျောက်ထက်အက္ခရာ ပဉ္စမသံဂါယနာ တင်ခဲ့ကြကုန်၏။

## ဆဋ္ဌသံဂါယနာ

ဘုရားပရိနိဗ္ဗာန်စံပြီး ၂၄၉၈-နှစ်မြောက်၌ လက်ရှိပေစာ၊ စာအုပ်တို့သည် အဆင့်ဆင့်ကူး ပြောင်းရေးမှတ်လာရကား အက္ခရာပုဒ်မှု အကွဲကွဲရှိနေခြင်း၊ ပုဒ်ပါဠိ မသန့်ရှင်းခြင်းကို အကြောင်းပြု၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု စသော ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ အထောက်အပံ့ကို ရယူလျက် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတမဟာထေရ်အမှူးရှိသော ထေရဝါဒ ငါးနိုင်ငံမှ ရဟန်းသံဃာ ၂၅၀၀-တို့သည် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေး မဟာပါသာဏလိုဏ်တော်၌ ၂-နှစ်တိုင်တိုင် ထိုထိုဒေသ မူအမျိုးမျိုးတို့ဖြင့် အထပ်ထပ်တိုက်ဆိုင် တိုဖြတ်ကာ စုဒေါင်းသံပြိုင်ရွတ်ပြီး စက္ကူပေါ် စက်တင်ပုံနှိပ်လျက် ပေါတ္ထကာရုဠ ဆဋ္ဌသံဂါယနာကို တင်ခဲ့ကြကုန်၏။

## သီဟိုဠ် မြန်မာသာသနာ

သီဟိုဠ် မြန်မာသာသနာ၌ သာသနာ့ဝန်ဆောင် ရဟန်းကောင်း ရဟန်းမြတ် မင်းကောင်း မင်းမြတ်တို့ သာသနာပြုပုံ အလုံးစုံကိုကြည့်ရှုရသော် အတုယူစရာ နမူနာယူစရာ သင်္ခန်းစာယူစရာ ပေါများလှပါပေသည်၊

## စံထားထိုက်သော သာသနာပြုမင်းများ

သာသနာပြုအရာတွင် သူမတူအောင် အလွန်ထင်ရှားသော အဇာတသတ်မင်း၊ သိရိဓမ္မာသောကမင်း၊ သီလာဒိတျမင်း စသော မဇ္ဈိမဒေသ မင်းကောင်း မင်းမြတ်များ၊ ဒေဝါနံ ပိယတိဿမင်း၊ ဝဋ္ဋဂါမဏိမင်း၊

သိရိသင်္ဃဗောဓိပရက္ကမဗာဟုမင်း စသော သီဟိုဠ်မင်းကောင်း မင်းမြတ်များ၊ ကာလာသောကမင်း၊ အနော်ရထာမင်း၊ ဓမ္မစေတီမင်း၊ မဟာဥပရာဇ်မင်း၊ ဘဝရှင်မင်းတြားကြီး၊ ရတနာပုံမြို့တည် နန်းတည်မင်းတုန်းမင်းတြားကြီး စသော မြန်မာမင်းကောင်း မင်းမြတ်များစသည်ဖြင့် စံထားထိုက်သောမင်းတို့ကား ပေါများလှပေသည်။

## ကလျာဏီသာသနာဝင်

ကျမ်းပြုဆရာမြတ် ပြုစုသော ဤကျမ်းစာသည် သာသနာ၌ စံယူလောက်သည့် မြန်မာမင်းများတွင် တပါးအပါအဝင်ဖြစ်သော ဓမ္မစေတီမင်းတြားကြီး၏ သာသနာပြုပုံ အလုံးစုံကို အစမှသည် ယနေ့ကျအောင် မကျန်မကြွင်း ဖော်ပြထားသော ကျမ်းစာတစောင်ဖြစ်ပေသည်။

## ဤကျမ်းစာရေးသားထားပုံ

ဤကျမ်းကို ယေဘုယျအားဖြင့် ကလျာဏီသိမ်တော်သမိုင်း အရညဝါသီ နိကာယသမိုင်း၊ ဝိနယသာကစ္ဆာသမိုင်း ဟု သမိုင်းသုံးရပ်ကို တွေ့ရပေမည်။ သမိုင်းသုံးရပ်ကို ခြုံ၍ကြည့်ရလျှင် ကလျာဏီသိမ်တော်သမိုင်းနှင့် ကလျာဏီသာသနာဝင် ဆရာစဉ်ဆက် ပေါက်ဖွားလာပုံကို တွေ့ရပေမည်၊ ကျမ်းဆရာမြတ်ကား ၂၄-ပိုဒ် ခွဲခြမ်းစိတ်ဖြာ ရေးသားရကား လမ်းညွှန်အနေ သိနှင့်ရန်လိုအပ်ပေသည်။

အပိုင်း ၁-၌ ဓမ္မစေတီမင်း၏ မွေးဇာတိမှစ၍ မင်းဖြစ်သည်အထိ ဖော်ပြထားသည်။

အပိုင်း ၂-၌ ရာမညတိုင်းသုံးရပ်ကို ခွဲပြပြီး ထိုရာမညတိုင်း၌ သာသနာ ၇-ခေတ်သွန်းကားပုံကို ဖော်ပြထားသည်။

အပိုင်း ၃-၌ ဓမ္မစေတီမင်းကြီး သာသနာပြုရန် အကြံဖြစ်ပြီး ရာမတမန်၊ စိတြတမန်၊ သင်္ဘော ၂-စင်းဖြင့် ရဟန်းတော် ၄၄-ပါးတို့ကို လက်ဆောင်ပဏ္ဏာ လှူဖွယ်အမျိုးမျိုးဖြင့် သီဟိုဠ်မထေရ်များနှင့် ပေါင်းထုံးစေလွှတ်ပုံကို ဖော်ပြထားသည်။

အပိုင်း ၄-၌ သီဟိုဠ်ကျွန်းသို့ သင်္ဘောများသွားပုံနှင့် ရောက်သည့်ရက်ကို ဖော်ပြထားသည်။

အပိုင်း ၅-၌ ကလျာဏီနဒီမြစ်၌ ရဟန်းခံပုံ အစီအစဉ်နှင့်၊ မင်းကိုယ်တိုင် ဘွဲ့တံဆိပ်ကပ်ပုံကို ဖော်ပြထားသည်။

အပိုင်း ၆-၌ ဟံသာဝတီသို့ပြန်ကြွပုံ သီဟိုဠ်မင်းနှင့် ဆရာတော်များမှ သာသနာဆိုင် ဘဏ္ဍာပစ္စည်းများနှင့် ဗာဟုမင်းသုံးဆက် သာသနာ သုဘ်သင်ပုံ ကမ္ဘည်းစာ၊ ရဟန်းတို့ကို ထောက်ပံ့လှူဒါန်းပုံ ကမ္ဘည်းစာ၊ တိုင်းသူပြည်သားတို့က ပူစုထောက်ပံ့ပုံ ကမ္ဘည်းစာ၊ မထေရ် ၉-ပါးတို့၏ ဆုတောင်းဂါထာ၊ မင်း၏ လက်ဆောင်ပဏ္ဏာများကို ဖော်ပြထားသည်။

အပိုင်း ၇-၌ သိမ်သမုတ်ရန် စီစဉ်ပုံ၊ ရဟန်းစိစစ်ပုံ၊ သိမ်နှုတ်ပုံ၊ သိမ်သမုတ်ပုံ တို့ကို ဖော်ပြထားသည်။

အပိုင်း ၈-၌ ပဉ္စင်းခံရန် အကြောင်းကြားပုံ၊ ဥပဇ္ဈာယ်ရှာပုံ၊ ဓမ္မကိတ္တိ စသောမထေရ်များစွာတို့ လှူထွက်ပြီး ရဟန်းခံပုံ၊ ပထမဆုံး ဥပုသ်ပြုပွဲကြီး ကျင်းပပုံ၊ ဥပဇ္ဈာယ်ဆရာအား ဘွဲ့ဆက်ကပ်ပုံတို့ကို ဖော်ပြထားပေသည်။

အပိုင်း ၉-၌ ရဟန်းတို့ထံ ရှင်ရဟန်း ပြုခွင့်ရသောပုဂ္ဂိုလ် ပြုခွင့်မရသောပုဂ္ဂိုလ်၊ လက်ခံထားသင့်သော ရှင်ရဟန်း၊ မထားသင့်သော ရှင်ရဟန်း၊ ရှင်ရဟန်းမပြုမီ ကြိုတင်ရသင့်သောကျမ်းစာများ ရသင့်သည်တို့ ပြည့်စုံ ၈ ပရိက္ခရာထောက်ပံ့ကာ ရှင်ရဟန်းတင်ပေးမည့်အကြောင်း စသည် ဖော်ပြပါရှိသော ကတိကဝတ် (ပြန်တမ်း) တောင်းပန်လျှောက်ပုံ၊ သာသနာသုတ်သင်ပုံ၊ ဂိုဏ်းဆရာရှစ်ရာ နောက်ပါ ၁၅၆၆၆-တို့အားလုံး လူဝတ်လဲ ရဟန်းခံကြပုံတို့ကို ဖော်ပြထားသည်။

အပိုင်း ၁၀-၌ သိမ်များထပ်မံသမုတ်ပုံ ပဉ္စင်း ၆၀၁-ကျော် ရဟန်းခံပုံတို့ကို ဖော်ပြထားသည်။

အပိုင်း ၁၁-၌ ကလျာဏီမှ ယိုဒယားသို့ ဂိုဏ်း ဖြာထွက်ပုံနှင့် ထိုဂိုဏ်း အခြေအနေကို ဖော်ပြထားသည်။

အပိုင်း ၁၂-၌ သီဟိုဠ်ရဟန်းတော်များ ကလျာဏီသို့ ရဟန်းခံလာကြပုံ ထိုမထေရ်တို့အထုပ္ပတ်အကျဉ်းနှင့် ကလျာဏီဝံသ နိကာယ ဂိုဏ်းထူထောင်၊ ခေါင်းဆောင်အဖြစ် ကျော်ကြားကြပုံ ဆဋ္ဌခေတ်တိုင်အောင် သီဟိုဠ် မြန်မာသာသနာဖလှယ်ပုံကို ဖော်ပြထားသည်၊

အပိုင်း ၁၃-၌ ကလျာဏီ နိကာယဝင် ပညာတတ်ခေါင်းဆောင် ၃၃-ပါးကို ဖော်ပြထားသည်။

အပိုင်း ၁၄-၌ ဤသိမ်မှ ပေါက်ဖွားသော ရာမညဂိုဏ်းသည် သီဟိုဠ်မှာ ကျော်ကြားပုံ၊ ရာမညဂိုဏ်း ရပြည့်ပွဲဖြစ်ပုံကို ဖော်ပြထားသည်။

အပိုင်း ၁၅-၌ ဤသိမ်၌ ရဟန်းခံခဲ့သော ရာမည သာသနာဝင် မထေရ် ၁၀-ပါး အမည်ကို ဖော်ပြပြီး ဆင့်သံဂါယနာ၌ ရာမည နိကာယ မဟာနာယက၏ သဝဏ်လွှာကို ဖော်ပြထားသည်။

အပိုင်း ၁၆-၌ ပဲခူးမြို့၏ လက်ရှိအခြေအနေနှင့် ရှေး အခြေအနေ ဖော်ပြထားသည်။

အပိုင်း ၁၇ ၌ မဟာကလျာဏီကျောင်းတိုက်ကြီး၏လက်ရှိအခြေအနေကို ကျောင်းတိုက်ကြီးအတွင်း၌ ရှေးပင်းအဆက်ဆက် တည်ထားကိုးကွယ်ခဲ့သော မဇ္ဈိမ စေတီသမိုင်း၊ ကလျာဏီ စေတီသမိုင်း၊ သိမ်တော်ကြီးအတွင်း ရုပ်လုံးများက သမိုင်း ပြနေပုံတို့ကို ဖော်ပြထားပေသည်။

အပိုင်း ၁၈-၌ မွေ့စေတီမင်းလက်ထက်မှစ၍ ကလျာဏီ သာသနာဝံသ ဆရာစဉ်အဆက်ကို ဖော်ပြထားသည်။

အပိုင်း ၁၉-၌ နှစ်ပေါင်းများစွာ ဆင်နေ ကျားအောင် ဖြစ်ခဲ့ရာမှ သာသနာ ပြန်လည်ထွန်းပြီး ပေါ်ထွက်ခဲ့သော ကလျာဏီ သာသနာဝံသ ဆရာစဉ်ဆက်ကို ဆက်လက်ဖော်ပြထားသည်။

အပိုင်း ၂၀-၌ ဘုရင့်နောင် စသော မင်းအဆက်ဆက် သိမ်တော်ကြီးကို ပြန်တည်ဆောက်ပုံနှင့် လက်ရှိသိမ်ကြီး တည်ဆောက်ပုံကို အကျယ် ဖော်ပြသည်။

အပိုင်း ၂၁-၌ မဟာကလျာဏီကျောင်းတိုက်ကြီးမှ အရညဝါသီ ရွှေကျင်နိကာယ ပေါက်ဖွားပုံ ဂဏဟိတရေ ဝိနယသာကစ္ဆာတို့ဖြင့် ဝေဆာလှပုံတို့ကို ဖော်ပြထားသည်။

အပိုင်း ၂၂-၌ အရညဝါသီ ရွှေကျင်နိကာယမှ ပေါက်ဖွားသည့် ဝိနယသာကစ္ဆာ အဖွဲ့ဝင်တို့၏ ထေရုပ္ပတ္တိအကျဉ်းကို ဖော်ပြထားသည်။

အပိုင်း ၂၃-၌ ကလျာဏီ ဝိနယပရိယတ္တိ စာမေးပွဲကို ဖော်ပြထားသည်။

အပိုင်း ၂၄-၌ မဟာကလျာဏီသိမ်တော်၌ အရညဝါသီ ရွှေကျင်နိကာယ သံဃာ့မဟာပဝါရဏာပြုပုံကို ဖော်ပြထားသည်။

ဤမျှလောက်ဖြင့်ပင် သုတေသီအရှင်တို့ အားတက်စရာရှိလှပါပြီ ထိုတွင်မက တိမ်ငုပ်နေသော မှတ်သားစရာ အတုယူစရာ နမူနာယူစရာ ဗဟုသုတ အပြာပြာတွေ များလှပါပေသည်။

## အရည်အချင်း ပြည့်ဝသော ကျမ်းပြုဆရာ

ဤကျမ်းပြုဆရာသည် ဗဟုသုတများ၍ ကျမ်းပြုရာတွင် ကျမ်းကျင်လှခကား ငုပ်နေသော သမိုင်းများကိုပင် သဲလွန်စရရုံနှင့် ရုပ်လုံးပေါ်အောင် ရေးစွမ်းနိုင်သော ဆရာမြတ်ပါပေ၊ ရိုးရိုးနှင့် အကွက်လည်အောင် ရေးထားရကား သာသနာကို စိတ်ဝင်စားသူအဖို့ မည်၍မည်မျှ အကျိုးသက်ရောက်မည်ကို ကိုယ်တိုင်ကိုယ်ကျ ဖတ်ရှုလေ့လာကြည့်ပါက တွေ့ရပါပေမည်။

## ဘူမိနက်သံ ဇာတိမာန်

ပေါ်ဆဲ ပေါ်လတံ့ ကလျာဏီ သာသနာဝင်တို့သည် ဆရာမြတ်၏ ကျမ်းစာမျိုးကို မရှုစားရသေးမီ ယခုအချိန်ထိ ယခုအခါမျိုးမှာပင် ရှုကြည့်စမ်းပါလော့။

### ကလျာဏီ စာချ စာသင်တို့၏ နှလုံးသွင်း

* အစကောင်းခဲ့သော ကလျာဏီသည် ယခုလည်း ကောင်းမွန်နေရန် တာဝန်ရှိသည်။
* စွန့်စားခဲ့သော ကလျာဏီသည် ယခုလည်း စွန့်စားနေရန် တာဝန်ရှိသည်၊
* အစဉ်အလာကြီးမားခဲ့သော ကလျာဏီသည် ယခုလည်း ကြီးမားနေရန် တာဝန်ရှိသည်။

ဤသုံးလီသော နှလုံးသွင်းတို့နှင့် ပြည့်စုံခြင်း။

### ကလျာဏီ စာချ စာသင်တို့၏ မူလအခြေခံ ပြည့်စုံမှု

* ဩဝါဒါစရိယ ဆရာတော်ဘုရားများ၏ ဆုံးမညွှန်ပြ ဩဝါဒ။
* တိုက်တာဝန်ဆောင် ပုဂ္ဂိုလ်များ၏ စာပေပို့ချ နည်းလမ်းပြ။
* အစဉ်အဆက် ဆင်းသက်ခဲ့ကြ ဒကာ ဒကာမများက ဝိုင်းဝန်းထောက်မ လှူဒါန်းကြ။

ဤသို့ မူလ အခြေခံသုံးပါးနှင့် ပြည့်စုံခြင်း။

## ကလျာဏီ စာချ စာသင်တို့၏ အားထုတ်မှု

* တိုက်တာစည်းကမ်း လိုက်နာကျင့်သုံးသည်။
* ဆရာညွှန်ပြ လမ်းဟူသမျှကို ဦးလည်မသုန် အားကျိုးမာန်တက် ဆောင်ရွက်သည်။
* သာသနာတော်အတွက် အကျိုးသက်ရည့် အလုပ်ကိုသာ ပဓာန ထား အားထုတ်သည်။

ဤသုံးမည်သော အားထုတ်မှုတို့နှင့် ပြည့်စုံခြင်း။

ဤကဲ့သို့ ကောင်းခြင်းသုံးဖြာတို့နှင့် ပြည့်စုံသော ငါတို့သည် ပြည့်စုံမှု မယုတ်လျော့ရေးအတွက်—

* လောကဓံအမျိုးမျိုးကိုလည်း သည်းခံနိုင်ရမည်၊
* ရလာဘ်အမျိုးမျိုးကိုလည်း ပယ်စွန့်နိုင်ရမည်။
* သေပင်သေစေ မဖြစ်မနေ ကျိုးစားနိုင်ရမည်—ဟု

ဇာတိမာန် ပေါ်တက်ခဲ့သည့် အနေဖြင့် စာအောင် သံဃာပူဇော်ပွဲ အချိန်က တိုက်တွင်းတင်မက မြို့ရောနယ်ပါ အနယ်နယ် အရပ်ရပ်၌ စာတမ်း များ ထွက်ခဲ့ပါတော့သည်။

### မစားသေးပဲ ဝရပါပြီ

ဆရာမြတ်၏ ကျမ်းစာကို ရှုကြည့်ရက လက်ရှိ ကလျာဏီတိုက်တွင်း သာသနာ့ဝန်ထမ်း ရှင်ရဟန်းများနှင့် ကလျာဏီ သာသနာပြု ဒကာ ဒကာမများသာမက ကလျာဏီမှ ပေါက်ဖွားသည့် မြန်မာပြည် ရာမည သံဃာအားလုံး သီဟိုဠ်ပြည် ကလျာဏီဝံသ သံဃာအားလုံးနှင့် ရာမည နိကာယ သံဃာအားလုံး ယိုးဒယားရှိ ဓမ္မယုတ္တိဂိုဏ်း စူဠနိကာယ သံဃာ အားလုံး မြန်မာ၊ သီဟိုဠ်၊ ယိုးဒယားရှိ ဗုဒ္ဓဘာသာဝင် သူတော်စင် အားလုံးတို့သည် နဟ်သုခာကို စားရသည့်အလား ကလျာဏီသာသနာ

မှ ပေါက်ဖွားသွားသော ရဟန်းတော်စဉ်ဆက် ကလျာဏီသာသနာ၌ သာသနာပြုသွားသော ပုဂ္ဂိုလ်အမျိုးမျိုး ဇာစားစားကို မှန်းဆမြင်ယောင်ပြီး မစားရသေးပဲနှင့် ဝခြင်းပင် ဖြစ်ရပါတော့သည်။

## ရည်ရွယ်ချက်ပြည့်စုံသည့် ကျမ်းစာ

ကျမ်းပြုဆရာ ဆရာမြတ်၏ ရည်ရွယ်ရင်းအတိုင်း သာသနာ၌ ကြည်ညိုဖွယ်ရာ သံဝေဂယူစရာ ဖြစ်လှပါတော့သည်။ ထို့ကြောင့်ပင် ကျမ်းပြုဆရာတော်အား အကျွန်ုပ်အဖို့ တိုး၍ တိုး၍ပင် ရှိခိုးချင်ရုံမက တိုး၍တိုး၍ပင် ကန်တော့ပန်းဆင်ရုံမက သုတေသီများအဖို့သည်း ကျေးဇူးတတင် ထိုစိတ်ထားအမှန်ပင် ဖြစ်ပေါ်ကြလိမ့်မည်ဟု ယုံကြည်အပ်ပါသတည်း။

အရှင်နန္ဒိယာဘိဝံသ (စာချ)

မဟာဂန္ဓကလျာဏီကျောင်းတိုက်၊

မဇင်းရပ်၊ ပဲခူးမြို့။

# ကလျာဏီသာသနာဝင် သမိုင်းတင်

## ပဲခူးမြို့ မဟာကလျာဏီကျောင်းတိုက်ကြီး၏ ပဓာန ဆရာတော် စဉ်ဆက် ဇယား

| အဆက် | စတင်ခုနှစ် သက္ကရာဇ် | ပဓာနဆရာတော် ဘွဲ့တော် | ဂုဏ်ထူးဘွဲ့တော် |
|---|---|---|---|
| ပထမ ဆရာတော် | ဓမ္မစေတီမင်း ၈၃၈ | အရှင် သုဝဏ္ဏသောဘဏ မဟာထေရ် | ကလျာဏီတိဿ သာသနာပိုင် သံဃရာဇာ |
| ဒုတိယ | ပဒုံမင်းလက်ထက် ၁၁၅၀ ခန့် | အရှင် မေဓာနန္ဒ ဓဇ မဟာထေရ် | မေဓာနန္ဒဓဇ မဟာဓမ္မ ရာဇဂုရု |
| တတိယ | ၁၂၁၈-ခု | အရှင် ဝဏ္ဏ မဟာထေရ် | အရညဝါသီနိကာယ အာဒိကမ္မိက မဟာနာယက စာပြန်ပွဲအစ ဦးဝဏ္ဏ |
| စတုတ္ထ | ၁၂၂၆-ခု | အရှင် အာစာရ မဟာထေရ် | အရညဝါသီ ရွှေကျင်နိကာယ အာဒိကမ္မိက မဟာနာယကာ ပဝါရဏာအစ ဦးအာစာရ |
| ပဥ္စမ | ၁၂၆၃-ခု | အရှင် စန္ဒိမာ မဟာ ထေရ် | အရညဝါသီ ရွှေကျင်နိကာယ နာယကာ |

ကလျာဏီသာသနာဝင် သမိုင်းတင်။　　။အဆက်

| အဆက် | စတင်ခုနှစ် သက္ကရာဇ် | ပဓာနဆရာတော် ဘွဲ့တော် | ဂိုဏ်းထူးဘွဲ့တော် |
|---|---|---|---|
| ဆဋ္ဌ | ၁၃၀၆-ခု | အရှင် ဉာဏဝံသ မဟာထေရ် | အရည\u200bဝါသီ ရွှေကျင်နိကာယ နာယက ဝိနယသာကစ္ဆာ ဩဝါဒါစရိယ |
| သတ္တမ | ၁၃၃၄-ခု | အရှင် ဇာနေယျ မဟာထေရ် | အရညဝါသီ ရွှေကျင် နိကာယ နာယက ဝိနယသာကစ္ဆာ ဩဝါဒါစရိယ |

ဝဲခူးမြို့၊ မဟာကလျာဏီကျောင်းတိုက်ကြီးမှ ဆင်းသက်ပေါက်ဖွားသော ပြည်တွင်း၌ ထူးကဲစတင် မှတ်တမ်းဝင်

သက္ကရာဇ် ၈၃၈ ခု၊ နတ်တော်လဆန်း ၈-ရက်၊ ကလျာဏီ သိမ်သမုတ် မဟာဝိဟာရဝါသီဂိုဏ်း စတင်။

သက္ကရာဇ် ၁၂၂၆-ခု၊ အရညဝါသီ နိကာယဂိုဏ်း စတင်ဖြစ်ပေါ်သည် (ထိုအခါက ကလျာဏီသည့် တောရ)။

သက္ကရာဇ် ၁၂၃၃-ခု၊ ကြခတ်ဝိုင်းကျောင်း၌ အရညဝါသီ နိကာယ၏ ဝိနည်းစာပြန် စတင်သည်။

၁၂၅၃-ခု၊ (ယခု ပုဂ္ဂိုလ်များ ၁၂၄၄-ခု) ကလျာဏီသိမ်တော်၌ အရညဝါသီနိကာယ၏ သံဃမဟာပဝါရဏာပွဲ စတင်သည်။

သက္ကရာဇ် ၁၂၅၅-ခု၊ တောရဂိုဏ်း၊ ရွှေကျင်ဂိုဏ်း တူမျှ၍ အရညဝါသီ ရွှေကျင်နိကာယဂိုဏ်း စတင်သည်။

# ပဲခူးမြို့ မဟာကလျာဏီသိမ်တော် ဒါယကာ စဉ်ဆက်ပြ

| သက္ကရာဇ် | ကလျာဏီသိမ်တော် ဒါယကာ စဉ်ဆက် | စတင် ပြုပြင် ပြန်တည် |
|---|---|---|
| ၈၃၈ | ရာမာဓိပတိ ဓမ္မစေတီမင်း | စတင်တည်ဆောက် |
| ၉၃၀ (၉၃၈) | ဘုရင့်နောင် မင်းတြား | ပြန်လည်ပြုပြင် အတွင်း ရွှေချ |
| ၉၇၅ | အနောက်ဘက် လွန်မင်း | ပြန်လည်တည်ဆောက် |
| ၁၀၀၇ | သာလွန် မင်းတြားကြီး | ပြန်လည်ပြုပြင် ရွှေချ |
| ၁၁၅၇ | အမရပူရ ဘိုးတော် မင်းတြားကြီး | ပြန်လည်တည်ဆောက် |
| ၁၂၇၅ | ရန်ကုန်တိုင်း ရေမ်းမြို့နယ် ပုဂံတောင်သဒ္ဒေး ဦးသိန်း၊ ဒေါ်မှို ဥ မိသားစု | ပြန်လည်တည်ဆောက် |
| ၁၂၆၄ | ရန်ကုန်တိုင်း ခရမ်းမြို့နယ် ပုဂံတောင်သဒ္ဒေးသမီး ဒေါ်ကျေး မိသားစု | ပြန်လည် အုတ်ဖြင့် တည်ဆောက် |
| ၁၃၁၆ | ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရနှင့် ရွှေခြူး ဦးသူတော်-ဒေါ်မြတင် မိသားစု | ပြန်လည် ဘိလပ်ကျောက်ဖြင့် တည်ဆောက် |

ပဲခူးမြို့ မဟာကလျာဏီ ကျောင်းတိုက်ကြီး အတွင်းတည်ရှိသော သွားတော်ခေတ်တည်ကိန်း ရာ မဝေါစေတီတော် ဒါယကာ စဉ်ဆက်ပြ

| သက္ကရာဇ် | မဓေါစေတီတော် ဒါယကာ စဉ်ဆက် | စတင် ငုံတည် ပြုန်တည် |
|---|---|---|
| ၂၃၆ | သီရိမာသောကမင်း | စတင် တည်ထား |
| ၇၁၀ | မွေစေတီလောကနာထ (ဗညားဦး)မင်း | သင်တိုင်းခြုံ ထပ်ဆင့်ငုံတည် |
| ၇၄၆ | သုတသောမ (ဗညားနွဲ့)မင်း | သင်တိုင်းခြုံ ထပ်ဆင့်ငုံတည် |
| ၈၂၀ | မွေစေတီမင်း | သင်တိုင်းခြုံ ထပ်ဆင့်ငုံတည် |
| ၁၂၉၄ | အရှင်ဉာဏဝံသ ကြီးမှူး၍ ဝိထိုရွာ ဒကာ ဒကာမများ | အသစ်ပြုန်တည် |

## ပဲခူးမြို့ မဟာကလျာဏီကျောင်းတိုက်ကြီးအတွင်း တည်ရှိသော စွယ်တော်ပွားတ-ဆူဟည်ကိန်းရာ ကလျာဏီစေတီတော် ဒါယကာ စဉ်ဆက်ပြ


| သက္ကရာဇ် | ကလျာဏီစေတီတော် ဒါယကာ စဉ်ဆက် | စတင် ပြုပြင် ပြန်တည် |
|---|---|---|
| ၈၃၉-ခု | ဓမ္မစေတီမင်း | စတင် တည်ထား |
| ၉၄၅-ခု | နန္ဒဗရင်ကြီး အဓမ်သက်ရှည် ကျော်ထင် | ပြန်လည်တည်ထား |
| ၁၁၂၃-ခု | ရန်ကုန်မြို့ဝန် သီရိဥဇနာ | ပြန်လည်တည်ထား |
| ၁၂၆၈-ခု | ပဲခူးမြို့သူ-မြို့သား | ပြန်လည်တည်ထား |
| ၁၂၉၉-ခု | ပဲခူးမြို့ အရေးပိုင် ဦးဘဖိုး၊ ဒေါ်သိ:းမြင့် မိသားစုနှင့် ရန်ကုန်မြို့ ပုဇွန်တောင်ဒေါ်သင်-ဒေါ်သန်း | ပြုပြင် ဆင့်တည် |

သိမ်နုတ်ပုံ

| သိမ်တော်နေရာ | ကြိုတင်ပြင်ဆင်ပုံ | အကွက်ဖော်ပုံ | သိမ်နုတ်နေ့ရက် | သိမ်နုတ်ကံပြုပုံ |
|---|---|---|---|---|
| နရသူအမတ်၏ ဂါမခေတ်၌ မခ၀ါ စေတီ၏ အနောက် မြောက်ဘက် | နေရာကို တသင်းကဲ့သို့ ပြောင်းအောင်ရှင်း သစ်ကိုင်းခက်များခုတ်ရှင်း တထွာပတ်လည်အနက် အမြစ်ဖြတ်ရန်တူး | ၅-တောင်ပတ်လည် အကွက်စပ်အောင်ဖော် | မမ္မစေတီမင်းလက်ထက် ၈၃၈-ခု နတ်တော်လဆန်း (၇)ရက် စနေ တနေ့တည်းနှင့် သိမ်နုတ်ပြီးသည်။ | ပထမ ၅-တောင်ကွက်၌ ၁၄-ပါးလုံး စုရုံး သိမ်နုတ်ကမ္မဝါဖတ် ဖဝါးစပ်အောင် အကွက်ရွေ့၍ ၇-ကြိမ်ဖတ်သည် |

သိမ်သမုတ်ပုံ

| ကလျာဏီသိမ်သမုတ်နေရာ | ကြိုတင်ပြင်ဆင် | အကွက်ဖော်ပုံ | သိမ်သမုတ်ရက် | သိမ်သမုတ်ပုံ |
|---|---|---|---|---|
| သိမ်နုတ်ပြီးသော နရသူအမတ်၏ ဂါမခေတ် မခေါ်စေတီ အနောက်မြောက်ဘက် | ဂါမခေတ်၌ ရဟန်းမရှိ ရန်ရှင်း အစောင့်ချထား အရှင် ၁၄-ပါး ကျောက်နိမိတ်ကို စပ်အောင်ကြား | ကျောက်နိမိတ်အတွင်း မျဉ်းကြိုးဆွဲ ၄-ဘက် မြောင်း တထွာတူး | မမ္မစေတီမင်းလက်ထက် သက္ကရာဇ် ၈၃၈-ခု နတ်တော်လဆန်း(၈) ရက် တနင်္ဂနွေနေ့ မင်္ဂလာအချိန်ကောင်း | သီဟိုဠ်ပြန်သံဃာ ၁၄-ပါးလုံး ဗျဉ္ဇနဗုဒ္ဓိ ၁၀-ပါး စသည် အညီ သိမသမ္မုတိ ကမ္မဝါစာကို (၇)ကြိမ်ဖတ်သည် |



သက္ကရာဇ် ၁၃၁၂–ခုနှစ် ဝါဆိုလပြည့်နေ့မှစ၍
တည်ဆောက်၍ ၁၃၁၆–ခုနှစ် ဝါဆိုလပြည့်မတိုင်မီ ပြီးစီးခဲ့သည့်
မဟာကလျာဏီသိမ်တော်ကြီး

# ကလျာဏီသာသနာဝင်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရတနတ္တယပဏာမ

နတွာ သာသနဝံသညုံ၊ ဒေသကံ အဂ္ဂပုဂ္ဂလံ။
သေဝိတံ တေန ဓမ္မဉ္စ၊ သံဃဉ္စာပိ နိရင်္ဂဏံ။

အဟံ၊ ကလျာဏီသာသနာဝင် မည်တွင်တောက်လျှမ်း ကျမ်းဂန်ရေးရန် အားအန်ကြိုးကုတ် အကျွန်ုပ်သည်။ သာသနဝံသညုံ၊ ကိုယ်တော်မြတ်စွာ သာသနာဝင်ကို။ ဒေသကံ၊ မဟာကရုဏာရှေ့ထား ဟောကြားတော်မူတတ်သော။ အဂ္ဂပုဂ္ဂလံ၊ အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်တော်မူသော ဘုရားရှင်ကိုလည်းကောင်း။တေန၊ထိုသုံးလောကခေတ် အမြတ်ထွတ်ထား ဘုရားရှင်သည်။ သေဝိတံ၊ ဂေါစရာသေဝန ဘာဝနာသေဝနတို့ဖြင့် နိစ္စမပြတ် မှီဝဲအပ်သော။ ဓမ္မဉ္စ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်မြတ်ကို လည်းကောင်း။ နိရင်္ဂဏံ၊ ရာဂ ဒေါသ မောဟ အင်္ဂဏာ ကင်းစင်ပတော်မူသော။ သံဃဉ္စာပိ၊ ရှစ်ပါးအရိယာ မြတ်သံဃာကိုလည်းကောင်း။ နတွာ၊ သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။ နတွာ၊ သဒ္ဓါရိုကျိုး ရှိခိုးပြီး၍—

[မိမိသည် ပဲခူးမြို့ရှိ ကလျာဏီသိမ်တော်ကြီးသမိုင်းနှင့် ယင်းကလျာဏီသိမ်တော်ကြီးမှ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ကြ

သော ရှေးရှေးသာသနာ့ဝန်ဆောင် ဆရာတော်ဘုရားကြီးများနှင့် ကလျာဏီသိမ်တော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြသော ဆရာတော်ဘုရားကြီးများ၏ အဖြစ်တော်စဉ်နှင့် လုပ်ဆောင်ချက်တို့ကို ဖော်ပြရာ ကလျာဏီသာသနာဝင်ကျမ်းကို ရေးသားစီရင်မည်ဖြစ်ရာ အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်ခြင်းကို အလိုရှိပါသည်။ သို့ဖြစ်၍ "နတွာ သာသနပံသသာ"အစရှိသော ဂါထာဖြင့် ရတနာ ၃-ပါးကို လေးစားရိုကျိုး ရှိခိုးဦးချပါသည်။]

အန္တရာယဝိဃာတတ္ထံ၊ မင်္ဂလာယ ဟိတာယ စ။
ဂန္ထဿ အာဒိမှိယေဝ၊ ပဏာမဝစနံ ကတံ။

**အဘိယာစကနှင့် ပဋိညာဉ်**

ယာစိတောဟံ ကရိဿာမိ၊ ဂန္ထံ သဗ္ဗင်္ဂသောဘနံ။
နန္ဒိယေန သုသီလေန၊ ကလျာဏာဓိမုတ္တိနာ။

အဟံ၊ အရှင်ကေလာသ မည်ရသမုတ် အကျွန်ုပ်သည်။ သုသီလေန၊ ကောင်းမြတ်သော အကျင့်သီလရှိသော။ ကလျာဏာဓိမုတ္တိနာ၊ ကောင်းမြတ်သော အကျင့်သဘောကို ရှုမြင်လေ့ရှိသော။ နန္ဒိယေန၊ ပဲခူးမြို့ကလျာဏီကျောင်းတိုက်နေ အရှင်နန္ဒိယ ရဟန်းတော်သည်။ ယာစိတော၊ ကြည်ဖြူလေးစား လျှောက်ထားတောင်းပန်အပ်သည်ဖြစ်၍။ သဗ္ဗင်္ဂသောဘနံ၊ အလုံးစုံအစိတ်အပိုင်း အခန်းကဏ္ဍတိုင်း၌ တင့်တယ်သော။ ဂန္ထံ၊ ကလျာဏီသာသနာဝင်ကျမ်းကို။ ကရိဿာမိ၊ဂန္ထမုရေ ကိစ္စလပ်လျား ချိန်အကြား၌ ရေးသားပြုပြင် စီရင်ပေအံ့သတည်း။

[ပဲခူးမြို့ ကလျာဏီကျောင်းတိုက်၌ သီတင်းသုံး နေထိုင်၍ ပရိယတ္တိသာသနာ တိုးတက်စည်ပင်ရေးကို ပြုလုပ်ဆောင်ရွက်လျက်ရှိသော အရှင်နန္ဒိယ ရဟန်းတော်သည် ဤစာပြုသူထံ

အကြိမ်ကြိမ်လာရောက်ပြီး ကလျာဏီသိမ်သမိုင်း ကလျာဏီသာသနာဝင်ကျမ်းတကျမ်း ရေးသားချီးမြှင့်ပေးပါရန် အကြိမ်ကြိမ် လျှောက်ထားခဲ့လေသည်။ မိမိမှာ စာချ၊ စာရေးအလုပ်တွေ လွန်စွာများသည့်ကြားမှ တောင်းပန်သူ အရှင်နန္ဒိယ၏ စေတနာကို လေးစားသောအားဖြင့် ဆက်လှမ်းမှီသမျှ သမိုင်းရာဇဝင်တို့ကို လေ့လာကြည့်ရှုပြီး ဤကလျာဏီသာသနာဝင်ကျမ်းကို ကြိုးပမ်းရေးသား စီရင်ပါသည်။]

# ကလျာဏီသာသနာဝင်

## ပဥ္စမပိုင်း

### ရာမာဓိပတိဓမ္မစေတီမင်း

"ရာမာဓိပတိ" ဘွဲ့ခံ ဓမ္မစေတီမင်းသည် ဘုရင်မ ရှင်စောပု၏ အရိုက်အရာကို ဆက်ခံကာ ဟံသာဝတီပြည်ကို စိုးမိုးအုပ်ချုပ်သည့် မွန်ဘုရင် ဖြစ်လေသည်။ ဝါရီရုမင်းဆက်တွင် ဘုန်းတန်ခိုး အကြီးမား ဆုံးသော ဘုရင်တပါးလည်း ဖြစ်၏။

ဓမ္မစေတီမင်းသည် ရာမညတိုင်း ဟံသာဝတီပြည် ရွာတရွာတွင် အဖ ဗောဓိဂမုံး၊ အမိ မိတက်တို့မှ ဖွားမြင်၍ ငယ်စဉ်ကပင် မိဘတို့က ဘုန်းတော်ကြီးကျောင်းမှာ သာမဏေဝတ်စေ၍ ပညာသင်ကြားစေကြ သည်။ တဖန် ထိုကျောင်းမှ ပြောင်း၍ ဟံသာဝတီ မြို့တော်တွင်ရှိ "စနုကလ" အမည်ရှိသော ကျောင်း၌ နေထိုင်၍ သင်ပုန်းကြီးကစ၍ ပရိတ်၊ ဇာတ်တော်ကြီးများ၊ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ ဂဏန်းကျမ်း စသော လောကုတ္တရာ ကျမ်းစာများနှင့် လောကီ ကျမ်းစာများကို သင်ယူခဲ့လေသည်။ သရာဘုန်းတော်ကြီးက ရှင်ဓမ္မဓရဟု ဘွဲ့မည်ပေး တော်မူသည်။

### အင်းဝကြွရောက် ပညာသင်ကြားခြင်း

စနုကလကျောင်းတွင် ပကန့်တောင်ရွာ ဇာတိ ဉာဏ်ရည် ဉာဏ်သွား ထက်မြက်သော ရှင်ဓမ္မဉာဏ အမည်ရှိသော သာမဏေတပါး ရှိသည်။

မွေ့စေတီမင်းအလျှာ ရှင်ဓမ္မရေသည် ဖော်ပြပါ ရှင်ဓမ္မဉာဏနှင့် အလွန်လျှင် ချစ်ခင်ရင်းနှီးသည်။ သို့နှင့် သူတို့နှစ်ဦးတို့သည် ထိုစဉ်က စာပေကျမ်းဂန်တတ် ရဟန်းတော်များ ပေါများလှသည်ဟု ကျော်ကြားသည့် ရတနာပူရ အင်းဝသို့ သွားရောက် ပညာသင်ကြားရန် တိုင်ပင်နှီးနှော ကြပြီး ဆရာဘုန်းတော်ကြီးအား ခွင့်တောင်းကြပြီးလျှင် ရတနာပူရ အင်းဝမြို့သို့ တက်လာကြရာ ၂၅-ရက်ကြာမှ အင်းဝမြို့သို့ ရောက်ကြလေသည်။

အင်းဝမြို့သို့ ရောက်၍ မကြာမီ စစ်ကိုင်းဘက်ကူး၍ အရိယဝံသ ဘုန်းတော်ကြီးကျောင်းတွင် နေထိုင်ကြကုန်၏။

## မိဖုရားကြီး ရှင်စောပု

ရှင်စောပုသည် မွန်ဘုရင် ရာဇာဓိရာဇ်နှင့် မိဖုရားသုဒ္ဓမာယာတို့မှ သက္ကရာဇ် ၇၅၅-ခုနှစ်တွင် ဖွားမြင်သည်။ ခမည်းတော် ရှိစဉ်ကပင် အသက် ၂၀-နှစ်အရွယ်ရှိ ရှင်စောပုကို တူတော်သမိန်စည်သူနှင့် စုံဖက်တော်မူ၍ သမီးတော် ၂-ပါး သားတော် ၁-ပါး ဖွားမြင်သည်။ ရှင်စောပု ၂၅-နှစ်တွင် သမိန်စည်သူ ကွယ်လွန်၍ မောင်တော် ဗညားရံနှင့် အတူနေသည်။ဟံသာဝတီပြည်၌ ဒဂုံစားဗညားကျန်းသည် မုတ္တမသို့ကူး၍ နေလေလျှင် ဗညားကျန်း နောင်တော် ဗညားရံ အိမ်ရှေ့မင်းသည် ဟံသာဝတီ ဒဂုံသို့ ချီလာ၍ နောင်တော်ဗညား ဓမ္မရာဇာ (မွန်ဘုရင်)ကို ပုန်ကန်လေသည်။ ထိုအခါ အင်းဝဘုရင် ဆင်ဖြူရှင် သီဟသူသည် ကြည်းတပ် ရေတပ် အင်အားကြီးမားစွာဖြင့် ဟံသာဝတီသို့ ချီတက်လာ၏။ ရောက်လျှင် ဒဂုံကို ကြည်းတပ် ရေတပ် ဝန်းရံ၍ လုပ်ကြံရာ မရပဲ ရှိလေ၏။ဝန်းရံ၍သာ နေရလေသည်။ တလခန့်ကြာလေသော် ဒဂုံမင်း ဗညားရံသည် နှမတော် ရှင်စောပုကို ဆက်ပါမည်ဟု အရေးစကားဖြင့် တပ်သို့ စေလာလေသည်။ ထို့နောက် ပြာသာဒ်သုံးဆောင်ဆောက်လုပ်ပြီးလျှင် အသက် ၂၉-နှစ်ရှိ နှမတော် ရှင်စောပုကို "သိရိတြိဘဝနာဒိတျာ ပဝရ အတုလ အဂ္ဂမဟေ ရာဇာဓိရာဇဒေဝီ" ဟူသော အမည်ဖြင့် အဘိသိက်ခံတော်မူ၍ မိဖုရားကြီး အဆောင်အရောင်နှင့်တကွ

ကိုယ်လုပ်တော် အမတ်သမီး အထိန်းအယနှင့်တကွပေး၍ ဝေါ်တော်ဖြင့် ဆင်ဖြူရှင် သီဟသူရှိရာ ဖောင်တော်သို့ မှန်အမတ် မြန်မာ အမတ်များ ဝန်းရံ၍ ပို့လာလေသည်။ ဆင်ဖြူရှင် သီဟသူသည်လည်း ဖေါင်တော် ထက်တွင် ခရီးဦးကြိုဆို၍ လက်လှမ်းတော်မူနှင့်၏။ အပြင်အလျာအရောင် အဆင်း ကောင်းလှသောကြောင့် သီဟသူက လွန်စွာ လေးမြတ် တော်မူသည်။ သက္ကရာဇ် ၇၇၇-ခုနှစ်တွင် ဆင်ဖြူရှင် သီဟသူနတ်ရွာစံ၍ သက်တော် ၉-နှစ်ရှိ သားတော် မင်းလှငယ် နန်းတက်သည်။ ၃-လ မျှဖြင့် အနိစ္စရောက်၍ ကလေးကျေးတောင်ညို နန်းတက်သည်။ ကလေး ကျေးတောင်ညိုသည်လည်း ၇-လမျှဖြင့် အနိစ္စ ရောက်ပြီးနောက် သက္ကရာဇ် ၇၈၀-တွင် မိုးညှင်း မင်းတရား ရွှေထီး ရွှေနန်းသိမ်းမြန်း အုပ်စိုးတော်မူသည်။ ရှင်စောပုသည် မင်းအဆက်ဆက် မိဖုရားကြီးဖြစ် လေသည်။

## ဓမ္မဓရ ဓမ္မညာဏတို့ကို သားပြု၍ မွေးစားခြင်း

မိဖုရား ရှင်စောပုသည် ဓမ္မစေတီမင်းလောင်း ဘာမဏော ရှင်ဓမ္မ ဓရနှင့်ရှင်ဓမ္မညာဏတို့အားဟံသာဝတီပြည်အကြောင်းကို မေးမြန်းလေရာ မေးသမျှ ခပ်သိမ်းကို ပြန်ကြား ပြောဆိုလေရာ လွန်စွာကြည်ညိုလှ သဖြင့် ကိုသာမဏော နှစ်ပါးကို သားပြု၍ မွေးစားလေ၏။ အသက် စေ့မြောက်လျှင် ရဟန်း အဖြစ်သို့ ရောက်အောင်လည်း ချီးမြှောက် ၍လေသည်။

## ဓမ္မဓရနှင့် ဓမ္မညာဏတို့ ရှင်စောပုကို ခိုးပြေးခြင်း

သက္ကရာဇ် ၇၉၁-ခုနှစ်တွင် အရှင်ဓမ္မဓရနှင့် အရှင်ဓမ္မညာဏတို့သည် ရှင် စောပုကို ခိုးပြေးကြလေသည်။ မိုးညှင်းမင်းသည် ချစ်ချစ်ခင်ခင် မပြု သဖြင့် ရှင်စောပုသည် ဟံသာဝတီမှ စာသင်လာကြသည့် ဓမ္မဓရနှင့် ဓမ္မညာဏတို့အား ရွှေငွေ အများအပြားပေးပြီးလျှင် ထိုရွှေငွေများကို ကံကျေးပြုစေ၍ လှေတက်လူသူ ဝယ်ယူစေကြပြီးလျှင် မိဖုရား ရှင်စော ပုသည် နာကျန်းပြုလေ၏။ မိုးညှင်းမင်းတရားလည်း သမားတော်များကို

ပြုသလေ၏။ ရှင်စောပုသည် ချိပ်တို့ကို အရည်ဖျော်၍ သောက်လေရာ ဝမ်းမှ အနီအဝါတို့ ကျ၍ ယင်းသို့မှ ဆေးဝါးကုသ၍ မသင့်လို ချွတ်လွှဲပါမည်ဟူ၍ မိုးညှင်းမင်းတရားကို လျှောက်တင်လေ၏။ မင်းတရားကြီးသည်လည်း ယုံကြည်၍ ခွင့်ပေးတော်မူလေ၏။ ရှင်စောပုသည် ဓမ္မဓရ ဓမ္မဉာဏတို့နှင့် တိုင်ပင်ပြီးဖြစ်၍ အနောက်လုံးတော်ပေါက်မှာ ချွတ်လွှဲမည်ဟူ၍ သွားလေ၏။ ရောက်လျှင် အသင့်စီရင်ထားသည့် လှေကိုစီး၍ စုံပြေးလေ၏။ ရဟန်းနှစ်ပါးကလည်း ခရီးအကြား၌ ပရိယာယ် ဝေဝစ်များ အနည်းနည်း အဖုံဖုံ စီရင်၍သွားလေ၏။ မိုးညှင်းမင်းတရားက အမတ်၅-ယောက်ကို လှော်ကား ၅-စီးနှင့် လက်ပြည့်လှော်စေ၍ လိုက်စေသော်လည်း မတွေ့ရချေ။ နေ့ကိုတောထဲ၌ ပုန်း၍ ညဉ့်ကိုမှ စုန်ရာ ဟံသာဝတီသို့ ချောမောစွာ ရောက်လေ၏။ ဟံသာဝတီမင်း ဗညားရံသည်လည်း နှစ်မ တော် ရှင်စောပုရောက်လေလျှင် ဝမ်းမြောက်ဝမ်းသာ ရှိလှ၍ နန်းတွင်း၌ ပင် အိမ်ဆောက်၍ ချမ်းသာစွာ နေစေလေသည်။ ရှင်စောပု၏သား ဗညားဗရူးသည်ကား မယ်တော်အင်းဝမှာ အနေကြာသဖြင့် အမိမှန်း မသိဟူ၏။

ရှင်စောပုသည် ၂၈-နှစ်တွင် ဆင်ဖြူရှင် သီဟသူကို ဆက်သည်။ ဆင်ဖြူရှင်သက်ထက်တော်က ၃-နှစ်၊ မင်းလှငယ် ၃-လ၊ ကလေး ကျေးတောင်ညို ၇-လ၊ မိုးညှင်းမင်းတရားလက်ထက်တော် ၃-နှစ်ဖြစ်၍ အင်းဝရွှေမြို့တော်တွင် ၇-နှစ်နှင့်ပေါင်းသော် ဟံသာဝတီသို့ ရှင်စောပု ပြန်ရောက်သည့်ကာလ အသက် ၃၆-နှစ်သာ ရှိသေးသည်။ ဟံသာဝတီ နေပြီတော်၌ ရာဇာဓိရာဇ် နတ်ရွာစံပြီနောက် သက္ကရာဇ် ၇၇၅-ခုနှစ်တွင် ၎င်းမင်း၏ သားတော်အကြီး ဗညားဓမ္မရာဇာ ၅-နှစ် နန်းစံသည်။ ၎င်းနောက် သားတော်အလတ် ဗညားရံမင်း ၇၈၀-ပြည့်မှ ၈၀၈-ခုနှစ်အထိ ၁၈-နှစ် နန်းစံသည်။ ၎င်းမင်းလက်ထက်တွင် ရှင်စောပု ဟံသာဝတီသို့ ရောက်လာခြင်းဖြစ်သည်။

ဗညားရံနောက်တွင် ရှင်စောပု၏သား ဗညားဗရူးသည် ၈၀၈-ခုနှစ်မှစ၍ ၃-နှစ် နန်းစံသည်။ ၈၁၁-ခုနှစ်မှစ၍ ဗညားကျန်းမင်း ၃-နှစ် နန်းစံသည်။ ၈၁၄-ခုနှစ်မှစ၍ လိပ်မွန်းထော်မင်း ၇-လ နန်းစံသည်။

ဌင်းနောက် ရှင်စောပုသည် ဗညားထောဘွဲ့ဖြင့် ၈၁၄-ခုနှစ်မှစ၍ ၁၉-နှစ်တိုင်တိုင် ထီးနန်းဆက်ခံ စိုးစံတော်မူသည်။

## ဓမ္မဓရနှင့် ဓမ္မညာဏတို့လူထွက်ကြ။ ဓမ္မဓရ ဓမ္မစေတီဖြစ်

ဟံသာဝတီတွင် ရှင်စောပု ထီးနန်းရသောအခါ ရဟန်းတော် ဓမ္မဓရနှင့် ဓမ္မညာဏတို့ကို လူထွက်စေ၍ အနီး၌ စွဲမြဲစေသည်။ ဓမ္မဓရသည် မင်းတန်ဖြစ်သည်၊ ဓမ္မစေတီဟူ၍လည်း တွင်သည်။ ရှင်စောပုသည် နောက်တွင် ဓမ္မဓရလူထွက် မင်းတန် (ဓမ္မစေတီ) ကို သမီးငယ် နှဲတကာသင်နှင့် စုံဖက်၍ အိမ်ရှေ့နှင်းလေသည်။ ဘုရင်မရှင်စောပုသည် သက်တော်ကြီးရင့်သောအခါ ထီးနန်းကို သမက်တော် ဓမ္မစေတီအား လွှဲအပ်၍ ရွှေတိဂုံစေတီတော်ကြီး၏ အနောက်မြောက်ဘက် သာယာသော မြေအရပ်၌ မြို့နန်းတည်ကာ စေတီတော်ကို မပြတ်ဖူးမြော်လျက် စံနေတော်မူသည်။ သက္ကရာဇ် ၈၃၁-ခုနှစ် သက်တော် ၇၆-နှစ်တွင် စေတီတော်ကို ဦးခိုက်၍ ကံတော်ကုန်ရှာသည်။ ဘုရင်မကြီး ရှင်စောပု စံတော်မူရာ ကုန်းနေရာသည်လည်း ယခုတိုင် ရှင်စောပုမြို့ကုန်းဟုတွင်သည်။ ဓမ္မစေတီမင်းသည် ရာမညတိုင်းအလုံး မွန်တိုင်း ၃-ရပ်၌ မင်းအဖြစ်သို့ ရောက်ခဲ့၍ သာသနာတော်အကျိုး တိုင်းပြည်အကျိုးတို့ကို သည်ပိုးဆောင်ရွက်စဉ် သက္ကရာဇ် ၈၅၄ ခုနှစ်တွင် သားတော်ဗညားရံ လုပ်ကြံသဖြင့် နတ်ရွာစံတော်မူရှာလေသည်။ သင်္ခါရတရားတို့ကား မမြဲပါကုန်စွကာကား။ သံဝေဂဖြစ်ဖွယ်ပါဘကား။

## ပဉ္စမပိုင်း အပြီးသတ်ခြင်း

သူတော်ကောင်းတို့ ကြည်ညိုရန် သံဝေဂယူရန် ကလျာဏီသာသနာဝင်ကျမ်းကို ရေးသားစီရင်ရာ ရာမာဓိပတိ ဓမ္မစေတီမင်း၏ အကြောင်းအရာအမြွက်ကို ပြဆိုရာ ပဉ္စမပိုင်း ဤတွင် ပြီး၏။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ကလျာဏီ သာသနဝံသေ၊ ပဉ္စမော သမတ္တော ဟိ ၆၀။

# ကလျာဏီသာသနာဝင်

## ဒုတိယပိုင်း

### ရာမညတိုင်း

ရာမညတိုင်းသည် ကျယ်ဝန်းစွာလျှ၏။ သီဟိုဠ်, ယိုးဒယား-စသည့် နိုင်ငံ ရပ်ခြား တိုင်းတပါး တိုင်အောင် ဘုရားမြတ်စွာသာသနာဝင်ကို အကြောင်းပြု၍ ထင်ရှားလှလေ၏။

ယင်းရာမညတိုင်း၌—

၁။ သုဝဏ္ဏဘူမိ၊
၂။ ဥက္ကလာပ၊
၃။ ကုသိမကိုင်း (ကုသိမရဋ္ဌ)—

ဟူသော ဒေသနယ်ပယ် ၃-ရပ်ပါရှိလေသည်။ ယင်း ၃-ရပ်တွင် သထုံ၊ မုတ္တမ စသော မြို့ဒေသနယ်ပယ်များသည် သုဝဏ္ဏဘူမိ ဖြစ်သည်။ တိဂုံ၊ ဒလ၊ ပဲခူး-စသော ဒေသနယ်ပယ်သည် ဥက္ကလာပ ဖြစ်သည်။ ပုသိမ်၊ မြောင်းမြ-စသော နယ်ပယ်သည် ကုသိမရဋ္ဌ ဖြစ်သည်။

၁။ ကုသိမမဏ္ဍလ၊[၁]
၂။ ဟံသာဝတီမဏ္ဍလ၊[၁]
၃။ မုတ္တမမဏ္ဍလ—

---

၁။ မဏ္ဍလ—သဒ္ဒါ သက္ကတ အဘိဓာန်ကျမ်းကြီးများ၌ အရပ်ဒေသဟော လာရှိရာ ကုသိမအရပ်ဒေသနယ်ပယ်၊ ဟံသာဝတီ အရပ်ဒေသနယ်ပယ်၊ မုတ္တမအရပ် ဒေသနယ်ပယ်ဟု အဓိပ္ပါယ်ရသည်၊ သို့မဟုတ် ကုသိမဝန်း၊ ကုသိမနယ်အဝန်း၊ ကုသိမဒေသစုဟူသော အဓိပ္ပါယ်လည်း ရှိသည်။

ဟူသော အခေါ်အဝေါ်သည်လည်း အထက်ပါ သုဝဏ္ဏဘူမိ၊ ဥက္ကလာပ၊ ကုသိမရဋ္ဌတို့နှင့် သဘောတူပင် ဖြစ်လေသည်။ သို့ဖြစ်၍ ပုသိမ်၊မြောင်းမြ၊ ပဲခူး၊ မုတ္တမ၊ မော်လမြိုင်-စသည့် အောက်ရပ်ဌာနီတခုလုံးသည် "ရာမည ရဋ္ဌ" ရာမညတိုင်းမည်ကြောင်း သိသာလေသည်။

## ပဌမအကြိမ် ရာမညတိုင်း သာသနာတော်ဆက်

ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့် မဲ့ဒ္ဓဟူး နေ့တွင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဗောဓိပင်အနီး၌ ခုနှစ်သတ္တာဟ လေးဆယ့်ကိုးရက် သီတင်းသုံးတော်မူ၍ ရှစ်သတ္တာဟ မြောက် လင်းလွန်းပင်ရင်း၌ သီတင်းသုံးတော်မူချိန် မြန်မာနိုင်ငံအောက် ပိုင်း ရာမညတိုင်း ဥက္ကလာပဇနပုဒ်(အသိတဉ္စနမြို့) မှ လှည်းငါးရာဖြင့် လာသော တပုဿနှင့် ဘလ္လိက ကုန်သည် ညီနောင်တို့သည် လွန်ခဲ့သော ငါးဘဝက အမိဖြစ်ခဲ့ဖူးသော နတ်သမီး၏ ညွှန်းကြားချက်အရ လောက တွင် ဘုရားရှင် ပွင့်တော်မူကြောင်းသိရ၍ ဝင်ရောက် ခစားဖူးမြော်ကြ၍ ပျားမုန့်ဆုပ်နှင့် မုန့်ကြက်ကျစ်တို့ကို လှူဒါန်းပြီးလျှင် ဘုရား၊ တရား၊ သံဃာ ရတနာ ၃-ပါးအနက် သံဃာရတနာ မပေါ်သဖြင့် ဒွေဝါစိက သရဏဂုံ ဆောက်တည်ကြပြီး မိမိတို့ ထာဝစဉ် ကိုးကွယ်ဆည်းကပ်ရန် ဘုရားရှင်ထံ အသနားတော်မြတ်ခံကြရာ ဘုရားရှင်က ဆံတော်ရှစ်ဆူ တို့ကို ပေးသနားတော်မူသည်။

တပုဿ၊ဘလ္လိကကုန်သည်ညီနောင်တို့သည် မိမိတို့၏ နေရာ ဥက္ကလာပ ဇနပုဒ်(အသိတဉ္စနမြို့)သို့ ဝါခေါင်လဆန်း ၅ ရက်နေ့တွင် ရောက်၍ ထိုဆံတော်ရှစ်ဆူကို ဌာပနာပြီးလျှင် စေတီတည်ထား ကိုးကွယ်ကြကုန် ၏။ ထိုစေတီကြီးကား ယခုအခါ ဖူးမြော်ကိုးကွယ်ဆည်းကပ်နေကြသော ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးပင် ဖြစ်လေသည်။ သို့ဖြစ်ရာ ဘုရား ဖြစ်၍ ၃-လနှင့် ၅-ရက်ရှိသောအခါ ဘုရားမြတ်စွာသာသနာတော် သည် ရာမညတိုင်းသို့ ရောက်ရှိခဲ့လေသည်။ ဤသည်လျှင် ရာမညတိုင်း၌ ပဌမအကြိမ် သာသနာရောက်ရှိခြင်း ဖြစ်လေသည်။ ဘုရားမြတ်စွာ၏

အဆိုးအမတရားကျမ်းဂန်စာပေများ၊ ခေတ်တော်မွေတော်များ၊သာသနာပြုရဟန်းတော်များ၊ စေတီပုထိုး ဆင်းတုတော်များ၊ ဗောဓိပင်များရောက်သည်ကို သာသနာရောက်သည်ဟု မှတ်ရာ၏။

**လင်္ကာ။** ။တပုဿနှင့် ဘလ္လိကမည် ကုန်သည်နှစ်ဦး ပုဂ္ဂိုလ်ထူးတို့ ထွက်ဖူးပရမေ သုံးလူ့ဆွေမှ ကေသာရှစ်ဆူ ပင့်ခဲ့ယူ၍ နတ်လူ ဝတ်တွား ကိုးစားရန်ရည် စေတီတည်သည် ထူးလည်းဦးစွာ သာသနာရောက်ပြီတကား။ ။

## ဒုတိယအကြိမ် ရာမညတိုင်း သာသနာတော်ဆက်

ဘုရားမြတ်စွာ နှစ်ဝါမြောက်တွင် တတိယသာဝက အရှင်ဂဝံပတိ ရဟန္တာ အရှင်သူမြတ် တောင်းပန်လျှောက်ထားချက်အရ နောက်လိုက် နောက်ပါ ရဟန္တာပေါင်း နှစ်သောင်း ခြံရံတော်မူကာ ရာမညတိုင်း သထုံမြို့သို့ ကြွတော်မူ၍ ရတနာမဏ္ဍပ်၌ သီတင်းသုံးတော်မူလျက် သီဟ ရာဇာမင်းကြီးနှင့်တကွ တိုင်းသူပြည်သားတို့အား တရားရေအေး အမြိုက် ဆေး တိုက်ကျွေးတော်မူပြီး တရားနာပရိသတ်တို့အား သရဏဂုံ တည် စေတော်မူခဲ့လေသည်။ ထိုအခါ ဂစ္ဆတောင်မှ တိဿကုမာရ ရသေ့၊ ဗန္ဓဝတောင်မှ သီဟကုမာရရသေ့ ကုသိနာရုံတောင်မှ ရသေ့တပါး၊ ဒိုးကမော့တွန့် ဂလိုင်းတောင်မှ ဗုဒ္ဓဉာဏရသေ့၊ဒိုးခလွန်းတောင်မှ ရသေ့ တပါး၊ မဲလံတောင်မှ ရသေ့တပါး ပေါင်းရသေ့ ၆-ပါးတို့သည် ဘုရား ရှင်ကို ဖူးမြင်ကြပြီးနောက် ကိုးကွယ်ဖို့ရန် လျှောက်ထား တောင်းပန် ကြသဖြင့် ဘုရားရှင်သည် ၎င်းရသေ့တပါးလျှင် ဆံတော်တဆူကျစီ ပေးသနား ချီးမြှင့်တော်မူခဲ့လေသည်။

ထိုရသေ့များအနက် ဒိုးခလွန်းတောင်မှ ရသေ့နှင့် ကုသိနာရုံတောင် မှ ရသေ့တို့သည် အိုမင်းမစွမ်း ရှိသောအခါ မိမိတို့ ရရှိသော ဆံတော် များကို ဒိုးကမော့တွန့်ဂလိုင်းတောင် ဗုဒ္ဓဉာဏရသေ့အား ပေးအပ်ခဲ့ကြ၍ ကွယ်လွန်သွားကြကုန်၏။ဗုဒ္ဓဉာဏရသေ့သည် ဆံတော်တဆူကို ဦးခေါင်း

နှင့်တူသော ကျောက်တုံးကို သံလျက်နှင့်ထွင်း၍ ဌာပနာခဲ့လေသည်။ ၎င်းစေတီကို မွန်ဘာသာဖြင့် "ကျိုက်အိသိရိုး" မြန်မာဘာသာအားဖြင့် ရသေ့ရှက်ဘုရားဟု ခေါ်သည်။ ကာလကြာသော် ကျိုက်အိသိရိုးမှ ကျိုက်ထီးရိုးဟု ခေါ်ဝေါ်ကြသည်။ ကျန် ၂-ဆူကိုလည်း ဒိုးခလွန်းတောင်နှင့် ကုသိနာရုံတောင်တို့၌ ဌာပနာခဲ့ကြောင်း သမိုင်းတို့၌ လာရှိသည်။ ဤကား ရာမညတိုင်း၌ ဒုတိယအကြိမ်မြောက် ဘုရားရှင်သာသနာတော် ရောက်လာခြင်းဖြစ်သည်။

သမ္ဗုဒ္ဓေ ဒွါ အဋ္ဌမေ ဝဿေ၊ ရာမညဒေသမာဂတော။
သမ္ဗုဒ္ဓေ ရာမညိကာနံ- နုဂ္ဂဟေသိ အနေကဓာ။

ဣသိနံ ပူဇနတ္ထာယ၊ ကေသဓာတူ အဒါတဒါ။
ငဋ္ဌိစ္စ ကေသဓာတုံ တံ၊ ကျိုက်ထီးရိုး စေတိယံ ဘဝိ။
ဣဒဥ္စ သာသနာဂမနံ၊ ဒုတိယာဂမနံ ဘဝိ။

## တတိယအကြိမ် ရာမညတိုင်း သာသနာတော်ဆက်

ဘုရားရှင် ရွှေပြည်နိဗ္ဗာန် ဝင်စံတော်မူပြီးနောက် သာသနာတော်သက္ကရာဇ် ၂၃၆-ခုနှစ် အရောက်တွင် တတိယသံဂါယနာ သံဃမဟာနာယက ဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလိပုတ္တတိဿ ထေရ်သည် ကိုးတိုင်း ကိုးဌာနတို့သို့ သာသနာပြု စေလွှတ်တော်မူရာ ရာမညတိုင်း အပါအဝင် သုဝဏ္ဏဘူမိ (သထုံပြည်) သို့ အရှင်သောဏထေရ်နှင့် အရှင်ဥတ္တရထေရ်တို့ အပါအဝင် ရဟန်းတော် ၅-ပါးကို စေလွှတ်တော်မူခဲ့လေသည်။[၁]

---

၁။ မဇ္ဈန္တိကာဒယော ထေရေ၊ ပါဟေသိ အတ္တပဉ္စမေ။ ဒီပဝံသ၊ ဂ။ ၂။
သုဝဏ္ဏဘူမိံ ဂန္တွာန၊ သောဏုတ္တရော မဟိဒ္ဓိကော။
နိဒ္ဓမိတွာ ပိသာစေပိ၊ မောစေသိ ဗန္ဓနာ ဗဟူ။ ဒီပဝံသ၊ ဂ။ ၁၂။

## ရာမညတိုင်း စတုတ္ထအကြိမ် သာသနာတော်ဆက်

ထို့နောက် သာသနာတော် သက္ကရာဇ် ၁၆၀၀-ရောက်သောအခါ ပြဆိုခဲ့ပြီး အကြောင်း ၃-ပါးတို့ကြောင့် စည်ပင်လှစွာသော ဘုရားရှင် သာသနာတော်သည် သူပုန်ဘေး အနာရောဂါဘေး ငတ်မွတ်ခေါင်းပါးခြင်း ဒုဗ္ဘိက္ခန္တရဘေး စသည်တို့ကြောင့် မှေးမှိန်ကျဆင်းခဲ့လေသည်။ သာသနာ့ဝန်ထမ်း ရဟန်းတော်များ၏ ပရိယတ် ပဋိပတ်ဝန်ဆောင်မှုသည် ယုတ်လျော့ခဲ့လေသည်။ သထုံပြည် သူရိယကုမ္မာငယ် မည်ရှိသော မနူဟာမင်း လက်ထက်တွင်ကား ဘုရားမြတ်စွာ သာသနာတော်သည် သိသိသာသာ လျော့ကျ သက်ဆင်းခဲ့လေသည်။ ထိုအခါ သာသနာ သက္ကရာဇ် ၁၆၀၀-ပြည့်နှစ် သက္ကရာဇ် ၄၁၉-ခုနှစ်တွင် အရိမဒ္ဒနာ ပေါက္ကံပြည်ရှင် အနော်ရထာဘုရင်သည် ပိဋကတ်တော်များနှင့် ရဟန်း သံဃာတော်များကို တိုက်ခိုက်သိမ်းယူ ပေါက္ကံ နေပြည်တော် (ပုဂံ)သို့ ပင့်ဆောင်ခဲ့လေသည်။ သီဟိုဠ်ကျွန်း ပုလတ္ထိမြို့နန်းစံ ပရက္ကမဗာဟု မင်းကြီးသည် သာသနာသက္ကရာဇ် ၁၇၁၀-ခန့် သက္ကရာဇ် ၅၂၆-ခန့် တွင် သာသနာတော်ကို သုတ်သင်တော်မူခဲ့လေသည်။ ထို့နောက် ခြောက်နှစ်မြောက် သက္ကရာဇ် ၅၃၂-ခုနှစ်တွင် ပုဂံ နေပြည်တော် နရပတိ စည်သူမင်းကြီး၏ ဆရာ အရှင် ဥတ္တရာဇီဝ မထေရ်သည် ရဟန်း သံဃာ များစွာနှင့်တကွ ပုသိမ်သင်္ဘောဆိပ်မှ သင်္ဘောစီး၍ သီဟိုဠ်ကျွန်းသို့ စေတီပုထိုးများကို ရှိခိုးဖူးမြော်ရန် ကြွတော်မူသည်။

## အရှင်ဥတ္တရာဇီဝနှင့် အရှင်ဆပ္ပဋ(ဆပ္ပဒ)

အရှင်ဥတ္တရာဇီဝထေရ်သည် ရာမညတိုင်းသား အရိယဝံသမထေရ်၏ တပည့်ဖြစ်သည်။ အရိယဝံသမထေရ်ကား ကပ္ပုင်္ဂမြို့နေ မဟာကာလ မထေရ်၏ တပည့်ဖြစ်သည်။ မဟာကာလ မထေရ်ကား သထုံပြည် အရှင် ပြာဏဒဿီမထေရ်၏ တပည့်ဖြစ်သည်။ ထိုအရှင်ပြာဏဒဿီ မထေရ်ကား လောကီစျာန် အဘိညာဏ်ကိုရ၍ နေ့စဉ်မပြတ် နံနက်စောစော မဂဓတိုင်း

ဥက္ကလ နိဂုံးရှိ မဟာဗောဓိသို့ ကြွတော်မူ၍ မဟာဗောဓိပင်ရင်းကို တံမြက်လှည်းပြီးမှ တဖန် ပြန်၍ သထုံပြည်၌ ဆွမ်းခံ ဝင်ကြွမြဲ ဖြစ်တော်မူသည်။ ထိုအကြောင်းကို သထုံပြည် (မြို့)က ပဂံတိုင်းသို့သွား၍ ဥက္ကလ နိဂုံး၌ ကုန်ရောင်းကုန်ဝယ် ရောက်ရှိကြသော ကုန်သည်တို့ မြင်ခဲ့သဖြင့် သထုံပြည်သူပြည်သားတို့အား ပြောကြားသဖြင့် အရှင် ပြာဏဒဿီကို လောကီဈာန် အဘိညာဉ်ရသူဟု အများသိကြကုန်၏။

> ပြာဏဒဿီ ယတိ သေဋ္ဌော၊ လောကိယဈာနိကော ဟိခေါ။
> မဟာဗောဓိံ သမ္ပတ္တာ န၊ သမ္မဇ္ဇနမကာသိ သော။

ထိုအခါ အသက်-၂၀ အရွယ်ရှိသော ဆပ္ပဒ သာမဏေသည် အရှင် ဥတ္တရာဇီဝမထေရ်နှင့်အတူ သီဟိုဠ်ကျွန်းသို့ လိုက်ပါ ကြွရောက်ခဲ့လေသည်။ ယင်း ဆပ္ပဒ သာမဏေကား ပုသိမ် မြို့သူကြီး၏သား အရှင်ဥတ္တရာဇီဝမထေရ်၏ တပည့်ရင်းတည်း။ ပုသိမ်မြို့နယ် ဆပ္ပဒရွာသား ဖြစ်သောကြောင့် ဆပ္ပဒ သာမဏေဟု တွင်သည်။

အရှင်ဥတ္တရာဇီဝမထေရ်သည် သီဟိုဠ်ကျွန်းသို့ ရောက်လေလျှင်သီဟိုဠ်ကျွန်းသား မထေရ်များနှင့် တိုင်ပင်နှီးနှော တရားစကား ပြောကြား၍ ခင်မင်ရင်းနှီးစွာ ရှိလေ၏။ သီဟိုဠ်ရဟန်းတော်တို့သည် အရှင် မဟိန္ဒထေရ်၏ အဆက်အနွယ်များ ဖြစ်ကြ၍ အရှင်ဥတ္တရာဇီဝ မထေရ်ကား အရှင်သောဏထေရ်၊ အရှင်ဥတ္တရထေရ်တို့၏ အဆက်အနွယ်များ ဖြစ်ကြ၍ လွန်စွာ ရင်းနှီးကြကုန်၏။ သို့ဖြစ်၍ အသက်နှစ်ဆယ် ပြည့်ဖို့ကြွယ်သော သာမဏေ ရှင်ဆပ္ပဒကို အတူတကွ ရဟန်းခံပေးကြကုန်၏။ ထို့နောက် အရှင်ဥတ္တရာဇီဝမထေရ်သည် သီဟိုဠ်ကျွန်းရှိ ထူပါရာမစေတီ၊ သံဃမိတ္တာ မဟာဗောဓိပင်၊ မဟာစေတီတော်ကြီး စသည့် စေတီပုထိုးတို့ကို ရှိခိုးဦးတင် ဖူးမြင်ပြီး မြန်မာနိုင်ငံ ပုဂံပြည်သို့ ရဟန်းတော်များနှင့် အတူ ပြန်ကြွတော်မူလေ၏။ အရှင်ဆပ္ပဒ (၄) သည်မူကား ဥပဇ္ဈာယ် ဆရာတော် အရှင်ဥတ္တရာဇီဝနှစ်အတူ ပြန်မလိုက်ပဲ သီဟိုဠ်ကျွန်း၌

## ကလျာဏီသာသနာဝင်

ဆယ်ဝါရသည့်တိုင်အောင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသော ကျမ်းဂန် အရပ်ရပ်ကို တတ်မြောက်အောင် သင်ယူတော်မူပြီးမှ—

၁။ တာမလိတ္ထိရွာသား အရှင်သီဝလိ ထေရ်၊
၂။ ကမ္ဘောဇမင်းသား အရှင်တာမလိန္ဒ ထေရ်၊
၃။ ကဉ္စိပူရမြို့သား အရှင်အာနန္ဒာ မထေရ်၊
၄။ သီဟိုဠ်ကျွန်းသား အရှင်ရာဟုလာမထေရ်—

ဟူသော မထေရ်မြတ် လေးပါးတို့နှင့်အတူ သင်္ဘောစီး၍ ပုဂံနေပြည်တော်သို့ ပြန်ကြွတော်မူခဲ့လေသည်။ ထိုမထေရ်မြတ် လေးပါးတို့ကား ပိဋကတ်၌ ကျွမ်းကျင်တတ်မြောက်သူများ ဖြစ်ကြကုန်၏။ အရှင်ရာဟုလာမထေရ်ကား သာလွန်၍ပင် ပိဋကတ်၌ လိမ္မာ တတ်မြောက်သူ ဖြစ်ပေသည်။ ယင်းသို့ ပုဂံသို့ ပြန်ကြွရာ ဝါဆိုချိန်နီးမှ ပုသိမ်မြို့သို့ ဆိုက်ရောက်လေရာ ပုဂံမြို့၌ ဝါဆိုမမီသဖြင့် ပုသိမ်မြို့၌ပင် ဝါဆို၍ သီတင်းသုံးတော်မူကြကုန်၏။ ဝါကျွတ်၍ ပဝါရဏာပြုပြီးမှ မထေရ်မြတ်ငါးပါးတို့ ပုဂံသို့ ကြွတော်မူကြကုန်၏။

## ပုဂံရဟန်းများနှင့် ခွဲ၍ ကံပြုခြင်း

အရှင်ဥတ္တရာဇီဝမထေရ်သည် အရှင်ဆပ္ပဒထေရ်တို့ မရောက်မီ ၂-ရက်၊ ၃-ရက်ကပင် ပျံလွန်တော်မူသည်။ အရှင်ဆပ္ပဒသည် ဥပဇ္ဈာယ်ဆရာသခင် အရှင်ဥတ္တရာဇီဝထေရ် သင်္ဂြိုဟ်ရာသို့ ကြွရောက်၍ ရှိခိုးဦးချ ကန်တော့ခြင်းများကို ပြုပြီး မိမိနှင့်အတူ ပါလာသော ရဟန်းတော်များနှင့်အတူ တိုင်ပင်၍ မာန၏ အစွမ်းအားဖြင့် ပုဂံရဟန်းတော်များနှင့်အတူ ဥပုသ်ပဝါရဏာစသော ကံကြီးကံငယ်များ မပြုပဲ သီးခြား ကံပြုလေသည်။

ဆပ္ပဒေါ ပုဂါမိကေဟိ၊ နကမ္မံ အကရိ ဟိ ခေါ။
ဝိသုံ တေဟေဝ စတူဟိ၊ ကမ္မာကမ္မံ ကရိ ဟိ ခေါ။

## ရာမညတိုင်း ဒလမြို့၌ အရှင်ဓမ္မဝိလာသ သာသနာပြုခြင်း

ထိုအခါ ရာမညတိုင်း ဒလမြို့ကျေး ၁ဒိပ္ပဇေယျရွာသား ရှင်သာရိပုတ္တရာ အမည်ရှိသော သာမဏေတပါးသည် ပုဂံသို့ ကြွ၍ အရှင်အာနန္ဒာမထေရ်ထံ ပဉ္စင်းခံပြီးလျှင် စာပေကျမ်းဂန် သင်ကြားလေရာ စာပေကျမ်းဂန် တတ်မြောက်သည်။ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံသည်ဟု ကျော်စောလေသည်။ ထိုအကြောင်းကို နရပတိစည်သူမင်းကြီး ကြားသိရ၍ အင်္ဂါကြီးငယ်နှင့် ပြည့်စုံလျှင် မင်းဆရာပြု၍ ကိုးကွယ်မည်ဟု စုံစမ်းလေရာ ခြေမဖျားပြတ်ကြောင်း ကြားသိရသဖြင့် အင်္ဂါကြီးငယ် မပြည့်စုံဟု သိ၍သဖြင့် မင်းဆရာမပြုပဲ ပူဇော်သက္ကာရများသာ ပြုပြီးလျှင် "ဓမ္မဝိလာသ" ဟူသော အမည်နာမကို လှူ၍ "အရှင်ဘုရား ရာမညတိုင်းမှာ သာသနာရောင်တောက်ပြောင်ထိန်ဝင်းလင်းလက်အောင် ပြုတော်မူပါ" ဟု လျှောက်၍ ရာမညတိုင်းသို့ ပြန်လည် စေလွှတ်တော်မူလေသည်။ ဓမ္မဝိလာသဘွဲ့ခံ အရှင်သာရိပုတ္တရာသည် ရာမညတိုင်း၌ သီတင်းသုံးတော်မူ၍ စာပေကျမ်းဂန်ချပို့ သာသနာပြုတော်မူရာ စာပေကျမ်းဂန်တတ် တပည့်တပန်းတို့ များစွာ ပေါ်ထွန်းကုန်၏။ ဤသည်လျှင် သီဟိုဠ်ဆရာ အရှင်အာနန္ဒာ၏တပည့် အရှင်ဓမ္မဝိလာသကို စွဲ၍ ရာမညတိုင်း၌ သီဟိုဠ်သာသနာတော် သက်ဆင်းခြင်းပင်တည်း။

ဓမ္မဝိလာသံ ပဋိစ္စ၊ သာသနံ ဝိရူဠှံ ဘဝိ။
ရာမညရဋ္ဌေ သုရဋ္ဌေ၊ ဇဝံ ဝေ စက္ကဇောတနံ။

## ရာမညတိုင်း ငါးကြိမ်မြောက် သာသနာဆက်

ထိုစဉ်က ရာမညတိုင်း သီရိရတနအမည်ရှိသော မုတ္တမမြို့၌ မိဖုရားကြီး၏ ဆရာဖြစ်သော ဗုဒ္ဓဝံသမထေရ်၊ မဟာနာဂမထေရ်တို့သည် သီဟိုဠ်ကျွန်းသို့ ကြွတော်မူကြ၍ မဟာဝိဟာရဝါသီ သံဃာတော် အရှင်

မြတ်တို့၏ အနွယ်ဝံသ သံဃာတော်တို့ထံ သိက္ခာအသစ်တင်တော်မူကြ၍ မုတ္တမမြို့သို့ ပြန်ကြွတော်မူလာကြပြီး ရှိရင်းစွဲ သံဃာတော်များနှင့် မရောမယှက် အသီးအခြား သံဃာ့ကံဆောင်၍ ဂိုဏ်းသီးခြားထောင်ကြကာ သာသနာပြုတော်မူကြသည်။ ထိုအရှင်ဗုဒ္ဓဝံသနှင့် အရှင်ဗုဒ္ဓနာဂတို့ကိုစွဲ၍ ရာမညတိုင်း၌ သီဟိုဠ်သာသနာဆက် သက်ဆင်းလာပြန်လေသည်။

သီဟဠသာသနဝံသော၊ ရာမညံ့ ဟိ ပုနာဂတော။
ဣဒဥ္စ ပဉ္စမံ တတ္ထ၊ တေ ပဋိစ္စ ဒွေယဝ ခေါ။

## ရာမညတိုင်း ခြောက်ကြိမ်မြောက် သာသနာဆက်

ငင်းနောက် ရာမညတိုင်း မုတ္တမမြို့ ဆင်ဖြူရှင်မင်းကြီး၏ မယ်တော်ဆရာဖြစ်သော အရှင်မေဓင်္ကရာ မထေရ်သည် သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၍ သီဟိုဠ်ကျွန်း တောရကျောင်းနေ ရဟန်းတော်များထံ သိက္ခာအသစ်တင်ယူတော်မူ၍ ကျမ်းဂန်အရပ်ရပ်ကိုလည်း သင်ယူတတ်မြောက်တော်မူခဲ့ပြီး ရာမညတိုင်း မုတ္တမမြို့သို့ ပြန်လည်ကြွရောက်တော်မူခဲ့ကာ ရွှေငွေတို့ဖြင့် မွမ်း ထားသော သလဲ့ဖြူမိုး ဆင်ဖြူရှင်မယ်တော်ကျောင်း၌ သီတင်းသုံးတော်မူသည် ။ လောကဒီပကသာရကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့သည်။

## သုဝဏ္ဏသောဘနမထေရ်

မုတ္တမမြို့၌ပင် သုဝဏ္ဏသောဘနမထေရ်သည် သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၍ ကာလမွှမ်းမြည်သော ဇာတဿရအိုင်၌ မဟာဝိဟာရဝါသီမထေရ်တို့၏ အဆက်အနွယ်မထေရ်ဖြစ်သော ဝနရတနသံဃရာဇာ မထေရ်ကို ဥပဇ္ဈာယ်ပြု၍ အသစ်ထပ်မံ ပဉ္စင်းခံပြီးမှ မုတ္တမမြို့သို့ ပြန်လာ၍ တော၌သာ သီတင်းသုံးတော်မူ၍ တရားကျင့် သာသနာပြုတော်မူသည်။ဓုတင်ကျင့်၏၊ အလိုနည်း၏၊ ရောင့်ရဲလွယ်၏၊ မကောင်းမှုမှ ရှက်တတ်၏၊ ဝိနယဂရုက သိက္ခာကာမဂုဏ်နှင့် ပြည့်စုံ၏။ ထိုမထေရ်သည် မုတ္တမ၌

သီတင်းသုံးတော်မူလျက် ဂိုဏ်းသံဃာကို ပွားစေတော်မူပြီးလျှင် သာသနာပြုတော်မူခဲ့လေသည်။ ထိုအရှင်သုဝဏ္ဏသောဘနမထေရ်ကို စွဲ၍လည်း ရာမညတိုင်း၌ ဘုရားရှင်သာသနာတော် ပွင့်လင်းစည်ပင်ခဲ့လေသည်။

သုဝဏ္ဏသောဘနံ ပဋိစ္စ၊ သုဝဏ္ဏဝဏ္ဏသာသနံ။
သောဘနံ ဝိရုဠ္ဟံ စေဝ၊ ရာမညပဒေသေ သုဘော။

## ရာမညတိုင်း ခုနစ်ကြိမ်မြောက် သာသနာဆက်

ဘုရားဇိနော် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် သာသနာသက္ကရာဇ် ၂၀၀၂-ခုနှစ် ကောဇာသက္ကရာဇ် ၈၂၀-ခုနှစ်တွင် မြန်မာနိုင်ငံ ရာမညတိုင်း ဟံသာဝတီနေပြည်တော်၌ နန်းတက်တော်မူသော "သီရိပရမမဟာဓမ္မရာဇာဓိရာဇာ "ဘွဲ့ခံ ရာမာဓိပတိမည်သော ဓမ္မစေတီမင်းသည် ပိဋကသုံးပုံ၊ ဗေဒင်ကျမ်း ဗျာကရုဏ်းကျမ်း၊အဘိဓာန်ကျမ်း၊ဆန်းကျမ်း၊ အလင်္ကာကျမ်း၊ နီတိကျမ်း၊ ဟူးရားကျမ်း၊ ဂဏန်းကျမ်းများမှ စ၍ လောကုတ်၊ လောကီ နှစ်လီသော ကျမ်းဂန်တို့၌ ကျေပွန်တတ်မြောက်တော်မူသည်။ တိုင်းသူပြည်သား လူအများတို့ကိုလည်း မင်းကျင့်တရားမြတ်ဆယ်ပါးနှင့်အညီ အုပ်စိုးတော်မူသည့်ပြင် ဘုရားမြတ်စွာ သာသနာတော်ကိုလည်း လွန်စွာကြည်ညိုတော်မူသည်။ ဖော်ပြပါ ရာမာဓိပတိ ဓမ္မစေတီမင်းကား ရာမညတိုင်း၌ ခုနစ်ကြိမ်မြောက် ဘုရားမြတ်စွာ သာသနာတော်ကို နေဝါလဝန်း ထွန်းလင်းအောင် ဆောင်ရွက်တော်မူသည့် သာသနာပြု မင်းကောင်းမင်းမြတ်ဖြစ်လေသည်။

ဤသို့ဖြင့် ရာမညတိုင်း၌ သာသနာပြု ရဟန်းသံဃာတော်များ၊ မင်းကောင်းမင်းမြတ်များတို့၏ ကြိုးပမ်းမှုကြောင့် ယနေ့တိုင် ဘုရားဘုန်းခိုင် သာသနာတော်သည် ဆက်လက်တည်ထွန်းခဲ့လေသည်။

သုဇနာနံ ပသာဒါယ၊သံဝေဂတ္ထာယ မေ ကတော။
ကလျာဏီသာသနဝံသေ၊ သမတ္တော ဒုတိယောဟိ ဝေ။

---

၁။ ဒုတိယပိုင်းလည်း ပြန်ကြည့်။

# ကလျာဏီသာသနာဝင်

## တတိယပိုင်း

ဟံသာဝတီဘုရင် ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းသည် ဘုရားမြတ်စွာ သာသနာတော်ကို လွန်စွာကြည်ညိုသူဖြစ်ရကား "ဘုရားရှင်သာသနာတော်သည် ရှင်အဖြစ်၊ ပဉ္စင်းအဖြစ်နှင့် စပ်သွယ်၏။ ပဉ္စင်းအဖြစ်သည်လည်း သိမ်၊ ပရိသတ်၊ ပဉ္စင်းလောင်း၊ ဉတ်၊ ကမ္မဝါစာ-ဟူသော ဤအင်္ဂါငါးပါးနှင့် ပြည့်စုံမှ အထမြောက် အောင်မြင်နိုင်၏။ ထိုငါးပါးတွင်လည်း သိမ်၊ ပရိသတ်ကား ပြည့်စုံနိုင်ခဲ၏။ အဘယ်သို့ ပြုလုပ်ပါမှ ပြည့်စုံနိုင်ပါမည်နည်း"ဟု ကြံစည်ဆင်ခြင်တော်မူ၍ ဝိနည်းပါဠိတော်၊ ဝိနည်းအဋ္ဌကထာ၊ ဝဇီရဗုဒ္ဓိ၊ သာရတ္ထဒီပနီ၊ ဝိမတိဝိနောဒနီဟူသော ဝိနည်းဋီကာကြီး ၃-စောင်၊ ကင်္ခါဝိတရဏီအဋ္ဌကထာ၊ ကင်္ခါဝိတရဏီဋီကာ၊ ဝိနယဝိနိစ္ဆယပါဠိ၊ ဝိနယဝိနိစ္ဆယဋီကာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ၊ ဝိနယာလင်္ကာရဋီကာ၊ သီမာလင်္ကာရကျမ်း၊ သီမာသင်္ဂဟ ကျမ်းတို့ကို သဒ္ဒါ အနက်အားဖြင့် ဆင်ခြင်တော်မူ၍ ပါဠိတော်နှင့် အဋ္ဌကထာ၊ အဋ္ဌကထာနှင့် ဋီကာ နှီးနှောတိုက်ဆိုင် ကြည့်ရှုတော်မူ၍—

ဘုရားရှင်၏ အလိုတော် ပါဠိတော်၊ အဋ္ဌကထာ ဋီကာအာဘော်ကျ ကြည့်ရှုဆင်ခြင်လေရာ ရာမညတိုင်းရှိ ဗဒ္ဓသိမ်နှင့် မြစ်၊ သမုဒ္ဒရာ၊ ဇာတဿရ ဂါမခေတ်ဟူသော အဗဒ္ဓသိမ်များလည်း သိမ်မြောက်နိုင်ခဲမည်။ သိမ်မမြောက်လျှင် သိမ်နှင့် ပရိသတ်ပြည့်စုံရန် ခဲယဉ်းမည်ဟု ဉာဏ်တွင် ထင်မြင်သဖြင့် ရာမညတိုင်းအတွင်းရှိ ကျမ်းဂန်တတ်သိ တိပိဋကဓရ၊ ဗျတ္တ၊ ပဋိဗလဂုဏ် ကုံလုံလောက်သည့် ဆရာတော်သံဃာတော်များနှင့် တိုင်ပင်

နိုးနှောဆော်နှေးလေရာ ဓမ္မစေတီ မင်းတရား ထင်မြင့်သည့် အတိုင်း သိမ်နှင့် ပရိသတ်ပြည့်စုံနိုင်ခဲ့သည်ဟု ဆုံးဖြတ်ကြကုန်၏။

## ရဟန်းတော် ၂၂-ပါး သီဟိုဠ်ကျွန်းသို့ စေလွှတ်ခြင်း

သို့ဖြစ်၍ ပရိယတ္တိဝိသာရဒဂုဏ်နှင့် ပြည့်စုံကုံလုံသည့် ရဟန်းတော်တို့ကို တောဝ်းပန်လျှောက်ထား၍ သီဟိုဠ်ကျွန်းသို့ ကြွစေပြီးလျှင် သိက္ခာအသစ်တင်စေအံ့၊ ထိုသီဟိုဠ်ပြန် ရဟန်းတော်များမှ ဆင်းသက်ဖြစ်ပွားသဖြင့် ငါတို့ ရာမညတိုင်းသာသနာတော်သည် ပွတ်သစ်စခရုသင်းပမာ သန့်ရှင်းစင်ကြယ်စွာ အရှည်ခန့်၍ နှစ်ငါးထောင် ကာလကြာအောင် တည်ပေအံ့ဟု ကြံစည်တော်မူပြီးလျှင် အရှင်မောဂ္ဂလ္လာန်၊ အရှင်မဟာသီဝလိ အစရှိသော ရဟန်းတော် ၂၂-ပါးတို့ကို ပင့်၍ မိမိကြံစည် စိတ်ကူးချက်တို့ကို လျှောက်ထားလျက် "အရှင်မြတ်တို့....သီဟိုဠ်ကျွန်း မဟာဝိဟာရနိကာယ်ဝင် သံဃာတော် အရှင်မြတ်တို့၏ အထံမှ သိက္ခာ အသစ်တင်ယူတော်မူခဲ့၍ မြန်မာပြည်သို့ ပြန်ကြွတော်မူကြပါကုန်၊မြန်မာ ပြည်ရောက်လျှင် သိမ်တလုံးသမုတ်ပေးတော်မူကြပါကုန်ဟု" လျှောက် ထားပြီးလျှင် ဆက်လက်၍ "အရှင်မြတ်တို့ သီဟိုဠ်ကျွန်းသို့ ရောက်လျှင် သီဟိုဠ်ကျွန်း၌ ဘုရားရှင်၏စွယ်တော်နှင့်တကွ သမန္တကူဋတောင်ရှိ ဘုရား ရှင် ခြေတော်ရာ၊ ထူပါရာမစေတီတော်၊ သံဃမိတ္တာဗောဓိပင်၊ မဟာ စေတီ၊ မရိစဝဋ္ဋစေတီ၊ ရတနာစေတီ-စသည့် စေတီတော်များကို ဖူးမြင်တော်မူကြ၍ ကုသိုလ်ကောင်းမှုများစွာတို့ကို ပွားစည်းကြပါမည်။ ၎င်းပြင် သီဟိုဠ်ကျွန်းရှိ စေတီပုထိုးများအား ပူဇော်ရန် ရဟန်းတော် များ လှူဒါန်းရန် ပရိက္ခရာဘဏ္ဍာများကိုသည်း ဒကာတော်ရေမြေ့ရှင် က ဆက်ကပ်လိုက်ပါမည်" စသည်ဖြင့် လျှောက်ထားလေရာ အရှင် မောဂ္ဂလ္လာန်၊အရှင်မဟာသီဝလိ အစရှိသော မထေရ်မြတ်တို့က သာသနာ ရေးကိစ္စ စစ်မှန်ပေသည်ဟု ငြင်းဆန်ခြင်းမပြုပဲ ဝမ်းမြောက် ဝမ်းသာ လက်ခံတော်မူကြကုန်၏။ ထိုအချိန်တွင် သီဟိုဠ်ကျွန်း၌ ဆင္ဍမြောက် ဘုဝနေကဗာဟုမင်း အုပ်စိုးချိန်သာ ဖြစ်လေသတည်း။

၁၉၄၇၃

## လှူဖွယ်ဝတ္ထုနှင့် လက်ဆောင် ပဏ္ဏာများ စီမံခြင်း

ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းသည် မထေရ်မြတ်တို့၏ ဝန်ခံချက် ငွေညာဥ်ကို ရလေလျှင် လွန်စွာ ဝမ်းမြောက်ရွှင်ပျလျက် ရွှေစင်ပိဿာ ချိန် ၅၀–တို့ဖြင့် စီရင်အပ်သော အထွတ်ဣန္ဒနီလာ ရတနာတပ်သော ထီးဖြူတော်တစင်း၊ ရွှေစင်ပိဿာ အချိန် ၆၀-ရှိ သပိတ်ဖုံး သပိတ်ခြေနှင့်တကွ ဖြစ်သော ရွှေသပိတ် ၁-လုံး၊ ရွှေစင်ပိဿာ အချိန် ၃၀-ရှိ အထွတ်၌ ဣန္ဒနီလာရတနာတပ်သော ရွှေကရား ၁-လုံး၊ ရွှေစင်ပိဿာ အချိန် ၃၀-ရှိ ဆယ့်နှစ်မြောင့် ရွှေကွမ်းအစ် ၁-လုံး၊ ရွှေစင်ပိဿာ အချိန်၃၃ ပိဿာရှိ ရွှေစေတီ ၁-ဆူနှင့် ဖလ်စေတီ၊ စဥ္စေတီ၊ ရွှေပန်းခိုင်တို့ကို ဘုရားရှင်၏ သရီရဓာတ်တော်များကို ပူဇော်ရန် စီရင်စေတော်မူခဲ့လေ သည်။

ငင်းပြင် မဟာစေတီ(ရတနာစေတီ)၊ ခြေတော်ရာစေတီ၊ သံဃမိတ္တာ ဗောဓိပင်စသည်တို့ကို ပူဇော်ခြင်းအကျိုးငှာ အဆင်းအမျိုးမျိုးရှိသော တံခွန် ၅၈–တိုင်၊ ရွှေဖယောင်းတိုင် ၅၈-တိုင်တို့ကိုလည်း စီရင်စေတော်မူသည်။ ထိုမှတပါး သီဟိုဠ်ကျွန်း၌ သီတင်းသုံးတော်မူကြသော သံဃာ ထေရ်ကြီးတို့အား လှူဒါန်းရန် ဝါချည်ချောသင်းပိုင်အထည် ၄၀၊ပိုး ချည်ချော ကေသီအထည် ၂၀၊ ဟင်္ဂပုဥ္စတိုင်းဖြစ် ကွမ်းအစ် ၂၀၊ ကျောက်ကရား ၄-လုံး၊ တရုတ်ပြည်ဖြစ် ကရားပြောက်၈–လုံး၊တရုတ်ပြည် ဖြစ်လေးထောင့်ယပ် ၄-ချောင်းတို့ကိုလည်း စီရင်စေတော်မူသည်။

## သီဟိုဠ်ကျွန်း မဟာထေရ်ကြီးများထံ လျှောက်လွှာ

ဓမ္မစေတီမင်းတရားသည် သီဟိုဠ်ကျွန်း၌ သီတင်းသုံးတော်မူကြသော မဟာဝိဟာရဝါသီမဟာထေရ် အရှင်မြတ်တို့ထံလည်း အောက်ဖော်ပြပါ အဓိပ္ပာယ်သဘော ပါရှိသောသဝဏ်လွှာကိုလည်း ထိုရဟန်းတော် ၂၂-ပါးတို့မှဘဆင့် ပေးပို့ ဆက်ကပ်တော်မူသည်။

ဆရာတော်အရှင်သူမြတ်တို့ဘုရား—

ဘုရားတပည့်တော် ဟံသာဝတီ နေပြည်တော် ဓမ္မစေတီမင်းသည် ဟံသာဝတီ နေပြည်တော်၌ ဝိနည်းနှင့် လျော်ညီသော သိမ်တလုံးသမုတ်နိုင်ရန်အတွက် သိက္ခာတင်ရန် ရဟန်းတော် ၂၂-ပါးကို အရှင်ဘုရားတို့ထံ ကြွစေတော်မူပါသည်။ ဖော်ပြပါ ရဟန်းတော် ၂၂-ပါးတို့အား ဘုရားရှင် ရေသပ္ပာယ်တော်မူရာ ကလျာဏီမြစ် နဒီသိမ်တွင် သိက္ခာထပ်ပေးတော်မူကြရန် လျှောက်ထားပါသည်ဘုရား။

ရင်းပြင် ခေတ်တော် စွယ်တော် စေတီတော် မဟာဗောဓိ အစရှိသည်တို့ကို ပူဇော်ရန် ရွှေထီး (ထီးဖြူတော်)၊ ရွှေသပိတ်၊ ရွှေကရား၊ ရွှေကွမ်းအစ်၊ ရွှေစေတီ၊ ဖလ်စေတီ၊ စဥ္စေတီ၊ ရွှေပန်းခိုင်၊ ရွှေတံခွန်၊ ရွှေဖယောင်းတိုင်တို့ကို လှူဒါန်းလိုက်ပါသည်။

ရင်းပြင် အရှင်ဘုရားများ ဝတ်ရုံသုံးစွဲတော်မူရန် သင်းပိုင်၊ ကေသီသင်္ကန်းများ၊ ကျောက်ကရား၊ ကရားပြောက်၊ ၄-ထောင့်ယပ် စသည်တို့ကိုသည်း လှူဒါန်းလိုက်ပါသည်။

## ဘုဝနေကမင်းအတွက် လက်ဆောင်နှင့် သဝဏ်လွှာ

ထိုပြင်တပါး သီဟိုဠ်ကျွန်းကို အစိုးရသော ဆင္ဃမြောက် ဘုဝနေကမင်းအတွက် အဖိုးငွေ ၂၀၀ (နှစ်ရာ) ထိုက်တန်သော နီလာကျောက်နှစ်ခု၊ ငွေပိဿာ လေးရာ့သုံးဆယ် ထိုက်တန်သော ပတ္တမြားနီနှစ်ခု၊ သင်တိုင်း (အင်္ကျီ) အလိုင်္ဂါ အဖိုးများစွာ ထိုက်တန်သော စိန့်တိုင်း (တရုတ်ပြည်) ဖြစ် ပုဆိုးလေးထည်၊ ဖြူသော အဆင်းရှိသော ပန်းပွင့်များပါရှိသော ပုဆိုးသုံးထည်၊ ဖြူညိုသော ပုဆိုးချောနှစ်ထည်၊ ဖြူသော အဆင်းရှိသော တခဲနက်ပုဆိုးလေးထည်၊ ရွှေသော အဆင်းရှိသော ပန်းပွင့်ပုဆိုးနှစ်ထည်၊ ရွှေသော အဆင်းရှိသော ပုဆိုးချောတထည်၊ ညိုသော အဆင်းရှိသော ပုဆိုးချော နှစ်ထည်နှင့် ပိုးချည်ချော ပုဆိုးနှစ်ထည်တို့ကိုလည်း လက်ဆောင် ပဏ္ဏာအသို့ငှါ စီရင်တော် မူခဲ့သသည်။

ရင်းပြင် အဆွေတော်မင်းမြတ် ယခုကြွလာတော်မူကြသော ရဟန်းတော် ၂၂-ပါးတို့ကို သိက္ခာသစ်တင်ရာ၌ လိုအပ်သော အကူအညီများပေး၍ ကူညီဆောင်ရွက်ပါရန် ပါရှိသော သဝဏ်လွှာ ရွှေပေလွှာကိုလည်း ပေးအပ်တော်မူလိုက်လေသည်။

ဤသို့ဖြင့် ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းသည် စီရင်ခင်းစီရင်ဖွယ် တို့ကို စီရင်တော်မူ၍ တပည့်နှင့်တကွ ၂၂-ပါးသော မထေရ်မြတ်တို့ အား များစွာသော အဝတ်သင်္ကန်းစသော ပရိက္ခရာ၊ ဆေးပစ္စည်းတို့ကို လှူဒါန်းပူဇော်၍ စိတြတမန်၊ ရာမတမန်တို့ကို အပ်နှင်းတော်မူလိုက် လေသည်။

လမ်းစာရိက္ခာ အသုံးအဆောင်အကျိုးငှါ တမန်တို့လက်၌ ရွှေစင်ပိဿ ၂၀၀ (နှစ်ရာ) တို့ကိုလည်း ပေးအပ်တော် မူလိုက်လေသည်။ ထိုသို့စီရင် ပြီးလျှင် တပည့်နှင့်တကွ အရှင်မောဂ္ဂလ္လာန် အစရှိသော မထေရ်မြတ် ၁၁-ပါးတို့သည် ရာမတမန်နှင့်အတူ သင်္ဘောတစင်းတည်း စီးတော်မူ ကြသည်။ တပည့်နှင့်တကွ အရှင်မဟာသီဝလိအစရှိသော မထေရ်မြတ် ၁၁-ပါးတို့သည် စိတြတမန်နှင့်အတူ သင်္ဘောတစင်းတည်း စီးတော်မူ ကြသည်။

ဤမျှ အတိုင်းအရှည်ရှိသော စကားရပ်ဖြင့် ရာမာဓိပတိဘွဲ့ခံ ဓမ္မ စေတီမင်တရား သီဟိုဠ်ကျွန်းသို့ သိက္ခာသစ်တင်ရန် ရဟန်းတော် ၂၂-ပါး တို့ကို စေလွှတ်ပုံကို ပြဆိုရာဖြစ်သော တတိယပိုဒ်းကို လက်စသတ်လိုက် ပါပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ဂ.လျာဏီသာသနဝံသေ၊ တတိယော သမတ္တော ဟိ ဝေ။

# ကလျာဏီသာသနာဝင်

## စတုတ္ထပိုင်း

### သီဟိုဠ်ကျွန်းသို့ သင်္ဘောလွှင့်ကြခြင်း

ရာမတမန်စီးသော သင်္ဘောသည် သက္ကရာဇ် ၈၃၇-ခုနှစ် တပို့တွဲလဆုတ် ၁၁-ရက် တနင်္ဂနွေနေ့တွင် ယောဂ (ယောင်က) မြစ်ဝမှ ထွက်၍ ပင်လယ်သို့ လွှင့်လေသည်။ စိတြတမန်စီးသော သင်္ဘောသည် တပို့တွဲလဆုတ် ၁၂-ရက် တနင်္လာနေ့တွင် ယောဂ (ယောင်က) သင်္ဘောဆိပ်မှထွက်၍ ပင်လယ်သို့ လွှင့်လေသည်။ နောင်မှထွက်သော သင်္ဘောသူကြီး လိမ္မာကျွမ်းကျင်သောကြောင့် တပေါင်းလဆုတ် ၈-ရက်နေ့တွင် သီဟိုဠ်ကျွန်း ကောလမ္ဗ သင်္ဘောဆိပ်သို့[၁] ရောက်လေသည်။

### သီဟိုဠ်ဘုရင်က ပစ္စည်းလေးပါးဖြင့် ပြုစုလုပ်ကျွေးခြင်း

ထိုအကြောင်းကို သီဟိုဠ်ဘုရင် ဘုဝနေကဗာဟုမင်း ကြားသိလေလျှင် တပေါင်းလကွယ်နေ့တွင် မဟာထေရ် ၁၁-ပါးနှင့် စိတြတမန်တို့ကို ခရီးဦး ကြိုဆိုတော်မူ၍ ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်း ပေးဆက်သည့် သဝဏ်လွှာ ရွှေပေစာကို ဖတ်ကြားလေရာ လွန်စွာဝမ်းမြောက် နှစ်သက်

---

၁။ မြန်မာသမိုင်းများ၌ ကလမ္ဗု သင်္ဘောဆိပ်ဟု ဆိုသည်။ သီဟိုဠ်ဘာသာရေး ကလျာဏီဝံသ သမိုင်း၌ ကောလမ္ဗ သင်္ဘောဆိပ်ဟု ဆိုသည်။ သီဟိုဠ်သမိုင်း ဆိုသည့်အတိုင်းသာ ဖြစ်သင့်သည်။

ခြင်းဖြစ်၍ နှစ်သက်ဝမ်းမြောက် အောက်မေ့ဖွယ်စကားများ ပြော ကြားပြီး တည်းခိုမည့် နေရာ အရပ်၌ သီတင်းသုံး နေထိုင်စေ၍ ဆွမ်း သက်န်း ကျောင်း ဆေး လေးပါးသော ပစ္စည်းဖြင့် ပြုစု လုပ်ကျွေးတော် မူလေသည်။

ပစ္စယေဟိ ဥပဋ္ဌာသိ၊ မရမ္မအာဂတေ ယတီ၊
ဘုဝနေကဗာဟုပတိ၊ သီဟဠဒီပဂေ သုမိ။

**အနုရာဓမြို့သို့ ကြွရောက် စေတီပုထိုးများ ဖူးမြော်ကြ**

**ဘုဝနေကဗာဟုမင်းသည် စိတြတမန်အားလည်း နေရာထိုင်ခင်းပေး ၍ ကောင်းမွန်စွာ ပြုစုစေတော်မူသည်။ နံနက် မိုးသောက် အသင်း** ရောက်လေလျှင် စိတြတမန်သည် ရာမာဓိပတိ ဘွဲ့ခံ ဓမ္မစေတီ မင်းတရား ကပ်လှူလိုက်သော လှူဖွယ်ဝတ္ထု အစုစုနှင့်တကွ သီဟိုဠ်ကျွန်းနေ မထေရ်မြတ်တို့အား ဆက်ကပ်လိုက်သော သဝဏ်လွှာ ရွှေပေစာကို ဆက်ကပ်လေသည်။ သီဟိုဠ်ကျွန်းနေ မထေရ်မြတ်တို့သည်လည်း ဓမ္မစေတီ မင်းကြီး ဆက်ကပ်လိုက်သည့် သဝဏ်လွှာ ရွှေပေစာကို ကြည့်ရှုကြပြီး လျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူကြ၍ ဓမ္မစေတီမင်းကြီး နှစ်သက် ကျေနပ်လောက်အောင် ဆောင်ရွက်ကြမည်ဟု ဝန်ခံ ကတိပြုကြကုန်၏။ စိတြတမန် သင်္ဘောဖြင့် ကြွလာသော မထေရ်မြတ် ၁၁-ပါးတို့သည် ရာမတမန် သင်္ဘောဖြင့် ကြွလာသော မထေရ်မြတ်တို့ မရောက်သေးသဖြင့် ဆိုင်းငံ့၍ နေရသည့်အခိုက်တွင် အနုရာဓ မြို့တော်ဟောင်းသို့ ကြွတော် မူကြ၍ သံဃမိတ္တာ ဗောဓိပင်၊ ထူပါရာမ စေတီတော်၊ မဟာစေတီတော်၊ အဘယဂိရိ စေတီတော်၊ ဇေတဝန စေတီတော်၊ မရိစဝဋ္ဋိ စေတီတော်၊ စေတိယတောင်ပေါ် (မိဿကတောင်ပေါ်) ရှိ စေတီပုထိုးများကို ရှိခိုး ပူဇော် ဖူးမြော်တော်မူကြကုန်၏။

**ရာမတမန်သင်္ဘော ခက်ခဲစွာ သီဟိုဠ်ကျွန်း ဆိုက်ရောက်ခြင်း**

ရာမတမန်၏သင်္ဘောသည် လေကြောင်းခရီး အစုန်လွန်၍ ပြန်လာခဲ့ လေရာ လေကြမ်း နှင့် ရင်ဆိုင် ကြုံတွေ့ရသဖြင့် ဆင်းရဲငြိုငြင် ပင်ပန်းစွာ

လာခဲ့ရသောကြောင့် တန်ခူးလဆန်း ၉-ရက် တနင်္ဂနွေနေ့တွင်မှ သီဟိုဠ်ကျွန်းအစွန် ဝယ်လိဂါမ(ဝယ်လိရွာ)သို့ ရောက်လေသည်။[၁]

ထိုဝယ်လိရွာ (ဝယ်လိဂါမ)၌ ဂုရဝီ အမည်ရှိသော သီဟိုဠ်မင်း၏ အမတ်သည် ခိုဆိုးတိုက်ခိုက်၍ နေသေ၏။ ထိုအကြောင်းကို သိသဖြင့် သီဟိုဠ်မင်း၏ ညီတော်သည် သဘော်တစင်းဖြင့် များစွာ သူရဲသူခက်တို့ ခြံရံလျက် တိုက်မည်ဟု ရည်ရွယ်၍ ခုဘ်မောဝ်းလာလေသည်။ ဂုရဝီ အမတ်သည်လည်း ကြောက်ရွံ့သဖြင့် ရွာမှ ထွက်ပြေး တိမ်းရှောင်၍ တောတွင်း၌ ခိုအောင်း၍ နေလေ၏။ သီဟိုဠ်မင်း၏ ညီတော်သည်လည်း ဝယ်လိရွာကို ရသဖြင့် ခန့်ထားစီရင်၍ နေလေ၏။

ဂုရဝီအမတ်၏ အသင်းအပင်း ဘက်သားတို့သည် ဝယ်လိရွာနှင့် ဇယဝဍ္ဎနမြို့ အကြားတွင် ပုန်းအောင်း၍ လာလာသမျှသော လူတို့ကို လုယက် ဖျက်ဆီးသောကြောင့် မထေရ်မြတ် ၁၁-ပါးနှင့် ရာမတမန်တို့သည် ဇယဝဍ္ဎနမြို့သို့ သွားလိုကြသော်လည်း သီဟိုဠ်မင်း ညီတော်ထံမှ ခွင့်မရသောကြောင့် စောင့်ဆိုင်း ငံ့လင့်၍ နေကြရကုန်၏။

သက္ကရာဇ် ၈၃၈-ခု ပဌမဝါဆိုလဆုတ် ၂-ရက်နေ့တွင်မှ အခွင့်ရ၍ ကြွတော်မူကြရာ ၅-ရက်အကြာ ဝါဆိုလဆုတ် ၈-ရက်နေ့တွင် ဇယဝဍ္ဎနမြို့သို့ ရောက်ကြလေကုန်၏။ သီဟိုဠ်မင်းသည်လည်း ရောက်လျှင်ဝမ်းမြောက်ဝမ်းသာ လောကဝတ် ပျူငှာပြု၍ ဆွမ်းပစ္စည်း ရိက္ခာ လိုလောက်အောင် လှူဒါန်း ထောက်ပံ့စေ၍ တည်းခိုရာ ဂေဟာ၌ ချမ်းသာစွာ သီတင်းသုံးစေတော်မူလေသည်။ နောက်ဘနေ့နံနက်တွင် ရာမတမန်သည် သီဟိုဠ်ကျွန်း မထေရ်မြတ်တို့အား လှူဖွယ်ဝတ္ထုများနှင့် သဝဏ်လွှာ ရွှေပေစာတို့ကို ဆက်ကပ်လေရာ သီဟိုဠ်ကျွန်း မဟာထေရ်မြတ်တို့သည် လွန်စွာ ဝမ်းမြောက်ကြကုန်၏။

---

၁။ ဝယ်လိဂါမ ဝါရာယဋ္ဌ ပယ်မိဏိဃယ သ ဟူသော သီဟိုဠ် ဘာသာရေး ကလျာဏီဝိ့သ သမိုင်းအတိုင်း ရေးသည်။ ၁၄၀၅

## အနုရာမြို့ စေတီပုထိုးများ ဖူးမြော်

မထေရ်မြတ် ၁၁-ပါးတို့သည် စိတြဲတမန်နှင့်အတူ သီဟိုဠ်ဘုရင်၏ အကူအညီဖြင့် အနုရာမြို့တော်ဟောင်းသို့ ကြွတော်မူကြ၍ ဒက္ခိဏာ သာခါ မဟာဗောဓိ (သံဃမိတ္တာ ဗောဓိ)ပင်၊ ထူပါရာမ စေတီတော်၊ ရတနမာလီ အမည်ရှိသော (သောဏ္ဏမာလီ အမည်ရှိသော) မဟာစေတီ တော်၊ မရိစဝဋ္ဋိ စေတီတော်၊ အဘယဂိရိစေတီတော်၊ ဇေတဝနစေတီ တော်၊ မိဿကတောင်ရှိ သီလာ စေတီတော်၊ လောဟမဟာပါသာဒ ပြာသာဒ်တော် စသည့် ပူဇနီယ၊ သံဝေဇနီယဌာနများသို့ ကြွရောက် ဖူးမြော် သံဝေဂ ယူတော်မူ၍ ဇယဝဍ္ဎနမြို့သို့ ပြန်ကြွတော်မူခဲ့ကြကုန်၏။

အနုရာဓပုရေ တေ ဂန္တွာ၊ ပူဇနီယေဘိပူဇယုံ။
ထူပါဒိပူဇနီယေသု၊ သဗ္ဗဒါ နိန္နမာနသာ။

## မထေရ်မြတ်အားလုံး စွယ်တော် ဖူးမြော် ပူဇော်ကြ

ဘုဝနေကဗာဟုမင်းသည် ရှေးဦးစွာ ရောက်ရှိတော်မူလာကြသော စိတြဲတမန်၏ သင်္ဘောတွင် ပါလာသော မထေရ်မြတ် ၁၁-ပါး၊ နောက်မှ ရာမတမန်၏ သင်္ဘောဖြင့် ရောက်ရှိလာကြသော မထေရ်မြတ် ၁၁-ပါး နှစ်ရပ်ပေါင်း မထေရ်မြတ် ၂၂-ပါးတို့ကို ဘုရားရှင်စွယ်တော်ကို ဖူးမြင် စေရန် ရည်ရွယ်တော်မူ၍ စွယ်တော်တိုက် ပြာသာဒ်ကို တန်ဆာဆင် စေခြင်း၊ ပုဆိုးဗိတာန်ကြက်စေခြင်း၊ ပန်းနံ့သာ အခိုးအထုံတို့ဖြင့် ပူဇော် စေခြင်းတို့ကို ပြုလုပ်စေတော်မူ၍ တမန် ၂-ပါးနှင့် ရဟန်းတော် ၂၂- ပါးတို့ကို ဒုတိယဝါဆိုလဆုတ် ၁-ရက်နေ့တွင် ဘုရားဇိနေ့် မြတ် စွယ်တော်ကို လေးမြတ်ကော်ရော် ဖူးမြော်စေလေသည်။ တမန် ၂-ဦးနှင့် မထေရ်မြတ်တို့သည် စွယ်တော်ကို ဖူးမြင်ရသဖြင့် လွန်စွာ ဝမ်းမြောက် ကြကုန်၏။ တမန် ၂-ဦးတို့သည်လည်း စွယ်တော်မြတ်အတွက် မွေ စေတီမင်းက လှူဒါန်းလိုက်သော ပစ္စည်းဝတ္ထုတို့ကိုလည်း ဘုဝနေက ဗာဟုမင်းအား အပ်နှင်းကြကုန်၏။ ဘုဝနေကဗာဟု မင်းသည်လည်း

ရမ္မာဝတီပတိခမ္မစေဘီမင်း မှာလိုက်သော သန္ဒေသကထာ ရွှေပေစာကို နှလုံးသွင်းတော်မူလျက် ဓမ္မစေတီမင်းက လှူဒါန်းလိုက်သော ရွှေစေတီ အိမ်၌ စွယ်တော်ဓာတ်ကို ကိန်းဝပ်စံပယ်တော်မူစေကာ ထိုစေတီအိမ်၏ အထက်၌ ထီးဖြူကို ဆောင်းမိုးလျက် ရွှေသပိတ်၊ ရွှေကရား၊ ရွှေကွမ်းအစ် တို့ကို ကပ်လှူစေပြီးလျှင် မထေရ်မြတ်တို့နှင့် ရာမဘာမန်၊ စိတြတမန် တို့အား ပြသလျက် မြန်မာပြည် ရာမညတိုင်း ရောက်လျှင် သန္ဒေသ ကထာ ရွှေပေစာပါအတိုင်း ပြုလုပ်ကြောင်းကို ဓမ္မစေတီမင်းအား သိစေကြပါကုန်လော့ဟု လျှောက်ထား မြွက်ကြားတော်မူလေသည်။

ဤသည်လျှင် ရာမတမန်၊ စိတြတမန်နှင့် မထေရ်မြတ် ၂၂-ပါးတို့ သိဟိုဠ်ကျွန်းသို့ ကြွတော်မူကြောင်းနှင့် သိဟိုဠ်ကျွန်းရှိ စေတီပုထိုးများ နှင့် ဘုရားဇိနေ့ါ မြတ်စွယ်တော်ကို ဖူးမြော်ပုံပြဆိုရာ စတုတ္ထပိုင်း အပြီး တည်း။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္တာယ မေ ကတော။
ကလျာဏီသာသနဝံသော၊ စတုတ္ထော သမတ္တော ဟိ ဝေ။

# ကလျာဏီသာသနာဝင်

# ပဥ္စမပိုင်း

## ကလျာဏီမြစ်တွင် ရဟန်းခံကြခြင်း

သီဟိုဠ်ကျွန်း၌ စေတီပုထိုး၊ ပေါဓိပင်၊ စွယ်တော်တို့သို့ ဖူးမြော်တော်မူပြီးနောက် ''ရာမာဓိပတိ'' ဘွဲ့ခံ ဓမ္မစေတီမင်းကြီး မှာလိုက်သည့်အတိုင်း ကောလမ္ဗမြို့(ကိုလံဘိုမြို့)အနီး ဘုရားမြတ်စွာ ရေသပ္ပါယ်တော်မူရာ ကလျာဏီမြစ်အတွင်း၌ လှေဖောင်ဖွဲ့၍ ဖောင်အထက်၌ ပြာသာဒ်ဆောက်ပြီးလျှင် ဗိတာန်မျက်နှာကြက် ဖွဲ့ကြက်၍ အတူးထူးအပြားပြား များစွာသော တံခွန်၊ ကုက္ကား၊ မုလေးပွားတန်ဆာဆင်ယင်ပြီး အရှင်ဝိဒါဂမ မဟာထေရ်ကို မဟာဝိဟာရ အနွယ်အဆက်၌ တစုံတခုသော သိက္ခာတို့ဖြင့် ကွဲရှဲစွပ်စွဲခြင်း အလျှင်းမရှိ သီလဝိသုဒ္ဓိဂုဏ်စသည်တို့နှင့် ပြည့်စုံသော မထေရ်မြတ်တို့ဟူ၍ ထင်ရှားသော ရဟန်းတော်တို့ကို ရွေးကောက်စေတော်မူလေသည်။

အရှင်ဝိဒါဂမ မဟာထေရ်သည်—

၁။ အရှင်ဓမ္မကိတ္တိထေရ်၊

၂။ အရှင်ဝနရတနထေရ်၊

၃။ အရှင်မင်္ဂလထေရ်(ပဥ္စပရိဝေဏဝါသီ အရှင်မင်္ဂလထေရ်)၊

၄။ ဘုဝနေကဗာဟုမင်း ဆရာဖြစ်သော မထေရ်၊

၅။ အိမ်ရှေ့မင်းဆရာဖြစ်သော မထေရ်-

အစရှိသော ၂၄-ပါးသော မထေရ်မြတ်တို့ကို ပင့်ဖိတ်စေတော်မူ၍ ဒုတိယဝါဆိုလဆုတ် ၁၁-ရက် နေ့တွင် ရာမညတိုင်းသား တပည့် ၂၂-ပါး နှင့်တကွ မထေရ် ၂၂-ပါးတို့ကို ပဉ္စင်းရဟန်း အထက်တန်းသို့ တက်လှမ်း စေတော်မူလေသည်။

## ပဉ္စင်း ခံပုံ အစီအစဉ်

သီဟိုဠ်ကျွန်း မဟာဝိဟာရမထေရ်မြတ်တို့သည် ယခင်က အရပ်တပါးမှ ကြွလာ သော ရဟန်းတို့အား ရဟန်းခံပေးသည့် ယခင် အစဉ်အလာအတိုင်း ရာမညတိုင်းသား ရဟန်းတို့အား လူအဖြစ်၌ တည်စေတော်မူကြ၍ သင်္ကန်းပေးခြင်း၊ သရဏဂုံပေးခြင်းအားဖြင့် သာမဏေဘုံ၌ တည်စေပြီး မှ ဒုတိယဝါဆိုလဆုတ် ၁၁-ရက် ဗုဒ္ဓဟူးနေ့ ညဉ့်အခါတွင်—

၁။ အရှင်မောဂ္ဂလ္လာန်ထေရ်၊
၂။ အရှင်ကုမာရကဿပထေရ်၊
၃။ အရှင် မဟာသီဝလိထေရ်၊
၄။ အရှင် သာရိပုတ္တရာထေရ်၊
၅။ အရှင် ဉာဏသာဂရထေရ်—

ဟူသော မထေရ် ငါးပါးတို့သည် ၂၄-ပါးသော သံဃာတော် အရှင်မြတ် တို့၏ ထံ၌ အရှင်ဓမ္မကိတ္တိမထေရ်ကို ဥပဇ္ဈာယ်ပြုတော်မူကြကုန်၍ ပဉ္စပရိ- ဝေဏဝါသီ အရှင်မင်္ဂလမထေရ်ကို ကမ္မဝါစာ ဆရာပြုကြ၍ ပဉ္စင်းခံကြ ကုန်၏။

မောဂ္ဂလ္လာနော ကုမာရော စ၊ သီဝလိ သာရိပုတ္တော ပိ စ။
ဉာဏသာဂရော ပဉ္စေတေ၊ ရာမညရဋ္ဌဝါသိနော။

---

၁။ သာသနာ့သက္ကရာဇ် ၂၀၁၈–ခုနှစ် ဒုတိယဝါဆိုလဆုတ် ၁၁-ရက် နေ့။ (သီဟိုဠ်ကလျာဏီဝံသသမိုင်း။ ၁၈။)

ဥပဇ္ဈာယံ ကရိတွာန၊ ဓမ္မကိတ္တိမဟာဝိဒုံ။
ကမ္မဝါစာစရိယံ စ၊ မင်္ဂလဆေရကုဠှရံ။
သမ္ပတ္တာ ဥပသမ္ပဒ-ဘာဝံ သမ္ဗုဒ္ဓသာသနေ။

တဖန် ဒုတိယဝါဆိုလဆုတ် ၁၂-ရက်၊ ကြာသပတေးနေ့ ညဉ့်အခါတွင်-

၁။ အရှင် သုမနထေရ်၊
၂။ အရှင် ကဿပထေရ်၊
၃။ အရှင် နန္ဒထေရ်၊
၄။ အရှင် ရာဟုလာထေရ်၊
၅။ အရှင် ဗုဒ္ဓဝံသထေရ်၊
၆။ အရှင် သုမင်္ဂလထေရ်၊
၇။ အရှင် စူဠနန္ဒထေရ်၊
၈။ အရှင် သောဏုတ္တရထေရ်၊
၉။ အရှင် ဂုဏသာဂရထေရ်၊
၁၀။ အရှင် ဓမ္မရက္ခိတထေရ်—

ဟူသော ၁၀-ပါးသော မထေရ်မြတ်တို့သည် အရှင်ဝနရတန မဟာထေရ်ကို ဥပဇ္ဈာယ်ပြုကြကုန်၍လည်းကောင်း၊ ပဉ္စပရိဝေဏဝါသီ အရှင်မင်္ဂလ မဟာထေရ်ကို ကမ္မဝါစာဆရာ ပြုကြကုန်၍လည်းကောင်း ပဉ္စင်းခံကြကုန်၏။

သုမနော ကဿပေါ နန္ဒော၊ ရာဟုလော ဗုဒ္ဓဝံသောပိ စ။
သုမင်္ဂလော စူဠနန္ဒော၊ သောဏုတ္တရော ပုနာပရော။

ဂုဏသာဂရထေရော စ၊ ဓမ္မရက္ခိတပုင်္ဂဝေါ။
ဥပဇ္ဈာယံ ကရိတွာ တေ၊ ဝနရတနကုဠှရံ။

ကမ္မဝါစာစရိယံ စ၊ မင်္ဂလထေရပုင်္ဂဝံ။
သမ္ပတ္တာ ဥပသမ္ပဒ-ဘာဝံ သမ္ဗုဒ္ဓသာသနေ။

ဇင်းပြင် ဒုတိယဝါဆိုလဆုတ် ၁၃-ရက် သောကြာနေ့ နေ့အခါတွင်—

၁။ အရှင်စူဠသုမနထေရ်၊
၂။ အရှင်ဇဝနပညထေရ်၊
၃။ အရှင်စူဠကဿပထေရ်၊
၄။ အရှင်စူဠသီဝလိထေရ်၊
၅။ အရှင်မဏိသာရထေရ်၊
၆။ အရှင်ဓမ္မနာဇိကထေရ်၊
၇။ အရှင်စန္ဒနသာရထေရ်—

ဟူသော မထေရ်မြတ် ၇-ပါးတို့သည်လည်း အရှင်ဝနရတနမဟာထေရ်ကိုပင် ဥပဇ္ဈာယ်ပြုကြကုန်၍လည်းကောင်း၊ ပဉ္စပရိဝေဏဝါသီ အရှင်မင်္ဂလမဟာထေရ်ကိုပင် ကမ္မဝါစာဆရာ ပြုကြကုန်၍လည်းကောင်း ပဉ္စင်းခံကြကုန်၏။

စူဠသုမနော ဇဝနော၊ အထော ပိ စူဠကဿပေါ၊
စူဠသီဝလိ မဏိသာရော၊ ဓမ္မနာဇိကစန္ဒနော။

ဥပဇ္ဈာယံ တေ ကရိတွာ၊ ဝနရတနကူဠရံ။
ကမ္မဝါစာစရိယံ စ၊ မင်္ဂလထေရပုင်္ဂဝံ။
သမ္ပတ္တာ ဥပသမ္ပဒ—ဘာဝံ သမ္ဗုဒ္ဓသာသနေ။

ထို့နောက် ဒုတိယဝါဆိုလဆုတ် ၁၄-ရက် စနေနေ့တွင် ဖော်ပြပါ မထေရ်မြတ်တို့၏ တပည့်ပဉ္စင်းငယ် ၂၂-ပါးတို့သည်လည်း ပဉ္စပရိဝေဏဝါသီ အရှင်မင်္ဂလထေရ်ကို ဥပဇ္ဈာယ်ပြု၍လည်းကောင်း၊ အိမ်ရှေ့မင်းဆရာတော်ကို ကမ္မဝါစာဆရာပြု၍လည်းကောင်း ပဉ္စင်းခံကြကုန်၏။

## ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း

ဘုဝနေကဗာဟုမင်းသည် ကတညုတ ကတဝေဒီဂုဏ်နှင့် ပြည့်စုံသော မင်းကောင်းမင်းမြတ်ဖြစ်သည့်အပြင် ဒါန၊ သီလ၊ ဧရိစ္စာဂအစရှိသော မင်းကျင့်တရား ဆယ်ပါးနှင့်လည်း ပြည့်စုံသည့် မင်းမြတ်လည်း ဖြစ်တော်မူသည်။ သို့ဖြစ်၍ ပဥ္စင်းခံပြီးစ ရာမညတိုင်းသားရဟန်းတော် ၄၄-ပါးတို့အား များစွာသော ပစ္စည်းဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်ပြီးလျှင်' အရှင်သူမြတ်တို့ဘုရား....တပည့်တော်မှာ ဤမျှသော ပစ္စည်းဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်ရုံမျှဖြင့် တင်းတိမ်ရောင့်ရဲခြင်းအလျှင်းပင် မရှိပါ။လှူဖွယ်ဝတ္ထုဟူသည် မကြာမီအတွင်း ပျောက်ပျက်တတ်ပါသည်၊ သို့ဖြစ်ပါသောကြောင့် ကာလကြာရှည်တည်တံ့သော ဘွဲ့တံဆိပ်နာမံတော်အလှူကို ပေးလှူဆက်ကပ်လိုပါသည်''ဟု လျှောက်ထား၍ မထေရ်ကြီး ၂၂-ပါးတို့အား အောက်ဖော်ပြပါအတိုင်း နောက်ဖျားတွင် ''သာမိ''ပါရှိသော ဘွဲ့တံဆိပ်တော်ကို အသီးအသီး ဆက်ကပ်လှူဒါန်းတော်မူလေသည်။

| | | |
|---|---|---|
| ၁။ | အရှင်မောဂ္ဂလ္လာန်ထေရ်အား | သိရိသံဃဗောဓိသာမိ၊ |
| ၂။ | အရှင်ကုမာရကဿပထေရ်အား | ကိတ္တိသိရိမေဃသာမိ၊ |
| ၃။ | အရှင်ဉာဏသာဂရထေရ်အား | ပရက္ကမဗာဟုသာမိ၊ |
| ၄။ | အရှင်ဗုဒ္ဓဝံသထေရ်အား | ဗုဒ္ဓဃောသသာမိ၊ |
| ၅။ | အရှင်နန္ဒထေရ်အား | သီဟဠဒီပဝိသုဒ္ဓသာမိ၊ |
| ၆။ | အရှင်ရာဟုလာထေရ်အား | ဂုဏရတနဓရသာမိ၊ |
| ၇။ | အရှင်သုမင်္ဂလထေရ်အား | ဇိနာလင်္ကာရသာမိ၊ |
| ၈။ | အရှင်မေဓင်္ကရထေရ်အား | ရတနမာလိသာမိ၊ |
| ၉။ | အရှင်စူဠသုမင်္ဂလထေရ်အား | သဒ္ဓမ္မတေဇသာမိ၊ |
| ၁၀။ | အရှင်ကဿပထေရ်အား | ဓမ္မာရာမသာမိ၊ |
| ၁၁။ | အရှင်မဟိသာသရထေရ်အား | ဘုဝနေကဗာဟုသာမိ၊ |
| ၁၂။ | အရှင်မဟာသီဝလိထေရ်အား | တိလောကဂရုသာမိ၊ |

| | | |
|---|---|---|
| ၁၃။ | အရှင်သာရိပုတ္တရာထေရ်အား | သိရိဝဍ္ဎနရတနသာမိ၊ |
| ၁၄။ | အရှင်သုမနထေရ်အား၊ | မင်္ဂလထေရသာမိ၊ |
| ၁၅။ | အရှင်စူဠကဿပထေရ်အား | ကလျာဏတိဿသာမိ၊ |
| ၁၆။ | အရှင်စူဠနန္ဒထေရ်အား | စန္ဒနဂိရိသာမိ၊ |
| ၁၇။ | အရှင်သောဏုတ္တရထေရ်အား | သိရိဒန္တဓာတုသာမိ၊ |
| ၁၈။ | အရှင်ဂုဏသာဂရထေရ်အား | ဝနဝါသီတိဿသာမိ၊ |
| ၁၉။ | အရှင်ဇဝနပညထေရ်အား | ရတနာလင်္ကာရသာမိ၊ |
| ၂၀။ | အရှင်စူဠသီဝလိထေရ်အား | မဟာဒေဝသာမိ၊ |
| ၂၁။ | အရှင်ဓမ္မရာဇိကထေရ်အား | ဥဒုမ္ဗရဂိရိသာမိ။ |
| ၂၂။ | အရှင်စန္ဒနသာရထေရ်အား | စူဠာဘယတိဿသာမိ၊ |

ဤသို့ အစဉ်အားဖြင့် ၂၂-ပါးသော မထေရ်မြတ်တို့အား ဘွဲ့တံဆိပ်နာမံတော်တို့ကို ဆက်ကပ်လှူဒါန်းတော်မူလေသည်။

## ကလျာဏီသာသနာဝင် ပဌမပိုင်း အပြီးသတ်ခြင်း

ဤသည်လျှင် သီဟိုဠ်ကျွန်း ကလျာဏီမြစ်အတွင်း၌ ရဟန်းတော် ၄၄-ပါးရဟန်းခံပုံနှင့် ဘုဝနေကဗာဟုမင်း၏ ရဟန်းတော် ၂၂-ပါးတို့အား ဘွဲ့တံဆိပ်တော် ဆက်ကပ်ပုံကို ပြဆိုရာ ပဌမပိုင်း အပြီးတည်း။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္တာယ မေ ကတော။
ကလျာဏီသာသနဝံသေ၊ ပဌမော သမတ္တော ဟိ ဝေ။

# ကလျာဏီသာသနာဝင်

## ဆဋ္ဌမပိုင်း

### ရာမတမန်နှင့် မထေရ်မြတ် ၁၁-ပါးတို့ ဝယ်လိရွာရောက်ခြင်း

ကလျာဏီမြစ်နဒီ၌ ပဋ္ဌင်းခံမှုကိစ္စ ပြီးဆုံးလေလျှင် ရာမဘမန်သဘော်၌ စီးနင်း လိုက်ပါတော်မူကြသော မထေရ်မြတ် ၁၁-ပါးတို့သည် ရာမတမန်နှင့် အတူတကွ ဇယဝဍ္ဎနမြို့မှ ထွက်ခဲ့ကြ၍ ဝယ်လိရွာသို့ (ဝဇ္ဇရွာ=ဝယ်လိဂမ)[၁]သို့ ရောက်တော်မူကြကုန်၏။

### စိတြတမန်သဘော်ပါ မထေရ် ငါးပါးဖူးမြော်

စိတြတမန်သဘော်၌စီးနင်း လိုက်ပါတော်မူလာကြသော မထေရ်မြတ် ၁၁-ပါးတို့သည် သမန္တကူဋ တောင်ထိပ် မြေအငူရှိ ဘုရားသမ္မာသုံ၏ ခြေတော်ရာကို ကြွရောက်တော်မူကြ၍ ရှိခိုးပူဇော်ဖူးမြော်ပြီး ဇယဝဍ္ဎန မြို့သို့ တဖန် ပြန်ကြွတော်မူလာကြကုန်၏။

### မထေရ်မြတ် ၁၁-ပါးတို့ ပြန်လည်ရောက်ရှိခြင်း

ဝယ်လိဂမ (ဝယ်လိရွာ=ဝလ္လိရွာ)သို့ ရောက်ရှိကုန်သော ရာမတမန် သဘော်ပါ မထေရ်မြတ် ၁၁-ပါးတို့သည် တော်သလင်းလဆန်း ၂-ရက်

---

၁။ သီဟိုဠ်အခေါ် ဝယ်ဂဟာမဟုခေါ်သည်၊ ဝယ်လိဂါမ မဟုတ်။

ဗုဒ္ဓဟူးနေ့တွင် သင်္ဘော စီးနင်းလိုက်ပါ၍ ထွက်ခဲ့သေရာ တော်သလင်းလဆုတ် ၂-ရက်နေ့တွင် ယောင်ကမြစ်သို့ ရောက်သာကြကုန်၏။ ထိုအကြောင်းကို ရာမာ ဓိပတိ မဇ္ဈစေတီမင်းကြီး ကြားသိလေလျှင် လွန်စွာဝမ်းမြောက်ခြင်းဖြစ်တော်မူ၍ သီတင်းကျွတ်လပြည့်နေ့တွင် ဂုံဆံတော်ရှင်ကို ဖူးမြင်တော်မူ၍ မထေရ်မြတ်တို့အား ခရီးဦးကြိုဆိုမည်ဟု အကြံရှိသည်ဖြစ်၍ ဒဂုံမြို့၌ ကျောင်းဆောက်၍ ပစ္စည်းလေးပါး လုံလောက်အောင် ထောက်ပံ့လှူဒါန်းလျက် မထေရ်မြတ်တို့ကို သီတင်းသုံး နေနှင့်စေတော်မူလေသည်။

**မဇ္ဈစေတီဝှယော ရာဇာ၊ ဓမ္မေသု သာဒရော သုဓီ။**
**ဧကေန္တ သုဓိဘူဘာနံ၊ ယတီနံ ဥပဋ္ဌာသိ သော။**

**စိတြတမန်သင်္ဘောပျက်စီးခြင်း**

**စိတြတမန်၏သင်္ဘော၌ စီးနင်းလိုက်ပါလာကြကုန်သော မထေရ်မြတ် ၁၁-ပါးတို့သည်ကား ဘုဝနေကဗာဟုမင်းက** "ဆရာတော်အရှင်သူမြတ်တို့ဘုရား....တပည့်တော်သင်္ဘောနှင့်တကွ ရာဇသံဖက်၍ လိုက်ပါမည်။ ခေတ္တဆိုင်းငံ့တော်မူကြပါကုန်"ဟု လျှောက်ထားသဖြင့် ဆိုင်းငံ့တော်မူကြကုန်၏။ ယင်းသို့ ဆိုင်းငံ့၍ နေစဉ်အတောအတွင်းမှာပင် စိတြတမန်၏သင်္ဘောသည် လေပြင်းတိုက်ခတ်သဖြင့် ကောလမ္ဗဆိပ် (ကာလမ္ဗုဆိပ်) တွင် ပင်လယ်တွင်း နစ်မြုပ် ပျက်စီးခဲ့လေသည်။ ထိုအကြောင်းကို ဘုဝနေကဗာဟုမင်း ကြားလေလျှင် "ဆရာတော်အရှင်သူမြတ်တို့ဘုရား.... ဆရာတော်အရှင်သူမြတ်တို့သည် တပည့်တော် ပေးလိုက်သည့် သင်္ဘော ဖြင့် ကြွတော်မူကြပါကုန်ဘုရား"ဟုလျှောက်ထားသဖြင့် မထေရ်မြတ် ၁၁-ပါးနှင့် စိတြတမန်တို့သည် ဘုဝနေကဗာဟုမင်း (သီဟိုဠ်မင်း) သင်္ဘောတွင် စီးနင်းလိုက်ပါ၍ ကောလမ္ဗဆိပ် (ကာလမ္ဗုဆိပ်)မှ ထွက်ခဲ့ကြလေရာ ၃-ညဉ့်လွန်လေလျှင် တိုက်ခတ်လာသော လှိုင်းမုန်တိုင်းလေမိသဖြင့် ပင်လယ်သမုဒ္ဒရာအတွင်း ကျောက်ဖျာကြားတွင် ကပ်၍နေရာ သင်္ဘောကို မထုတ်နိုင်ပဲရှိလေ၏။ ထိုအခါ သင်္ဘောတွင် ပါလာသောသစ်သား ဝါး

အဆောက်အအုံတို့ကို ဖောင်ဖွဲ့ပြီးလျှင် ဆက်လက် ထွက်ခဲ့ကြကုန်၏။ သီဟိုဠ်မင်း၏ တမန်သည်ကား လက်ဆောင်ပဏ္ဏာ မပါသဖြင့် ဟံသာဝတီ နေပြည်တော်သို့ မလိုက်ပဲ သီဟိုဠ်ကျွန်းသို့ ပြန်သွားလေတော့သည်။

## နာဂဝုတသင်္ဘောဆိပ်သို့ ရောက်ရှိခြင်း

မထေရ်မြတ် ၁၁-ပါးနှင့် စိတြတမန်တို့သည် ဆက်လက်၍ ခြေလျင် ကြွသွားကြလေရာ နာဂအမည်ရှိသော သင်္ဘောဆိပ်သို့ ရောက်ကြကုန်၏။ ထိုနာဂသင်္ဘောဆိပ်အနီးတွင် သီဟိုဠ်ကျွန်းသို့ ကာလိင်္ဂတိုင်းမှ ဟေမမာလာပုဏ္ဏေးမ စွယ်တော်ပင့်ဆောင်ခဲ့စဉ်က စွယ်တော်ခေတ္တချထားရာ အရပ်ကိန်းဝပ်ရာအရပ်တွင် စိန့်မင်းတည်ထားအပ်သော လိုဏ်ဂူကြီးအတွင်းရှိ ဘုရားဆင်းတုတော်ကို ဖူမြော်ကန်တော့ရှိခိုး၍ "နာဂဝုတ" သင်္ဘောဆိပ်သို့ ဆက်လက်ကြွသွားကြကုန်၏။

## မထေရ်တချို့ ပြန်ရောက်ကြ၊ မထေရ်တချို့ ပျံလွန်တော်မူကြ

နာဂဝုတသင်္ဘောဆိပ်သို့ ရောက်လေလျှင် ထိုနာဂဝုတသင်္ဘောဆိပ်၌ မာလိန် ပရကာ အမည်ရှိသော ဆိပ်စား(ဆိပ်ကမ်းအရာရှိ) ပစ္စလိယာ အမည်ရှိသော ဆိပ်စား (ဆိပ်ကမ်းအရာရှိ) နှစ်ဦးတို့သည် ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းနှင့် ချစ်ကျွမ်းဝင်သည့် မိတ်ဆွေသဃာယ ဖြစ်သဖြင့် မထေရ်မြတ်များနှင့် စိတြတမန်တို့အား စားနပ်ရိက္ခာ နေရာများပေး၍ ဆရာတော်တို့.... ခေတ္တသည်းခံ၍ ဆိုင်းငံ့တော်မူကြပါကုန်၊ သင်္ဘော အရပ်တပါးသို့ ရောက်နေပါသည်။ သင်္ဘော ပြန်လည်ရောက်ရှိလျှင် ဆရာတော်များ လိုအပ်ရာအရောက် ပို့ပေးပါမည်ဟု လျှောက်ထားသဖြင့် မထေရ်မြတ် ၄-ပါးတို့ ဆိုင်းငံ့၍ နေကြကုန်၏။ မထေရ်မြတ် ၇-ပါးတို့သည်ကား ကောပာလ (တရိန်ကောမာလီ) ဆိပ်မှ သင်္ဘောစီး၍ သွားကြမည်ဟု ခံ၍ ကောမာလ(တရိန်ကောမာလီ) ဆိပ်သို့ သွားကြကုန်၏။ သက္ကရာဇ် ၈၃၉-ခုနှစ် ကဆုန်လဆန်း ၄-ရက် ဗုဒ္ဓဟူးနေ့တွင် နာဂဝုတဆိပ်၌ သီတင်းသုံးနေတော်မူကြသော မထေရ်မြတ် ၄-ပါးတို့တွင်

ထေရ်မြတ် ၃-ပါးတို့သည် မာလိန်ပရကာဆိပ်စား၏ သဘော်တွင် စီးနင်းလိုက်ပါ၍ ကြွတော်မူကြကုန်၏။ စူဠာဘယတိဿမထေရ်သည်ကား ပုဿလိယာဆိပ်စား ၏ သဘော်တွင် စီးနင်းလိုက်ပါ၍ ကြွတော်မူသည်။

မာလိန်ပရကာဆိပ်စား သဘော်တွင် စီးနင်းလိုက်ပါတော်မူကြကုန်သော မထေရ်မြတ် ၃-ပါးတို့သည် ကဆုန်လဆုတ် ၁၂-ရက် သောကြာနေ့ နာဂရာဿီတောင်မှ ကျသော မြစ်ဝသို့ ရောက်တော်မူကြ၍ နယုန်လဆန်း ၇-ရက် အင်္ဂါနေ့တွင် ပုသိမ်မြို့သို့ ရောက်တော်မူကြကုန်၏။ စူဠာဘယတိဿ မထေရ်ကား ဝါဆိုလဆန်း ၁၃-ရက် အင်္ဂါနေ့တွင် ဟံသာဝတီနေပြည်တော်သို့ ရောက်တော်မူလာလေ၏။

ကောမာလဆိပ်ကမ်း (တရိန်ကောမာလိဆိပ်ကမ်း)သို့ သွား၍ နေကုန်သော မထေရ်မြတ် ၇-ပါးတို့တွင် သုမင်္ဂလ မထေရ်သည် ပဉ္စင်းငယ် ၃-ပါးနှင့်အတူ သက္ကရာဇ် ၈၄၂-ခုနှစ် တော်သလင်းလကွယ် ဗုဒ္ဓဟူးနေ့တွင် ပိန်းကောလှေစီး၍ ကောမာလဆိပ်မှ ထွက်ခဲ့ရာ တန်ဆောင်မုန်းလဆန်း ၁၃-ရက် တနင်းလာနေ့တွင် ပုသိမ်မြို့သို့ ဆိုက်ရောက်၍ တန်ဆောင်မုန်းလဆုတ် ၁၄-ရက် သောကြာနေ့တွင်မှ ဟံသာဝတီ နေပြည်တော်သို့ ရောက်လေသည်။ ကြွင်းသော မထေရ်မြတ် ၆-ပါးတို့သည် ပဉ္စင်းငယ် ၄-ပါးနှင့်အတူ လမ်းခရီးအကြားတွင် ပျံလွန်တော်မူခဲ့လေသည်။ မထေရ်မြတ် ဆယ်ပါးတို့ကား ဘုရားမြတ်စွာ သာသနာတော်အတွက် အသက်စွန့်ခဲ့ကြသည့် သာသနာ့ အာဇာနည် ပုဂ္ဂိုလ်မြတ်တို့ ဖြစ်တော်မူကြကုန်၏။ ''အနိစ္စာ ဝတ သင်္ခါရာ=ချုပ်နာမ် ဝမ္မ သင်္ခါရတို့ကား မမြဲကုန်စွတကဲ့။

## မွေစေတီမင်း ကြိုဆိုတော်မူခြင်း

သက္ကရာဇ် ၈၃၈-ခုနှစ်တွင် ရာမာဓိပတိ ဘွဲ့ခံ ဓမ္မစေတီမင်းကြီးသည် ဒဂုံဆံတော်ရှင် စေတီတော်ကြီးကို မြတ်ခလေးကော်ရေ ပူဇော်အံ့သော ငှာ ခေါင်းလောင်းကြီးသွန်းလုပ်၍ သီတင်းကျွတ်လဆန်း ၈-ရက် ကြာသပတေးနေ့တွင် အထွတ်ပြာသာဒ် ဆင်ထားသည့် ရွှေဖောင်

တော် စီးတော်မူပြီးလျှင် မြားမြောင်လှစွာသော လှေတို့ဖြင့် ခြံရံလျက် ဒဂုံမြို့သို့ ထွက်တော်မူသည်။ သီတင်းကျွတ်လဆန်း ၁၃-ရက် အင်္ဂါနေ့တွင် ဒဂုံမြို့သို့ရောက်၍ ရာမတမန်သင်္ဘော၌ စီးနင်းလိုက်ပါတော်မူကြသည့် မဟာထေရ်မြတ် ၁၁-ပါးတို့ကို ပင့်၍ အထူးထူးသော အရသာရှိသော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ဖြင့် လှူဒါန်းပူဇော်တော်မူ၍ ချီးကျူးဂုဏ်ပြုစကား မြွက်ကြားတော်မူပြီးလျှင် နေရာကျောင်းသို့ ပြန်ကြွစေတော်မူလေသည်။

## မထေရ်မြတ်တို့ ဟံသာဝတီကြွ သာသနာတော်ဆိုင်ရာ ဘဏ္ဍာများ သဝဏ်လွှာများ ပေးအပ်ခြင်း

ဓမ္မစေတီမင်းကြီးသည် ၃-ရက်ပတ်လုံး သဘင်ကြီးစွာ ခံတော်မူ၍ ခေါင်းလောင်းတော်ကြီးကို ရွှေတိဂုံစေတီတော်ကြီး၏ အနီးတွင် ဆွဲချိတ်လှူဒါန်းတော်မူခဲ့လေသည်။ သီတင်းကျွတ်လဆုတ် ၁-ရက်နေ့တွင် အလှူကြီး ပေးတော်မူ၍ သီတင်းကျွတ်လဆုတ် ၃-ရက် တနင်္ဂနွေနေ့တွင် မထေရ်မြတ်တို့ စီးနင်းလိုက်ပါ ကြွတော်မူရန် လှေ ၁၁-စင်း ပေးအပ်တော်မူ၍ သီတင်းကျွတ်လဆုတ် ၄-ရက် တနင်္လာနေ့တွင် ဒဂုံမှ ထွက်တော်မူခဲ့ရာ သီတင်းကျွတ်လဆုတ် ၈-ရက် သောကြာနေ့တွင် ဟံသာဝတီရွှေနန်းတော်သို့ ဆိုက်ရောက်တော်မူသည်။ သီတင်းကျွတ်လဆုတ် ၁၂-ရက်နေ့တွင် မထေရ်မြတ်တို့ကို ရွှေနန်းတော်သို့ ပင့်ဖိတ်၍ သီဟိုဠ်ကျွန်း၌ ပြုလုပ် ဆောင်ရွက်ခဲ့ပုံ အကြောင်းအရာ အရပ်ရပ်ကို မေးမြန်းလျှောက်ထားသည်။မထေရ်မြတ်တို့ကလည်း မြန်မာပြည်မှ သင်္ဘော ထွက်သည်ကစ၍ သီဟိုဠ်ကျွန်းသို့ ရောက်၍ ပြန်သည်အထိ အတွေ့အကြုံ အလုံးစုံကို မင်းတရားအား မိန့်ကြား သိစေတော်မူကြပြီး စွယ်တော်တော်ဖြင့် တံဆိပ်ခတ်ထားသော စန္ဒကူ မှန်သည့်သော ကြုတ်၊အတုလုပ် ပင့်ဆောင်ခဲ့သော စွယ်တော်ပွား၊ ဒက္ခိဏသာခါမဟာဝိဟာရက်၊ မဟာဝိဟာ၊ သာသနာတော်ကို သုတ်သင်ခဲ့သော သီရိသံဃ မဟာဝိပရက္ကမမင်း၊ ဝိဇယဗာဟုမင်း၊ ပရက္ကမဗာဟုမင်း တို့၏ သာသနာတော် သုတ်သင်ကြောင်း သမိုင်းကမ္ပည်းစာ၊ ရုပ်ပွားတော်တို့ကို ထောက်ပံ့ လှူဒါန်းမှု ပြုကြောင်း

ဖော်ပြပါရှိသော ကဗျည်းစာ၊ တိုင်းသူပြည်သားတို့က ရဟန်း သံဃာတော်တို့ကို ထောက်ပံ့ လှူဒါန်းမှု ပြုစေသော ကတိကဝတ် စာတမ်း၊ မထေရ်မြတ် ကိုးပါးတို့ ဖွဲ့ဆို စီကုံးအပ်သော ဂါထာဗန္ဓများနှင့် သီဟိုဠ်ကျွန်းကို အစိုးရသော ဆဋ္ဌ ဘုဝနေကဗာဟုမင်း၏ သဝဏ်လွှာ ရွှေပေစာတို့ကို ရာမာဓိပတိ ဓမ္မစေတီမင်းအား ပေးအပ်တော်မူကြကုန်၏။ ဓမ္မစေတီမင်းသည်လည်း လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူ၍ ခံယူတော်မူလေသည်။

ဤ၌တွင် သီဟိုဠ်ကျွန်း ကလျာဏီမြစ်နဒီမှ ပဉ္စင်းခံ၍ ပြန်ကြွတော်မူခဲ့သော ရဟန်းတော်တို့၏ အပြန်ခရီးတလျှောက် အတွေ့အကြုံနှင့် ဓမ္မစေတီမင်းနှင့် တွေ့ဆုံပုံ စသည်ဖော်ပြရာဖြစ်သော ကလျာဏီသာသနာဝင် ဆဋ္ဌပိုင်း အပြီးတည်း။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ကလျာဏီသာသနဝံသေ၊ ဆဋ္ဌမော သမတ္တော ဟိ ဝေ။

# ကလျာဏီသာသနာဝင်

## သတ္တမပိုင်း

### ကလျာဏီသိမ်သမုတ်ရန် စီရင်တော်မူခြင်း

ရာမာဓိပတိဘွဲ့ခံ မွေ့စေတီမင်းကြီးသည် သီဟိုဠ်ကျွန်းမှ ပဉ္စင်းခံ၍ ပြန်ကြွလာသော ရဟန်းတော် ၁၁-ပါးနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် "ဤမထေရ်မြတ် ၁၁-ပါးတို့သည် သီဟိုဠ်ကျွန်းသို့ ကြွတော်မူကြ၍ သန့်ရှင်းစင်ကြယ်သော ပဉ္စင်းအဖြစ်ကို ဆောင်ယူတော်မူခဲ့ကြကုန်၏။ ဤဟံသာဝတီနေပြည်တော်၌လည်း သန့်ရှင်းစင်ကြယ်သော သိမ်မရှိသေး ရကား စောင့်ရှောက်ရန် လွယ်ကူသော ဂါမခေတ်ကိုရှာ၍ ထိုဂါမခေတ်၌ ဤမထေရ်မြတ်တို့ကို ဗဒ္ဓသိမ်သမုတ်စေရလျှင် ကောင်းပေစွဟု ကြံဆင် ခြင်တော်မူ၍ သင့်လျော်လျောက်ပတ်သော ဂါမခေတ်ကို ရှာစေလေရာ ရွှေမော်ဓောစေတီတော် အနောက်စွန်းနရသူရ အမတ်စားသော ရွာသည် ကျဉ်း၏။ စောင့်ရှောက်ရန် လွယ်ကူ၏ဟု မှူးမတ်တို့က ကြားလျှောက် သည်ရှိသော် ကိုယ်တိုင် ထိုအရပ်သို့ သွား၍ ကြည့်ရှုပြီးလျှင် "ဤဂါမ ခေတ်ကား စောင့်ရှောက်လွယ်၏။ သိမ်သမုတ်ရန် သင့်လျော်လျောက် ပတ် ကောင်းမြတ်ပေသည်" ဟု မိန့်မြွက်တော်မူ၍ မြေအပြင်ကို ညီညာ ချောပြေအောင် သုတ်သင်စေလျက် သိမ်သမုတ်မည့် အရပ်ဒေသ၏ လယ်တွင် ဇရပ်ဆောက်လုပ်စေတော်မူ၍ ဝန်းကျင်ပတ်ပတ် အရပ်

များကို စိမ်းစိုလတ်ဆတ်သော နွားချေးဖြင့် လိမ်းကျံစေပြီးလျှင် ကာရံစေလေသည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် ၄-ဘက်တို့၌လည်း တံခါးပေါက်ကို ဖောက်လုပ်စေတော်မူသည်။

ထိုသိမ်သမုတ်မည့် ဂါမခေတ်ကိုတပါးသော ဂါမခေတ်နှင့် ရောယှက်ခြင်းမရှိလေအောင် မြေကြီးထဲ၌ ရှိသော သစ်မြစ် မြေကြီးပေါ်၌ရှိသော သစ်ခက်အစရှိသည်တို့ကို ခုတ်ဖြတ်စေ၍ အနက်တထွာခန့် ဂါမခေတ်အပြင်နားကိုလှည့်၍ မြောင်းငယ်တူးစေတော်မူသည်၊ သိမ်သမုတ်မည့်နေရာ၏ အနောက်မျက်နှာတွင် ကျောင်းတော်ဆောက်လုပ်စေတော်မူ၍ မထေရ် ၁၁-ပါးတို့ကို နေစေတော်မူပြီးလျှင် ''ဤ ၁၁-ပါးသော မထေရ်သည် တပည့်ပဉ္စင်းငယ်တို့နှင့် အတူ သီဟိုဠ်ကျွန်း၌ သန့်ရှင်းစင်ကြယ်သော ပဉ္စင်းအဖြစ်ကို ဆောင်ယူခဲ့ကြသည်။ သီဟိုဠ်ကျွန်းသို့ မသွားမီ ရှေးကာလ၌ ကဲ့ရဲ့စွပ်စွဲခြင်းရှိမရှိကို စူးစမ်းဆင်ခြင်ရသေးသည်။ ကဲ့ရဲ့စွပ်စွဲခြင်းရှိလျှင်လည်း သိမ်သမုတ်ရာအခါတွင် ကြဉ်ထားမှ သင့်ချေမည်။ အကြောင်းမူကား သိမ်သည် သာသနာတော်၏ မူလဘူတဖြစ်သောကြောင့် ဖြစ်၏။ သိမ်သမုတ်ရာ၌ ကဲ့ရဲ့စွပ်စွဲခြင်းရှိသည့် ရဟန်းများပါလာလျှင် နောင်အခါ သာသနာတော်၏ ရန်သူ သာသနာတော်၏ ဆန့်ကျင်ဘက်ဖြစ်သော သူတို့သည် ကြွေးကြော်တော့မည်ဟု ကြံစည်စဉ်းစားမိသဖြင့် ပညာရှိ မင်းချင်းတို့ကို စူးစမ်းစေသည်ရှိသော် မထေရ်ကြီး ၁-ပါးနှင့် ပဉ္စင်းငယ် ၄-ပါးတို့မှာ သီဟိုဠ်ကျွန်းသို့ မသွားမီ ရှေးကာလ၌ အပြင်ကြီးမရှိသော်လည်း အနည်းငယ် ကဲ့ရဲ့စွပ်စွဲခံရဖူးကြောင်း သိရသဖြင့် ထိုငါးပါးသော မထေရ်တို့ကို ထုတ်ပယ်၍ ကြွင်းသော မထေရ်တို့နှင့် ပဉ္စင်းငယ် ၆-ပါးတို့ကိုသာ သိမ်သမုတ်စေတော်မူမည်ဟု စီရင်တော်မူလေသည်။

သိမ်သမုတ်ခါနီးသော ကာလတွင် မထေရ်မြတ် ၁၀ ပါးတို့တွင် အရှင်ဂုဏာကရ မထေရ်မှာ အနာရောဂါနှိပ်စက်သဖြင့် ကျောင်းသို့ ပြန်ကြွတော်မူရလေသည်။

## ရှေးဦးစွာသိမ်နုတ်ခြင်း

ကြွင်းကျန်သော—

၁။ အရှင် သီရိသဿဗောဓိသာမိထေရ်၊
၂။ အရှင် ကိတ္တိသိရိမေဃသာမိထေရ်၊
၃။ အရှင် ပရက္ကမဗာဟုသာမိထေရ်၊
၄။ အရှင် ဗုဒ္ဓဃောသသာမိထေရ်၊
၅။ အရှင် ဇိနာလင်္ကာရသာမိထေရ်၊
၆။ အရှင် ရတနမာလိသာမိထေရ်၊
၇။ အရှင် သဒ္ဓမ္မတေဇသာမိထေရ်၊
၈။ အရှင် ဓမ္မာရာမသာမိထေရ်၊
၉။ အရှင် ဘုဝနေကဗာဟုသာမိထေရ်၊

၉-ပါးတို့နှင့် ထိုမထေရ်တို့၏ တပည့်များဖြစ်ကြသော—

၁။ အရှင် သံဃရက္ခိတ၊
၂။ အရှင် ဓမ္မဝိလာသ၊
၃။ အရှင် ဥတ္တရ၊
၄။ အရှင် ဥတ္တမ၊
၅။ အရှင် ဓမ္မသာရ၊

ဟူသော ရဟန်းတော် ၅-ပါးပေါင်း ၁၄-ပါးသော မထေရ်မြတ်တို့သည် မြေကွက်လပ်အရပ်၏အနောက်မျက်နှာအရပ်ရှိကျောင်း၌ သီတင်းသုံးတော်မူကြကုန်၏။ ၎င်းနောက်မှ ဓမ္မစေတီမင်းသည် ''သိမ်သမုတ်ရာအရပ်၌ ရှေးသိမ်ဟောင်းမရှိလျှင် သိမ်သမုတ်ကံသည် အောင်မြင်သည်၊ ရှေးသိမ်ဟောင်းရှိခဲ့လျှင် ရောယှက်ခြင်းဖြစ်ရကား ကံမအောင်မြင်ရာချေ'' ထိုသို့ဖြစ်ရကား သိမ်မသမုတ်မီ ရှေးဦးစွာ သိမ်နုတ်ခြင်းကို ပြုစိမ့်မည်ဟူ၍ ကြံစည်စဉ်းစားတော်မူ၍ သိမ်နိမိတ် ထားရာအရပ်၏အတွင်း၌ အလျားအနံအားဖြင့် ငါးတောင်စီ အတိုင်းအရှည်ရှိသော အရပ်ကို မြေဖြူဖြင့်

ရေးသားစေတော်မူ၍ အကြောင်းသား စေတော်မူပြီးလျှင် အကြောင်း တကြောင်း၌ အကွက်လိုက်၍ သားစေတော်မူသည်။ ထိုသို့ သားစေတော် မူပြီးမှ မထေရ်မြတ် ၉-ပါးနှင့် ပဉ္စင်းငယ် ၅-ပါးပေါင်း ၁၄-ပါးသော မထေရ်ရဟန်းတို့ကို ပင့်ဖိတ်စေတော်မူ၍ သီမာသမူဟနနကံ=သိမ်နှုတ်ကံ ကို ဆောင်စေတော်မူသည်။ ပဌမအကြောင်း၌ ပဌမအကွက်တွင် ၁၄-ပါးသော ရဟန်းတို့ကို နေစေတော်မူ၍ အရပ် ၇-ပါးတို့၌ ကမ္မဝါစာ ၇-ကြိမ် ရွတ်ဖတ်စေတော်မူသည်။

၎င်းနောက် ဒုတိယအကွက်မှစ၍ အဆုံးကွက်တိုင်အောင် ကမ္မဝါစာ ဖတ်စေတော်မူပြီးလျှင် ဒုတိယအကြောင်း၌ ပဋိလုံအားဖြင့် အဆုံးကွက် မှစ၍ အစကွက်တိုင်အောင် ကမ္မဝါစာ ရွတ်ဖတ်စေတော်မူသည်။ ဤသို့ လျှင် အနုလုံ ပဋိလုံအားဖြင့် အကြောင်းတိုင်း အကွက်စေ့အောင် ဖတ်စေ တော်မူ၍ သီမာသမူဟနနကံကို ဆောင်ရွက်စေတော်မူခဲ့လေသည်။ ဤ သိမ်နှုတ်မှုကံသည် နတ်တော်လဆန်း ၇-ရက် စနေနေ့တွင် ပြီးဆုံးအောင် မြင်ခဲ့လေသည်။

ဝေံ ဟံသာဝတီပတိ၊ ရာဇာ ဓမ္မစေတိ ဝိဒ္ဒါ။
သာသနဝုဍ္ဍိဘာဝါယ၊ ဗဟုံ ခေါ ဥဿုက္ကံ အကာ။

## သိမ်သမုတ်ခြင်း

သက္ကရာဇ် ၈၃၈-ခု နတ်တော်လဆန်း ၈-ရက်မြောက်သော တနင်္ဂနွေ နေ့တွင် ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းတရားသည် သီမာသမ္မုတိကံ ဆောင်ရွက်တော်မူစေခြင်းအကျိုးငှာ နံနက်စောစော ထွက်တော်မူ၍ သိမ်သမုတ်ရာအရပ်၏ အပလေးထောင့်တို့၌ နိမိတ်တိုင် ၄-တိုင်တို့ကို စိုက်ထူစေတော်မူသည်။ ၎င်းပြင် တူရူအရပ် လေးမျက်နှာတို့၌လည်း အနယ်းငယ်ချုံး၍ နိမိတ်တိုင်း ၄-တိုင်တို့ကို စိုက်ထူစေတော်မူသည်။ နိမိတ်တိုင် ၈-တိုင်အတွင်း၌ ကြိုးသား၍ အပိုင်းအခြား ထင်ရှားစေ ခြင်းအကျိုးငှာ အနက်ဘာထွာခန့် မြောင်းငယ်တူးစေပြီးလျှင် အတွင်းအပ မရောယှက်ရလေအောင် သစ်ကိုင်းသစ်ခက် စသည်တို့ကို ဖြတ်စေ၍ အမျိုး

မျိုး အဖုံဖုံ စုံသင်စွာ တန်ဆာဆင်စေပြီးလျှင် မထေရ်မြတ် ၁၄-ပါးတို့ကို အရှေ့အရပ်မျက်နှာမှစ၍ အစဉ်အတိုင်း အရပ်ရှစ်မျက်နှာတို့၌ နိမိတ်ရှစ်ကြိမ်တိုင်အောင် ကြားစေရ၍ ရှေးဦးစွာ ကြားခဲ့ပြီးနိမိတ်ကို ထပ်၍ ကြားစေခြင်းဖြင့် စပ်မိအောင်ပြု၍ ၃-ကြိမ်တိုင်အောင် လှည့်လည်၍ ကြားစေတော်မူသည်။

ထို့နောက် နရသူရအမတ်အပိုင်စားရသော ဂါမခေတ်၏ ထက်ဝန်းကျင်အရပ်တို့၌ တံခွန်ကုက္ကား မုလေးပွားများ လွှင့်ဘင်ဖွဲ့ချိပ်၍ စည်ကြီးသံ ခရုသင်းသံ အစရှိသည်တို့ကို အမှတ်ပြုစေ၍ ခရီးသွားရဟန်းတို့၏ သွားလာခြင်းကို တားမြစ်ခြင်းငှာရင်း၊ ထိုဂါမခေတ်အတွင်းရှိ အခြားသော ရဟန်းတို့ကို ထိုဂါမခေတ်မှ ပြင်ပသို့ ထုတ်ဆောင်ခြင်းငှာလည်းကောင်း ထားရှိသော အစောင့်အရှောက်လူများအထံသို့ မြင်းသည်တော်၊ ခြေမြန်တော်တို့ကိုစေလွှတ်၍ တပါးသောရဟန်းများ မရှိကြောင်း အသေအချာသိရှိပြီးမှ သီမာသမ္မုတိကမ္မဝါစာကို ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးနှင့် ပြည့်စုံစွာ ဌာန်ကရိုဏ်းပီသအောင် ၇-ကြိမ်ဖတ်စေတော်မူ၍ သိမာသမ္မုတိကံကို ပြီးဆုံးစေတော်မူလေသည်။ သိမာသမ္မုတိကံပြီးလျှင် ပြီးခြင်းစည်မောင်း ၃-ကြိမ်တီးခေါက်စေ၍ ကြွေးကြော်မှုကို ပြုစေတော်မူသည်။

**မှတ်ချက်။** ။(သက္ကရာဇ် ၈၃၈-ခု နတ်တော်သဆန်း ၈-ရက် တနင်္ဂနွေနေ့တွင် သိမ်သမုတ်ကံပြီးစီးအောင်မြင်သည်။)

## ကလျာဏီသိမ်ဟု အမည်ပေးခြင်း

သိမ်၏အမည်ကိုလည်း သီဟိုဠ်ကျွန်းဘုရားရှင် ရေသပ္ပါယ်တော်မူရာ ကလျာဏီမြစ်နဒီ၌ ဥဒကုက္ခေပသိမ်စီရင်၍ ပဥ္စင်းခံတော်မူကြသော ရဟန်းတို့ သမုတ်အပ်သောကြောင့် ကလျာဏီသိမ်ဟူ၍ အမည်ပေးတော်မူလေသည်။

ကလျာဏီကာတိက္ခူနံ၊ ယာ သီမာ သမ္မတာ ဟိ ခေါ။
သာ သီမာ ကလျာဏီတွေဝ၊ အဓုနာပိ ပဝတ္တတိ။

## ကလျာဏီသာသနာ၀င် သတ္တမပိုင်း အပြီးသတ်ခြင်း

ဤတွင် ကလျာဏီသိမ်သမုတ်ရန် စီစဉ်ပုံမှစ၍ သိမ်နုတ်ပုံ၊ သိမ်သမုတ်ပုံ တို့ကို ပြဆိုရာ ကလျာဏီသာသနာ၀င် သတ္တမပိုင်း အပြီးတည်း။

သုဇာနနံ၊ ပသာဒါယ၊ သံဝေဂတ္ထာယ မေကတော။
ကလျာဏီသာသနဝံသေ၊ သတ္တမော သမတ္တော ဟိ ဝေ။

# ကလျာဏီသာသနာဝင်

## အဋ္ဌမပိုင်း

### ပဉ္စင်းခံရန် အကြောင်းကြားကြခြင်း၊ ဥပဇ္ဈာယ်ဆရာရှာခြင်း

ကလျာဏီသိမ်မသမုတ်မီ ရှေးဦးမဆွ အစကပင် သီဟိုဠ်ကျွန်းသို့ ကြွတော်မူကြ၍ ပဉ္စင်းခံခဲ့သော ရဟန်းများ ပြန်လည်ရောက်ရှိချိန်မှ စ၍ သဒ္ဓါတရားနှင့် ပြည့်စုံသည့် များစွာသော ဂိုဏ်းဆရာမဟာထေရ်တို့သည် ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းထံ ကြွရောက်တော်မူကြ၍....''ဒကာတော်ရေမြေရှင်မင်းတရား....ငါတို့၏ ရဟန်းပဉ္စင်းအဖြစ်သည် ယုံမှားသံသယရှိခဲ့ပေသည်။ ငါတို့သည် သီဟိုဠ်ကျွန်းမှ ပဉ္စင်းခံလာကြသော မထေရ်တို့၏ အထံ၌ ပဉ္စင်းခံလိုကြသည်''ဟု မိန့်ကြားသိစေကြကုန်၏။ ထိုအခါ ဓမ္မစေတီမင်းကြီးက....အို အရှင်ဘုရားတို့....အရှင်ဘုရားတို့ ထပ်မံ၍ ပဉ္စင်းခံလိုကြသည်ကို ပဉ္စင်းမခံနှင့်ဟု တပည့်တော် တားမြစ်ခြင်းငှာ မသင့်ပါချေ။ ပဉ္စင်းမခံလိုသူတို့ကိုလည်း ထပ်မံ၍ ပဉ္စင်းခံရမည်ဟု တပည့်တော် မတိုက်တွန်းဝံ့ပါချေ၊ ''ဝိနည်းအဆုံးအဖြတ်သည်သာ ပမာဏဖြစ်ချေသည် ဝိနည်းတရားဥပဒေတော်ကိုသာ အရှင်ဘုရားတို့ ဆင်ခြင်တော်မူပါကုန်ဘုရား''ဟု လျှောက်ထားတော်မူလေသည်။

ၒင်းနောက် ဓမ္မစေတီမင်းကြီး ဆင်ခြင်အောက်မေ့တော်မူသည်မှာ—''ရဟန်းပဉ္စင်းအဖြစ်၌ ဥပဇ္ဈာယ်ဆရာသည်လည်း အရေးကြီးပေသည်'' ဥပဇ္ဈာယ်ဆရာအဖြစ်ကိုလည်း ဆယ်ဝါရပြီး၍ ဗျတ္တိဗလနှင့်

ပြည့်စုံသော ရဟန်းကိုသာ ဥပဇ္ဈာယ်ပြုလုပ်၍ ပဥ္စင်းခံပေးရန် ဘုရားသဗ္ဗညုခွင့်ပြုတော်မူသည်။ သီဟိုဠ်ကျွန်း ကလျာဏီနဒီသိမ်၌ ပဥ္စင်းခံခဲ့သော ဤရဟန်းတို့သည် ၁-၀ါ မျှပင် မရသေးချေ။ ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးခြင်းငှာ မထိုက်ကုန်။ ဥပဇ္ဈာယ်ပြု၍ ပဥ္စင်းခံပေးခြင်းငှာ ထိုက်သော ဟိုသိဠ်ကျွန်း မဟာဝိဟာရဝါသီရဟန်းတို့ထံ၌ ပဥ္စင်းခံ၍ ဤရာမညတိုင်းသို့ တဖန် ပြန်ကြွလာသော ၁၀-၀ါ ရပြီးသော မထေရ် ၁-ပါးရမှ သင့်ချေမည်” ဟု ကြံစည်အောက်မေ့တော်မူ၍ စုံစမ်းရှာဖွေတော်မူလေရာ သုဝဏ္ဏသောဘနအမည်ရှိသော မထေရ်တပါးရှိကြောင်း သိရှိတော်မူသဖြင့် နန်းတော်သို့ ပင့်ဖိတ်၍ မေးမြန်းလျှောက်ထားတော်မူလေရာ အရှင်သုဝဏ္ဏသောဘနမထေရ်က—

ဒကာတော်ရေမြေ့ရှင်မင်းတရား.... “မိမိသည်သီဟိုဠ်ကျွန်း ကလျာဏီမြစ်၌ ဥဒကုက္ခေပသိမ်ဝိုင်း၍မြားမြောင်လှစွာသော ကာရကသံဃာတော်များ၏ ချီးမြှောက်မှုဖြင့် အရှင်ဝနရတန အမည်ရှိသော မဟာသံဃရာဇာလောင်းမထေရ်ကို ဥပဇ္ဈာယ်ပြု၍လည်းကောင်း၊ ရာဟုလဘဒ္ဒအမည်ရှိသော “ဝိဇယဗာဟုသံဃရာဇာ” အမည်ရှိသော မထေရ်မြတ်ကို ကမ္မဝါစာဆရာပြု၍လည်းကောင်း ပဥ္စင်းခံခဲ့သည်။ သီဟိုဠ်ကျွန်း၌ ပဥ္စင်းခံခဲ့သည်မှ စ၍ ယခုအခါ ၂၆-ဝါ ရရှိပေပြီဘုရား” မိန့်ကြားတော်မူလေ၏။

ထိုစကားကို ကြားလေလျှင် ရာမာဓိပတိ ဘွဲ့ခံ ဓမ္မစေတီ မင်းတရားသည် လွန်စွာ ဝမ်းမြောက် နှစ်သက် ရှင်အားတက်တော်မူလျက် “အရှင်ဘုရား....အရှင်ဘုရားသည် ပဥ္စင်းလောင်းတို့၏ ဥပဇ္ဈာယ်ဆရာ ပြုတော်မူပါ” ဟု လျှောက်ထား တောင်းပန်လေရာ အရှင်သုဝဏ္ဏသောဘနမထေရ်မြတ်က—

“ဒကာတော် ရေမြေ့ရှင် မင်းတရား....ရှေးယခင်အခါ ရဟန္တာသခင် အရှင်မြတ်တို့သည် ကိုယ်ကျိုး ကိုယ့်စီးပွားကို ငဲ့ကွက်ခြင်း အလျှင်းရှိတော်မမူပဲ တိုင်းရှန်ပြည်နား ပစ္စန္တရစ် အရပ်ဒေသများ၌ပင် ဘုရားရှင် သာသနာတော်၏ အကျိုးစီးပွားကို ပြုတော်မူတော်တိ၏၊ မိမိသည်လည်း ရှေးရှေးအခါက ရဟန္တာသခင် အရှင်မြတ်ကြီးတို့၏ ကျင့်ရိုး

ကျင့်စဉ်ကို လိုက်၍ ဘုရားမြတ်စွာ သာသနာ့ အစီးအပွားကို ပြုမည်ဟု ဝန်ခံတော်မူလေသည်။

သုဝဏ္ဏသောဘနော ထေရော၊ သောဘောတုံ ဇိနသာသနံ။
ဘဝိတုံ ဥပဇ္ဈာယေန၊ ရာဇိန္ဒော ပရိညံ အဒါ။

## အရှင်ဝပ္ပကိတ္တိထေရ် အစပြု၍ များစွာသော မထေရ်တို့ လူထွက်၍ ပဉ္စင်း ခံကြပြီ

သိမ်လည်းပြည့်စုံပြီ ဥပဇ္ဈာယ်ပြုလုပ်မည့် မထေရ်မြတ်သည်း ရှိပြီဟု သိရှိကြသည့်အတိုင်း ရှေးယခင်က တောင်းပန်ဖူးသော ရဟန်းတို့နှင့်တကွ ရဟန်းများစွာတို့သည် အသစ်တဖန် ပဉ္စင်းခံလိုကြကြောင်း ရာမာဓိပတိ ဘွဲ့ခံ မွေစေတီမင်းထံ စာသွင်းကြကုန်၏။ ကိုယ်တိုင် နန်းတော်ကြွရောက် တောင်းဆိုကြကုန်၏။ မင်းတရားသည် ၈၃၈ ခုနှစ် နယုန်လဆန်း ၉-ရက် တနင်္လာနေ့တွင် ကလျာဏီ သိမ်တော်သို့ ကြွတော်မူ၍ သီဟိုဠ်ကျွန်းမှ ပဉ္စင်းခံကြသော ရဟန်းတော်တို့နှင့် အရှင်သုဝဏ္ဏသောဘန မထေရ်မြတ်ကို "ဤမည်သော ရဟန်းတို့သည် အရှင်ဘုရားတို့၏ အထံ၌ ပဉ္စင်းခံလိုကြပါကုန်သည်။ ပဉ္စင်း ခံပေးတော်မူကြပါကုန် ဘုရား"ဟု လျှောက်ထားလေသည်။

ထိုအခါ သီဟိုဠ်ကျွန်း ကလျာဏီ နဒီသိမ်မှ ရဟန်းခံ လာခဲ့ကြသော ပဉ္စင်းငယ်တို့က "ငါတို့သည် မင်းကြီး၏ လျှောက်ထား တောင်းပန်ချက်အရ သီဟိုဠ်ကျွန်း ကလျာဏီနဒီသိမ်၌ ပဉ္စင်းခံခဲ့ကြကုန်၏။ ထိုအခါ လူထွက်၍ အဝတ်ဖြူ ဝတ်ပြီးမှ တဖန် သင်္ကန်းပေးခြင်း သရဏဂုံ ပေးခြင်းဖြင့် သာမဏေအဖြစ်၌ တည်ပြီးမှ ပဉ္စင်းခံခဲ့ကြသည်။ အဘယ်ကြောင့် ဤသို့ ပြုသနည်းဟူမူ ဤလက်ခါခေါ်ဆို သီဟိုဠ်ကျွန်းသို့ လာ၍ ပဉ္စင်းခံကြသော ရဟန်းတော်တို့သည် ရှေးယခင် ပဉ္စင်းအဖြစ်၌ မသန့်ရှင်း မစင်ကြယ်ဟု အမှတ်သညာ ရှိကြ၍ ပဉ္စင်းခံ လာကြကုန်၏။ထိုသို့ဖြစ်လျက် နောင်အခါ ဝိမိတို့၏ တပည့်တပန်း အစရှိသော ရှေးအထက်က ဝါငယ်သော ရဟန်းတို့ကို မြင်သောအခါ နှလုံး မသာမယာ ရှိ၍

ဝါသစ်ကစ၍ မရေတွက်ပဲ ဝါဟောင်းကို ရေတွက်ခြင်းကို မနှစ်သက်သောကြောင့် လူထွက်၍ ပဉ္စင်းခံရသည်။ သီဟိုဠ်ကျွန်း အလေ့အကျက်ဘုံးတပ်းစဉ်လာအတိုင်း ပြုကြကုန်အံ့''ဟူ၍ ဝန်ခံကြကုန်၏။

ယင်းသို့ ဝန်ခံပြီးမှ အရှင်ဓမ္မကိတ္တိ အမည်ရှိသော ဂိုဏ်းဆရာကို အစပြု၍ သီဟိုဠ်ကျွန်း အလေ့အကျက် အစဉ်အလာအတိုင်း ပြုပြီးလျှင် အရှင်သုဝဏ္ဏသောဘနထေရ်ကို ဥပဇ္ဈာယ်ပြု၍ လင်္ကာ ခေါ်ဆိုကျွန်း သီဟိုဠ်မှ ပြန်ကြွလာသော မထေရ်မြတ် ၉-ပါးတို့တွင် ၂-ပါးစီ ၂-ပါးစီသော မထေရ်တို့ကို ဘလှည့်စီ ကမ္မဝါစာဆရာ ပြုစေ၍ ပဉ္စင်းခံကြကုန်၏။

ဓမ္မကိတ္တိ အာဒိကတ္ထာ၊ ဗဟဝေါ ဂဏပုင်္ဂဝေ။
ဥပဇ္ဈံ သုဝဏ္ဏံကတွာ၊ ဥပသမ္ပာဒယိံသု ဝေ။

## ပဌမဆုံး ကလျာဏီ ဥပုသ်ပြုပွဲကြီး

ပဌမဆုံး ပဉ္စင်းခံရာဖြစ်သော သက္ကရာဇ် ၈၃၈-ခုနှစ် နတ်တော်လဆန်း ၉-ရက် တနင်္ဂလာနေ့တွင် ရာမာဓိပတိ ဘွဲ့ခံ ဓမ္မစေတီမင်းကြီးသည် ကိုယ်တိုင် ပဉ္စင်းခံရာ ကလျာဏီ သိမ်တန်ဆောင်းဝင်းသို့ထွက်ကြွတော်မူ၍ ကာရက သံဃာတော်၊ ဥပဇ္ဈာယ် ဆရာတော်၊ကမ္မဝါ ဆရာတော်များနှင့် ပဉ္စင်းခံပြီး ရဟန်းသစ်တို့အား နံနက်အခါ ဆွမ်းခဲဖွယ် ဘောဇဉ်ချိုချဉ် အရသာ အဖြာဖြာ တို့ကိုလည်းကောင်း၊ ညနေချမ်းအခါ အဖျော်ယမကာမျိုးစုံတို့ကိုလည်းကောင်း ဆက်ကပ် လှူဒါန်း၍ ကုသိုလ်ပူညာ ပြုတော်မူသည်။ ဓမ္မစေတီမင်းတရားသည် ညဥ့်အခါ ပဉ္စင်းခံပြီးသည်၏အဆုံး၌ ကောင်းချီးပေးစေခြင်း အကျိုးငှာ စည်ကြီး၊ ခွက်ခွင်း၊ ခရုသင်း အစရှိသည်တို့ကို ထားစေတော်မူ၍ ပဉ္စင်းခံပြီးသော ရဟန်း သံဃာတော်တို့ကို ရေတွက်ခြင်းအကျိုးငှာ လိမ္မာကျွမ်းကျင်သော စာရေး အမတ် ပညာရှိတို့ကို ထားတော်မူခဲ့၍ ညဥ့်အခါ ဥပသမ္ပဒကံ ဆက်လက်၍ စီမံဆောင်ရွက်နိုင်စေခြင်း အကျိုးငှာ များစွာသော ဆီမီးတိုင်တို့ကို ညှိထွန်းစေ၍ နေဝင်ခါနီးအချိန်တွင်

နန်းတော်သို့ ပြန်ကြွတော်မူလေသည်။ နတ်တော်လဆန်း ၉-ရက်နေ့မှ စ၍ ၁၃-ရက်နေ့အထိ ထပ်၍ ပဉ္စင်းခံကြသော ဂိုဏ်းဆရာ သံဃာတော်တို့၏ အရေအတွက်မှာ ၂၄၅-ပါး အရေအတွက်ရှိသော ဟူ၏။

ရာမာဓိပတိ ဘွဲ့ခံ ဓမ္မစေတီမင်းကြီးသည် နတ်တော်လဆန်း ၁၄-ရက်စနေနေ့တွင် ထို ၂၄၅-ပါးသော ဂိုဏ်းဆရာတို့ကို "အရှင်ဘုရားတို့ အရှင်ဘုရားတို့သည် နက်ဖန် ဥပုသ်နေ့တွင် အရှင်ဘုရားတို့၏ ဥပဇ္ဈာယ်ဆရာတော်၊ ကမ္မဝါစာ ဆရာတော်၊ ကာရက သံဃာတော် အရှင်မြတ်တို့နှင့် တပေါင်းတည်း ဥပုသ်ပြုတော်မူကြပါကုန် ဘုရား။ ဥပုသ်ပြုပြီးလျှင် တပည့်တော်က လှူဒါန်းပူဇော်ဖွယ်များကို လှူဒါန်းပူဇော်ပါမည်" ဟု ပင့်ဖိတ်တော်မူလေသည်။

နတ်တော်လပြည့် ဥပုသ်နေ့တွင် ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းတရားသည် များစွာသော အခြံအရံနှင့်တကွ နံနက်စောစော ကလျာဏီသိမ်သို့ ထွက်တော်မူ၍ နေရာထိုင်ခင်းများကို ခင်းစေတော်မူပြီးလျှင် ပဉ္စင်းခံပြီးသော ၂၄၅-ပါးသော ရဟန်း၊ သီဟိုဠ်ပြန် ရဟန်းခံပေးသော ရဟန်းတို့ကို စောင့်မျှော်ဆိုင်းငံ့လျက်နေတော်မူသည်။ မကြာမီအတောအတွင်းမှာပင် ရဟန်းများအားလုံး ရောက်ရှိတော်မူလာကြ၍ တပေါင်းတည်းစည်းဝေးတော်မူကြပြီးလျှင် ကလျာဏီသိမ်တော်ကြီး၌ သံဃဥပုသ်ပြုတော်မူကြကုန်သည်။

## ဆွမ်းခဲဖွယ်ဘောဇဉ်ကပ်လှူခြင်းနှင့် သင်္ကန်းစသည်လှူဒါန်းခြင်း

ဥပုသ်ပြုပြီး၍ ဆွမ်းဘုဉ်းပေးချိန်ရောက်သောအခါ ဓမ္မစေတီမင်းတရားသည် ဇုစုပေါင်း ၂၆၀-သော ရဟန်းတို့အား အထူးထူးသော ဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာ အမျိုးမျိုးတို့ဖြင့် ပြုစုလုပ်ကျွေး လှူဒါန်းတော်မူသည်။ ၎င်းပြင် ချည်ချောသင်္ကန်းလျာတစုံစီ၊ ကွမ်းသီး၊ ကွမ်းညှပ်စသည်ပါရှိသော အဖုံးနှင့်တကွ ဖြစ်သော ကွမ်းအစ်တလုံးစီ၊ တောထန်းယပ်တောင်တချောင်းစီ၊ စလူထီးတလက်စီ၊ အဖုံးအခြေနှင့်တကွ သပိတ်တလုံးစီ အသီးသီး လှူဒါန်းတော်မူခဲ့သည်။

ရာဇာ သော ရာမာဓိပတိ၊ မဟာဒါနံ ပဝတ္တယိ။
ဒါနေပိ အတိသူရော ဟိ၊ သာသနေ ပသန္နော သုဓီ။

## ကလျာဏီတိသဿတံဆိပ်တော်လှူဒါန်း

ပဉ္စင်းသစ် ၂၄၅-ပါးတို့ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးတော်မူသော အရှင်သုဝဏ္ဏသောဘန မထေရ်အား "ကလျာဏီတိဿမထေရ်"ဟူသော တံဆိပ်နာမံတော်ကိုလည်း လေးမြတ်ကြည်ဖြူ ကပ်လှူပူဇော်တော်မူလေသည်။

## နေ့စဉ်မပြတ်ပဉ္စင်းခံကြ

ဓမ္မစေတီမင်းတရားသည် ကလျာဏီသိမ်တော်၌ ပဉ္စင်းခံလာကြသော ရဟန်းတော်တို့အား ဆွမ်းအစရှိသော ပစ္စည်းဖြင့် ပြုစုလုပ်ကျွေးလှူဒါန်းခြင်းငှာ များစွာသော စာရေးအမှုထမ်းတို့ကိုလည်း စီမံခန့်ထားတော်မူလေသည်။ ပဉ္စင်းခံပြီးသည့်အဆုံး၌ (ပဉ္စင်းခံပွဲပြီးတိုင်း) ကောင်းချီးသြဘာထောမနာပြုရန် အကျိုးငှာ စည်ကြီး၊ ခွက်ခွင်း၊ ခရုသင်းတီးမှုတ်မည့်သူတို့ကိုလည်း ခန့်ထားတော်မူသည်။ နေ့စဉ်မပြတ် များစွာသော ရဟန်းတို့ ကြွရောက်တော်မူ၍ ပဉ္စင်းခံလာကြကုန်၏။

### ကလျာဏီသာသနာဝင် အဋ္ဌမပိုင်း အပြီးသတ်ခြင်း

ဤဘွင် ပဉ္စင်းခံရန် အကြောင်းကြားခြင်း၊ ဥပဇ္ဈာယ်ဆရာရှာခြင်း၊ အရှင်ဓမ္မကိတ္တိထေရ်ကို အစပြု၍ များစွာသော ရဟန်းတို့ကို ပဉ္စင်းခံပေးခြင်း၊ ပဌမဆုံး ကလျာဏီဥပုသ်ပြုပွဲကြီးအကြောင်း၊ ဓမ္မစေတီမင်းကြီး၏ ဒါနကောင်းမှု၊ အရှင်သုဝဏ္ဏသောဘန မထေရ်အား ကလျာဏီတိဿတံဆိပ်တော် လှူဒါန်းခြင်း စသည်တို့ကို ပြဆိုရာဖြစ်သော ကလျာဏီသာသနာဝင် အဋ္ဌမပိုင်း အပြီးတည်း။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတေ။
ကလျာဏီသာသနံဝံသေ၊ သမတ္တော အဋ္ဌမော ဟိဝေ။

# ကလျာဏီသာသနာဝင်

## နဝမပိုင်း

### ကတိကဝတ် တောင်းပန်လျှောက်ထားခြင်း

ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းတရားသည် ဘုရားမြတ်စွာသာသနာတော်၌ သာသနာ့ဝန်ထမ်း ရဟန်းတော်တို့ကို ရုပ်ရည် ရူပကာယ သပ်သပ်ပါယ်ပါယ် ကြည်ညိုဖွယ်ကို ဆောင်တော်မူကြသည့် သာသနာ့ ဝန်ထမ်းတို့ချည်းသာ ဖြစ်စေလိုတော်မူသည်။ ဒါယကာ၊ ဒါယိကာမတို့၏ မြင်ကွင်းတွင် မသန့်ရှင်း မကြည်လင်စေသည့် ပုဂ္ဂိုလ်မျိုးကို သာသနာတော်၌ ဝင်ရောက်ထမ်းရွက်စေရန် ဆန္ဒရှိတော် မမူပါချေ။ သို့ဖြစ်၍ အလုံးစုံသော ရဟန်းသံဃာတော်တို့ကို ညီညာတသွေး စည်းဝေးစေတော်မူ၍ ဤမည်သော ကတိကဝတ်ပြုမည့် အကြောင်းကို တောင်းပန်လျှောက်ထားတော်မူသည်။

အရှင်ဘုရားတို့....ယနေ့မှစ၍ ရှင်သာမဏေပြုလိုပါသည်ဟု အရှင်ဘုရားများထံ လာရောက်လျှောက်ထားခဲ့လျှင် သံပူကပ်သောသူ၊ ခိုးမှုပြုသောသူ၊ နှောင်အိမ်ဖောက်သောသူ၊ မင်းအာဏာပြစ်မှားသောသူ၊ အိုမင်းမစွမ်းရှိသောသူ၊ ပြင်းစွာအနာနှိပ်စက်သောသူ၊ လက်ပြတ်ခြေပြတ်အစရှိသောအင်္ဂါချို့တဲ့သောသူ၊ကုန်းသောသူ၊ ခြေခွင်သောသူ ကောက်သောသူ၊ ပဒိသတ်ကို ဖျက်ဆီးဘတ်သောသူ၊ လူမြင်၍ပြက်ရယ်ပြုဖွယ်ဖြစ်သောသူ၊ ကဲ့ရဲ့ဖွယ်ဖြစ်သောသူ၊ စိတ်ကြည်ညိုဖွယ်မရှိသောသူတို့ကို လက်ခံ၍ ရှင်သာမဏေပြုပေးတော်မမူကြပါကုန်လင့်ဘုရား။

အရှင်ဘုရားတို့ထံ ပဉ္စင်းခံလိုပါသည်ဟု လျှောက်ထားခဲ့လျှင် တပည့်တော်အားသော်လည်း အကြောင်းကြားတော်မူကြပါကုန်။ သို့တည်းမဟုတ် ဟံသာဝတီနေပြည်တော်၌ သီတင်းသုံးတော်မူကြသော ဂိုဏ်းဆရာတို့အားသော်လည်း အကြောင်းကြားတော်မူကြပါကုန်။ အကယ်၍ မကြားပဲ မိမိတို့ နေရာအရပ်၌ အရှင်ဘုရားတို့ ပဉ္စင်းခံခြင်းကို ပြုကြလျှင် ပဉ္စင်းလောင်း၊ အမိ အဖ ဆွေမျိုး အရှင်ဘုရားတို့ အလုပ်အကျွေးဒကာတို့အား မင်းဒဏ်စီရင်ခြင်းခံရမည်။

## ဆေးကု၊ ဂဏန်းတွက်သောရဟန်း စသည်တို့ နေခွင့်မပေးရန်

ရင်းပြင် ဆေးကုသောရဟန်း၊ ဟူးရားဂဏန်းတွက်သောရဟန်း၊ လက်သမားလုပ်သောရဟန်း၊ ဆင်စွယ်ပွတ်မှုကို ပြု၍ အသက်မွေးသောရဟန်း၊ မင်းအမက်ကြီးစသော အစိုးရအရာရှိကြီးငယ်တို့၏ သားငယ်တို့ကို ထိန်းယ ချီပိုးသောရဟန်း၊ ဥပဒ်ကြားခြင်း နိမိတ်ဖတ်ခြင်း အိပ်မက်ဖတ်ခြင်းတို့ဖြင့် အသက်မွေးသောရဟန်း၊ ပန်းချီထိုးမှု လက်သမားမှု ဆင်စွယ်ပွတ်မှု ကသယ်ပေးမှု ဆင်းတုထုမှု စသည်တို့ကိုပြု၍ ကာမဂုဏ်စည်းစိမ်ခံစားသော သူတို့ကဲ့သို့ အသက်မွေးမှုပြုသောရဟန်း၊ ဝါခင်းယာခင်းများသို့ သွား၍ ဆွဲသွဲငင်ငင်အသံဖြင့် တရားဟော၍ ဝါဂွမ်းရလျှင် ကုန်သွယ်မှုကို ပြုသောရဟန်း၊ သလေး မုယော အစရှိသော လယ်ခင်းသို့သွား၍ တရားဟောပြီး စပါးခံ၍ ကုန်သွယ်မှုကိုပြုသောရဟန်း၊ ရေတ်ခင်းသို့သွား၍ တရားဟောပြီးလျှင် ချောတ်သီးကိုခံ၍ ကုန်သွယ်ခြင်းကို ပြုသောရဟန်း၊ ထို့မှတပါး အမျိုးမျိုး အဖုံဖုံ ကုန်သွယ်မှုကို ပြုသောရဟန်း၊ ကြွေအံကျူးသောရဟန်း၊ သေရက်ကျူးသောရဟန်း၊ ခိုးဆိုးတိုက်ခိုက်၍ အသက်မွေးသောရဟန်း၊ မင်းချင်းယောကျ်ားတို့နှင့် ရောထွေးယှက်တင်နေသောရဟန်း၊ အခြားသော မိန်းမယောကျ်ားတို့နှင့် ရောရောနှောနှောနေထိုင်သောရဟန်း-ဖော်ပြပါရဟန်းများ အရှင်ဘုရားတို့ထံ နေထိုင်လိုကြပါကုန်သည်ဟု လျှောက်ထားခဲ့လျှင် နေထိုင်ခွင့်ပြုတော်မမူကြပါလင့်။

## သဒ္ဓါတရားပြည့်စုံ သိက္ခာလုံခြုံသော ရဟန်းတို့ကိုသာ နေခွင့်ပေးရန်

သဒ္ဓါတရားနှင့် ပြည့်စုံသောရဟန်း၊ သိက္ခာပုဒ်တော်အတိုင်း ကောင်းစွာကျင့်သောရဟန်း၊ ပါဠိ အဋ္ဌကထာကို သင်ယူချင်ပိုသောရဟန်းတို့ကိုသာ နေလိုလျှင် ခွင့်ပေးတော်မူကြပါကုန်ဘုရားဟု လျှောက်ထားတော်မူသည်။

## ပရိက္ခရာရှစ်ပါး ထောက်ပံ့၍ ပဉ္စင်းခံစေမည် စသည် လျှောက်ထား

ရင်းပြင် ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းသည် အောက်ပါကတိကဝတ်ကို ဆက်လက်၍ လျှောက်ထားတော်မူသည်။ ဆရာတော်အရှင်သူမြတ်တို့ဘုရား....ဆရာတော်အရှင်သူမြတ်တို့သည် ရှင်သာမဏေပြုပေးတော်မူပါဟု အမျိုးသားတဦးဦး လျှောက်ထားလာခဲ့လျှင် အက္ခရာအရေးအသားတို့ကို သင်စေ၍ အရွတ်အဖတ်ပီသအောင် လေ့ကျက်စေပြီးလျှင် သရဏဂုံသိက္ခာပုဒ်တို့ကို သင်စေပြီးမှ ရှင်သာမဏေ ပြုပေးတော်မူကြပါကုန်။

အသက်နှစ်ဆယ်ပြည့်ဖိုးကြွယ်သော သာမဏေတို့က ပဉ္စင်းခံလိုပါသည်ဟု လျှောက်ထားခဲ့လျှင် ရဟန်းတို့ ဖြည့်ကျင့်ရသော သီလ ၄-ပါးကို အကျဉ်းမိန့်ကြားတော်မူ၍ ဘိက္ခုပါတိမောက်နှင့် ခုဒ္ဒသိက္ခာကျမ်းကို အစမှ အဆုံးထိအောင် သင်စေ၍ အာပတ်ဖြေဒေသနာကြား ပစ္စဝေက္ခဏာ ၄-ပါးတို့ကို နှုတ်ဘက်ရွရွ အာဂုံရအောင် လေ့ကျက်စေပြီးမှ တပည့်တော်အားသော်လည်းကောင်း၊ ဟံသာဝတီနေပြည်တော်ရှိ ဂိုဏ်းဆရာတို့အားသော်လည်းကောင်း အကြောင်းကြားတော်မူကြပါကုန်။ ထိုအခါ တပည့်တော်က ပရိက္ခရာရှစ်ပါး ထောက်ပံ့လှူဒါန်း၍ ပဉ္စင်းခံစေပါမည်။ အရှင်ဘုရားတို့ကိုယ်တိုင်ကလည်း ဘုရားဇိနေန်ပညတ်တော် သိက္ခာပုဒ်တော်အတိုင်း ကြိုးစားအားထုတ်၍ ကျင့်ဆောင်တော်မူကြပါကုန်။

ရှေးယခင်အခါ ရာမညတိုင်းတွင် ရဟန်းတို့ အသီးအခြား ကွဲပြား ကြကုန်သောကြောင့် ဤကဲ့သို့သော သာသနာတော်အညစ်အကြေး ဘေးရန်နှင့် ဆူးငြောင့်များ ဖြစ်လေသည်။ ယခုမူကား အရှင်ဘုရား တို့အားလုံးသည် သဒ္ဓါတရားနှင့် ပြည့်စုံကြသူသည်း ဖြစ်ကြ၍ မဟာ ဝိဟာရ အနွယ်အဆက်ဖြစ်သော သီဟိုဠ်ပဉ္စင်းအဖြစ်ကို ယူအပ်ပြီး ဖြစ် ကြသောကြောင့် သီဟိုဠ်မဟာထေရ်တို့ကဲ့သို့ ဆိရိတ်ခြင်း၊ သက်န်းဝတ် ခြင်းကို ပြု၍ တပေါင်းတည်း ဖြစ်ပါစေ စသည်ဖြင့် လျှောက်ထား တော်မူလေသည်။

## သာသနာတော်ကို သုတ်သင်ခြင်း

ဇင်းပြင် ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းသည် ရာမညတိုင်း၌ ရဟန်း တို့အား ကတိကာဝတ်ကို တောင်းပန်တော်မူ၍ ရွှေငွေအလှူခံစုဆောင်း သောရဟန်း၊ဥစ္စာစပါးဆည်းပူးစုဆောင်းသောရဟန်း၊ ဆင်မြင်း ကျွဲနွား ကျွန်ယောကျ်ား ကျွန်မိန်းမရှိသောရဟန်းတို့အား "အရှင်ဘုရားတို့... အရှင်ဘုရားတို့သည် သဒ္ဓါတရားနှင့် ပြည့်စုံသဖြင့် ရွှေငွေစသော ပစ္စည်း တို့ကို စွန့်လွှတ်၍ သိက္ခာပုဒ်တော်အတိုင်း ကျင့်ဆောင်နိုင်လျှင်လည်း ကျင့်ဆောင်တော်မူကြပါကုန်။ မကျင့်ဆောင်နိုင်လျှင်သည်း လူထွက်ကြ ပါကုန်"ဟူ၍ လျှောက်ထားတော်မူသည်။ ထိုအခါ သဒ္ဓါတရားနှင့် ပြည့်စုံသော ရဟန်းတို့သည် ရွှေငွေစသော ပစ္စည်းတို့ကို စွန့်လွှတ်ကြ ကုန်၍ သိက္ခာပုဒ်တော်အတိုင်း ကောင်းစွာ ကျင့်တော်မူကြကုန်၏။ သဒ္ဓါတရား ခေါင်းပါးသော အချို့သောရဟန်းတို့သည် ရွှေငွေစသည် တို့ကို မစွန့်နိုင်၍ လူထွက်ကြကုန်၏။ အထင်အရှား ပါရာဇိက အာပတ် သို့ ရောက်သော ရဟန်းတို့ကို မတောင်းပန်ပဲ လူထွက်စေတော်မူသည်။ ပါရာဇိကအာပတ်သို့ ရောက်ပါလျက် အပြစ်သည်းမထင်ရှား တပါးသူ တို့ စွပ်စွဲကဲ့ရဲ့ခြင်းများသဖြင့် သုတ်သင်ရန် ခက်ခဲသော ရဟန်းတို့ကိုလည်း မတောင်းပန်ပဲ လူထွက်စေတော်မူသည်။

ထို့မှတပါး ဆေးကုသောရဟန်းများ၊ ဟူးရား ဂဏန်း တွက်သော ရဟန်းများ၊ လူများကဲ့သို့ ပန်းချီ ပန်းပုစသော အမှုလုပ်ငန်းများကို

ပြုလုပ်၍ အသက်မွေ့သော ရဟန်းများ၊ ဖောက်ကားရောင်းဝယ် ကုန်သွယ်သော ရဟန်းတို့ကိုလည်း လူထွက်စေတော်မူသည်။

ဤသို့လျှင် ရာမာဓိပတိဘွဲ့ခံဓမ္မစေတီမင်းသည် ရာမညတိုင်းအားလုံး၌ သာသနာတော် ကြည်စ်အကြေးကို သုတ်သင်တော်မူ၍ အလုံးစုံသော ရဟန်းသံဃာတော်တို့ကို တပေါင်းတစုတည်း ပြုတော်မူသည်။ အလုံးစုံသော ရာမညတိုင်း၌ သီတင်းသုံးတော်မူကြသော ဂါမဝါသီရဟန်း၊ အရညဝါသီ ရဟန်းတို့သည် သက္ကရာဇ် ၈၄၁-ခုနှစ်တိုင်အောင် မဟာဝိဟာရဝါသီအဆက် ဖြစ်သော စင်စစ်ကေန် သန့်ရှင်း စင်ကြယ်သော သီဟိုဠ်ကျွန်း ပဉ္စင်းအဖြစ်ကို မပြတ်ယူတော်မူကြသည်။

## တသောင်း ငါးထောင် ခြောက်ရာ ခြောက်ဆယ့် ခြောက်ပါး

ထိုအခါ ပဉ္စင်းခံလာသော ဂိုဏ်းဆရာ ရဟန်းပေါင်း ရှစ်ရာ အရေအတွက် ရှိလေသည်။ ပဉ္စင်းငယ် ရဟန်းပေါင်း တသောင်းလေးထောင် နှစ်ရာခြောက်ဆယ့်ငါးပါး အရေအတွက် ရှိလေသည်။ နှစ်ရပ်ပေါင်း တသောင်းငါးထောင် ခြောက်ဆယ့်ငါးပါး အရေအတွက် ရှိလေသည်။ ထိုနောက် ဖော်ပြခဲ့ပြီးသော ကတိကဝတ်နှင့်အညီ ပြည့်စုံသော အသက် ၂၀-ပြည့်သော သာမဏေ ခြောက်ရာတပါးတို့အား ငါရိဂ္ဂ ရာရှစ်ပါး ထောက်ပံ့၍ ကလျာဏီသိမ်၌ ပဉ္စင်းခံစေတော်မူသည်။ အလုံးစုံသော ရဟန်းတို့ကို ပေါင်းလိုက်လျှင် ထိုစဉ်က ရာမညတိုင်း၌ ရဟန်းတော်ပေါင်း တသောင်း ငါးထောင် ခြောက်ရာ ခြောက်ဆယ့် ခြောက်ပါ (၁၅၆၆၆) အရေအတွက် ရှိလေသည်။

ဤသို့ဖြင့် ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းသည် မဟာဃာဟ ဇွဲလုံ့လ ဖြင့် ဘုရားမြတ်စွာ၊ သာသနာတော်ကို သန့်ရှင်း တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့လေသည်။

ဝေံ သော ဗိနစက္ကာယ၊ ဝိသုဒ္ဓါယ ဌိတာယ စ။
ဝိပုလာယ အကာသိ၊ မဟာဿာဟေန စေတသာ။

## နဝမပိုင်း အပြီးသတ်ခြင်း

ဤတွင် ကတိကဝတ် တောင်းပန်လျှောက်ထားခြင်း၊ သာသနာတော်ကို သုတ်သင်ခြင်း စသည်တို့ဖြင့် တန်ဆာ ဆင်အပ်သော ကလျာဏီ သာသနာဝင် နဝမပိုင်း အပြီးတည်း။

သုဇနာနံ ပသာဒါယ၊ သံဝဂ္ဂတ္တာယ မေ ကတော။
ကလျာဏီသာသနဝံသေ၊ နဝမော သမတ္တော ဟိ ဝေ။

# ကလျာဏီသာသနာဝင်

## ဒသမပိုင်း

### ရာမညတိုင်း အန္တိုအပြား သိမ်ပေါင်း ၃၉၇-လုံး သမုတ်ခြင်း

ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းကြီးသည် ဘုရားမြတ်စွာ သာသနာတော်၌ သိမ်သည် လွန်စွာမှ အရေးတကြီး လိုအပ်သည်ဟု နှစ်နှစ်ကာကာ ယုံကြည် သိရှိတော်မူသဖြင့် သက္ကရာဇ် ၈၃၈-ခုနှစ်တွင် ကလျာဏီသိမ်တော်ကြီး သမုတ်တော်မူပြီးနောက် နှစ်အနည်းငယ်အတွင်းမှာပင် ရာမညတိုင်း နေရာအနှံ့အပြား၌ သိမ်ပေါင်း ၃၉၇-လုံး သမုတ်စေတော်မူခဲ့လေသည်။ သမုတ်စေတော်မူခဲ့သော သိမ်စာရင်းကို အရပ်ဒေသနှင့်တကွ ကလျာဏီ မွန်ကျောက်စာအရ ကလျာဏီကျောက်စာ မြန်မာပြန် နိဒါန်း၌ အောက်ပါအတိုင်း ဖော်ပြပါရှိလေသည်။

၁။ ဟံသာဝတီနေပြည်တော် ပတ်ဝန်းကျင်၌ ကလျာဏီ သိမ်တော်မြတ်ကြီးအပြင် သိမ်ကြီး ၉-သိမ်နှင့် သိမ်ငယ် ၁၀၇ လုံး စုစုပေါင်း ၁၁၇ လုံး၊

၂။ ဝါးနက်ချောင်း၊ မှော်ဘီ၊ လှည်းကူး၊ ထန်းတပင်၊ လှော်ကား ၄၆ လုံး၊

၃။ သန်လျင် ၂၉ လုံး၊

၄။ ဒဂုံ ၂၂ လုံး၊

၅။ တွံ့တေး ၉ လုံး၊

၆။ ဒေးဒရဲ ၃ လုံး၊

| | | |
|---|---|---|
| ၇။ | ဒလ | ၁၇ လုံး၊ |
| ၈။ | လှိုင် | ၂ လုံး၊ |
| ၉။ | ခနုဖြူ | ၂ လုံး၊ |
| ၁၀။ | ဇလွန် | ၆ လုံး၊ |
| ၁၁။ | ပုသိမ် | ၂၅ လုံး၊ |
| ၁၂။ | စစ်တောင်း | ၃၃ လုံး၊ |
| ၁၃။ | ယင်းငြိမ် | ၂ လုံး၊ |
| ၁၄။ | မော်လမြိုင် | ၄ လုံး၊ |
| ၁၅။ | မုတ္တမ | ၂၁ လုံး၊ |
| ၁၆။ | အခြားမြို့ပေါင်း ၁၃-မြို့၌ | ၆၂ လုံး၊ |
| | စုစုပေါင်း | ၃၉၇ လုံး ဖြစ်သည်။ |

ဓမ္မစေတီမင်းကြီးသည် ထိပ်တန်းသာသနာပြု သိရိဓမ္မာသောကမင်းကြီး သီဟိုဠ်ကျွန်းမှ ဒေဝါနံပိယာတိဿမင်းကြီး ဒုဋ္ဌဂါမဏိမင်းကြီး ပရက္ကမဗာဟုမင်းကြီးတို့ကဲ့သို့ ဘုရားမြတ်စွာ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကို လွန်စွာအလိုရှိတော်မူသည့် သာသနာပြု မင်းကောင်း မင်းမြတ် ဖြစ်တော်မူသည်။

## ပဉ္စင်း ၆၀၁-ပါး ရဟန်းခံပွဲကြီး

ဓမ္မစေတီမင်းကြီး၏ သာသနာနုဂ္ဂဟပွဲတော်ကြီးများအနက် ရဟန်း အပါး ၆၀၁-ပါး ပဉ္စင်းခံပွဲတော်ကြီးသည်လည်း ထူးခြားသည့် ပွဲတော်ကြီးတရပ်ဖြစ်လေသည်။

ဓမ္မစေတီမင်းကြီးသည် ရာမညတိုင်း အရပ်ဒေသအသီးသီးတွင် အသက် နှစ်ဆယ်ပြည့်ဖြိုးကြွယ်၍ ဥပသမ္ပဒကံဆောင်လျက် ပဉ္စင်းတောင်တက်လိုကြ ကုန်သော သာမဏေများကို ဘိက္ခုပါတိမောက် ဘိက္ခုနီပါတိမောက် (ဒွေမာတိကာ) နှင့်ခုဒ္ဒသိက္ခာဟူသော ဝိနည်းငယ် ၃-စောင်ကို နှုတ်တက် ရွရွအာဂုံရစေရန် သက်ဆိုင်ရာ ဆရာတော်များအား လျှောက်ထားတော်

မူသည်။ လျှောက်ထားသည့်အတိုင်းလည်း ကျက်မှတ်စေခဲ့ရာ သက္ကရာဇ် ၈၄၁-ခုနှစ်တွင် သာမဏေအားလုံး ဝိနည်းငယ် ၃-စောင်တို့ကို ကြောင်ပုစွန်စား ကြွပ်ကြွပ်ဝါး အာဂုံဆောင်နိုင်ကြပြီဖြစ်ကြောင်း အကြောင်းကြားသဖြင့် ဓမ္မစေတီမင်းတရားသည်ယင်းသာမဏေအားလုံးကိုနန်းတော်သို့ ပင့်ဆောင်တော်မူ၍ ဝိနည်းငယ် ၃-စောင်ကို ပြန်ဆိုစေတော်မူပြီးမှ မှန်ကန်စွာ ပြန်ဆိုနိုင်သော သာမဏေ ၆၀၁-ပါးတို့ကို ရွေးကောက်တော်မူပြီးလျှင် ပဉ္စင်းလောင်းများအဖြစ် သတ်မှတ်တော်မူလေသည်။ ဖော်ပြပါ သာမဏေ ၆၀၁-ပါးတို့ကို ၆-အုပ်စုခွဲကာ မင်းသား ၆-ဦးတို့ထံ အပ်နှံ၍ ပဉ္စင်းခံရာ၌ လိုအပ်ချက်များကို ပြင်ဆင်ရန် တာဝန်ပေးတော်မူသည်။ ၆-အုပ်စုမှာ ပဌမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ အုပ်စုများ၌ ပဉ္စင်းလောင်း ၁၀၀-စီဖြစ်၍ ဆဋ္ဌမအုပ်စုမှာ ၁၀၁-ပါးဖြစ်လေသည်။

ပဉ္စင်းလောင်း ၆၀၁-ပါး ပဉ္စင်းခံရာ၌ ဆရာတော်အပါး ၅၀-တို့ကို ပင့်တော်မူသည်။ ယင်းတွင် သီဟိုဠ်ပြန်သံဃာတော် ၁၇ ပါး၊ ခူးသံဃာတော် ၁၅-ပါး ထေရဂိုဏ်းသံဃာ ၁၈-ပါးပါဝင်၍ သက္ကရာဇ် ၈၄၁-ခုနှစ် တပေါင်းလပြည့်နေ့မှ လပြည့်ကျော် ၄-ရက်နေ့အထိ ၅-ရက်တိုင်တိုင် ဥပသမ္ပဒကံဆောင်ရန် စီမံတော်မူသည်။ ကံဆောင်ပွဲသို့ ပို့ဆောင်ရာ၌ ပဉ္စင်းလောင်း ၆-အုပ်စုကို တအုပ်စုစီခွဲကာ အစဉ်အတိုင်း ဟံသာဝတီမြို့တော်ဘွင်းမှ ကလျာဏီသိမ်သို့ အခမ်းအနားဖြင့် ပို့ဆောင်တော်မူလေသည်။ ပဉ္စင်းလောင်းတပါးလျှင် ဆင်တစီးစီ၌ စီးစေတော်မူပြီးလျှင် မင်းသား၆-ဦးကတအုပ်စုစီကို ဦးစီးကြရာ၌ အုပ်စုချင်းမရောထွေးရန် တအုပ်စုလျှင် ခေါင်းပေါင်း အရောင်ဘမျိုးစီ ပေါင်းစေရသည်။ ဓမ္မစေတီမင်းကြီးကိုယ်တိုင် ကလျာဏီသိမ်တော်ကြီးသို့ တွက်ကြွတော်မူလျက် ပဉ္စင်းလောင်းအုပ်စု ၆-အုပ်စုကို တအုပ်စုစီ သိမ်တွင်းသို့ ပင့်ဆောင်တော်မူကာ ရှေးဦးစွာ သာမဏေပြုစေတော်မူပြီး နောက် ၂-ပါးတတွဲစီ ဥပသမ္ပဒကံကို ခံယူစေတော်မူသည်။ လပြည့်ကျော် ၄ - ရက်နေ့တွင် ကံဆောင်ကိစ္စပြီးစီးသဖြင့် ၅-ရက်နေ့တွင် မင်းကြီးကိုယ်တိုင် ဆရာတော်အပါး ၅၀-နှင့် ပဉ္စင်းသစ် ၆၀၁-ပါးတို့အားဆွမ်း ခဲဖွယ် ဘောဇဉ် ချိုချဉ် အရသာ အဖြာဖြာတို့ ဆက်ကပ်လှူဒါန်းတော်မူပြီးလျှင် လှူဖွယ်ဝတ္ထု အစုစုကို

ဆက်ကပ် လှူဒါန်းတော်မူလေသည်။ ထို့နောက် ဓမ္မစေတီမင်းကြီးသည် ရဟန်းသစ် ၆၀၁-ပါးတို့ကို ဝမ်းမြောက်ကြည်နူးစွာ ဖူးမြော်ကန်တော့ ပြီးမှ ၎င်းတို့၏ နေရင်းဌာနသို့ ပြန်လည် ပို့ဆောင်တော်မူစေလေသည်။

**နောက်နောင်မင်းတို့ အတုယူရန် ရှေးမင်းတို့၏ အတုယူ၍ပြုလုပ်**

ဤသို့လျှင် ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းတရားသည် ရှေးရှေးသော သာသနာပြု မင်းကောင်းမင်းမြတ်များ ဖြစ်တော်မူကြသော ဇမ္ဗူဒိပ် (အိန္ဒိယနိုင်ငံ)မှ သီရိဓမ္မာသောကမင်း၊ သီဟိုဠ်ကျွန်းမှ ဒေဝါနံ ပိယတိဿ မင်း၊ ဒုဋ္ဌဂါမဏိမင်း၊ ပရက္ကမဗာဟုမင်း၊ မြန်မာနိုင်ငံမှ အနော်ရထာမင်း တို့၏ စံနမူနာများကို ယူတော်မူ၍ နောက်နောက်မင်းတို့ အတုယူ သာသ နာပြုနိုင်ရန် ထူးခြားစွာ ပြုလုပ်ဆောင်ရွက်တော်မူခြင်း ဖြစ်လေသည်။

နယံ သော ဟိ ဂဟေတွာန၊ ပေါရာဏရာဇူနံ စရိံ။
အနုဝတ္တနတ္ထာယ,ကာ၊ ပစ္ဆိမာနံ သုရာဇူနံ။

**ကလျာဏီသာသနာဝင် ဒသမပိုင်း ပြီးဆုံးခြင်း**

သူတော်ကောင်းတို့ ကြည်ညိုဖို့ သံဝေဂယူဖို့ ကလျာဏီသာသနာဝင် ကျမ်းကို ပြုစီရင်သော ရာမာဓိပတိဘွဲ့ခံ ဓမ္မစေတီမင်းကြီး၏ ရာမညတိုင်း အရပ်ဒေသအန္တံအပြား သိမ်ပေါင်း ၃၉၇-လုံးသမုတ်ပုံ၊ ပဥ္စင်းလောင်း ၆၀၁-ပါး ပဥ္စင်းခံပွဲကြီးသမိုင်းကို ပြဆိုရာ ဒသမပိုင်း ဤတွင် ပြီးဆုံး လေပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ကလျာဏီသာသနဝံသေ၊ ဒသမော သမတ္တော ဟိ ဝေ။

# ကလျာဏီသာသနာဝင်

## ကောဒသမပိုင်း

### ယိုးဒယားနိုင်ငံ ဓမ္မယုတ္တိကိုဏ်း

ဟံသာဝတီ နိုင်ငံတော် (ပဲခူးမြို့)ရှိ ကလျာဏီ သိမ်တော်ကြီး၏ သန့်ရှင်း စင်ကြယ်ကြောင်း၊ အလွန်လျော် ပြည့်စုံသော သိမ်ကြီးဖြစ်ကြောင်း မြန်မာတပြည်လုံးတွင်သာ မက ယိုးဒယား သီဟိုဠ်စသည့် နိုင်ငံရပ်ခြား တိုင်းများ၌ပင် ထင်ရှားလေသည်။ သို့ဖြစ်၍ ယိုးဒယား နိုင်ငံမှ သာမဏေများစွာတို့ ဟံသာဝတီနိုင်ငံသို့ ကြွရောက်တော်မူကြ၍ ပဉ္စင်းခံကြကုန်၏။ အချို့ ယိုးဒယားရဟန်းတော်တို့သည်လည်း ထပ်မံ၍ ဒဠှီကမ္မ အကျိုးငှာဟု သဘောပိုက်ကာ သိမ်ထင်ကံ ပြုကြကုန်၏။ ယခင်က ယိုးဒယားနိုင်ငံတွင် ထင်ရှားသော "မကုဋ္ဌသမ္မတ" အနွယ်ဝင် မင်းသားသည် အခြားသော မင်းသားများ သတို့သားများနှင့် အတူ မြန်မာနိုင်ငံ ဟံသာဝတီ နေပြည်တော် (ပဲခူးမြို့)သို့ ကြွရောက်တော်မူ လာ၍ ဟံသာဝတီ နေပြည်တော်၌ သီတင်းသုံးတော်မူကြသော သီလဝန္တ သိက္ခာကာမ ဝိနယဂရုက ဂုဏ်ပေါင်းခတော်မူသည့် မထေရ်မြတ်တို့ကို ဥပဇ္ဈာယ်ပြု ကမ္မဝါဆရာပြု ကာရက သံဃာပြု၍ ရဟန်းပဉ္စင်း အဖြစ်ကို ယူတော်မူခဲ့လေသည်။ ၎င်းပြင် ယိုးဒယား ရဟန်းတော် တို့သည် ဟံသာဝတီနေပြည်တော်၌ သင့်သလောက် သီတင်းသုံးတော် မူကြကုန်၍ ပရိယတ် ပဋိပတ်ကို ဆက်လက် လေ့လာတော်မူကြကုန်၏။ ဟံသာဝတီနိုင်ငံတော်၏ မင်းနှင့် ပြည်သူတို့ကလည်း လေးမြတ်ကြည်ဖြူ ပစ္စည်းလေးပါး လှူဒါန်းချီးမြှောက်ကြကုန်၏။

ပတွာ ဟံသာဝတီပုရံ၊ သျာမရဋ္ဌကာ ဇနာ။
ဥပသမ္ပဒံ လဒ္ဓါန၊ ဓုရံ ပရိယာစရိယံ ကရုံ။

## ယိုးဒယားပြန် ဂိုဏ်းသီးခြားထောင် သာသနာပြု

"မကုဋ္ဌသမ္ဘတ"အန္တယ်ဝင် ရဟန်းတော်အမှူးရှိသော ရဟန်းတော်တို့သည် ဟံသာဝတီ နေပြည်တော်၌ ပရိယတ္တိဓမ္မ ပဋိပတ္တိဓမ္မတို့ကို ကျေနပ်လောက်အောင် လေ့လာ ဆည်းပူးတော် မူကြပြီးလျှင် အမိယိုးဒယားနိုင်ငံသို့ ပြန်ကြွတော်မူကြ၍ "ဓမ္မယုတ္တိနိကာယ" ဓမ္မယုတ္တိဂိုဏ်းအမည်ဖြင့် ဂိုဏ်းသီးခြား ထောင်၍ သာသနာ ပြုကြကုန်၏။ ယင်ဂိုဏ်းသည် ယခုအခါ "ထမ္မရွတ်ဂိုဏ်း"ဟု ထင်ရှားလေသည်။

## စူဠနိကာယဟု ထင်ရှားခြင်း

ယိုးဒယားနိုင်ငံ၌ အခြား မဟာနိကာယဟူ၍သည်း ဂိုဏ်းကြီးတဂိုဏ်း (ရဟန်းသံဃာ အစုအဝေးကြီး)ရှိသည်။ ထိုဂိုဏ်းကြီးကား သာသနာ သက္ကရာဇ် ၂၃၆-ခုနှစ်တွင် သုဝဏ္ဏဘူမိခေါ် သထုံပြည်မှ သာသနာပြု ရဟန်းတော်များ ဖြစ်တော်မူကြသော အရှင်သောဏထေရ် အရှင်ဥတ္တရထေရ်တို့ ဆက်လက် ကြွရောက်တော်မူကြ၍ စတင်ပေါ်ထွန်းစေတော်မူခဲ့သော ရဟန်းသံဃာတော် အစဉ်အဆက် ဂိုဏ်းကြီး ဖြစ်လေသည်။ ယင်းဂိုဏ်းကြီး (မဟာနိကာယ)ကို ထောက်၍ ဟံသာဝတီ နေပြည်တော် ကလျာဏီသိမ်မှ ရဟန်းဖြစ်ကာ ဆင်းသက်ပေါ်ထွန်းခဲ့သော ဓမ္မယုတ္တိနိကာယ(ဓမ္မယုတ္တိဂိုဏ်း)ကို စူဠနိကာယဟူ၍လည်း ခေါ်တွင်လေသည်။[၁]

မဟာဂဏုပနိဿယ၊ စူဠနိကာယောတိ ပိဝေါ။
ဓမ္မယုတ္တိနိကာယဿ၊ သမညာယ ပဝတ္တတိ။

---

၁။ သီဟိုဠ်ဘာသာရေး ကလျာဏီ သာသနာဝင်မှ။ (ကလျာဏီဝံသာယ)။

## ရောက်ရှိလေ့လာ သံဃာ့ကံဆောင်တော်မူကြ

ယိုးဒယားနိုင်ငံရှိ ဓမ္မယုတ္တိဂိုဏ်းသား ရဟန်းတော်များ တချို့တို့သည် အခါအားလျော်စွာ မြန်မာနိုင်ငံသို့ ကြွရောက်တော်မူကြ၍ ကလျာဏီသိမ်၌ ဥပုသ်ကံ ဥပသမ္ပဒကံ စသည်တို့ ပြုတော်မူကြကုန်၏။

## မဟာနိကာယလည်း လွန်စွာ အလေးအမြတ်ပြု

ပဲခူးမြို့ရှိ ကလျာဏီသိမ်တော်ကြီးကို မဟာနိကာယ-ကလည်း လွန်စွာ အလေးအမြတ်ပြုလေသည်။ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့၏ ပင့်လျှောက်ချက်အရ ၁၃၁၅-ခုနှစ် ဆဋ္ဌသံဂါယနာ တင်ခါနီးအချိန်တွင် ယိုးဒယားနိုင်ငံမှ အထူးလေယာဉ်ဖြင့် မဟာစူဠာလောင်ကွန် ဗုဒ္ဓဘာသာသိပ္ပံကျောင်းတော်ကြီးမှ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ယိုးဒယားပြည် သံဃာ့အုပ်ချုပ်ရေးဆိုင်ရာ ဝန်ကြီး ဝပ်မဟာဓာတုဆရာတော် အရှင်ဖရဝိမလဓမ္မနှင့် ဝပ်စက္ကဝတ္တိရာဇဝံသ ဆရာတော် ဖရာ့မေ့ခီရာဇ မဟာမုနိ၊ ဆက်ကက်(စ်)ဘုရားကျောင်း ဆရာတော် ဖရာ့ဝိသုဒ္ဓိသောဘနကုမုဒ၊ ဖရာ့မဟာနုပုညဝဏ္ဏဆရာတော်၊ ဝပ်စန်ဖိဝရဆရာတော်၊ မဟာချဆက်ဒိအတ္ထကုသလဆရာတော်အစရှိသော ယိုးဒယားဆရာတော် သံဃာတော်အရှင်မြတ်တို့သည် မြန်မာနိုင်ငံတော်သို့ သာသနာ့ မိတ်ဆက်အဖွဲ့ အဖြစ်ဖြင့် ကြွရောက်တော်မူလာကြကုန်၏။ ဖော်ပြပါ ယိုးဒယား မိတ်ဆက်အဖွဲ့ဝင် ဆရာတော်များကို မြန်မာနိုင်ငံမှ ဆဋ္ဌသံဃာယနာဝန်ဆောင်ဆရာတော်များ ပဋ္ဌိဝိသောဓက ဆရာတော်များနှင့် နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့၊ တာဝန်ရှိ ပုဂ္ဂိုလ်များက ကြိုဆိုကြကုန်၏။ သာသနာရေး ဝန်ကြီးနှင့်လည်း သာသနာရေး ကိစ္စများကို ဆွေးနွေးကြကုန်၏။ ဖော်ပြပါ ယိုးဒယား ဆရာတော်ကြီးများသည် ပဲခူးမြို့သို့ ကြွတော်မူကြကုန်၍ မဟာကလျာဏီသိမ်တော်ကြီးကို လေ့လာကြည့်ရှုကြကုန်၏။ ကလျာဏီသိမ်တော်ကြီး၏ သမိုင်းကိုလည်း မေးမြန်းကြရာ မြန်မာရဟန်းတော်များက ရှင်းလင်း ဖြေကြားကြကုန်၏။

ကလျာဏိံ သမ္ပတွာန၊ ဝိမလ ဓမ္မ အာဒယော။
ဝန္ဒနံ ပူဇနံ ကတွာ၊ ပုညဓမ္မံ ကာံသု ခေါ။

### ယိုးဒယား သာသနာပိုင် ဆရာတော် ကြွရောက်ကြည်ညို

ရင်းပြင် ဘန်ကောက်မြို့ ဝပ်ပဋ္ဌမဘောပ်ကျောင်းတိုက် ဆရာတော် ယိုးဒယား သံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီးသည်လည်း နောက်ပါ ရဟန်းတော်များစွာတို့နှင့်တကွ ပဲခူးမြို့ ကလျာဏီသိမ်တော်ကြီးသို့ ကြွရောက်တော်မူ၍ ကြည့်ရှု လေ့လာ ကြည်ညိုတော်မူခဲ့လေသည်။

သျာမသံဃရာဇာပိ၊ ဂန္တွာ ကလျာဏိံ သုဘံ။
ပဿိတွာ ဥပပရိက္ခိတွာ၊ ပ္လာတိဟာသံ ပရိယေသိ။

### နှစ်ဂိုဏ်းလုံးက အလေးအမြတ်ပြု

ယင်းသို့ ဖော်ပြပါ ကလျာဏီသိမ်တော်ကြီးသည် ယိုးဒယားနိုင်ငံတော်၌ ထင်ရှားသည့် မဟာနိကာယနှင့် ဓမ္မယုတ္တိနိကာယ နှစ်ဂိုဏ်းလုံးတို့၏ အလေးအမြတ်ပြုရာ သိမ်တော်ကြီး ဖြစ်လေသည်။

### ကောဒသမပိုင်း အပြီးသတ်ခြင်း

သူတော်ကောင်းတို့ ကြည်ညိုဖို့၊ သံဝေဂရဖို့ ကလျာဏီသာသနာဝင်ကျမ်းကို ပြုစုရာ ကလျာဏီသိမ်တော်ကြီးနှင့် ယိုးဒယား သံဃာ့အဖွဲ့အစည်းများ၏ မည်သို့မည်ပုံ ဆက်သွယ်ပုံကို ပြဆိုရာ ကောဒသမပိုင်းကို ဤတွင် လက်စသတ်လိုက်ပါပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ကလျာဏီသာသနဝံသေ၊ သမတ္တော ကောဒသမော။

# ကလျာဏီသာသနာဝင်

## ဒွါဒသမပိုင်း

### သီဟိုဠ်အမျိုးသားတို့ ကလျာဏီသိမ်၌ ရဟန်းခံကြခြင်း

သီဟိုဠ်ကျွန်း မဟာဝိဟာရဝါသီ မဟာထေရ်မြတ်တို့၏ အနွယ် ဝံသ ရဟန်းတော်များအထံ၌ ရဟန်းပဉ္စင်း အဖြစ်ကို ယူတော်မူခဲ့ကြသော ရဟန်းတော်တို့ သမုတ်ခဲ့သော ဤကလျာဏီသိမ်တော်ကြီးကား သီဟိုဠ်ကျွန်း သာသနာ့သမိုင်းတွင်လည်း လွန်စွာ ထင်ရှားလှ၏။ ယဂိရလ အရှင်ပညာနန္ဒ၏ မဟာဝံသကျမ်း၊ ရာမညဝံသ (ရာမညဝံသယ) ကျမ်း၊ ကလျာဏီဝံသ (ကလျာဏီဝံသယ) ကျမ်း စသည့် သီဟိုဠ်ကျမ်းဂန်ပေါင်း များစွာတို့၌ ကလျာဏီသိမ်ကြီး၏ သမိုင်းတော်ကို ဖော်ပြကြကုန်၏။ ကလျာဏီသိမ်ကြီး သမုတ်ပြီးရာ သာသနာ သက္ကရာဇ် ၂၀၁၄-ခုနှစ် ပတ်ဝန်းကျင်ကာလက စ၍ သီဟိုဠ်အမျိုးသားတို့ မြန်မာပြည် ဟံသာဝတီနေပြည်တော်ရှိ (ပဲခူးမြို့ရှိ) ကလျာဏီသိမ်တော်ကြီးသို့ အသုတ်လိုက် အသုတ်လိုက် ရောက်ရှိကြ၍ ပဉ္စင်းအဖြစ် ခံယူကြကုန်၏။ အချို့ သီဟိုဠ် ရဟန်းတော်တို့သည် ပုနောပသမ္ပဒါ (ထပ်မံရဟန်းခံ)မှု ပြုကြကုန်၏။

ကလျာဏီသိမံ အာဂမ္မ၊ သီဟဠဇာတိကာ ဇနာ။
ဥပသမ္ပဒ မလတ္ထုံ၊ သမ္ဗုဒ္ဓစက္ကဝုဒ္ဓိယာ။

### သီဟိုဠ်ရဟန်းတော် အရှင်ဂုဏရတနတိဿ

သီဟိုဠ်ကျွန်း ကတဥပုဝေရွာ၌ သာသနာ သက္ကရာဇ် ၂၂၉၅-ခုနှစ် တွင် ဖွားမြင်တော်မူသော အရှင်ဂုဏရတနတိဿ မဟာထေရ်သည်

မှုလက သီဟိုဠ်ကျွန်း ရှမ်းဂိုဏ်း၌ ရအပ်သော ရဟန်း ပဉ္စင်း အဖြစ်ကို သံသယဖြစ်သဖြင့် သာသနာသက္ကရာဇ် ၂၃၅၀-ပြည့်နှစ်တွင် ရှင်ကလျာဏတိဿ၊ ရှင်ဓမ္မရတန၊ ရှင်ဓမ္မသာရ အစရှိသော သာမဏေသုံးပါးနှင့် အတူ မြန်မာနိုင်ငံတော်သို့ ကြွရောက်တော်မူ၍ ယင်းသည့် သာသနာသက္ကရာဇ် ၂၃၅၀-ပြည့်နှစ်၊ တပေါင်းလပြည့်နေ့ နေ့လယ် မြန်မာနာရီ ၂၀-အချိန်တွင် ဟံသာဝတီမြို့ (ပဲခူးမြို့) ကလျာဏီသိမ်တော်၌ မူလ သိက္ခာကို စွန့်၍ လောကိယသမ္ပဒါတို့ထက် ဆသက်လွန်ကြူး ထူးမြတ်သော ရဟန်းဘဝကို ရတော်မူခဲ့လေသည်။

ရဟန်းပဉ္စင်းအဖြစ် မယူမီ အမရပူရမြို့တော် အသောကာရာမတိုက် (ယခုမန္တလေးမြို့ တောင်ပြင် အသောကာရာမတိုက်)သို့ ကြွရောက်တော်မူ၍ "ဉာဏာဘိသာသနဓဇ မဟာဓမ္မရာဇဂုရု" ဟူသော ပဌမဘွဲ့တံဆိပ်တော်၊ "ဉာဏာဘိဝံသဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု" ဟူသော ဒုတိယတံဆိပ်တော်၊ ကောင်ဆောင်တော်မိဖုရား၏ အောင်မြေဘုံကျောင်း လှူဘိသိက်တွင် ဆက်ကပ်လှူဒါန်းအပ်သော "ဉာဏာဘိဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော တတိယတံဆိပ်တော်အားဖြင့် တံဆိပ်တော် ၃-ထပ်ရ မောင်းထောင် သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဉာဏာဘိဝံသထံ ချဉ်းကပ်တော်မူပြီး လျှင်—

ရဟန်း သာမဏေအပေါင်း မျှားထောင်သောင်းတို့၏ ထိပ်ဆောင်း ဦးစီး ကျေးဇူးရှင် သာသနာပိုင်ဆရာတော် အရှင်သူမြတ်ကြီးဘုရား.... ဘုရားတပည့်တော်အား ဟံသာဝတီမြို့တော် ကလျာဏီသိမ်တော်၌ ရဟန်းပဉ္စင်းအဖြစ် ဥပသမ္ပဒာယူပြု၍ ချီးမြှောက်တော်မူပါမည့်အကြောင်း လျှောက်ထား တောင်းပန်ပါသည် အရှင်သူမြတ်ဘုရား။ သည်ဖြင့် လျှောက်ထားလေရာ—

သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဉာဏာဘိဝံသက ဘိုးတော်မင်းတရားထံ—

ဒကာတော်ရေမြေ့ရှင်မင်းတရား....သီဟိုဠ်ကျွန်းမှ အရှင်ဂုဏာရတနတိဿအမည်ရှိသော ရဟန်းတော်သည် ရှင်ဓမ္မရတနသာမဏေ၊ ရှင်ဓမ္မသာရ

ကျမ်းဂန်များ လေ့လာဆည်းပူး၍ ရွှေမော်ဓောဆံတော်ရှင်စေတီတော်၊ သာမဏေတို့နှင့်အတူ ရောက်ရှိလာပြီး မူလသိက္ခာကို စွန့်၍ ပဲခူးမြို့ ကလျာဏီသိမ်၌ ရဟန်းခံလိုကြောင်း၊ ၎င်းပြင် မိမိနှင့်ပါလာသော သာမဏေများကိုလည်း ပဉ္စင်းခံလိုကြောင်း ဆရာတော်အား လျှောက်သည်။ သို့ဖြစ်၍ ထိုရဟန်းတော် ဒ ရှင်ဂုဏရတနတိဿအား ရဟန်းတော် တို့၏ အသုံးအဆောင် ပရိက္ခရာများ လှူဒါန်းစေလိုကြောင်း ဆရာတော် စာဆက်သွင်းအပ်သည်—

စသည့် အဓိပ္ပာယ်ပါသော စာဆက်သွင်းလေရာ ဘိုးတော်မင်းတရား သည် ဦးဖေစုန်အမည်ရှိသော အမတ်တဦးကို စေလွှတ်တော်မူရာ ပရိက္ခရာများနှင့်တကွ လှူဒါန်းစေတော်မူလေသည်။ သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီး အရှင်ဉာဏာဘိဝံသမှာ အလုပ်ကိစ္စ တွေ လွန်စွာများနေသဖြင့် ဥပဇ္ဈာယ်ပြု၍ သာမဏေဖြစ်စေတော်မူ၍ ကိုယ်တော်တိုင် ကြွရောက်တော်မမူပဲ ပဲခူးမြို့နယ်၌သာ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူသော ရာဇဂုရုဘွဲ့တံဆိပ်တော်ရ အရှင်မေဓာနန္ဒာဓဇ ထံ ရဟန်းခံပေးလိုက်ပါရန် သဝဏ်လွှာပေးလိုက်ကာ အကြောင်းကြား တော်မူလေသည်။

သို့ဖြစ်၍ အရှင်မေဓာနန္ဒာဓဇ ထေရ်သည် ရှင်ဂုဏရတနတိဿနှင့် ရှင်ဓမ္မရတန၊ ရှင်ဓမ္မသာရတို့ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးတော်မူလေ သည်။ ကမ္မဝါစာဆရာများမှာ-အရှင်ဉာဏဂမ္ဘီရဓဇမထေရ်၊ အရှင်အာ- စာရဝံသဓဇမထေရ်၊ အရှင်ပညာသာရဓဇမထေရ်တို့ ဖြစ်တော်မူကြ သည်။[၁]

## သီဟိုဠ်ကျွန်း ကလျာဏီဝံသနိကာယ်ထောင် သာသနာပြု

အရှင် ဂုဏရတနတိဿသည် ဟံသာဝတီနေပြည်တော်(ပဲခူးမြို့)၌ လောကီယသမ္ပဒါတို့ထက် အထက်တန်းကျသော စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံခြင်းဟူသော ရဟန်းပဉ္စင်းအဖြစ်ကို ရရှိတော်မူပြီးနောက် စာပေ

---

၁။ မန္တလေးသာသနာဝင် ။၁။ ၂၇၂-ကြည့်။

ရွှေတိဂုံဆံတော်ရှင် စေတီတော် စသည်တို့ကို ဖူးမြော်တော်မူပြီးလျှင် သာသနာသက္ကရာဇ် ၂၃၅၃-ခုနှစ် နယုန်လဆန်း ၁၃-ရက်(ခရစ်သက္ကရာဇ် ၁၈၁၀-ခုနှစ် ဇူလိုင် ၁၇-ရက်)နေ့တွင် သီဟိုဠ်ကျွန်းသို့ ပြန်ကြွတော်မူသည်။ သီဟိုဠ်ကျွန်း၌ ကလျာဏီဝံသနိကာယ်ကိုထောင်၍ ဂန္ထဓုရ၊ ဝိပဿနာဓုရအလုပ်ကို ကြိုးကုတ်အားထုတ်တော်မူသည်။ မိမိထံမှောက် ရောက်ရှိလာသော တပည့်တပန်း ရဟန်းသာမဏေတို့ကိုလည်း မိမိနည်းတူ ဂန္ထဓုရ၊ ဝိပဿနာဓုရကို နည်းလမ်းပြသ၍ သင်အံ့ ကြိုးကုတ်အား ထုတ်စေကာ ကလျာဏီဝံသနိကာယ်ကိုတည်ထောင်၍ သာသနာပြုတော်မူသည်။

ယင်းသို့ ဖြစ်ကြောင်း—

သျာမောပါလိနိကာယမှိ၊ ပဗ္ဗဇိတွာ စိရံ ဌိတော။
ကတလုဂ ါမသမ္ဘူတော၊ဂုဏာရတနော တပေါမနော။
ဥပသမ္ပတ္တိလာဘာယ၊ ဝိဒေသဂမနမ္ဟိ။
ကတာဒရော နိဝေဒေတွာ၊ ဟိတေသိနံ မနောဂတံ။
လဘိတွာ ဝိခိနာ တေသ-မုညာကာရမနပ္ပကံ။
သတ္တဟိ သာမဏေရေဟိ၊ သိက္ခာကာမေဟိ သဒ္ဓိတော။
ဒွိသဟဿ ဋ္ဌသတေက-ပဉ္စာသတိမဗ္ဘာယနေ။
နာဝမာရုယှ ကတွာန၊ သမုဒ္ဒတရဏံ မိယာ။
ရာမညရဋ္ဌမှိ ဟံသာ-ဝတိ နာမ ပုရံ ငရံ။
ဥပေစ္စ ရာဇသမ္မာနံ၊ လဒ္ဓါ နိယသမီဏံတော။
သမံ သကီယေဟိ တဒါ၊ မန္တေတွာန ယဿာရုစိ။
ကလျာဏီသိမာယံ သာဓု၊ လဘ်ဘွာနုပသမ္ပဒံ။
လက်ာဒီပံ ပုနာဂန္တွာ၊ ပဗ္ဗဇ္ဇူပသမ္ပဒံ။
ဒဒန္တော ဒါပယန္တောပိ၊ သဂ္ဂမောက္ခာဘိသာသိနံ။
ပတိဋ္ဌာပေသိ ယံ ဘိက္ခု၊ နိကာယံ သာဓုသမ္မတံ။
သောယံ ကလျာဏီဝံသာချ- နိကာယောဇ္ဇာပိ ဒိဿတေ—

ဟူသော ဂါထာ-များဖြင့် မဟာဝံသကျမ်း ၁၂ဝ-ရှိစ္ဆေဒ်၌ ကျမ်းပြု ဆရာတော် ယင်းလ အရှင် ပညာနန္ဒနာယကမဟာထေရ် မှတ်တမ်းပြု တော်မူသည်။

## ဘဝနတ်ထံပို့လွှန်တော်မူခြင်း

အရှင်ဂုဏရတနတိဿသည် သီဟိုဠ်ကျွန်း၌ ကလျာဏီဝံသနိကာယ တည်ထောင် သာသနာပြုတော်မူစဉ် မြန်မာပြည်မှ ရောက်၍ ၂၂-နှစ် မြောက်ဖြစ်ရာ သာသနာသက္ကရာဇ် ၂၃၇၅-ခုနှစ် ပဌမဝါဆိုလ (ခရစ်သက္ကရာဇ် ၁၈၂၂-ခု ဇူလိုင်လ)တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့ လေသည်၊

သဗ္ဗေ သင်္ခါရာ ဟိ ဝိနာသိနော = ရုပ်နာမ်ဓမ္မသင်္ခါရတို့ကား ပျက်စီးခြင်း သဘောရှိကုန်စွတကား။

## သီဟိုဠ်ရဟန်းတော် အရှင်ကလျာဏတိဿ

အရှင်ကလျာဏတိဿသည်လည်း ပဲခူးမြို့ ကလျာဏီသိမ်၌ ရဟန်းအဖြစ် ကို ရယူတော်မူပြီး သီဟိုဠ်ကျွန်း၌ သာသနာပြုတော်မူခဲ့သည့် ကလျာဏီ အနွယ်ဝင် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်မြတ်ဖြစ်သည်။

သီဟိုဠ်ကျွန်း ဘဋ္ဋပေါလရွာ၌ သာသနာသက္ကရာဇ် ၂၃၃ဝ-ပတ်ဝန်း ကျင်တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော်ရှင်ကလျာဏ တိဿဖြစ်သည်။

## ပဲခူးကလျာဏီသိမ်၌ ရဟန်းခံတော်မူခြင်း

အမရပူရမြို့တည် နန်းတည် ဘိုးတော်မင်းတရားကြီး (ဗဒုံမင်းတရား ကြီး)၏ ပစ္စယာနုဂ္ဂဟဖြင့် သာသနာသက္ကရာဇ် ၂၃၅၁-ခုနှစ် တပေါင်း

၁။ မဟာဝံသ၊ ၁ဝ၂။ ၆၀-၆၇။

လပြည့်နေ့ နေ့လယ် မြန်မာနာရီ ၂၂-နာရီအချိန်တွင် ပဲခူးမြို့ ကလျာဏီသိမ်တော်၌ အရှင်မောဂ္ဂလ္လာနမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ အရှင်ဉာဏဂမ္ဘီရမဟာထေရ်၊ အရှင်အာစာရဝံသမဟာထေရ်၊ အရှင်ပညာသာရမဟာထေရ်တို့၏ ကမ္မဝါစာရွတ်ဖတ် ချီးမြှောက်မှုဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ အရှင်ကလျာဏတိဿသည်လည်း အရှင်ရတနတိဿနှင့် အတူ သီဟိုဠ်ကျွန်းသို့ ပြန်ကြွတော်မူ၍ ဗုဒ္ဓမြတ်စွာ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်အောင် ဆောင်ရွက်တော်မူခဲ့လေသည်။[၁]

သုကလျာဏတိဿော စာပိ၊ ကလျာဏီဝံသိကော သုဓီ။
မုနိနော သာသနဿေဝ၊ ဝုဍ္ဍိ ဝိရူဠှိယာ ကရိ။

## သီဟိုဠ် ရဟန်းတော် အရှင်ဓမ္မရတန

သီဟိုဠ် ရဟန်းတော် အရှင်ဓမ္မရတနသည်လည်း ကလျာဏီ အနွယ် အဆက် စင်စစ် ဖြစ်တော်မူသည်။ သာသနာ သက္ကရာဇ် ၂၃၃၀-ပတ် ဝန်းကျင်တွင် ဝယ်လိတောနွ (ဝယ်လိတောဝေ့)ရွာ၌ မိးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်သာမဏေ ဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် ဓမ္မရတန ဖြစ်သည်။

## မြန်မာပြည်သို့ ကြွရောက်တော်မူခြင်း

သာသနာ သက္ကရာဇ် ၂၃၅၁-ခုနှစ် မြန်မာပြည် အမရပူရ မြို့တည် နန်းတည် ပင်းတရားကြီး နန်းစံ ၂၇-နှစ်တွင် သီဟိုဠ်ကျွန်းမှ ရဟန်း တော် အရှင်ဂုဏရတနာ တိဿနှင့် အတူ မြန်မာနိုင်ငံတော် အမရပူရ မြို့တော်သို့ ကြွရောက်တော်မူခဲ့လေသည်။

---

၁။ သီဟိုဠ်ဗာသာရေး ကလျာဏီသာသနာဝင်

## ကလျာဏီသိမ်၌ ရဟန်းခံခြင်း

သာသနာ သက္ကရာဇ် ၂၃၅၁-ခုနှစ် တပေါင်း လပြည့်ကျော် နေ့လယ် မြန်မာနာရီ ၂၄-နာရီ အချိန်တွင် ပဲခူးမြို့ ကလျာဏီ သိမ်တော်ကြီး၌ ဗဒုံ မင်းတရားကြီး၏ ပရိက္ခာရဒါန ပစ္စယာနုဂ္ဂဟဖြင့် အရှင်မေဓာနန္ဒ-ဇ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ အရှင်ဉာဏဂမ္ဘီရဓဇ မထေရ်၊ အရှင် အာစာရဝံသဓဇ မထေရ်၊ အရှင်ပညာသာရဓဇ မထေရ်တို့ကို ဥပဇ္ဈာယ် ပြု၍ လောကီယသမ္ပဒါတို့ထက် ၁ ထက်လွန်ကြူး ထူးမြတ်သော ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူခဲ့လေသည်၊

ကလျာဏီသီမာယံ သော ဟိ၊ အလတ္ထ ဥပသမ္ပဒံ။
ဓမ္မရတနထေရောပိ၊ သဒ္ဓမ္မရတနော ဟိ ခေါ။

## သီဟိုဠ် ရဟန်းတော် အရှင်ဓမ္မသာရ

သီဟိုဠ် ရဟန်းတော် အရှင်ဓမ္မသာရသည်လည်း မြန်မာ့ဂုဏ်ကို ဆောင်တော်မူသည့် ကလျာဏီနှယ်ဝင် အရှင်မြတ် ဖြစ်တော်မူသည်။

## ဖွား မြင် ရှင်သာမဏေ ပြုခြင်း

သီဟိုဠ်ကျွန်း ကောဂ္ဂလရွာ၌ သာသနာ သက္ကရာဇ် ၂၃၃၀-ခုနှစ် တွင် မိးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်၊ အရွယ်ရောက်သော် ရှင်သာမဏေပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူသည်။ ဘွဲ့တော် ရှင်ဓမ္မသာရ ဖြစ်သည်။

## ကလျာဏီသိမ်၌ ရဟန်းခံခြင်း

ရှင်ဓမ္မသာရသည် သာသနာ သက္ကရာဇ် ၂၃၅၁-ခုနှစ် တပေါင်း လပြည့်ကျော် နေ့လယ် မြန်မာနာရီ ၂၆-နာရီ အချိန်တွင် ပဲခူးမြို့ ကလျာဏီ သိမ်တော်ကြီး၌ အရှင်မေဓာနန္ဒဓဇ မဟာထေရ်ကို ဥပဇ္ဈာယ် ပြု၍ အရှင်ဉာဏဂမ္ဘီရဓဇ မထေရ်၊ အရှင် အာစာရဝံသဓဇ မထေရ်၊ အရှင်

ပညာသာရဓဇ မဟာသရီတို့၏ ကမ္မဝါစာ ဖတ်ရွတ် ချီးမြှောက်မှုဖြင့် ဥပသမ္ပဒဇာတ် ပြင့်မြတ်သော ရဟန်း ပဌ္ဌင်း အဖြစ်သို့ ရောက်တော်မူသည်။

## သီဟိုဠ် ပြန်ကြွ သာသနာပြု

ကလျာဏီသိမ်၌ ရဟန်းအဖြစ်ကို ရရှိတော်မူပြီးနောက် ရွှေမော်ဓော ဆံတော်ရှင် စေတီ၊ နှံကုန်မြို့ ရွှေတိဂုံစေတီတော် စသည်တို့ကို သဒ္ဓါဇောဝင် ဖူးမြော်တော်မူပြီးလျှင် သီဟိုဠ်ကျွန်းသို့ ပြန်လည် ကြွရောက်တော်မူ၍ သာသနာပြုတော် မူခဲ့လေသည်။

## သီရိဓမ္မသာရ မဟာနာယက

အရှင်ဓမ္မသာရသည် နောက်တွင် "သုသမ္မတကလျာဏီဝံသဓဇ ကောဂ္ဂလ သီရိဓမ္မသာရ မဟာနာယက" ဆရာတော်အဖြစ် ထင်ရှားတော်မူသည်။

## ပျံလွန်တော်မူခြင်း

သက်တော် ၆၉-နှစ်ရှိသော သာသနာတော် သက္ကရာဇ် ၂၄၆၈-ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

မြင်မြင်သမျှ သင်္ခါရ စိတ်ကနှလုံးသွင်း။

## သီဟိုဠ် ရဟန်းတော် အရှင်သုမနတိဿ

သီဟိုဠ် ရဟန်းတော် အရှင်သုမနတိဿသည်လည်း ကလျာဏီအနွယ် ၌ ထင်ရှားသော ရဟန်းတော်တပါး ဖြစ်တော်မူသည်။

## ဖွားမြင် ရှင်သာမဏေပြုခြင်း

သီဟိုဠ်ကျွန်း တောင်ပိုင်း ဝလ်ပိဋ္ဌရွာ၌ သာသနာ သက္ကရာဇ် ၂၃၃၀-ပတ်ဝန်းကျင်တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော်

ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူသည့်၊ဘွဲ့တော် ရှင်သုမနတိဿ ဖြစ်သည်၊

## မြန်မာပြည်သို့ ကြွရောက်ခြင်း

မြန်မာပြည်ကြွ သာသနာပြုခေါင်းဆောင်အရှင်ဂုဏရတနတိဿ၏ တိုက်တွန်းချက်အရ အရှင်ဂုဏရတနတိဿနှင့် အတူ ၎င်း၏ ဩဝါဒကို ခံယူ၍ မြန်မာနိုင်ငံသို့ ကြွရောက်တော်မူခဲ့လေသည်။

## ကလျာဏီသိမ်၌ ရဟန်းခံခြင်း

သာသနာ သက္ကရာဇ် ၂၃၅၀-ပြည့်နှစ် တပေါင်းလပြည့်နေ့ညမြန်မာနာရီ ၄၀-အချိန်တွင် ရာဇဂုရု အရှင်မေဓာနန္ဒာဇမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ပဒုံမင်းတရား၏ ပရိက္ခာရဒါန ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

## သီဟိုဠ်ပြန် သာသနာပြု

မြန်မာပြည်၌ အဖော် သီဟိုဠ်ရဟန်းတော်များနှင့် အတူ စာပေကျမ်းဂန်များ လေ့လာဆည်းပူးပြီး သီဟိုဠ်ကျွန်းသို့ပြန်သည်ကြွရောက်၍ သာသနာပြုတော် မူခဲ့လေသည်။

သုမနတိဿော ယတိပိ၊ ကလျာဏီဓံသိကော သုဓီ။
ကလျာဏံ သော ကရိတွာန၊ ယထာကမ္မံ ဂမီ ဟိ ခေါ။

## လွန်စွာ ကျေးဇူးများသော သိမ်

ဓမ္မစေတီမင်းတရားကြီး၏ မဟာသာဟ ဇွဲလုံ့လကြောင့် ပေါ်ထွန်းလာသော ဤကလျာဏီ သိမ်တော်ကြီးကား မြန်မာ၊ ယိုးဒယား၊ သီဟိုဠ် စသည် နိုင်ငံများ သာသနာ ထွန်းကားရေးအတွက် အဓိကကျသည့် လွန်စွာ ကျေးဇူးများလှသည့် သိမ်တော်ကြီးဖြစ်လေသည်

ကလျာဏီနာမ သုသီမာ၊ ဥပကာရာ ဟိတာဝဟာ။
သမ္မာသမ္ဗုဒ္ဓစက္ကာသာ၊ ဝုဍ္ဎိဝိရုဠ္ဟိယာ ဟိ ခေါ။

## သီဟိုဠ်ရဟန်းတော် အရှင်ပညာတိဿ

သီဟိုဠ်ရဟန်းတော် အရှင်ပညာတိဿသည်လည်း ပဲခူးမြို့ ကလျာဏီသိမ်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူသည့် ကလျာဏီနွယ်ဝင် အရှင်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင် ရှင်သာမဏေဝတ်

သာသနာ သက္ကရာဇ် ၂၃၃၀- ပဘ်ဝန်းကျင်တွင် သီဟိုဠ်ကျွန်း ဝယ်လိကောဋ္ဌေရွာ၌ ဗုဒ္ဓသာသနာတော်ကိုယုံကြည်သည့် မိဘနှစ်ဦးတို့မှ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် ရှင်ပညာတိဿ ဖြစ်သည်။

## မြန်မာပြည်သို့ ကြွရောက်ခြင်း

သာသနာ သက္ကရာဇ် ၂၃၅၁-ခုနှစ်တွင် မြန်မာပြည် အမရပူရ နန်းမြို့တော်သို့ ကြွရောက်တော်မူခဲ့သည်။ ထိုစဉ်က အသောကာရာမ ကျောင်းတိုက်ကြီး၌ သီတင်းသုံး၍ သာသနာပြုတော်မူသော "ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" စသည့် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ မောင်းထောင် သာသနာပိုင် ဆရာတော်ကြီးကိုလည်း ဖူးမြင်ခွင့် ရရှိတော်မူခဲ့လေသည်။

## ကလျာဏီသိမ်၌ ရဟန်းခံခြင်း

သာသနာ သက္ကရာဇ် ၂၃၅၁-ခုနှစ်၊ တပေါင်းလပြည့်နေ့ ညဉ့်အချိန် မြန်မာနာရီ ၃၂-နာရီတွင် ပဲခူးမြို့ ကလျာဏီသိမ်တော်ကြီး၌ ဗဒိုမင်းတရားကြီး လှူဒါန်းသည့် သင်္ကန်း သပိတ် အစရှိသော ပရိက္ခရာဖြင့် အရှင်မေဓာနန္ဒ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ အရှင်ကေလာသမထေရ်၊

အရှင်သုခမ္မမထေရ်၊ အရှင်ဥတ္တရမထေရ်တို့၏ ကမ္မဝါစာ ရွတ်ဖတ် ချီး မြှောက်မှုဖြင့် ရဟန်းဘဝ ဒုလ္လဘကို ရရှိတော်မူခဲ့လေသည်။

## သီဟိုဠ်ပြန်ကြွ သာသနာပြု

ဥပသမ္ပဒဇာတ် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူပြီး နောက် အမိ သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၍ ကလျာဏီနိကာယဝင်ဖြစ်၍ သာသနာပြုတော်မူခဲ့လေသည်။

ပညာတိဿော ထေရသေဋ္ဌော၊ ကလျာဏီဝံသိကော သုဓီ။
ဝိနယကော ဿစက္ကာဿ၊ ဝုဋ္ဌိယာ ဝါယမံ ကရိ။

## သီဟိုဠ်ရဟန်းတော် အရှင်ဂုဏာသာရ

သီဟိုဠ်ရဟန်းတော် အရှင်ဂုဏာသာရသည်လည်း ကလျာဏီသာသနာ ဝင်တွင် ထင်ရှားသည့် ရဟန်းတော်တပါး ဖြစ်သည်။

## ဖွားမြင် ရှင်သာမဏေပြုခြင်း

သီဟိုဠ်ကျွန်း နာရန်ဒေနိယရွာ၌ သာသနာသက္ကရာဇ် ၂၃၃၀-ခုနှစ် ပတ်ဝန်းကျင်တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ရှင်သာ မဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော် မူခဲ့လေသည်၊ ဘွဲ့တော် ရှင်ဂုဏာသာရ ဖြစ်သည်။

## မြန်မာပြည်သို့ ကြွရောက်ခြင်း

မြန်မာပြည်ကြွ သာသနာပြု ခေါင်းဆောင် အရှင်ဂုဏာရတနတိဿ၏ တိုက်တွန်းခေါ်ဆောင်မှုကြောင့် သာသနာသက္ကရာဇ် ၂၃၅၁-ခုနှစ်တွင် မြန်မာပြည်သို့ ကြွရောက်တော် မူခဲ့လေသည်။

## စေတီပုထိုးများ ဖူးမြော်ခဲ့

မြန်မာပြည်၌ ထင်ရှားသော မဟာမြတ်မုနိဘုရားကြီး ရွှေမော်ဓော ဆံတော်ရှင်စေတီ ရွှေတိဂုံဆံတော်ရှင် စသည့် စေတီပုထိုး တန်းခိုးကြီး တို့ကိုလည်း ဖူးမြင်တော် မူခဲ့လေသည်။

## ကလျာဏီသိမ်၌ ရဟန်းခံခြင်း

ပဲခူးမြို့ ကလျာဏီ သိမ်တော်ကြီး၌ သာသနာတော် သက္ကရာဇ် ၂၃၅၁-ခုနှစ် တပေါင်းလပြည့်နေ့ည မြန်မာနာရီ ၃၄-နာရီအချိန်တွင် ဗဒိုံ မင်းတရားကြီး၏ ပစ္စယာနုဂ္ဂဟဖြင့် အရှင်မေဓာနန္ဒ မထေရ်ကို ဥပဇ္ဈာယ်ပြု၍ အရှင်ကေလာသာဘထေရ်၊ အရှင်ဿုဓမ္မထေရ်၊ အရှင် ဥတ္တရမထေရ်တို့၏ ကမ္မဝါစာ ရွတ်ဖတ်ချီးမြှောက်မှုဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

## သီဟိုဠ်ပြန်ကြွ သာသနာပြု

ရဟန်းခံပြီးနောက် အဖော်ရဟန်းတော်များနှင့်အတူ သီဟိုဠ်ကျွန်းသို့ ပြန်ကြွတော်မူ၍ သဗ္ဗညုမြတ်စွာ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။

ဂုဏသာရော ထေရသေဋ္ဌော၊ သာရေသု သဏ္ဌိတော ဝိဒ္ဒါ။
ဝိဒုနော သာသနဿေဝ၊ ဝုဒ္ဓိယာ ဝါယာမိ အကာ။

## သီဟိုဠ်ရဟန်းတော် အရှင်မေဓာနန္ဒ

သီဟိုဠ်ရဟန်းတော် အရှင်မေဓာနန္ဒသည်လည်း ပဲခူးမြို့ ကလျာဏီ သိမ်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည့်ကလျာဏီနွယ်ဝင် အရှင်မြတ် ဖြစ်တော်မူသည်။

## ဖွားမြင် ရှင်သာမဏေဝတ်ခြင်း

သီဟိုဠ်ကျွန်း မာတရနယ် မိရိဇဝတ္တ (မိရိသ်ဝတ္တ) ရွာ၌ သာသနာ သက္ကရာဇ် ၂၃၃၀-ပတ်ဝန်းကျင်တွင် ဖွားမြင်တော်မူခဲ့လေသည်။အရွယ် ရောက်သော် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော် မူခဲ့လေသည်။ ဘွဲ့တော် ရှင်မေဓာနန္ဒဖြစ်သည်။

## မြန်မာပြည်ကြွရောက်ခြင်း

အရှင်ဂုဏရတနာဘိဿ အမှူးရှိသော သာမဏေများနှင့် မြန်မာနိုင်ငံ၌ ရဟန်းခံရန် မြန်မာပြည်သို့ ကြွရောက်တော် မူခဲ့လေသည်။

## ကလျာဏီသိမ်၌ရဟန်းခံခြင်း

သာသနာသက္ကရာဇ် ၂၃၅၁-ခုနှစ် တပေါင်းလပြည့်နေ့ည မြန်မာနာရီ ၃၆-နာရီအချိန်တွင် အမရပူရ မြို့တည် နန်းတည် ဖဒိုမင်းတရားကြီး၏ပစ္စယာနုဂ္ဂဟဖြင့် ပဲခူးမြို့ ကလျာဏီ သိမ်တော်၌ အရှင်မေဓာနန္ဒထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဒေါ့ကေလာသမထေရ်၊ အရှင်သုမ္မမထေရ်၊ အရှင်ဥတ္တရမထေရ်တို့၏ ကမ္မဝါစာ ရွတ်ဖတ်ချီးမြှောက်မှုဖြင့် ရဟန်း ဘဝ ဒုလ္လဘကို ရရှိတော်မူခဲ့လေသည်။

## သီဟိုဠ်ကျွန်းပြန်ကြွ သာသနာပြု

ရဟန်းခံပြီးနောက် အရှင်ဂုဏရတနတိဿ အစရှိသော အဖော်ရဟန်းတော်များနှင့်အတူ သီဟိုဠ်ကျွန်းသို့ ပြန်လည်ကြွရောက်တော်မူ၍ အရှင်ဂုဏရတနတိဿဦးဆောင်သည့်ကလျာဏီနိကာယ (ကလျာဏီဂိုဏ်း) ဝင်ဖြစ်၍ သာသနာပြုတော်မူခဲ့လေသည်။

မေဓာနန္ဒော ယတိ သေဋ္ဌော၊ အာနန္ဒော ဗုဒ္ဓသာသနေ။
သာသနံ သော ဟိ ပဂ္ဂဟေတွာ၊ ယထာကမ္မံ ဂမိ ဟိ ဝေ။

## သီဟိုဠ်ရဟန်းတော် အရှင်သီလာနန္ဒ

သီဟိုဠ်ရဟန်းတော် အရှင်သီလာနန္ဒသည်လည်း သီဟိုဠ်၊ မြန်မာ သာသနာ့သမိုင်းတွင် မှတ်တမ်းတင်ထိုက်သော ရဟန်းတော်မြတ်ဖြစ်သည်။

## ဖွားမြင်ရှင်သာမဏေဝတ်ခြင်း

သီဟိုဠ်ကျွန်း တောင်ပိုင်း ကိရိန္ဒရွာ၌ ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် ရှင်သီလာနန္ဒဖြစ်သည်။

## မြန်မာပြည်သို့ ကြွတော်မူခြင်း

သာသနာသက္ကရာဇ် ၂၀၁၂-ခုနှစ်တွင် အရှင်ဂုဏရတနတိဿအမှူးရှိသော သာမဏေများနှင့်အတူ မြန်မာနိုင်ငံသို့ ကြွရောက်တော်မူခဲ့လေသည်။ ထိုစဉ်က အမရပူရမြို့ ၏သည့်၌ ထင်ရှားသော ကျောင်းတိုက်ကြီးများ၊ စေတီပုထိုးများကို လှည့်လည်ကြည့်ရှု လေ့လာဖူးမြော်တော်မူခဲ့လေသည်။

## ကလျာဏီသိမ်၌ ရဟန်းပြုခြင်း

သာသနာတော်သက္ကရာဇ် ၂၀၁၁-ခုနှစ် တပေါင်းလပြည့်နေ့ည မြန်မာနာရီ ၁၀-နာရီအချိန်တွင် သာသနာတော်တွင် အလွန်ထင်ရှားလှသော ပဲခူးမြို့ ကလျာဏီသိမ်တော်ကြီး၌ အရှင်မေဓာနန္ဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ အရှင်ကေလာသမထေရ်၊ အရှင်သုမင်္ဂလထေရ်၊ အရှင်ဥတ္တရမထေရ်တို့၏ ကမ္မဝါစာ ရွတ်ဖတ်ချီးမြှောက်မှုဖြင့် မြင့်မြတ်သောရဟန်းပဉ္စင်းအဖြစ်သို့ ရောက်တော်မူခဲ့သသည်။

ရဟန်းခံပြီးနောက် အဖော် အရှင်ဂုဏရတနတိဿ အစရှိသောရဟန်းတော်များနှင့်အတူ မိမိ၏ ဇာတိချက်ကြွေ သီဟိုဠ်ကျွန်းသို့ ပြန်လည်ကြွရောက်တော်မူ၍ သာသနာပြုတော်မူသည်။

သီလာနန္ဒော မိရာနန္ဒော၊ အာနန္ဒော ဗုဒ္ဓသာသနေ။
အာနန္ဒေတွာ သသိဿော သော၊ ဂတော ဒေဝသဟဗျတံ။

## ဥပဇ္ဈာယ် ဆရာတော်ကို များစွာ ချီးမြှောက်ခြင်း

ဥပဇ္ဈာယ်ဆရာတော် ဖြစ်တော်မူသော "ရာဇဂုရု" အရှင်မေဓာနန္ဒ မဟာထေရ်သည် "ဥပဇ္ဈာယေန ဘိက္ခဝေ သဒ္ဓိဝိဟာရိကော သင်္ဂဟေ တဗ္ဗော အနုဂ္ဂဟေတဗ္ဗော ဥဒ္ဒေသေန ပရိပုစ္ဆာယ ဩဝါဒေနအနုသာသနိယာ"[၁] ဟူ၍ ဘုရားရှင် ဟောတော်မူသည်နှင့်အညီ အရှင်ဂုဏရတန

---

၁၊ ရုဋ္ဌဝဂ္ဂပါဠိ။ ၃၉၈။

တိသာအမှုးရှိသော တပည့်များအား များစွာချီးမြှောက်တော်မူသည်။ ဓမ္မဝိနယကို သင်ပေးခြင်းဖြင့်လည်းကောင်း၊ ဩဝါဒအနုသာသနီပေး၍လည်းကောင်း၊ ချီးမြှောက်တော်မူသည်သာမက ဍင်းရဟန်းတော်များ သီဟိုဠ်ကျွန်းပြန်ကြသောအခါ ရဟန်းတပါးလျှင် တိစီဝရိတ် တစုံစီနှင့် နိသိဒိုင်အခင်း စသည်တို့ကိုလည်း လှူဒါန်းဘော်မူလိုက်လေသည်။ မိမိ၏ တပည့်ဖြစ်သော ဗျတ္တပဋိဗလဂုဏ်နှင့် ပြည့်စုံသော အရှင်ကေလာသ မထေရ်ကိုလည်း ထည့်တော်မူလေသည်။

ဥပဇ္ဈာယော ပဂ္ဂဟောသိ၊ သီဟဠဒီပိကေ ယတိ။
အဂ္ဂေဟိ ဓမ္မာမိသေဟိ၊ ဓမ္မေသု သာဒရော သုစိ။

**သာသနပ္ပဝတ္တိဒီပနီ စာတမ်းချီးမြှင့်**

ဍင်းပြင် ဥပဇ္ဈာယ်ဆရာတော် ရာမညတိုင်းသံဃနာယက ရာဇဂုရု အရှင် မေဓာနန္ဒဓဇ မဟာထေရ်သည် သာသနာသက္ကရာဇ် ၂၃၅၂ ခုနှစ် တန်းခူးလဆုတ် ၁-ရက်နေ့တွင် အောက်ပါ သာသနပ္ပဝတ္တိဒီပနီ စာတမ်းကိုလည်း သီဟိုဠ်ကျွန်းသို့ တပါတည်း ချီးမြှင့်တော်မူခဲ့လေသည်။

**သီဟဠဒီပါဂတာနံ ဂုဏရတနာဒီနံ ရာမညကလျာဏီဝံသိကေဟိ ဥပသမ္ပာဒိတာနံ ဥပသမ္ပဒါဒီပနီ**

၁။ အဘိဝါဒိယ သမ္ဗုဒ္ဓံ၊ ဓမ္မံ သံဃံ စ သတ္တမံ။
မဟာထေရော ရာဇဂုရု မေဓာနန္ဒဓဇာဘိဓော။

၂။ ရာမညဝိသယေ ဟံသာ-ဝတီသဉေ ပုရုတ္တမေ။
ဝသံဝိဟာရေကလျာဏီ-သီမာယ ဥပလက္ခိတေ။

၃။ ဣမာဂတာယ ဘိက္ခူနံ၊ ဂုဏာဒိရတနဿ စ၊
သိဿာနံ စ ယထာ သိဒ္ဓါ၊ ပဗ္ဗဇ္ဇာ စောပသမ္ပဒါ။

၄။ တဒတ္ထဒီပနာယာဟံ၊လိခါမိဒံ သမာသတော။
ပဝတ္တံ သာသနဿေမံ၊ သဗ္ဗေ ဇာနန္တု သီဟဠာ။

၅။ ပုညံ တံ အနုမောဒန္တု၊ မေတ္တံ ပဋိလဘန္တု စ။
ဧတာတယန္တု သဒ္ဓါယ၊ သမ္ဗုဒ္ဓသမ္ဗုဒ္ဓသာသနံ။
၆။ ပုညေနာနေန ဒေဝေသု၊ မနုဿေသု စ သံသရံ။
ပူဇေရတ္ထာပါရမီ သဗ္ဗာ၊ ဗုဒ္ဓေါ ဟောသံ အနာဂတေ။

အမှာကံ ဘဂဝတော သမ္မာသမ္ဗုဒ္ဓဿ ပရိနိဗ္ဗာနတော ဒွိသဟဿ တိသတေကပညာသမိတေ ဝဿေ ကတ္တိကပုဏ္ဏမာယံ သာယဏှသမယေ သာသနမာမကော ရာမညမဏ္ဍလိဿရော ရာဇာ သီဟဠဒီပကေန ဂုဏရတနာမဓေကေန ထေရေန တဒဿဝ သဒ္ဓိဝိဟာရိကေဟိ သက္ကတိ သာမဏေရေဟိ တီဟိ စ ကပ္ပိယကာရကေဟိ သဒ္ဓိံ အမှာကံ သန္တိကမုပသင်္ကမိတွာ မံ အဘိဝါဒေတွာ ဧဝမာဟ “အဟံ ဘန္တေ သီဟဠဒီပ- တော ဂုဏရတနာမော ထေရော ဇာတိယာ ပဉ္စပညာသဝဿုဒ္ဒေသိ ကောပိ သမာနော ဇီဝိတံ တိဏာယာပိ န မညမာနော သာသနမေဝ ပေက္ခမာနော သဟ သိဿေဟိ မဟာသမုဒ္ဒံ အမှာကံ ရဋ္ဌံ သမ္ပာပုဏိ။ မဟာသမုဒ္ဒမဇ္ဈေ သဥ္ဇာတေန မဟတာ စဏ္ဍမာရုတေန ဥပဒ္ဒုတာ ကူမေသံ နာဝါ ဘိန္နကူပလင်္ကာရာ အဟောသိ။ တထာပိ ဘန္တေ ကူမဿ ထေရဿ ဂုဏာနုဘာဝေန ဇီဝိတန္တရာယံ အပတ္တာ။ ကူမေ သဗ္ဗေ အမှေဟိ ပေသိတနာဝါယ တီရံ ပါပိတာ။ အဟံ ပနိမံ ထေရဝရံ ပါသာဒိကံ ပိယရူပံ ဒိသွာ ဗလဝံ ပေမံ ဥပ္ပါဒေတွာ တိဂုမ္ဘနဂရံ ဝသာပေတွာ စတူဟိ ပစ္စယေဟိ သပရိသံ ဥပဋ္ဌဟိံ။ သမုဒ္ဒမဇ္ဈေ သဥ္ဇာတ- ကိလမထေန စ အပရိစိတာဟာရဥတူဟိ စ ပီဠိတေသု ကူမေသု တိဏ္ဏံ သာမဏေရာနံ အတိသာရ-ရောဂေါပိ ဥပ္ပဇ္ဇိ။ အဟံ ပန မဟုဠာကေန ဝေဇ္ဇေန တိကိစ္ဆာပေတွာ နစိရေနေဝ တေ ရူပသန္တိရောဂေအကာသိံ၊ တထာပိ မေန တာဝ ကာယဒုဗ္ဗလေန မုတ္တာ။ တသ္မာ သဗ္ဗေပိမေ သီဟဠ-ဘဒ္ဒန္တာ တုမှာကံ ဝိဟာရေ ယထာဘိရန္တံ ဝိဟရန္တု၊ မေ့ဝိနယော ဝါ ဒါ လဘာမာနာ အဟံတေ စတူဟိ ပစ္စယေဟိ ဥပဋ္ဌဟိဿာမိ၊ တုမှေကူမေသု သာသနိက- ဗန္ဓူသု မေတ္တစိတ္တံ ဥပဋ္ဌပေတွာ ဓမ္မာနုဂ္ဂဟေန အနုဂ္ဂဏှထာ”တိ။

---

၁။ ဘွိမံ မဟာသမု (မှုရင်း)

အထ ခေါ ပနာဟံ ရညော စ အာယာစနံ သာသနဿ စ ပဝတ္တိံ နိဿာယ ဧကော သီဟဠိကော သဗ္ဗထာ အနုဂ္ဂဏှန္တော ကတိပါဟေနေဝ တေသံ စိတ္တံ အာရာဓေသိံ။ အစိရေနေဝ တေ ကာယဒုဗ္ဗလတော ဝုဋ္ဌိတာ သုခိတာ ပီဏိတာ စ အဟေသုံ။ ဂုဏရတနော ပန ထေရော သိက္ခာကာမော ပိယသမုဒါစာရော ကာရုဏိကော ဒွိဟိ တီဟေဝ ဒိနေဟိ မမံ စ မမန္တေဝါသိကာနဉ္စ မနံ ဂဏှိ။ တတောဟံ ပတိဒိနံ တေန သဟ သာကစ္ဆံ သမာပဇ္ဇိံ။ ကထာသလ္လာပေန္တေန မယာ ဣဓာဂမနကာရဏံ ပုဋ္ဌော သော ထေရော ဧဝမာဟ “သီဟဠဒီပေ ကိရ ဘန္တေ ဒွိသဟ-ဿေကသဘာပမာဏော ဗုဒ္ဓဝဿေ ရာဇသီဟော နာမေကော ရာဇာ အဟောသိ၊ တေဇော ဗလသမ္ပန္နော၊ သော ပိတရံ မာရေတွာ ရဇ္ဇံ အဂ္ဂဟေသိ။ ပစ္ဆာ တေန ပါပကမ္မေန ဘီတော တမှာ မုစ္စိတုကာမော ဘိက္ခူ သန္နိပါတေတွာ ဥပါယံ ပုစ္ဆိ၊ “နတ္ထိ တံ မုဥ္စနူပါယော”တိ ဘိက္ခူဟိ ဝုတ္တော သော အညတိတ္ထိယေ ပုစ္ဆိ။ တေ “ဣမိနာ ယာဂေန တဒပေန စ သက္ကာ မုစ္စိတုန္တိ” အာဟံသု။ ဒုမ္မေဓော ရာဇာ တေသု ပသန္နော ဘိက္ခူနံ ကုဒ္ဓေါ သဗ္ဗေ ဘိက္ခူ မာရာပေသိ။ စေတိယာနိ-ဘိန္ဒာပေသိ၊ ပေါတ္ထကာနိ ဈာပေသိ။ ဧဝံ သော ပါပမိတ္တေ အာဂမ္မ မဟိန္ဒတ္ထေရပရမ္ပရာဂတံ သာသနံ သမူလဃာတံ ဃာတေသိ။ တဿာနန္တရံ ဝိမလဓမ္မသူရိယနာမော ရဇ္ဇံပတ္တော တံ သာသနဝိလောပံ သုတွာ ရက္ခင်္ဂဒေသတော ဘိက္ခူ အာနေတွာ သာသနံ ပတိဋ္ဌာပေသိ။ တထာပိ န တံ စိရဋ္ဌိကံ အဟောသိ။ အထ ဒုတိယော ဝိမလဓမ္မသူရိယော ရာဇာ ပုနပိ ရက္ခင်္ဂဒေသမေဝ ဒူတေ ပေသေတွာ ဘိက္ခူ အာနေတွာ ဥပသမ္ပဒါဒိ-ကမ္မာနိ ကာရာပေသိ။ ရဇ္ဇောပဒ္ဒဝဗဟုလတ္တာ တမ္ပိ န စိရံ ပဝတ္တိတ္ထ။ ဧဝံ ဘိက္ခူဟိ သုညတံ ပတ္တေ လင်္ကာဒီပေ ကိတ္တိသိရိရာဇသီဟော ရဇ္ဇံ ပါပုဏိ။

သော ပန ရာဇာ သရဏင်္ကရံ နာမ သာမဏေရံ ဥဠာရဇ္ဈာသယံ ကလျာဏမိတ္တံ နိဿာယ သာသနံ ပတိဋ္ဌာပေတုကာမော ဟုတွာ သျာမရ-ဋ္ဌေ အယောဇ္ဈပုရတော ဥပါလိမဟာထေရပ္ပမုခေ ဘိက္ခူ သမာနေတွာ

သာသနံ ပၚဂွံပေသိ။ တဇတဲ ကာလဃာစွယေန ဥဒ္ဒုရင္ဂေ ဟော်ဝွာ-ရင္ဂ စ ဘိက္ခုူနဲ ဒုလ္လဘာအ ဟောသုံ။

ခဏ္ဍိယာနံ ဝံသေ ဇာတော ပနာဟံ ဇာတိယာ ဒွါဒသဝဿိကော သမာနော ဟော်ဝွာရင္ဂ ဥပါလိဝံသိကာနံ ဘိက္ခူနံ သန္တိကေ ပဗ္ဗဇိံ၊ ပရိပုဏ္ဏဝီသတိဝဿော ပနာဟံ တိတ္ထဂါမေ ဝိဇယဗာဟုပရိဝေဏဝိဟာရေ ပုရာဏဗဒ္ဓသီမာယံ သရဏင်္ကရသံဃရာဇ ဿ သိဿဘူတခမ္မကုသ-လတ္ထေရပမုခေန ဘိက္ခုသံဃေန ဥပသမ္ပဒံ ပါပိတောမှိ။ ကာလစ္စယေန သာ သီမာ "သာသင်္ကာ" တိ ကေစ္စာနံ ဝိမတိ အဟောသိ။ တသ္မာ ကလျာဏော ဂ္ဂနာမကေ ဇာတဿရေ ဥဒကုက္ခေပသီမာယံ ကုလဒ္ဓဇော တိတ္ထေ ရပမုခေန သံဃေန မမ္မနန္ဒတ္ထေရေန ဥပဇ္ဈာယေန ပုနပိ ဥပသမ္ပဒံ ပါပိတော သမာနော ဇူဒါနိ တာယ ဥပသမ္ပဒါယ ဒသဝဿိကော ဟောမိ တမှိ ဇာတဿရံ န ကမ္မဂုရဟာန္တိ ကေစ္စ စောဒေသုံ၊ ဥဒ္ဒုရင္ဂေပိ ပုဘ္ဘာရာမဝိဟာရေ အဿဂိရိဝိဟာရေ စ ဘိက္ခူ အညမညံ ဥပသမ္ပဒါ-ကမ္မာဒိံ နိဿာယ ဗသဝဝိဝါဒမာပဇ္ဇိံသု၊ သောဟံ ဝေမာဒိဟိ ကာရဏေဟိ သံဝိဂ္ဂေါ ကဒါ သုပရိသုဒ္ဓါပသမ္ပဒံ လဘိတွာ သာသနံ ပဂ္ဂဏှေယျန္တိ စိန္တယမာနော ဝိဟာသိံ။

တေတ္တကော့ ရေ မရမ္မရင္ဂေ အဒရပူရနာဇခေါနိံ ဂန္တ္ဝာ လဒ္ဓံ ပဗ္ဗဇ္ဇူပသမ္ပဒေါ ကလျာဏဂုဏသမ္ပန္နော ဗောဂဟာဘတ္တုတ်ိဿနာမော ဘိက္ခု အမရပုရေ သာသနပ္ပဝတ္တိံ မယှံ အာရောစေသိ။ တံ သုတွာန ပီတိဿောမနဿဇာတော ဉာတိမိတ္တဒါယကာဒီနံ အာရောစေတွာ တေဟိ ဥပတ္ထမ္ဘိတော တမေဝ ထေရံ မဂ္ဂဒေသကံ ကတွာ သပရိသော နာဝမာရုယှ ပဟာ သမုဒ္ဒံ တရိတွာ တုမှာကံ ရဋ္ဌံ သမ္ပတ္တောမှိ 'တိ။

ဣမံ ပဝတ္တိံ သုတွာ သာသနပဂ္ဂဏှနေ ဥဿုက္ကစိတ္တော အဟံ ဇေဒခေါါဝံ "အာဝုသော တုမှေ ခေါ ကတပုညာ၊ တထေဝ သဒ္ဓါ သမ္ပန္နာ၊ တုမှာကံ ပတ္ထနာယ သိဒ္ဓိပ်နာ တိဒ္ဓူရေ၊ တုမှာကံ ပုညာနုဘာ-ဝေနေဝ တုမှေ ဣမံ ဌာနံ သမ္ပတ္တာတိ မညာမ၊ ဣတာဝုသော ဝိဟာရေ ဝိဇ္ဇမာနာ ကလျာဏီ နာမ ဟောသိမာ လံဘာဒိဝေ မပန္နုပရမ္မရာ

ဂတာဘိက္ခုသံဃတော ဘဂဝတာ ပရိဘုတ္တကလျာဏီနဒိယာ ဥဒကုက္ခေပသီမာယ ပဗ္ဗဇ္ဇူပ-သမ္ပဒံ လဘိတွာ သကရဋ္ဌာဂတေန ရာမညဒေသီယဘိက္ခုသံဃေန သမ္မတာ သုပရိသုဒ္ဓါ စ၊ မယမ္ပိ တေသံ ထေရဝရာနံ ပဝေဏိပါလကာ မဟာဝိဟာရပရမ္ပရာဂတေ တသ္မိံ ကလျာဏီဝံသေ လဒ္ဓပဗ္ဗဇ္ဇူပသမ္ပဒါ’တိ ဝတွာ ဣမံ ပကရဏံ ဝါစေထာတိ ကလျာဏီပ္ပကရဏမ္ပိ တေသံ အဒါသိ။ တတော ပဋ္ဌာယ မမုပဇ္ဈာယပရမ္ပရာ ယာ စ သီဟဠဒီပါဂတာမဏိသာရာဘိဓာနဘုဝနေကဗါဟုသာမိတ္ထေရာ တေသံ အာစိက္ခိ။ တံ ယထာ မုပဇ္ဈာယော သီလဝံသာဘိဓဇရာဇဂုရုမဟာထေရော၊ တဿုပဇ္ဈာယော အတိဝိသုတော တိပိဋကဓာရီ ဘုမ္မကိတ္တိမဟာထေရော၊ တဿုပဇ္ဈာယော မဟာပါဠိကာရကော ဓမ္မဝိနယာတိဒက္ခော ဇမ္ဗုဒီပအနန္တဓဇမဟာဓမ္မရာဇာဓိရာဇဂုရုတ္ထေရော၊ တဿုပဇ္ဈာယော ပညာဇောတာဘိဓဇတ္ထေရော၊ တဿုပဇ္ဈာယော မုနိန္ဒာဘိဝံသတ္ထေရော၊ တဿုပဇ္ဈာယော သီရိဝံသဇတ္ထေရော၊ တဿုပဇ္ဈာယော ဉာဏာလင်္ကာရသဒ္ဓမ္မတ္ထေရော၊ တဿုပဇ္ဈာယော ဂုဏာလင်္ကာရသဒ္ဓမ္မတ္ထေရော၊ တဿုပဇ္ဈာယော စန္ဒသာရတ္ထေရော၊ တဿုပဇ္ဈာယော ပုဗ္ဗေ မဏိသာရာဘိဓာနော ပစ္ဆာ လင်္ကာဒီပေ ဥပသမ္ပဒံ လဘိတွာ ဘုဝနေကဗာဟုသာမီတိ လဒ္ဓနာမော မဟာထေရော တဿုပဇ္ဈာယော သီဟဠဒီပိကော ဝနရတနာဘိဓာနော မဟာထေရော”တိ။

အထ ကတိပါဟစ္စယေန ဂုဏရတနတ္ထေရော သသိဿော မံ ဥပသင်္ကမိတွာ ဧဝမာယာစိ အဟော ဝတ မယံ ဘန္တေ ဣမိဿံ ကလျာဏီမဟာသီမာယမေဝ ကလျာဏီဝံသိကဘိက္ခုသံဃဿ သန္တိကေ လဘေယျာမ ပဗ္ဗဇ္ဇံ စ ဥပသမ္ပဒံ စ၊ တဒတ္ထာယ မဟာထေရော ဥဿောဋ္ဌိံ အာပဇ္ဇိတုံ အနုကမ္ပံ ဥပါဒါယာတိ။

အထာဟံ ရာမညမဏ္ဍလိဿရဿ ရညော တမတ္ထံ အာရောစေသိံ၊ ပကတိယာပိ သဒ္ဓါသမ္ပန္နော သော ရာဇာ တံ သုတွာ ဘိယျောမတ္တာယ ပသန္နော သာသနောပတ္ထမ္ဘံ ကတွာ မဟန္တံ ပုညံ လဘိဿာမီတိ ပီတိဝါကျမုဒါဟရိတွာ “သာဓု ဘန္တေ အဟံ သဗ္ဗံ သက္ကာရသမ္မာနံ ပဋိ-

ယာဒေမိ၊ တုမှေ ပန ဘန္တေ ပရောပဝါဒဝိရဟိတေ သီလသမ္ပန္နေ ထေရေ ဘိက္ခူ ဥဒ္ဒိသထ၊ အထာပရံ ဘန္တေ ပိဒဒသာဂမဓနသု ဓေဝံ ပဋိပတ္တိမာနေဟိ အမှေဟိ တာဝ မဟာရာဇာဝိရညော အာရောစေတုံ ဝဋ္ဋတိ၊ အဟံ ဂန္တွာ ပန္နရသမေ ဒိဝသေ အဓိရာဇာနံ ပဿိတုံ ရတနာပုရံ ဂမိဿာမိ၊ မယာ သဟ တတ္ထ ဂန္တုံ ဂုဏမေသု သီဟဠိန္ဒ ဘဒ္ဒန္တာသု ဒွေ ပေသေယျာထာတိ၊ အဟမ္ပိ တံ သာဓူတိ ဂုဏရတနဓေ-ရေန သဟ မန္တေတွာ ဓမ္မရတနေဝ ဓမ္မသာရော ဝာတိ ဒွေ သာမဏေရေ မဏ္ဍလီဿရဿ သန္တိကံ ပေသေသိ၊ ဒသာပိ တေဟိ ဒွီဟိ သာမဏေ-ရေဟိ သဒ္ဓိံ သပရိသော အဓိရာဇဿ သန္တိကံ ဂန္တွာ သဗ္ဗံ ပဝတ္တိံ နိဝေဒေသိ၊ သာမဏေရာနံ ဒဿနေန ပဝတ္တိသဝနေန စ သောမနဿ-ဿပ္ပတ္တော မဟာရာဇာ သာမဏေရေ သံဃရာဇာရာမံ ပေသေတွာ သက္ကာရသမ္မာနံ ကာရာပေသိ၊ ကတိပါဟေနေဝ စ သံဃရာဇေန သဟ မန္တေတွာ မဏ္ဍလိဿရံ ရာဇာနံ ဧဝံ အာဏာပေသိ။ တေသံ သီဟဠိကာနံ ဘိက္ခူသာမဏေရာနံ ယထိစ္ဆိတံ သမ္ပာဒေဟီ''တိ မဏ္ဍလိဿရောပိ သာဓု ဒေဝါတိ ပဋိဿုဏိတွာ သာမဏေရေဟိ သဟေဝ သကံ နဂရံ ပစ္စာဂဉ္ဆိ။

အထ ခေါ သော ရာဇာဓိရာဇာ သီဟဠိကာနံ သဗ္ဗေသံ ဘိက္ခူ သာမဏေရာနံ ပတ္တစီဝရာဒီနိ စ ကာရကသံဃဿတ္ထာယ နာနာဝိဓာနိ ပူဇာဘဏ္ဍာနိ စ ဒတွာ အတ္တနော ဌာနေ ဌတွာ ကိစ္စကာရာ ပနတ္ထံ ဦးမေဝံ နာမကံ[၁] ပဏ္ဍိတမဟာမစ္စံ ယထာကာလဒမဝ ဟံသာဝတီ နဂရံ ပေသေသိ၊ သံဃရာဇာပိ ခေါ တေသံ ဘိက္ခူသာမဏေရာနံ ဒါတဗ္ဗာ နီတိ ပါတိမောက္ခာ၊ ကမ္မဝါစာ အဘိဓမ္မတ္ထသင်္ဂဟောတိ ဧတာနိ ပေါတ္ထကာနိ သန္ဒေသေန သဟေဝ မမ သန္တိကံ ပေသေသိ။

ပဗ္ဗဇ္ဇူပသမ္ပဒါပရိဒီပနံ

အထ သမ္ပတ္တေ ဥပသမ္ပဒကမ္မဒိဝသေ မဏ္ဍလိဿရဿ အာဏာယ ရာဇပုရိသေဟိ ကလျာဏီသီမာယ သဟ သဗ္ဗောပိ ဝိဟာရော နာနာ-

---

၁။ ဥဒမ္မဝံ-ဟုလည်း ရှိသည်။

ဝိဓေဟိ အလင်္ကာရေဟိ အလင်္ကတင်္ဂိယတ္တော အဟောသိ။ ဝိသေသေ-နာလင်္ကတမ္ပန သီမာမဏ္ဍလံ သုဓမ္မာ ဒေဝသဘာ ဝိယ သောဘဂ္ဂပ္ပတ္တံ ပညာယိတ္ထ။ အထ မယံ ဥဇုယျာဇီတာ သုပေသလာ သိက္ခာကာမာ ပရူပဝါဒဝိရဟိတာ ယေဘုယျေန အာရညကဝိနယညုနော ဧကတိံ-သတိမတ္တာ ထေရာ ဘိက္ခူ သီမာယ သန္နိပတိတွာ ဟတ္ထပါသံ အဝိဇဟိတွာ နိသီဒိံသု။ အထ ယထာ သမယံ အာဟ တေန ဥမ္မေဝံ ပဏ္ဍိတာ မဇ္ဈေန ရညာ စ မဏ္ဍလိယာရေန ကတသမ္မာနော ကလျာဏိဝံသိကော ဘိက္ခုသံဃော သပရိသေသု တေသု ဒွိသု သမောလောကေန္တသု တေသံ ဂုဏရတနအာဒီနံ သီဟဠိကာနံ ယထာဝုတ္တံ ပဗ္ဗဇ္ဇူပသမ္ပဒ ကမ္မာနိ အကာသိ။

ပဌမမေဝ ပါဟံ ရာမာဓိပတိမဟာရာဇဿ ကာလေ ကတံ ကဘိကဝတ္တံ တေသံ သာဝေသိံ၊ တံ သုတွာ တေ သဗ္ဗေဝ ဘိက္ခုသာမဏေရာ စီဝရာနိ အပနေတွာ သေတဝတ္ထာနိ ဂိဟိနိယာမေန ပရိဒဟိတွာ ဂိဟိနော မယန္တိ ပဋိဇာနိတွာ ဂဟဋ္ဌသီလံ သမာဒိယိံသု။ အထာဟံ တေ ယထာဝုတ္တံ[၁] ပဗ္ဗာဇေသိံ။

တေဟိ သဒ္ဓိံ အာဂတံ ဧတံ ကပ္ပိယကာရကံ စ တသ္မိံ ကာလေ ပဗ္ဗာဇေတွာ ယေဘုယျေန သီဟဠဒီပေ ဥပသမ္ပန္နာနံ အမှာကံ ပုဗ္ဗာစရိယာနံ မဟာပိ နာမာနိ တေသံ အဒါသိံ။ အထ သံဃော မယာ ဥပဇ္ဈာယေန တေ သဗ္ဗေ ဥပသမ္ပာဒေသိ။

တံ ယထာ—

ဗုဒ္ဓဿ ဘဂဝတော ပရိနိဗ္ဗာနတော ဒွိသဟဿေသု ဧကပညာသာဓိက တိသတဝဿေသု အတိက္ကန္တေသု ဖဂ္ဂုဏပန္နရသိယံ အာ၊ ရဒဏ္ဍ ဝိသတိဿဋ္ဌိကာယံ ရာမညဝိသယေ ဟံသာဝတီနဂရေ ကလျာဏီသီမာယံ သန္နိပတိတော ကလျာဏိဝံသိကော ဘိက္ခုသံဃော သီဟဠဒီပါဂတံ ဂုဏရတနံ နာမ သာမဏေရံ အာယသ္မတာ မေဓာနန္ဒဓဇတ္ထေရေန

---

၁။ ယထာဝုဍ္ဎံ (သီဟိုဠ်မူ)

ရာဇဂုရုနာ ဥပဇ္ဈာယေန ဥပသမ္ပာဒေသိ၊ ဉာဏာဘိရာမ္ဘိရမဇတ္ထေရော၊ အာစာရဝံသမဇတ္ထေရော၊ ပညာသာရမဇတ္ထေရောတိ ဣမေ တယော ထေရာ တဿ ကမ္မဝါစာစရိယာ အဟေသုံ။

အသ ဗာဝီသတိ ဃဋိကကာလေ ကလျာဏတိဿံ နာမ သာမဏေရံ စ၊ စတုဝီသတိဃဋိကကာလေ ဓမ္မရတနသာမဏေရံ စ၊ ဆဗ္ဗီသတိ ဃဋိကကာလေ ဓမ္မသာရ သာမဏေရံ စ တေနေဝ တေနုပဇ္ဈာယေန တေဟေဝ ကမ္မဝါစာ စရိယေဟိ ဥပသမ္ပာဒေသိ။

တတော ပဋ္ဌာ တဒဟေဝ ရတ္တိယံ ဒွတ္တိံသဃဋိကာကာလေ ပညာတိဿ သာမဏေရံ စ၊ စတုတ္တိံသဃဋိကာကာလေ ဂုဏသာရသာမဏေရံ စ၊ ဆတ္တိံသဃဋိကာကာလေ မေဓာနန္ဒသာမဏေရံ စ၊ အဋ္ဌတိံသဃဋိကာကာလေ သီလာနန္ဒသာမဏေရံ စ၊ စတ္တာလီသဃဋိကာကာလေ သုမနတိဿသာမဏေရံ စ ကထေဝ မယာ ဥပဇ္ဈာယေန ဥပသမ္ပာဒေသိ။ ကေလာသတ္ထေရော စ၊ သုဓမ္မတ္ထေရော စ၊ ဥတ္တရတ္ထေရော စ သဗ္ဗေသံ တေသံ ကမ္မဝါစာစရိယာ အဟေသုံ။

ဧဝံ သဗ္ဗေပိ မေ ဥပသမ္ပာဒေတွာ ဩဝါဒဒါနာဒိသဗ္ဗကိစ္စာနိ ရတ္တိယာ မဇ္ဈိမယာမေ ပရိနိဋ္ဌာပေသိံ။ သပရိသော မင်္ဂလိဿရော ရာဇာပဏ္ဍိတာ မဒေဝါ စ၊ ယာဝေတာသနံ မဟတိယာ ပီတိယာ ဩလောကယမာနာဝ နိသီဒိံသု၊ ပုန ဒိဝသေ ပါတောဝ တေ ရာဇမစ္စာ သပရိသာ နဝေါ-ပသမ္ပန္နာနံ ဘိက္ခူနံ မဟာသံဃဿ စ၊ မဟန္တံ သက္ကာရသမ္မာနံ အကံသု၊ သတ္တာဟ ပဏ္ဏံ တေသံ သော ပူဇာသက္ကာရော ပဝတ္တိတ္ထ၊

အသ တေ နဝေါပသမ္ပန္နာ ဘိက္ခူ သိက္ခာသု တိဗ္ဗဂါရဝါ တတော ပရမ္ပိ သံဝစ္ဆရမတ္တံ မမ သန္တိကေ ဝသန္တာ ဓမ္မဝိနယေသု ဂဏ္ဌိဋ္ဌာနာဒီနိ မံ ပုစ္ဆိတွာ အတ္တနော သံသယံ ဝိနောဒေတွာ သကရဋ္ဌံ ဂန္တုကာမတံ မယှံ နိဝေဒေသုံ။ အထာဟံ ရညော မင်္ဂလိဿရဿ တမတ္ထမာရောစေသိံ၊ သော ရာဇာ သာဓူတိ သမ္ပဋိစ္ဆိတွာ သဗ္ဗံ မဂ္ဂေါပကရဏံ သမ္ပာ-ဒေတွာ ဧကေကဿ ဘိက္ခုနော တိစီဝရေန သဟ နိသီဒနံ စ၊ ပူဇေတွာ ဗဟူဟိ ပိယဝစနာဟိ ဝတွာ လင်္ကာဒီပေ သာသနံ ပဂ္ဂဏှာထာတိ အာယာ-စနမကာသိ။ သန္နိဋ္ဌသမ္ဘတ္တာ ဘိက္ခူ ရာဇပရိသာ အညေ စ၊ ဥပါသ-

ကာဥပါသိကာယော တေသံ ဗဟူ ပရိက္ခာရေ အဘိဟရိံသု၊ တထာပိ အပ္ပိစ္ဆာဘဂုဏာရတနေ ဘိက္ခူ သသိဿော ဧကေကဿ တိစီဝရံ ပတ္တံ နိသီဒနဉ္စ ဧတ္တကမေဝ အလန္တိ ဂဏှိတွာ အဝသေသံ သဗ္ဗံ ပရိက္ခာရဇာတံ သံဃဿေဝ ပဋိပူဇေသိ၊ အဟမ္ပိ ဧကေကဿ ပါတိမောက္ခံ ဂန္ထံ ဒတွာ သံဃရာဇေန ပေသိတဥပါသကာနံ စ၊ ဖလိကမယံ ဆဠင်္ဂုလပ္ပမာဏံ ဗုဒ္ဓပဋိမံ စ၊ တေသံ ဩနောဇေသိံ။

တထေဝ မမ ပိယသိဿံ ကေလာသတ္ထေရံ တေဟိ သဒ္ဓိံ သီဟဠဒီပဂမနာယ ဥယျောဇေသိံ တေသံ အာစရိယဋ္ဌာနီယော ဟောတူတိ၊ ထေရော ပနာယံ ဗဟုဿုတော သိက္ခာကာမော အာဂတာဂမော သီဟဠဒီပေ စေတိယာဒီနိ ဝန္ဒိတုံ ပစ္စာသိံသမာနော ဗဟုကာလံ ပီတိနာ မေသိ။

ဣမေ မမ ပိယသိဿာ သီဟဠဒီပေ သဒ္ဓါသမ္ပန္နေ[၁] ကုလပုတ္တေ ပဗ္ဗာဇေန္တာ ဥပသမ္ပာဒေန္တာ သာသနံ ဇောတေန္တု၊ သီဟဠဒီပံ ဣသိဝါတံ ပဋိဝါတံ ကရောန္တု၊ တဒေတံ ပုညံ မမာပိ ဗုဒ္ဓဘာဝါယ ပစ္စယော ဟောတူတိ။

နိဋ္ဌိတာ သာသနပ္ပဝတ္တိဒီပနီ။
မဟာဝိဟာရဝါသီပရမ္ပရာဂတော ကလျာဏီဝံသော

စိရံ ဒိပ္ပတု။

ဣဒံ သာသနပ္ပဝတ္တိဒီပနီလေခနံ မယာ မေဓာနန္ဒဝတ္ထေရေန ရာဇဂုရုနာ ရာမညသံဃနာယကေန ဗုဒ္ဓဿ ပရိနိဗ္ဗာနတော ဒွိသဟဿ တိသတာဓိက ဒွိပဉ္စာသတိမေ ဝဿေ စိတ္တမာသဿ ကာဠပက္ခပါဋိပဒေ ဂုဏရတနဿ ဘိက္ခုနော ဒိန္နန္တိ ဒဋ္ဌဗ္ဗံ။

---

၁။ ကျမ်းကြီး လေးမည်ဖြစ်၍ အနက် မခွဲယာဇနာလိုက်ပါ၊ ပါဠိကျမ်းဂန်တတ်တို့အဖို့ မခက်ပြီ။

## ကလျာဏီ သာသနာဝင် ဒွါဒသမပိုင်း အပြီးသတ်ခြင်း

ကလျာဏီ သာသနာဝင်ကျမ်း ဒွါဒသမပိုင်း၌ သူတော်ကောင်းတို့ ကြယ်သိဖို့၊ သံဝေဂရဖို့ရန် အရှင်ဂုဏရတနတိဿ အမှူးရှိသော သာမဏေတို့ မြန်မာနိုင်ငံသို့ ကြွရောက်တော်မူ၍ ကလျာဏီသိမ်၌ ရဟန်းခံခြင်း၊ သီဟိုဠ်ကျွန်း၌ သာသနာပြုပုံ ရေးသား ဖော်ပြခဲ့ရာ အတော်အသင့် ပြည့်စုံပြီဖြစ်သဖြင့် ဤကွင် ဒွါဒသမပိုင်းကို လက်စသတ်လိုက်ပါပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ကလျာဏီသာသနဝံသေ၊ ဒွါဒသမော သမတ္တော ဟိ ဝေ။

# ကလျာဏီသာသနာဝင်

## တေရသမပိုင်း

ပဲခူးမြို့ ကလျာဏီသိမ်တော်ကြီးမှ ရဟန်းခံတော်မူခဲ့ကြသော ဆရာတော်များအထံမှ ရဟန်းအဖြစ်သို့ ရောက်တော်မူကြ၍ သာသနာပြုခေါင်းဆောင် ဆရာတော်များအဖြစ် ထင်ရှားသော ကလျာဏီနိကာယဝင် မထေရ်မြတ်တို့၏ အမည်ကို အောက်ပါအတိုင်း အမြွက်မျှ ဖော်ပြအပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ဝယ်လိကောဋ္ဋရွာ ဇာတိ | အရှင်ပုညသာရ၊ |
| ၂။ | လားလိလ်ဇာတိ | အရှင်ဇိနရတန၊ |
| ၃။ | ဂါလ်လ်ဇာတိ | အရှင်သုမန၊ |
| ၄။ | ဝယ်လိကောဋ္ဋရွာဇာတိ | အရှင်သုမန၊ |
| ၅။ | ဂိံတောဋ္ဋရွာဇာတိ | အရှင်ဝိမလတိဿ၊ |
| ၆။ | ဒလာယ်လ်လေဇာတိ | အရှင်ဂုဏရတန၊ |
| ၇။ | ဝယ်လိကောဋ္ဋရွာဇာတိ | အရှင်သုမင်္ဂလ၊ |
| ၈။ | ကတဋ္ဋုဝေရွာဇာတိ | အရှင်ဇိနာနန္ဒ၊ |
| ၉။ | ဥဏ္ဍုငတုဒနရွာဇာတိ | အရှင်ပညာတိဿ၊ |
| ၁၀။ | ဝယ်လိကောဋ္ဋရွာဇာတိ | အရှင်သုမနမဟာထေရ်၏ တပည့် |
| | မလ္လရွာဇာတိ (မလ္လမဂ) | အရှင်မေဓာနန္ဒ၊ |
| ၁၁။ | ဝယ်လိကောဋ္ဋဇာတိ | အရှင်သုမနမဟာထေရ်၏ တပည့် |
| | မလ္လရွာဇာတိ (မလ္လမဂ) | အရှင်သံဃာနန္ဒ၊ |
| ၁၂။ | ဂါလ်လ်ဇာတိ | အရှင်အဘယတိဿ၊ |

၁၃။ မဟာဝေဠုရွာဇာတိ အရှင်ပိယဒဿီမဟာထေရ်၊
၁၄။ ကောဂလ်ဇာတိ အရှင်ပညာဝါသ၊
၁၅။ ဒေါဒံဒုဝရွာဇာတိ အရှင်ဉာဏာလင်္ကာရ၊
၁၆။ ဂိံတောင် အရှင်ဝိမလတိဿ၏တပည့်
ဥက္ကုဝဋ္ဋုနေရွာဇာတိ အရှင်မေဓာနန္ဒ၊
၁၇။ ဥက္ကုဝဋ္ဋုနေရွာဇာတိ အရှင်ဂုဏာနန္ဒ၊
၁၈။ ဝယ်ကဒုရွာဇာတိ အရှင်အဘယတိဿ၊
၁၉။ ဝယ်လပိဋ္ဌရွာဇာတိ အရှင်ဂုဏရတန၊
၂၀။ ပါနဒူရဇာတိ အရှင်သုမနတိဿ၊
၂၁။ ပါနဒူရဇာတိ ပေါ့တ်ဘဲ့ရ စိတြကာထိ အရှင်ပညာနန္ဒ၊
၂၂။ ပါနဒူရဇာတိ ပေါ့တ်ဘဲ့ရ စိတြကာထိ အရှင်ဉာဏဝိမလ၊
၂၃။ ဒိက်ဝယ်လ်ယေရွာဇာတိ အရှင်သုမင်္ဂလ၊
၂၄။ ဝယ်လိပိဋိယရွာဇာတိ အရှင်သိရိသုမန၊
၂၅။ တလ်ဟေပေါ်တ်တေရွာဇာတိ အရှင်ဂုဏရတန၊
၂၆။ ဒေါ်ဍုန်ဒုဝရွာဇာတိ အရှင်သရဏပါလ၊
၂၇။ တေလိကာဋုရွာဇာတိ အရှင်သောဏုတ္တရ၊
၂၈။ ဝယ်လိပဋ္ဌန်ဝိလရွာဇာတိ အရှင်သိဒ္ဓတ္ထ၊
၂၉။ မာတရဇာတိ အရှင်ဓမ္မာရာမ၊
၃၀။ ကောဋ္ဋဂေါဓဇာတိ အရှင်ဓမ္မာနန္ဒ၊
၃၁။ ရယ်ကဝရွာဇာတိ အရှင်ဓမ္မသာရ၊
၃၂။ အဟံဂမရွာဇာတိ အရှင်ဓမ္မနန္ဒ၊
၃၃။ ဟေနကဍုဝရွာဇာတိ အရှင်ဓမ္မရတန—

စသည်ဖြင့် ပဲခူးကလျာဏီသိမ်တော် အဆက်အနွယ် ဖြစ်သော သီဟိုဠ်ကျွန်း ကလျာဏီဝံသနိကာယ၌ ပညာရှိ သာသနာ့ဝန်ဆောင် ရဟန်းတော်တို့ များစွာ ပေါ်ထွန်းခဲ့လေသည်။ ၎င်းပြင် "သီရိမူနိဝရဝိနယာစရိယ မိရိစ်ရွာဇာတိ အရှင်သိရိဓမ္မာနန္ဒ မဟာနာယကထေရ်၊ သာသနာသက္ကရာဇ် ၂၃၄၂-၂၄၂၀၊ ကလျာဏီဝံသဝိနယာစရိယ ဥဒ္ဒုဂလ်

ပိဋကိယရွာဇာတိ အရှင်သီရိသုမနတိဿ မဟာနာယက၊ သာသနာသက္ကရာဇ် ၂၃၅၄-၂၄၂၅၊ အရိယဝံသာလင်္ကာရ သာသနဓဇ ဝိနယာစရိယ ဒေါ်ချုန်ချူဝရွာဇာတိ အရှင်သီရိပိယရတနတိဿ မဟာနာယက၊ သာသနာသက္ကရာဇ် ၂၃၆၉-၂၄၂၅၊ သာသနဝံသာလင်္ကာရ ကဝိဓဇ ဝိနယာစရိယ ဝယ်လိဂမရွာဇာတိ အရှင်သီရိသုမင်္ဂလ မဟာနာယက၊ သာသနာသက္ကရာဇ် ၂၃၆၉-၂၄၄၇၊ ပါနဒူရမြို့ ရန်ကောက် ကျောင်းတိုက်ကြီး၏ အဓိပတိ ဝလ်ပိဋ္ဌရွာဇာတိ အရှင်သီရိဂုဏရတန ယတိသံဃပတိ မဟာနာယက၊ ခရစ်နှစ် ၁၇၃၂-၁၈၂၀၊ ဂိန်တောရွာ ထူပါရာမကျောင်းတိုက် မဟာနာယက ပူဇာပါဒကိတ်တန် ဂေါ်ဓ အရှင်သီရိဉာဏနန္ဒ၊ ခရစ် ၁၇၂၆-၁၈၁၇၊ မာဂါလ်လေ ဒေဝဓာတုရွာ သုဓမ္မာရာမကျောင်းတိုက်ကြီး၏ အဓိပတိ အရိယဝံသဓဇ သီရိသဒ္ဓမ္မာစရိယ မလ္လရွာဇာတိ (မလ္လဓဂ) အရှင်သီရိသံဃနာယက မဟာထေရ်၊ ခရစ် ၁၇၃၅-၁၈၂၄၊ ကလျာဏီဝံသဝဍ္ဍံသ (ဝဍ္ဍံသက) သီရိဗုဒ္ဓသိဒ္ဓန္တာစရိယဓမ္မရက္ခိတစန္ဒရကိတ္တိ အကုတ်ရွာဇာတိ (အလုတ်ဂမ) အရှင်သီရိသီလက္ခန္ဓ မဟာနာယက ထေရ်၊ သာသနာသက္ကရာဇ် ၂၃၈၀-၂၄၆၆၊ ဗေရုဝလရွာ မင်္ဂလာရာမကျောင်းတိုက် အဓိပတိ ပူဇာပါဒ တေလ်ဝတ္တရွာဇာတိ အရှင်သာရလင်္ကာရ မဟာနာယက ထေရ်၊ သာသနာသက္ကရာဇ် ၂၃၈၂-၂၄၅၅၊ ရန်ဒေါမ္ဗရွာ သေလုတ္တာရာရာမ ကျောင်းတိုက် အဓိပတိ ဥပဇ္ဈာယ ဓုရန္ဓရ သီရိမုနိဝံသပါလ အရှင်သီရိ မေဓာလင်္ကာရ မဟာနာယကထေရ်၊ ခရစ်သက္ကရာဇ် ၁၇၆၁-၁၈၃၁-စသည်တို့ကား ပဲခူးမြို့ ကလျာဏီသိမ်တော်ကြီးမှ ဆင်းသက်လာခဲ့သော သီဟိုဠ်ကျွန်း ကလျာဏီဝံသနိကာယ၏ အထွတ်အထိပ် ဆရာတော်ဘုရားကြီးများ ဖြစ်တော်မူကြကုန်၏။ ဤကား သီဟိုဠ်ဘာသာဖြင့် တည်ရှိသော ရှေးဟောင်း ကလျာဏီဝံသ နိကာယ သမိုင်းကျမ်းမှ အမြွက်မျှ ထုတ်ပြချက်တည်း။

ကလျာဏီနိကာယမှိ၊ ပဏ္ဍိတာ သတ္တကောဝိဒါ။

ဇ္ဈမမှိ ဝံသဂန္ထမှိ၊ မုခမတ္တနိဒဿနံ။

## ဆင္ဃသံဂါယနာတင်စဉ်က သဝဏ်လွှာပို့ခြင်း

၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့တွင် စတင် ကျင်းပပြုလုပ်သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး ဖွင့်ပွဲသို့ သီဟိုဠ်ကျွန်း ကလျာဏီ ဝံသ နိကာယမှ အောက်ဖော်ပြပါ သဝဏ်လွှာကို ပေးပို့ခဲ့လေသည်။

## သီဟိုဠ်ကျွန်း ကလျာဏီဝံသနိကာယမှ သဝဏ်လွှာ

မြန်မာနိုင်ငံတော် ကျောက်လိုဏ်ဂူတော်တွင် ယခု ကျင်းပလျက် ရှိသော ဆဋ္ဌဓမ္မသင်္ဂါယနာကို အကြောင်းပြု၍ ကလျာဏီသိမ်ဝင် အရှင်တို့၏ အဆက်အနွယ်ဖြစ်သော ရဟန်းတော်တို့၏ မင်္ဂလာဆုတောင်း။

## ဘုန်းတော်ရှင်ဘုရားအား ရှိခိုးပါကုန်၏။

(၁) ဗောဓိမဏ္ဍိုင်၌ သစ္စာလေးဆိုင်ကို ပိုင်ပိုင်သိပြီးခါစ ထိုအခါ ကာလ ဘုန်းကျက်သရေတော်ရှင် ဘုရားသခင်၏ အောင်မြင်တော်မူခြင်း၊ မာရ်နတ်၏ အကြီးအကျယ် ဆုံးရှုံးခြင်းဖြစ်ခဲ့သကဲ့သို့ ယခုအခါ မှာလည်း မြတ်စွာဘုရား၏ အလိုတော်ဖြစ်သော သမ္မာဒိဋ္ဌိဘက်၌ အကြီး အကျယ် အောင်မြင်ခြင်း၊ မာရ်နတ်၏ အလိုတော်ဖြစ်သော မိစ္ဆာဒိဋ္ဌိ ဘက်၌ ဆုံးရှုံးခြင်းဖြစ်ပေရာ၏။

(၂) ယခုအခါ မြန်မာနိုင်ငံတော် ကျောက်လိုဏ်ဂူတော်တွင် ဆင် ယင်ကျင်းပလျက်ရှိသော သံဂါယနာပွဲသဘင်သည် ကောင်းသောအမြင် ၏ အစွမ်းသတ္တိကြောင့် ထေရဝါဒနှင့် လျော်ညီစွာသာလျှင် ပြီးမြောက် ပါစေသောဝ်။

(၃) ယခုအခါ မြန်မာနိုင်ငံတော် ကျောက်လိုဏ်ဂူတော်တွင် ဆင်ယင်ကျင်းပလျက်ရှိသော သံဂါယနာပွဲသဘင်သည် ကောင်းသော အကြံ၏ အစွမ်းသတ္တိကြောင့် ထေရဝါဒနှင့် လျော်ညီစွာသာလျှင် ပြီးမြောက်ပါစေသောဝ်။

(၄) ယခုအခါ မြန်မာနိုင်ငံတော် ကျောက်လိုဏ်ဂူတော်တွင် ဆင်ယင်ကျင်းပလျက်ရှိသော သံဂါယနာပွဲသဘင်သည် ကောင်းသော စကား၏ အစွမ်းသတ္တိကြောင့် ထေရဝါဒနှင့် လျော်ညီစွာသာလျှင် ပြီးမြောက်ပါစေသော်။

(၅) ယခုအခါ မြန်မာနိုင်ငံတော် ကျောက်လိုဏ်ဂူတော်တွင် ဆင်ယင်ကျင်းပလျက်ရှိသော သံဂါယနာပွဲသဘင်သည် ကောင်းသော အလုပ်၏ အစွမ်းသတ္တိကြောင့် ထေရဝါဒနှင့် လျော်ညီစွာသာလျှင် ပြီးမြောက်ပါစေသော်။

(၆) ယခုအခါ မြန်မာနိုင်ငံတော် ကျောက်လိုဏ်ဂူတော်တွင် ဆင်ယင်ကျင်းပလျက်ရှိသော သံဂါယနာပွဲသဘင်သည် ကောင်းသော အသက်မွေးမှု၏ အစွမ်းသတ္တိကြောင့် ထေရဝါဒနှင့် လျော်ညီစွာသာလျှင် ပြီးမြောက်ပါစေသော်။

(၇) ယခုအခါ မြန်မာနိုင်ငံတော် ကျောက်လိုဏ်ဂူတော်တွင် ဆင်ယင်ကျင်းပလျက်ရှိသော သံဂါယနာပွဲသဘင်သည် ကောင်းသော လုံ့လ၏ အစွမ်းသတ္တိကြောင့် ထေရဝါဒနှင့် လျော်ညီစွာသာလျှင် ပြီးမြောက်ပါစေသော်။

(၈) ယခုအခါ မြန်မာနိုင်ငံတော် ကျောက်လိုဏ်ဂူတော်တွင် ဆင်ယင်ကျင်းပလျက်ရှိသော သံဂါယနာပွဲသဘင်သည် ကောင်းသော အောက်မေ့မှု၏ အစွမ်းသတ္တိကြောင့် ထေရဝါဒနှင့် လျော်ညီစွာသာလျှင် ပြီးမြောက်ပါစေသော်။

(၉) ယခုအခါ မြန်မာနိုင်ငံတော် ကျောက်လိုဏ်ဂူတော်တွင် ဆင်ယင်ကျင်းပလျက်ရှိသော သံဂါယနာပွဲသဘင်သည် ကောင်းသော တည်ကြည်မှု၏ အစွမ်းသတ္တိကြောင့် ထေရဝါဒနှင့် လျော်ညီစွာသာလျှင် ပြီးမြောက်ပါစေသော်။

ဤဆိုခဲ့ပြီးသည်ကား သီဟိုဠ်ကျွန်း ကလျာဏီဝံသနိကာယဝင် အရှင်မြတ်တို့၏ မင်္ဂလာဆုတောင်းပါတည်း[၁] ဟူ၍ ဖြစ်၏၊

---

၁။ ဆဋ္ဌသံဂါယနာမှတ်တမ်း။ ၄၅။

## တေရသမပိုင်း အပြီးသတ်ခြင်း

သူတော်ကောင်းတို့ သဒ္ဓါရွှန်းစို ကြည်ညိုရန်၊ သံဝေဂရရန် ရည်သန်၍ ရေးသား စီရင်အပ်သော ကလျာဏီဝံသ နိကာယကျမ်းတွင် ကလျာဏီဝံသနိကာယဝင် ပညာရှင်ရဟန်းတို့၏ အမည်နာမ အမြွက်နှင့် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်တွင် သဝဏ်လွှာပို့ခြင်းနှင့် သဝဏ်လွှာကို ဖော်ပြရာ တေရသမပိုင်းကို လက်စသတ်လိုက်ပါပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ကလျာဏီသာသနဝံသေ၊ သမတ္တော တေရသမော ဟိ ဝေ။

# ကလျာဏီသာသနာဝင်

# စုဒ္ဒသမပိုင်း

သီဟိုဠ်ကျွန်း၌—

၁။ ရှမ်း (သျှမ်း) ဂိုဏ်း၊

၂။ အမရပူရဂိုဏ်း၊

၃။ ရာမညဂိုဏ်း—

ဟူ၍ ဂိုဏ်းကြီး ၃-ဂိုဏ်းရှိရာ ၃-ခုမြောက် ရာမညဂိုဏ်းကို တည်ထောင်တော်မူခဲ့သော အမ္ဗဂဟာဝတ်တေ အရှင် ဣန္ဒာသဘာဝရညာဏသာမိ မဟာထေရ်သည် မြန်မာပြည်သို့ ကြွရောက်၍ ပဲခူးမြို့ ကလျာဏီသိမ်တော်ကြီး၌ ထပ်မံ ရဟန်းခံတော်မူပြီး သီဟိုဠ်ကျွန်းသို့ ပြန်လည်ကြွရောက်တော်မူပြီး ရာမည သံဃာ့အဖွဲ့အစည်း ရာမညဂိုဏ်းကို တည်ထောင်တော်မူခြင်း ဖြစ်သည်။

### သီဟိုဠ်ဆရာတော် အရှင်ဣန္ဒာသဘာဝရညာဏသာမိ ဖွားမြင်တော်မူခြင်း

သီဟိုဠ်ရဟန်းတော် အရှင်ဣန္ဒာသဘာဝရညာဏသာမိသည် သီဟိုဠ်ကျွန်း ဂါလ်မြို့နယ် အမ္ဗဂဟာဝတ္တရွာ၌ သာသနာသက္ကရာဇ် ၂၃၇၆-ခုနှစ် (ခရစ်သက္ကရာဇ် ၁၈၈၂-ခုနှစ်) တန်ဆောင်မုန်းလဆန်း ၁၂-ရက်နေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ ငယ်မည် ကောဒ်ဂျေလိသ်-မဒနာယက ဖြစ်သည်။ မိဘနှစ်ပါးနှင့် မွေးချင်းပေါက်ဖော်များ ကမူ "ဝတ်ဟိမိ" ဟု ခေါ်ဝေါ်ကြသည်။

## ပညာ သင်ကြားခြင်း

ဆရာတော်လောင်းလျာသည် ကျောင်းသားအရွယ်တွင် ဂါလ်မြို့ မဟာမောဒရကျောင်းတိုက် ဆရာတော်ထံ ရောက်ရှိ၍ သူငယ်တို့ သင်ယူအပ်သည့် သီဟိုဠ်သင်ပုန်းကြီး သိက္ခာကျမ်းများကို သင်ယူတော်မူပြီး သာမဏေတို့ သင်ယူအပ်သော လိင် ဒဏ် သေခိယ စသည်နှင့် တရားကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။ သက်တော် ၁၄-နှစ်ရှိရာ သာသနာသက္ကရာဇ် ၂၃၉၀-ခုနှစ်၊ နယုန်လပြည့်နေ့တွင် ရှင်သာမဏေ ဝတ်၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်သရဏင်္ကရ ဖြစ်လေသည်။ သီဟိုဠ်ကျွန်း ထုံးတမ်းစဉ်လာ အလေ့အလာအတိုင်း ဇာတိရွာနာမည် အမ္ဗဂဟာဝတ္တေနှင့် တွဲစပ်၍ အမ္ဗဂဟာဝတ္တေ ရှင်သရဏင်္ကရဟု ခေါ်ဝေါ်ကြသည်။ ရှင်သရဏင်္ကရသည် ရှင်သာမဏေ ဝတ်ပြီးနောက် မကြာမီ ကိုလံဘိုမြို့အနီး ပါနဒူရမြို့သို့ ကြွရောက် သီတင်းသုံး၍ ပါဠိဘာသာ၊ သီဟိုဠ်ဘာသာတို့ကို ဆက်သက် သင်ယူတော်မူခဲ့လေသည်။ ၎င်းပြင် အခြားပညာရှိမထေရ်မြတ်များထံ ချဉ်းကပ်ရောက်ရှိ၍ ပရိယတ်ကို သင်ယူတော်မူခဲ့လေသည်။

## ရဟန်းခံခြင်း

ကလျာဏီဝံသရာမညနိကာယာဓိပတိလောင်းလျာ သာမဏေ ရှင်သရဏင်္ကရသည် သက်တော် ၂၃-နှစ်ရှိရာ သာသနာတော်သက္ကရာဇ် ၂၃၉၉-ခုနှစ် ကဆုန်လပြည့်နေ့တွင် ရှမ်း(သျှမ်း)ဂိုဏ်း ဖရက္ကုမ္ဘုရေ အရှင်ဝိပဿိမဟာနာယကမထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံခဲ့လေသည်၊

## သံသယရှိ၍ ထပ်မံရဟန်းခံ

အရှင်သရဏင်္ကရ၏ ရဟန်းတော်သည် ဖော်ပြပါ ရှမ်းဂိုဏ်း၌ ရဟန်းခံခဲ့ရသည်ကို သံသယရှိသဖြင့် ပေန္တရ အရှင်အတ္တဒဿီထေရ်ကို ရှေ့ဆောင်ရှေ့ရွက်ပြုလျက် မူလသိက္ခာကို စွန့်၍ ကလျာဏီနဒီသိမ်၌ ထပ်မံ၍ ရဟန်းခံတော်မူခဲ့လေသည်။

## မြန်မာနိုင်ငံသို့ ကြွရောက်ခြင်း

အရှင်သရဏင်္ကရ ရဟန်းတော်သည် သီဟိုဠ်ကျွန်း၌ ရှမ်းဂိုဏ်း၌ ရအပ်သော ရဟန်းအဖြစ် နောက်တကြိမ် ကလျာဏီနဒီသိမ်၌ ရဟန်းအဖြစ်တို့ကို အကြောင်းတစုံတခုခုကို စွဲ၍ သံသယဖြစ်သဖြင့် သာသနာသက္ကရာဇ် ၂၄၀၅-ခုနှစ် ဗေန္တရရွာသား အရှင်အတ္ထဒဿီ၊ အက္ကမိမနရွာသား အရှင်သောဘိတ၊ ဗုလဂမရွာသား အရှင်ဓမ္မာလင်္ကာရ၊ သီရိသုမနတိဿ၊ စစ်တကောင်းရဟန်းတော် အရှင်စန္ဒောဘာသတို့နှင့် အတူ မြန်မာနိုင်ငံ မန္တလေးမြို့သို့ ကြွရောက်တော်မူလာကြသည်။

## မောင်းထောင်သာသနာပိုင်ထံ ထပ်မံ ရဟန်းခံခြင်း

အမ္ဗဂဟာဝတ္တေ အရှင်သရဏင်္ကရ အမှူးရှိသော သီဟိုဠ်ရဟန်းတော်တို့သည် "ဥဇ္ဇယျဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဥဇ္ဇယျဓမ္မာဘိဝံသ သီရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု "ဥဇ္ဇယျဓမ္မာဘိမုနိဝရဉာဏကိတ္တိသိရိဓဇဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော် ၃-ထပ်ရ သာသနာပြု မောင်းထောင်ဆရာတော်ဘုရားထံ ထပ်မံ ရဟန်းခံလိုပြန်ကြောင်း လျှောက်ထား၍ ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ပစ္စယာနုဂ္ဂဟဖြင့် ရေဝတီမြစ်ဥဒကုက္ခေပသိမ်၌ သာသနာပိုင် မောင်းထောင်ဆရာတော်ဘုရားကြီးကို အမှူးပြု၍ ထပ်မံ ရဟန်းပဉ္စင်းအဖြစ်ကို ရယူတော်မူကြကုန်၏။

## ဘွဲ့မည်ပြင်မှည့်ခေါ်ခြင်း

သာသနာပိုင် ဒုတိယ မောင်းထောင် ဆရာတော်ဘုရားကြီးသည် "အရှင်သရဏင်္ကရ" ဟူသော မူလဘွဲ့မည်မှ အရှင်ဉာဏ္ဍဒ္ဓသာသနာဘိဝရဉာဏ" ဟူသောဘွဲ့ မည်သို့ ပြောင်း၍ မှည့်ခေါ်တော်မူသည်။ မွေးရပ်ဇာတိနာမည်နှင့် တွဲစပ်၍ "အမ္ဗဂဟာဝတ္တေ အရှင်ဉာဏ္ဍဒ္ဓသာသနာဘိဝရဉာဏ" ဟု၍ သီဟိုဠ်တို့ ခေါ်ကြကုန်၏။

## ကလျာဏီသိမ်၌ သိမ်ထပ်ဒဠှီကမ္မပြုခြင်း

**တဖန်** ပဲခူးမြို့သို့ ဆက်လက်ကြွတော်မူကြ ကာ ရာမညဂိုဏ်းသံဃနာယက ရာဇဂုရု အရှင်မေဓာနန္ဒဓဇ မဟာထေရ်ကို ဥဇ္ဈာယ်ပြု၍ ပဲခူးမြို့ တော့ရဂိုဏ်း ရဟန်းတော်များ၏ ကမ္မဝါစာ ဖတ်ရွတ်ချီးမြှောက်မှုဖြင့် ဒဠှီကမ္မအကျိုးငှါ ထပ်မံ ပဉ္စင်းခံခဲ့ကြကုန်၏။

## ရာမညသံဃဂိုဏ်း တည်ထောင်ရန်ကြံရွယ်

ဆရာတော် အရှင်ဣန္ဒာသဘာသာမိဝရညာဏသည် ရာမညတိုင်းအတွင်း ပဲခူးမြို့ရှိ ကလျာဏီသိမ်၌ ရဟန်းခံခဲ့ခြင်းကို အစွဲပြု၍ ရာမညသံဃဂိုဏ်းကို တည်ထောင်ရန် ရည်ရွယ်တော်မူ၍ ဖော်ပြပါ ကလျာဏီသိမ်၌ ထပ်မံ၍ ရဟန်းခံခြင်း ဖြစ်ဟန်တူပါသည်။

## သီဟိုဠ်ကျွန်းပြန်ကြွ ရာမညဂိုဏ်းထောင်

**ဖော်ပြပါ** အရှင်ဣန္ဒာသဘာသာမိဝရညာဏအမှူးရှိသော ရဟန်းတို့သည် သာသနာသက္ကရာဇ် ၂၄၀၆-ခုနှစ် တော်သလင်းလတွင် သီဟိုဠ်ကျွန်းသို့ ပြန်ကြွတော်မူ၍ ရာမညတိုင်းအပါအဝင် ပဲခူးမြို့ ကလျာဏီသိမ်၌ ထပ်မံ ရဟန်းခံခဲ့ကြသော ရဟန်းများမှ ပေါက်ဖွားပေါ်ထွန်းလာသော ဂိုဏ်းအဖြစ်ဖြင့် "ရာမညဂိုဏ်း"သစ်ကို တည်ထောင်၍ သာသနာပြုတော်မူကြကုန်၏။

ရာမညဂိုဏ်းခေါင်းဆောင် ဆရာတော်အရှင်မြတ်တို့သည် ခတ္တိယ ဗြာဟ္မဏ ဝေဿ သုဒ္ဒ-ဟူသောအမျိုးတို့တွင် မည်သည့်အမျိုးမှ အမျိုးသာ ကို မဆို သာသနာ့ဘောင်ဝင်လိုလျှင် ဝင်ခွင့်ပေးတော်မူကြ၍ ရှင်ပြု ရဟန်းခံ ပေးတော်မူကြသည့်ပြင် တရားဓမ္မဟောပြခြင်း၊ ပညာသင်ပေးခြင်းစသည် ဖြင့် ချီးမြှောက်တော်မူကြသည်။

## သံဃာသုံးထောင်ခန့်ရှိ

လင်္ကာဒေါ်ဆို သီဟိုဠ်ကျွန်း၌ ဖော်ပြပါ ရာမညဂိုဏ်းဝင် သံဃာတော်တို့မှာ အရေအတွက် သံဃာတော် ၃၀၀၀(သုံးထောင်)ခန့်ရှိသည်ဟု သိရ၏။ သီဟိုဠ်ကျွန်းအနှံ့အပြား သာသနာပြုတော်မူလျက်ရှိကြကုန်၏။

## မညာတတ် ရဟန်းတွေအများအပြားပါဝင်

ထို ၃၀၀၀-ခန့်ရှိသော ရဟန်းတို့တွင် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဒီ ကျွမ်းကျင်သော ရဟန်းများ၊ သဒ္ဒါဗျာကရဏ်း ကျွမ်းကျင်တတ်မြောက်သောရဟန်းတော်များ၊ ရာဇဝင်သမိုင်းတတ်မြောက်သော ရဟန်းတော်များ၊ သက္ကတ၊ပြာကရိတ်၊အင်္ဂလိပ်၊သီဟိုဠ် ထိုထိုဘာသန္တရတတ်မြောက်သောရဟန်းတော်များ၊ ပဏ္ဍိတ်ဘွဲ့ရ ရဟန်းတော်များ၊ စာပေပါရဂူဘွဲ့ရ ရဟန်းတော်များ-စသည်တို့များစွာပါရှိကုန်၏။ တကယ်တော့ ပဲခူးမြို့ ကလျာဏီသိမ်မှ ဆက်သွယ်ပေါ်ထွန်းခဲ့သော သာသနာ့ဝန်ဆောင်တို့ကား သင်္ချာကျမ်းတတ်တဘက်ကမ်းခတ်သည့် ဂဏန်းပါရဂူတို့သော်လည်း ရေးတွက်၍ မရအောင် များပြားလှ၏ဟု ထင်မိပါသည်။

ကလျာဏီဝံသိကာ ဟိ၊သမဏာ သုဂတောရသာ။
ဥတိဝဏ္ဍာ ဂဏနပထံ၊တေသု တေသု ဗဟူ ဟိ ခေါ။

## ရာမညဂိုဏ်းရာပြည့်ပွဲကြီး

အမ္ဗဂဟဝတ္တေ အရှင်ဣန္ဒာသဘာဝရဉာဏ်သာမိ မထေရ်အမှူးရှိသော ငါးထေရ်မြတ်တို့သည် သာသနာသက္ကရာဇ် ၂၄၀၆-ခုနှစ်တွင် သီဟိုဠ်ကျွန်းသို့ ပြန်လည်ကြွရောက်တော်မူသော်လည်း သာသနာသက္ကရာဇ် ၂၄၀၉-ခုနှစ်တွင် စတင်၍ ရာမညဂိုဏ်းကို အသိအမှတ်ပြုတည်ထောင်ခဲ့သဖြင့် သာသနာသက္ကရာဇ် ၂၅၀၉-ခုနှစ်တွင် အနှစ်တရာပြည့်အထိမ်း

အမှတ် ပွဲသဘင်ကြီးကို ရာမညဂိုဏ်းမှ ဂိုဏ်းဦးစီးဆ ရာတော် အဂ္ဂမဟာ ပဏ္ဍိတ အရှင် ဉာဏောဒယမဟာ ထေရ်ဦးစီးကြီးမှူး၍ ခမ်းနားစွာ ကျင်းပ ကြကုန်၏။ ယင်းသို့ ရာပြည့်ပွဲကျင်းပစဉ် ဤစာပြုသူသည် သီဟိုဠ်ကျွန်း၌ ရောက်ရှိခိုက်ဖြစ်လေသည်။

## ကလျာဏီသာသနာ၀င် စုဒ္ဒသမပိုင်း အပြီးသတ်ခြင်း

ဤကလျာဏီသာသနာ၀င်ကျမ်း စုဒ္ဒသမပိုင်း၌ ကလျာဏီ၀ံသ သီဟိုဠ်ကျွန်း၌ ရာမညဂိုဏ်းကြီး ပေါ်ပေါက်ခဲ့ပုံကို ပြဆိုရာ အတော် အသင့် ပြည့်စုံပြီ ဖြစ်သဖြင့် ဤတွင် လက်စသတ်လိုက်ပါပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ကလျာဏီသာသနဝံသော၊သမတ္တော စုဒ္ဒသမော ဟိ ဝေ။

# ကလျာဏီသာသနာဝင်

# ပန္နရသမပိုင်း

သီဟိုဠ်ကျွန်းမှ မြန်မာနိုင်ငံသို့ ကြွလာတော်မူကြ၍ ပဲခူးကလျာဏီသိမ်၌ ရဟန်းအဖြစ်ရယူတော်မူကြသည့် အရှင်မြတ်တို့မှာ များလှကုန်၏။ တချို့မှာ သမိုင်းမှတ်တမ်း မတင်ခဲ့ကြသဖြင့် မထင်မရှားဖြစ်ကြကုန်၏။

## ကလျာဏီသိမ်၌ ရဟန်းခံခဲ့သော သီဟိုဠ် ရဟန်းတော် ၁၈-ပါး

သီဟိုဠ်ဘာသာဖြင့် ရေးသားစီရင်အပ်သော ရာမညဝံသယ(ရာမညနိကာယဘာသနာဝင်ကျမ်း)၌ မြန်မာနိုင်ငံ ပဲခူးမြို့ ကလျာဏီသိမ်တော်ကြီး၌ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည့် အောက်ပါ သီဟိုဠ်ရဟန်းတော် ၁၈-ပါးတို့၏ အမည်ကို တွေ့ရသည်။

| | | |
|---|---|---|
| ၁။ | ဝိတာရန် နာဒေရိယ ရွာဇာတိ အရှင်ဣန္ဒသာရမဟာထေရ်၏ တပည့် ဗယ်ဒိဂမ(ဗယ်ဒိရွာဇာတိ) | အရှင်သောဘိတ၊ |
| ၂။ | ပုဝက်ဒဏ္ဍာဝ ရွာဇာတိ | အရှင်ပညာနန္ဒ၊ |
| ၃။ | အရှင်ပညာနန္ဒ မဟာထေရ်၏ တပည့် နာရန်ဒေနိယရွာဇာတိ | အရှင်ဣန္ဒရတန၊ |
| ၄။ | တိဗ္ဗဋုဝရွာဇာတိ | အရှင် သီလရတန၊ |
| ၅။ | ပရဝါဟယ်ရရွာဇာတိ | အရှင် သီလာနန္ဒ၊ |
| ၆။ | ဝဂ္ဂေဂေါဍရွာ ဇာတိ | အရှင် ဂုဏသာရ၊ |

၇။ ဂလန္တာဇာတိ(ဂလဂမ) အရှင် ဥပတိဿ၊
၈။ မဟာပလန္တာဇာတိ(မဟာပလဂမ) အရှင်သုမန၊
၉။ ကော်ဋ္ဌဂေါဍာဇာတိ အရှင်ဂုဏနန္ဒ၊
၁၀။ အရှင်ဣန္ဒသာရ မဟာထေရ်၏ တပည့် ဗင္ဂအတန္တာဇာတိ အရှင်ဂုဏရတန၊
၁၁။ ဗင္ဂအတ အရှင်ဂုဏရတနမဟာထေရ်၏ တပည့် ဋ္ဌန္တာဇာတိ ဗဒ္ဓုဂလ်မောအရှင်ဓမ္မာရာမ၊
၁၂။ အရှင် ဣန္ဒသာရ မဟာထေရ်၏တပည့် ဗယ်န္တာဇာတိ(ဗယ်ဒိဂမ) အရှင်ဓမ္မာနန္ဒ၊
၁၃။ ဗင္ဂအတန္တာဇာတိ အရှင်ရဘနပါလ၊
၁၄။ ဗင္ဂအဋ္ဋန္တာဇာတိ အရှင်သုမင်္ဂလ၊
၁၅။ အက္ကမီမန္တာဇာတိ အရှင် သောဘိတ၏ တပည့် နယ်ဟိန်နန္တာဇာတိ အရှင်သုမနတိဿ၊
၁၆။ ဂါလ်လ်မြို့ဇာတိ (ဂါလ်လေ) အရှင်သဒ္ဓါနန္ဒ၊
၁၇။ မိရိသ်သန္တာဇာတိ (မိရိသ်သေ) အရှင်သဒ္ဓါတိဿ၊
၁၈။ ဂါလ်လ်မြို့ဇာတိ (ဂါလ်လေ) အရှင်ပညာဇောတိ။

ဖော်ပြပါ ရဟန်းတော်များအနက် ၄-နံပါတ် တိဗ္ဗဋ္ဌုဝန္တာဇာတိ အရှင်သီလရတန မှာ မြန်မာပြည်တွင် ပျံလွန်သည်ဟု သိရ၏။

## ဆဋ္ဌသံဂါယနာတင်စဉ်က သဝဏ်လွှာများပို့ခြင်း

ရာမညတိုင်းအပါအဝင် ပဲခူးမြို့ ကလျာဏီသိမ်မှ ဆင်းသက်ခဲ့သော သီဟိုဠ်ကျွန်း ရာမညဂိုဏ်းမှ ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး ဆင်ယင်ကျင်းပစဉ် ပါဠိတော်သံဂါယနာ ပဌမသန္နိပါတတွင် ရာမညဂိုဏ်း၌ ထင်ရှားသော သီဟိုဠ်ကျွန်းတောင်မျက်နှာ မဟာတိတ္ထပုရအနီး အသဂိရိယန္တာ သီရိသုနန္ဒာရာမကျောင်းတိုက် ရာမညဂိုဏ်း မဟာနာယက ဆရာတော် အရှင်သီရိဣန္ဒသာရ မဟာထေရ်ထံမှ အောက်ပါသဝဏ်လွှာကို ပေးပို့တော် မူခဲ့လေသည်။

## ရာမညဂိုဏ်း မဟာနာယကဆရာတော်ထံမှ သဝဏ်လွှာ

မြတ်ကုန်သော ချစ်ခင်ဖွယ်ကို ပြုတတ်ကုန်သော သီဟိုဠ်မြန်မာ မျက်စိနှစ်မျိုးတို့ဖြင့် ချစ်နှစ်သက်ဖွယ် ကောင်းသည့် ဆင္ဃသံဂါယနာ မဟာဓမ္မသဘင်သည် မြေအပြင်၌ တင့်တင့်တယ်တယ် ဖြစ်ပေါ်လာခဲ့၏။ သာသနာတော် တန်ခိုးကြောင့် တကမ္ဘာလုံး၏ အကျိုးငှာ ထိုသီဟိုဠ် မြန်မာတို့၏ ဆွေမျိုးရင်းချာသဖွယ် ချစ်ခင်ကြင်နာသော သဘော သည် အမြဲဖြစ်ပါစေသတည်း။

ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော ဇမ္ဗူဒိပ်ကျွန်း မြန်မာနိုင်ငံတော် ၌ အလွန်ချီးမွမ်းထိုက်သော သာသနာ့ဝန်ဆောင် မဟာထေရ်မြတ်များ ပြုလုပ်ကျင်းပလျက်ရှိသော ဆင္ဃသံဂါယနာသည် လုံးဝ ပြည့်စုံပြီးမြောက် ပါစေသတည်းဟု သီဟိုဠ်ကျွန်းသား ရာမညဂိုဏ်းဝင် ထေရ်ကြီး ထေရ်ငယ် သီတင်းသုံးဖော်များဖြစ်ကြသော အကျွန်ုပ်တို့အားလုံးကပင် လေးလေးမြတ်မြတ် ဆုတောင်းကြပါကုန်၏။ မဟာထေရ်ကြီးတို့ကား ပြောဖွယ်မရှိချေ။

ဤသံဂါယနာသည် တခဲနက်ကျက်သရေရှိသော မြတ်စွာဘုရား သာသနာတော် ကြာရှည်တည်တံ့ရန် ဖြစ်ပေသည်ဟု ဤသံဂါယနာ ပြုလုပ်မည့်အကြောင်းအရာကို သီဟိုဠ်ကျွန်း ရဟန်းတော်တို့အား သင်တို့ အကြောင်းကြားသောအခါမှစ၍ အကျွန်ုပ်တို့အားလုံးပင် ရွှင်လန်း ဝမ်းမြောက်စွာ ဤသံဂါယနာကိစ္စ အကြွင်းမဲ့ ပြီးမြောက်ရန်ကိုသာလျှင် တောင့်တကြပါကုန်၏။

"အာနန္ဒာ.... သင်တို့အား ငါဘုရား ဟောကြား ပညတ်ထားသော ဓမ္မဝိနယသည် ငါဘုရား ကွယ်လွန်သောအခါ သင်တို့ရဲ့ဆရာ ဖြစ် လတ္တံ့" ဟု မြတ်စွာဘုရားဟောကြားတော်မူသောကြောင့် ဓမ္မဝိနယ ထွန်းတောက်ပခြင်းသည် သာသနာတော်၏ အသက်ရှည်မှု ဖြစ်းစနိုင် သည်သာလျှင်တည်း။ ထို့ကြောင့်ပင် အကျွန်ုပ်တို့လည်း သဒ္ဓါထက်သန် စွာဖြင့် ပိဋကတ်ကျမ်းဂန် သုတ်သင်မှု စသော ကိစ္စတို့၌ အကျွန်ုပ်တို့၏

ထေရ်ကြီး ထေရ်ငယ်တို့ကို တိုက်တွန်းပါကုန်၏။ နောက်အခါမှာလည်း နှမ်းနိုင်သလောက် ကူညီကြပါဦးမည်။

ယခု လူအပေါင်းများစွာတို့သည် အမျိုးမျိုး ဖောက်ပြန်သော အယူကို ယူလျက် တရားမှန်မဟုတ်သည်ကို တရားမှန်ဟုပြကာ အချင်းချင်း ငြင်းခုံခြင်း၊ ရန်ဖြစ်ခြင်း၊ စကားများခြင်းသို့ ရောက်ကုန်၍ သာလျှင် နေကြကုန်၏။ ဤသံဃာယနာသည် ထိုဖောက်ပြန်သော အယူတို့ကို ချိုးဖွဲ့ ဖျက်ဆီးခြင်းငှာ လည်းကောင်း၊ ငြင်းခုံခြင်းတို့ကို ငြိမ်းစေခြင်းငှာ လည်းကောင်း၊ အညစ်အကြေး ကင်းစင်သော သာသနာတော်ကို ကြီးပွားစေခြင်းငှာ လည်းကောင်း ဖြစ်ပါစေသတည်း။ ဤသံဂါယနာသည် မြန်မာနိုင်ငံ၏ အကျိုး ဖြစ်ထွန်းမှုလောက်သာမကပဲ တကမ္ဘာလုံး၏ အကျိုးဖြစ်ထွန်းမှုကိုလည်း ပြီးပါစေသတည်း။ သံဂါယနာ၏ အဆုံး၌ မှားသောအယူတည်းဟူသော အညစ်အကြေးကို သုတ်သင်ခြင်းငှာလည်းကောင်း ဘုရားတရားတော် သန့်ရှင်း စင်ကြယ်စေခြင်းငှာ လည်းကောင်ကထာ ဝတ္ထုကျမ်းကို ရှေးဆရာများ ပြုစုခဲ့ကြသကဲ့သို့ ကျမ်းဂန်သစ်တခုကိုလည်း ပြုစုနိုင်ပါစေသတည်း။

အလွန်မြင့်မြတ်သော ဤသာသနာရေးကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်ကြသော အလွန်ချီးမွမ်းထိုက်သော မထေရ်တို့နှင့် သာသနာရေးကို ဝိုင်းဝန်း ဆောင်ရွက်သူ၊ စင်ကြယ်သန့်ရှင်းမှုကို လိုလားသူ အားလုံးတို့သည် ရတနာသုံးပါး၏ တန်ခိုး အစွမ်းကြောင့် ဆင်းရဲကင်းကာ ပျော်ရွှင်နိုင်ကြပါစေသတည်း။

ဤဆိုခဲ့ပြီးသည့်အတိုင်း ကျက်သရေရှိသော သီဟိုဠ်ကျွန်း ရာမညဂိုဏ်း၏ ခေါင်းဆောင် သာသနာ့ကျက်သရေဆောင် ဟောန်းသံဃာ၏ အကြီးအမှူး ဖြစ်သည့် ကရတောဋ္ဌရှာလျှင် ဖွားရာဇာတိရှိသော သီရိဉာဏိန္ဒသာရမထေရ် ပြောကြားပါသည်။

ဤသန္ဒေသကထာ သင်္ဂါယနာကို သာသနာတော်နှစ်ထောင့်လေးရာ ကိုးဆယ့်ရှစ်ခုနှစ် ကဆုန်လပြည့်နေ့၌ သီဟိုဠ်ကျွန်း၏ တောင်မျက်နှာ

မဟာတိတ္တပုရ၏ အနီး၌ အလဂိရိယရွာ သီရိသုနန္ဒာရာမ ကျောင်းတိုက်မှ ပေးပို့လိုက်ပါသတည်း။[၁]

## ကလျာဏီသာသနာဝင် ပန္နရသမပိုင်း အပြီးသတ်ခြင်း

ဤကလျာဏီသာသနာဝင်ကျမ်း ပန္နရသမပိုင်း၌ ပဲခူးမြို့ ကလျာဏီသိမ်တော်ကြီးမှ ရဟန်းအဖြစ်ကို ရယူတော်မူခဲ့သော သီဟိုဠ်ကျွန်း ရာမညဂိုဏ်းဝင် သံဃာတော် ၁၈-ပါးတို့၏ ဘွဲ့အမည်စာရင်းနှင့် ဆဋ္ဌသံဂါ-ယနာ မဟာဓမ္မသဘင်ကြီး တင်စဉ်က သီဟိုဠ်ကျွန်း ရာမညဂိုဏ်းမှ ပေးပို့သည့် သဝဏ်လွှာကို ဖော်ပြထားသည်။ သူတော်ကောင်းတို့ ကြည်ညိုဖို့၊ သံဝေဂရဖို့ ရေးသားစီရင်အပ်သော ကလျာဏီ သာသနာဝင်ကျမ်း၌ ပန္နရသမပိုင်း ဤတွင် လက်စသတ်လိုက်ပါပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ကလျာဏီသာသနဝံသေ၊ သမတ္တော ပန္နရသမော ဟိ ဝေ။

---

၁။ ဆဋ္ဌသံဂါယနာမှတ်တမ်း ၄၆။

# ကလျာဏီသာသနာဝင်

## သောင္ဍသမပိုင်း

### ပဲခူးမြို့

ပဲခူးမြို့သည် စာလွန်စည်ကားလှပြီး မြန်မာနိုင်ငံအောက်ပိုင်း၊ ပဲခူးတိုင်း အတွင်း ပဲခူးတိုင်း ပဲခူးမြို့နယ်၏ ရုံးစိုက်ရာမြို့ဖြစ်သည်။ ရန်ကုန်မြို့တော်၏ အရှေ့မြောက်ဘက်တွင် တည်ရှိ၍ မီးရထားလမ်းအနေဖြင့် ၄၇-မိုင် ကွာ လှမ်းသည်။ မန္တလေး၊ မော်လမြိုင်မြို့များသို့ သွားသော မီးရထားလမ်း များသည် ပဲခူးမြို့မှ တဆင့်ဖြာထွက်သွားလေရာ ဖော်ပြပါ ပဲခူးမြို့သည် မီးရထားလမ်းဆုံ မြို့လည် ဖြစ်လေရာ အထူးစည်ကားလေသည်။ ရန်ကုန် မန္တလေး မော်တော်ကားလမ်းမကြီးသည်လည်း မြို့လယ်ကို ဖြတ်သန်း သွားလာရကား ကုန်စည်ရောင်းဝယ်ရေး ဖွံ့ဖြိုးတိုးပွားလေရာ သာလွန်၍ စည်ကားလေသည်။ ပဲခူးမြို့သည် ပဲခူးမြစ်ကို ခွလျက် တည်သည်။ ပဲခူးရိုး မမှ ဖြာထွက်လာသော တောင်တန်းစွယ်ကလေးတခုသည် ပဲခူးမြို့အရှေ့ ဘက်စွန်းရှိ ဟသ်ာကုန်းအထိ မြို့ကို ဖြတ်သန်း၍ သွားသည်။

### ဘုရားလက်ထက်တော်ကပင် လူနေအိမ်ခြေရှိခဲ့

ဘုရားဇိနော် ဆံတော်ဓာတ်ကို ယခု ရွှေတောင်ကြီးအသွင် ဖူးမြင်ရ သော ရွှေမော်ဓော စေတီတော်တည်ရာ သုဒ္ဓသနကုန်းမြေ ပထဗျာ၌ ဌာပနာ၍တည်ထားသည်ကို ထောက်သဖြင့် မြတ်စွာဘုရား ရွှေလက်ထက် တော်ကပင် ဤဒေသ၌နေရာ၌ လူနေအိမ်ခြေ ရှိနေပြီဖြစ်ကြောင်း မှန်းဆ

နိုင်လေသည်။ သာသနာတော်နှစ် ငါးထောင်တိုင် ဤနေရာ ဤဒေသ၌ သာသနာတော်တည်ထွန်း၍ ကိုးကွယ် ပူဇော်ကြမည်ကို ဘုရားမှုနိ သိမြင်တော်မူ၍ ဆံတော်များ အပ်နှင်းတော်မူခြင်းဖြစ်သည်။

သမ္မာသမ္ဗုဒ္ဓကာလေပိ၊ ဇနာဝါသေပိ အဘာဝိ။
ပဲခူးသုပုရဋ္ဌာနမှိ၊ ဝိသိဋ္ဌဘူမိမုဒ္ဓနိ။

**ပဲခူးမြို့တည်ခြင်း**

ဝိဇ္ဇာဓိုရ်နှင့် နဂါးမတို့ ပေါင်းဆုံ ကြုံတွေ့ရာမှရသော ဥမှ ပေါက်သည့် သတို့သမီးနှင့် သုဝဏ္ဏဘူမိ သထုံပြည်၏ ပဌမ မြောက် မင်းဖြစ်သော တိဿ မေ့သီဟရာဇာ ဘုရင်တို့မှ ဖွားမြင်သည့် သမလနှင့် ဝိမလ အမြွာညီနောင်တို့ ပဲခူးမြို့ကို တည်ထောင်သည်ဟု ဆိုကြကုန်၏။

သမလ ဝိမလနာမ-ကုမာရာ စာရုဒဿနာ။
ပတိဋ္ဌာပေသုံ ဥတ္တမ-နဂရံ ပဲခူးသဝှယံ။

**သမလမင်းမှစ၍ တိဿမင်းတိုင်အောင် ၁၇-ဆက်**

ထိုသမလနှင့် ဝိမလညီနောင်တို့သည် ခမည်းတော် အမျက်တော်ရှသဖြင့် နန်းတော်မှ နှင်ထုတ်ခြင်းခံကြရရှာသဖြင့် အနောက်ဘက်သို့ တိမ်းရှောင်ခဲ့ရာမှ ယင်း သမလ ဝိမလညီနောင်တို့သည် မင်းဖြစ်ကြလိမ့်မည်ဟူသော အတိတ်တဘောင် ပေါ်လာသဖြင့် မြို့နေရာရှာကြလေသည်၊ ထိုအခါ ဒေဝအဖျား သိကြားမင်းသည် မြို့တည်မည့်နေရာတွင် ရှေ့မှ နောက် နောက်မှ ရှေ့သို့ ပုလဲကြိုးဖြင့် တိုင်းတာ၍ မြို့လယ်တွင် ကြငှန်းတိုင် စိုက်ထားသည်ကို တွေ့သဖြင့် သာသနာတော်သက္ကရာဇ် ၁၆၀–ကျော်တွင် မြို့တည်၍ သမလကုမ္မာမင်း စတင် အုပ်စိုးကြောင်းဆိုကြသည်။ သမလကုမ္မာမင်းမှစ၍ တိဿမင်းတိုင်အောင် မင်း ၁၇-ဆက် နန်းစံသည်။

သမလကုမ္မတောယေဝ၊ ယာဝ တိဿ ကုမာရကာ။
ဘူဘုဇာ ဣမတော ဟောသုံ၊ နဂရေ သတ္တရသကာ။

## ရွာနိဂုံးကြီး ဖြစ်ခဲ့ခြင်း

သက္ကရာဇ် ၄၁၉-ခုနှစ်တွင် တိဿမင်း နတ်ရွာစံကံတော်ကုန်ပြီးနောက် ဟံသာဝတီ ပဲခူးနေပြည်တော်ကြီး ပျက်စီး၍တိမ်မြုပ်၍ နှစ်ပေါင်းများစွာ ရွာနိဂုံးကြီးဖြစ်၍ တည်နေခဲ့လေသည်၊ တကယ်တော့ သဗ္ဗေဝနိဗ္ဗုဝဖြစ်သော သင်္ခါရတရားတို့ကား မုချဆတ်ဆတ် ပျက်စီးခြင်းသဘောရှိကုန်၏။ သို့ဖြစ်၍ သင်္ခါရတရားတို့၌ ငြိကပ်တွယ်တာခြင်းမပြုပဲ ချမ်းသာစစ်မှန်သည့် နိဗ္ဗာန်ကို ရှာကြံသင့်ကြလေပြီ။

သဗ္ဗေဝါ နိဗ္ဗုဝါ စေဝ၊ သင်္ခါရာ ဟိ ဝိနာသိနော။
တတြ လဂ္ဂံ အကာတွာန၊ သုခံ ဂဝေသိတုံ အလံ။

## ရေမှာန်ကန်း တရဖျားတို့ ပဲခူးမြို့ကိုစားရ

သက္ကရာဇ် ၄၂၁-ခုနှစ်တွင် နန်းတက်သော ပုဂံပြည် စောလူးမင်း လက်ထက်တွင် အထိန်းတော်သား ရေမှာန်ကန်းသည် ပဲခူးမြို့ကို စားရသည်။[၁] မုတ္တမဘုရင် မဂဒူ၏ သားမက်တော် တရဖျားသည်လည်း ပဲခူးကို စားရသည်။

## ပဲခူးမြို့ အမည်များ

သာသနာသက္ကရာဇ် ၂၃၀-ခန့်က ပဲခူးမြို့သည် မခဝါမြို့ဟု အမည်တွင်ခဲ့သည်။ သက္ကရာဇ် ၄၁၉-ခုနှစ်တွင် ဟံသာဝတီ၊ သထုံ၊ မုတ္တမ စသော ရာမညဒေသရှိ မြို့များကို အနော်ရထာမင်း တိုက်ခိုက်သိမ်းပြီးနောက် မွန်တို့သည် ပဲခူးမြစ်၏ အနောက်ဘက်တွင် ဥဿာမြို့ကို တည်ထောင်ခဲ့သည်။ ပဲခူးကား မြစ်အရှေ့ဘက် ဖြစ်၏။ ယင်းအနောက်ဘက်ရှိ ဥဿာကိုပါရော၍ ပဲခူးမြို့ကို ဥဿာမြို့ဟုလည်း ခေါ်ကြသည်။ သက္ကရာဇ်

---

၁။ စောလူးသားတော်၊ ကျော်ဇွါဇော်၊ ပဍ္ဍော ဉာတဗ္ဗံ။
ရာဇဝင်သံခိပ်။ စောလူးမင်းကား နန်းစံ ၅-နှစ် ဖြစ်သည်။

၇၁၁ ခုနှစ် ဆင်ဖြူရှင် ဗညားဦးမင်း လက်ထက်တွင် တဆယ့်ခြောက် ထောင့်ရှိ မြို့ရိုးကြီး တည်ဆောက်ကာ ဟံသာဝတီ နေပြည်တော်ဟု မှည့်ခေါ်သည်။ ၎င်းနောက်တွင်မှ တဖြည်းဖြည်း ပဲခူး တွင်လာသည်။ ယင်းသို့ဖြင့် ပဲခူးသည် မဓေဝါ၊ ဟံသာဝတီ၊ ဥဿာ-ဟူသော အမည် တို့ဖြင့်လည်း ထင်ရှားကြောင်း သိသာလေသည်။

မဓေဝါဟံသာဝတီဥဿာ–နာမေဟိပိ သုပါကဋံ။
ပဲခူးဝှ သုပုရံ ဇတံ၊ ရတနေဟိ ပူရံ ဟိ ဝေ။

## ပဲခူးတိုင်း၊ ပဲခူးမြို့နယ်

ပဲခူးသည် ပဲခူးတိုင်း၏ ရုံးစိုက်ရာ မြို့လည်းဖြစ်သည်။ ပဲခူးတိုင်းသည် ကျယ်ဝန်းသည်။ ယင်း ပဲခူးတိုင်းအတွင်း၌ ကဝ၊ ကျောက်တံခါး၊ ကြို့ပင်ကောက်၊ ကျောက်ကြီး၊ ဇီးကုန်း၊ ညောင်လေးပင်၊ တောင်ငူ၊ ထန်းတပင်၊ ဒိုက်ဦး၊ နတ်တလင်း၊ ပဲခူး၊ ပြည်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ ပေါင်းတည်၊ ဖြူး၊ မင်းလှ၊ မိုးညို၊ ရေတာရှည်၊ ရွှေကျင်၊ ရွှေတောင်၊ လက်ပံတန်း၊ ဝေါ၊ သနပ်ပင်၊ သဲကုန်း၊ သာယာဝတီ၊ အုတ်ဖို၊ အုတ်တွင်း တို့ ပါဝင်သည်။ ယင်းပဲခူးတိုင်း၌ လူဦးရေ ၃၄၆၅၂၁၅ (သုံးသန်း လေးသိန်း ခြောက်သောင်း ငါး ထောင်နှစ်ရာ တဆယ့်ငါး)ယောက်ရှိကြောင်း သိရသည်။ ပဲခူးမြို့နယ်၌ လည်း လူဦးရေ ၂၇၇၉၅၄ (နှစ်သိန်း ခုနစ်သောင်း ခုနစ်ထောင် ကိုးရာ ငါးဆယ့်လေး)ယောက်ရှိသည်။[၁]

## ပရိယတ္တိ စာသင်တိုက် နှစ်ဆယ်ကျော်

ပဲခူးမြို့သည်လည်း မန္တလေး၊ ပခုက္ကူ၊ စစ်ကိုင်း စသည့် မြို့များ ကဲ့သို့ သာသနာထွန်းကားသည်။ ပဲခူးမြို့ပေါ်၌ ကြခတ်ဝိုင်း၊ မြို့မ၊ မဏ္ဍိုင်၊ ဥဿာသီရိ စသည့် ပရိယတ္တိစာသင်တိုက် ကြီး ငယ် ပေါင်း

---

၁။ ၁၇၊ ၅၊ ၈၁–နေ့ထုတ် သတင်းစာများအဆိုအရ ဖြစ်သည်။

၂၀-ကျော်ရှိ၍ သံဃာတော်ပေါင်း ၁၅၀၀-ခန့်ရှိသည်။ မြို့ပေါ်၌ ပဲခူးမြို့ဈေးကြီး ဆန်လှူအသင်း၊ စသည့် သာသနာတော်ကို ထောက်ပံ့ လှူဒါန်းသည့် အသင်းများလည်း များစွာရှိသည်။

## စေတီပုထိုးများ

ဘုရားဖိနေ့် သက်တော် ထင်ရှားရှိတော်မူစဉ်က စ၍ ကိုးကွယ်ရာ စေတီပုထိုးများ စတင် တည်ရှိခဲ့ရာမြို့ ဖြစ်သည့်အလျောက် ပဲခူးမြို့ပေါ် ၌ မြို့ပတ်ဝန်းကျင်တွင် စေတီပုထိုးတို့မှာ မိုးဝကောင်းကင် အလယ်က ကြယ်တာရာသဖွယ် တင့်တယ်လှ၏၊ မြားမြောက်လှ၏။

ရစိရေ ပဲခူး နဂရေ၊ စေတိယာနိ ဗဟူနိ ဝေ။
ခေတလေ တာရကာနိဝ၊ ဗဟူနိ မနုညာနိ ဟိ။

ပဲခူးမြို့ ကျောက်ဖူးကုန်းရပ်ကွက်ရှိ ရွှေမော်ဓော စေတီတော်ကြီးမှာ ရွှေတိဂုံကြီးကဲ့သို့ ထင်ရ အံ့သြရသည့် စေတီတော်ကြီးဖြစ်၏။ ၎င်း ပြင် ပဲခူးမြို့အဝင် ရေလည်မာရ်အောင် စေတီတော်၊ ရွှေနန်းတောရှိ ရွှေကြက်ယက်(သဘော်ဦး)စေတီတော်၊ ရွှေပန်းတောရှိ ကျိုက်ကလွန် ပွန် စေတီတော်၊ သာသနာ့ရိပ်သာဝန်း အတွင်းရှိ ကမ္ဘာအေး စေတီ တော်၊ ဟသ်ာကုန်းရပ်ကွက်ရှိ ဟသ်ာကုန်းစေတီတော်၊ တောင်သူစု လမ်းရှိ ရွှေအောင်ရွှေး စေတီတော်၊ ဟသ်ာကုန်းရပ်ကွက်ရှိ ရွှေနံ့သာ စေတီတော်၊ တောင်သူစုအနီးရှိ စိန်သာလျောင်း ရုပ်ပွားတော်၊ ကျောက်ဖူးကုန်းရပ်ကွက်ရှိ ရွှေအပ်ထုပ် စေတီတော်၊ ညောင်ဝိုင်း ရပ် ကွက်ရှိ ကြွေးသွန်းဘုရားကြီး၊ ဇိုင်းဂနိုင်းတောင်ပိုင်းရှိ ဖောင်တော်ဦး စေတီတော်၊ ဆံတော်တွင်းရပ်ကွက်ရှိ ဆံတော်တွင်း စေတီတော်၊ ဘုရား သုံးဆူရှိ ကျိုက်ပွန်ရုပ်ပွားတော်ကြီးများ၊ အနောက်တောရှိ မနော စိတ္တာပူပ ါဒ် စေတီတော်၊ မဟာစေတီရပ်ကွက်ရှိ မဟာစေတီတော် (ပဲခူး မြို့တွင် ရွှေမော်ဓောစေတီမှလွဲ၍ ဉာဏ်တော်အမြင့်ဆုံးနှင့် အကြီးကျယ် ဆုံး စေတီ)

ဘုရားသုံးဆူရှိ ရွှေဂူကြီးစေတီတော်၊ ဇောင်းချောင်း အနီးရှိ ရွှေဂူလေးစေတီတော်၊ အနောက်တောရှိ အကျွတ်စေတီတော်၊ အနောက်တောရှိ မဟာကြီးစေတီတော်၊ အလွတ်စေဘ်တော်၊ အနောက်တောရှိ ကိုးသိန်းကိုးသန်းစေတီတော်၊ ကျေးနီကန်ရပ်ကွက်ရှိ နဂါးလိန်စေတီတော်၊ ရွှေဂူလေးလမ်းရှိ မေတ္တေယျအာနန္ဒာစေတီတော်၊ ရွှေဂူလေးလမ်းရှိ တာဝတိံသာစေတီတော်၊ မဟာစေတီဘုရားလမ်းရှိ ရွှေသာလျောင်းရုပ်ပွားတော်ကြီး၊ ဘုရင့်နောင်ကန်အနီးရှိ ကျိုက်ပေါစေတီတော်၊ ကျောက်တိုင်ကန်ရှိ ဧကဒ္ဓါသာခါ စေတီတော်၊ ဟင်္သာကုန်းရပ်ကွက်သောဘာဥယျာဉ်ရှိ အသောကစေတီတော်၊ ကလျာဏီကွက်သစ် ရှမ်းလမ်းထိပ်ရှိ မြသပိတ်စေတီတော်၊ မှော်ကန်ရပ်ကွက် ၁၃-လမ်းရှိ ရှင်စောပုဇေယျာမုနိစေတီတော်၊ ဘောလုံးကွင်းရပ်ကွက်ဘုရင့်နောင်ရဲစခန်းအနီးရှိ ဆုတောင်းပြည့်စေတီတော်-စသည်တို့ကား ပဲခူးမြို့ရှိ ဗုဒ္ဓဘာသာသူတော်စင်တို့ ကြည်လင်မြတ်နိုး ရှိခိုးဦးတိုက်ရာ ကောင်းမှုပုည မျိုးစေ့ပစ်ချစိုက်ပျိုးရာ ပုညဘူမိ ပုညပတ္တ ပုညတိတ္ထ ဖြစ်ကုန်၏။

ပဲခူးနဂရေ ခေတ္တမှိ၊ ပုညတိတ္ထသေဋ္ဌာနိပိ၊
သောဂတာနံ ပုညတ္ထာယ၊ သုဟိတာယ သုခါယ စ။

## ကလျာဏီသာသနာဝင် သောဠသမပိုင်း အပြီးသတ်ခြင်း

သဒ္ဓါဇောဝင်သူတော်စင်သူတော်ကောင်းတို့ကြည်ညိုဖို့၊ သံဝေဂရဖို့ ရေးသာစီရင်အပ်သော ကလျာဏီသာသနာဝင်ကျမ်းတွင် ပဲခူးမြို့သမိုင်းအကျဉ်းချုပ်နှင့် တိုင်းမြို့နယ် လူဦးရေ သာသနာ့အခြေအနေစေတီပုထိုးတို့၏ အမည်ကို အမြွက်မျှပြဆိုရာ သောဠသမပိုင်းကို ဤတွင် လက်စသတ်လိုက်ပါပြီ။


သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတေ။
ကလျာဏီသာသနဝံသေ၊ သမတ္တော သောဠသမော ဟိ ဝေ။

---

ဥ။ မဇင်းချောင်း။



အရညဝါသီ ရွှေကျင်နိကာယ နာယက
မဟာကလျာဏီ ကျောင်းတိုက်ကြီး၏ ဩဝါဒါစရိယ
မျက်နှာတော် ဆရာတော် အရှင်နာဂိန္ဒမဟာထေရ်



[illegible]



မင်းအဆက်ဆက်တို့ တည်ထား ကိုးကွယ်ခဲ့သော မဝေါါစေတီတော်
ကလျာဏီစေတီတော် မဟာကလျာဏီ သိမ်တော်တို့၏ **ကိန်းဝပ်စံပယ်ရာ**
ပဲခူးမြို့ မရင်းရပ်ရှိ မဟာကလျာဏီ ကျောင်းတိုက်ကြီး

# ကလျာဏီသာသနာဝင်

## သတ္တရသမပိုင်း

### ကလျာဏီကျောင်းတိုက်ကြီး

ပဲခူးမြို့ မဇင်းရပ်ကွက်(ကလျာဏီရင်ကွက်)တွင် ကလျာဏီကျောင်းတိုက်ကြီးတည်ရှိလေသည်။နာမည်ကလည်း ဘုတ်သာသည်၊ ကြားနာရသူ လူတိုင်းလိုလိုတို့၏ နားသောတတို့ကို ပျားသကာလို နားဝင်ချိုစေသည်၊ နာမည်ကြာ လိုက်ရသည့် တပြိုင်နက် သမိုင်းခေတ်ခံရှိသည့် ပုဂ္ဂိုလ်ဆိုလျှင် ကလျာဏီသိမ်တော်ကြီးရှိတဲ့ ကျောင်းတိုက်ဖြစ်လိမ့်မည်ဟု အတွေးခေတ်ပေါ်လာမည်ဖြစ်ပေသည်။

ဖော်ပြပါ မဟာကလျာဏီကျောင်းတိုက်ကြီးကား ၁၃-ဧက ကျယ်ဝန်းသည်။ သရက်ပင်၊ ပိန္နဲပင်၊ မရန်းပင်၊ အုန်းပင်၊ ကံ့ကော်ပင်၊ ဖဒယောင်းတိုင် ကြီးများပမာ ပင်စည်အသွေး ဖြူဖွေးပြီး ဖြောင့်ဖြူးမြင့်မားသော နှစ်တရာကျော် သက်တမ်းရှိသည့် ကညင်ပင်ကြီးများစသည်တို့ဖြင့် သာယာကြည်နူးဖွယ်ကောင်းလှသည်။ ရေလည်းအလွန်တိမ်သည်။ သောက်လိုက်လျှင် အလွန်လျှင်ချိုမြိန်သည်။ သို့ဖြစ်၍ ပဲခူး၌ဆိုရိုးတခုရှိသည်။ယင်းဆိုရိုးကား "ရေကလျာဏီ ပြေ(ပြည်)ဗာရာဏသီ" ဟူ၍ ဖြစ်သည်။


ကလျာဏီအာရာမေ နာမ၊ အတိဝ ရမဏေယျကော။
ဒကရုက္ခေဟိ သမ္ပန္နော၊ မနုညရုစိရော အဟု။

## ကျောင်းတိုက်ကြီး အတွင်း မြင်ကွင်း

ကလျာဏီကျောင်းတိုက်ကြီးကို လှပခန့်ညားသော မဟာရံတံတိုင်းကြီးဖြင့် ဝန်းရံထားရာ မြင်ရသူတို့၏ စိတ်နှစ်သိုက်ကို ယူကျုံးဆွဲနိုင်၏၊ မြောက်ဘက်အပေါက်မှ စေ့ပ်းတန်းအတိုင်းတောက်လျှောက်သွားလျှင် ကလျာဏီသိမ်းတော်ကြီးကို တွေ့ရသည်၊ ကလျာဏီသိမ်တော်ကြီးမရောက်မီ ဝဲဘက်ရှိ တန်ဆောင်းတော်ကြီးအတွင်း၌ သက္ကရာဇ် ၁၂၆၇-ခုနှစ်က သွန်းလုပ်ကိုးကွယ်ခဲ့သည့် ကြေးချိန်-ပိဿာ ၃၅၀-ရှိ မဟာတိလောကမုနိအမည်တော်ရှိသော ကြေးဆင်းတုရုပ်ရှင်တော်မြတ်ကြီးကို ကြည်ညိုဖွယ်ရာ ဖူးမြင်နိုင်လေသည်။ သိမ်တော်ကြီး၏ ဘေးတဘက်တွင် ကလျာဏီသိမ်တော်သမိုင်း ကျောက်စာများတည်ရှိသည်။ ယင်းကျောက်စာများကို ကျောက်စာရုံဖြင့် ထားရှိ၏။ ကျောက်စာတိုင် ၁၀-တိုင် အနက် ၇-တိုင်မှာ ရာသီဥတုဒဏ်၊ မြို့ရွာအပြောင်းအလဲဒဏ်၊ စစ်ကာလအခါသမယဒဏ်-စသော အမျိုးမျိုးသော ဒဏ်ကြောင့် များစွာကျိုးပဲ့ပျက်စီးနေလေပြီ၊ ဖော်ပြပါကလျာဏီ သိမ်တော်ကြီး၏ အရှေ့မြောက်ဘက် ခပ်ယွန်းယွန်းတွင် စေတီရံ ၆-ဆူပါ ကလျာဏီစေတီတော် တည်ရှိပြီး သိမ်တော်ကြီး၏ အရှေ့တောင်ခပ်ယွန်းယွန်းတွင် မဗဝါစေတီနှင့် အခြား စေတီရံငယ် ၄-ဆူကို ဖူးမြင်နိုင်သည်။ ကျောင်းတိုက်ကြီး၏ အရှေ့ထိပ်တွင် ရေကန်နှစ်လုံးသည် အရှေ့အပေါက် ထွက်လမ်း၏ ဝဲယာတွင် တည်သဖြင့် အလွန် ရှုချင်ဖွယ်ရှိသည်။ကျောင်းတိုက်ကြီးအတွင်း၌ သံဃာနေ ကျောင်းပေါင်း ၂၀-ကျော်ခန့်ရှိ၍ စာသင်သားသံဃာတော် ၅၀-ကျော် ပရိယတ္တိအလုပ် အားထုတ်ကြိုးပမ်းလျက်ရှိတော်မူကြသည်။

## ကလျာဏီသိမ်တော် အရှေ့မြောက်အနီး စွယ်တော်ပွားတဆူ ကိန်းဝပ်တော်မူသော ကလျာဏီစေတီ ကလျာဏီပေါဓိပင်

ပဲခူးမြို့ မဟာကလျာဏီသိမ်တော်၏ အရှေ့မြောက်အနီး သိမ်တော်၏ ဦးညွှတ်ရာသဖွယ် တည်ရှိသော စေတီတော်သည် ဖူးမြော်သူများအတွက်



ကလျာဏီသိမ်တော်ကြီး၏ အရှေ့မြောက်ယွန်းတွင် တည်ရှိသော
ကလျာဏီ စေတီတော်ကြီး
ကလျာဏီစေတီတော်ဟုလည်းကောင်း၊ သီလဝစေတီဟု
လည်းကောင်း ထင်ရှားသည်။ ဓမ္မစေတီ မင်းတရားကြီးသည်
သက္ကရာဇ် ၈၃၉ ခု နတ်တော်လပြည့်ကျော် (၁) ရက် တည်သည်။
သက္ကရာဇ် ၉၄၅-ခု၊ ၁၁၂၃-ခု၊ ၁၂၆၈-ခု၊ ၁၂၉၂-ခုနှစ်များတွင်
အဆင့်ပြန်တည်သည်။

အားရကြည်နူးစရာ ကုသိုလ်အထူး ဆည်းပူးစရာ ဖြစ်လှပေသည်၊ ကလျာဏီဗောဓိပင်သည်သည်း စေတီတော်၏ အဂ္ဂါထောင့်၌ စိမ်းမြစိုပြေစည်ပင်ကာ အသရေဆောင်နေပေသည်၊ စေတီတော် ဗောဓိပင် သိမ်တော်တို့ကား မဟာကလျာဏီကျောင်းတိုက်ကြီးအတွင်း၌ ဓမ္မစေတီမင်းကြီး အကြံဖြစ်ပုံ လိုက်လျောညီထွေ ရှိလှပါပေသည်။

ချဲ့အံ့—ကလျာဏီသိမ်တော် သမုတ်ပြီးသော် ဓမ္မစေတီမင်းကြီးသည် သီဟိုဠ်ကလျာဏီ နဒီသိမ်တွင် ရဟန်းခံခဲ့သော မထေရ်တို့ သမုတ်သည့် သိမ်ကို ကလျာဏီသိမ်ဟု အမည်ပေးခဲ့ပြီး သီဟိုဠ်ကလျာဏီ နဒီသိမ်အနီးတွင် ကလျာဏီစေတီတည်ထားသကဲ့သို့ ဤဟံသာဝတီ ကလျာဏီသိမ် အနီး၌လည်း စေတီတဆူတည်ပြီးလျှင် ကလျာဏီစေတီဟုလည်းကောင်း၊ သီဟိုဠ်ကလျာဏီဗောဓိပင်မှ ရခဲ့သော မျိုးစေ့ကို ဤဟံသာဝတီသိမ်အနီး စိုက်ရေပြီးလျှင် ကလျာဏီဗောဓိဟုလည်းကောင်း သမုတ်ရလျှင် သင့်လျော်ပေအံ့၊ ဤသို့ ကလျာဏီစေတီနှင့် ကလျာဏီဗောဓိကို တည်ပေး စိုက်ပေးထားလျှင် သိမ်တော်သို့ ရဟန်းခံရန်၊ ဥပုသ်ပြုရန်၊ ပဝါရဏာပြုရန် ကြွလာကုန်သော သံဃာများနှင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ကလျာဏီ စေတီကိုလည်းကောင်း၊ ကလျာဏီ ဗောဓိကိုလည်းကောင်း မြတ်နိုးကော်ရော် ပူဇော်နိုင်ကြကုန်လတ္တံ့ဟု အကြံဖြစ်တော်မူ၏၊

## ကလျာဏီစေတီ စီရင်စေပြီ

ဤသို့ ကြံစေပြီးလျှင် မင်းကြီးသည် ဗညားဆမ်မင်းသား၏ ကလေးများ အထိန်းတော် (ကြာကမောင်) အမတ်အား ကလျာဏီစေတီ တည်ရန် တလင်းကို စီရင်စေသည်။ ဗညားဦးမင်းသား၏ ကလေးများ အထိန်းတော် (ရာဇမိန်ခေါင်) အမတ်နှင့် ဗညားဗရာဝိမင်းသား၏ ကလေးများ အထိန်းတော် (လက်ဝဲ) အမတ်တို့အား ကလျာဏီ ဗောဓိပင်စိုက်ရန် တလင်းကို စီရင်စေသည်၊ ထိုနေ့စီအရင်ကို ၈၃၉-ခု တော်သလင်းလမှစ၍ ဆောင်ရွက်ကြကုန်၏။ ၈၃၉-ခု နတ်တော်လဆန်း ၁၄ ရက် ဗုဒ္ဓဟူးနေ့တွင် (ဝင်ဇပင်)မင်းသားများနှင့် မှူး မတ် သေနာ

ပတိများကို ရာထူးကြီးငယ် အစဉ်အလိုက် ဘုရားသခင်၏ စွယ်တော်ပွားနှင့် ဘုရားဆင်းတု ဗောဓိပင်မျိုးစေ့တို့ကို ပင့်ဆောင်ရန် စီရင်စေသည်။

ယင်းလဆန်း ၁၅-ရက် ကြာသပတေး နံနက်တွင် မင်းကြီးသည် မင်းပရိသတ်များ ခြံရံလျက် နန်းတော်မှလာပြီး ဆောက်ထားသော မင်းကန္နားကြီးတွင် စံနေတော်မူသည်။

ထိုအခါ သားတော်သမီးတော် ဝင်ဇတင်မင်းသား မှူးမတ်သေနာပတိများသည် စွယ်တော်ပွားဆင်းတု ဗောဓိမျိုးစေ့များကို ပင့်ဆောင်လာကြသည်။ ကလျာဏီသိမ်အနီးရောက်လတ်သော် စွယ်တော်ပွားနှင့် ဆင်းတုတော်တို့ကို အသင့်ဆောက်ထားသော စံကျောင်းတွင် ကိန်းဝပ်စေသည်။ ဗောဓိပင်မျိုးစေ့ကိုလည်း စိုက်မည့်နေရာ၌ ထားစေသည်။ ပြီးသောအခါ သဘင်ကြီးစွာ ခံတော်မူသည်။ နေဝင်သောအခါ စွယ်တော်ပွားကိုစောင့်ရန် လူများ ခန့်ထားပြီး မင်းကြီးသည် နန်းတော်သို့ ပြန်ကြွတော်မူသည်။

ယင်းလပြည့်ကျော် ၁-ရက် သောကြာနေ့ နံနက်တွင် မင်းကြီးသည် ကလျာဏီမင်းတဲကန္နားသို့ ကြွလာပြီး ပင့်ထားသော ဂိုဏ်းချုပ်ဆရာတော် ၅၀-တို့အား ဆွမ်းကပ်၍ သင်္ကန်း၊ ကော်ဇော၊ ငွေတံကောင်းနီ၊ ကွမ်းသီးတို့ကို လှူပြီးသော် လပြည့်နေ့ကကဲ့သို့ သဘင်ခံစေပြန်သည်။ နေ့မွန်းလွဲသော် စွယ်တော်ပွားနှင့် စေတီများကို အနေကဇာတင်ရန် မင်းကြီးနှင့်တကွ ဆွေတော်မျိုးတော် မင်းပရိသတ်အပေါင်းတို့သည် ညောင်စောင်းပေါ်သို့ လက်ဆင့်ကမ်း ပင့်ဆောင်ကြကုန်၏။ ပင့်ဆောင်ပြီးနောက် ဆရာတော် ၈-ပါးအား အနေကဇာတိသံသာရံ၊ ယဒါဟဝေ စသော ဥဒါန်းဂါထာများကို ရွတ်ဖတ်သရဇ္ဈာယ်လျက် စွယ်တော်ပွားနှင့် ဆင်းတုများကို အနေကဇာတင်တော်မူစေသည်။ ဘရဂုဏ္ဍိနက္ခတ်နှင့် ယှဉ်သောအခါတွင် စွယ်တော်ပွားနှင့် ဆင်းတုတို့ကို ဌာပနာတိုက်သွင်းတော်မူသည်။ပြီးလျှင် ဌာပနာတိုက်ပေါက်ကို ကျောက်ပြားကြီးတချပ်ဖြင့် ပိတ်စေသည်။ ထို့နောက် အုတ်ငါးလွှာ ထပ်ဆင့်



ကလျာဏီသိမ်တော်ကြီး၏ အရှေ့တောင်ဘက်ယွန်းရှိ
မဟာဝေဠုစေတီတော်ကြီး
ဗုဒ္ဓ၏ သွားတော်ဓာတ် ကျောက်စေတီသည် သက္ကရာဇ်
၂၃၆-ခုနှစ် သထုံမင်း အစိဋ္ဌာန်ဖြင့် ရာမညတိုင်း ဟံသာဝတီမြို့
အနောက်ယွန်းယွန်းတွင် စေတီပြာသာဒ် တည်ရှိလာသည်။
ကလျာဏီသိမ် မသမုတ်မီကပင် ရှိ၏။ သက္ကရာဇ် ၇၄၆-ခုတွင်
ဆင်ဖြူရှင်မင်း ရာဇာဓိပတိကလည်းကောင်း၊ သက္ကရာဇ် ဂ၂၄-ခုတွင်
သုတသောမမင်း၏ သမီးတော် တြိဘုဝနာဒိတျမင်း မိဖုရားက
လည်းကောင်း ကြီးမားအောင် ထပ်ဆင့်တည်သည်။

စီစေသည်။ ဗောဓိပင်မျိုးစေ့ကိုလည်း ပျိုးရန်ပြင်ထားသော နေရာ၌ တချိန်တည်း စိုက်ပျိုးစေခဲ့သည်။

## အဆက်ဆက် ပြုန်လည်တည်ကြခြင်း

၉၄၄-ခု သီတင်းကျွတ်လတွင် လျှင်ကြီး လှုပ်၍ ကလျာဏီစေတီ ပြိုရာ နန္ဒမင်းကြီး၏ အမတ်ကြီး သက်ရှည်ကျော်ထင်သည် ၉၄၅-ခုနှစ်တွင် ပထမအကြိမ် ပြုန်လည်တည်ထားခဲ့သည်။

၁၁၂၃ ခုတွင် လျှင်ကြောင့် ကလျာဏီစေတီပြိုသည်ကို ရန်ကုန်မြို့ဝန် သီရိဥဇနာ-က ဒုတိယအကြိမ် တဖန် ပြန်လည်တည်ထားခဲ့သည်။

၁၂၆၇-ခု လျှင်ကြောင့် ပြိုပြန်ရာ ပဲခူးမြို့သူမြို့သားများ၏ အလှူငွေဖြင့် ၁၂၆၈-ခုတွင် တတိယအကြိမ် ပြန်လည်တည်ထားခဲ့သည်။

ပဲခူးတမြို့လုံးလိုလို ပျက်စေခဲ့သည် ၁၂၉၂-ခု လျှင်ကြီးကြောင့် ခေါင်းလောင်းပုံ ခါးပတ်အောက်ထိ ပြိုကြပြန်ရာ ပဲခူးမြို့ အငြိမ်းစား အရေးပိုင် ဦးဘတိုးမင်းကတော် ဒေါ်သိန်းမြင့် သားသမီးတစုတို့က ၁၂၉၉-ခု တော်သလင်းလဆန်းမှစ၍ စတုတ္ထအကြိမ် ပြန်လည်တည်ထားကြသည်။ ထိုကုသိုလ်ပွဲတွင် အစ်မဖြစ်သူ ရန်ကုန် ပုဇွန်တောင် မြေပိုင်ရှင် ဒေါ်သင် ဒေါ်သန်းတို့လည်း ကံစပ်သည့်အနေဖြင့် ပါဝင်ကြလေသည်၊ ကလျာဏီစေတီ၌ စေတီရံ ၉-ဆူရှိသည်။ယင်းနှစ် တန်ဆောင်မုန်းလတွင် ပြီး၍ မှန်မြန်မာ ထီးနှစ်ဆင့်ကို ကလျာဏီ ဥမင်မြောက် ဆရာတော် အရှင်စန္ဒိမာမထေရ်အား အမှူးထား၍ နတ်တော်လဆန်း ၄-ရက်တွင် ရှင် လူအသောင် ကျေးဇူးကာ ပွဲလမ်းသဘင်ဖြင့် တဆက်တည်း ထီးတော်တင်ပွဲ ကျင်းပပြီးစီးခဲ့ပေသတည်း။

## ကလျာဏီသိမ်တော် အရှေ့တောင်အနီး သွားတော်ခေတ်တော်ရှု ကိန်းဝပ်တော်မူသော မဝေါ်ကျောက် စေတီတော်

ပဲခူးမြို့ မဟာကလျာဏီသိမ်တော်၏ အရှေ့တောင်ဘက်တွင် အရံစေတီ ၄-ဆူခြံရံလျက် ညာဏ်တော် အတောင် ၂၅-မျှ သပ်ရပ်တင့်

တယ်မှာ အကြည်ညိုခံ စံပယ်လျက်ရှိသော စေတီသည်ကား မဝေါ ကျောက်စေတီတော်ပင် ဖြစ်လေသည်။ သက္ကရာဇ် ၂၃၆-ခုလောက် ကတည်းက ဟံသာဝတီ ပဲခူး နယ်သူနယ်သားတို့အကျိုး ပွားတိုးလျက် သာသနာ အရှည်တည်တံ့လိမ့်မည် ဖြစ်သည့်အလား မှတ်တိုင်သဖွယ် တည်ရှိတော်မူခဲ့သည်။

ဤမဝေါကျောက်စေတီ တည်ရှိနေခြင်းဖြင့်ပင် ဤမဟာကလျာဏီ ကျောင်းတိုက်ကြီးနေရာ၌ ကလျာဏီသိမ်တော် သမုတ်ခြင်း ကျောင်း တိုက်ကြီးလည်း စည်းကားကြီးမား ပြန့်ပွားစွာ တည်ရှိနိုင်ခြင်း သီလ ဝန္တ သိက္ခာကာမ ဂုဏဝန္တ ဆရာတော်ကြီးများ၏ သီတင်းသုံးရာဖြစ်ခြင်း ဘုန်းကံရှိ ထိုက်သူတို့သာ ဤနေရာ၌ သာသနာပြုခွင့်ရခြင်း စသည်ဖြင့် သာသနာတော် စည်ကားမည့် အကြောင်းရင်းကို ကောင်းစွာသိရ ပေသည်။

## သက်တော်ထင်ရှား ဖြစ်စဉ်များ

ခုဲ့ရှုအံ့—ဘုရားရှင်သည် ဂဝံပတိမထေရ် နောက်ပါလျက် ဂ-ဝါ အရတွင် သတ္တဝါတို့အား သနားသဖြင့် ဝိဒေဟရာဇ်တိုင်း မိထိလာ ပြည်သို့ ဒေသစာရီ ကြွတော်မူလေ၏၊ ဂဝံပတိ ရဟန္တာမထေရ်သည် သထုံမြို့၌ ဆွေမျိုးဖြစ်ခဲ့ဖူးသော လူတို့ကို သနားသဖြင့် ဘုရားထံ ခွင့်ပန်ပြီး သထုံပြည်သို့ကြွတော်မူကာ ဆွေမျိုးတို့အား တရားဟောကြား လေရာ သီရိမာသောက မင်းက လျှောက်ထား၍ ဘုရားရှင်အား ပြန်လည် ပင့်ဆောင်လေသည်။ ဘုရားရှင်သည် ရဟန္တာနှစ်သောင်း ခြံရံ လျက် သထုံပြည်သို့ ကြွတော်မူလေသည်၊ သီရိမာသောက မင်းနှင့် ပြည်သူများတို့သည် အလွန်ကြည်ညို သဒ္ဓါပွားကြ၍ ခုနစ်ရက်ပတ်သုံး ကြီးကျယ်စွာ လှူဒါန်းပူဇော်ကြလေသည်။

ဘုရားရှင်သည်လည်း သထုံမင်းနှင့်တကွ လူအများအား အကျိုး များအောင် တရားပြသ ဆုံးမတော်မူပြီးလျှင် ခုနစ်ရက်လွန်က မဇ္ဈိမ ဒေသပြန်ကြွမည့်အကြောင်းကို မိန့်ကြားတော်မူလေသည်။

## ဆံတော်ခတ်ရှင် ပူဇော်ချင်

ထိုအခါ သထုံပြည်ရှိ ရသေ့ကြီး ၆-ပါးသည် ဘုရားရှင်ထံလာရောက်၍ ဘုရားရှင်၏ ပုံတော် အသံတော်တရားတော်များကို ကြည်ညိုလှသဖြင့် အမြဲကြည်ညို ကိုးကွယ်ရန် တစုံတခု ချီးမြှင့်ပါမည့်အကြောင်း တောင်းပန်ကြသဖြင့် ဘုရားရှင်က ဦးခေါင်းကို လက်တော်ဖြင့် သုံးသပ်ယူကာ ဆံတော် ၆-ဆူကို ပေးသနားတော်မူလေသည်။

## သွားတော်ခတ်မြတ် လွှဲပေးအပ်

သီရိမာသောက မင်းသည်လည်း ကိုးကွယ်ဖို့ရန် တောင်းပန်သောအခါ နောင် ၃၇-နှစ်လွန်၍ ပရိနိဗ္ဗာန် စံသောအခါ ငါ၏အဓိဋ္ဌာန်ချက်ဖြင့် သွားတော်ခတ် ၃၃-ချောင်းကို ဂဝံပတိမထေရ် ပို့စေလိမ့်မည်။ ထို့ကြောင့် ဆံတော်ကို မပေးသင့်ဟု မိန့်ကြားတော်မူသည်။ ထို့နောက် ရာမညတိုင်း၌ သာသနာတည်ခြင်း သတ္တဝါတို့ ချမ်းသာခြင်း အကျိုးငှာ ၁၃-ရပ်တို့၌ ဖလသမာပတ် ဝင်စားတော်မူပြီးလျှင် ရဟန္တာနှစ်သောင်း ခြံရံလျက် မဇ္ဈိမဒေသသို့ ကောင်းကင်ခရီးဖြင့် ပြန်ကြွတော်မူလေသည်။

ဘုရားရှင်သည် ၃၇-နှစ်ပတ်လုံး သတ္တဝါတို့အား ဗုဒ္ဓကိစ္စ ၅-ပါးဖြင့် နေ့ညမအား တရားပြတော်မူကာ သက်တော် ၈၀-ဝါတော် ၄၅-တွင် ဂဝံပတိ မထေရ်အား သွားတော်ခတ် ၃၃-ဆူကိုယူဖို့ရန် မိန့်ကြား အဓိဋ္ဌာန်ထားပြီး ပရိနိဗ္ဗာန် စံတော်မူလေသည်။ ဂဝံပတိ မထေရ်သည်လည်း ထင်းပုံထဲမှ သွားတော်ခတ် ၃၃-ဆူကို ပင့်ဆောင်ကာ ကောင်းကင်ခရီးဖြင့် သထုံပြည် ဒုတိယ သီရိမာသောကမင်းအား ပေးအပ်လေသည်။ မင်းကြီးနှင့် ပြည်သူများသည် များစွာ ကြည်ညိုလှ၍ သက်တော်ထင်ရှား ဘုရားကြွစဉ် ခုနစ်ရက်ပူဇော်ခဲ့သော နေရာသို့ သွား၍ သက်တန့်အရေးနှင့်တူသော တောင်ထွတ်၌ စေတီတိုက် ၃၃ ခု ပြုလုပ်ဌာပနာပြီး ခတ်တော်ဆော စဉ်ဘွင်း ၂-တွင်းတူး၍ ၃၃-ဆူသော ခတ်တော်တို့ကို ကျောက်စေတီ ၃၃-ဆူလုပ်၍ ပူဇော်လေ

သည်။ ထိုခေတ်တော်ဆေးရာ တွင်းတို့သည် ယနေ့တိုင်အောင် မွေး ကြိုင်သော ရေနှင့်ပြည့်စုံကြကုန်၏။

သီရိမာသောကမင်းသည် ၃၃-ဆူသော သွားတော်ဓာတ်စေတီတို့ကို မှီလျက် ဒါန သီလ စသည် ပွားပြီးလျှင် နတ်ရွာသုဂတိ၌ ဖြစ်လေ သည်။ များစွာသော လူတို့သည်လည်း ထိုကျောက်စေတီတို့ကို ရှိခိုး ပူဇော်ကြလေသည်။ နောက်ကာလကြာသော် ကိုးကွယ်သူ အဆက် ပြတ်၍ ၃၃-ဆူလုံးကို တောချုံဖုံးသွားရကား လူတို့မသိကြကုန်။

## ၃၃-ဆူ ဖော်ထုတ်ယူ

ဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် ၂၃၆-ခုနှစ် ရောက်သော အခါ တတိယသင်္ဂါယနာတင်ပြီး ကိုးတိုင်း ကိုးဌာန သာသနာပြုရာတွင် ပါဝင်သော ရှင်သောဏနှင့် ရှင်ဥတ္တရ မထေရ် ၂-ပါးတို့သည် သထုံ ပြည်ကြွရောက်ကာ သီရိမာသောက မင်းအမှူးရှိသော လူအပေါင်းအား ဗြဟ္မဇာလသုတ်ကို ဟောကြားတော်မူလေ၏။

မထေရ်တို့ ဟောကြားသော တရားကို ကြားနာရ၍ များစွာသော လူတို့သည် သရဏဂုံ ပဉ္စသီတည်ကြသည်။ ခြောက်သောင်းသော သူတို့ သည် မဂ်ဖိုလ်ကို ရကုန်သည်။ ယောကျ်ားပျို မိန်းမပျို ၃၅၀၀-တို့လည်း ရဟန်းပြုကြကုန်သည်။ ထိုအခါ မင်းကြီးသည် သာသနာ၌ လှန်းစွာ ကြည်ညို၍ မထေရ်နှစ်ဦးတို့အား "အရှင်ဘုရားတို့....တရားရတနာသည်သာ ရတနာတို့ကို ကိုးကွယ်ရကုန်ပြီ၊ ဘုရားရတနာကို ထပ်ရှားမကိုးကွယ်ရသေး၊ ကိုးကွယ်ရမည့်အကြောင်းကို လုံ့လပြုတော်မူပါ" ဟူ၍ တောင်းပန်သည်။

တောင်းပန်သောအခါ ရှေးသီရိမာသောကမင်း တည်ထားသော ကျောက်စေတီ ၃၃-ဆူတို့ကို ပြလေသည်။ သီရိမာသောက မင်းလည်း ၃၃-ဆူသော စေတီတို့မှ ထုတ်ယူခဲ့၍ တိုက်ကုလားမြို့ အရှေ့မြောက် မနီးမဝေးအရပ်၌ ရွှေတိုက် ၃၃-ဆူလုပ်၍ ထိုတိုက်တို့၌ ၃၃-လုံးသော ရွှေဖူးဦးတို့ကို နှံသာမှုန့်တို့ဖြင့် ပြည့်စေ၍ ထိုရွှေဖျဉ်းတို့၌ ရွှေကြုတ် ၃၃- လုံးတို့ကို နှံသာမှုန့်တို့ဖြင့် ပြည့်စေပြီး၍ ၃၃-ဆူသောသွားတော်ဓာတ် တို့ကို ဌာပနာတော်မူလေသည်။

## အဓိဋ္ဌာန်မြင့်မား နယ်ကြွသွား

"မြတ်စွာဘုရားသည် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့အား အစီးအပွားတို့ဖြင့် ချစ်သနားတော်မူသည်။ ဤဓာတ်တော်တို့သည် ဘုရားသခင်၏ ဓာတ်တော်စင်စစ်မှန်သည် ဖြစ်အံ့၊ ရွှေဖျဥ်းတို့နှင့်တကွ ထိုထိုအရပ်၌ သတ္တဝါတို့၏ စီးပွားချမ်းသာအလို့ငှာ သာသနာတော် ကွယ်သည့် တိုင်အောင် တည်စေသတည်း" ဟူ၍ သိရိမာသောကမင်း ဆုတောင်းပတ္ထနာပြုသည်။ ဆုတောင်းသည့်အခြားမဲ့၌ ၃၃-ဆူသော သွားတော်ဓာတ်တို့သည် ရွှေဖျဥ်း ၃၃ လုံးနှင့်တကွ ရွှေတိုက် ၃၃-တိုက် တို့မှ ကွယ်၍ ထိုထိုအရပ်၌ တည်လေကုန်၏။

ထိုထိုအရပ်၌ ဓာတ်တော်တည်ကြောင်း လူတို့လျှောက်သဖြင့်လည်းကောင်း၊ မထေရ်နှစ်ဦးတို့ ကြားသဖြင့်လည်းကောင်း မင်းကြီးသိလျှင် လူတို့ကို စေလွှတ်၍ စေတီ စေတီအိမ်ပြာသာဒ်လုပ်စေသည်။

## သွားတော်ဓာတ်တဆူ ရာမညတိုင်းဟံသာဝတီပဲခူးသို့ ရောက်တော်မူခြင်း

ရွှေဖျဥ်းနှင့်တကွသွားတော်ဓာတ်တဆူသည်ဟံသာဝတီမြို့၏အနောက် ယွန်းယွန်းတွင် ယခု မဟာဝါဒေစေတီတည်ရှိရာ အရပ်၌ကြွရောက်လာစံတော်မူလာ၏။ မင်းနှင့်တကွ မြို့သူမြို့သား လူအများတို့သည် သွားတော်ဓာတ် တဆူ ကြွလာသည်ကို သိသဖြင့် စေတီ စေတီအိမ်ပြာသာဒ်လုပ်ကာ တည်ထားကြလေသည်။

ထိုအခါမှစ၍ ရာမညတိုင်းကို အစိုးရသောမင်းတို့သည် လူများနှင့်တကွ အစဥ်မပြတ် ရှိခိုးပူဇော်ကြကုန်၏။ ကာလကြာသော် သဒ္ဓါတရားကြီးမားသော ရာမညတိုင်းမင်းတို့သည် ဤစေတီအိမ်သည် အမြဲတည်ရန် အကြောင်းမရှိဟု အောက်မေ့ကြကုန်၍ စေတီအိမ်ပြာသာဒ်ကိုပယ်၍ အစဥ်ဖြင့် ဆင့်ကာဆင့်ကာ သင်တိုင်းရံပြု၍ တည်ကြကုန်၏။

ဟံသာဝတီမြို့ အနောက်မျက်နှာ၌ တည်သော ဤစေတီကို ရှေးသူဟောင်းတို့ကား မဟာဝါဒေစေတီဟူ၍ ခေါ်ကြကုန်၏။ နောက်လူတို့ကား မှဘာဝါဒေစေတီဟု ခေါ်ကြကုန်၏။

၇၁၈-ခုနှစ်တွင် ဆင်ဖြူရှင်မင်း ၈-ဆက်တွင် အဋ္ဌမဆင်ဖြူရှင်ဖြစ်သော ဓမ္မစေတီလောကနာထ( ဗညားဦး )မင်းသည် ဟံသာဝတီမြို့ အနောက်မျက်နှာ ကလျာဏီသိမ်သမုတ်အံ့သောအရပ်၏ အနီးအပါး၌ ဘုရားရှစ် သွားတော်ခါတ်ဘဆူကျိန်းဝပ်တော်မူရာ ရှေးမင်းတို့ ငုံတည်ပြီးသော ဤမဓဂါဠစေတီတော်ကို စေတီသင်တိုင်းစွန်မီအောင် ပထမအကြိမ် ထပ်၍ တဖန်ငုံ၍တည်ပြန်သည်။

၇၄၆-ခုနှစ် ရောက်သောအခါ သုတသောမ(ဗညားနွဲ့ မင်းသည် ခမည်းတော်ဆင့်၍ တည်ခဲ့သော စေတီကို ငယ်သေး၏ ဟူ၍ စေတီသင်တိုင်းစွင်မီအောင် ထပ်၍ တဖန် ဒုတိယအကြိမ် တည်ပြန်လေသည်။

၈၂၀-ခုနှစ်မှစ၍ သုတသောမ(ဗညားနွဲ့)မင်းသမီးတော် တြိဘုဝနာဒိတျ(ရာဇာဓိရာဇ်)မင်း၏ မိဖုရား(ဘုရင်မကြီး ရှင်စောပု)သည် သွားတော် ရာမာဓိပတိတြိပရမမင်းနှင့် တိုင်ပင်၍ သီဟပမာဏ အမည်ရှိသော အမတ်စစ်ချီ၊ ဗြဟ္မဏအမည်ရှိသော အုတ်၊ ပန်းရန် လက်သမားဆရာနှင့် သွားတော်ဓမ္မစေတီကို စေလွှတ်၍ စေတီတော်ကိုထင်၍ ၅-နှစ်တိုင်တိုင် တတိယအကြိမ်ကို တည်စေရာ ၈၂၄ ခုနှစ်တွင် အပြီးအဆုံးသို့ ရောက်လေသည်။

၁၂၉၄-ခုတွင် မဟာကလျာဏီဆဋ္ဌမမြောက် ဆရာတော်လောင်းလျာ အရှင် ဉာဏဝံသ မဟာထေရ်ကြီးမှူး၍ ပဲခူးမြို့အနောက် ဝိထိုရွာမှ ရှမ်းအမျိုးသား၊ အမျိုးသမီး ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ရှေးမင်းအဆက်ဆက်တို့၏ ကောင်းမှုတော် မဓဂါဠစေတီ ပြိုပျက်နေသည်ကို တပည့်ဒါယကာ ဒါယိကာမ ပေါင်းစပ်ကာဖြင့် စတုတ္ထအကြိမ် အသစ်ထပ်မံတည်ထားတော်မူပြန်သည်။

## စေတီပြင်သင် ရှုဆင်ခြင်

ပြိုပျက်ချိုဖုံးနေသော ဤစေတီပြန်မတည်မီဒွာပနာကြည်ညိုရန် ဦးလှဘော် ဦးဆောင်၍ ကျောင်းသားကိုရင်မကျန် ဝိုင်းဘူးကြရာ ၁၀-တောင်ခန့်တွင် ကျောက်ဖျာကြီးတွေ့သည်နှင့် ဟာပိုင်နက် တူသူအားလုံး ၇-ရက်တိုင်တိုင် ဖျားကြကုန်၏။ ထိုသို့ ဖျားနေစဉ် ''ဆက်လက်တူးက

အားလုံးသေကြရမည်''ဟု အိပ်မက်ပေး၍ ပြန်ဖို့ပြီး ယာခု စေတီကို တည်ပါသည်ဟု တချိန်က တူးသူတည်သူဘွင် ပါဝင်သူ ဦးထွန်းသိန်း (ရှမ်းပိုင်း)က ဆိုသည်။

ရှမ်းအမျိုးသားများ ပြန်လည်တည်ထားရကား ပြန်လည်တည်ပြီး ချိန်မှစ၍ ကာလကြာအောင်ပင် ရှမ်းဘုရားတွင်ပြီး တန်ဆောင်မုန်းလ မီးထွန်းပွဲ၊ တပို့တွဲလ ဆွမ်းတော်ကြီးကပ်ပွဲ၊ ထမနဲပွဲ နှစ်စဉ်ဖြစ်ကာ တောရော မြို့ပါ ဝိုင်းအုံလာသဖြင့် အလွန်စည်းကားခဲ့သည်ဟု သိရ ပေသည်။ လွမ်းဆွတ်ဖွယ်ကောင်းပေစွ။

## မဇ္ဈဝါအကျိုး ဆက်ဖွံ့ဖြိုးလက်

မခ၀ါကျောက်စေတီတော်သည် ကလျာဏီသိမ် မသမုတ်မီ ရှေးနှစ် ပေါင်း ၆၀၂-နှစ် အထက်ကပင် စတင်တည်ထားခဲ့သော ဗုဒ္ဓရှင်ဟော ၏ သွားတော်ဓာတ် ဂါန်းဝပ်တော်မူလာသော စေတီတော်ဖြစ်သည် ရှေးမင်းမြတ်တို့၏ အမိဋ္ဌာန်ချက်၊ ဗုဒ္ဓဘုရားရှင်၏ တန်ခိုးတော်များ တည်ရှိရာဖြစ်၍ ဗုဒ္ဓသာသနာတည်တံ့ တိုးပွားထွန်းကားလျက် ကျက်သ ရေဖွံ့ဖြိုးဝေမောက်ပြီး လူသားတို့၏အဘွက် အကျိုးသက်ရောက်ရာဖြစ် ပါသည်။

**မှတ်ချက်။** ။မဇ္ဈဝါကျောက်စေတီသမိုင်းကို ကလျာဏီကျောက်စာ ချပ်ရေ(၁၁-လ)အရ အကျဉ်းဖော်ပြသည်။

## သမိုင်းကို ပြောနေသော ပန်းချီကားများ

သိမ်တော်ကြီးအတွင်း၌ သက္ကရာဇ် ၁၃၁၆-ခုနှစ်က ရေးဆွဲခဲ့သော ပန်းချီကားချပ်များရှိသည်။ ယင်း ပန်းချီကားချပ်များသည် ကလျာဏီ သိမ်တော်ကြီး သမိုင်းကို ပြောနေသည်။ယင်း သမိုင်း ကားချပ်များမှာ ၁၆-ချပ်ရှိရာ—

နံပါတ် (၁)ကားချပ်မှာ ဒဂုံကို တိုက်ခိုက်သိမ်းပိုက်ရန် ချီတက် လာသော အင်းဝဘုရင် သီဟသူအား ဒဂုံမြို့စား ဗညားရန်က နှမတော် ရှင်စောပုကို ဆက်သနေပုံဖြစ်သည်။

နံပါတ်(၂) ကားချပ်မှာ မိဖုရားကြီး ရှင်စောပုသည် ဓမ္မဓေ၊ ဓမ္မ ညာဏ ရဟန်းတော် ၂-ပါးနှင့် တိုင်ပင်၍ အင်းဝမြို့မှ ဒဂုံမြို့သို့ စုန်ဆင်း လာပုံ ဖြစ်သည်။

နံပါတ်(၃) ကားချပ်မှာ ရှင်စောပုကို ဟံသာဝတီ ပဲခူးမြို့၌ "သီရိတြိဘဝနာ ဒိတ္ယပဝရ ပဏ္ဍိတ မဟာဒေဝီ" ကေရီဘုရင်မကြီး အဖြစ် ဘိသိက်ခံပုံ ဖြစ်သည်။

နံပါတ်(၄) ကားချပ်မှာ ရှင်စောပု ကေရီဘုရင်မကြီး ကိုယ်တိုင် သမက်တော် ဓမ္မစေတီကို (ရာမာဓိပတိ) အမည်ဖြင့် ဘိသိက်သွန်း လောင်း၍ ထီးနန်း လွှဲအပ်ပေးပုံဖြစ်သည်။

နံပါတ်(၅) ကားချပ်မှာ ဓမ္မစေတီမင်းတရားကြီးသည် သိမ်များကို သံသယဖြစ်၍ မထေရ်မြတ်တို့အား သီဟိုဠ်ကျွန်း၌ ပဉ္စင်းခံ၍ ဟံသာဝတီ နေပြည်တော် (ပဲခူးမြို့) ပြန်ရောက်လျှင် သိမ်သမုတ်ရန် လျှောက်ထား ပုံဖြစ်သည်။

နံပါတ်(၆) ကားချပ်မှာ ဓမ္မစေတီမင်းကြီး၏ လျှောက်ထားချက် အရ အရှင်မောဂ္ဂလ္လာန်မထေရ်၊ အရှင်မဟာသီဝလိမထေရ် အမှူးရှိသော သံဃာတော် ၄၄-ပါးတို့ သီဟိုဠ်ကျွန်းသို့ကြွရန် သင်္ဘောသို့ ဆင်းတော် မူကြပုံ ဖြစ်သည်။

နံပါတ်(၇) ကားချပ်မှာ ရာမညတိုင်းသား မထေရ်မြတ်များ သီဟိုဠ်ကျွန်းသို့ ရောက်လေရာ သီဟိုဠ်ဘုရင် ဘုဝနေကဗာဟုမင်းက ဖူးမြော်ကန်တော့၍ စွယ်တော်မြတ်ကို ဖူးမြော်စေပုံ ဖြစ်သည်။

နံပါတ်(၈) ကားချပ်မှာ သီဟိုဠ်မထေရ် ၂၄–ပါးတို့ ရာမညတိုင်း သား မထေရ် ၄၄-ပါးတို့ကို သိက္ခာချ၍ သာမဏေဖြစ်ပြီးမှ တဖန် ပဉ္စင်းအသစ်ခံပေးနေပုံ ဖြစ်သည်။

နံပါတ်(၉) ကားချပ်မှာ သီဟိုဠ်ဘုရင် ဘုဝနေကဗာဟုမင်း က ပဉ္စင်းသစ်တို့အား ဘွဲ့တံဆိပ်တော်များ ကပ်လှူနေပုံနှင့် မြန်မာပြည်သို့ ပြန်ကြွရန် သင်္ဘောဆိပ်သို့ ဆင်းလာပုံ ဖြစ်သည်။

နံပါတ်(၁၀) ကားချပ်မှာ ဓမ္မစေတီမင်းကြီးသည် သီဟိုဠ်ကျွန်းမှ ပြန်ကြွလာသော မထေရ်မြတ် ၂၂ ပါးတို့ကို ကြိုဆိုပုံနှင့် ဒဂုံ ဆံတော်ရှင်ဘုရားကို ခေါင်းလောင်းကြီးလှူပုံ ဖြစ်သည်။

နံပါတ်(၁၁) ကားချပ်မှာ သီဟိုဠ်ပြန် မထေရ်မြတ်တို့အား ဟံသာဝတီမြစ်ဆိပ်မှ ဓမ္မစေတီမင်းကြီး၏ နန်းတော်သို့ ပင့်ဆောင်လာပုံ ဖြစ်သည်။

နံပါတ်(၁၂) ကားချပ်မှာ သီဟိုဠ်ပြန် ရဟန်းတော်များ နန်းတော်ရောက်၍ သီဟိုဠ်ဘုရင်က လောကုတ္တရာ လက်ဆောင်အဖြစ် ပေးလိုက်သော စွယ်တော်ပွားများကို ဓမ္မစေတီမင်းကြီးအား အပ်နှင်းပုံဖြစ်သည်။

နံပါတ်(၁၃) ကားချပ်မှာ ဓမ္မစေတီမင်းကြီး နရသူ အမည်ရှိသော အမတ်ကြီး၏ ဥယျာဉ်မြေကို သိမ်သမုတ်ရန် နေရာ ရွေးချယ်ညွှန်ပြတော်မူပုံ ဖြစ်သည်။

နံပါတ်(၁၄) ကားချပ်မှာ သက္ကရာဇ် ၈၃၈-ခုနှစ် နတ်တော်လဆန်း ၈-ရက် တနင်္ဂနွေနေ့တွင် သိမ်သမုတ်ပြီး၍ အောင်စည် အောင်မောင်းတီး၍ အောင်မြင်ကြောင်း ကြွေးကြော်နေပုံ ဖြစ်သည်။

နံပါတ်(၁၅) ကားချပ်မှာ ကလျာဏီသိမ်တော်ကြီး အောင်မြင်၍ ဓမ္မစေတီမင်းတရားနှင့် အမတ်ကြီးများ၊ မထေရ်များ ကျောက်တိုင်စိုက်နေပုံ ဖြစ်သည်။

နံပါတ်(၁၆) ကားချပ်မှာ ဓမ္မစေတီမင်းကြီး ကလျာဏီသိမ်တော်ကြီး သမုတ်အပြီးတွင် ရဟန်းခံကြသော သံဃာတော်များကို ကြည်ညိုနေပုံ ဖြစ်သည်။

## တိုက်တွန်းချက်


ကလျာဏီသိမ်တော်ကြီးသို့ ရောက်ရှိလေ့လာသော ပုဂ္ဂိုလ်သည် သိမ်တော်ကြီးအတွင်း အရှေ့ထိပ် ပလ္လင်များ၌ စံပယ်တော်မူလျက်ရှိသော ဆင်းတုတော်မြတ်ကြီး ၃-ဆူကို ဂုဏ်ရှိခိုး ဖူးမြော်ပြီး ဖော်ပြပါ ကလျာဏီ

သိမ်သမိုင်းကို ပြောနေသည့် ပန်းချီကားကြီးများကို လေ့လာကြည့်ရှုရာ၏။

## ကလျာဏီသာသနာဝင် သတ္တရသမပိုင်း အပြီးသတ်ခြင်း

သူတော်စင်တို့ ကြည်ညိုဖို့၊ သံဝေဂရဖို့ ရေးသား စီရင်အပ်သော ကလျာဏီ သာသနာဝင်ကျမ်းတွင် ကလျာဏီ ကျောင်းတိုက်ကြီး ထို ကလျာဏီကျောင်းတိုက်ကြီး အတွင်း၌ ကိန်းဝပ် စံပယ်တော်မူသော ရှေးမင်း အဆက်ဆက်တို့၏ ကောင်းမှုတော် ကလျာဏီစေတီ သမိုင်း ကျဉ်း မဓဝါစေတီ သမိုင်းကျဉ်းနှင့် ကလျာဏီသိမ်ကြီးအတွင်း မြင်ကွင်းကိုပြဆိုရာ သတ္တရသမပိုင်းကို ဤတွင် လက်စသတ်လိုက်ပါပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတေ။
ကလျာဏီသာသနဝံသေ၊ သမတ္တော သတ္တရသမော ဟိ ဝေ။



မဟာကလျာဏီကျောင်းတိုက်အတွင်းရှိ မဟာကလျာဏီဆရာတော်များ
အဆက်ဆက် သီတင်းသုံးရာ ကျောင်းတော်ကြီး

# ကလျာဏီသာသနာဝင်

## အဋ္ဌာရသမပိုင်း

### ကလျာဏီကျောင်းတိုက်ကြီး၏ ပဌမဦးဆုံး ဆရာတော်
### အရှင် သုဝဏ္ဏသောဘန မဟာထေရ်

ကလျာဏီကျောင်းတိုက်ကြီး၏ ပဌမဦးဆုံး ဆရာတော်မှာ အရှင် သုဝဏ္ဏသောဘန မဟာထေရ် ဖြစ်တော်မူသည်။

အရှင် သုဝဏ္ဏသောဘန မဟာထေရ်သည် သက္ကရာဇ် ၈၁၂-ခုနှစ်တွင် သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူ၍ သီဟိုဠ် သာသနာပိုင် ဝနရတန ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ သီဟိုဠ်၌ ထင်ရှားသော မဟာဝိဟာရ နွယ်ဝင် အရှင်မြတ်တို့၏ ကမ္မဝါစာဆရာအဖြစ်၊ ကာရကသံဃာအဖြစ် ချီးမြှောက်တော်မူသဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

### ပညာသင်ကြားခဲ့ခြင်း၊ ဘုရားပုထိုးများ ဖူးမြော်ခြင်း

ရဟန်းမခံမီ၊ ရဟန်းခံပြီးနောက်တွင် သီဟိုဠ်၌ ထင်ရှားသည့် ကျမ်းဂန်တတ်သိ ပညာရှိရဟန်းတော်များထံ ကျမ်းဂန်အချို့ကို သင်ယူတော်မူခဲ့လေသည်။ သီဟိုဠ်ဘာသာကို လေ့လာ သင်ယူတော်မူခဲ့ လေသည်။ ၎င်းပြင် သီဟိုဠ်ကျွန်း အနုရာဓပုရ၊ ပုလတ္ထိပုရ စသည့်မြို့များ၌ တည်ရှိသော စေတီပုထိုးများနှင့် မြတ်စွယ်တော်၊ စေတီပါဒစသည့် ပူဇနီယ ပုညတိတ္ထများကို ဖူးမြော်ကြည်ညို ပူဇော်တော်မူခဲ့လေသည်။

## မြန်မာပြည်သို့ ပြန်ကြွတော်မူခြင်း

အရှင်သုဝဏ္ဏသောဘနသည် သီဟိုဠ်ကျွန်း၌ ကျမ်းဂန်များ လေ့လာသင်ယူခြင်း၊ ဘုရားပုထိုးများ ဖူးမြော်ခြင်းကိစ္စ ပြီးသောအခါ မြန်မာပြည်သို့ ပြန်ကြွတော်မူ၍ မြန်မာပြည်အောက်ပိုင်း ရာမညတိုင်း၌ သီတင်းသုံး သာသနာပြုတော်မူသည်။


## များစွာသော ရဟန်းတို့၏ ဥပဇ္ဈာယ်ဆရာ

အရှင်သုဝဏ္ဏသောဘန မဟာထေရ်သည် ဓမ္မစေတီမင်း၏ ကျောက်ထက်အရ အရှင်ကိတ္တိကို အစပြု၍ များစွာသော ရဟန်းလောင်းသာမဏေတို့ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးတော်မူသည်။ ကလျာဏီသိမ်သမုတ်ပြီးစ နတ်တော်လဆန်း ၉-ရက်နေ့မှစ၍ ၁၃-ရက်နေ့အထိ ၅-ရက်အတွင်း အရှင်သုဝဏ္ဏသောဘနမထေရ် ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးသည့် ရဟန်းတော်များသည်ပင်လျှင် ၂၄၅-ပါး အရေအတွက်ရှိသော ဟူ၏။

## ကလျာဏီကျောင်းတိုက်၏ အဓိပတိတာဝန်

ဓမ္မစေတီမင်းတရားသည် အရှင်သုဝဏ္ဏသောဘန မထေရ်အား "ဆရာတော် အရှင်သူမြတ်ဘုရား.... ဆရာတော် အရှင်သူမြတ်သည် ဤကလျာဏီသိမ်ကြီးတည်ရှိရာ ကလျာဏီ ကျောင်းတိုက်ကြီးကိုလည်း အလှူခံ အုပ်ချုပ်တော်မူပါ၊ ရဟန်းခံရန် ကြွရောက်လာသော ရဟန်းလောင်းများကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးတော်မူပါ"ဟု လျှောက်၍ ကလျာဏီကျောင်းတိုက်ကြီးကို အုပ်ချုပ်စောင့်ရှောက်ရန် လွှဲအပ်တော်မူသည်။

ကလျာဏီအာရုမမ္ဟိ၊ နိယျာတယိ သုဇာတိမာ။
သုဝဏ္ဏသောဘနတ္ထေရဿ၊ သုဝဏ္ဏဝဏ္ဏဿ ဓီမတော။



ဂွံ့းဒှ်ဂွံယှ်ငန်ဒေဿ ဂၚ်ယာဒ္ဓဝါဒဝေဒၚ်ဂၠဇိ ဂြိုးဇိုဂ

## ကလျာဏီတိကျာ ဘွဲ့တံဆိပ်တော်နှင့် သာသနာပိုင်အရာ အပ်နှင်းခြင်းခံရ

အရှင်သုဝဏ္ဏသောဘနမထေရ်သည် ဓမ္မစေတီမင်းကြီး၏ "ကလျာဏီတိကျာ" ဘွဲ့တံဆိပ်တော်နှင့်တကွ ရာမည တတိုင်းလုံး၏ သံဃာရာဇာ သာသနာပိုင်အဖြစ် အပ်နှင်းခြင်းကိုလည်း ခံယူတော်မူရလေသည်။ အရှင် သုဝဏ္ဏသောဘနမထေရ်အား ဘုန်းကံ ကြီးမားသည့် ပုဂ္ဂိုလ်ထူး ဖြစ်တော်မူသည်။

## စုတိကမ္မဇရုပ် ချုပ်တော်မူခြင်း

အရှင်သုဝဏ္ဏသောဘနမဟာထေရ်သည် ယထာဗလ၊ ယထာသတ္တိ ဘုရားမုနိ၏ သာသနာကျိုးကို သည်ပိုး ဆောင်ရွက်တော်မူဆဲ ဖြစ်စဉ် တချိန်တွင် စုတိကမ္မဇရုပ် ချုပ်တော်မူခဲ့လေသည်။

## သံဝေဂ ယူရန်

အနိစ္စာ ဝတ သင်္ခါရာ၊ အဓုဝါ အနဿာသိကာ။
ယာဝဥ္စိဒံ သင်္ခါရေသု၊ အလမေဝ ဝိရဇ္ဇိတုံ။

သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ အနိစ္စာဝတ၊ ဖြစ်လျှင်ပျက်ရ အနိစ္စသဘော ရှိကုန်စွတကား။ အဓုဝါ၊ ခိုင်ခံ့ခြင်းသဘော မရှိကုန်စွ တကား။ အနဿာသိကာ၊ သာယာဖွယ် တစိုးတစိမျှ မရှိကုန်စွတကား။ ယာဝ၊ အလွန်အကဲသာလျှင်။ ဣဒံ ဣမေသု သင်္ခါရေသု၊ မမြဲ မခိုင်မာ သက်သာရာမရှိသော ဤသင်္ခါရတို့၌။ ဝိရဇ္ဇိတုံ၊ တပ်ခြင်းကင်းအောင် လွန်စွာကြိုးကုတ် အားထုတ်ခြင်းငှာ။ အလံ၊ သင့်လျော်လှလေပြီတကား။

## ရာမညတိုင်း ဟံသာဝတီသာသနာပြု မေဓာနန္ဒဇ မဟာဓမ္မရာဇဂုရုဘွဲ့တံဆိပ်တော်ရ ကလျာဏီသိမ် ရဟန်းခံ ရဟန်းတော်များ၏ ဥပဇ္ဈာယ်ဆရာတော်

## မဟာကလျာဏီကျောင်းတိုက်ကြီး၏ ဒုတိယဆရာတော် အရှင်မေဓာနန္ဒဇမဟာထေရ်

အရှင်မေဓာနန္ဒဇမဟာထေရ်[၁] သည် သက္ကရာဇ် ၁၁၇၀-ပတ်ဝန်း ကျင်တွင် ထင်ရှားသည့် ဟံသာဝတီ သာသနာပြုဆရာတော်ဖြစ်သည် ပဲခူးမြို့၌ သီတင်းသုံး၍ သာသနာ ပြုတော်မူသည်။ ပဲခူးမြို့နယ် ဇာတိသား ဖြစ်ကောင်း ဖြစ်ပါမည်။

### ရှင် ရဟန်းပြုခြင်း

အရွယ်ရောက်သော် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်း ဆောင်တော်မူခဲ့သည်၊ သက်တော် ၂၀-တွင် ရဟန်းပြု၍ ပရိယတ်ကို ကြိုးကုတ် ပဋိပတ်အားထုတ်၍ ဘုန်းရှင်၏ ရွှေစိတ်တော်ကို နှစ်သက် စေတော်မူခဲ့သည်။

### စာပေကျမ်းဂန် တတ်မြောက်ခြင်း

ဆရာတော် အရှင်မေဓာနန္ဒဇသည် ပါဠိစာပေ တတ်မြောက် ကျမ်းကျင်သည့် မထေရ်မြတ်ဖြစ်တော်မူသည်။ သို့ဖြစ်၍ ပါဠိစာပေအရေး အသားလည်း ကောင်းမွန်ကြောင်း ပါဠိစာပေကျမ်းကျင် တတ်မြောက်

---

၁။ သာသနာဝင် ဘွဲ့တံဆိပ်တော်များ သမိုင်းတွင် ''ရာမညတို ဟံသာဝတီမြို့၌ သာသနာ ပြုတော်မူသော အရှင်နန္ဒမေဓာ'' န မေဓာဓဇမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ကို ဘကြီးတော်မင်းတ ပေးလှူသည်ဟု လာရှိသည်။ (သာသနာဝင် ဘွဲ့တံဆိပ်တော်မျ သမိုင်း။၄၃။)

ကြောင်း သီဟိုဠ်ကျွန်းသို့ ပေးပို့သည့် သန္ဒေသကထာများဖြင့် သိသာသည်။

## မေဓာနန္ဒဓဇမဟာရာဇဂုရု

သက္ကရာဇ် ၁၁၈၁-ခုနှစ်တွင် ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော် မင်းတရားလက်ထက် ကျမ်းဂန်တတ် ဆရာတော် ၁၀၄-ပါးတို့အား ဓမ္မသေနာပတိ ရာဇာဓိရာဇဂုရု ရာဇဂုရု ဘွဲ့တံဆိပ်တော်များဆက်ကပ်ရာတွင် ဖော်ပြပါ အရှင်မေဓာနန္ဒသည် "မေဓာနန္ဒဓဇ မဟာရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။[၁]

## သာသနာပိုင်အဆက်ဆက် အသိအမှတ်ပြု

ဆရာတော် အရှင်မေဓာနန္ဒဓဇသည် ရာမညတိုင်း ဟံသာဝတီ သာသနာပြု ရာမည သံဃနာယက ဖြစ်လေရာ ဘိုးတော်မင်းတရား လက်ထက်တွင် "ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" စသည့်ဘွဲ့တံဆိပ်တော် ၃-ထပ်ရ မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ဉာဏာဘိဝံသနှင့် ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော်မင်းတရားလက်ထက်တွင် အလွန်လျှင် ထင်ရှားသည့် "မုနိန္ဒာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇဂုရုနှင့် မုနိန္ဒာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ စလင်းသာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်ပညာသီဟတို့ အသိအမှတ်ပြုခြင်းခံရသည့် သာသနာပြု မထေရ်မြတ် ဖြစ်တော်မူသည်။

## ကသျှောင်းသိမ်ကို စောင့်ရှောက်ရခြင်း

ဆရာတော် အရှင်မေဓာနန္ဒဓဇသည် ဟံသာဝတီ နေပြည်တော် (ပဲခူး မြို့)ရှိ ဓမ္မစေတီမင်းကြီး၏ ကောင်းမှုတော် ကသျှောင်းသိမ်တော်

---

၁။ သာသနာဝင် ဘွဲ့တံဆိပ်တော်များသမိုင်း။ ၄၀။

ကြီးကို စောင့်ရှောက်ရသည့်ပြင် ကလျာဏီ ကျောင်းတိုက်ကိုလည်း စောင့်ရှောက်ကွပ်ကဲရသည့် လက္ခဏာရှိပါသည်။

## ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးရခြင်း

ထိုခေတ် ရာမညတိုင်း ကလျာဏီသိမ်သို့ ကြွရောက်၍ ရဟန်းခံလိုကြသော သီဟိုဠ် ယိုးယား မြန်မာစသည့် ရဟန်းလောင်း တို့အား ယေဘုယျအားဖြင့် ဥပဇ္ဈာယ်ပြု၍ ရဟန်းခံ ပေးတော်မူရလေသည်။ စင်စစ်တမူကား "ဥပဇ္ဈာယဋ္ဌာနန္တရပ္ပတ္တ" မဟာထေရ်မြတ် ဖြစ်တော်မူသည်။

## သီဟိုဠ်ကျွန်း ကလျာဏီဝံသ မဟာနာယကဆရာတော်ထံ လျှုဖွယ်နှင့် ဒါယကာနှစ်ဦးစေလွှတ်ခြင်း

အရှင်မေဓာနန္ဒာဇသည် သက်တော်ရှည် ဆရာတော်တပါးဖြစ်သည်။ သက်တော် ကြီးရင့်ရာအခါတွင် ရာသီဥတု သာလွန် ကောင်းမွန်ရာ မော်လမြိုင်၌ ရွှေပြောင်းသီတင်းသုံးသည်ဟု သိရ၏။ ထိုစဉ်က သာသနာ သက္ကရာဇ် ၂၃၈၇-ခုနှစ် ဖြစ်လေသည်။ ယင်းသည့် သာသနာ သက္ကရာဇ် ၂၃၈၇-ခုနှစ်တွင် သီဟိုဠ်ကျွန်း ကလျာဏီဝံသနိကာယမဟာနာယက ဖြစ်တော်မူသော မိမိဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးလိုက်သော အရှင်မေ့-သာရထံ ရာမညမဏ္ဍလိဿရရာဇ (ရာမညတိုင်း နယ်ပိုင်မင်း)၏ သားတော်နှင့် "ပြမာ"အမည်ရှိ ကပ္ပိယဒါယကာတယောက်ကို လျှုဖွယ်ဝတ္ထုများနှင့်အတူ သဝဏ်လွှာဖြင့် စေလွှတ်တော်မူသည်။

## အရှင်မေ့သာရ၏ သဝဏ်လွှာသန္ဒေသ

ဖော်ပြပါ မင်းသားနှင့် "ပြမာ" အမည်ရှိသော ဒါယကာအပြန်တွင် ကလျာဏီဝံသနာယက ကောဂ္ဂလ အရှင်မေ့သာရသည် လျှုဖွယ်

၁။ ဤကလျာဏီသာသနာဝင်ကျမ်း၊ ဒွါဒသမပိုင်းကြည့်။

ဝတ္ထုများနှင့်တကွ အောက်ပါ ပါဠိဂါထာများ ပါရှိသည့် သဝဏ်လွှာ သန္ဒေသကို ကျေးဇူးရှင်ဥပဇ္ဈာယ်ဆရာတော် အရှင်မေဓာနန္ဒဇေယျံ ဆက်ကပ်လိုက်လေသည်။

## အရှင်မေဓာနန္ဒဇေယျံ သီဟိုဠ်ကျွန်း အရှင်ဓမ္မသာရ ပေးပို့သည့် သန္ဒေသပါဠိ

၁။ သတ္ထာ အတ္တာယ သမ္ဗောဓိံ၊ ပစ္စေကာ သမ္ဗောဓိမုတ္တမံ။
တေန သစ္စဝဇ္ဇေန၊ ဟောတု တေ ဇယမင်္ဂလံ။

၂။ သတ္ထာ သဗ္ဗဟိတတ္ထာယ၊ ဒေသေသိ ဓမ္မမုတ္တမံ။
တေန သစ္စေန ဟန္တွာဃံ၊ ဟောတု တေ သကလံ သိဝံ။

၃။ သံဃော အဋ္ဌဝသံယုတ္တော၊ စတုမဂ္ဂဖလေ ဌိတော။
တေန သစ္စေန တေ ဝီရ၊ ဟတာ ဟောန္တု ဥပဒ္ဒဝါ။

၄။ ဣမသ္မိံ သမယေ တဿ၊ မောရမာဒေသဝါသိနော။
ဥပဇ္ဈာယဿ မေ ပါဒ-ပင်္ကဇံ ပဏာမာမဟံ။

၅။ မောရမာယံ[၁] ဝသန္တံ တံ၊ မမောပဇ္ဈာယတံ ဂတံ။
မေဓာဒိနာယကတ္ထေရံ၊ ဝန္ဒန္တော ကထယာမဟံ။

၆။ မဏ္ဍလီရာဇပုတ္တော စ၊ ဗြမ္မာ နာမ ဥပါသကော။
အာဂတော ဇွေ့ ဇနော လင်္ကံ၊ ဣဒံ သာသနမင်္ဂလံ၊

၇။ ဣဒါနိ ခေါ မောရမာယံ။ မေဓာဒိသံဃနာယကော။
ဝသတီတိ တံ သုတွာန၊ တုဋ္ဌပတ္တော အဟောသဟံ။

၈။ သမ္ဗုဒ္ဓသာသနာကာသ-သသင်္ကသန္နိဘော သခကော။
မမောပဇ္ဈာယဘူတော သော၊ ယာဝိသေဌော ဝိသုဇတု၊

---

၁။ မော်လမြိုင်ကို မောရမာယံဟု အနှင်ခဲ့သာရှ ပါဠိစီသည်။

၉။ ယာဝ သိန္ဓု သိနေရုဒ္ဒိ၊ ဝိရာဇတိ သိရိဓရော။
တာဝ ဝိရာဇတု ဓိဓရော၊ မမောပဏ္ဏာယပုင်္ဂဝေါ။

၁၀။ ဒဿနကာမေဟိ ဘဒ္ဒေ၊ ဒဿနံ ဒုက္ကရံ သိယာ။
ဇမ္ဗုလ္လပဋ္ဋကံ တဿာ၊ ဒွေ ကဋ္ဌေ စ အပေသယိ။

၁၁။ ပတိဂ္ဂဏှတ္တိမံ ဘဒ္ဒေ၊ အပ္ပပုဇ္ဇံ မမာဒရံ။
အထာပရံ ပဝက္ခာမိ၊ ဟာနိံ လံကာယ သာသနေ။

၁၂။ သမန္တကူဋ္ဋာစလမောဒိပါဒပ –
ဂူကလျာဏီထူပါဒီဟိ ဒန္တဓာတုယာ။

အလံကတော ဒီပဝရော တထာပိ။
အနာထဝဏ္ဏော မုနိသူနဝေါ တဟိံ။

၁၃။ လံကာယံ ဒါနိ ရာဇာနော၊ မိစ္ဆာဒိဋ္ဌိ အဓမ္မိကာ။
သေနာပတျာဒယော သဗ္ဗေ၊ တထေဝါဓမ္မိကာ သိယုံ။

၁၄။ တသ္မာ တေပိဋကာ ဓမ္မာ၊ ဋီကာအဋ္ဌကထာဒယော။
အမှာကံ ပရိဟာနာ'သုံ၊ သာသနဋ္ဌိတိဟေတုကာ။

၁၅။ တသ္မာ နိဗ္ဗာနတ္ထိကေန၊ သာသနောဒယကာမိနာ။
လံကာဝါသိနမတ္ထာယ၊ မမာနုဂ္ဂဟဗုဒ္ဓိယာ။

၁၆။ နိကာယဒွယကထာ စေဝ၊ ဋီကာဒိပေါတ္ထကေ ဝရေ။
ပေသေတုံ အာဘိယာစာမ၊ သာသနဋ္ဌိတိယာ ဣဓ။

၁၇။ တဝေါပဏ္ဏာယကာဒတ္တန၊ ဇာသော ရာမညနာမကော။
နိကာယေ သန္တိ လံကာယံ၊ သတမတ္တာ ဟိ ဘိက္ခဝေါ။

၁၈။ ဥပါလိဝှနိကာယမှိ၊ [၁] ဒွိသဟဿာဓိကာပိ စ။
သဘတ္တယမိတာ ဘိက္ခူ၊ မရမ္မာချာသမာဂမေ။

---

၁။ သျှမ်းဂိုဏ်း၊ သို့မဟုတ် သျှာမောပါလိဂိုဏ်းဟူ၏။ စုဒ္ဒသမပိုင်းကြည့်။

၁၉။ သာသနံ သာဒရံ ဘဒန္တ၊ ကောနေဒံ ပေသိဘန္တိ စေ။
ယဒါ ဗောဂဟာတီသောန၊ သဒ္ဓိံ ထေရဝရေန တု။

၂၀။ ရာမညဒေသေ ကလျာဏီ-သီမာယံ ဥပသမ္ပဒံ။
ပတ္တေန္တာ ပါဒမူလံ တေ၊ ယေ ဘိက္ခူ အာဂတာ ပုရာ။

၂၁။ တေ ပတွာ နဂရေ ဟံသာ-ဝတီယံ သုပ္ပတိဋ္ဌိတံ။
မဟာသီမံ တတ္ထ ဘိက္ခု-သံဃမဇ္ဈေ နိသီဒိယ။

၂၂။ တမုဋ္ဌာယကံ ကတွာ၊ ဥမ္မေဝုံ ပဏ္ဍိတဿ စ။
နိယောဂေ သတိ နိဿင်္ကံ၊ လဘိံသု ဥပသမ္ပဒံ။

၂၃။ ဓမ္မသာရောတိ ယော အာသိ၊ တေသု သောဟံ ဣဒါနိ တု။
ဒေါဠုန္နုနာမ ဂါမသ္မိံ၊ သေလဗိမ္ဗာလယေ ဝသေ။

၂၄။ တေန တေ သိဿဘူတေန၊ နာယကတ္တံ ဂတေနိဒံ။
သုဗ္ဗစော ဂုဏဝါ ဧသော၊ ဗုဒ္ဓဒါသော ဥပါသကော။

၂၅။ မမန္တေဝါသိကော တဿ၊ ဟတ္ထေ ဒတွာန ပေသိတံ။
ဣမဿ ဟတ္ထေ ပေသေတု၊ ဣမ နိဒ္ဒိဋ္ဌပေါတ္ထကေ။

၂၆။ ကတာ မာဂဓဘာသာယ၊ ဂါထာယော ပဉ္စဝီသတိ။
တတ္ထ ယော ဒိဋ္ဌတေ ဒေါသော၊ ယာစာမိ ခမိတုံ ဣဒံ။

၂၇၊ ဒွိသဟဿာမိတေ ဗုဒ္ဓ-ဝဿမှိ တိသတုတ္တရေ။
သတ္တာသီတိဘမေ ပေါဋ္ဌ-ပါဒမာသမှိ ပေသိတံ။

## ဖော်ပြပါ သန္ဒေသမြန်မာနိဿယ

၁။ သတ္ထာ၊ မြတ်စွာဘုရားသည်။ သဗ္ဗေသံ၊ အလုံးစုံသော သတ္တဝါ ဝေနေယျတို့၏။ အတ္ထာယ၊ အကျိုးစီးပွားအလို့ငှာ။ ဥတ္တမံ၊ မြတ်သော။ သမ္မာဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်သို့။ ပတ္တော၊ ရောက်တော်မူပြီ။ တေန သစ္စဝဇ္ဇေန၊ ဤမှန်ကန်သော စကားကို

ဆိုခြင်းကြောင့်။ တေ၊ အရှင်ဘုရားအား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၂။ သတ္ထာ၊ မြတ်စွာဘုရားသည်။ သဗ္ဗဟိတတ္ထာယ၊ အလုံးစုံသော သတ္တဝါတို့၏ အစီးအပွားကို ပြုခြြင်းအကျိုးငှာ။ ဥတ္တမံ၊ မြတ်သော။ ဓမ္မံ၊ သစ္စာလေးပါး တရားတော်ကို။ ဒေသေသိ၊ ဟောတော်မူပြီ။ တေန သစ္စေန၊ ထိုသို့ ထုတ်ဆိုမြွက်ကြား အမှန်စကားကြောင့်။ အသံ၊ အန္တရာယ်အပေါင်း မကောင်းဟူသမျှကို။ ဟန္တွာ၊ ပယ်ဖျောက်၍။ တေ၊ အရှင်မြတ်ဘုရားအား။ သကလံ၊ အလုံးစုံသော။ သိဝံ၊ ချမ်းမြေအေးကြည် မင်္ဂလာအပေါင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၃။ သံယော၊ အရိယာရှစ်ဖော် သံဃာတော်သည်။ အဇ္ဇဝသံယုတ္တော၊ အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးရပ် လွန်ဖြောင့်မတ်သော ပဋိပတ်ဂုဏ်နှင့် ယှဉ်တော်မူ၏။ စတုမဂ္ဂဖလေ၊ လေးပါးသောမဂ် လေးပါးသော ဖိုလ်၌။ ဌိတော၊ တည်တော်မူ၏။ ဓီရ၊ အို...ပညာရှိ ဥပဇ္ဈာယ် ဆရာတော်ဘုရား။ တေ၊ အရှင်ဘုရားသည်။ တေန သစ္စေန၊ ထိုသစ္စာစကားကြောင့်။ ဥပဒ္ဒဝါ၊ ဥပဒဝေါ ဘေးရန်တို့ကို။ ဟတာ၊ ပယ်သတ်အပ်ကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

၄။ အဟံ၊ တပည့်တော်သည်။ ဣမသ္မိံ သမယေ၊ ဤအခါ၌။ မောရမာဒေသဝါသိနော၊ မော်လမြိုင်မြို့၌ နေသော (မော်လမြိုင်အရပ်၌နေသော)။ မေ၊ တပည့်တော်၏။ ဥပဇ္ဈာယဿ၊ ဥပဇ္ဈာယ်ဆရာတော် အရှင်မေဓာနန္ဒဓဇ၏။ ပါဒပင်္ကဇံ၊ ခြေတော်တည်းဟူသော ကြာကို။ ဝါ၊ ကြာနှယ်သဖွယ် ခြေတော်နှစ်သွယ်ကို။ ပဏာမာမိ၊ ရှိခိုးဦးညွှတ်ပါ၏။

၅။ အဟံ၊ အကျွန်ုပ်သည်။ မောရမာယံ၊ မော်လမြိုင်မြို့၌။ ဝသန္တံ၊ နေသော။ မမ၊ အကျွန်ုပ်၏။ ဥပဇ္ဈာယတံ၊ ဥပဇ္ဈာယ်ဆရာတော်အဖြစ်သို့။ ဂတံ၊ ရောက်တော်မူသော။ တံ မေဓာဒိနာယကတ္ထေရံ၊ ထိုမေဓာနန္ဒဓဇနာယကထေရ်ကို။ ဝန္ဒန္တော၊ ရှိခိုးလျက်။ ကုဏယာမိ၊ လျှောက်ဆိုပါအံ့။

၆။ လက်ံ၊ သီဟိုဠ်ကျွန်းသို့။ အာဂတာ၊ လာကြကုန်သော။ မဏ္ဍလီရာဇပုတ္တော စ၊ ရာမညဒေသမင်း၏ သားလည်းကောင်း။ ဖြဲမာနာမ၊ ဖြဲမာအမည်ရှိသော။ဥပါသကော စ၊ ဥပါသကာလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ယောက်ကုန်သော။ ဇနာ၊ လူတို့သည်။ ဣဒံ သာသနံ၊ ဤသတင်းစကားကို။ အပြဝုံ၊ လျှောက်ဆိုကြကုန်ပြီ။ ကိံ၊ အဘယ်သို့ အပြဝုံ၊ လျှောက်ဆိုကြကုန်သနည်း။

၇။ ဣဒါနိ ခေါ၊ ဤအခါ၌မှာမူကား။ မေဓာဝီသံဃနာယကော၊ မေဓနန္ဒဇသံဃနာယက မထေရ်သည်။ မောရမာယံ၊ မောင်လမြိုင်မြို့၌။ ဝသတိ၊ နေတော်မူ၏။ ဣတိ၊ ဤသို့။ ဣဒံ သာသနံ၊ ဤသတင်းစကားကို။ အပြဝုံ၊ လျှောက်ဆိုကြကုန်ပြီ။ အဟံ၊ တပည့်တော်သည်။ တံ သာသနံ၊ထိုသတင်းစကားကို။ သုတွာန၊ ကြားသိရ၍။ တုဋ္ဌပတ္တော၊ နှစ်သက်ဝမ်းမြောက်ခြင်းသို့ ရောက်သည်။ အဟောသိံ၊ ဖြစ်ပါပြီ။

၈။ သမ္ဗုဒ္ဓသာသနာကာသသသင်္ဂသ်သန္တိဘော၊ မြတ်စွာ ဘုရား၏ သာသနာတော်တည်းဟူသော ကောင်းကင်၌ လပြည့်ဝန်းတမူ အလား တူတော်မူသော။ မမ၊အကျွန်ုပ်၏။ သကော ဥပဇ္ဈာယဘူတော၊ မိမိ၏ ဥပဇ္ဈာယ်ဆရာတော်ဖြစ်၍ ဖြစ်တော်မူသော။ သော ယတိသေဋ္ဌော၊ ထိုမေဓာနန္ဒဇ ရဟန်းတော်မထေရ်မြတ်သည်။ ဝိရာဇတု၊ ထွန်းလင်း တင့်တယ်တော် မူပါစေသတည်း။

၉။ ယာဝ၊အကြင်မျှလောက်။သိရီဓရော၊ လောက၏ကျက်သရေကို ဆောင်သော။ သိန္ဓုသိနေရုဒ္ဒီ၊ သမုဒ္ဒရာ မြင်းမိုရ်တောင်သည်။ ဝိရာဇတိ၊ တင့်တယ်၏။ တာဝ၊ ထိုမျှလောက် ဓီရော၊ ဆောင်တတ်မှတ်တတ်သော ပညာရှိသော။ မမ၊ အကျွန်ုပ်၏။ ဥပဇ္ဈာယပုင်္ဂဝေါ၊ ဥပဇ္ဈာယ်ဆရာ တော်မြတ်သည်။ ဝိရာဇတု၊ တင့်တယ်ပါစေသတည်း။

၁၀။ ဘန္တေ၊အရှင်မြတ်ဘုရား။အဟံ၊ တပည့်တော်သည်။တံ၊ အရှင် ဘုရားကို။ ဒဿနကာမော၊ မျက်တွေ့ထင်ထင် ဖူးမြင်လိုပါ၏။ ပန၊ ထိုသို့ပင် ဖူးမြင်လိုပါသော်လည်း။ (တံ နှင့် ပန-ထည့်) ဒဿနံ၊ ဖူးမြင် ခြင်းငှါ။ (စတုတ္ထီ ဿ-ဝိဘတ်ကို အံ-ပြု) ဒုက္ကရံ၊ ခဲယဉ်းသည်။ သိယာ၊ ဖြစ်ရာ၏။ တသ္မာ၊ ထိုကြောင့်။ အဟံ၊ တပည့်တော်သည်။ တမ္ဗူလ-

ပေဠကံ စ၊ ကွမ်းအစ်ကိုလည်းကောင်း။ ဒွေ၊ နှစ်ချပ်ကုန်သော။ ကဋ္ဋ စ၊ ဖျာတို့ကိုလည်းကောင်း။ အပေသယိံ၊ ပို့လှူလိုက်ပါပြီ။

၁၁။ ဘန္တေ၊ အရှင်မြတ်ဘုရား။ တုမှေ၊ အရှင်ဘုရားတို့သည်။ မမ၊ တပည့်တော်၏။ အာဒရံ၊ ရိုသေစွာ။ ဣမံ အပ္ပပူဇံ၊ ဤအနည်းငယ်သော ပူဇော်ဖွယ်ကို။ ပဋိဂ္ဂဏှိတ္ထ၊ အလှူခံတော်မူပါကုန်လော့။ အထာပရံ၊ ထို့နောက်၌၊ လင်္ကာယ၊ လင်္ကာခေါ်ဆို သီဟိုဠ်ကျွန်း၌။ သာသနေ=သာသနာ၊ သာသနာတော်၏။ ဟာနိံ၊ ဆုတ်ယုတ်ပုံကို။ ပဝက္ခာမိ၊ လျှောက်ဆိုပါအံ့။

၁၂။ ဒီပဝရော၊ သီဟိုဠ်ကျွန်းမြတ်ကို။ သမန္တကူဋာစလ ဗောဓိ-ပါဒပ ကလျာဏီထူပါဒိဟိ၊ သမန္တကူဋတောင်ထိပ်ရှိ ဘုရားမြတ်စွာ ခြေတော်ရာ ဒက္ခိဏာသာခါမဟာဗောဓိပင် ကလျာဏီမြစ်ကမ်းအနီးရှိ စေတီတော်ကြီး အစရှိသည်တို့ဖြင့် လည်းကောင်း။ ဒန္တဓာတုယာ စ၊ စွယ်တော်ဓာတ်ဖြင့်လည်းကောင်း။ (ဒန္တ-ဟုဆိုသော်လည်း စွယ်တော်ကိုယူ) အလံကတော၊ တန်ဆာဆင်အပ်ပါပြီ။ တထာပိ၊ ထိုသို့ပင် ခြေတော်ရာ ဗောဓိပင် ကလျာဏီစေတီစွယ်တော်ဓာတ်တို့ဖြင့် တန်ဆာဆင်အပ်ပါသော်လည်း။ တဟိံ၊ ထိုသီဟိုဠ်ကျွန်း၌။ မုနိသူနဝေါ၊ ဘုရားသားကျော် ရဟန်းတော်တို့သည်။ အနာထဝန္တော၊ အားကိုးရာ မရှိကြပါကုန်။

၁၃။ ဒါနိ၊ ဤယခုအခါ၌။ လင်္ကာယံ၊ လင်္ကာခေါ်ဆို သီဟိုဠ်ကျွန်း၌၊ ရာဇာနော၊ မင်းတို့သည်။ မိစ္ဆာဒိဋ္ဌိ၊ ဖောက်ပြန်သော အယူရှိကြကုန်၏။ အဓမ္မိကာ၊ တရားမစောင့်ကြကုန်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ သေနာပတျာဒယော၊ စစ်သူကြီးအစရှိသော အစိုးရအရာရှိတို့သည်လည်း။ တထေဝ၊ ထိုမင်းတို့အတူသာလျှင်။ အဓမ္မိကာ၊ တရားမစောင့်ကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။

၁၄။ တသ္မာ၊ ထို့ကြောင့်။ သာသနဋ္ဌိတိဟေတုကာ၊ သာသနာတော်တည်ခြင်း၏ အကြောင်းဖြစ်ကုန်သော။ တေပိဋကာ ဓမ္မာ၊ ပိဋကသုံးပုံ ပါဠိတော်တို့သည် လည်းကောင်း။ ဋီကာ အဋ္ဌကထာဒယော။ ဋီကာကျမ်း အဋ္ဌကထာကျမ်းတို့သည် လည်းကောင်း။ အမှာကံ၊

တ ပည့်တော်တို့၏။ လံကာယံ၊ သီဟိုဠ်ကျွန်း၌ (ထည့်)။ ပရိဟိနာ၊ ယုတ်လျော့ကုန်သည်။ အာသုံ၊ ဖြစ်ပါကုန်ပြီ။

၁၅-၁၆။ တသ္မာ၊ ထို့ကြောင့်။ ဣဓ၊ ဤသီဟိုဠ်ကျွန်း၌။ သာသနဋ္ဌိတိယာ၊ သာသနာတော် ကြာရှည်လေးမြင့်တည်ခြင်းငှာ။ နိဗ္ဗာနတ္ထိကေန၊ နိဗ္ဗာန်ကို အလိုရှိသဖြင့်။ သာသနောဒယကာမိနာ၊ သာသနာတော်တိုးတက်စည်ပင်ခြင်းကို အလိုရှိသဖြင့် လံကာဝါသိနံ၊ လင်္ကာဒေါ်ဆို သီဟိုဠ်ကျွန်းနေ ရဟန်းလူ ပုဂ္ဂိုလ်တို့၏။ အတ္ထာယ၊ အကျိုးငှာ။ မမ၊ တပည့်တော်အား။ အနုဂ္ဂဟာဗုဒ္ဓိယာ။ ချီးမြှောက်လိုခြင်းဟူသော အသိဖြင့်။ ဝရေ၊ ကောင့်ဟာအဖြင့်မြတ်ကုန်သော။ နိကာယဋ္ဌကထာယော စေဝ၊ နိကာယ်အဋ္ဌကထာ တို့ကိုလည်းကောင်း။ ဋီကာဒိပေါတ္ထကေ၊ ဋီကာစသော ကျမ်း ဂန် တို့ကိုလည်း ကောင်း။ ပေသေတုံ၊ ပေးပို့လှူဒါန်းစေခြင်းငှာ။ အတိယာစာမ၊ ရိုသေစွာ တောင်းပန်ပါကုန်၏။

၁၇။ လံကာယံ၊ လင်္ကာဒေါ်ဆို သီဟိုဠ်ကျွန်း၌၊ တဝ၊ အရှင်ဘုရား၏။ ဥပဇ္ဈာယကတ္တေန၊ ဥပဇ္ဈာယ်ဆရာတော်၏ အဖြစ်ဖြင့်။ ဇာတေ၊ ဖြစ်သော။ ရာမညနာမကေ၊ ရာမညအမည်ရှိသော။ နိကာယေ၊ ရဟန်းအပေါင်း၌။ (ရာမညနာမကေ နိကာယေ၊ ရာမညအမည်ရှိသော ဂိုဏ်း၌)။ သတမတ္တာဟိ၊ တရာမျှအတိုင်းအရှည်ရှိသည်သာလျှင် ဖြစ်ကုန်သော။ ဘိက္ခဝေါ၊ ရဟန်းတို့သည်။ သန္တိ၊ ရှိကုန်၏။

၁၈။ ဥပါလိဝှနိကာယမှိ၊ ဥပါလိအမည်ရှိသော နိကာယ်၌။ ဝါ၊ သျာမောပါလိဂိုဏ်း၌။ ဝါ၊ သျမ်းဂိုဏ်း၌။ ဒွိသဟဿာဓိကာပိ စ၊ နှစ်ထောင်ကျော်သော ရဟန်းတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ မရမ္မာချာသမာဂမေ၊ မြန်မာပြည်ဂိုဏ်း၌၊ ဝါ၊ အမရပူရနိကာယ်၌။ ဝါ၊ အမရပူရဂိုဏ်း၌။ သတတ္တယမိတာ၊ သုံးရာမျှရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ သန္တိ၊ ရှိကုန်၏။

---

၁။ ကလျာဏီဝံသနိကာယအပါအဝင် အမရပူရဂိုဏ်းဟု ဆိုဟန်ရှိသည်။ (သီဟိုဠ်နိဿယ၌ အမရပူရနိကာယ-ဟုပြန်သည်။)

၁၉-၂၀-၂၁-၂၂။ ဘန္တေ၊ အရှင်ဘုရား။ သာဒရံ၊ ရိုသေခြင်း
နှင့်တကွ။ တ္ဝံ သာသနံ၊ ဤသဝဏ်လွှာသန္ဒေသကို။ ကေန၊ အဘယ်
ပုဂ္ဂိုလ်သည်။ ပေသိတံ၊ ပို့ဆက်အပ်သနည်း။ ဣတိ စေ၊ ဤသို့မေး
ငြားအံ့။ ပုရာ၊ ရှေးအခါ၌။ ယဒါ၊ အကြင်အခါ၌။ ဗောဂဟ
တိသောန၊ဗော၎ ဟာဝ တ္တရှာဇာတိအရှင်တိဿအမည်ရှိသော။ထေရဝရေန၊
မထေရ်မြတ်နှင့်။ သဒ္ဓိံ၊ အတူတကွ။ ရာမညဒေသေ၊ ရာမညတိုင်း၌။
ဝါ၊ ရာမညတိုင်း ပဲခူးမြို့၌။ ကလျာဏီသီမာယံ၊ ကလျာဏီသိမ်တော်၌။
ဥပသမ္ပဒံ၊ လောကိယသမ္ပဒါတို့ထက် အထက်တန်းကျသော စတုပါရိ
သုဒ္ဓိသီလနှင့် ပြည့်စုံခြင် ဟူသော ရဟန်းပဉ္စင်းအဖြစ်ကို။ ပဋ္ဌေန္တာ၊
ထောင့်တကြကုန်လျက်။ တေ၊ အရှင်ဘုရား၏။ ပါဒမူလံ၊ ခြေတော်
ရင်းသို့။ အာဂတာ၊ လာရောက်ကြကုန်သော။ ယေ ဘိက္ခူ၊ အကြင်
ရဟန်းတို့သည်။ သန္တိ၊ ရှိကြကုန်၏။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။
ဟံသာဝတိယံ နဂရေ၊ ဟံသာဝတီမြို့၌။ သုပ္ပတိဋ္ဌိတံ၊ ကောင်းစွာတည်
ရှိသော။ မဟာသိမံ၊ မြတ်သော ကလျာဏီသိမ်သို့။ ပဘ္ဘာ၊ ရောက်
ကြကုန်၍။ တတ္ထ၊ ထိုကလျာဏီသိမ်၌၊ ဘိက္ခုသံဃမဇ္ဈေ၊ ရဟန်းအ
ပေါင်းတို့၏အလယ်၌။ နိသီဒိယ၊ ထိုင်နေကြကုန်၍။ တံ၊အရှင်ဘုရားကို။
ဥပဇ္ဈာယံ၊ ဥပဇ္ဈာယ်ဆရာတော်ကို။ ကတွာ၊ ပြုကြကုန်၍။ ဥမ္မဝုံပဏ္ဍိ-
တဿစ၊ဥမ္မဝုန်အမည်ရှိသော ပညာရှိ ဘိုးတော်မင်းတရား၏ ရာဇာဘမန်
ဒါယကာ၏လည်း။ နိယောဂေ၊ တိုက်တွန်း ထောက်ပံ့ကူညီခြင်းသည်။
သတိ၊ ရှိခဲ့သော်၊ နိယောဂေ သတိ၊ တိုက်တွန် းထောက်ပံ့မှုကြောင့်
(အဓိပ္ပါယ်နက်)။နိဿင်္ကံ၊သံသယမရှိပဲ။ဥပသမ္ပဒံ၊ရဟန်းပဉ္စင်းအဖြစ်ကို။
လဘိံသု၊ ရကြကုန်ပြီ။

၂၃-၂၄-၂၅။ တေသု ဘိက္ခူသု၊ ထိုရဟန်းတို့တွင်။ မမ္မသာ-
ရောတိ၊ ဓမ္မသာရအမည်ရှိသော။ ယော အပံ၊ အကြင်ငါသည်။
အာသိံ၊ရှိ၏။သော အဟံ၊ ထိုငါသည်။ ဣဒါနိ တု၊ ဤသခုအခါ၌

---

၁။ ရာမညဂိုဏ်း သမုဋ္ဌာပက အမ္ဗဂဟာဝဏ္ဏ အရှင်ဇုနာ္ဍသဘဝရဉာဏ
သာ့မိဋ္ဌထေရ်ကို ဆိုလိုသည်။

ဒေါဠုန္ဒုနာမဂါမသ္မိံ၊ ဒေါဠုန္ဒုအမည်ရှိသောရွာ၌။ သေလဗိမ္ဗာလယေ၊ သေလဗိမ္ဗကျောင်းတိုက်၌။ ၁ဝသေ-ဝသာမိ၊နေ၏။ တေ၊ အရှင်ဘုရား၏။ သိဿဘူတေန၊ တပည့်ဖြင့်၍ဖြစ်သော။ ဘေန မယာ။ ထိုအကျွန်ုပ်သည်။ ဣဒံ သာသနံ၊ဤသဝဏ်လွှာကို။ပေသိတံ၊ပို့စေအပ်ပြီ။ဗုဒ္ဓဒါသော၊ဗုဒ္ဓဒါသအမည်ရှိသော။သော ဥပါသကော၊ဤသီတင်းသည် ဒါယကာသည်။ သုဗ္ဗစော၊ကောင်းသောစကားရှိသူပေတည်း။ဂုဏဝါ၊ဂုဏ်ရှိသူပေတည်း။ မမ၊တပည့်တော်၏။ အနေ့ဝါသိကော၊ အနီးနေတပည့်တည်း။ တဿ၊ ထိုဗုဒ္ဓဒါသဒါယကာ၏။ဟတ္ထေ၊လက်၌။ ဒတွာန၊တည့်ပေးလိုက်၍။ပေသိတံ၊ပို့စေအပ်ပါပြီ။ ဘန္တေ၊အရှင်ဘုရား။အာယသ္မာ၊ အရှင်ဘုရားသည်။ ဣမဿ၊ ဤဗုဒ္ဓဒါသဒါယကာ၏။ ဟတ္ထေ၊ လက်၌၊ ဣဓ၊ ဤသဝဏ်လွှာ၌။ နိဒ္ဒိဋ္ဌပေါတ္ထကေ၊ ညွှန်းဆို ဖော်ပြအပ်သော ကျမ်းဂန်တို့ကို။ ပေသေတု၊ ပို့စေတော်မူပါလော့။

၂၆-၂၇။ မာဂဓဘာသာယ၊ မဂဓတိုင်းသုံးဘာသာဖြင့်။ ပဋ္ဌဝီ-သတိဂါထာယော၊ နှစ်ဆယ့်ငါးဂါထာတို့ကို။ ကတွာ၊ ပြုစီရင်အပ်ပါကုန်ပြီ။ဘတ္တာ၊ထိုသန္ဒေသဂါထာနှစ်ဆယ့်ငါးပုဒ်တို့၌။ယော ဒေါသော၊ အကြင်အပြစ်သည်။ ဝိဇ္ဇတေ၊ ရှိအံ့။ တံ ဒေါသံ၊ ထိုအပြစ်ကို။ ခမိတုံ၊ သည်းခံခြင်းငှာ။ ယာစာမိ၊ တောင်းပန်ပါ၏။

ဒွိသဟဿာမိတေ၊ နှစ်ထောင်ဖြစ်သော။ တိသတုတ္တရေ၊ သုံးရာပိုလွန်သော။ သတ္တာသီတိတမေ၊ ရှစ်ဆယ့်ခုနစ်ခုမြောက်ဖြစ်သော။ ဗုဒ္ဓ-ဝဿမှိ၊ ဘုရားမြတ်စွာ သာသနာတော်နှစ်၌။ ပေါဋ္ဌပါဒမာသမှိ၊ တော်သလင်းလ၌၊ ပေသိတံ၊ ပို့ဆက်အပ်ပြီး[၂]

ဤသည်လျှင် သီဟိုဠ်ကျွန်း ကလျာဏီဝံသနိကာယမဟာနာယက ဖြစ်သော တပည့်အရှင်ခမ္မသာရ-က မြန်မာပြည်ရှိ ရာမညတိုင်း သံဃနာ

၁။ သီဟိုဠ်အခေါ် "ဆိုက်လဗိမ္ဗာရာမယ" ဖြစ်၏၊ ဤစာပြုသူ ဖော်ပြပါကျောင်းတိုက်သို့ ကိုယ်တိုင် ရောင်းဖူးသည်။

၂။ ဤသန္ဒေသနိဿယကို စာနေကျဉ်းစေလိုသဖြင့် အကျဉ်းမျှ သိသာရုံအနက်ယောဇနာသည်။

ယက-ဥပဇ္ဈာယ်ဆရာတော် အရှင်မေဓာနန္ဒဇေထံ ပေးပို့ဆက်ကပ်သည့် သန္ဒေသပါဠိနှင့် နိဿယဖြစ်သည်။

## သီဟိုဠ်ကျွန်းသို့ လှူဖွယ်ဝတ္ထုများလှူဒါန်း

ဆရာတော် အရှင်မေဓာနန္ဒဇေမဟာနာယကသည် တပည့်ဖြစ်သူ သီဟိုဠ်ကျွန်း ကလျာဏီဝံသနာယကဆရာတော် အရှင်မေဓာသာရထံမှ ပေးပို့ပါ သန္ဒေသ သဝဏ်လွှာကို ဖတ်ရှုရပြီးနောက် သီဟိုဠ်ရဟန်းတော် ကလျာဏီဝံသနိကာယနာယကတပည့် အရှင်မေဓာသာရ၏ အလိုရှိသော ပိဋကတ်တော် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများ၊ သီဟိုဠ်ကျွန်းအနုရာဓမြို့ရှိ ဒက္ခိဏာသာခါမဟာဗောဓိ၊ မဟာစေတီ အစရှိသော စေတီပုထိုးများ၊ ဇောတိပါဒ၊ စွယ်တော်မြတ် စသည်တို့အား ပူဇော်ဖွယ်တို့ကို ရာမညတိုင်း (ပဲခူးမြို့)နေ အရှင်ကောလာသမထေရ်ကို သီဟိုဠ်မှ ရောက်လာသော ပရိသတ်နှင့်အတူ ထည့်လိုက်ရန် စီစဉ်ဆဲတွင် အရှင်မေဓာသာရထေရ် မြန်မာပြည်သို့ ကြွလာတော်မူ၍ အရှင်ကောလာသမထေရ်ကို ပင့်ဆောင်၍ လှူဖွယ်ဝတ္ထုများကိုလည်း သယ်ဆောင်၍ သီဟိုဠ်ကျွန်းသို့ အိန္ဒိယတောင်ပိုင်းမှတဆင့် ပြန်ကြွတော်မူသည်။

## သီဟိုဠ်သာသနာအား များစွာ ကျေးဇူးပြုသူ

ဆရာတော် အရှင်မေဓာနန္ဒဇေသည် သီဟိုဠ်သာသနာတော်အား များစွာ ကျေးဇူးပြုသူဖြစ်သည်။ စင်စစ်တမူကား အရှင်မေဓာနန္ဒဇေမဟာထေရ်သည် သီဟိုဠ်ကျွန်းရှိ ရာမညဂိုဏ်းနှင့် ကလျာဏီဝံသဂိုဏ်းတို့ ရှေ့ဆောင် ရှေ့သွား ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

ရာမညိကယတီနမ္ပိ၊ ကလျာဏီဝံသိကာနမ္ပိ စ။
ပုရေစာရီ ပမုခေါ အာသိ၊ မေဓာနန္ဒော ယတိဿရော။

## ပျံလွန်တော်မူခြင်း

ဆရာတော်သည် သီဟိုဠ်၊ မြန်မာသာသနာ ကြီးပွားရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူခဲ့ဖြစ်စဉ် သက်တော် ၇၀-ကျော် ၉၀-ပတ်ဝန်းကျင်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ပရိဇိဏ္ဏမိဒံ ရူပံ၊ ရောဂနိဍ္ဍံ ပဘင်္ဂုရံ။
ဘိဇ္ဇတိ ပူတိ သန္ဒေဟော၊ မရဏန္တံ ဟိ ဇီဝိတံ။

က္လာဒံ ရူပံ၊ မြေ ရေ လေ မီး ဘုတ်ကြီးလေးခု တိုင်ခြေပြုထ ဤရုပကာယသည်။ ပရိဇိဏ္ဏံ၊ ဆွေးမြေ့ယိုယွင်း အိုမင်းရင့်ရော် မှည့်ပျော်တတ်၏၊ ရောဂနိဍ္ဍံ၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ တည်နေစုဝေးရာ ဌာနချုပ်လည်း ဖြစ်၏။ ပဘင်္ဂုရံ၊ ဘာဝတခုမျှ ရှာမရအောင် မုချပုံသေ ယိုယွင်းပျက်စီးတတ်ချေ၏၊ ပူတိသန္ဒေဟော၊ ဒွါရကိုးပေါက်တို့မှ ညှီဟောက်နံလှောင်း မကောင်းမသတီ အပုပ်ရည်တွေ ဒလဟော ယိုစီးလျက်။ ဘိဇ္ဇတိ၊ တနေ့နေ့ကျ ပျက်စီးရပေလိမ့်လတံ့။ ဇီဝိတံ၊အသက်ဝိညာဉ် ရှင်၍နေရခြင်းသည်။ မရဏန္တံဟိ၊ စုတိပြတ်ကြွေ သေလွန်ရခြင်းလျှင် အဆုံးရှိချေသည်သာ။

## ကလျာဏီသာသနာဝင် အဋ္ဌာရသမပိုင်း အပြီးသတ်ခြင်း

သူတော်ကောင်းတို့ ကြည်ညိုဖို့ သံဝေဂရဖို့ ရေးသားစီရင်အပ်သော ကလျာဏီသာသနာဝင်ကျမ်းတွင် "ကလျာဏီတိဿ" ဘွဲ့တံဆိပ်တော်ရ အရှင်သုဝဏ္ဏသောဘနမဟာထေရ်၊ မေဓာနန္ဒဇေမဟာဓမ္မရာဇဂုရုဘွဲ့တံဆိပ်တော်ရ အရှင်မေဓာနန္ဒဇေဟူသော မဟာထေရ်မြတ် ၂-ပါးတို့၏ အဖြစ်တော်စဉ်နှင့် သာသနာရေး အားပေးဆောင်ရွက်ပုံကို ပြဆိုရာ အဋ္ဌာရသမပိုင်း ဤတွင် လက်စသတ်လိုက်ပါပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ကလျာဏီသာသနဝံသေ၊သမတ္တော အဋ္ဌရသမော ဟိဝေ။

# ကလျာဏီသာသနာဝင်

# ဧကူနဝီသတိမပိုင်း

## ကလျာဏီကျောင်းနေရာ

သင်္ခါရတရားတို့ကား လျှင်ပေါ် လော်လီကုန်၏။ မတည်ကြည်ကုန်။ မမြဲကုန်၊ ဗရမ်းဗတာ နိုင်လှကုန်၏။ ဖောက်လွဲ ဖောက်ပြန်နိုင်လှကုန်၏။ မွန်စေတီ မင်းကြီးလက်ထက်ကစ၍ နှစ်တော်တော်ကြာအောင် ကလျာဏီသိမ်တော်ကြီး ပတ်ဝန်းကျင်သည် ကျောင်းကြီး ကျောင်းငယ်တို့ဖြင့် စည်ကား၏။ ပရိယတ်ကို ချပို့သင်အံ ပဋိပတ်ကို ကျင့်ကြံကြကုန်သော ရဟန်းတို့ သီတင်းသုံးရာ ဖြစ်၏။ သို့ရာတွင် ခေတ်ဆိုးအမျိုးမျိုးနှင့် တွေ့ကြုံရလေရာ ကလျာဏီကျောင်းတိုက်နေရာသည် နှစ်ပေါင်းများစွာ ဆင်နေ ကျားအောင်း ဖြစ်ခဲ့လေသည်။ သို့ဖြစ်ရာ သင်္ခါရတရားတို့ကို ပညာရှင် သူတော်ကောင်းတို့သည် အထင်မကြီးကြကုန်။ စိတ်ပျက်ကြကုန်၏။ မုန်းကြကုန်၏။ ရွံကြကုန်၏။

သဗ္ဗေ ဝါ နိဗ္ဗာ ဝါ စေဝ၊ သင်္ခါရာ ကဒလူပမာ။
နိဿာရာ ဝိကာရာ စေဝ၊ အလံ တေသု ဝိရဇ္ဇိတုံ။

### ကလျာဏီကျောင်းတိုက်ကြီး၏ တတိယဆရာတော်
### အရညဝါသီ နိကာယအာဒိကမ္မိက နာယကဆရာတော်
### အရှင်ဝဏ္ဏမဟာထေရ်

ဆရာတော် အရှင်ဝဏ္ဏသည် တောရစိတ်ရှိသည်။ တောရကျောင်း၌ သီတင်းသုံးတော်မူ၍ လူတို့မရနိုင်သည့် မွေ့လျော်မှုကို လိုလားသည့်

နေကန္ဒမဏ္ဍာသယာခတ် စွဲကပ်သူဖြစ်သည်။ ထို့ကြောင့်ပင် အရည်ဝါသီ တောရဂိုဏ်း စတင်ပေါ်ထွက်ရာ (၄)ပါးတွင် ပါဝင်ပြီး အရည်ဝါသီ တောရဂိုဏ်း၏ အဦးအစ နာယကအဖွဲ့တွင် အဖွဲ့ဝင်နာယက တပါးလည်း ဖြစ်လေသည်။

## ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ပဲခူးမြို့နယ် ပဲခူးမြို့မြောက် ၂-မိုင်ကွာရှိ ဇိုင်းဂနိုင်းကြီးရွာ၌ သက္ကရာဇ် ၁၁၉၀-ပြည့်နှစ်တွင် ဖွားမြင်တော်မူသည်။ ကလျာဏီကျောင်းတိုက် ဖြစ်ပေါ်စေရန် အကြောင်းကံကြောင့် ကလျာဏီအရပ်နှင့် အလှန်လျှင် မလှမ်းမကွာလှသည့် ပတိရူပဒေသမည်သော ဇိုင်းဂနိုင်းကြီးရွာ၌ ဖွားမြင်တော်မူခြင်းဖြစ်သည်။

## ရှင် ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်

ဆရာတော်လောင်းလျာသည် အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ ဘုရားမြတ်စွာ သာသနာ့ဝန်ကို အားသွန်ခွန်စိုက်ပမ်း ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်ဝဏ္ဏဖြစ်သည်။ အရှင်ဝဏ္ဏသည် ဘုရားမြတ်စွာ သာသနာပွဲနှင့် ကြုံတောင့်ကြုံခဲ ကြုံလာသည်ကို သဘောပေါက်သဖြင့် ကောင်းစွာနေထိုင်သည်။ ခုနှစ်ရက် ခုနှစ်လည် မိုးကြီးသဲသဲမဲမဲရွာနေတုန်း လျှပ်စစ်လက်လိုက်သလို ဘုရားပွင့်တော်မူရာ အချိန်ကာလ သမယ၏ နည်းပါးပုံ တိုတောင်းပုံကို ကောင်းကောင်းကြီး သဘောပေါက်သဖြင့် ရဟန်းဖြစ်စကတည်းက တောမှာနေကာ တရားကျင့်ဖို့သင့်တင့်စွာ နှလုံးသွင်းတော်မူခဲ့လေသည်။

## ပညာသင်ကြားတော်မူခြင်း

ရှင်သာမဏေဘဝမှ စ၍ ပရိယတ္တိ အရာထင်ရှားသော ဆရာတော်များထံ ပိဋကတ် အခြေခံ ကျမ်းစာများမှစ၍ ပိဋကတ် ပါဠိအဋ္ဌကထာ

များကို ရဟန်းပညာရှိတို့၏ ပေါင်းဆုံစုဝေးရာ မန္တလေးမြို့သို့ ကြွရောက်ကာ သင်ယူတော်မူခဲ့လေသည်။ ပိဋကတ်တော် လေ့လာသင်ကြားရင်း သီလနှင့်စပ်သည့်အကြောင်းတွေလျှင် သီလကိုကျင့်မှုဖြစ်မည်။ သမာဓိနှင့် စပ်သည့်အရာတွေ့လျှင် သမာဓိအားကောင်းအောင်လုပ်မှ တော်မည်။ ပညာနှင့်စပ်သည့်အရာတွေ့လျှင် ပညာကိုဖြည့်မှ လျော်ကန်မည် စသည်ဖြင့် ကြံစည်တော်မူခဲ့လေသည်။

## တောထွက်တော်မူခြင်း

သို့နှင့် ပဋိပတ်အလုပ် မချွတ်မယွင်း မတိမ်းစောင်းနိုင်လောက်အောင် ပရိယတ် အခြေခိုင်သည့် မထေရ်ဖြစ်ရာ အခါတွင် နှစ်ပေါင်း များစွာ ပူဇနိယဋ္ဌာန သံဝေဇနိယဋ္ဌာနအဖြစ် ထင်ရှားသော ကလျာဏီသိမ်တော်ကြီးတည်ရာ တောရကျောင်း၌ အထက်မြန်မာပြည်သား အတ္တကာမယီဒင္ဓိမိတ္တ ရဟန်းဘော်အရှင် အာစာရနှင့် အတူ သီတင်းသုံးတော်မူ၍ တောဘုမ္မက သခါ်ရတို့ မမြဲအင်ကို ရှု့မှတ်ပွားများ ရဟန်းတရားကို အားသစ်ကြိုးကုတ်၍ သီတင်းသုံးတော်မူသည်။

## ကျားတွေ ဆင်တွေအပေါ်သဟဲပြု

ထိုအခါက အရှင်ဝဏ္ဏ သီတင်းသုံးတော်မူရာ ကလျာဏီတောရကျောင်းအနီး၌ ကျားတွေ ဆင်တွေ အများအပြား နေကြကုန်၏။ အရှင်ဝဏ္ဏသည် ကျားတွေ ဆင်တွေကို အဖော်သဟဲပြု၍ သီတင်းသုံးတော်မူသည်။ ထာဝစဉ် မေတ္တာ ကရုဏာ မုဒိတာနှင့် ဥပေက္ခာဟူ လေးဆူသော ဗြဟ္မစိုရ်ကို လက်ကိုင်ပြုသော သဗ္ဗညုမြတ်စွာ သားတော်မှန်လှ အရှင်ဝဏ္ဏမှာ ကျား ဆင်စသည့် သတ္တဝါများကြောင့် ဘေးရန်ဟူသည် မြူမျှမသန်းပါချေ။

## ဆရာတော် အရှင်ဝဏ္ဏ စာပေချပို့ခြင်း

ဆရာတော်အရှင်ဝဏ္ဏသည် တောရကျောင်း၌ တရားအားထုတ်ရင်း ရဟန်းသာမဏေ တချို့လာရောက်စာဝါချရန် လျှောက်ထားသဖြင့်

ကျမ်းဂန်များကိုလည်း ချပို့၍ ပရိယတ္တိသာသနာဘော် ကန်ပေါင်ကန်သင်းကိုလည်း ဆည်ဖို့တော်မူခဲ့လေသည်။

## ရဟန်းတော် ဦးသီလကြွရောက်ပညာသင်ခြင်း

အုန်းတော်ကြီးဦးသီလဟု အများခေါ်ဝေါ်သမုတ်ကြသော တောရဆရာတော်လောင်းလျာသည် ရဟန်းသိက္ခာ ၆-ဝါရပြီးသောအခါတွင် ပဲခူးမြို့ ကလျာဏီ တောရကျောင်းသို့ ကြွရောက်တော်မူ၍ ဆရာတော်အရှင်ဝဏ္ဏထံ၌ စာပေကျမ်းဂန်သင်ယူ၍ ၁-ဝါသိတင်း သုံးတော်မူခဲ့လေသည်။ ဆရာတော်အရှင်ဝဏ္ဏသည် ရဟန်းတော် ဦးသီလအား....

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊
သင်ရာအပ်ပို့၊ ဆရာတို့ကျင့်ဖို့ ဝတ်ငါးဖြာ-ဟူသည်နှင့်အညီ ဆရာသမားဝတ်ကို ကျေပွန်အောင် ကျင့်ဆောင်တော်မူကာ စာပေကျမ်းဂန်ချပို့ချီးမြှောက်တော်မူသည်။

## ပဋိပတ်ယှဉ်တွဲ ကျင့်စေမြဲ

ဆရာတော် ဦးဝဏ္ဏသည် တောရစိတ်ရှိသူပီပီ မိမိထံမှောက်သို့ ရောက်လာသော ရဟန်းတော် ဦးသီလအား ဓုရနှစ်ပြင် အလုပ်ခွင်နေ့စဉ်ဝင်မှ သာသနာ- ဟူသည်နှင့်အညီ- ဂန္ထဓုရ-စာပေပို့ချယုံသာမက ဝိပဿနာဓုရသာသနာပြုနည်း အဝဝတို့ကိုလည်း ပွားများသင်ကြားစေတော်မူလေသည်။

## တောရဂိုဏ်းဖြစ်အောင် ကြိုးပမ်းခြင်း

သက္ကရာဇ် ၁၂၂၆-ခုနှစ် တိုင်အောင် တောင်ငူမြို့နှင့် ရန်ကုန်မြို့ အကြား ကျောင်းတိုက်အားလုံး တဂိုဏ်းတည်းဖြင်၍ လွန်စွာညီညွတ်သည်၊ ယင်းသို့ ညီညွတ်သော ဂိုဏ်းသုံး၌ ပဲခူးမြို့ဒေါင့် တောင့်) ကျောင်းဘုန်းတော်ကြီး အရှင်စန္ဒာသကာရအမည်ရှိသော ဘုန်းကြီး

ပုံသည် ဂိုဏ်းအုပ်ကြီးဖြစ်၍ အလွန်ထင်ရှား၏။ ပင်ကိုယ်စိတ်သဘော ဆန္ဒကောင်း၏။ သဒ္ဓါတရားနှင့်လည်း ပြည့်စုံ၏။ ဖော်ပြပါ ဘုန်းတော်ကြီး အရှင်စန္ဒာလင်္ကာရအမည်ရှိသော ဘုန်းကြီးပုံသည်-ကလျာဏီတောရ ကျောင်းဆရာတော်အရှင် ဝဏ္ဏ၏ သုံးနှစ်တိုင်တိုင် စိတ်ရှည်လက်ရှည် ဇွဲလုံ့လဖြင့် အထပ်ထပ်လျှို့ ဆော်တိုက်တွန်းမှုကြောင့် သက္ကရာဇ် ၁၂၂၆ ခုနှစ်တွင် မိမိကျောင်းတိုက်ကြီးကို စွန့်ခွာ၍ အောင်မြေအင့ ကလျာဏီသို့ တောထွက်တော်မူသည်။

## ဆရာတော်အရှင်ဝဏ္ဏ၏ တိုက်တွန်းလှုံ့ဆော်ပုံ

ကလျာဏီတောရကျောင်း ဆရာတော်အရှင်ဝဏ္ဏသည် အရှင်စန္ဒာလင်္ကာ ရဘွဲ့ မည်ရှိသော ဘုန်းကြီးငုံထံ မကြာခဏချဉ်းကပ်၍ –

အရှင်ဘုရား....အရှင်ဘုရားများ တပည့်တော်များသည် ပဲခူးနယ်ဖွား အောက်သားများ ဖြစ်ကြ၍ ရပ်ဆွေ ရပ်မျိုးတို့ ပေါ်များကြပါသည်။ ဥစ္စာပစ္စည်း ချမ်းသာ၍ သဒ္ဓါတရားလည်း ပေါ်များကြပါသည်။ လောကရေးရာမပါမဖက် သဒ္ဓါတရားသက်သက်ဖြင့် ရဟန်းပြုကြသော တပည့်တော်တို့မှာ ရပ်ဆွေရပ်မျိုးများအား သာသနာ၏ အဆီအနှစ် အမှန်စင်ကို မိမိတို့သိသကဲ့သို့ သိကြပါမှ ရဟန်းပြုရကျိုးနပ်လှပါသည်။ တာဝန်လည်း ကျေပွန်ပါလိမ့်မည် စသည်လျှောက်ထား၍ တိုက်တွန်း လှုံ့ဆော်တော်မူခဲ့လေသည်။ ဆရာတော်အရှင်ဝဏ္ဏကား အပြစ်ကင်းကွာ လွန်စွာ ကောင်းမွန်သော အလုပ်၌ တိုက်တွန်းတတ်သည့် ကလျာဏမိတ်ကောင်း စင်စစ်ဖြစ်တော်မူသည်။

ဘဒန္တဝဏ္ဏတ္ထေရောဟိ၊ အနဝဇ္ဇေ နိယောဇကော။
မိတ္တော ကလျာဏော သော ဟိ၊ မုနိသာသန ဇောတနေ။

## ကျောင်းသစ် တည်ထောင်

ဆရာတော် အရှင်ဝဏ္ဏ ဟာထေန်သည် တောရစိတ်ရှိသည်အား လျော်စွာ မဟာ ကလျာဏီတောရကျောင်း၌ သာမာန်လူတို့မရနိုင်သည့်

မွေ့လျော်မှု နေကွဲမဖွဲ့ သယမောတ် ရှိဒြားသော်လည်း ဇရာဗျာဓိ နှိပ်စက်ဘိ၍ ဥတုဘေးဒဏ် ကာကွယ်ရန်နှင့် ရောဂါအမျိုးမျိုး ပယ်ချိုး ရန် အလို့ငှာ အခါတပါး ဆွေ့ချိုးမျာ နှင့် နီးရာကြခတ်ဝိုင်းသို့ ရွှေ့ပြောင်း၍ ကျောင်းသစ်တည်ထောင်ခါနေတော်မူသည်။[၁]

## ဣရိယာပထ လွန်မျှာ

ကျား၊ ဆင်တို့သာ အဖော်သဟဲပြုလျက် သစ်ပင်နွဲ့နှောင်း ခြုံပိတ် ပေါင်းတို့ဖြင့် အုံ့ဆိုင်း နက်မည်း မဟာကလျာဏီ တောရကျောင်းတိုက် ကြီး၌ နေခဲ့ရသော အရှင်ဝဏ္ဏသည် ကြခတ်ဝိုင်းကျောင်း၌ ဆေးဝါး ခေတ်စာ မှိဝိကာဖြင့် မိမိကိုယ်ကို ဣရိယာပထဖြင့် လွန်စွာမျှတစေတော် မူသည်။

## ပဲခူးတောရ စာပြန်ပွဲအစ ဦးဝဏ္ဏ

ပင်ကိုယ်အနေအားဖြင့် မြင့်မြတ်သည့် စိတ်ဓာတ် ရှိတော်မူသော ဆရာတော် ဦးဝဏ္ဏသည် ရောဂါဝေဒနာ စွဲကပ်၍ နေပါသော်လည်း မိမိနှင့်စိတ်အားဖြင့်တူမျှသော ဓမ္မန္တေဝါသိက တပည့်ဖြစ်သူ ဆရာတော် ဦးသီလနှင့်အတူ တွဲဖက်၍ တောရဂိုဏ်းကြီးဖြစ်အောင် အဘက်ဘက်မှ ဝိုင်းဝန်း လှူဆော်ရုံမက ကိုယ်တိုင် ပါဝင် ဖော်ထုတ်ခဲ့သည့်အပြင် အရည်ဝါသိနိကာယကောရဂိုဏ်းကြီး မပျိမကွဲရေးအတွက် နေ့စဉ် ကြံစည်ပြီး ဂိုဏ်းသံဃာစည်းလုံးခြင်း၊ အချင်ချင်း သဘိပေး ဆုံးမ နိုင်ခြင်း တရားနှင့်အညီ သမဂ္ဂ သီတင်းသုံးဖော်တို့ကို စောင့်ရှောက်နိုင် ခြင်း စသော သမဂ္ဂသုခကို ပေးစွမ်းနိုင်သည့် ဝိနည်း စာပြန်ပွဲကြီးကို ကိုယ်တိုင်ကြီးမှူး၍ သမဂ္ဂမဟာထေရ်များနှင့်အတူ ၁၂၃၃-ခုနှစ်မှစ၍ မပြတ်မနေ ကျင်းပနိုင်ရန် စီမံတော်မူခဲ့လေသည်။[၂]

အုတ်ကျက်ဆူညီ၊ ဝိနယံ၊ စာပြန်လုပ်သည့်ပွဲ၊ (၁၂၃၃)

---

၁။ ဘုန်းတော်ကြီး ဦးသီလ ထေရုပ္ပတ္တိ နှာ-၁၇။

၂။ ဘုန်းတော်ကြီး ဦးသီလ ထေရုပ္ပတ္တိ၊ နှာ-၁၈။

## ဉာဏ်တော်စိတ်လှ တုယှဉ်ကြ

မဟာကလျာဏီ တဘိယဆရာတော် အရှင်ဝဏ္ဏသည် ကြခတ်ဝိုင်းကျောင်းသစ်တည်ထောင်ပြီး ရောဂါကို ဆေးဝါးနှင့်တိုက်ဖျက်နေယင်းပင် တဘက်မှလည်း ရရှိထားသည့် သဖြဟ္မစာရီ အရညဝါသီ နိကာယ အစိုင်အခဲကြီးကို လွန်စွာ ခိုင်မြဲစေရန် ရည်သန်ချက်ဖြင့် ဗျာဓိကိုလည်း မမှု၊ ပရူပဝါဒကိုလည်းမရှုပဲ မိမိ၏ ဓမ္မန္တေဝါသိက အရှင်မြတ်၏ စည်းမျဉ်း စည်းကမ်းတို့ကို အခြေခံသားလျက် သမဂ္ဂ သီတင်းသုံးဖော်တို့နှင့် နှီးနှောပြီး ဉာဏ်ရှိ သူတော်ကောင်းပီသစွာ အရညဝါသီနိကာယကြီး၏ ဝိနည်းစာပြန်ပွဲတော်ကြီးကို အလျင်အမြန် စီမံခန့်ခွဲတော်မူလေသည်။ အတုယူဖွယ် ကောင်းပါပေစွ။

## နည်းလမ်းညွှန်ပြ ဦးဝဏ္ဏ ဘဝနတ်ထံ ပျံလွန်းတော်မူခြင်း

တောရရွှေကျင်တို့၏ ကျေးဇူးရှင် ဖြစ်တော်မူသော ဆရာတော်ဦးဝဏ္ဏမဟာထေရ်သည် သက်စွန့်ဆံဖျား မိမိ၏ခန္ဓာနှင့် သင်္ခါရတရားတို့ကို အမှုမထားပဲ မနားမနေ တောရအကျင့်ဖြင့် တရားရှာဖွေကာ နောင်လာနောက်သား တောရဂိုဏ်းသား ရဟန်းများ၏ အကျိုးစီးပွားများစေခြင်ငှာ နည်းကောင်းလမ်းကောင်းတို့ကို ညွှန်ပြလျက် မိမိစီမံချက်ချထားခဲ့သည့် စာပြန်ပွဲကြီး ကျင်းပချိန်တိုင်အောင်ပင် မနေ သင်္ခါရသဘောတရားကို ပြသည့်အနေဖြင့် သက္ကရာဇ် ၁၂၃၃-ခုနှစ်၊ သက်တော် ၄၃-နှစ်၊ သိက္ခာတော် ၂၃-ဝါအရတွင် ဘဝနတ်ထံပျံလွန်တော်မူသွားရှာလေသည်။

## သံဝေဂ ယူရန်

န ဟိ သော ပက္ကမော အတ္ထိ၊ ယေန ဇာတာ နမိယရေ။
ဇရမ္ပိ ပတွာ မရဏံ၊ ဧဝံ ဓမ္မာဟိ ပါဏိနော။[၁]

---

၁။ သုတ္တနိပါတ်။ ၃၇၃-သလ္လသုတ်။

ယေန ဥပက္ကမေန၊ အကြင် လုံ့လဖြင့် လုံးပမ်းကြိုးကုတ် အားထုတ်မှု လုံ့လ ဝီရိယဖြင့်။ ဇာတာ၊ ကမ္မဘာဝ အကြောင်းစုံလစ် ဖြစ်လာကြုံလာ သတ္တဝါတို့သည်။ နမီယရေ၊ မသေလွန်ကြကုန်။ သော ဥပက္ကမော၊ ထိုမသေလွန်နိုင်ကြောင်း လုံ့လဝီရိယကောင်းသည်။ နတ္ထိအတ္ထိ၊ မုချ ပုံသေ မရှိပေသည်သာ။ ဇရံ၊ သွားကျိုးဆံဖြူ ငယ်မှုယိုယွင်း မှည့်ပျော် ခြင်းသို့။ ပတွာပ၊ ရောက်မဖောက် ရောက်ကြကုန်၍ လည်းကောင်း။ အပတွာပိ၊ မရောက်ကုန်မူ၍ လည်းကောင်း။ မရဏံ၊ စုတိ ပြတ်ကြွေ သေလွန်ခြင်းသည်။ ဟောတိ၊ မြေလက်ခတ်နဲ မြွောက်သည့်ခဲသို့ မလွဲ စင်စစ် ဖြစ်ရ၏။ ပါဏိနော၊ လောကမှီတင်း သတ္တဝါပင်းတို့သည်။ ဧဝံဓမ္မာတိ၊ ဤသို့ပုံသေ မုချ သေဆုံးရခြင်းသဘော ရှိချေကုန်တကား။

## မဟာကလျာဏီတောရကျောင်းတိုက်ကြီး၏ စတုတ္ထဆရာတော် ပဲခူး အရညဝါသီ ရွှေကျင်နိကာယ၏ အာဒိကမ္မိက မဟာနာယက ဆရာတော် အရှင်အာစာရမဟာထေရ်

ဆရာတော်အရှင် အာစာရသည် ဆရာတော် အရှင်ဝဏ္ဏနှင့် သန္ဒိတူ သာသနာ့စိတ်ရှိသည့် သူတော်ကောင်း သာသနာ့ဝန်ထမ်း ဖြစ်တော်မူ သည်။ ထိုကြောင့် အရညဝါသီ တောရဂိုဏ်း စတင်ဖော်ထုတ်ရာ (၄)ပါးတွင် ပါဝင်ပြီး ပဲခူးအရညဝါသီ ရွှေကျင်နိကာယ၏ အာဒိကမ္မိက အစဆုံး မဟာနာယကသည်း ဖြစ်တော်မူသည်။

### ဖွားမြင်ခြင်း

အရှင်ဝဏ္ဏနှင့်အတူ ကလျာဏီကျောင်းတိုက်၌ ကိုယ်ရောစိတ်ပါ ညီညာ ဖျဖျ တက္ကဖြစ်၍ ပရိယတ် ပဋိပတ် အလုပ်ကို ပြုလုပ်တော်မူခဲ့သည့် အရှင် အာစာရသည် အထက်မြန်မာပြည် ဇာတိဖြစ်၍ ဆရာတော်၏ မူလဘူတ ကြောင်းခြင်းရာတို့ကို မျက်ဝါးထင်ထင် မသိမြင်နိုင်ခဲ့။ သို့သော်သည်း ဆရာတော် ဦးသီလ၏ ထေရုပ္ပတ္တိတွင် တွေ့မြင်ရသော အဘ္ထက္ခာယိ ဒဋ္ဌမိတ္တ

သမာနစ္ဆန္ဒ သမဂ္ဂဝါသီ ထိုမထေရ်တို့၏ ဝါစဉ်ကို ထောက်၍ ယေဘုယျနည်းအားဖြင့် သက္ကရာဇ် ၁၁၉၁-ခုနှစ်တွင် ဖွားမြင်တော်မူသည်။

## ကျောင်းအပ်နှံခြင်း

မုဒ္ဒဘာသာဝင် သူတော်စဉ်တို့၏ ထုံးတမ်းစဉ်လာ ဓမ္မတာအရ မိမိတို့၏သားကို –

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင် ဖခင်မယ်တို့တာ။ ဟူသည်နှင့်အညီ မိဘတို့ တာဝန်ဝတ္တရားအတိုင်း အတတ်သင်စိမ့်ငှါ ဆရာဘုန်းတော်ကြီးထံသို့ အပ်နှံခဲ့ကြသည်။

## ရှင်ရဟန်းဖြစ်ခြင်း

အရွယ်သင့်၍ ကျင့်ဝတ်အဖြာဖြာ ပြည့်စုံစွာသောအခါ၌ ဆိုင်ရာပစ္စယာနုဂ္ဂဟ ဒကာ ဒကာမတို့၏ ပစ္စည်းလေးပါးကို ခံယူလျက် ရှင်အဖြစ်ရဟန်းအဖြစ်တို့ကို ရယူတော်မူခဲ့သည်။

## ပညာသင်ကြားခြင်း

ဆရာတော် လောင်းလျာ ရှင်အာစာရသည် ယဉ်ကျေးသိမ်မွေ့မှုဆိုင်ရာစာပေကို အစပြု၍ ပိဋကတ်အခြေခံစာများကို မူလငယ်ဆရာအထံတွင်သင်ယူပြီး ငယ်ဆရာသည် အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆည်းကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ။ ဆိုသည့်ဆရာကျင့်ဝတ်နှင့်အညီ သင့်ရာအပ်ပို့ရန် စိတ်ကြံစည်ရာ လောကုတ္တရာရတနာ လောကီရတနာတို့၏ စုပုံရာဖြစ်ခြင်းကြောင့် ပရိယတ္တိ ပညာသင်ထေရ်ရှင်တို့၏ လွန်စွာပျော်မွေ့ရာ မန္တလေးမြို့တော် စာချ အာကျော်အခေါ်များထံသို့ ဆက်လက်ပညာသင့်ရန် အပ်နှံခဲ့ပေသည်။

## အရှင်အာစာရ၏ နေ့စဉ်ဆင်ခြင်ပုံ

အရှင်အာစာရသည် နေ့စဉ် ဗုဒ္ဓဟောပြအပ်သော—

အပမာဒေန ဘိက္ခဝေ သမ္ပာဒေထ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ မနုဿတ္တဘာဝေါ ဒုလ္လဘော ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော သဒ္ဓမ္မသဝနံ ဒုလ္လဘံ ဧဝံ ဒိဝသေ ဩဝဒီ။

လောက၌ ဘုရားပွင့်ဘဲ့အခါလည်း ရခဲ၏။ လောက၌ သမ္မာဒိဋ္ဌိအယူရှိတဲ့ လူအဖြစ်လည်း ရခဲ၏။ လောက၌ ကံ ကံ၏အကျိုးကို ယုံကြည်တဲ့ သဒ္ဓါရှိသူအဖြစ်လည်း ရခဲ၏။ လောက၌ ငါတို့ကဲ့သို့သော ရှင်ရဟန်းအဖြစ်ကိုလည်း ရခဲ၏။ လောက၌ သူတော်ကောင်းတရားဓမ္မကို ကြားနာရတဲ့သူအဖြစ်လည်း ရခဲ၏။ ဟူသော ဤဒုလ္လဘတရားငါးပါးကို နေ့စဉ်အထပ်ထပ်ဆင်ခြင်သုံးသပ်ခါနေလေသည်။

## သာသနာတော်ကို အသက်ပေးမည်

"လိုလျှင်ကြံဆ နည်းလမ်းရ" ဆိုသည့်အတိုင်းဆင်ခြင်စဉ်းစား သုံးသပ်ဖန်များသောအခါ စိန္တာမယဉာဏ် ရင့်သန်လာတော်မူသော ဆရာတော်လောင်းလျာ အရှင်အာစာရသည် ပရိယတ္တိ သာသနာ့တာဝန်ကို ထမ်းဆောင်ရင်းပင် သာသနာတော်၏ အန္တရာယ်မဆုံးဖြတ်နိုင်သော တန်ဖိုးအနန္တတို့ကို သိရှိသဖြင့် ထိုသာသနာတော်ကို အသက်ပေး ကာကွယ်ထိုက်သည်။ သာသနာ၌ အသက်ကို ပေးသင့်သည်ဟု ဆုံးဖြတ်ချက်ချခဲ့ပေသည်။

## သာသနာတည်ကြောင်း ဗုဒ္ဓနည်းလမ်းကောင်း

သာသနာတော်ကို ကာကွယ်ဖို့ အသက်ပေးဖို့ ဆုံးဖြတ်ချက်ချခဲ့သည်အားလျော်စွာ ဝိနယော ဣတေ သာသနံ ဌိတံ ဝိနယောနာမ သာသနဿ အာယု ဝိနည်းတည်သော် သာသနာတည်၏ ဝိနည်းသည် သာသနာတော်၏ အသက်။

ပရိယတ္တိယေဝ သာသနဿ မူလံ ပရိယတ္တိသည် သာသနာတည်ခြင်း၏ အကြောင်းရင်းဟု သာသနာတည်ကြောင်း ဗုဒ္ဓ၏ နည်းလမ်းကောင်းကို လက်ကိုင်ပြုလျက် မြင်မြင်သမျှ သခါချတို့သည် မမြဲသောသဘောစသည်ဖြင့် စိတ်စောသော်သည်း မိမိ၏ အရွယ်ပမာဏကို ထောက်ထားပြီး ဝီနည်းကျင့်ဝတ်ကို အသက်ပမာပြု ပရိယတ္တိကို စီးပွားပမာ စုရင်းဘုရား၏ သာသနာကို ထမ်းဆောင်ကာ ရဟန်းတို့ တတ်သင့် တတ်ထိုက် သိသင့် သိထိုက်သော စာပေပိဋကတ် အရပ်ရပ်ကို မနားမနေ သင်ယူဆည်းပူးကာ နေလေသည်။

## စိတ်ကောင်းပြည့်က မိတ်ကောင်းရ

စာပေပစ္စည်း စုနေစဉ် ထက်အောက် မြန်မာပြည် ပြည်တွင်း ပြည်ပအနယ်နယ် အရပ်ရပ်မှ ပျားပန်းခပ်မျှ ဝိုင်းအုံလာရောက်ခါ မန္တလေးမြို့တော်၌ စာပေ သင်ကြား ဆည်းပူးကြသော စာသင်သား ပျားပိတုံးတို့သည် လွန်စွာ ပေါများရကား မိမိတို့စရိုက်အားလျော်စွာ သာလျှင်တွေ့ကြုံဆုံကြ ပေါင်းသင်းဆက်ဆံ နေထိုင်ကြကာ သမဂ္ဂသုခကို ရယူကြကုန်၏။ ထိုသည့် စာသင် ပျားပိတုံးတို့တွင် တပါး အပါအဝင်ဖြစ်သော အရှင်အာစာရသည် "စိတ်ကောင်းပြည့်က မိတ်ကောင်းရ" ဆိုသလို စိတ်ကောင်းပြည့်ဝသဖြင့် မိမိနှင့် အဇ္ဈာသယ သမစိတ္တ၊ စိတ်တူမျှသော အရှင်ဝဏ္ဏ စသော မိတ်ကောင်းကို ရရှိလေသည်၊

## မိတ်ကောင်းရှိမှ ဥစ္စာရ

"အာနန္ဒာ ကလျာဏမိတ္တသည် လောကီကျိုး လောကုတ္တရာကျိုးနှစ်ပါးကို လုံးဝဥဿုံ ပြီးစေနိုင်၏" ဟူသော ဗုဒ္ဓလမ်းညွှန်ချက်ကို အစဉ်လက်ခံထားသူ အရှင်အာစာရသည် ကလျာဏမိတ္တ၏ ကျေးဇူးကိုနားလည် သဘောပေါက်ထားပြီးဖြစ်ရကား ဒဠှမိတ္တ အရှင်ဝဏ္ဏတို့နှင့် အတူ ဘုရား၏ သာသနာတော်ကို အစွမ်းကုန် ပြုစုမည် ဟူသော ရည်ရွယ်ချက်ဖြင့် ဒေသစာရီ ဖြတ်တောက်ကာဖြင့် အထက်မြန်မာပြည် မန္တလေးမြို့တော်မှ အောက်ပြည်သို့ စုံဆင်းခဲ့လေသည်။

## အောင်မြေပင်မ တောထွက်ကြ

ဝိနယ ဂရုတ လဇ္ဇီပေသလ သိက္ခာကာမ သပြဟ္မစာရီ သီတင်းသုံးဖော် ဖြစ်ကြကုန်သော မန္တလေးမှ စာသင်ပြန် ပဲခူး တောရဂိုဏ်း၏ မျိုးစေ့ကို စိုက်ပျိုးကြမည့် ထိုမထေရ်လေးဦးတို့သည် မိမိတို့၏ အရည ဝါသီ ဘောရမှီ စိတ်ရှိကြသည့်အတိုင်း တိုင်ပင်ကြပြီးလျှင် ဈေး ညောင်ပင်သား ဦးသုမနသည် အရွှေ့ ရွှေနှံ့သာသို့ တောထွက်၏။ ပဲခူးမြို့သား ဦးသုမနသည် ရွှေဘန်းအရပ်သို့ တောထွက်၏။

ဇိုင်းဂနိုင်းကြီးသား ဦးဝဏ္ဏနှင့် အထက်မြန်မာပြည်သား ဦးအာစာရတို့သည် အောင်မြေပင်မ ကလျာဏီသို့ တောထွက်ကြ၏။

## သမဂ္ဂသုခ လွန်ပြည့်ဝ

ကလျာဏီ တောရပျော် အရှင်ဝဏ္ဏနှင့် အရှင်အာစာရတို့သည် ဘုရားရှင် လက်ထက်တော်က ရှင်အနုရုဒ္ဓါ ရှင်ကိမ္ဗိလ ရှင်နန္ဒိယ စသော မထေရ်တို့ ထုံးကို နှလုံးသွင်းပြီးလျှင် အေးအတူ ပူအမျှ သမဂ္ဂသုခနှင့် လွန်စွာပြည့်စုံ သီတင်းသုံးတော်မူကြကုန်၏။

## စေတိယင်္ဂဏဝတ် စသည်ပြု

အရှင်အာစာရသည် အရှင်ဝဏ္ဏ ပျံလွန်တော်မူပြီးနောက် ကလျာဏီ တောရကျောင်း၌ ပရိယတ်၊ ပဋိပတ် အလုပ်ကို ဆက်လက်ပြုလုပ်ရင်း စေတိယင်္ဂဏဝတ်၊ ဗောဓိယင်္ဂဏဝတ်ကိုလည်း ပြုတော်မူသည်။ ကလျာဏီ သိမ်တော်ကြီးကိုလည်း စောင့်ရှောက်တော်မူသည်။

## သိမ်တန်ဆောင်ကြီး မီးလောင် သံဝေဂဖြစ်

သက္ကရာဇ် ၁၂၃၅-နှစ် တန်ခူးလကွယ်နေ့ ည ၁၀-နာရီခန့်တွင် ကလျာဏီ သိမ်တန်ဆောင်းတော်ကြီး အတွင်းရှိ ဘုရားရှင် ရုပ်ပွားတော်

ကြီးများ ပူဇော်ထားသည့် ဆီမီးများမှ ကူးစက်၍ သိမ်တန်ဆောင်း တော်ကြီး မီးလောင်သဖြင့် များစွာ သံဝေဂ ဖြစ်တော်မူခဲ့လေသည်။

## သိမ်တန်ဆောင်း အသစ် ဆောက်လုပ်ရာ၌ စီမံဆောင်ရွက်ခြင်း

ယင်းသို့ သိမ်တန်ဆောင်းကြီး မီးလောင်သွားသဖြင့် သံလျင်မြို့အပိုင် ပုဂံတောင်ရွာ သဌေးဦးသိန်းနှင့် ဇနီး ဒေါ်မှိုဉ တို့က ထိုသည့် ၁၂၃၅-ခုနှစ်မှာပင် သိမ်တန်ဆောင်းတော်ကြီး အသစ် ဆောက်လုပ် လှူဒါန်းလေရာ ဆောက်လုပ်စဉ် အတောအတွင်း ဆရာတော် အရှင် အာစာရသည် ကြပ်မတ် ဆောင်ရွက်တော်မူသည်။ အရှင်အာစာရသည် သီရိမ္မာသောကမင်းကြီး၏ အသောကာရုံ ကျောင်းတိုက်ကြီး တည် ဆောက်စဉ်က အရှင်ဣန္ဒဂုတ္တ ထေရ် တမူ တူတော်မူသည်။

## ရေစက်ချပေး၍ အလှူခံခြင်း

၁၂၃၅-ခုနှစ် နတ်တော်လဆန်း ၁၀-ရက်နေ့တွင် သိမ်တော်ကြီး ရေစက်ချပွဲ ကျင်းပ၍ ရေစက်ချ၍ သိမ်တော်ကြီးကို သာသနာတော် အတွက် အလှူခံတော်မူခဲ့လေသည်။

## ပဝါရဏာပွဲ အစ အရှင်အာစာရ

ဆရာတော် အရှင်အာစာရသည် သဘောတရား ကြီးမားကျယ်ပြန့် သော ပုဂ္ဂိုလ်ဖြစ်သည့် အားလျော်စွာ မိမိ၏ သူတော်ကောင်းတရား ပြန့်ပွားရေး တိုက်တာ၏ သာသနာတော် တိုးတက်ရေး တိုက်တာအား ထား ဒါယကာ ဒါယိကာမများ၏ လောကီ လောကုတ္တရာ နှစ်ဖြာ သော အကျိုး ငွေတုပ္ပန် သံသရာ နှစ်ဖြာသော အကျိုး ပွားတိုးရေး မိမိတို့ လွန်စွာ လိုလား၍ အနှစ်နှစ်အလလ အားထုတ်မှ ရလာခဲ့သော

အရညာဝါသီ၊ သမြဟ္မစာရီ တို့၏ ထာဝစဉ် ညီညွတ်ပြီးလျှင် အရှည် ခန့်၍ တည်တံ့ရေးတို့ကို လွန်စွာ လိုလားတော်မူသည်ဖြစ်၍ သာသနာမှု အစုစုတို့၌ အတူ ပြုလေ့ရှိသော မဟာစေတီ ပထမ ဆရာတော် အရှင် ဂုဏ စသော မထေရ်တို့နှင့် တိုင်ပင် စီမံချက်ချပြီးလျှင် ပဲခူး အရညာဝါသီ နိကာယ တဂိုဏ်းလုံး၏ ပဝါရဏာပွဲကို ၁၂၃၅-ခုမှစ၍ နှစ်စဉ် သီတင်း ကျွတ်သပြည့် မဟာပဝါရဏာ နေ့၌ မဟာကလျာဏီ သိမ်တော်ကြီးသို့ ကြွရောက် ပဝါရဏာပြုရန် စီမံတော်မူခဲ့လေသည်။ ထိုနှစ်မှစ၍ နှစ်စဉ် မပြတ် ပဝါရဏာပွဲကြီး ဖြစ်လေတော့သည်။[၁]

## ပဲခူး အရညာဝါသီ ရွှေကျင် နိကာယကြီး၏ အစဆုံး မဟာနာယကဆရာတော် ဖြစ်တော်မူခြင်း

အရှင်အာစာရ မဟာထေရ်သည် ပဲခူး အရညာဝါသီ သမြဟ္မစာရီ တောရမှီတို့ ပေါ်ထွက်ရေးအတွက် အနှစ်နှစ်အလလ စတင် ပါဝင် ကျိုးစားခဲ့ခြင်း မဟာကလျာဏီ သိမ်တော် အဆောက်အဦကြီးကို သာသနာတော်အဘွက် သည်ပိုး ဆောင်ရွက်ခဲ့ခြင်း၊ အရညာဝါသီ နိကာ ယကြီး အရှည်ခန့်၍ တည်တန့်အောင် ဂိုဏ်းလုံးကျွတ် သံဃာ့ မဟာ ပဝါရဏာပွဲကြီးကို စတင် ချမှတ်တော်မူခြင်း စသော သမိုင်းတွင်မည့် အကျိုးများကို သည်ပိုးတော်မူသည့်အပြင်—

ခမာဇာဂုရိယုဌာနံ၊ သံဝိဘာဂေ ဒယိက္ခဏာ။
နာယကဿ ဂုဏာ ဧတေ၊ ဣစ္ဆိတဗ္ဗာ သတံဂုဏာ။

ထကြွနိုးကြား သနားသည်းခံ ဝေဘန်ထောက်ရှု၊
ဤခြောက်ခု ကြီးသူကျင့်ဝတ်သာ။

ဟူသော ခမာဇာဂရိယဂုဏ်၊ ဥဋ္ဌာနဂုဏ် စသော နာယကဂုဏ်အင်တို့ ဖြင့် လွန်စွာပြည့်စုံတော်မူသည်ဖြစ်၍ အခက်ပြုပြင် တောနှင့်ကျင်

---

၁။ ဘုန်းတော်ကြီး ဦးသီလ ထေရုပ္ပတ္တိ-နှာ-၁၇။

ခင်မင်ကြလျှင်ပဲ ဟူသည့် ၁၂၅၅ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့သော တောရနှင့်ရွှေကျင် ပူးပေါင်းသော အရည၀ါသီ ရွှေကျင်နိကာယ ကြီး၏ အမွန်အစ မဟာနာယကအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။[၁]

## သာသနာတော် တိုးတက်ရန် လိုလားသူ

ဆရာတော် အရှင်အာစာရသည်လည်း ဘုရားမြတ်စွာ သာသနာ တော် တိုးတက်စည်ပင်ရေးကို များစွာလိုလားတော်မူသည့် ဆရာတော် ဖြစ်တော်မူသည်။ ထက်သန်သော ဇွဲလုံ့လဝီရိယဖြင့် ကလျာဏီတိုက် ဟာ သာသနာကို တိုးတက်ကြီးပွားအောင် ဆောင်ရွက်တော်မူသည်။ ထို့ကြောင့်ပင် အရှင်စန္ဒိမာ မဟာထေရ်ကဲ့သို့သော တိုင်းတပါးကျော် ကြား ထပည့်ကြီးများ ပေါ်ပေါက်ခဲ့သည်မဟုတ်ပါလော။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ယင်းသို့ မဟုဿာဟ ဇွဲလုံ့လဖြင့် သာသနာကျိုးကို သည်ပိုးဆောင် ရွက်စဉ် သက္ကရာဇ် ၁၂၆၃-ခုနှစ် သက်တော် (၇၂) နှစ် သိက္ခာ တော် ၅၂-ဝါအရတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ကိလေသသတ္တုံ အဇိတွာ၊
အဇေယျော မစ္စုသတ္တုကော။[၂]။

ကိလေသသတ္တုံ၊ ကိလေသာစက် သုံးထောင်ဝက်ရန်သူကို။ အဇိ- တွာ၊ မအောင်နိုင်သေးသည်ရှိသော်။မစ္စုသတ္တုကော၊ ယုတ်မာစင်းစင်း သေမင်းရန်သူကို။ အဇေယျော၊ မုချပုံသေ၊ မအောင်မြင်နိုင်ပါချေ။

---

၁။ အရည၀ါသီ ရွှေကျင်နိကာယသမိုင်း-နှာ-၂၀
၂။ မဟာဝံသ၊ ၃၂။ ၄၀၊



အရညဝါသိနိကာယ အာဒိကမ္မိကနာယက
အရှင်သီလသာရ မဟာထေရ်
(ဘုန်းတော်ကြီး·ဦးသီလ)

## ကလျာဏီနှယ်ဝင် ဘုန်းတော်ကြီး ဦးသီလ
## အရည၀ါသီနိကာယနာယက
## အရည၀ါသီ ရွှေကျင်နိကာယ နာယက

ထာဝစဉ် မေတ္တာ ကရုဏာ ရေအေး ရေစင်ဖြင့် ကြည်လင် ရှင်ပြ ပြည့်ဝတော်မူသဖြင့် ရဟန္တာဟူ၍ သမုတ်ခြင်းခံရသော ဘုန်းတော်ကြီး ဦးသီလသည် ၇-ဝ ါအရတွင် ကလျာဏီကျောင်းတိုက်၌ ၁-ဝ ါသီတင်း သုံး၍ ဆရာတော် အရှင်ဝဏ္ဏ အထံတွင် ပညာသင်ကြား သြဝါဒများကို ခံတော်မူခဲ့ဖူးလေသည်။

သည်မျှသာ မကသေး၊ အရှင်စန္ဒာလင်္ကာရ ဘွဲ့မည် ရှိတော်မူသော ဘုန်းကြီးပုံနှင့်အတူ ကလျာဏီကျောင်းတိုက် တောင်ဘက် တောထွက်ခဲ့၍ ကျောင်းယော်တခု၌ တကိုယ်တော်ဘည်း သီတင်းသုံးတော်မူ၍ တော အရဏ်ကို ကလျာဏီကျောင်းတိုက်အတွင်း၌သာ ခံယူတော်မူခဲ့သည်။ ဘုန်းတော်ကြီး ဦးသီလအဖို့သည်း ကလျာဏီ ကျောင်းတိုက်ကြီးသည် အောင်မြေသီရိ စစ်မှန်လှပေ၏။ သို့ဖြင့်၍ ဘုန်းတော်ကြီး ဦးသီလ၏ ဖြစ်တော်စဉ် အကျဉ်းကိုလည်း ဤကလျာဏီသာသနာဝင်၌ ကလျာဏ ဂိုဏ်းဝင် သူတော်စင်တို့ ကြည်လင်သော မျက်လုံးဖြင့် ကြည့်ရှု လေ့လာနိုင်ရန် ဖော်ပြအပ်ပါသည်။

### မီးရှူးသန့်စင် ဖွား မြင်တော်မူခြင်း

ဟံသာဝတီ၊ ဥဿာ၊ မဓေါ၊ ဝမ်းပဲကူး၊ ပဲကူး စသည် အမည်နာမ ဝေါဟာရ အမျိုးမျိုးတို့ဖြင့် ထင်ရှားလှသည့် ပဲခူးမြို့ မြောက်ဘက် ၂-မိုင် ကွာလှမ်းသည့် အထက် ဇိုင်းဂနိုင်းကြီးရွာ၌ အဘ ဦးထွန်းအောင် အမိ ဒေါ်ချိုတို့မှ သက္ကရာဇ် ၁၁၉၄ ခုနှစ်၊ နတ်တော်လဆန်း ဂ-ရက် သောကြာနေ့ နံနက် ဂ-နာရီအချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ လေသည်။[၁] ငယ်နာမည် မောင်ရွှေသာ ဖြစ်လေသည်။ ဘုန်းတော်ကြီး

---

၁။ ပဲခူးမြောက်ဘက် ၁၂-မိုင်ခန့်ကွာ ဘုရားကလေးရွာ ဇာတိ ဟူ၍ လည်းကောင်း၊ တစ်ကခလေးရွာ ဇာတိဟူ၍ လည်းကောင်း အဆို ရှိသေးသည်။

ကား- သားတော်ကြီးဖြစ်လေသည်။ ဘုန်းတော်ကြီးအောက်၌ ဒေါ်သူဇာ၊ ဒေါ်အို၊ ဒေါ်လှအောင်၊ ဦးဖိုးကျော်လှအားဖြင့် မွေးချင်း ၄-ယောက် ရှိလေသည်။

ပဲခူး တိ ပုရသေဋ္ဌမှိ၊ ဇိုင်းဂနိုင်းသံဝသဘေ သုတော။
ထေရက်ုရော ထိရသတ္တော၊ ဇာတော ခေါ်တိ သုဇ:တော ဟိ ဝေ။

## ကျောင်းနေ ပညာသင် ရှင်သာမဏေဝတ်

သက်တော် (၁၀) နှစ်သားအရွယ်တွင် အထက်ဇိုင်းဂနိုင်းကြီးအနီး ကော့ပြင်းရွာကျောင်း ဘုန်းတော်ကြီး ဦးမူးထံ၌ မိဘတို့က အပ်နှံသဖြင့် သူငယ်တို့တ:တ်အပ်ရာ ဒါရကသိက္ခာ စာပေများကို သင်ယူတော်မူခဲ့သည်။ သက်တော် ၁၂-နှစ်အရွယ်ရှိရာ သက္ကရာဇ် ၁၂၀၆-ခုနှစ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဘုန်းတော်ကြီး၏ စက်ရိပ်ဝယ် သ:ဝိတ္တိအဖွဲ့ နှစ်ဆယ့်လေးသွယ် စလွယ်သိုင်းခြုံ မဟာသရဏဂုံနှင့်တ:ကွ ဆယ်ပုံသီလ နိစ္စမြဲထွေ သာမဏေဘုံသို့ ရောက်တော်မူ၍ သာသန:ဝန်ကို အားသွန်ကြိုးပမ်း ထမ်းရွက်တော်မူခဲ့လေသည်။ ဘွဲ့တော် ရှင်သီလသာရဖြစ်သည်။

ဒွါဒသဝဿိကော ဟောတိ၊ ပတ္တော သာမဏေရတံ ဝရံ။
သီလသာရော တု နာမံဝ၊ ဥပဇ္ဈာယော သုကိတ္တယိ။

## ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

သက်တော် ၂၀-ပြည့်မြောက်၍ သက္ကရာဇ် ၁၂၁၃-ခုနှစ်၊ တပို့တွဲလတွင် ပဋိသန္ဓေနှင့်တကွ အသက် ၂၀-ပြည့်ဖိုးကြွယ်သဖြင့် ပဲခူးခရိုင် ကျိုက်ဒေးယျုံဘုရားကုန်းတော် အာရာမ်တွင်းရှိ ခဏ္ဍသိမ်တော်၌ ကျိုက်ဒေးယျုံဘုရားအနီး ပိလခတ် (ပိလခါး) ရွာ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ကာရကသံဃာတော်များစွာ

တို့ဖြင့် လောကိယသမ္ပဒါတို့ထက် အထက်တန်းကျသော ဥပသမ္ပဒဇာတ်ရဟန်းတော်အဖြစ်သို့ ရောက်တော်မူလေသည်။

ကျိုက်ဒေးယျုံသီမာသံ သော ဟိ၊ သီသသာရော သုဇာတိမာ။ ]
ဉ:သမ္ပဒတံ ပတ္တော၊ ထေရကုံရော သုဉာဏဝါ။

## ပညာ သင်ကြားတော်မူခြင်း

ကော့ပြင်းရွာ ဘုန်းကြီးမှူး (ဘုန်းတော်ကြီး ဦးမှူး) ထံ၌ ကျောင်းသားဝတ်ဖြင့် ၂-နှစ်၊ သာမဏေဝတ်ဖြင့် ၇-ဝါ၊ ရဟန်းသိက္ခာ ၂-ဝါရသည့်တိုင်အောင် သီတင်းသုံး၍ ပိဋကတ် အခြေခံ ကျမ်းစာများကို သင်ကြားတော်မူလေသည်။

## ပဲခူးမြို့၊ ရန်ကုန်မြို့တို့၌ ပညာသင်

သက္ကရာဇ် ၁၂၁၅-ခုနှစ်၊ ရဟန်းသိက္ခာ ၂-ဝါအရ သီတင်းဝါလကျွတ်ပြီးစ ချိန်ခါသမယတွင် ပဲခူးမြို့ မြို့ထောင့်ကျောင်း၊[၁] အောက်ပိုင်းသာသနာဂိုဏ်းအုပ်ဆရာတော်အရှင်စန္ဒာလင်္ကာရ အမည်ရှိတော်မူသောဘုန်းကြီးပုံ ထံတွင် ၃-နှစ်တိုင်တိုင် ပိဋကတ် အခြေခံ ကျမ်းစာများကိုဆက်လက်၍ သင်ယူတော်မူသည်။ ၁၂၁၈-ခုနှစ် ရဟန်းသိက္ခာ ၆-ဝါအရတွင် ရန်ကုန်မြို့ ပုဇွန်တောင် တောင်လုံးပြန် ရွှေကြက်ယက်ကျောင်း (ယခု ကျိုက်ထီးရိုးကျောင်းတိုက်) ဘုန်းတော်ကြီး ဦးမေဓာထံ၌ ၁-ဝါသီတင်းသုံး၍ စာပေကျမ်းဂန်များကို သင်ယူတော်မူသည်။

## ကလျာဏီတောရကျောင်း၌ ၁-ဝါ သီတင်းသုံး ပညာသင်

၁၂၂၀-ခုနှစ်၊ ရဟန်းသိက္ခာ ၇-ဝါအရတွင် ပဲခူးမြို့သို့ ပြန်ကြွတော်မူလာ၍ မဟာ ဆင်နေ ကျေးရွာ သစ်ပင်ပျိုတို့ဖြင့် စိမ်းစို ရှင်လန်းသည့်

---

၁။ ထောင့်ကျောင်းကား အစိုးရ ဆေးရုံကြီးမှ မြို့နီစီပယ် ကျောင်း။ မြို့နီစီပယ်ကျောင်းမှ ယခု အမှတ်-၂ အထက်တန်းကျောင်းဖြစ်သည်ဟု ဆိုသည်။
အရညဝါသီ ရွှေကျင် နိကာယသမိုင်း။ နှာ-၇။

ကလျာဏီတောရ ကျောင်းသိမ်း၌ တောထွက်၍ ဘေစာရီ တရားနှင့် အညီ သာသနာကျိုးအဘက်ဘက် ဖွံ့ဖြိုးရန် စိတ်အကြံနှင့် ကျင့်ကြံ ကြိုးကုတ် အားထုတ်၍ သီတင်းသုံးတော်မူခဲ့သော ကလျာဏီဆရာတော် အရှင်ဝဏ္ဏ[1] ထံ ရောက်ရှိကာ ဆက်လက်၍ ဂန္ထဓုရ အဝဝကို သင်အံ ကြိုးကုတ် အားထုတ်တော်မူသည်။

ကလျာဏီအာယတနပိ၊ သီလသာရော သုသီလဝါ။
ဝဏ္ဏာဘ ဝဏ္ဏတ္ထေရဿ၊ ဗဟုံ ဥဂ္ဂဟဏံ အကာ။

**စစ်ကိုင်း မန္တလေးတို့၌ ၁-ဝါစီ ပညာသင်**

သက္ကရာဇ် ၁၂၂၁-ခု ရဟန်းသိက္ခာ ၈-ဝါအရတွင် စစ်ကိုင်းသို့ ကြွတော်မူ၍ စစ်ကိုင်ပဲ့ပ်တောက်ချောင်း တောင်ရိုး အရိယဝံသ ရေငုံတိုက် ၌ စာပေကျမ်းဂန်များ လေ့လာ၍ ၁-ဝါ သီတင်းသုံးတော်မူသည်။ ၉-ဝါ အရတွင် မန္တလေးမြို့ အရှေ့ပြင် မဟာမေဓိကာရာမစေလင်းတိုက်၌ ၁-ဝါ သီတင်းသုံးတော်မူ၍ စာပေကျမ်းဂန်အရပ်ရပ်ကို သင်ယူတော် မူလေသည်။

**စာသင်ပြီ ဆုံး**

ဤသို့ အနယ်နယ် အစိုစို အမြို့မြို့ အရွာရွာ ဆရာသမား ရဟန်းတော် များစွာတို့ထံ ပညာသင်ကြားတော်မူခဲ့ရာ နေနည်း ထိုင်နည်း သာသနာ ပြုနည်းတို့ကို သိပ်သည်းကျန သိရှိ တတ်မြောက်တော် မူခဲ့လေသည်။

အနေကေသံ ဂရူနမ္ပိ၊ သန္တိကေ သုသီလော ယတိ။
သီလသာရော ဝိဒ္ဒတ္တံ ဟိ၊ ပတ္တောန္တော သိက္ခနံ ကရိ။

**တောထွက်မည်ဟု ယတိပြတ်ဆုံးဖြတ်**

အရှင်သီလသာရသည် ရဟန်းသိက္ခာ ၉-ဝါအရ မန္တလေး၌ သီတင်း သုံး၍ ပညာသင်ကြားစဉ် မကျန်းမမာဖြစ်သဖြင့်—

---

၁။ ဆရာတော် အရှင်ဝဏ္ဏသည် တောရဂိုဏ်း ဖြစ်မြောက်ရေး ကြိုးပမ်း သည့် မဟာထေရ်မြတ်တပါး ဖြစ်တော်မူသည်။

အသက်အရွယ်၊ နုနယ်နယ်၊ တကယ်သေနိုင်၏။
အသက်အရွယ်၊လတ်အလယ်၊ တကယ် သေနိုင်၏။
အသက်အရွယ်၊ ကြီးချိန်ဝယ်၊ တကယ် သေနိုင်၏။
အသက်အငယ် ရွေးမချယ်၊ တကယ်အနိစ္စပါဘကား—

ဟူသည်နှင့်အညီ ဆင်ခြင်တွေးတောပြီး သေဘေးနှင့် တနေ့နေ့ရင်ဆိုင်ရမည်ဟု ငြီးငွေ့ကြံစည်တွေးဆတော်မူပြီး ဂါမဝါသီ ရဟန်းဘဝအနေနှင့် မနေပဲ တောထွက်မည်ဟု ရဟန်းသိက္ခာ ၃၄-ဝါအရ ယူတိပြတ် ဆုံးဖြတ်ချက်ချတော်မူသည်။

## တတောဝင် တတောထွက်

၁၂၂၃-ခုနှစ် ရဟန်းသိက္ခာ ၁၀-ဝါရပြီးသောအခါ မိမိဆုံးဖြတ်ချက်ကို နှလုံးပိုက်လျက် ခန္ဓာကိုယ် ရုပ်ကာယမခံ့ကျန်းသဖြင့် ဇာတိချက်ကြွေ မွေးရပ်မြေသို့ စုံဆင်းတော်မူခဲ့ပြီး လာကမွှာ်ရွာ ဈေးညောင်ပင်ရွာ စသည်တို့၌ လအနည်းငယ်စီ သီတင်းသုံးတော်မူ၍ ပတ္တမြားစေတီကျိုက်ာတိုင်ကုန်းတန်း ဂူကုန်းတို့၌ အရညဝါသီပုဂ္ဂိုလ်အဖြစ် တတောဝင်တတောထွက်ကာ သီတင်းသုံးတော်မူခဲ့လေသည်။

တပေါဝနာ တပေါဝနေဟိ၊ ဝိဟရိတွာန သုဝိတိမာ။
ဘာဝနံ အနုယုဉ္ဇိတွာန၊ ဇိနဿ စိတ္တတောသယိ။

## တောရမှီ ယော ဂီရဟန်းတော် အရှင်သီလသာရ
## အဋ္ဌကထာဆရာ၏ ဥယျောဇဉ် ဆင်ခြင် ပျော်ရွှင်ခြင်း

တတောဝင်တတောထွက် နေရာဌာန၌ တပ်မက်ဘွယ်ဘာမှ မပြုပဲ သစ်ပင်မြင်ကရ ငါ့အတွက် ကိန်းအောင်းမှီခိုနေထိုင်ရာ ကျောင်းဟု သဘောပိုက်တော်မူ၍ ပဲခူးတစိုက်ရှိ တောများ၌ ၁ပိဘ် ၁-လုံးသုံးထည်သောသက်န်းဖြင့် ရဟန်းကိစ္စ ဝိပဿနာ ဓုရကို မဟုဿာဟ

ဇွဲလုံ့လဖြင့် ကြိုးကုတ်အားသစ်တော်မူခဲ့လေသည်။ရဟန်းတော် အရှင်သီလသာရသည်—

ပဝိဝိတ္တော အသံသဋ္ဌော၊ ပန္တသေနာသနေ ရတော။
အာရာမယေန္တော နာထဿ၊ ဝနဝါသေန မာနသံ။

ကောဝ အရညေ နိဝသံ၊ ယံ သုခံ လဘတေ ယတိ။
ရသံ တဿ န ဝိန္ဒန္တိ၊ အပိ ဒေဝါ သဣန္ဒကာ။

ပံသုကူလဥ္စ သောဝ၊ ကဝစံ ဝိယ ဓာရယံ။
အရညဂါမဂတော၊ အဝသေသဓုတာယုဓော။

သမတ္ထော နစိရဿေဝ၊ ဇေတုံ မာရံ သဝါဟနံ။
တသ္မာ အရညဝါသမှိ၊ ရတိံ ကယိရာထ ပဏ္ဍိတောတိ။

ပဝိဝိတ္တော၊နှစ်ဖြာကိုယ်စိတ် လွန်ငြိမ်တိတ်သော။ အသံသဋ္ဌော၊လူသူထုပြော တသောသောနှင့် မရောန္နောသော။ ပန္တသေနာသနေ၊လူနေမြို့ရွာ လွန်စွာကာလ အစွန်အဖျားအနားကျသော တောရကျောင်း၌။ ရတော။ သမထဝိပဿနာ နှစ်ဖြာအလုပ် အားထုတ်စူးစိုက်မွေ့လျော်ပျော်ပိုက်သော။ ဝနဝါသေန၊ တကိုယ်တော်တည်း တောမှာနေနည်းဖြင့်။ နာထဿ၊ လောကဥက္ကဋ္ဌ ဘုရားမြတ်၏။ မာနသံ၊ အေးကြည်ရွှင်ပြုံး ရွှေနှလုံးတော်ကို။ အာရာမယေန္တော၊ အားရကျေနပ်နှစ်သက်စေတတ်သော။ ယတိ၊ သာသနာ့ဝန်ထမ်း ရဟန်းတော်သည်။ အရညေ၊ စီးတသွင်သွင် စမ်းရေယာဉ်နှင့် စိမ်းရွှင်ပျံ့မြစ် သစ်ပင်တွေပေါ တောရကျောင်း၌။ နိဝသံ၊ ရှေ့သွားနောက်လိုက် သိုက်မြိုက်ကင်းကွာ မှီတင်းနေသည်ဖြစ်၍။ ယံ သုခံ ရသံ၊ အကြင်ဝိဝေကခေါ်မှန်းချမ်းသာသုခအရသာကို။ လဘတေ၊ ပုံသေမုချ ရ၏။ တဿ၊ အရညဝါသီ တောနေမှီငြမ်း ယောဂီရဟန်း၏။ တံ့သုခံ ရသံ၊ ထိုဝိဝေကခေါ်မှန်း ချမ်းသာသုခအရသာကို။ သဣန္ဒကာ ဒေဝါအပိ၊ သိကြားမင်းနှင့်တကွ နတ်ဒေဝါတို့သည်သော်လည်း။ န ဝိန္ဒန္တိ၊ ပုံသေမုချ ခံစားမရကြလေကုန်။

ကာဝစံ၊ ချပ်ဝတ်တန်ဆာကို။ ခါရယံ၊ သေသေသပ်သပ် ဝတ်ဆင်လျက်။ သဝါဟနော၊ ဆင်တပ်မြင်းတပ်နှင့် တကွဖြစ်သော။သင်္ဂါမဂ=တော၊ စစ်မြေအောင်တပ်သို့ ရောက်သော။ ခတ္တိယော၊ ရေမြေသနင်း မင်းသည်။ ဝေရီ၊ ဆန့်ကျင်ဘက်ဟူ တဘက်ရန်သူကို။ဇေတုံ၊တိုက်ခိုက်သုတ်သင် ဆော လျင်စွာ အောင်မြင်မြင်းငှာ။ သမတ္ထော ဝိယ၊ စွမ်းနိုင်ရဲရဲ အောင်ပွဲရသကဲ့သို့။ ပံသုကူလဥ္စ၊ ပံ့ သကူသက်န်း ချပ်ဝတ်တန်ဆာကိုလည်း။ ခါရယံ၊ ဝတ်ရုံဆင်မြန်းလျက်။ အစသေသဓုတာယုခေါ၊ ပံ့သုကူဓုတင်မှ ကြွင်းကျန်သော ဓုတဓမ္မ လက်နက်အဝဝကို မုချမြဲကိုင်စွဲလျက်။ အရညသင်္ဂါမဂတော၊ ကြည်ဖွယ်ကောင်းလှ တောရကျောင်းဟူသော စစ်မြေအောင်တပ်ချသော။ သောဝ၊ ဤအရညဝါသီ တောနေမှီသော ယောဂီရဟန်းသည်သာလျှင်။ နစိရဿေဝ၊မကြာမတင် လျင်မြန်စွာသာလျှင်။ သဝါဟနံ၊ အနုသယကိလေသာမည်ရ ဆင်တပ်မြင်းတပ်နှင့်တကွဖြစ်သော။ မာရံ၊ ကိလေသာမာရ် ရန်သူကို။ ဇေတုံ၊ တိုက်ထုတ်ပယ်နှင် အောင်မြင်ခြင်းငှာ။ သမတ္ထော၊ စွမ်းနိုင်သူသည်။ ဘဝိဿတိ၊ ဖြစ်လတံ့။

တသ္မာ၊ထိုကြောင့်။ပဏ္ဍိတော၊သံသရာဘေး တွေးခေါ်ဆင်ခြင် ပညာရှင်ရဟန်းတော် သည်။ အရညဝါသမှီ၊ သူတော်စင်တို့ ခိုဝင်ပျော်အောင်း တောရကျောင်း၌။ရတိံ၊မွေ့လျော် ပျော်ပိုက် နှစ်ခြိုက်ခြင်းကို။ကယိရာ-ထ၊သဒ္ဓါလုလု ပြုရာ၏-ဟူသော ကျမ်းပြုလိမ္မာ အရှင်မဟာ ဗုဒ္ဓဃောသဆရာတော်၏ ဥယျောဇဉ်ကို နှလုံးသွင်းဆင်ခြင်ကာ တော မှာ ပျော်တော်မူလေသည်။

## ဆရာတော်သခင် အရှင်မြတ် တောထွက်အောင် ဆွဲဆောင်ခြင်း

ရဟန်းတော် အရှင်သီလသာရသည် တောရကျောင်းမှာ နေရင်း "ရွှေသွားနောက်လိုက် သိုက်မြိုက်မလို ကြံချီပမာ တကျောင်းသာတည့် ရှောင်ခွါဖော်နည်း တကိုယ်တည်း ဖြင့် တောထည်းဝင်ခို ချမ်းသာပို၏" ဟူသည်နှင့် တောရကျောင်းမှာ တပါးတည်း ကိန်းအောင်းရတာ ဒုက္ခ

နည်းလိုက်တာ ချမ်းသာလိုက်တာ ကျောင်းအတွက် ဒကာ ဒကာမအတွက် ပလိဗောဓ ဘာမှ မစိုက်ရဘူး ပလိဗောဓ မလိုဘူး ငါ့ရဲ့ကျေးဇူးရှင်ဆရာ သခင်တပါးဖြစ်တော်မူတဲ့ အရှင်စန္ဒာလင်္ကာရ (ဘုန်းကြီးပုံ) ငါလိုတော ထွက်ရင် အလွန်လျှင် ကောင်းလေစွဟု ယောနိသောမနသိကာရ နှလုံး သွင်းတော်မူပြီး ပဲခူးမြို့သို့ ကြွတော်မူပြီး၍ ဆရာတော် အရှင်စန္ဒာလင်္ကာရ (ဘုန်းကြီးပုံ)၏ ထောင့်ကျောင်းအဝင်ဝ ဇရပ်တခု၌ တည်းခိုသီတင်းသုံး ကာ ဆွမ်းခံ၍ မျှတတော်မူသည်။ ကျောင်းပေါ်သို့ကား တက်တော် မမူချေ။ အရှင်သီလသာရရောက်၍ ၂-ရက်ရှိလေသော် ဆရာတော်အရှင် စန္ဒာလင်္ကာရ (ဘုန်းကြီးပုံ) ဆင်းကြွတော်မူ၍-ငါ့ရှင် ... ငါ့ရှင်သည် ကျောင်းလာပြီး ကျောင်းပေါ်သို့မတက် ဇရပ်ပေါ်၌သာ နေသည်။ ငါ့အပေါ် အဘယ်သို့ အပြစ်မြင်သနည်းဟု မေးမြန်းလေရာ အရှင်သီလ သာရက—

အိုဆရာတော်ဘုရား....ဆရာတော်သည် တပည့်တော်၏ အနန္တဂုဏ်အင် ကျေးဇူးတော်အရှင် ဖြစ်တော်မူပါသည်။ ဆရာတော်အထံ၌ ဝိနည်းကျမ်း ဂန်တို့ကို သင်ယူခဲ့ရပါသဖြင့် ဝိနည်းအရာ အထိုက်အလျောက် ကျွမ်းကျင် လိမ္မာသူ ဖြစ်ရပါသည်။ ဝိနည်းဥပဒေတော်နှင့် အပြစ်ကင်းသည့် အချက် အသက်တို့ကို မျက်တွေ့ထင်ထင် မြင်ပါသဖြင့် ကျေးဇူးဆပ်ရန် ကြံစည်၍ စောင့်မျှော်လျက် ရှိပါသည်ဟု လျှောက်ထားလေသည်။

ထိုအခါ ဆရာတော်အရှင်စန္ဒာလင်္ကာရ (ဘုန်းကြီးပုံ)က အိုငါ့ရှင်.... ငါ့ရှင်နှယ် တော်လိုက်တာ မှန်တာကို ပြောဖော်ရတယ်။ ပြုပြင်ဖော် ရတယ်။ငါ့မှာတပည့်တပန်းတွေအများကြီးရှိတယ်။သို့ပေမဲ့ အခြားတပည့် တွေ အားမကိုးဘူး။ ငါ့ရှင်ကိုသာ အားကိုးတယ်။ ငါ့ရဲ့ မသင့်တင့် သော အရာများကို ပြုပြင်ပါ။ ငါ့ကိုပစ်မထားနဲ့။ ဝိနည်းဥပဒေနဲ့ မညီညွတ်သမျှကို မြှုံမထားနဲ့။ ပြုပြင်ရန် ငါထာဝစဉ် ခွင့်ပေးသည်ဟု မိန့်တော်မူလေသည်။

ထိုအခါ အရှင်သီလသာရက အိုဆရာတော် ဝမ်းသာလိုက်လေဘုရား။ ဆရာတော်ကား တကဲ့သူတော်ကောင်းပါ။ တပည့်တော် အတိအလင်း

လျှောက်ပါမယ်။ ဆရာတော်မှာရှိတဲ့ လှည်းယဉ် လှေလောင်းမှ စ၍ သာသနာတော်နှင့် မတော်မလျော်တဲ့ အသုံးအဆောင်ပလိပေါတွေ ဟူသမျှကို သုတ်သင်ရှင်းလင်းတော်မူပါဟုလျှောက်ထားလေတော့သည်။

## ကလျာဏီသို့ ဆရာတပည့် တောထွက်ကြလေပြီ

သက္ကရာဇ် ၁၂၂၆-ခုနှစ် အရှင်သီလသာရ ၁၃-ဝါအရတွင် ပဲခူးမြို့၌ ထင်ရှားသော ဂိုဏ်းအုပ်ဆရာတော် အရှင်စန္ဒာလင်္ကာရသည် ဂိုဏ်းအုပ်အဖြစ် နုတ်ထွက်ခြင်း၊ ကျောင်းတိုက်ကြီးကို အစိုးရအား ပေးစွန့်ခြင်းတို့ကိုပြု၍ ပဗ္ဗာဇနီယကံ ဆောင်တော်မူ၍ ကလျာဏီ အရှင်ဝဏ္ဏ[၁] အရှင်သီလသာရ တို့ကို နောက်လိုက်ရဟန်းပြု၍ သပိတ် ၁-လုံး သုံးထည်သော သင်္ကန်းဖြင့် ကလျာဏီ တောရကျောင်းသို့ ထွက်တော်မူခဲ့၍ တောရဂိုဏ်းအစ ရှင်ကျော် (၄)ပါး ပေါင်းဆုံမိကြလေသည်။ ထိုအခါ ဆရာတော် အရှင်စန္ဒာလင်္ကာရမှာ သက်တော်-၆၇ ဝါတော် ၄၀-ရှိ၍ အထက်မဇ္ဈိမအရွယ်သို့ ရောက်တော်မူခဲ့လေသည်။ သို့ဖြစ်၍ ပဲခူး၌ ထိုသည့် သက္ကရာဇ် ၁၂၂၆ ခုနှစ်မှစ၍ ဂါမဝါသီ ဂိုဏ်း၊အရညဝါသီ ဂိုဏ်း (တောရဂိုဏ်း)ဟူ၍ ၂-ဂိုဏ်း ဖြစ်လာခဲ့လေသည်။

ဆဗ္ဗိသဘိယာ အဓိကာ၊ ဒွိသတေ ကသဟာဿကေ။
ဟာယနေ အရညဝါသီ-နိကာယော ယံ သမုဗ္ဘဝိ၊

## ကလျာဏီ တောရကျောင်း တိုက်အတွင်း တောအာရုံခံ

သက္ကရာဇ် ၁၂၂၇-ခုနှစ် တွင် ဆရာတော် အရှင်စန္ဒာလင်္ကာရ (ဘုန်းကြီးပုံ)သည် ကလျာဏီကျောင်းတိုက် တောင်ဘက်တွင် ကပ်လျက်ရှိသော သင်္ဘေးပင် လေးတိုင်စင် ကျောင်းငယ်၌ သီတင်းသုံးတော်မူ၍ ဝိပဿနာအလုပ် ကြိုးကုတ်တော်မူသည်။ ဘုန်းတော်ကြီး

---

၁။ ကလျာဏီ ဆရာတော် အရှင်ဝဏ္ဏ။

ဦးသီလသည်လည်း ဆရာတော် အရှင်စန္ဒာလင်္ကာရ (ဘုန်းကြီးပုံ)နှင့် အတူ လိုက်တော်မူကာ ဆရာတော် အရှင်စန္ဒာလင်္ကာရ (ဘုန်းကြီးပုံ) ကျောင်းငယ်ကလေးနှင့် မနီးမဝေး တပါးနေ လေးတိုင်စင်ကျောင်း ကလေး၌ သိတင်းသုံးတော်မူ၍ ဝိပဿနာဓုရ အလုပ်ကို ကြိုးကုတ်တော် မူသည်။

ဘုန်းတော်ကြီး ဦးသီလသည် ဖော်ပြပါ ကျောင်းငယ်ကလေး၌ သိတင်းသုံးတော်မူပြီး အာရုံမတက်မီ ဖော်ပြပါ ကျောင်းကလေးမှ ဆင်းကြွတော်မူ၍ ကလျာဏီ ကျောင်းတိုက်အတွင်း၌ တော အာရုံ ခံတော်မူသည်။ တကယ်တော့ ကလျာဏီကျောင်းတိုက်ကား ဘုန်းတော် ကြီး ဦးသီလ၏ သီလ သမာဓိ ပညာ သိက္ခာ သုံးဆင့် ရင့်ကျက်အောင် အောင်မြင် ထွားကြိုင်းအောင် ပြုရာ အောင်မြေမဟီ စစ်ခုံနှလုံပါ ပေသည်။

ကလျာဏီသုအင်္ဂဏံ ဟိ၊ သီလဿ သီလမာနိနော။
သိက္ခာနံ သုပူရဏောဟိ၊ ဝိသိဋ္ဌအင်္ဂဏံ ဘဝေ။

## ဂင်္ဂါတီရိယမထေရ်နှင့် တူသူ

ဆရာတော် ဦးသီလကား ဘုရားရှင်လက်ထက်တော်က သာသနာ တော်တွင် ထင်ရှားသည့် ဂင်္ဂါတီရိယမထေရ်၏ ကျင့်ပုံနှင့် တူလှသည်။ ဂင်္ဂါတီရိယ မထေရ်သည် ဂင်္ဂါမြစ်ကမ်းနား၌ ထန်းရွက် ၃-ရွက်ဖြင့် မိုးထားသည့် တပါးနေ ကျောင်းငယ်ကလေး၌ သိတင်းသုံး၍ သူသေ အား နှိုရည်သွင်းလောင်းသည့် ခွက်ကရားငယ်သဖွယ် အညံ့စား သပိတ် ကလေးကိုဆောင်၊ ပံ့သုကူသင်္ကန်း ဝတ်ရုံတော်မူ၍ ရဟန်းတရားကို ပွားများအားထုတ်တော်မူခဲ့သည်။ ၎င်းပြင် ဂင်္ဂါတီရိယ မထေရ်ကား ရဟန်းပြုသည်ကစ ရဟန္တာမဖြစ်မီ ၂-နှစ်အတွင်း နွားနို့ကပ်လှူသော ဒါယိကာမတဦးအား ''နှမ....နို့ရည်မလှူပါနှင့် ဘုန်းကြီးအဖို့ရာ နို့ရည် မလိုပါဘူး'' ဟု စကားတခွန်းသာ ပြောဖူးသည်။ ယင်းသို့ ဖြစ်ကြောင်း

တိဏ္ဏံ မေ တာလပဏ္ဏာနံ၊ ဂင်္ဂါတီရေ ကုဋိကတာ။
ဆဝသိတ္တောဝ မေ ပတ္တော၊ ပံသုကူလဉ္စ စီဝရံ။

ဒွိန္နံ အန္တရဝဿာနံ၊ ဧကာ ဝါစာ မေ ဘာသိတာ။
တတိယေ အန္တရဝဿမှိ၊ တမောခန္ဓော ပဒါလိတော—

ဟု ထေရဂါထာပါဠိတော် ဂင်္ဂါတီရိယထေရဂါထာ၌ လာရှိလေသည်။

နှောင်းခေတ်တွင် ရံဖန်ရံခါ တပါးတလေ ပေါ်ပေါက်လာသော ဘုန်းတော်ကြီး ဦးသီလသည်လည်း ဖော်ပြပါ ဂင်္ဂါတီရိယထေရ်နှင့် စံပြု ထိုက်ပါသည်။

ဘဒ္ဒန္တသီလထေရော ဟိ၊ အပ္ပိစ္ဆော သန္တုဋ္ဌော သုဓီ။
ဂင်္ဂါတီရိယဇတ္တရောဝ၊ ပမေတဗ္ဗော သိရီနွရော။

## ဟသ်ာကုန်း တောကျောင်း၌ သီတင်းသုံး

ထိုစဉ်က ပဲခူးမြို့ အရှေ့ဘက် ဟသ်ာကုန်းသည် တောအတိ ဖြစ်လေသည်။ မိုးတွင်းအခါ တောင်ခြေပတ်ဝန်းကျင် ရှိုးမြောင်းချောင်းများ၌ ရေအလျဉ်များ တသွင်သွင် စီးဆင်းနေသည်။ ညဉ့်အခါ ကျားဟိန်းသံ ဆင်အော်သံတို့ကို ရံခါ ကြားရသည်။ နံနက်စောစောလည်း တောငှက် ဖိုမတို့ တလှည့်စီ အတိုင်အဖောက်ပြု အသံမြည်ကြသည်။ လူနှင့်ကား ဝေးကွာလှချေ၏။ ဘုန်းတော်ကြီး ဦးသီလသည် ဆရာတော် အရှင်စန္ဒာလင်္ကာရ ဖော်ပြပါ ဟသ်ာကုန်း၌ တောရကျောင်းကလေး၌ ပြောင်းရွှေ့ သီတင်းသုံးတော်မူသဖြင့် လိုက်ပါတော်မူ၍ ကျောင်းငယ်ကလေး၌ သီတင်းသုံး၍ တရားအားထုတ်တော်မူသည်။

ဟသ်ာကုန်းတောပေါဝနေပိ၊ တပေါဂုဏသုသံယုတော။
ဝုသိတွာန သော ထေရော၊ ဘာဝနမနုယုဉ္စိ ခေါ။

ဦးသီလသည်လည်း ဆရာတော် အရှင်စန္ဒာလင်္ကာရ (ဘုန်းကြီးပုံ)နှင့် အတူ လိုက်တော်မူကာ ဆရာတော် အရှင်စန္ဒာလင်္ကာရ (ဘုန်းကြီးပုံ) ကျောင်းငယ်ကလေးနှင့် မနီးမဝေး တပါးနေ လေးတိုင်ငင်ကျောင်း ကလေး၌ သီတင်းသုံးတော်မူ၍ ဝိပဿနာဓုရ အလုပ်ကို ကြိုးကုတ်တော် မူသည်။

ဘုန်းတော်ကြီး ဦးသီလသည် ဖော်ပြပါ ကျောင်းငယ်ကလေး၌ သီတင်းသုံးတော်မူပြီး အာရုံမတက်မီ ဖော်ပြပါ ကျောင်းကလေးမှ ဆင်းကြွတော်မူ၍ ကလျာဏီ ကျောင်းတိုက်အတွင်း၌ တော အာရုံ ခံတော်မူသည်။ တကယ်တော့ ကလျာဏီကျောင်းတိုက်ကား ဘုန်းတော် ကြီး ဦးသီလ၏ သီလ သမာဓိ ပညာ သိက္ခာ သုံးဆင့် ရင့်ကျက်အောင် အောင်မြင် ထွားကြိုင်းအောင် ပြုရာ အောင်မြေမဟီ စစ်ခုန်လှပါ ပေသည်။

ကလျာဏီသုအင်္ဂဏံ ဟိ၊ သီလဿ သီလမာနိနော။
သိက္ခာနံ သုပူရဏေဟိ၊ ဝိသိဋ္ဌအင်္ဂဏံ ဘဝေ။

## ဂင်္ဂါတီရိယမထေရ်နှင့် တူသူ

ဆရာတော် ဦးသီလကား ဘုရားရှင်လက်ထက်တော်က သာသနာ တော်တွင် ထင်ရှားသည့် ဂင်္ဂါတီရိယမထေရ်၏ ကျင့်ပုံနှင့် တူလှသည်။ ဂင်္ဂါတီရိယ မထေရ်သည် ဂင်္ဂါမြစ်ကမ်းနား၌ ထန်းရွက် ၃-ရွက်ဖြင့် မိုးထားသည့် တပါးနေ ကျောင်းငယ်ကလေး၌ သီတင်းသုံး၍ သူ့ခသ အား နို့ရည်သွင်းလောင်းသည့် ခွက်ကရားငယ်သဖွယ် အညှိစား သပိတ် ကလေးကိုဆောင်၊ ပံ့သုကူသင်္ကန်း ဝတ်ရုံတော်မူ၍ ရဟန်းတရားကို ပွားများအားထုတ်တော်မူခဲ့သည်။ ၎င်းပြင် ဂင်္ဂါတီရိယ မထေရ်ကား ရဟန်းပြုသည်ကစ ရဟန္တာမဖြစ်မီ ၂-နှစ်အတွင်း နွားနို့ကပ်လှူသော ဒါယိကာမတဦးအား ''နှမ....နို့ရည်မလှူပါနှင့် ဘုန်းကြီးအဖို့ရာ နို့ရည် မလိုပါဘူး''ဟု စကားတခွန်းသာ ပြောဖူးသည်။ယင်းသို့ ဖြစ်ကြောင်း

တိဏ္ဏံ မေ တာလပဏ္ဏာနံ၊ ဂင်္ဂါတီရေ ကုဋ္ဋိကတာ။
ဆဝသိတ္တောဝ မေ ပတ္တော၊ ပံသုကူလဉ္စ စီဝရံ။

ဒွိန္နံ အန္တရဝဿာနံ၊ ဧကာ ဝါစာ မေ ဘာသိတာ။
တတိယေ အန္တရဝဿမှိ၊ တမောခန္ဓော ပဒါလိတော—

ဟု ထေရဂါထာပါဠိတော် ဂင်္ဂါတီရိယထေရဂါထာ၌ လာရှိလေသည်။

နှောင်းခေတ်တွင် ရံဖန်ရံခါ တပါးတလေ ပေါ်ပေါက်လာသော ဘုန်းတော်ကြီး ဦးသီလသည်လည်း ဖော်ပြပါ ဂင်္ဂါတီရိယထေရ်နှင့် စံပြု ထိုက်ပါသည်။

ဘဒ္ဒန္တသီလထေရော ဟိ၊ အပ္ပိစ္ဆော သန္တုဋ္ဌော သုခီ။
ဂင်္ဂါတီရိယဇတ္တရောဝ၊ ပမေတဗ္ဗော သီရိန္ဓရော။

## ဟင်္သာကုန်း တောကျောင်း၌ သီတင်းသုံး

ထိုစဉ်က ပဲခူးမြို့ အရှေ့ဘက် ဟင်္သာကုန်းသည် တောအတိ ဖြစ်လေသည်။ မိုးတွင်းအခါ တောင်ခြေပတ်ဝန်းကျင် ရှိုးမြောင်ချောင်းများ၌ ရေအလျဉ်များ တသွင်သွင် စီးဆင်းနေသည်။ ညဉ့်အခါ ကျားဟိန်းသံ ဆင်အော်သံတို့ကို ရံခါ ကြားရသည်။ နံနက်စောစောလည်း တောငှက် ဖိုမတို့ တလှည့်စီ အတိုင်အဖောက်ပြု အသံမြည်ကြသည်။ လူနှင့်ကား ဝေးကွာလှချေ၏။ ဘုန်းတော်ကြီး ဦးသီလသည် ဆရာတော် အရှင် စန္ဒာလင်္ကာရ ဖော်ပြပါ ဟင်္သာကုန်း၌ တောရကျောင်းကလေး၌ ပြောင်းရွှေ့ သီတင်းသုံးတော်မူသဖြင့် လိုက်ပါတော်မူ၍ ကျောင်းငယ် ကလေး၌ သီတင်းသုံး၍ တရားအားထုတ်တော်မူသည်။

ဟင်္သာကုန်းတပေါဝနေပိ၊ တပေါဂုဏသုသံယုတော။
ဝသိတွာန သော ထေရော၊ ဘာဝနမနုယုဉ္ဇိ ခေါ။

## ဆင်တွေကျွဲတွေက အန္တရာယ်မပြု စောင့်ရှောက်ကြ

ဘုန်းတော်ကြီးသည် နေပူမရှောင် မိုးရွာမရှောင် ဆွမ်းခံဝင်ကြွ တော်မူသည်။ ပဲခူးမြို့တွင်းသို့ လည်းကောင်း၊ မြို့ဆင်ခြေဖုံးရွာများသို့ လည်းကောင်း ဆွမ်းခံကြွတော်မူသည်။ ပိဏ္ဍပါတ်ဝတ်ကို မပျက်ရန်ကို လည်း ထာဝစဉ် သတိပြုတော်မူသည်၊ ယင်းသို့ ဆွမ်းခံကြွတော်မူစဉ် အသွားအပြန် တောအထပ်ထပ်သို့ ဖြတ်ကျော်၍ ကြွရာတွင် ကျွဲ ဆင် စသည့် သတ္တဝါများနှင့် တွေ့သော်လည်း တစုံတရာ အန္တရာယ် မပြုကြချေ။ ဘုန်းတော်ကြီး မေတ္တာဖြင့် သတ္တဝါမှန်သမျှ ဖြန့်ထားရာ မေတ္တာရောင်ပြန် ဟပ်သဖြင့် အန္တရာယ်မပြုခြင်း ဖြစ်သည်။

သီဟဗျဂ္ဃာဒိသတ္တာပိ၊ န ဟိံသန္တိ သုသညတံ။
မေတ္တာဘာဝနာသံယုတံ၊ ကရုဏာသီဘလမာနသံ။

## အနယ်နယ် အစိုစို၊ အမြို့မြို့ အရွာရွာ လှည့်လည်သာသနာပြု

၁၂၂၈-ခုနှစ် ဝါကျွတ်သောအခါ ဟင်္သာကုန်းမှ ဖဲခွာတော်မူခဲ့ လေသည်။ သီလ သမာဓိ ပညာသိက္ခာများ မြင့်အောင်အားထုတ်တော် မူခဲ့ပြီး တိုင်းနေပြည်သူများ ဗိုလ်လူတို့အား ဓမ္မဖြင့် ချီးမြှောက်ရန် ရည်သန်သန္နိဋ္ဌာန် ချတော်မူခဲ့လေသည်။ သမ္မာသမ္ဗုဒ္ဓ အတုလ ဦးသျှောင် ငါးမာရ်အောင်မြင်ဘုရားရှင်၏ စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ =ရဟန်းတို့... လူများတို့ အကျိုးများဖို့ ချမ်းသာဖို့ သတ္တဝါတွေကို သနားကြင်နာသည့် အနေဖြင့် အကျိုးစီးပွားများသု နတ်လူချမ်းသာဖို့ အနယ်နယ် အစိုစို၊ အမြို့မြို့ အရွာရွာ လှည့်လည်ရ မည်ဟူသော ရွှေနှုတ်တော်ထွက် စကားအချက်ကို ဦးထိပ်ရွက်ပန်ဆင် တော်မူ၍ ရဟန်းသိက္ခာ ၁၅-ဝါ ပြေးရာအခါမှစ၍ ကျိုက်ဒေးယျုံ

---

၁။ ဝိနည်းမဟာဝါ ပါဠိတော်၊ နှာ-၂၄။

လာကမွတ် ဈေးညောင်ပင် ကျိုက်ပတိုင် ကုန်းတန်း ဂူကုန်း ကလိ တပ်ကလေး အဝိုင်း ဘုရားကလေး ဥက္ကံရွာ ဂူကုန်းဘောရ ဒေးစွန်ပါ ပျဉ်ပုံတော လှည့်ဘီးကွဲ အနောက်ခတော တောင်တန်း ဒိုက်ဦး ဖအောင်းဝဲ ရွှေကျင် ခရွဲ ဝမ်းငတော ကျိုက်ထို ကော့ကဒွက် ဘီးလင်း ကျိုက်ခကော် သထုံ ဂေါ့ မုတ္တမဧတောင်ရိုး မော်လမြိုင် ဖားအံ ဘီလူးကျွန်းအနှံ့ မုဒုံ ကျုံဒိုး ကော့ကရိတ် စသည်တို့၌ လှည့်လည် ပြောင်းရွှေ့ သီတင်းသုံး၍ ဒါယကာ ဒါယိကာမတို့ကို ချီးမြှောက်တော်မူလေသည်။

တေသု တေသု ပဒေသေသု၊ ဝိစရိတွာ ထေရသေခရော။
ဗဟဝေါ အနုဂ္ဂဟေသိ၊ ကရုဏာပုဏ္ဏမာနသော။

## ဂုဏ်တော်အသွယ်သွယ် ကြည်ညိုဖွယ်

ဘုန်းတော်ကြီး ဦးသီလ၏ ဂုဏ်တော်အသွယ်သွယ် ကြည်ညိုဖွယ်တို့ကား များပြားလှကုန်၏၊ ရူပကာယတော်မှာလည်း ဖူ ချင့်ဖွယ် လွန်တင့်တယ်သည်ဟုသိရ၏။ အရပ်တော် ၅-ပေခွဲအောက် မယုတ်ဟုဆိုကြသည်။ ပျပ်ပျပ်ပါးပါး အသားတော် ဖြူဝါဝင်းသည်ဟု သိရ၏။

လျှောင်း ထိုင် ရပ်သွား အစားအစာသုံးဆောင်ရာတို့၌ အဖော်မမှီး တပါးတည်းသာ အလေ့ရှိတော်မူသည်၊

ပုရတော ပစ္ဆတော ဝါပိ၊ အပရောဓေ နှ ဝိဇ္ဇတိ။
အတိဝ ဖာသု ဘဝတိ၊ ဧကဿ ဝသတော ဝနေ။[၁]

ရှေ့နောက်နှစ်ဖြာ၊ ဖော်မပါ၊လွန်စွာချမ်းသာသည်။
တကိုယ်ရေတကာယ၊ နေထိုင်ရ၊ မုချချမ်းသာသည်။

ဧကဝိဟာရိက ထေရ်မဟာ၏ စကားဝါစာနှင့် ကိုက်ညီစွာ သီတင်းသုံးတော်မူသည်။

---

၁။ သေရဂါထာပါဠိ၊ ၃၀၁။ (ဧကဝိဟာရိကတ္ထေရဂါထာ ။

ကျိန်းစက်သော ဂူရိယာပုထ် နည်းသည်။ သာသနာ ကြီးပွားရေး ဖြစ်လျှင် ကိုယ်နှင့်အသက်ငဲ့ကွက်ခြင်း အလျှင်းမရှိ၊ ပင့်လျှောက်ရာသို့ ကြွရောက်တော်မူသည်။ စိတ်ဆန္ဒထက်၏။ မကောက်ကျစ်တတ်၊ မလှည့်ပတ်တတ်၊ အစစအရာရာ ဖြောင့်မတ်စွာ ကျင့်ဆောင်တော်မူ၏။ ဝိနည်း ဥပဒေတော်များကို သိတော်မူသည်က စ၍ မချွတ်ယွင်းအောင် ကျင့်တော်မူသည်။

## ပရိယတ် ပဋိပတ်

ဘုန်းတော်ကြီးသည် ပရိယတ္တိစာသင်တိုက်ကြီးများ အရပ်တကာတိုင်း ပြန့်ပွား ဖြစ်ထွန်းရေးကို များစွာ ဆန္ဒပြင်းပြတော်မူသည်။ သမထ ဝိပဿနာ အလုပ်ကို အားထုတ်ရာ၌ ကြောင်လက်သည်းဝှက်ပမာ သိုသိပ်တော်မူလှသည်ဟု သိရ၏။

## ခရီးကြွတော်မူခြင်း

ထိုထိုဤဤ ဒေသစာရီ လှည့်လည်ကြွချီတော်မူရာ၌ ရံခါ အဖော်မခေါ် ကိုယ်တော်တပါးတည်း ကြွတော်မူ၍ ရံခါ ဖိုးသူတော်၊ရသေ့၊ ကပ္ပိယဖြင့် ကြွတော်မူလေ့ရှိသည်။ရံခါ သံဃာတော်များနှင့် ကြွတော်မူလေ့ရှိသည်။ ရေလမ်း၌ လှေ၊ သင်္ဘော၊ ကုန်းလမ်း၌ ခြေလျင်ကြွတော်မူလေ့ရှိသည်။ သက်တော် ၇၀-ကျော်သောအခါ ထမ်းစင်ဖြင့်သည်း ကောင်း မီးရထားဖြင့်လည်းကောင်း ကြွတော်မူသည်။ ရောက်ခလရာရာ၌ များစွာသော လူထုကြီးက ဖူးမြော်ကြ၍ အပြန်အကြွဘွင် များစွာသော လူထုကြီးက တော်တော်လှမ်းသည်တိုင်အောင် လိုက်ပို့ကြသည်။

သမ္ပတ္တော သု ပဒေသေသု၊ မနုဿာ သမ္ပမောဒိသုံ။
ပစ္စုဂ္ဂမနံ အကံသု၊ ဝန္ဒိံသု ဝန္ဒနာရဟံ။

## အဝတ်အထည်များခင်းကြခြင်း

ဘုန်းတော်ကြီးဆွမ်းခံဝင်ကြွတော်မူရာ မြို့တွင်းရွာတွင်းလမ်းတလျှောက်၌ ဒကာ၊ဒကာမတို့ လွန်စွာကြည်ညိုသဒ္ဓါဖြစ်ပွားကြပါသဖြင့် ပဝါ၊

တဘက်၊ ခေါင်းပေါင်း၊ ခြုံထည်စသည်တို့ကို သူ့ထက်ငါ ဦးအောင် ခင်းကြကာ ''ဘုန်းတော်ကြီးဘုရား....တပည့်တော်၊ တပည့်တော်မတို့ကို သနားပါသဖြင့် တပည့်တော်တို့၏ ပဝါပေါ်နင်းကြွတော်မူပါ၊ တဘက်ပေါ်နင်းကြွတော်မူပါ၊ ခေါင်းပေါင်းပေါ် နင်းကြွတော်မူပါ၊ ခြုံထည်အခင်းပေါ်နင်းကြွတော်မူပါစသည်ဖြင့် လျှောက်ထားကြကုန်၏။ တချို့ဒကာမတွေဆံပင်ဖြန့်ခင်းပြီး ခေါင်းစင်း၍ ဆံပင်ပေါ်နင်းကြွတော်မူပါ'' ဟု လျှောက်ထားကြကုန်၏၊ သို့ရာတွင် ဘုန်းတော်ကြီးကား မာတုဂါမတို့၏ ဆံပင်ပေါ်ဘယ်တော့မှ နင်းကြွတော်မမူချေ။ တချို့ မိဘများ မိမိ၏ နို့စို့သားငယ်များကို ဘုန်းတော်ကြီးကြွမည့်လမ်းတွင် ချထားကြ၍ ''ဘုန်းတော်ကြီးဘုရား....တပည့်တော်၊ တပည့်တော်မတို့၏ သားကလေး အန္တရာယ်ကင်းရန် ကျော်၍ ကြွတော်မူပါ'' စသည်ဖြင့် လျှောက်ထားကုန်၏။ ဘုန်းတော်ကြီး ဦးသီလ၏ သီလတန်ခိုးကား လွန်စွာကြီးမားလှချေ၏။

သီလတေဇေန ထေရဿ၊ ပညာပေသံ အနေကဓာ။
ပါဝုရဏာဒိဝတ္ထူနိ၊ ထေရသံယာတအဍ္ဍသော။

## ခရီးရှည်ကြွရာ၌ ဖျာသင်ဖြူး စသည်ခင်းကြ

ဒကာ၊ ဒကာမတို့သည် ဘုန်းတော်ကြီး ဦးသီလ၏ သီလဂုဏ်ကို လွန်စွာ ကြည်ညိုကြသည်အားလျော်စွာ ဘုန်းတော်ကြီးကြွရာခရီးရှည် တချို့တွင် ဖျာသင်ဖြူး စသည် ရှေ့က ကြိုတင် ခင်းကြကုန်၏။ ဘုန်းတော်ကြီးနင်းကြွတော်မူပြီးလျှင် တဖန် ရုတ်၍ ဆက်လက်၍ခင်းကြကုန်၏။ အချို့ ဒကာတို့သည် အတောင် ၂၀-ခန့်ရှိ အဝတ်ဖြူကို ထိပ် ၂-ဘက် တုံလျှိ၍ တယောက်တဘက်ကိုင်ပြီးလျှင် ရှေ့သို့ ရှေ့သို့ တတ်၍ ခင်းကြကုန်၏။ ဘုန်းတော်ကြီး၏ သီလ၊ သမာဓိဂုဏ်တို့ကား လွန်စွာ ကြီးမားလှပါပေသည်။

## ခြေတော်မြေမထိဟု ပြောကြ

အချို့သော(ကျိုက်ထို) မှကူမှုရှာသူရှာသား စသူတို့ကမူ မိမိချပ်ရှာ၌ ဘုန်းတော်ကြီး ဆွမ်းခံဝင်ကြွတော်မူသောအခါ ခြေတော်မြေမထိဟု ပြောဆိုကြကုန်၏။ တောသားတွေ အကြွားလွန်ကုန်ပြီဟု ပြောသူက လည်း ပြောကြသတတ်၊

ခင်းထားသော နေရာသို့ ရောက်လျှင် ရပ်တန့်တော်မူ၍ နေတော်မူသည်။ ဘာမျှမလျှောက်လျှင် မြေပေါ်၌သာ ကြွတော်မူသည်။ တပည့်တော် နိဗ္ဗာန်မဂ်ဖိုလ်အလှူငှာ နင်းကြွတော်မူပါ လျှောက်ထားမှသာ အခင်းပေါ်၌ နင်း၍ ကြွတော်မူသည်။ ဤသို့တလမ်းလုံး အဝတ်အခင်းပေါ်၌သာ ကြွတော်မူသဖြင့် ခြေတော်မြေမထိဟု ဆိုကြသည်။

## ပိဏ္ဍပါတ်ဓုတင် အမြဲဆောင်

ရဟန်းသိက္ခာ ၁၂-ဝါရသည်မှစ၍ ဓုတင် ၁၀-ပါး ၁၁-ပါး ဆောင်တော်မူသည်သာများသည်။ ပိဏ္ဍပါတ်ခုတင်ကို အမြဲဆောင်တော်မူသည်၊ နေ့စဉ် ဆွမ်းခံတော်မူသည်။ ဘက်တော် ကြီးရင့်သောအခါ ဒကာ၊ ဒကာမတို့ ဘုန်းတော်ကြီး သီတင်းသုံးရာ ကျောင်းသို့ လာရောက်ကာ ဆွမ်းလောင်းလှူကြသည်။ ဘုန်းတော်ကြီးသည် "ပိဏ္ဍိ-ယာလောပဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ" ဟူသော ဘုရားသဗ္ဗညုစကားနှင့် အညီ ကျင့်ဆောင်တော်မူသည်။ ပိဏ္ဍပါတ်ခုတင်ဆောင်ရဟန်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

ပိဏ္ဍိယာလောပသန္တုဋ္ဌော၊ အပရာယတ္တဇီဝိကော၊
ပဟီနာဟာရလောလုပ္ပေါ၊ ဟောတိ စာတုဒ္ဒိသော ယတိ။

ဝိနောဒယတိ ကောသဇ္ဇံ၊ အာဇီဝ’ဿ ဝိသုဇ္ဈတိ။
တသ္မာ ဟိ နာတိမညေယျ၊ ဘိက္ခာစရိယာယ သုမေဓသော။

ပိဏ္ဍိယာလောပသန္တုဋ္ဌော၊ သလုံးမြင်းခေါင်း ခြေနှစ်ချောင်းဖြင့် အညောင်းဖြေကာ အိမ်တိုင်းရှာလျက် တလုတ်စာမျှ ရသောဆွမ်းဖြင့်

ရောင့်ရဲသော။ အပရာယတ္တဇီဝိကော၊ သူတပါးနှင့်မစပ်သော အသက်မွေးမှုရှိသော။ ပဟီနာဟာရလောလုပ္ပေါ၊ အာဟာရလောလုပ္ပ တဏှာကိုပယ်ပြီးသော။ ယတိ၊ သာသနာ့ဝန်ထမ်း ရဟန်းတော်သည်။ စာတုဒ္ဒိသော၊ အရပ်တကာ လေးမျက်နှာဝယ် တွယ်တာမရှိ လိုရာရပ်များသွားနိုင်သူသည်။ ဟောတိ၊ ဖြစ်၏။ ကောသဇ္ဇံ ပျင်းရိခြင်းကို။ ဝိနောဒယတိ၊ ပိုသေမဖောက် ပယ်ဖျောက်နိုင်၏။ အဿ၊ ဆွမ်းခံဝတ်ဖြင့် ဖြည့်ကျင့်စံပျော် ထိုရဟန်းတော်၏။ အာဇီဝေါ၊ အသက်မွေးမှုသည်။ ဝိသုဇ္ဈတိ၊ အပြစ်မတင် သန့်ရှင်းစင်ကြယ်၏။ တသ္မာဟိ၊ ထို့ကြောင့်သာလျှင်။ သုမေဓသော၊ ကောင်းမြတ်လှစွာ ပညာရှိသော ရဟန်းတော်သည်။ ဘိက္ခာစရိယာယ၊ ဘုရားဘဂဝါ လွန်စွာချီးပင့် ဆွမ်းခံအကျင့်၌။ နာတိမညေယျ၊ မထေမဲ့မြင် မအောက်မေ့ မမှတ်ထင်ရာဟူ၍ ဆွမ်းခံခြင်းအကျိုးနှင့် အထင်မသေးမိရန် မှာတော်မူခဲ့လေသည်။

## ချီးကျူးထိုက်သော ရဟန်းမြတ်

စင်စစ် တမူကား သက်ဆုံးတိုင် ဆွမ်းခံဝတ်ဖြင့် သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူသော ဘုန်းတော်ကြီး ဦးသီလရဟန်းတော်မြတ်သည်ကား—

ပိဏ္ဍပါတိ သာသတိကော၊ ဥဋ္ဌာပဋ္ဌာ ဂတေရတော။
သာသနာဘာရဝါဟီ သော၊ သီလဝါ သီလပုဂ်ဝေါ။

စတုပါရိ သုဒ္ဓိသီလနှင့် လောကင်ကိုလုံ ပြည့်စုံတော်မူသည့်ဘုန်းတော်ကြီး ဦးသီလ ရဟန်းတော်မြတ်ကား ပိဏ္ဍပါတ်ဓုတင် ထာဝစဉ်ဆောင်သူပါတည်း။ ဘုရားချီးမွမ်း ရဟန်းတရား၌ ထာဝရ မွေ့လျော်တော်မူသူပါတည်း။ ဆွမ်းခံလှည့်လည်ခြင်း အကျင့်ဖြင့် သပိတ်တွင်း ရှိသမျှအာဟာရဖြင့်သာ မွေ့လျော် မျှတတော်မူသူပါတည်း။ ဘုရားမြတ်စွာသာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ထူးပါတည်းဟု ချီးကျူးဂုဏ်ပြုထိုက်သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူပါပေသတည်း။

## သပဒါနစာရိခုတင်

သပဒါနစာရိခုတင်ကိုလည်း နှစ်ပေါင်း ၁၀-၈ထောင်းများစွာ ကျင့်ဆောင်တော်မူခဲ့လေသည်။ မျက်နှာကြီးငယ် မရွယ်မထောက်အိမ်စဉ်လျောက်ကာ မေတ္တာဖြင့် ထုံအပ်သော စိတ်ဖြင့် ဆွမ်းခံကြွတော်မူလေရာ ဒါယကာ ဒါယိကာတို့ များစွာ အကျိုး ဖြစ်ထွန်းခဲ့ကုန်၏။ ဘုန်းတော်ကြီးကား—

စန္ဒူပမော နိစ္စနဝေါ ကုလေသု၊
အမစ္ဆရီ သဗ္ဗသမာနုကမ္ပော။

ကုလူပကာဒီနဝဝိပ္ပမုတ္တော၊
ဟောတိမ ဘိက္ခု သပဒါနစာရီ။[၁]

ဣမ၊ ဤကြုံခဲလှစွာ မြတ်ဘုရားသာသနာတော်၌။ သပဒါနစာရီ၊ မျက်နှာကြီးငယ် မရွယ်မမှန်း အိမ်စဉ်မပြတ် ဆွမ်းခံသော ကျင့်ဝတ်ကို ကျင့်သော။ ဘိက္ခု၊ ရဟန်းသည်။ စန္ဒူပမော၊ ခပ်သိမ်းအရပ် မကပ်မတွယ် စင်ကြယ်အေးချမ်းသော စိတ်မနောရှိရကား လနှယ်အလားမခြားတမူ တူသူသည်လည်းကောင်း။ ကုလေသု၊ ဒါယကာ ဒါယိကာမတို့၌။ နိစ္စနဝေါ၊ နိစ္စထာဝစဉ် သစ်လွင် သူသည်လည်းကောင်း။ အမစ္ဆရီ၊ ဒါယကာ ဒါယိကာမတို့၌ ဝန်တိုငြူစ်မရှိသူသည်လည်းကောင်း။ သဗ္ဗသမာနုကမ္ပော၊ ချမ်းသာဆင်းရဲ မခွဲမခြား တသားတည်း ညီမျှသော ကရုဏာရှိသူသည် လည်းကောင်း။ ကုလူပကာဒီနဝဝိပ္ပမုတ္တော၊ အိမ်သို့ချဉ်းကပ် ရဟန်းများအား ရရောက်တတ်သော အပြစ်မှကင်းလွတ်သူသည်လည်းကောင်း။ ဟောတိ၊ မုချစင်စစ် ဖြစ်ပေသတည်း။ ဟူသော ကျမ်းပြုလိမ္မာ အဋ္ဌကထာ ဆရာညွှန်ပြတော်မူသည့် အကျိုးဖလတို့ကိုလည်း ရရှိပိုင်ဆိုင်တော်မူလေသည်။

---

၁။ ဝိသုဒ္ဓိ၊ ၁။ ၆၆။

## ပံသုကူဓုတင် ထာဝစဉ် ဆောင်တော်မူခြင်း

ပံသုကူဓုတင်ကိုလည်း သက်ဆုံးတိုင် ဆောင်တော်မူ၍ ဘုရားဗိုနော်၏ ရွှေစိတ်တော်ကို နှစ်သက်စေတော် မူခဲ့လေသည်။

ယင်းသို့ ပံသုကူဓုတင်ဆောင်ရာ၌ အဝတ်ဟောင်း အဝတ်နွမ်းတို့ကို ကောက်ယူ၍ ချုပ်ဆိုးရသည်မရှိ သုသာန်လမ်းမစသည်တို့၌ အဆင်သင့် ချထားသည့် ပံသုကူ သင်္ကန်းများကို ကောက်ယူဝတ်ရုံ သုံးဆောင် တော်မူသည်။ ဘုန်းတော်ကြီး အသုဘ ရှု ကြွမည်သိလျှင် တချို့ဒကာ ဒကာမတို့ သုသာန်၌ ပံသုကူသင်္ကန်း ပစ်ထားကြကုန်၏။ ဘုန်းတော် ကြီးကြွမည့်လမ်းတွင် ပံသုကူသင်္ကန်းများ ပစ်ထားကြသည်။ တချို့ ကား စကြံန်လမ်း ကုဋီလမ်း စသည်တို့၌ ချထားကြ၍ အဖူးမြော်ခံ ကြွတော်မူပါဟု လျှောက်ထားကြသည်။ အချို့ကား ခြေရင်းအနီး၌ ထားကြကုန်၏။ဘုန်းတော်ကြီးသည် ပံသုကူသင်္ကန်းအသစ်ကို ကောက်ယူ ဝတ်ရုံပြီးလျှင် အဟောင်းကို စွန့်တော်မူသည်။ ရံခါတနေ့တည်း၅-ကြိမ် ၆-ကြိမ် အသစ် လဲတော်မူရသည်။ မလဲမူ၍ ချမြဲတိုင်း ချထားသည့် ပံသုကူသင်္ကန်းတို့လည်း အများအပြား ရှိကုန်၏။ ဝမ်းမနာပဲလည်း ကုဋီ သွားရသည်။ မသာမရှိပဲလျက် အသုဘရှုသွားရသည်ဟုလည်း မိန့်တော် မူသည်။

ပံသုကူလီ သာသတိကော၊ ဥဋ္ဌာပတ္တာဂတေ ရတော။
သာသနာဘာရဝါဟီ သော၊ သီလဝါ သီလပုဂ်ဝေါ။

## တိစီဝရိတ် ဓုတင်ကျင့်ဆောင်

ဘုန်းတော်ကြီးသည် တဏှာလောဘ၏ အလိုအကြိုက်သို့ မလိုက်မူ၍ အဝတ်သင်္ကန်းတို့ကိုလည်း သိမ်းခြင်း အလျှင်းပြုတော်မမူပဲ ၃-ထည် သော သင်္ကန်းဖြင့်သာ မျှတတော်မူလျက် တိစီဝရိတ်ဓုတင်ကိုလည်း ဆောင်တော်မူခဲ့သည်၊ တကယ်တော့ "သန္တောသသုခရသ" တရားနှင့် အညီ ရောင့်ရဲခြင်း ချမ်းသာအရသာကို ကောင်းစွာ သိတော်မူသူဖြစ် တော်မူသည်။

တေစိုးရိ သာသတိကော၊ ဥဋ္ဌာပတ္တာဂတေ ရတော။
သာသနဘာရဝါဟီ သော၊ သီလဝါ သီလပုဂ်ဝေါ။

**ကောသနိက်ဇုတင်၊ ပတ္တပိဏ်ဇုတင်**

ဆွမ်းဘုဉ်းပေးသောအခါ ကောသနိက်ဇုတင်၊ ပတ္တပိဏ်ခုတင်ဖြင့် တနေရာတည်း တခွက်သပိတ်ဘခုတည်း၌ ပါရှိသမျှကို မဖယ်မရှား ခြိုးခြံခေါင်းပါးစွာ ဘုဉ်းပေးတော်မူသည်။

ဘုန်းတော်ကြီး ဦးသီလသည်—

"နာနာဘာဇနဝိက္ခေပံ၊ ဟိတွာ ဩက္ခိတ္တလောစနော။
ခဏာခန္တာဝိယ မူလာနိ၊ ရသတဏှာယ သုဗ္ဗတော။

သရူပံ ဝိယ သန္တုဋ္ဌိံ၊ ခရေယန္တော သုမာနသော။
ပရိဘုဉ္ဇေယျ အာဟာရံ၊ ကော အညော ပတ္တပိဏ္ဍိကော။"[၁]

သုဗ္ဗတော၊ ညစ်ကြေးမတင် စင်ကြယ်ကောင်းမြတ်သော ကျင့်ဝတ်ရှိသော။ သုမာနသော၊ မတိမ်းမစောင်းကောင်းသော စိတ်ရှိသော။ ပတ္တပိဏ္ဍိကော၊ ပတ္တပိဏ်(ပိုင်)ဇုတင် နေ့စဉ်ကျင့်သုံး ယောဂီဘုန်းဘုရားသည်။ နာနာဘာဇနဝိက္ခေပံ၊ ခွက်ကြီး ခွက်ငယ်အသွယ်သွယ်ရှိစားဖွယ်ဘောဇဉ်၌ ပျံ့လွင့်ခြင်းကို။ဟိတွာ၊စွန့်ပယ်၍။ရသတဏှာယ၊ချိုချဉ်ခါးဖန်စပ်အငန်ဟု ခြောက်တန်ရသာဝယ် တပ်နှစ်သက်မှုတဏှာ၌။ဝါ၊ အရသာအမျိုးမျိုး ဆာလောင်မှု၏။မူလာနိ၊ အရင်းအမြစ်တို့ကို။ ခဏာခန္တာဝိယ၊ တူးဖို့ဖျက်ဆီးသကဲ့သို့။ ဩက္ခိတ္တလောစနော၊ သပိတ်တလုံး၌သာ စူးစူးစိုက်စိုက်ချထားအပ်သော မျက်လွှာရှိသည်ဖြစ်၍။ သရူပံ၊ မိမိခန္ဓာကိုယ်အတ္တဘောဟူသော ရုပ်တခုကိုသာ။ ခရေယန္တော၊ဝိယ၊ ဆောင်သကဲ့သို့ သန္တုဋ္ဌိံ၊ သပိတ်တလုံးထည်း၌ ရောင့်ရဲတင်းတိမ်ခြင်းကို။ ခရေယန္တော၊

[၁] ဝိသုဒ္ဓိမဂ်၊ ဇုတင်္ဂနိဒ္ဒေသ (ဝိသုဒ္ဓိ။ ၁။ ၆၈။)

ဆောင်လျက်။ အာဟာရံ၊ စားသောက်စရာ အာဟာရကို။ ပရိဘုဥ္ဇေယျ၊ ဘုဉ်းပေးသုံးဆောင်စွမ်းနိုင်ရာ၏။ အညော၊ ပတ္တပိဏ်(ပိုင်)ဓုတင်အစဉ် ထာဝရကျင့်ဆောင်သော ရဟန်းမှတပါးသော။ ကော၊ အဘယ်ရဟန်း သည်။ ပရိဘုဥ္ဇေယျ၊ ဘုဉ်းပေးသုံးဆောင်စွမ်းနိုင်ရာအံ့နည်း—

ဟူသော ကျမ်းပြုလိမ္မာ အရှင်မဟာ ဗုဒ္ဓဃောသဆရာတော်၏ စကားကို နှလုံးသွင်းတော်မူလျက် မိမိကိုယ်ကို အှားဇေ ေးတော်မူကာ မပြတ်ထာဝစဉ် ကျင့်ဆောင်တော်မူခဲ့လေသည်။

## ရုက္ခမူဓုတင်ကျင့်ဆောင်

ဘုန်းတော်ကြီးသည် "ရုက္ခမူလသေနာသနံ နိဿာယ ပဗ္ဗဇ္ဇာ" ဟူသော ဘုရားစကားတော် အားလျော်စွာ မိမိသီတင်းသုံးရာ ကျောင်း တိုက်၏ အစွန်အဖျားရှိ သစ်ပင်ရင်း သစ်ပင်အောက်၌လည်း သင့်လျော် သလိုသီတင်းသုံးတော်မူ၍ရုက္ခမူဓုတင်နှင့်လည်း မချွတ်ကုံလုံပြည့်စုံအောင် ကျင့်ဆောင်တော်မူခဲ့လေသည်။

ရုက္ခမူလိကော သာသတိကော၊ ဥဋ္ဌာပတ္တာ ဂတေရတော။
သာသနဘာရဝါဟီ သော၊ သီလဝါ သီလပုဂ်ဝေါ။

### အဗ္ဘောကာသိက ဓုတင်ကိုလည်းကျင့်ခဲ့

ငှင်းပြင် ရံခါကြိုးကြား "ဆန္နဥ္စ ရုက္ခမူလဥ္စ ပဋိက္ခိပါမိ၊ အဗ္ဘော ကာသိကင်္ဂံ သမာဒိယာမိ" ဟု မြွက်ဆိုတော်မူ၍ အဗ္ဘောကာသိက ဓုတင်ကို ဆောက်တည်တော်မူ၍ အမိုးမမိုးလွင်တီးခေါင်၌ သီတင်းသုံး တော်မူကာ အနမတဂ် သံသာစက်မှကိန်းလျက်ပါလာသည့် ကိလေသာ များခေါင်းပါးအောင်ကျင့်တော်မူခဲ့လေသည်။

အဋ္ဌကထာကျမ်းပြု အကျော်ဆရာတော်အရှင် မဟာ ဗုဒ္ဓဃောသသည်

---

၁။ ဝိ၊ ၃။ ၁၁၃။

အနင်္ဂါရိယဘာဝဿ၊ အနုရူပေ အဒုလ္လဘေ။
တာရာမဏိဝိတာနမှိ၊ စန္ဒဒီပ ပကာသိတေ။

ဇမ္ဗောကာသေ ဝသံ ဘိက္ခု၊ မိဂဘူတေန စေတသာ။
ထိနမိဒ္ဓံ ဝိနောဒေတွာ၊ ဘာဝနာရာမတံ သိတော။

ပဝိဝေကရသဿာဒံ၊ နစိရဿေဝ ဝိန္ဒတိ။
ယသ္မာ တသ္မာဟိ သပ္ပညော၊အဗ္ဘောကာသေ ရတော သိယာ[၁]။

အနင်္ဂါရိယဘာဝဿ၊ သာသနာဝင်ထမ်း ရဟန်းအဖြစ်အား။ အနုရူပေ၊ လျော်ကန်ကိုက်ညီသော။ အဒုလ္လဘေ၊ ရဖို့ရန်လွယ်ကူသော။ တာရာမဏိဝိတာနမှိ၊ ပတ္တမြားသဖွယ် ကြယ်တာရာစီတန် မျက်နှာကြက်ရှိသော။ စန္ဒဒီပပကာသိတေ၊ ချမ်းကြည်အေးမြ ရွှေလရောင် ထွန်းတောက်၍နေသော။ အဗ္ဘောကာသေ၊ ဟင်းလင်းအပြင် လွင်တီးခေါင်အရပ်၌။ မိဂဘူတေန၊ နေရာမခင် သမင်၏စိတ်နှင့်တူသော။ စေတသာ၊ စိတ်ဖြင့်။ ထိနမိဒ္ဓံ၊ ထိနမိဒ္ဓကို။ ဝိနောဒေတွာ၊ ပယ်ဖျောက်၍။ ဝသံ၊ နေသော။ ဘာဝနာရာမတံ၊ ဘာဝနာအလုပ်၌ မွေ့လျော် ပျော်ပိုက်ခြင်းရှိသော ရဟန်း၏အဖြစ်ကို။ သိတော၊ မှီသော။ ဘိက္ခု၊ သာသနာဝင်ထမ်း ရဟန်းတော်သည်။ ပဝိဝေကရသဿာဒံ၊ ပဝိဝေက ခေါ်ဆိုသာယာဖွယ် ဈာန်မဂ်ဖိုလ်ကို။ နစိရဿေဝ၊ မကြာမတင် ဆောလျင်စွာသာလျှင်။ ယသ္မာ၊ အကြင်ကြောင့်။ ဝိန္ဒတိ၊ မုချပိုင်ပိုင်ရနိုင်၏။ တသ္မာ၊ ထိုကြောင့်။ သပ္ပညော၊ ပညာရှိအမျိုးသားသည်။ အဗ္ဘောကာသေ၊ ဟင်းလင်းအပြင် လွင်တီးခေါင်အရပ်၌။ ရတော၊ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်သူသည်။ သိယာ၊ ဖြစ်ရာ၏။'' ဟူ၍ အဗ္ဘောကာသိက ဓုတင်ဆောင်ရကျိုးနှင့် ဥယျောဇဉ်ကို ဖော်ပြတော်မူခဲ့လေသည်။

## သုဿာန်ဓုတင် ဆောက်တည်ကျင့်ကြံတော်မူခြင်း

ဘုန်းတော်ကြီး ဦးသီလသည် ''နသုသာနံ၊ သုဿာန် မဟုတ်သော အရပ်ကို။ ပဋိက္ခိပါမိ၊ ပယ်မြစ်ပါ၏။ သောသာနိကင်္ဂံ၊ သုဿာန်၌

---

၁။ ဝိသုဒ္ဓိမဂ်၊ ဓုတင်ဂင်္ဂနိဒ္ဒေသ (ဝိသုဒ္ဓိ၊ ၁။ ၇၃။)

နေခြင်း ကျင့်ဝတ်ရှိသော ရဟန်း၏ အကြောင်းအင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏’ဟု နှုတ်မြွက်တော်မူ၍ သုဿာန်ဓုတင်ကိုလည်း ရံခါကြိုးကြား ဆောက်တည် ကျင့်ကြံတော်မူခဲ့လေသည်။ သုဿာန်ဓုတင်ကား ကျင့်ရန် ခဲယဉ်းလှ၏။ ဘုရားဇိနော် သာသနာတော်တွင် ယင်း သုဿာန်ဓုတင်ကျင့်သော ရဟန်းတော်ကား အလွန်လျှင် နည်းလှချေ၏။

**သောသာနိကော သာသတိကော၊ ဥဉ္ဆာပတ္တာဂတေ ရတော။**
**သာသနဘာရဝါဟီ သော၊ သီလဝါ သီလပုင်္ဂဝေါ။**

## အခြားဓုတင်များ ဆောက်တည်

ဖော်ပြခဲ့ပြီးသော ဓုတင်တို့မှတပါး ယထာသန္တတိကဓုတင်၊ နိသဇ်ဓုတင်၊ ခလုပစ္ဆာဘတ္တိဓုတင်တို့ကို အခါအားလျော်စွာ ဆောက်တည် ကျင့်ကြံတော်မူခဲ့လေသည်။ ဖော်ပြခဲ့သည့်အတိုင်း ရဟန်းသိက္ခာ ၁၂-ဝါရသည်မှစ၍ ဓုတင် ၁၀-ပါး၊ ၁၁-ပါး၊ ၁၂-ပါး ရံခါ ၁၃-ပါးလုံး ကျင့်ကြံတော်မူခဲ့လေသည်။

ဓုတော သုံဓုတဝါဒေါ သော၊ ပဋိပတ္တိဓုရန္ဓရော။
မဟာမကော ပရိယတ္တိယာ၊ အဟော အစ္ဆရိယော ဟိ ခေါ။

## အကျွမ်းတဝင် ဟောပြောလေ့မရှိခြင်း

ဘုန်းတော်ကြီးသည် ဒါယကာ၊ ဒါယိကာမတို့အား အကျွမ်းတဝင် စကားပြောလေ့ ရှိတော်မမူ ကုလသံသဋ္ဌအပြစ်မှ အလွန်လျှင် ကင်းရှင်းတော်မူသည်။ ရောက်လာသော ဒါယကာ၊ ဒါယိကာမတို့အား “ဩကာသ”ဆို၍ ကန်တော့စေပြီး ဩကာသအဆုံး ဆုပေးခြင်းကို ပေးတော်မူသည်။ အဟံ ဘန္တေအဆုံးတွင် နမောတဿ ဘုရားရှိခိုးကို ဆိုစေတော်မူသည်။ သရဏဂုံပေး၊ သီလ ဆောက်တည်စေတော်မူပြီး “သွားကြ”ဟုဆို၍ ပြန်လွှတ်တော်မူသည် လူအိုများ၊ တချို့၊ ကုသား။

ကရင် စသော လူမျိုးကွဲများအားမူ တရားတိုတို ဟောတော်မူလေ့ ရှိသည်။ တချို့လူများ လူမျိုးကွဲကို ရွှေဆောင်၍ လာတတ်ကြသည်။ ကရင် စသူတို့ကား အဂ်ါ ယောဂ စသည်ဖြင့် ဆင်ခြေမများပဲ လိုက်နာ လွယ်ကူ၏ဟု မိန့်တော်မူသည်။

ကုလဿီသဥ္စဒေါမြသေဟိ၊ မဟာထေရော ဝိဝဇ္ဇယိ။
ဉာိလေန သုပရိသုဒ္ဓေါ၊ သမ္မာဓိသမ္ပန္နော သုဓီ။

## ဟောနေကြ တရား

**ဘုန်းတော်ကြီးကား တရားရှည်ရှည် ဟောတော်မူလေ့မရှိ၊ တိုတို** ကျဉ်းကျဉ်းနှင့် လိုရင်းကိုသာ ဟောတော်မူသည်။ သူ့အသက် မသတ်နှင့်၊ သူ့ဥစ္စာ မခိုးနှင့်၊ သန်းဉမတုပ်နှင့် ငရဲကြီးသည်။ သရက်စိုက်မှ အချိုသီးသည်။ တမာစိုက်လျှင် အခါးသီးသည်။ ရတနာ ၃-ပါးကို အစစ်အမှန် ကိုးကွယ်ရာဟု ယုံကြည်ကြ။ ဤမျှလောက်ဟောပြီး သွားကြဟု ပြန်လွှတ်လေသည်။ တရားနာသူတို့ တသက်လုံး မမေ့နိုင်ကြ။ ရံခါ "ခန္ဓာ ၅-ပါး အနိစ္စ၊ ဒုက္ခ၊ အနတ္တ" စသည်ဖြင့် ခန္ဓာ ဝိပဿနာ တင်ပုံမျှလောက်ကိုသာ ချပေးတတ်သည်။ ဘုန်းတော်ကြီးကား မဆုတ် မနစ် စွန့်စားသူ၊ ဖြောင့်မတ်သူဖြစ်သည်။

သဒါ ဥဿာဟသမ္ပန္နော၊ သဗ္ဗဒါ ဥဇုမာနသော။
သဒ္ဓမ္မ နိရုတော မိရော၊ သမ္ဗုဒ္ဓစက္ကဇောတကော။

## ကျားမကိုက်သော ဘုန်းတော်ကြီး

အလွန်ကြမ်းတမ်းသော ကျားသတ္တဝါများသည်ပင် ဘုန်းတော်ကြီး အား မကိုက်ကြကုန်၊ အန္တရာယ်မပြုကြကုန်၊ သက္ကရာဇ် ၁၂၂၇-ခု နှစ် ဝါကျွတ်သောအခါ ဘုန်းတော်ကြီးသည် ဟသ်ာကုန်းမှ ကြွတော် မူ၍ ကျိုက်ဒေးယျုံဘုရားကြီး အနောက်တောင်ဘက် ပိန်းအင်းတောရ ကျောင်းတွင် လေးတိုင်စင်ကျောင်းငယ်၌ တကိုယ်တည်း သီတင်းသုံး

တော်မူသည်။ ထိုနေရာကား ကျားများနေရာအရပ်ဖြစ်သည်။ ညဥ့်အခါ ကျားဟိန်းသံတွေ ဆူညံနေသည်။ နံနက်လင်း၍ လူများသွားရောက် ကြည့်လေရာ ကျားခြေရာ အကြီးအငယ်တို့ ရှုပ်ယှက်ခတ်နေသတတ်။ တကယ်တော့ ကျားသတ္တဝါများပင် ဘုန်းတော်ကြီးအား ချစ်ခင်ကြကုန်၏။

မဟာထေရံ ပိဟယန္တိ၊ ဗျဂ္ဃာပိ အတိဒါရုဏာ။
သမဏဓမ္မယုတ္တဿ၊ နကုတောစိ ဘယံ ဟိ ဝေ။

## ကျားဖြစ်မည် နွားဖြစ်မည် မထင်ရှား

တောကျောင်းတကျောင်း၌ သီတင်းသုံးစဉ်က ဖြစ်သည်၊ နံနက် ကုဋီသွားခိုက်တွင် ဒကာအချို့ ကျောင်းလာကြသည်။ ကုဋီမှ ပြန်လာသောအခါ ဒကာတို့က ဤကုဋီလမ်းတွင် တပည့်တော်များ လာစဉ်က ကျားတွေ့ခဲ့ပါသည်။ ဘုန်းတော်ကြီးဘုရား ကုဋီသွားစဉ်က မတွေ့မိပါလားဘုရားဟု လျှောက်ထားလေရာ ဘုန်းတော်ကြီးက ကျားဖြစ်မည်၊ နွားဖြစ်မည် မထင်ရှား တွေ့တော့တွေ့သည်။စောလဲစောသေးသည်။နွားဖြစ်မည်သာ ထင်၏ဟု မိန့်တော်မူသည်။ ဒါယကာတို့ သွား၍ ကြည့်ရှုပြန်သောအခါ နွားခြေရာမတွေ့ ကျားခြေရာသာ တွေ့သည်။ မေတ္တာဖြင့်နေသူအား ကြမ်းတမ်းလှသည့် သတ္တဝါတို့ မညှဉ်းဆဲ မနှိပ်စက်ကြကုန်။

မေတ္တာဝိဟာရိနော သတ္တာ၊ လုဒ္ဒါ လောဟိတပါဏိနော။
ပစ္စတ္ထိကာ အပဟိံသယုံ၊ မေတ္တာ မဟပ္ဖလာ ဟိ ဝေ။

## ကျားနှင့် ၃-တောင်ခန့်သာကွာ

သီလဖြူစင်ပြီး မေတ္တာဘာဝနာနှင့် ထာဝစဉ် ယှဉ်သော သူတော်ကောင်းများကို ဆင်၊ ကျား၊ မြွေ စသော သတ္တဝါများ မညှဉ်းဆဲ မနှိပ်စက်ကြကုန်၊ သာသနာသက္ကရာဇ် ၁၇၀၀-ကျော်ခလောက်က သီဟိုဠ်

ကျွန်း ပုလတ္ထိမြို့အနီး ဒိမ္ဗုလတောင်ကျောင်းနေ အရှင်မဟာကဿပကြီး ဆင်ရိုင်းတွေကြားထဲမှ ကြွလာပြီး ဆွမ်းခံဝင်တော်မူသည့်၊ သို့ပေမဲ့ ဆင်ရိုင်းတွေက မထေရ်မြတ်ကို တစုံတရာ အန္တရာယ်မပြုကြကုန်။

ရင်းပြင် သီဟိုဠ်ကျွန်းတောင်ပိုင်း စိတ္တလတောင်မှာ သီတင်းသုံးတော်မူခဲ့ကြသော တောရကျောင်းနေ ဆရာတော်များမှာ မြွေပွေး၊ မြွေဟောက်တွေနှင့် နီးနီးကပ်ကပ် နေတော်မူကြရာ တစုံတရာ အန္တရာယ်မပြုကြောင်းသိခဲ့ရပါသည်။ ဘုန်းတော်ကြီး ဦး၊သီလသည်လည်း အခါတပါး ခရီးကြွစဉ် နေဝင်ပြီးသောအခါ ကမ်းမြင့်ရွာနှင့် မနီးမဝေး သုဿာန်စရပ်၌ ညဥ့်တည်းခို၍ နေတော်မူသည်။ ထိုရွာ၌ ညဥ့်စဉ်လိုလို ကျားဝင်၍ ကျွဲနွားများကို ကိုက်ချီလေ့ရှိသည်။ နံနက်မိုးသောက် အလင်းရောက်သောအခါ ရွာသားတို့သည် ယမန်နေ့ညက သုဿာန်၌ အာဂန္တုဘုန်းကြီးတပါး တည်းခိုလာသည်ဟု သတင်းရသည်။ ကျားစာဖြစ်ရှာလေပြီဟု ရှာဖွေရန် သွားကြသည်။ လမ်း၌ ဘုန်းတော်ကြီး ဆွမ်းခံကြွလာသည်ကို ရင်ဆိုင်တွေ့ကြလေလျှင် ချက်ခြင်း ရွာသို့ပြန်၍ ဆွမ်းလောင်းလှူကြသည်။ ဆွမ်းခံအပြန် နောက်မှလိုက်၍ ကြည့်ရှုကြရာ ဘုန်းတော်ကြီးနေသောနေရာနှင့် ကျားနေသောနေရာသည် ၃-တောင်ခန့်သာ ကွာဝေးသည်ကို မြင်ကြရသောဟူ၏။

သီလဝန္တံ နဗာဓေန္တိ၊ သီဟဗျဂ္ဃါဒိအာဒယော။
ဒေဝတာပိစ ရက္ခန္တိ၊ ပိဟယန္တိ ယက္ခာ ဒယော။

## ကျားပါးစပ်က မီးခဲကြီး

ဘုန်းတော်ကြီးသည် ဒေးစွန်ပါတောရ၌ သီတင်းသုံးတော်မူဘူးသည်။ ထိုစဉ်က ဘိုးသူတော်ကြီး ဦးအာကာသည် ထင်းများကို ရှာဖွေ၍ ညဥ့်အခါ မီးလှုံလေ့ရှိ၏။ တညဥ့်တွင် ကျားကြီးတကောင်ဝင်လာ၏၊ ဘိုးသူတော်သည် လွန်စွာကြောက်နေသည်။ အချိန်အနည်းငယ်ကြာလေလျှင် ကျားကြီးသည် မီပုံအနီးတွင် ခံတွင်းပါးစပ်ဟလျက် အိပ်ပျော်၍ နေ၏။ ဘိုးသူတော်သည် ကြောက်စိတ်ပြေလာပြီး "ကျားကြီး

ပါးစပ်ထဲ မီးကျီးခဲတွေ ကော်ထည့်လိုက်လျှင် ကောင်းမှာပဲ''ဟု မသင့်မဘင့် နှလုံးသွင်းလိုက်လေသည်။ ထိုအခါ ကျားကြီးဟိန်းသံပြုလေ၏။ ကျောင်းဇယ်ပေါ်မှ ဘုန်းတော်ကြီးက ''အို ဘိုးသူတော်....ဘာဖြစ်လို့ မကောင်းသော အကြံအစည် ကြံစည်ဘိသနည်း ကိုယ့်အလုပ်မလုပ်ဘူး'' ဟု မိန့်တော်မူသတတ်။ ကျားသည် နောက်ထပ် မဟိန်းတော့ဟူ၏။[၁]

## ကျားများ အိမ်ကြောင်အလား ဖြစ်ကြ

ကော့ကရိတ်နယ် နဘူးရွာ တော တောင်များ၌ ကျား စသော သတ္တဝါတို့ လွန်စွာ သောင်းကျန်းကုန်၏။ ဘုန်းတော်ကြီး ကြွရောက်၍ သီတင်းသုံးတော်မူသောအခါ တစုံဘခု အန္တရာယ် မပြုကြကုန်။ ကျောင်းလှေကားရင်း၌ ညဉ့်အချိန်လာ၍ အိပ်ကြကုန်၏၊ ကျားသတ္တဝါတို့သည်ဘုန်းတော်ကြီးအနီးတွင် အိမ်ကြောင်တို့အလား ယဉ်ပါးကုန်၏။

ဗျဂ္ဃာဒယော ပိယာယန္တိ၊ သီလံ သုသီလသံယုတံ။
အန္တရာယမ္ပိ နာကံသု၊ ရက္ခန္တိစ အနေကဓာ။

## ငိုယိုလျက် နောက်ဆုတ်ဖဲသော ဆင်

သက္ကရာဇ် ၁၂၅၀-ပြည့်နှစ်သောက်တွင် ကျိုက်ထိုမြို့နယ် ကတိပေါလေး ချောင်းအကွေ့ ငှက်ပျောတောရွာမြောက်ဘက် သက်ယော်ကျင်းရွာမှ ဒါယကာ ၃-ယောက်တို့သည် ဘုန်းတော်ကြီး ဦးသီလကို မိမိတို့ရွာအနီး၌ သီတင်းသုံးရန် ပင့်လာကြကုန်၏။ ထိုရွာအနီးမှာလည်း ဆင်ဆိုးတစီး ရှိသည်၊ လူပေါင်းများစွာကို နင်းသတ်ဘူး၏။ သက်ယော်ကျင်းရွာအနီး တမိုင်ခန့်သို့ ရောက်သောအခါ ထိုဆင်ဆိုးနှင့် ရင်ဆိုင်တွေ့လေ၏။ ထိုအခါ ဒါယကာ ၂-ယောက်တို့သည် ဦးတည့်ရာ ထွက်ပြေးကြကုန်၏၊ တယောက်သော ဒါယကာသည် အနီးရှိ သစ်ပင်ပေါ်သို့

၁။ ပကတိကျား မဟုတ်တန်ရာ၊ နတ်ကျားဖြစ်တန်ရာသည်ဟု တွေးထင်ကြံသည်။

တက်ပြေး၍ ကြည့်ရှုနေလေသည်။ ဘုန်းတော်ကြီးကား ရှေ့သို့လည်း မသွား၊ နောက်သို့လည်း မဆုတ်၊ မတ်တတ်ရပ်၍ နေတော်မူသည်။ ဆင်ရိုင်းသည် ဘုန်းတော်ကြီးအနီးသို့ ပြေးလာ၍ အနီးသို့ ရောက်သော အခါ ပုဆစ်တုပ်ကာ ဝပ်လျက် နေလေ၏၊ ဘုန်းတော်ကြီးသည် တုန်လှုပ် ကြောက်ရွံ့ခြင်းမရှိ၊ ပကတိ တည်ငြိမ်သော ဣန္ဒြေဖြင့် ရပ်လျက်နေတော် မူသည်။တအောင့်မျှ ကြာလေသော် ဆင်ရိုင်းသည် မျက်ရည်တွေ ဖြိုင်ဖြိုင် လွှတ်စို ငိုယိုလျက် တဖြည်းဖြည်း နောက်ဆုတ် ဖဲသွားသတတ်။

ထေရဿ သီလတေဇေန၊ န ဝေရံ ဟတ္ထိပိ ကရုံ။
သီလံ ဟိ မဟာနုဘာဝံ၊ တသ္မာ သီလေသု ပူရယံ။

### ဆင်များ ရှောင်ရှားသွားကြ

၁၂၅၇-ခုနှစ်လောက်က ဘုန်းတော်ကြီးသည် ကျိုက်ထိုနယ် တောင် ကလေး ခေါ် အင်းစိုင်မော်တော၌ တောကျောင်း နေ၍ တရား ကျင့် တော်မူသည်။ ထိုအခါ ဆင်တို့သည် ကျောင်းဝိုင်းတွင်း ဝင်လာကြကုန် ၏။ ဘုန်းတော်ကြီးက အို ဆင်များတို့၊ သင်တို့ မနှောင့်ယှက်ကြကုန် လင့်။ သင့်တော်ရာ သွားကြကုန်လော့ဟု မိန့်ဆိုလေရာ ဆင်များသည် တခြားသို့ ရှောင်ရှားသွားကြကုန်၏။

### လမ်းရှောင်သော ဆင်နှင့် ဦးညွတ်သော ဆင်

သထုံမြို့ ဓမ္မနိကုန်းတောရ၌ သီတင်းသုံးတော်မူစဉ် ဆွမ်းခံလမ်း၌ တောဆင်နှင့် ဆုံမိ၏။ တောဆင်သည် ဘေးမှ ရှောင်၍သွားသော ဟူ၏။ ခရွဲတောင်ပေါ်၌ သီတင်းသုံးတော်မူစဉ် ဆွမ်းခံအကြွ လမ်းတွင် လူ သတ်ဘူးသော ဆင်နှင့် တွေ့၏။ ဆင်ဆိုးသည် ဦးခေါင်းညွတ်၍ လမ်းမှ ဖဲသွားလေသတတ်။

ကက္ခဠာ ကုဥ္စရာ စာပိ၊ ထေရံ ထိခရသု သဏ္ဍိတံ။
ဂရုံ ကရောန္တိ မာနေန္တိ၊ သီလတေဇော မဟာဟိ ခေါ။

## ကြော့မှူးဆင်ဆိုး လမ်းရှောင် တောဝင်သွား

စစ်တောင်းကျိုက်ထီးရိုးလမ်း မိုးပေါ်ရွာ၌ သီတင်းသုံးစဉ် သက်ငယ်တောင်သို့ ကြွအံ့ ကြံရည်တော်မူကာ ကျိုက်ထီးရိုးလမ်းဖြင့် ကြွတော်မူသည်။ ပဲခူးပန်းလှိုင် ဆရာဖိုးကလေးသည် ဒးပိတ်လွယ်ကာ ဘုန်းတော်ကြီး နောက်တော်၌ ပါသွား၏။ ဘုရားဖူးပြန် တချို့နှင့် အနီးအနား ရွာသူရွာသားတို့က ဤခရီးအကြားတွင် ကြော့မှူး ခေါ် ဆင်ကြီးတကောင် လွှတ်နေပါသည်၊ ယင်းဆင်ကြီးကား လူမြင်တိုင်း လိုက်သတ်ပါသည်။ မကြာမီက ရှမ်းကြီး ၄-ယောက် သတ်လေရာ သရဲဖြစ်ပြီး ထိုဆင်ကို စီးနေပါသည်၊ ကြွတော်မူရန် မသင့်မတော်ပါဟု လျှောက်ထားကြကုန်၏။

သေနတ်ကိုယ်စီ ကိုင်ထားသော ပန်ချာပီ ၃ ယောက်နှင့် ဗိုလ်တယောက်ကလည်း မကြွရန် တားမြစ်ကြသည်။ သို့ရာတွင် ဘုန်းတော်ကြီးကား ကြွမြဲသာ ကြွတော်မူသည်။ မကြာမီပင် ဆင်ကြော့မှူးနှင့် ဆိုင်မိတော့ယည်။ ဆရာဖိုးကလေးကား ဘုန်းတော်ကြီးကို ယုံကြည်သူဖြစ်ရာ ထိတ်လန့်ခြင်း များစွာမဖြစ်။ တဖြည်းဖြည်း နီးကပ်လာသော အခါ ကြော့မှူးဆင်သည် ဦးခေါင်းနှိမ့်လျက် ချဉ်းကပ်လာပြီးလျှင် ဦးခေါင်းမြေစိုက်၍ အော်ဟစ်၍ နေ၏။ ထိုအခါတွင် ခမောက် ခပ်နီနီ ဆောင်းလျက် ဆင်ဦးကင်းမှ လူလိုလို ၄-ယောက် ဆင်းပြေးသည်ကို တွေ့မြင်ရပြီး ကွယ်ပျောက်ကုန်၏။ ကြော့မှူးဆင်သည်လည်း လမ်းရှောင်၍ တောထဲဝင်သွားလေသတတ်။

ကြော့မှူး ကက္ခဠ ဟတ္ထိပ်၊ မဟာထေရံ ပရိဟာရိ။
ထေရသမ္ဗန္ဓ အစ္ဆေရာ၊ အနေကာ လောမဟံသိယာ။

## ဆင်အုပ်ကြားကြွ အန္တရာယ်မပြု

ကော့ကဒွတ်ရွာ တောကျောင်း၌ သီတင်းသုံးတော်မူစဉ် ကျိုက်ထိုမြို့ အရှေ့ဘုရားသုံးဆူတောရမှ ရဟန်းခံ လာပင့်သဖြင့် အဖေါ်မမှိုး တပါးတည်း ကြွတော်မူသည်။ ခရီးအကြား ဇရပ်တခုတွင် လှည်းဝိုင်းချနေသော သူများတွင် ဒကာတယောက်သည် ကျိုက်ထိုသို့ သွားလိုသဖြင့်

ဘုန်းတော်ကြီးနှင့်အတူ သပိတ်လွယ်ယူလိုက်သွား၏။ ညဥ့်အခါ လသာသာတွင် တောဆင်များ ဆင်းလာသည်ကို ခပ်လှမ်းလှမ်းမှ တွေ့မြင်ရသဖြင့် ဘုန်းတော်ကြီးဘုရား "နောက်ပြန်ဆုတ်တော်မူပါ"ဟု အကြိမ်ကြိမ် လျှောက်ထားသည်။ ယင်းသို့ လျှောက်ထားသော်လည်း လသာသာ ကြွမြဲသာ ကြွတော်မူသည်။

ဒကာသည် ကြောက်ရွံ့လှသဖြင့် "ဘုန်းတော်ကြီးဘုရား ဘုန်းတော်ကြီးသပိတ်ကို ယူတော်မူပါ" ဟု လျှောက်ထားကာ သပိတ်ကို ပြန့်လည်ဆက်ကပ်ပြီးလျှင် ချက်ချင်း ပြန်ပြေးလေ၏။ လှည်းဝိုင်းသို့ ရောက်သောအခါ အဖေါ်များအား "ငါဖြင့် တောဆင်အုပ်တွေ့၍ ပြန်ပြေးလာသည်။ ဘုန်းတော်ကြီး စိတ်ကောင်းဟန်မရှိ ပြန်ရန်လျှောက်ကြားသော်လည်းမရ။ ဆင်အုပ်အကြားသို့ ဝင်သွားလေ၏ အစအနမျှပင် ကျန်တော့မည်မဟုတ်"ဟု အထိတ်တလန့် ပြောပြလေ၏။ ထိုအခါ တချို့က ဘုန်းတော်ကြီး ဦးသီလ ဖြစ်မည်ထင်သည်။ အချို့က ကေန်ဦးသီလဟုတ်မည်။ ဘုန်းတော်ကြီးကား ဆင်မနင်း ကျားမကိုက်ကြွဝံ့သည်ဟု ကြားဘူးသည့်အကြောင်းအရာတို့ကို ပြောဆိုကြကုန်၏။ သည်တွင်မှ ထိုဒကာ နေ၍တကြီးစွာရ၍ နောက်တနေ့တွင် ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင်သို့ သတင်းအရ လိုက်သွားပြီးလျှင် "တပည့်တော် မသိမလိမ္မာသဖြင့် အရှင်ဘုရားအား ဝစီကံ မနောကံဖြင့် ပြစ်မှားမိပါသည်။ အနာမယူသည်းခံတော်မူပါ"ဟု ကန်တော့ တောင်းပန်သောဟူ၏။

## န္ဒွားကြမ်းလည်း မခွေ့

ကျိုက်ထိုမြို့အနီး ဆိပ်ဖူးတောင်၌ သီတင်းသုံးတော်မူစဉ် တနေ့တွင် ကျိုက်ထိုမြို့တွင်း မယ်ဇယ်ကျောင်းသို့ ကြွတော်မူသည်၊ ကိစ္စပြီး၍ ပြန်ကြွတော်မူသောအခါ မယ်ဇယ်ဆရာတော်သည် နောက်ကလိုက်၍ပို့သည်။ အုတ်တံတားလမ်းကျဉ်း မရှောင်သာသော နေရာသို့ ရောက်သောအခါ နွားကြမ်း (နွားသိုး) တကောင် ရှူးရှူးမြည်လျက် ထိုလမ်းကျဉ်းသို့ ပြေးလာ၏။ မယ်ဇယ်ဆရာတော်မှာ လွန်စွာစိုးရိမ်လျက် ဘုန်းတော်ကြီးကား ဣန္ဒြေမပျက် ကြွမြဲတိုင်းသာ ကြွတော်မူသည်။ အနီးသို့ ရောက်

သောအခါ နွားကြမ်း (နွားသိုး) သည် နောက်ဆုတ်၍ ရှောင်တိမ်း သွားလေ၏။

ကောပိ ကဏ္ဍေဒ္ဓော ဂေါဏော၊ ဗလိဗဒ္ဓေါ ဟိ အာဂတော။
ထေရဿန္တေ နိဝတ္တိတွာ၊ ယထာကာမံ ဂတော ဟိ ခေါ။

## ဘုန်းတော်ကြီးစကား နားထောင်သော မြွေကြီး

ကျိုက်ပတိုင်ကုန်းတန်း ဂူကုန်း၌ သီတင်းသုံးစဉ် မြွေဟောက်ကြီး တကောင်သည် ဘုန်းတော်ကြီး သီတင်းသုံးရာ ဂူတွင်းသို့ဝင်၍ ငြိမ်သက်စွာ နေလေ၏၊ လုံးပတ် ၃-ထွာခန့်၊ အလျား ၁၅-တောင်ခန့် ရှိသည်။ ဘုန်းတော်ကြီးက အိုမြွေကြီး၊ ငါတို့ကို အနှောင့်အယှက် မပြုနှင့်၊ အနှောင့်အယှက် မပြုကောင်း စသည်ဖြင့် မိန့်ကြားလေရာ နားလည်သည့် အလား အလိုအလျောက် ထွက်ခွာသွားလေ၏။

## ဘုန်းတော်ကြီးစကား နာယူသော စပါးကြီးမြွေ

ကျိုက်ထိုမြို့နယ်၊ ကျိုက်ကသာရွာ ကော့စံတောရ၌ ခေတ္တ သီတင်း သုံးစဉ် ဇရပ်မီးဖိုသို့ မြွေကြီးတကောင် တက်လာ၏။ လူအများထိတ်လန့် တကြား ဖြစ်ကြကုန်၏။ ထိုမြွေကြီးသည် ၁၂-တောင်ခန့် ရှည်၏။ နှာကိုးပေါက် ရှိ၏။ စပါးကြီးမြွေကြီး ဖြစ်သည်။ ထိုအခါ ဘုန်းတော်ကြီး ကြွလာပြီး အိုမြွေကြီး၊ ဤနေရာ ဤဌာနကား သူတော်ကောင်းများ တရားအားထုတ်သည့် နေရာ ဖြစ်သည်။ အနှောင့်အယှက် မပြုလေလင့်ဟု ဆိုလေရာ ချက်ချင်းပင် ဇရပ်အနောက်ဘက်သို့ ဆင်းသွားလေ၏။

ဝစနံ မဟာထေရဿ၊ အာသုဏန္တိ မဟောရဂါ။
မေတ္တာနုဘာဝေါ ထေရဿ၊ ကာမံ အစ္ဆရိယော ဘဝေ။

## ခြင်၊ ပရွက်များ

ဘုန်းတော်ကြီးသည် ရွှေကျင်မြို့နယ် တောရကျောင်းများ၌လည်း သီတင်းသုံးတော်မူဘူးသည်။ ထို တောရကျောင်းများ၌ ခြင်၊ ပရွက်

စသော သတ္တဝါငယ်တို့ လွန်စွာ ပေါများကုန်၏။ ညဥ့်၌ အိပ်ကြသော ဥပုသ်သည်တို့အား ကိုက်ခဲကြကုန်၏။ ထိုအခါ ဥပုသ်သည်အချို့က ဘုန်းတော်ကြီးအား မှက်ခြင်တို့ မကိုက်ကြဟု ဆိုကုန်၏။ တချို့ကမူ ကိုက်မှာပါ၊ အဓိဋ္ဌာန် သမာဓိ ခိုင်မြဲသောကြောင့် မကိုက်ဟု ထင်ရသည်ဟု ဆိုကြကုန်၏။ ဘုန်းတော်ကြီးကား ၁-နာရီ၊ ၂-နာရီခန့်ကြာသော်လည်း လှုပ်ရှားခြင်း အလျဉ်းမရှိဟု ဆိုကြသည်။

မဟာထေရံ န ဗာဓေန္တိ၊ မကသာ ဣဝိလ္လိကာဒယော။
ဣတိ ဟိ မာနုဇာ သန္တာ၊ ကထယန္တိ အနေကဓာ။

### ဘုတနတ်များ တရားနာလာကြ၊ အဖူးမြော်လာကြ

ကမ်းမြင့်ရွာ တောရ၌ သီတင်းသုံးတော်မူသောအခါ တစ္ဆေ၊ မြေဘုတ်၊ ပြိတ္တာ၊ သရဲများ သားငယ် သမီးငယ်များ ရင်ခွင်ပိုက်လျက် တရားနာ အဖူးမြော် လာရောက်ကြသည်ဟု အဆိုရှိသည်။

ဘူတယက္ခာ ဒိသတ္တာပိ၊ ထေရံ ထိရေသု သဏ္ဌိတံ။
ဒဿနာယုပသင်္ကမုံ၊ သောတုံ မမ္မကထာယစ။

### ဥစ္စာစောင့်များက ဆေးလှူခြင်း

ပဲခူးမြို့ မြောက်ဘက် ရွှေလှေရွာတွင် ပြုံးချိုဆိုသူသည် မကြာခဏ ဥစ္စာစောင့် (ဥဒ္ဓစောင့်) ပူးဝင်လေ့ရှိ၏။ အခါတပါး ဥစ္စာစောင့်ပူးစဉ် ဘုန်းတော်ကြီး ထိုအရပ်သို့ ကြွလာသောအခါ ဥစ္စာစောင့်များ၊ ဘုမ္မစိုးနတ်များသည် လူ့အသွင် ဖန်ဆင်း၍ ဆေးဝါးများ ကပ်လှူကြသည်ဟု သိရ၏။

### သေနတ် မီးမထွက်

သက္ကရာဇ် ၁၂၄၇-ခုနှစ်တွင် စစ်တောင်း မရမ်းချောင်းဘုန်းကြီးကျောက်ကလပ်ဘုန်းကြီးသည် ဗိုလ်လုပ်၍ ကျိုက်ထိုနယ်၊ ရွှေကျင်နယ်

တို့၌ ခိုးဆိုး ဒမြတိုက်၏။ ရွှေကျင်မြို့ဝင် အစီးတွင် ပန်ချာပီစစ်သား၊ များ၏ သေနတ်ကျည်ဆံ ထိမှန်သဖြင့် လက်ရုံးဗိုလ် ကိုဘားကြီးကျသုံး၍ တပ်ပျက် တွက်ပြေး၏။ ထိုအခါ ဘုန်းတော်ကြီး ဦးသီလသည် တောအုပ် တခု သစ်ပင်အောက်၌ ခေတ္တ သီတင်းသုံးတော်မူ၏။ ပန်ချာပီ စစ်သား တို့သည် ကျောက်ကလပ်ဘုန်းကြီးဘက်သားဟု ထင်မှတ်သဖြင့် သေနတ် ဖြင့် ပစ်ခတ်ကြကုန်၏၊ သို့ရာတွင် သေနတ် မီးမထွက်ပါချေ။ ပန်ချာပီ စစ်သား ချဉ်းကပ်၍ မေးမြန်းလေရာ ဘုန်းတော်ကြီး ဦးသီလမှန်း သိ၍ ရှိခိုးကန်တော့ တောင်းပန်ကြကုန်၏။

ဤသို့ စသည်ဖြင့် ဘုန်းတော်ကြီး ဦးသီလနှင့်စပ်၍ သိမှတ်ဖွယ်၊ အံ့သြဖွယ်တို့ကား လွန်စွာ များလှကုန်၏၊ ဤကလျာဏီ သာသနာဝင် ကျမ်း၌ အကျဉ်းမျှ ဖော်ပြသည်။ အကျယ်သိလိုမူ ညောင်လေးပင်မြို့ တောရကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးအရိယ ပြုစီရင်သည့် ဘုန်းတော်ကြီး ဦးသီလ ထေရုပ္ပတ္တိကို ကြည့်ရှုရာ၏။

## ပဲခူး ပဝါရဏာပွဲ အစပေါ်ဝင်

သက္ကရာဇ် ၁၂၅၃-ခုနှစ်[၁] မှစ၍ ဘုန်းတော်ကြီး ဦးသီလ၏ ပါဝင်ကြိုး ပမ်းမှုကြောင့် ပဲခူးမြို့ ကလျာဏီသိမ်တော်ကြီး၌ ပဝါရဏာပွဲကြီး စတင် ပေါ်ပေါက်ခဲ့လေသည်။ တောရဂိုဏ်း ညီညွတ်ရေးအတွက် ဂိုဏ်းလုံး ကျွတ် ပဝါရဏာပွဲကြီးဖြစ်အောင် စီစဉ်တော်မူခြင်းဖြစ်သည်။ ယင်း ပဝါရဏာပွဲကြီးများ၌ ဘုန်းတော်ကြီး ဦးသီလကြွလာလျှင် လာရောက် ဖူးမြော်သူတို့မှာ ကလျာဏီကျောင်းတိုက်ကြီး မဆန့်အောင် များလှ သည်ဟု သိရ၏။

## ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် ဘုန်းတော်ကြီးဦးသီလ

သက္ကရာဇ် ၁၂၅၅-ခုနှစ်တွင် ဘုန်းတော်ကြီးသည် ခရွဲတောင် အရှေ့ အခိုက်ရွာ တောရ၌ ဝါကပ်တော်မူသည်။ သီတင်းကျွတ်ပြီးသော

---

၁။ သက္ကရာဇ် ၁၂၄၄-ခုမှစသည်ဟုလည်း ယခုပုဂ္ဂိုလ်တို့ ဆိုကြသည်။

ဦးသောမ…ဦးသောမက ညောင်လေးပင်သွား၍ ဧရိယတ္တိသာသနာ ပွင့်လင်းစည်ပင်အောင်ပြုရမည်ဟု မိန့်တော်မူသဖြင့် ဦးသောမသည် ၁၂၅၆-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၃-ရက်နေ့တွင် သံဃာတော် ၁၁-ပါးနှင့် အတူ ကြွတော်မူ၍ ညောင်လေးပင်တောရ စာသင်တိုက် တည်ထောင်တော်မူသည်။

ညောင်လေးပင်တောရ အာရာမော၊ သီတစ္ဆာယော မနောရမော။
ပတိဋ္ဌာပိတော သီလေန၊ သီလဝန္တေန ဓီမတာ။

## ကျိုက်ထိုမြို့ ဆိတ်ဖူးတောင် ၅-နှစ်ဝါဆို

၁၂၆၀-ပြည့်နှစ်တွင် ဝက်ထောင်မှူး တရုတ်သဌေး ဦးထွား၏ လျှောက်ထားချက်အရ ကျိုက်ထိုမြို့ ဆိတ်ဖူးတောင်၌ ၅-နှစ်ဝါဆို သီတင်း သုံးတော်မူသည်။ ဦးထွားကား ဝက်သထိုးသည် ဖြစ်၍လည်း ကောင်း ဘိန်းအရက်သေစာယစ်မျိုးတို့ကိုဖောက်ကားရောင်းဝယ်သောက် စား၍လည်းကောင်း အသက်မွေးသူဖြစ်သည်။ သို့ရာတွင် ဘုန်းတော်ကြီး ဟောပြောမှုကြောင့် ထိုလုပ်ငန်းများကိုစွန့်၍ သမ္မာအာဇီဝဖြင့် အသက် မွေးသူ ဖြစ်လာသည်။ ကျိုက်ထို၌ ၅-နှစ် သီတင်းသုံး၍ ပြန်ကြွတော် မူပြီးနောက် ခရီးကြုံ၍ ရောက်လာသောအခါ တောရဂိုဏ်း ကျောင်း များဖြစ်သော တိုက်တောင် ကင်းပွန်းတောင် သာယာကုန်း ဆိတ်ဖူး တောင် ကော့စံနိုင် မယ်ဇယ်ကျောင်းတိုက်တို့၌ တည်း၍မျှစီ ကျိန်းပြီးမှ အခြားအရပ်သို့ ကြွတော်မူသည်။ကျိုက်ထိုနယ်၌ တောရဂိုဏ်း ကျောင်း တိုက်ပေါင်း ၄၀-ကျော်ခန့်ရှိသော ဟူ၏။

## ကျိုက္ကစံကျောင်းတိုက် တည်ထောင်

သက္ကရာဇ် ၁၂၆၂-ခုနှစ်တွင် ပြာသိုလတွင် ကျိုက္ကစံဘုရားလူကြီး ဦးသာမှိုသည် ကျိုက္ကစံစေတီ အနောက်ဘက် မြေ၌ တိုက်ကျောင်း ဆောက်လုပ်ပြီး ဘုန်းတော်ကြီး ဦးသီလအား လှူဒါန်းလေသည်။ ဘုန်းတော်ကြီး ဦးသီလသည် ကျိုက္ကစံ ကျောင်းတိုက်ကြီးကို အလှူခံ

တော်မူပြီး မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးကို လှူအပ်တော်မူသည်။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရား ကြီးသည် ကျိုက်ပတိုင် သိမ်ကုန်းကျောင်း၌ သီတင်းသုံးသော ဘုန်းကြီးဦးဥတ္တမကို ခေါ်ယူ၍ ကျောင်းတိုက်ကို အုပ်ချုပ်စေတော်မူခဲ့လေသည်။

ကျိုက္ကစ်ဗိဇ္ဇာလယောပိ၊ သီတစ္ဆာယော မဇ္ဈနာဟွေ။
ပဋ္ဌပိတော သုသီလေန၊ သီလဝန္တေန ယတိနာ။

## ညောင်တုန်းမြို့ ရွှေဟသာ်ာတောရတိုက် တည်ထောင်

သက္ကရာဇ် ၁၂၆၂-ခုနှစ် ပြာသိုလတွင် ညောင်တုန်းမြို့ တဘက်ကမ်းရန်ကင်းစံရာရွာ တောရကျောင်းသို့ ကြွ၍ သိမ် သမုတ်တော်မူသည်။ ညောင်တုန်းမြို့မှ ဒါယကာ ဒါယိကာမများ၏ ပင့်လျှောက်ချက်အရ ၁၂၆၂-ခုနှစ် တပေါင်းလဆန်း ၁၂-ရက် သောကြာနေ့တွင် သံဃာတော် ၅၅-ပါးနှင့်အတူ သင်္ဘောဖြင့် ကြွတော်မူသည်။ ရွှေဟသာ်ာ တောရတိုက်ကို တည်ထောင်တော်မူသည်။[1]

ရွှေဟသာ်ာတောရအာရာမော၊ သဒ္ဒလော ရုစိရော ဘဝိ။
ပဘာဝိတော သုသီလေန၊ သီလဝန္တေန ယတိနာ။

## ဖြူးမြို့၌ ကျောင်းတိုက် ၂-တိုက်တည်ထောင်

၁၂၅၇-ခုနှစ် လောက်တွင် ဖြူးမြို့သို့ ကြွတော်မူ၍ ဒါယကာ ဒါယိကာမတို့၏ လျှောက်ထားချက်အရ ဖြူးမြို့တောင်ဘက်တွင် ကျောင်းတိုက်တတိုက် မြောက်ဘက်တွင် ကျောင်းတိုက် တတိုက်အားဖြင့် ကျောင်းတိုက် ၂-တိုက်ကို တည်ထောင်တော်မူခဲ့သည်။

---

၁။ အကျယ် ညောင်တုန်း သာသနာဝင်ကြည့်။

အခါ မန္တလေးမြို့ ရွှေကျင်ဆရာတော်ဘုရားကြီးသည် အောက်ပြည်ရာမညတိုင်းသို့ ကြွတော်မူ၍ လှည့်လည်တရားဟောပြတော်မူသည်။ ပဲခူးမြို့သို့ ရောက်တော်မူသောအခါ ရွှေမော်ဓောစေတီတော်ကြီး၏ အရှေ့ဘက် ဝါးရုံတော ဝါးပင်အောက်တွင် သီတင်းသုံးတော်မူလျက် ရောက်ရှိလာသော ရဟန်းသာမဏေ၊ ဒကာ၊ ဒကာမတို့အား တရားဓမ္မဟောပြဆုံးမတော်မူသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးက ဘုန်းတော်ကြီး ဦးသီလနှင့် တွေ့လိုကြောင်း မိန့်တော်မူသဖြင့် ဘုန်းတော်ကြီး ဦးသီလသည် ရွှေကျင်ဆရာတော်ဘုရားထံ ကြွရောက်တွေ့ဆုံတော်မူသည်။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ တရားဓမ္မဩဝါဒများကိုလည်း နာယူတော်မူသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ဘုန်းတော်ကြီး ဦးသီလကိုလည်း တရားဓမ္မဟောပြစေတော်မူ၍ ကိုယ်တိုင်လည်း နာယူတော်မူသည်။

ရွှေကျင်ထေရပုဂ်ဂေန၊ သုသီလယတိနော ဟိ ခေါ။
သမာဂမော တဒါ အာသိ၊ ပဲခူးဝှနဂရေ သုတော။

## သထုံမြို့ကြွ ဓမ္မိကာရာမစာသင်တိုက်တည်ထောင်

ဘုန်းတော်ကြီးသည် ၁၂၅၅-ခုနှစ်လောက်တွင် သထုံမြို့သို့ ကြွတော်မူသည်။ သထုံမြို့ ပုဂ္ဂိုလ်တချို့က "ဒကာတို့....ချေသတ္တဝါစသော တောကောင်များ မြို့တွင်း ရွာတွင်းဝင်လျှင် မြို့ရွာပျက်တတ်သည်မဟုတ်လား၊ ယခုလည်း ဦးသီလ တောရဘုန်းကြီးလာသဖြင့် ငါတို့မြို့ ပျက်နိုင်သည်။ ဆွမ်းမလောင်းကြနှင့် စသည်ဖြင့် ဟောပြောမှုကြောင့် ဦးသီလကိုယ်တော် သထုံရောက်စက ၃-ရက်ဆွမ်းမဘုဉ်းပေးရ။ နောက်တွင်ကား အလှူ်ပေါ်များလှ၏။ ကြည်ညိုသူ ဒကာရင်းတို့လည်း များစွာပေါ်ပေါက်လာကုန်၏။ ထိုအခါ ဘုန်းတော်ကြီးဦးသီလက "အိုဒကာတို့ သာသနာတော်၏ အမြစ်အခြေသည် ပရိယတ်ဖြစ်ချေသည်။ သာသနာတော်အရှည်တည်တံ့အောင် စာသင်တိုက်တည်ကြရမည်" ဟု မိန့်တော်မူသည်။ ထိုအခါ မြေနီကုန်းရပ်မှ ဦးဖိုးသန့်က မိမိခြံမြေကို စာသင်တိုက်

တည်ရန် လျှုဒါန်းလေသည်။ အမိန့်တော်ရ ဦးတူ၊ အမိန့်တော်ရ ဦးအို၊ ကုန်သည် ဒေါ်မင်းသူ ဒေါ်ဦးတို့က ဝါးကျောင်းများ ဆောက်လုပ်လှူဒါန်းကြသည်။တိုက်သူကြီး ဦးချစ်ဦးက အလယ်ကျောင်းကြီးကို တိုက်ခံ၍ ဆောက်လုပ်လှူဒါန်းသည်။ ဘုန်းတော်ကြီးသည် ဦးဓမ္မိဿရအားလွှဲအပ်ပြီးလျှင် စာသင်တိုက်ပြုလုပ်စေ၏။ ယင်းကျောင်းတိုက်ကား ဓမ္မိကာရာမ တိုက်ဟုထင်ရှားသော စာသင်တိုက်ဖြစ်လာလေသည်။

မ္မေိကာရာမနာမမ္ပိ၊ ဝိဇ္ဇာပိဋ္ဌ သုဇာတိမာ။
သာသနဝုဍ္ဍိဘာဝါယ၊ ပတိဋ္ဌာပေသိ ဗုဒ္ဓိမာ။

## တောင်ဝိုင်းတောရတည်ထောင်

ဘုန်းတော်ကြီးသည် သာထုံရောက်စက ဦးဝိုင်းခြံရာ၌ သီတင်းသုံးတော်မူသည်။ ထိုဦးဝိုင်းခြံရာ၌ပင် ဆွမ်း ၃-ရက် မဘုဉ်းပေးခဲ့ရချေ၊ နောက်တွင် ဦးစိုင်းခြံရာသည် တောင်ဝိုင်းကြီး တောရကျောင်းတိုက်ဖြစ်လာလေသည်။ သထုံမြို့ ဦးဘလိပ်သွိုး ဒေါ်ဖွားစုံတို့က ယင်းခြံရာ၌ ကျောင်းဆောက် လှူဒါန်းကြကုန်၏။ စာသင်တိုက်မှ ဓမ္မကထိက၊ စာချဆရာတော် ဦးဇာနုတ္တရကို ပင့်၍ သီတင်းသုံးစေသည်။

တောင်ဝိုင်းတောရအာရာမေပိ၊ ထေရတေဇေန မာပိတော။
ဦးသီလထေရသေဋ္ဌော ဟိ၊ သာသနပတိဋ္ဌာပကော။

## ညောင်လေးပင်တောရကျောင်းတိုက်တည်ထောင်

ဘုန်းတော်ကြီး ဦးသီလသည် ၁၂၅၆-ခုနှစ်တွင် ရွှေကျင်မြို့ တောင်ဘက် ဆိတ်ကလေးတောရ၌ဝါကပ်တော်မူသည်။ သီတင်းကျွတ်လေလျှင် အနယ်နယ် အစိုစို အမြို့မြို့ အရွာရွာမှ ဘုန်းတော်ကြီးကို လာရောက်ဖူးမြော်ကြသည်။ ထိုဧပဟန်းများတွင် ခရွဲတောရဘုန်းကြီး ဦးသောမ ပါလာသည်။ဘုန်းတော်ကြီးက ခရွဲတောရ ဘုန်းတော်ကြီး ဦးသောမကို

ဦးသောမ…ဦးသောမက ညောင်လေးပင်သွား၍ ဇေရိယတ္တိသာသနာ ပွင့်လင်းစည်ပင်အောင်ပြုရမည်ဟု မိန့်တော်မူသဖြင့် ဦးသောမသည် ၁၂၅၆-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၃-ရက်နေ့တွင် သံဃာတော် ၁၁-ပါးနှင့် အတူ ကြွတော်မူ၍ ညောင်လေးပင်တောရ စာသင်တိုက် တည်ထောင်တော်မူသည်။

ညောင်လေးပင်တောရ အာရာမော၊ သီတစ္ဆာယော မနောရမော။
ပတိဋ္ဌာပိတော သီလေန၊ သီလဝန္တေန ဓီမတာ။

## ကျိုက်ထိုမြို့ ဆိတ်ဖူးတောင် ၅-နှစ်ဝါဆို

၁၂၆၀-ပြည့်နှစ်တွင် ဝက်ထောင်မှူး တရုတ်သဌေး ဦးထွား၏ လျှောက်ထားချက်အရ ကျိုက်ထိုမြို့ ဆိတ်ဖူးတောင်၌ ၅-နှစ်ဝါဆို သီတင်း သုံးတော်မူသည်။ ဦးထွားကား ဝက်သထိုးသည် ဖြစ်၍လည်း ကောင်း ဘိန်းအရက်သေစာယစ်မျိုးတို့ကိုဖောက်ကားရောင်းဝယ်သောက် စား၍လည်းကောင်း အသက်မွေးသူဖြစ်သည်။ သို့ရာတွင် ဘုန်းတော်ကြီး ဟောပြောမှုကြောင့် ထိုလုပ်ငန်းများကိုစွန့်၍ သမ္မာအာဇီဝဖြင့် အသက် မွေးသူ ဖြစ်လာသည်။ ကျိုက်ထို၌ ၅-နှစ် သီတင်းသုံး၍ ပြန်ကြွတော် မူပြီးနောက် ခရီးကြုံ၍ ရောက်လာသောအခါ တောရဂိုဏ်း ကျောင်း များဖြစ်သော တိုက်တောင် ကင်းပွန်းတောင် သာယာကုန်း ဆိတ်ဖူး တောင် ကော့စံနိုင် မယ်ဇယ်ကျောင်းတိုက်တို့၌ တည်း၍မျှစီ ကျိန်းပြီးမှ အခြားအရပ်သို့ ကြွတော်မူသည်။ကျိုက်ထိုနယ်၌ တောရဂိုဏ်း ကျောင်း တိုက်ပေါင်း ၄၀-ကျော်ခန့်ရှိသော ဟူ၏။

## ကျိုက္ကစံကျောင်းတိုက် တည်ထောင်

သက္ကရာဇ် ၁၂၆၂-ခုနှစ်တွင် ပြာသိုလတွင် ကျိုက္ကစံဘုရားလူကြီး ဦးသာမှိုသည် ကျိုက္ကစံစေတီ အနောက်ဘက် မြေ၌ တိုက်ကျောင်း ဆောက်လုပ်ပြီး ဘုန်းတော်ကြီး ဦးသီလအား လှူဒါန်းလေသည်။ ဘုန်းတော်ကြီး ဦးသီလသည် ကျိုက္ကစံ ကျောင်းတိုက်ကြီးကို အလှူခံ

တော်မူပြီး မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးကို လှူအပ်တော်မူသည်။မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရာ ကြီးသည် ကျိုက်ပတိုင် သိမ်ကုန်းကျောင်း၌ သီတင်းသုံးသော ဘုန်းကြီးဦးဥတ္တမကို ခေါ်ယူ၍ ကျောင်းတိုက်ကို အုပ်ချုပ်စေတော်မူခဲ့လေသည်။

ကျိုက္ကစ်ဝိဇ္ဇာလယောပိ၊ သီတစ္ဆာယော မဒ္ဒနာဟွယော။
ပဋ္ဌပိတော သုဿီလေန၊ သီလဝ္ဟယေန ယတိနာ။

## ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် တည်ထောင်

သက္ကရာဇ် ၁၂၆၂-ခုနှစ် ပြာသိုလတွင် ညောင်တုန်းမြို့ တဘက်ကမ်း ရန်ကင်းစံရာရွာ တောရကျောင်းသို့ ကြွ၍ သိမ် သမုတ်တော်မူသည်။ ညောင်တုန်းမြို့မှ ဒါယကာ ဒါယိကာမများ၏ ပင့်လျှောက်ချက်အရ ၁၂၆၂-ခုနှစ် တပေါင်းလဆန်း ၁၂-ရက် သောကြာနေ့တွင် သံဃာတော် ၅၅-ပါးနှင့်အတူ သင်္ဘောဖြင့် ကြွတော်မူသည်။ ရွှေဟင်္သာတောရတိုက်ကို တည်ထောင်တော်မူသည်။[၁]

ရွှေဟင်္သာတောရအာရာမော၊ သဒ္ဒလော ရှဝိရော ဘဝိ။
ပဘာဝိတော သုသီလေန၊ သီလဝ္ဟယေန ယတိနာ။

## ဖြူးမြို့၌ ကျောင်းတိုက် ၂-တိုက်တည်ထောင်

၁၂၅၇-ခုနှစ် လောက်တွင် ဖြူးမြို့သို့ ကြွတော်မူ၍ ဒါယကာ ဒါယိကာမတို့၏ လျှောက်ထားချက်အရ ဖြူးမြို့တောင်ဘက်တွင် ကျောင်းတိုက်တတိုက် မြောက်ဘက်တွင် ကျောင်းတိုက် တတိုက်အားဖြင့် ကျောင်းတိုက် ၂-တိုက်ကို တည်ထောင်တော်မူခဲ့သည်။

---

၁။ အကျယ် ညောင်တုန်း သာသနာဝင်ကြည့်။

## စုတိကမ္မဇရုပ် ချုပ်တော်မူခြင်း

ဘုန်းတော်ကြီး ဦးသီလသည် သီလ သမာဓိ ပညာဂုဏ်နှင့် အလွန်လျှင် ကိုလို လောကပြည့်ဝတော်မူသည့် ပုဂ္ဂိုလ်ထူး ဖြစ်တော်မူသည်။ ဖော်ပြပါ သီလ သမာဓိ ပညာဂုဏ် ပိုင်ရှင် ဖြစ်တော်မူသော ဘုန်းတော်ကြီး ဦးသီလသည် ဇလွန်မြို့ သုသာန်ကျောင်းတိုက် သိမ်သမုတ်အပြီး သက္ကရာဇ် ၁၂၆၉-ခုနှစ် ကဆုန်လဆုတ် ၄-ရက်နေ့ နံနက် ၇-နာရီစွန်းအချိန်တွင် စုတိကမ္မဇရုပ် ချုပ်တော်မူသည်။

ဘဒ္ဒန္တသီလတ္ထေရော ဟိ၊ သီလဝါ သံဝရော သုဓီ။
စက္ကာယ ဝုဒ္ဓိယာ ကိစ္စံ၊ ကတွာ မစ္စုမုခံ ဂတော။

## ကလျာဏီကျောင်းတိုက်ကြီး၏ ပဉ္စမမြောက် နာယကဆရာတော်
## အရှင်စန္ဒိမာမဟာထေရ်
## အရည်ဝါသီ ရွှေကျင်နိကာယ နာယကဆရာတော်


ဆရာတော်အရှင်စန္ဒိမာသည် ဘုန်းကံကြီးမားသည့် ဆရာတော်ဖြစ်တော်မူသည်။ ဆရာတော်အရှင်စန္ဒိမာလက်ထက်တွင် ကလျာဏီကျောင်းတိုက်ကြီး အံ့မခန်း စည်ကားလာသည်။လို့လဝိရိယနှင့် ထူးထူးခြားခြား ပြည့်စုံသည့် ဆရာတော် ဖြစ်တော်မူသည်။

## မီးရှူးသန့်စင် ဖွားမြင်ခြင်း

ပဲခူးမြို့ ဇိုင်းဂနိုင်းရပ်နေ အဖ ဦးရွှေနိ၊ အမိ ဒေါ်သော်တို့မှ သက္ကရာဇ် ၁၂၃၀-ပြည့်နှစ် တပေါင်းလဆုတ် ၆-ရက် အင်္ဂါနေ့ နံနက် ၈-နာရီ အချိန် (မြန်မာနာရီ ၄-ချက်တီးကျော်အချိန်) တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။

## ကလျာဏီကျောင်းတိုက် ရောက်ရှိပညာသင်

သက်တော် ၁၁-နှစ်သားအရွယ်တွင် မိဘတို့က အပ်နှံသဖြင့် ဒုတိယ ကလျာဏီဆရာတော်ဘုရားကြီး အရှင်အာစာရမဟာထေရ်ထံ ရောက်ရှိ



အရညဝါသီ ရွှေကျင်နိကာယ နာယက
မဟာကလျာဏီ ကျောင်းတိုက်ကြီး၏ ပဌမမြောက် ဆရာတော်
အရှင်စန္ဒိမာ မဟာထေရ်

၍ သင်ပုန်းကြီး၊ နမက္ကာရ၊ ပရိတ်၊ လောကနီတိ စသည့် သူငယ်တို့ သင်အပ်သင်သင့်သည့် ကျမ်းစာအရပ်ရပ်ကို သင်ယူတော်မူခဲ့လေသည်။

## ရှင်၊ ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်

သက်တော် ၁၈-နှစ်ရှိရာ သက္ကရာဇ် ၁၂၄၈ ခုနှစ်တွင် ဆရာတော် အရှင်အာစာရထံတွင် သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် ရှင်စန္ဒိမာဖြစ်သည်။ ဥပဇ္ဈာယ်ဆရာတော် အရှင်အာစာရထံတွင် သဒ္ဒါ၊ သင်္ဂဟ အစရှိသော ပိဋကတ်အခြေခံ ကျမ်းဂန်များကို သင်ယူတော်မူခဲ့လေသည်။

## ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

သက်တော် ၂၀-ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၅၀-ပြည့်နှစ်တွင် ပဲခူးမြို့ ဇိုင်းဂနိုင်းရပ် သမားတော်ကြီး ဦးကြာပင်၊ ဇနီး ဒေါ်မင်း ကလေး တို့၏ ပရိက္ခာရဒါန ပစ္စယာနုဂ္ဂဟဖြင့် ကလျာဏီဆရာတော် အရှင်အာစာရ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ လောကီယသမ္ပဒါတို့ထက် ဆတက်လွန်ကြူး ထူးမြတ်သော စတုပါရိသုဒ္ဓိသီလနှင့် လောက်ကုံသို့ ပြည့်စုံခြင်းဟူသော ရဟန်းပဋ္ဌင်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

ဥပဇ္ဈာယံ ကရိတွာန၊ အာစာရံ သွာစာရံ ဝိဒုံ။
ဒုလ္လဘံ အလဘိ မိရော။ ဒုလ္လဘော ဗုဒ္ဓသာသနေ။

## တောင်ငူမြို့ လောကုတ္တရာ သိမ်ကုန်းကျောင်း ဆရာတော် အရှင်အရိန္ဒမ

တောင်ငူမြို့ လောကုတ္တရာ သိမ်ကုန်းဆရာတော် အရှင်အရိန္ဒမသည် ရွှေကျင်နိကာယ၌ ထင်ရှားသည့် ဆရာတော်တပါး ဖြစ်တော်မူသည်။ စာပေကျမ်းဂန်ချပို့မှု ကျွမ်းကျင်တော်မူသည့် ဆရာတော်သည်ဖြစ် သည်။ ထိုပြင် ထိုခေတ်က စာသင်သား ရဟန်း သာမဏေများစွာ တို့ အရှင်အရိန္ဒမထံရောက် ပညာသင်ကြကုန်၏။

## အလှူင်အရိန္ဒမထံ ပညာသင်

ရဟန်းတော် အရှင်စန္ဒိမာသည် ရဟန်းသိက္ခာ ၁-၀ ါရပြီး ၂-၀ ါ မြောက်အရောက်တွင် ဖော်ပြပါ တောင်ငူမြို့ လောကုတ္တရာ သိမ်ကုန်း ကျောင်းတိုက် ဆရာတော် အရှင်အရိန္ဒမထံ ရောက်ရှိ၍ ရဟန်းတော်တို့ တတ်အပ် တတ်သင့် တတ်ထိုက်သော ပိဋကတ်ပညာ အရပ်ရပ်ကို သင်ယူ တော်မူခဲ့လေသည်။

## မန္တလေး သာသနာရောင်

မန္တလေးမြို့ကား သာယာလှ၏၊ စည်ကားလှ၏၊ အရှေ့ဘက်တွင် မြရောင်ဆိုင်းပြီး ညိုမှိုင်းနေသော ရန်ကင်းတောင်တော်နှင့် ရှမ်းရိုးမ တောင်တန်း၊ မြောက်ဘက်တွင် မန္တလေးတောင်၊ အနောက်ဘက် တလွှားတွင် စစ်ကိုင်းတောင် မင်းဝံတောင် ဧရာဝတီ မြစ်နဒီ ရေ တသွင်သွင်နှင့် တောင်ဘက်တွင် အမရပူရမြို့တော်ဟောင်း အင်းဝမြို့ တော်ဟောင်း မြစ်ချောင်းအင်းအိုင် လယ်ယာရွှေမြေ ပတ်လည်စိုက်သန်း ကာရံလျက် ရှိပေသည်။

ဂါထာဝဇီ၊ ခုနစ်ချီဖြင့်၊ သံပြိုတွတ်ဘွတ်၊ တောင်းပန် ရွတ်သော်၊ နတ်လည်မိုးဖျား၊ နဂါးမြေယံ၊ ပတ်စန်းခြံလျက်၊ အောင်သံရင်ဟူ၊ ခါတမူကား၊ ဇမ္ဗူပျံ့မွှေး၊ မန္တလေးဝယ်၊ စည်ရှေးသမ္ဘာ၊ ကြိုက်ခဲစွာသား၊ ငှတနာပုံ၊ မျက်စုံရောင်ခြည်၊ နန်းမြို့ပြည်ကို၊ ဇာနည်ဘုန်းခေါင်၊ နယ်လုံးအောင်ယည်၊ ကုန်း ဘောင်နတ်ဆွေ၊ ဆယ်ပွင့်နေလျှင်၊ ကျက်သရေကြီးခံ့၊ ပြီးစေ အံ့ဟု၊ ရဝံ့မနစ်၊ အားတော်သစ်၏၊ မွေရာဇမင်းဆုံး၊ မြတ်နှလုံး ကို၊ ပိုက်ကျုံးနှစ်ထောင်း၊ ရွှင်စေကောင်းဟု၊ နှစ်ပေါင်းလျှင် မြန်၊ ပြည်ကြီးဖန်သည်၊ ဗိမာန်တုမဲ့ ဘုံသီးတည်း[၁]။

---

၁။ စလေဦးပုည မန္တလေးဖွဲ့ မော်ကွန်း။

ဤသို့ စသည်ဖြင့် စာဖွဲ့မကုန် မန္တလေးကား လူနေ အိမ်ခြေလည်း ထူထပ်လှ၏။ ရန်ကုန်မှလွဲလျှင် မြန်မာပြည်တွင် အကြီးဆုံးမြို့ဖြစ်သည် မဟုတ်ပါလော။ မြို့နယ်အားဖြင့် အရှေ့တောင်မြို့နယ်၊ အနောက်တောင် မြို့နယ်၊ အနောက်မြောက်မြို့နယ်၊ အရှေ့မြောက်မြို့နယ်အားဖြင့် ၄-မြို့ နယ်ရှိသည်။ မြို့ပေါ် အိမ်ခြေပေါင်း ၅၀၀၀၀-ကျော် ၆၀၀၀၀-ခန့် ရှိ၍ လူဦးရေ ၃-သိန်းကျော်ခန့်ရှိ၏။ မန္တလေးမြို့နယ်အလိုက် လူဦးရေမှု အလွန်များလှ၏။အနောက်မြောက်မြို့နယ်တွင် ၁၂၂၂၈၅-ယောက်ရှိ၍ မန္တလေး အရှေ့မြောက်မြို့နယ်တွင် ၁၀၃၇၃၁-ယောက် ရှိလေသည်။

## သာသနာရေးအားပေးသည့် မန္တလေးမြို့တော်

မန္တလေးမြို့သူ မြို့သားတို့သည် သာသနာရေးကို လွန်စွာအားပေး ကြကုန်၏။ ယင်းသို့ သာသနာရေး အားပေးမှုကြောင့် သာသနာ့ဝန် ထမ်း ရဟန်းသာမဏေတို့သည် မန္တလေးမြို့၌ ပျော်ရွှင်ချမ်းမြေ့စွာ သီတင်းသုံးတော်မူကြ၍ နေ့ဝါ ညဝါ ကျမ်းစာအမျိုးမျိုးတို့ကို ချပို့ သင်ကြားတော်မူကြကုန်၏။

"အုတ်ကျစ်ကျော်အေး မန္တလေး" ဆိုသည့်အတိုင်း သက္ကရာဇ် ၁၂၂၁-ခုနှစ် ကဆုန်လဆန်း ၂-ရက် အင်္ဂါနေ့ နံနက် ၁-ချက်တီးတွင် မန္တလေးမြို့တော်ကြီး မြို့ရိုးအုတ်မြစ်ချရန်များကို တံခါး၊ ပြ၊ တန် ဆောင်း၊ ကြီးကြပ်မည့်ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်၊ မှူးတော်၊ မတ်တော်တို့ အသီးသီး ကြပ်မ၍ မြေညှိ မြှပ်ဆင်ရသည်။

၁၂၂၁-ခုနှစ် ကဆုန်လဆန်း ၁၃-ရက်နေ့ ညဥ့် ၂-ချက်တီး ကျော် အချိန် ၁၄-ရက် တနင်္လာနေ့အဝင် နာရီပြည့် ၂-ပါဒ်အချိန် တွင် အမြောက်သံကြား အခါတော်နှင့်—

၁။ ရွှေမြို့တော်ကြီး၊
၂။ ကျုံးတော်၊
၃။ မဟာလောကမာရဇိန် စေတီတော်၊

၄။ သိမ်တော်ကြီး၊
၅။ မဟာအတုလဝေယန် ကျောင်းတော်၊
၆။ ပိဋကတ်တိုက်တော်၊
၇။ သုဓမ္မာဇရပ်တော်—

ဟူသော ၇-ဌာနကို တပြိုင်နက် တည်တော်မူသည်။

## ဘုရားမြတ်စွာ သာသနာ လွန်စွာပွင့်လင်း

မင်းကြေးဇစ်၏ လျှောက်ထားချက်အရ အမရပူရမြို့ဘောင်မှ ကျမ်းဂန်တတ် ဆရာတော် ၅၀၀-ကျော်တို့သည် ကြိုတင်၍သက္ကရာဇ် ၁၂၁၉-ခုနှစ် တန်ဆောင်မုန်းလမှစ၍ မန္တလေးမြို့တော်သို့ ပြောင်းရွှေ့တော်မူ၍ ယာယီကျောင်းများ၌ သီတင်းသုံးတော်မူကြကုန်၏။ အတည်တကျသီတင်းသုံးရန် ဆောက်လုပ်သည့် ကျောင်းတိုက်ကြီးများပြီးမှ မိမိတို့၏ကျောင်းများ၌ အတည်တကျ သီတင်းသုံးတော်မူ၍ ဂန္ထဓုရ၊ ဝိပဿနာဓုရဟူသော ဓုရ ၂-ပါးကို ကြိုးစား အားသစ် ချပို ကျင့်ကြံတော်မူကြကုန်၏။ ထိုအချိန်မှစ၍ မန္တလေးသည် ယခုတိုင် ဘုရားဘုန်းခိုင်၏ သာသနာတော် မြိုင်မြိုင်ဆိုင်ဆိုင် ပွင့်လင်းစည်ပင်ရာ မြန်မာပြည်တွင် ပဌမစွဲသည့် မြို့ဖြစ်လေသည်။ ရှေးယခင် မင်းတုန်း သီပေါမင်းတို့လက်ထက်က မန္တလေး၊ အမရပူရ ၂-မြို့တို့၌ ကျောင်းတိုက်ပေါင်း ၂၁၇-တိုက်ရှိသည်။ ယခုမူ မန္တလေး တမြို့တည်း ကျောင်းတိုက်ကြီးငယ်ပေါင်း ၂၅၀-ကျော်ခန့် ရှိလေသည်။[၂]

မန္တလေးအဂ္ဂပုရေ ပါ၊ သာသနံ ဝိရူဠှံ ဘဝိ။
ဣဒ္ဓံ ဖိတံ စ သောဘာနံ၊ သောဂတေဟိ သုမာနိတံ။

“ဥဒြိတ္တာန်သံသာ မန်းမြို့သံဃာ”အရ ယခင်က သံဃာဦးရေ ၁၁၇၆၆-ပါး၊သို့မဟုတ် ၁၁၀၆၆-ပါးရှိခဲ့ဖူးသည်။ ယခုမူ တသောင်း

---

၁။ မန္တလေးသာသနာဝင် ၁။ ၃၀။
၂။ မန္တလေးသာသနာဝင် ကျမ်းကြီးချားလည်းကြည့်။

ကျော်ခန့်ရှိသည်။ ကဗျာအရာ လိမ္မာကျွမ်းကျင် ပညာရှင်တို့သည် အောက်ပါ မန္တလေးမြို့ သာသနာဖွဲ့များကို ဖွဲ့ဆို ရေးစပ်ခဲ့လေသည်။

## မန္တလေးသာသနာဖွဲ့

မင်းမင်္ဂလာ၊ ရှုတိုင်းမှာတည့်၊ သာယာကဲလွန်၊ နတ်ရေကန်ဝယ်၊ ဖန်ရည်ဆိုးတပ်၊ လွန်တင့်အပ်သား၊ သပ်သပ်ပယ်ပယ်၊ ကြီးငယ်သံသာ၊ ရွှေဟသာတို့ ကျားကျာညည်း၊ ပျော်မြူးစံလျက်၊ နိုင်ငံပြည်သူ၊ ပြောထူများစွာ၊ ဘမရာငှက်၊ ဝင်ထွက်သွယ်သွယ်၊ ပန်းဝတ်သယ်သည်၊ကြည်ဖွယ်စုံပေါင်း၊ မကြုံးတောင်းရှင့်၊ ပျံရှောင်းကြူတုံ၊ အမုံကြိုင်လှိုင်၊ ဆိုင်ကာဆိုင်ကာ၊ ခိုင်ညှာခက်ညွတ်၊ ဝိမုတ်ရည်ဟု၊ သတပပ်ရွှေကြာ၊ ပွင့်စေငှာတည့်၊ သာသနာအခြေ၊ အာကာဗွေဝယ်၊ ရွှေဘုန်းတော်မြတ်၊ တုလွတ်ရဝိ၊ ရဲရဲညီသည်၊ ဒုတိယံလျံဝင်၊ နေပြာပင်လျှင်၊ ထောင်ရှင်လင်းစည်၊ ထွန်းလာသည်ကြောင့်၊နှိုင်းရှည်စရာ၊ဥပမာပင်၊ ဖွေရှာမမြင်၊ စည်ပင်လှစွာ၊ သာသနာနှင့်၊ ပြည်ရွာနိုင်ငံ၊ စံဖွယ်မရှိ၊ကြီးကျယ်ပြောဝ၊ တိုးတက်လှ၏[၁]။

## သီပေါမင်းလက်ထက် သာသနာထွန်းကားပုံဖွဲ့ ကေပိုဒ်ရတု

အောင်ခွန်းသဘင်၊ ပွဲကြီးယင်အုံ့၊ ဘုန်းနှင့်မန္တလ၊ ပြည်သေငှကို၊ ဒုတိယနန်း၊ မြို့ဖန်ဆန်း၍၊ ကြငှန်းလှစ်ဖွင့်၊ နှစ်ကြိမ်ဆင့်သည့်၊ ရာမင့်ဘုရင်၊ သီပေါရှင်၏၊ ဘုန်းအင်တေဇာ၊ မြတ်သာဗ္ဗာကြောင့်၊ သာသနာချောင်၊ နေတနဲဆောင်သို့၊ အမှောင်မရှုန်း၊ ရှင်ရဟန်းကို၊ လှူဒါန်းပစ္စယာ၊ နဂ္ဂဟာဖြင့်၊ စာပေနေညှာ၊ သင်ပို့ချလျက်၊ ဓမ္မမယုတ်၊ သိက္ခာပုဒ်ကို၊ အားထုတ်ဖြည့်စွမ်း၊ ကိုယ်စိတ်ချမ်း၏၊ မျှတမ်းဗိုလ်လူ၊ များပြည်သူတို့၊ မပူမပင်၊ ဘေးရန်စင်လျက်၊ စည်ပင်အေးမြ၊ ဘေးမခပဲ၊ မြန်မာ့ဇေယျုံ၊ နတ်ခြောက်ဘုံသို့၊ ဗိုလ်ပုံနှစ်ထောင်း၊ ပျော်ဖွယ်ကောင်း

---

၁။ မန္တလေးသာသနာဝင် ၁၊ ၅၂-ကြည့်။

၏၊ မျိုးပေါင်းသေတ္တု၊ အနှစ်စုသည်၊ ထူးအမြုတေ၊ ဘုန်းရောင်ဝေသည်၊ စနေသနင်း၊ တရားမင်းလျှင်၊ နန်းဆင်းသည်မှ၊ သေဠနှင်းမြတ်စွာ၊ သာသနာလျှင်၊ ရောင်ဝါမှိန်ညစ်၊ လဘိမ်နစ်သို့၊ ဖြစ်ရတခေ၊ ရှင်လူတွေသည်၊ ဓေဓေ့စိတ်ဇော၊ ကြံတိုင်းမော်စွ၊ ဗုဒ္ဓဘုရား၊ ဟောတရားကို၊ အားထား၍သာ၊ သာသနာလျှင်၊ ရောင်ဝါထွန်းစိမ့်၊ ရွှန်းရွှန်းငြိမ့်အောင်၊ နှစ်သိမ့်ဖွာယောင်း၊ အေးစေ့ကြောင်းကို၊ အပေါင်းလူရှင်၊ သိပေါရှင်ကို၊ ခင်မင်စိတ်တမ်း၊ လွမ်းကြီးလွမ်းခဲ့၊ ထမ်းတလျက်သာ၊ ရှေးခေတ်ခါတွင်၊ သာသနာတန်ခိုး၊ ရောင်ဝါဖြိုးသည်၊ အမျိုးမြန်မာ မင်းကိုသော်။

## အရှင်စန္ဒိမာ မန္တလေးပညာသင်ကြွရန် ကြံစည်

လောကုတ္တရာ သိမ်ကုန်းကျောင်းတိုက်၌ ပညာသင်၍နေသော ပဲခူးမြို့ ကလျာဏီကျောင်းတိုက်ကြီး၏ အဓိပတိလောင်းလျာ ရဟန်းတော် အရှင်စန္ဒိမာသည် ဖော်ပြခဲ့သည့်အတိုင်း အလွန်လျှင် ဘုရားရှင် သာသနာ စည်ပင်ပွင့်လင်းသည့် မန္တလေးမြို့သို့ ပညာသင်ကြွရန် ကြံစည်စဉ်းစားတော်မူလေသည်။

စန္ဒိမာ ယတိသေဋ္ဌော ဟိ၊ မန္တလေး သုပုရံ ပူရံ။
ဂန္တ္ဝာန သိက္ခိတုံ ယေဝ၊ နိရန္တရံ စိန္တာပရော။

## မြတောင်ဆရာတော် အရှင်အာလောကမဟာထေရ်

မန္တလေးမြို့ မြတောင်ဆရာတော် အရှင်အာလောကသည် ဘုရားမြတ်စွာ သာသနာတော်၌ လွန်စွာကျော်စော ကိတ္တိရှိသည့် ဆရာတော်ဖြစ်တော်မူသည်။

ပုဂံမြို့ ဝက်ကြီးအင်းရွာ၌ သက္ကရာဇ် ၁၁၇၃-ခုနှစ် နတ်တော်လဆုတ် ၅-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။ စာပေကျမ်းဂန်လည်းတတ် အဟောအပြောလည်း ကောင်းသဖြင့် မင်းတုန်းမင်း

သီပေါမင်းတို့၏ ကြည်ညိုလေးမြတ်ခြင်းကိုလည်း ခံယူတော်မူရသည်။ ဆရာတော်သည် ဗာလာဝတာရ စာကိုယ်နိဿယကျမ်း၊ လိင်္ဂမာလာကျမ်း၊ နာမရူပမာလာကျမ်း၊ သမာသပဒမာလာကျမ်း၊ တဒ္ဓိတပဒမာလာကျမ်း၊ ကိတပဒမာလာကျမ်း၊ ဂဏသံသဂ္ဂဓာတ်စဉ်ကျမ်း၊ ရူပပကာသနီကျမ်း စသည်တို့ကိုလည်း ပြုစီရင်တော်မူသည်။

ဆရာတော်သည် မင်းတုန်းမင်းကြီး ဆက်ကပ် လှူဒါန်းသည့် "အာလောကာဘိဝရသာသနရက္ခမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်နှင့် သီပေါမင်းတရားဆက်ကပ်လှူဒါန်းသည့် အာလောကာဘိဝရသာသနရက္ခမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်၊ အာလောကာဘိဝရအတုလာဓိပတိ သိရီပဝရ ဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်အားဖြင့် တံဆိပ်တော် ၃ ထပ်ကို အလှူခံ ရရှိတော် မူသည်။ သက်တော် ၇၄-နှစ်ရှိရာ ၁၂၅၇-ခုနှစ်၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

## မြတောင်ကျောင်းတိုက် ဆရာတော်အရှင်အာလောကထံ ပညာသင်

ကလျာဏီကျောင်းတိုက်၏ အဓိပတိလောင်းလျာ ရဟန်းတော်အရှင်စန္ဒိမာသည် ဆန္ဒတော်ရှိသည့်အတိုင်း တောင်ငူမြို့ လောကုတ္တရာသိမ်ကုန်းကျောင်းတိုက်၌ အလိုရှိသလောက် သီတင်းသုံး ပညာသင်ကြားတော်မူပြီး ဖော်ပြပါ မန္တလေးအနောက်ပြင် မြတောင်တိုက် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဆရာတော်ဘုရားကြီး အရှင်အာလောကထံ —

ယောဇနာမျိုး ကျမ်းရိုးငါးချက် ဆက္ကဋ္ဌပနာ ပုစ္ဆာထွက်တက် စုဒ်ဖက်နှိုင်းညှိ ရှေ့နောက်ညှိ၍ သန္ဓိအနု ကေတုဘနည်း ဝုတ္တောဒည်းက ထုတ်နည်းပဋ္ဌာန ပစ္စယနှင့် ဝါကျခွဲစိတ် ပုဒ်နိစ္ဆယ ယမကလှောက် ဆယ့်ခြောက်ဟာရ နယလေးတန် ပဋ္ဌာန်သာသန သဒ္ဒမ္မနေတ္တိ ဉာဏ်၏ကောက်ပုံ အစုံနှစ်ဖြာ ကြိယာငါးချက် စပ်လျက်ယှဉ်ကြ အာဘောဂမှ နယစုံလင်

တန်ဆာဆင်၍- စသည်နှင့်အညီ စာပြောပုံ နည်းစုံလှသည့် မန္တလေးစာချနည်းကို လေ့လာသင်ယူတော်မူခဲ့လေသည်။

မန္တလေးနဂရေ စာပိ၊ မြေတောင်တိ ပသိဒ္ဓေ သုဘော။
အာရာမေ သော ဝသိတွာန၊ အသိက္ခိ သိက္ခိတဗ္ဗကံ။

## ဟင်္သာတမြို့ မိုးကောင်းတိုက် အရှင်ဂန္ဓမာ မဟာထေရ်

ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက်၌ ဆရာတော် အရှင်ဂန္ဓမာသည် ပဌမ ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သည့် အလျောက် စာပေလည်း ကျွမ်းကျင်တတ်မြောက် ဝိနည်းသိက္ခာပုဒ်လည်း လေးစားသည်။ ဆရာတော် အရှင်ဂန္ဓမာသည် ပဌမ မန္တလေးမြို့ မြောက်ပြင် ရွှေကျင်တိုက်၌ သီတင်းသုံးတော်မူပြီး တဖန် မန္တလေးမြို့ အနောက်ပြင် မိုးကောင်းတိုက်၌ သီတင်းသုံးတော်မူသည်။

နောက် ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက်၌ သီတင်းသုံး၍ စာပေချပို့ သာသနာ ပြုတော်မူသည်၊ "ဂန္ဓမာဘိသိရိကဝိဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူသည်။

ဟင်္သာတနဂရေ ရမ္မေ၊ မိုးကောင်းဝှအာရာမေ သုဘော။
ဂန္ဓမာ ထေရသေဋ္ဌော ဟိ၊ ဂန္ထေသု ကုသလော ဟိ ဝေ။

## ရဟန်းတော် အရှင်စန္ဒိမာ အရှင်ဂန္ဓမာထံ ပညာသင်

ကလျာဏီမဟာနာယက လောင်းလျာ ရဟန်းတော် အရှင်စန္ဒိမာသည် ဖော်ပြပါ ဟင်္သာတမြို့ မိုးကောင်းတိုက် ဂန္ဓမာဘိသိရိကဝိဓဇမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်ဂန္ဓမာထံ စာပေချနည်း နိသျည်းနှင့် ဖြတ်ထုံးများကို လေ့လာသင်ယူတော်မူခဲ့လေသည်။

သန္တိကေ ဂန္ဓမာထေရ- ဝိညူနော ဝိညူဇာတိကော။
သိက္ခိတဗ္ဗေ သော သိက္ခိတွာ၊ ဧတေသု ပါရဂေါ ဟိ ခေါ။

## ပုသိမ်မြို့ မန်းကျောင်း ဆရာတော်အရှင်ဥက္ကံသ

ပုသိမ်မြို့ မန်းကျောင်းဆရာတော် အရှင်ဥက္ကံသသည်လည်း စာပေ ကျော် အနေအထိုင်တော်သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ သို့ဖြစ်၍ ထိုခေတ်က သာသနာတွင် နေရာယူကြမည့် တချို့ သာသနာ့ဝန်ထမ်း ရဟန်းတော်များ ပုသိမ်မြို့ မန်းကျောင်းဆရာတော် အရှင်ဥက္ကံသထံ သို့လည်း ရောက်ရှိ ပညာသင်ကြားကြသည်။

## အရှင်စန္ဒိမာ ပုသိမ်အရှင်ဥက္ကံသထံ ပညာသင်

ကလျာဏီကျောင်းတိုက်ကို အုပ်ချုပ်၍ အလုပ်လုပ်မည့် ရဟန်းတော် အရှင်စန္ဒိမာသည်လည်း ဖော်ပြပါ ပုသိမ်မြို့ မန်းကျောင်း ဆရာတော် အရှင်ဥက္ကံသထံ ရောက်ရှိ၍ အချောသတ်သဘောအနေဖြင့် ဂန္ထန္တရ အဝဝကို သင်ယူဘော်မူခဲ့လေသည်။

သန္တိကေ ဥက္ကံသဿာပိ၊ ဥက္ကံသညာဏိ ကော သုဓီ။
ဥက္ကံသံ သော ဟိ ပဒ္ဓတ္တွာ၊ သမုဂ္ဂဏှိ အနေကဓာ။

## ရန်ကုန်မြို့ မြေနီကုန်းကျောင်းတိုက် ကျောက်တိုင်ကျောင်းတိုက်တို့၌ စာပေချပို့

ဆရာတော် အရှင်စန္ဒိမာသည် စာပေ ကျမ်းဂန် တတ်မြောက်ပြီး ဖြစ်သဖြင့် ရန်ကုန်မြို့ မြေနီကုန်းကျောင်းတိုက်၌ စာပေချပို့၍ သီတင်း သုံးတော်မူခဲ့သည်။ ၎င်းပြင် ရန်ကုန်မြို့ ကျောက်တိုင် ကျောင်းတိုက်၌ လည်း ၁-ဝါ သီတင်းသုံး၍ စာပေချပို့ သာသနာပြုတော်မူခဲ့သည်။

မြေနီကုန်းအာရာမေ စေဝ၊ ကျောက်တိုင်ဝိဟာရာလယေပိ စ။
ဝသိတွာ ဗဟုလေ ဂန္ထေ၊ ဗဟူနံ ဝါစေကော သုဓီ။

## ဿာစ္စဋ္ဌာနီ ယိုးဒယားပြည်

ယိုးဒယား (ထိုင်း) နိုင်ငံ ယိုးဒယားပြည်သည် အာရှတိုက် အရှေ့ တောင်ပိုင်းတွင် တည်ရှိသော အခြေခံစည်းမျဉ်းအရ ဘုရင်အုပ်စိုးသည့်

နိုင်ငံ ဖြစ်လေသည်။ မြောက်ဘက်တွင် လောနိုင်ငံ တည်ရှိ၍ အရှေ့ဘက်တွင် ကမ္ဘောဒီးယားနိုင်ငံ တည်ရှိသည်။ တောင်ဘက်တွင် ယိုးဒယား ပင်လယ်ကွေ့နှင့် မလေးရှား ပြည်ထောင်စု တည်ရှိ၍ အနောက်ဘက်တွင် ငါတို့ပျော်စံ မြန်မာနိုင်ငံ တည်ရှိလည်း။ လူဦးရေ ၃-ကုဋေကျော်၊ ၄-ကုဋေနီးပါး ရှိလေရာ လူဦးရေ ၉၃-ရာခိုင်နှုန်းသည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကို သက်ဝင်ယုံကြည်သူများ ဖြစ်ကြသည်။ ဘုရားမြတ်စွာ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများလည်း ၂-သိန်းအောက်မနည်း ရှိ၏။ ဗုဒ္ဓဘာသာဝင်တို့၏ ဦးတိုက်ရာ ကုသိုလ်ကောင်းမှုပြုရာ နတ်ရွာ ဆိုပ်ဦး၊ နိဗ္ဗာန်ဆိပ်ဦး စေတီပုထိုးတို့လည်း များစွာ တည်ရှိရာ ဗုဒ္ဓဘာသာဝင်တို့ လွန်စွာ နှစ်သိုဖွယ်ကောင်းသည့် နိုင်ငံဖြစ်လေသည်။ တကယ်ပင် သာစွဌာနီ ယိုးဒယားပြည်ပါတည်း။

ယိုးဒယား သုပုရိနာမ၊ အတိဝ ရာမဏေယျကံ။
ပူရံ သောဂတဇနေဟိ၊ အာရာမစေတိယာဒိဟိ။

## ကလျာဏီဆရာတော်လောင်းလျာ ယိုးဒယား သိမ်သမုတ်ကြွတော်မူခြင်း

သက္ကရာဇ် ၁၂၅၈-ခုနှစ်တွင် ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့မှ မင်းကြီးတဦး လာရောက်၍ သိမ်သမုတ် ကြွတော်မူရန် ပင့်လျှောက်ထားသည်။ သို့ဖြစ်၍ ကလျာဏီဆရာတော်လောင်းလျာ ရဟန်းတော် အရှင်စန္ဒိမာသည် တောင်ငူမြို့ လောကုတ္တရာ သိမ်းကုန်းကျောင်း ဆရာတော် အရှင်အရိန္ဒမ ကျောက်မဲမြို့ ဘန်ကောက်ကျောင်း ဆရာတော် အရှင်သုန္ဒရတို့နှင့် ယိုးဒယားနိုင်ငံသို့ ကြွတော်မူ၍ ဘန်ကောက်မြို့ ကျောက်တွင်းတိုက်၌ သိမ်သမုတ်တော်မူခဲ့လေသည်။

ယိုးဒယားရဋ္ဌမှိ သောဂန္တွာ၊ ခဏ္ဍသိမံ အဗန္ဓိ သော။
သမ္မာသမ္ဗုဒ္ဓစက္ကာဘာ၊ ဝုဒ္ဓိယာ ဝေပုလ္လာယ ခေါ။

## ယိုးဒယားနိုင်ငံ၌ ၃-၀ ါသီတင်းသုံးတော်မူခြင်း

ဆရာတော်လောင်းလျာ ရဟန်းတော် အရှင်စန္ဒိမာသည် ယိုးဒယားဒါယကာ၊ ဒါယိကာမတို့၏ လျှောက်ထားချက်အရ ယိုးဒယားနိုင်ငံ၌ ၃-၀ ါသီတင်းသုံးတော်မူ၍ သာသနာရေးကိစ္စများကို ဆောင်ရွက်တော်မူခဲ့လေသည်၊ ယိုးဒယားနိုင်ငံရှိ ထင်ရှားသော မြဘုရား၊ နခေါင်းပထိုဘုရားကြီး အယုဒ္ဓယမြို့တော်ဟောင်းရှိ စေတီပုထိုးများကိုလည်း ဖူးမြော်တော်မူခဲ့လေသည်[၁]။

သျှာမေပိ ဝသိတွာန၊ စန္ဒိမာ ယတိသေခရော။
ကတ္တဗ္ဗံ ဟိ ကရိတွာန၊ စေတိယေ အဘိပူဇယိ။

## ကလျာဏီကျောင်းတိုက်၌ စာပေကျမ်းဂန်ချပို့ခြင်း

သက္ကရာဇ် ၁၂၆၂-ခုနှစ်တွင် ကလျာဏီကျောင်းတိုက်၌ ရောက်ရှိသီတင်းသုံးတော်မူကြသည့်ရဟန်း၊ သာမဏေစာသင်သားတို့အား နေ့ဝါညဝါ စာပေကျမ်းဂန်ချပို့၍ သာသနာပြုတော်မူခဲ့လေသည်။ သိက္ခာတော် ၁၂-ဝါရရှိရာ သက္ကရာဇ် ၁၂၆၃-ခုနှစ်တွင် ဆရာတော် အရှင်အာစာရက ကလျာဏီကျောင်းတိုက်ကြီးကို ဂရုဘဏ်၊ လဟုဘဏ်နှင့်တကွ လွှဲအပ်တော်မူသည်။ သို့ရာတွင် အရှင်စန္ဒိမာသည် လက်ခံတော်မမူချေ။

## ကျောင်းတိုက်လက်ခံပြီ

အရှင်စန္ဒိမာသည် ၁-နှစ်စာချအဖြစ်ဖြင့် သီတင်းသုံးတော်မူပြီးမှ ဆရာတော်အရှင်အာစာရက အတင်းအကြပ်လွှဲအပ်သဖြင့် ၁၂၆၃-ခုတွင်

---

၁။ အရှင်စန္ဒိမာသည် ယိုးဒယား၌ ၃-ဝါကြာနေရာ ငှက်ဖျားရောဂါစွဲကပ်သဖြင့် ပဲခူးကလျာဏီကျောင်းတိုက်သို့ ပြန်ကြွတော်မူလာသည်ဟု သိရ၏။

ကလျာဏီကျောင်းတိုက်ကြီးကို လက်ခံတော်မူ၍ စာပေကျမ်းဂန်ချပို့ကာ ဘုရားမြတ်စွာ သာသနာတော်ကို ထွန်းလင်းအောင် ဆောင်ရွက်တော်မူခဲ့လေသည်။

အာရာမံ သမ္ပဋိစ္ဆိတွာန၊ စန္ဒိမာ ယတိကေသရော။
ဗဟူနံ ခေါ ဝါစယိတွာ၊ ဇိနသာသနဇောတကော။

## မဇ္ဈိမဒေသကြွရောက်၍ သံဝေဇနိယ ဌာနများဖူးမြော်သံဝေဂယူ

ဇာတဋ္ဌ သမ္ဗောဓနဋ္ဌ၊ ဓမ္မစက္ကပဝတ္တနံ။
နိဗ္ဗာနဋ္ဌာတိ စတ္တာရိ၊ သံဝေဇနိယာနီတိ လက္ခယေ[၁]။

ဇာတဋ္ဌ၊ သုံးလောကထိပ်တင် ဘုရားရှင် ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်လည်းကောင်း။ သမ္ဗောဓနဋ္ဌ၊ လောကဉက္ကဌ် ဘုရားမြတ်၏ အရဟတ္တမဂ်ဉာဏ်သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိတော်မူရာ ဗောဓိပင်လည်းကောင်း။ ဓမ္မစက္ကပဝတ္တနံ၊ ဓမ္မစကြာတရားတော် ဟောတော်မူရာ မိဂဒါဝုန်ဥယျာဉ်တော်လည်းကောင်း။ နိဗ္ဗာနဋ္ဌ၊ ရွှေပြည်နိဗ္ဗာန် ဝင်စံတော်မူရာ ရဂုံသာမော အင်းကြင်းတောလည်းကောင်း။ ဣတိ စတ္တာရိ၊ သရုပ်တွတ်ကြား ဤလေးပါးတို့ကို။ သံဝေဇနိယာနီတိ၊ နောက်သားနောင်လာ သူတော်စွာတို့ သံဝေဂဖြစ်ရာဌာနတို့ဟူ၍။ လက္ခယေ၊ စွဲမြဲမှန်စွာ မှတ်သားရာ၏—ဟူသည်နှင့်အညီ လာရှိသည့် သံဝေဇနိယ ဌာနများကို ဖူးမြော်ဦးချ သံဝေဂယူတော်မူလိုသဖြင့် သက္ကရာဇ် ၁၂၇၃-ခုနှစ်တွင် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ ကြွတော်မူ၍ ဗုဒ္ဓဂယာ မဟာ ဗောဓိပင်နှင့် ပလ္လင်တော်၊ မဟာဗောဓိစေတီတော်ကြီး၊ သာဝတ္ထိ၊ ရာဇာဂြိုဟ် ထိုထိုဒေသရှိ ကျောင်းတော်ရာများ၊ ကုသိနာရုံမြို့ ရဂုံသာ

---

၁။ ဒီ၊ ၂။ ၁၁၆။ ကြည့်။

မော အင်ကြင်းတောဥယျာဉ်အတွင်းရှိ ပရိနိဗ္ဗာန်စံတော်မူပုံ လျောင်းတော်မူ ဆင်းတုတော်ကြီး စသည်တို့ကို ဖူးမြော်ဦးချ သံဝေဂယူတော်မူခဲ့သည်။

မဇ္ဈိမဒေသမှိ သော ဂန္တွာ၊ ပူဇာဘာဇနမုတ္တမေ။
ပူဇယိတွာ သံဝေဇေတွာ၊ ပုညံ အနပ္ပကံ အကာ။

## သီဟိုဠ်ကျွန်း ဘုရားမြတ်စွာ သာသနာရောင်

ဒေဝါနံ ပိယတိဿမင်းလက်ထက် သာသနာသက္ကရာဇ် ၂၃၆-ခုနှစ် နယုန်လပြည့်နေ့တွင် လက်ာခေါ်ဆို သီဟိုဠ်ကျွန်းသို့ အရှင်မဟာမဟိန္ဒထေရ်ဦးဆောင်သည့် သာသနာပြုအဖွဲ့ ကြွရောက်တော်မူကာ စတင်၍ သာသနာ တည်စေတော်မူခဲ့ရာ ဘုရားဇိနော် သာသနာတော် လွန်စွာထွန်းလင်းတောက်ပြောင်ခဲ့လေသည်။ တချိန်က တခေတ်က ဆန်စပါး ပဲ ပြောင်း နေလှန်း၍ ခက်ခဲအောင်ငင် မိုးဝကောင်းကင်တွင် ဈာန်ပျံရဟန်းတို့ဖြင့် ပြည့်လျှမ်းခဲ့လေသည်။ သာသနာသက္ကရာဇ် ၂၃၆-ခုနှစ် နယုန်လပြည့်ကျော် ၂-ရက်နေ့တွင် အရှင်မဟိန္ဒသည် ဒေဝါနံပိယတိဿမင်းအထံမှ မဟာဝိဟာရ ကျောင်းတိုက်ကြီးကို အလှူခံတော်မူ၍ သာသနာပြုရာ လွန်စွာထိရောက်သည်။ အရှင်မဟိန္ဒနှင့် အတူပါလာသည့် အရှင်ဣဋ္ဋိယ၊ အရှင်ဥတ္တိယ၊ အရှင်သမ္ဗလ၊ အရှင်ဘဒ္ဒသာလတို့သည်လည်း အာသဝေါကင်းကွာ ရဟန္တာပုဂ္ဂိုလ်ချည်းသာ ဖြစ်တော်မူကြ၍ ပဉ္စက ၃-သွယ် နိကာယ်ငါးရပ်ကို ချပို့တော်မူကာ သက်ဆုံးတိုင် သာသနာပြုတော်မူကြကုန်၏။

၎င်းနောက် အရှင်မဟိန္ဒထေရ်မှစ၍ အဆက်ဆက် ပေါ်ထွန်းခဲ့သော သီဟိုဠ်ကျွန်း ထေရဝါဒ သာသနာ့ဝန်ဆောင် တို့ကား များမြောင်လှကုန်၏။ ၎င်းတို့တွင် အရှင်အရိဋ္ဌထေရ်၊ အရှင်တိဿဒတ္တထေရ်[၁]၊ အရှင်

---

၁၊ ဘာသာရပ်ပေါင်း ၁၈-မျိုးတတ် အရှင်တိဿဒတ္တထေရ်။

ဒီဃနာမထေရ်၊ အရှင် ဒီဃသုမနမထေရ်၊ အရှင် ကာဋ္ဌသုမနထေရ်၊ အရှင် မဟာနာမထေရ်၊ အရှင် ဗုဒ္ဓရက္ခိတထေရ်၊ အရှင် တိဿထေရ်၊ အရှင်ဒေဝထေရ်၊ အရှင်သုမနထေရ်၊ အရှင်စူဠနာဂထေရ်၊ အရှင်ဓမ္မပါလိတထေရ်၊ အရှင်ခေမာထေရ်၊ အရှင်ဥပတိဿထေရ်၊ အရှင်ဖုဿဒေဝထေရ်၊ အရှင်သုမနထေရ်၊ အရှင်ပဒုမထေရ်၊ အရှင်မဟာသိဝထေရ်၊ အရှင်ဥပါလိထေရ်၊ အရှင်မဟာနာဂထေရ်၊ အရှင်အဘယထေရ်၊ အရှင်တိဿထေရ်၊ အရှင်သုမနထေရ်၊ အရှင်စူဠာဘယထေရ်၊ အရှင် တိဿထေရ်၊ အရှင်စူဠဒေဝထေရ်၊ အရှင်သိဝထေရ်-စသည်တို့ကား သီဟိုဠ်ကျွန်း မဟာဝိဟာရ ကျောင်းတိုက်ကြီး၏ အကြီးအကဲအဖြစ် သီတင်းသုံးတော်မူကြ၍ ဘုရားဘုန်းခေါင် သာသနာရောင်ကို တောက်ပြောင်လင်းလက် စေတော်မူကြကုန်၏။

ငင်းပြင် အရှင်အာနန္ဒာထေရ်၊ အရှင်ဓမ္မပါလထေရ်၊ အရှင်ဗုဒ္ဓဒတ္တထေရ်၊ အရှင်ဥပတိဿထေရ်၊ အရှင်မဟာနာမထေရ်၊ အရှင်ဥပသေနထေရ်၊ အရှင်ဝဇိရဗုဒ္ဓိထေရ်၊အရှင်အနုရုဒ္ဓါထေရ်၊ အရှင်ဓမ္မသိရိထေရ်၊ အရှင်ဗုဒ္ဓရက္ခိတထေရ်-စသည်တို့ကား မဟာဝိဟာရတို့၏ အနွယ်အဆက်တွင် မီးရှူးတန်ဆောင်ပမာ ဆောင်တော်မူကြသည့် သီဟိုဠ်ကျွန်း သာသနာ့ဝန်ဆောင် မထေရ်မြတ်တို့ ဖြစ်တော်မူကြကုန်၏။

ထို့ပြင် တထွေ အရှင်တိပိဋကစူဠနာဂထေရ်၊ အရှင်တိပိဋကစူဠာဘယထေရ်၊ အရှင်တိပိဋက မဟာသိဝထေရ်၊ အရှင်ဝိနယရောဥပတိဿထေရ်၊ အရှင်ဓမ္မရက္ခိတထေရ်၊ အရှင်ဒီဃဘာဏကအဘယထေရ်၊ အရှင် အာဘိဓမ္မိကအဘယထေရ်၊ အရှင် မဇ္ဈိမဘာဏကဒေဝထေရ်၊ အရှင်စတုနိကာယိကတိဿထေရ်၊ အရှင်တိပိဋကစူဠသုမနထေရ်၊ အရှင် အာဘိဓမ္မိကဂေါဓဒတ္တထေရ်၊ အရှင်ဗုဒ္ဓမိတ္တထေရ်၊ အရှင်ဓမ္မရက္ခိတထေရ် စသည်တို့ကား သီဟိုဠ် သာသနာ၏ ဓဇူပမပါကဋ ဖြစ်တော်မူသော သာသနာ့ဝန်ထမ်း သာသနာပြု ပုဂ္ဂိုလ်ထူးတို့ ဖြစ်တော်မူကြကုန်၏။

ထို့ပြင် တဝ အရှင်သံဃရက္ခိတမဟာထေရ်သည် မဇ္ဈိမနိကာယ်လာ အခက်အခဲတို့ကို အဆုံးအဖြတ် ပေးတော်မူသည့် ဒက္ခိဏာသာခါမဟာ

မဟာဗောဓိပင်ဖြင့် တန်ဆာဆင်အပ်သော မဟာဝိဟာရကျောင်းတိုက်ကြီး၏ ထိပ်တန်းပညာရှင်တပါး ဖြစ်တော်မူသည်။[၁]

အရှင်မဟာဗုဒ္ဓဃောသ မဟာထေရ်သည်ကား သာသနာသက္ကရာဇ် ၉၅၀-ခန့်တွင် ပေါ်ထွန်းသည့် သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်ကြီး၏ လျှမ်းလျှမ်းတောက် အဋ္ဌကထာကျမ်းပြု အကျော်အမော် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

အရှင်သံဃပါလထေရ်၊ အရှင်ဗုဒ္ဓသီရိထေရ်၊ အရှင်သောဏထေရ်၊ အရှင် စူဠဗုဒ္ဓဃောသထေရ်၊ သုမင်္ဂလပရိဝေဏဝါသီ အရှင်ဒါဌာနာဂသံဃထေရ်၊ အရှင်ဗုဒ္ဓမိတ္တထေရ်၊ အရှင်ဇောတိပါလထေရ်၊ အရှင်ဗုဒ္ဓဒေဝထေရ် - စသည်တို့သည် အဋ္ဌကထာသစ် ကျမ်းကြီးများ ရေးသားပြုစုရန် အမြော်အမြင်ကြီးစွာဖြင့် တောင်းပန်တော်မူကြသော ဒီဃဒဿီ အရှည်မြော်မြင် ထေရ်အရှင်တို့ ဖြစ်တော်မူကြကုန်၏။

ရင်းပြင် ပုလတ္ထိပုရခေါ်တွင် ထင်ရှားသော ဥဒုမ္ဗရဂိရိဝိဟာရ မဟာဝိဟာရဝါသီ အရှင်မဟာကဿပထေရ်၊ အရှင် သုမေဓာထေရ်၊ ဥဒုမ္ဗရဂိရိ မူလာဂသ အရှင်မဟာကဿပ၏ တပည့် ဝိနယသင်္ဂဟ-အဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာ၊ အင်္ဂုတ္တိုရ်ဋီကာ စသည့် ကျမ်းဂန်ပြု အရှင်သာရိပုတ္တရာထေရ်၊ ၎င်း၏တပည့် သုဗောဓာလင်္ကာရကျမ်း စသည်ပြု အရှင်သံဃရက္ခိတထေရ်၊ ဋီကာကျော်စသည့် ကျမ်းဂန်ပြု အရှင်သုမင်္ဂလထေရ်၊ ဒါဌာဝံသကျမ်းပြု ရာဇဂုရု အရှင်ဓမ္မကိတ္တိထေရ်၊ ဝိနယဝိနိစ္ဆယ ဋီကာ ကျမ်းပြု အရှင်ဝါစိဿရထေရ်၊ မောဟဝိစ္ဆေဒနီအဋ္ဌကထာ ဝိမတိဝိနောဒနီဋီကာ ကျမ်းပြု အရှင်ခေမဋ္ဌယကဿပထေရ်၊ ကင်္ခါဋီကာသစ်ကျမ်းပြု အရှင်ဗုဒ္ဓနာဂထေရ် စသည်တို့သည်လည်း မဟာဝိဟာရအနွယ်ဝင် ကျော်ဇောကိတ္တိရှိသည့် မဟာထေရ်မြတ်တို့ဖြစ်တော်မူကြကုန်၏။

ရင်းပြင် အဘိဓာနပ္ပဒီပိကာကျမ်းပြု အရှင်မောဂ္ဂလ္လာန်ထေရ်၊ သမန္တကူဋဝဏ္ဏနာကျမ်းစသည်ပြု အရှင်ဝေဒေဟထေရ်၊ ဇိနာလင်္ကာရစာကိုယ်

---

၁။ မ။ ဋီ။ ၁။ ၂၉၉။ (သမ္မာဒိဋ္ဌိသုတ်အဖွင့်)။

နှင့် ဇိနာလင်္ကာရဋီကာကျမ်းပြု အရှင်ဗုဒ္ဓရက္ခိတထေရ်၊ မောဂ္ဂလ္လာန်ဗျာက ရဏ်းကျမ်းပြု အရှင်မောဂ္ဂလ္လာန်ထေရ်၊ ပဒသာဓနကျမ်းပြု အရှင်ပိယဒဿီ ထေရ်၊ ပဒသာဓနဋီကာကျမ်းပြု အရှင်ရာဟုလာထေရ်၊ ဗာလာဝတာ ဋီကာသစ်ကျမ်းပြု အရှင် သီရိသုမင်္ဂလာထေရ်၊ အဘိဓာနပ္ပဒီပိကာသူစိ ကျမ်းပြု အရှင်သုဘူတိထေရ်တို့လည်း သီဟိုဠ်သာသနာပြုပုဂ္ဂိုလ်အကျော် တို့ ဖြစ်ကြကုန်၏ ၁။

## သီဟိုဠ်ကျွန်း၌ ထင်ရှားသည့် စေတီပုထိုးများ

သီဟိုဠ်ကျွန်း၌ ဖြဟွာနတ်လူ သုံးဘုံသူတို့ ကြည်ဖြူဦးခိုက် ပူဇော် ကိုးကွယ်ရာပုညတိတ္ထ ပုညဘူမိပုညပစ္စယမျှားဖြစ်ကြသော ဗောဓိပင် စေတီ ပုထိုးစသည်တို့သည်လည်း မည်သည့် သမိုင်းပညာရှင်မှ ကုန်စင်အောင် မဖော်ပြနိုင်လောက်အောင် များပြားလှကုန်၏။

အနုရာဓမြို့ရှိ ဇယသီရိသံဏမိတ္တာဗောဓိ သုဝဏ္ဏမာလီမဟာစေတီ၊ ထူပါရာမစေတီ၊ လံကာရာမစေတီ၊ အဘယဂိရိစေတီ၊ ဇေတဝနစေတီ၊ ဣသုရမုနိစေတီ၊ ဝေဿဂိရိစေတီ၊ မရိစဝဋ္ဋိစေတီ၊ စေတိယတောင်မှ စေတီများ၊ နာဂဒီပကျွန်းမှ နာဂဒီပစေတီ၊ တရိန်ကောမာလီမြို့မှ မင်္ဂလာ မဟာစေတီ၊ ပုလတ္ထိမြို့မှ ထူပါရာမစေတီ၊ ရတနာကောဋ္ဌစေတီ၊ ကိရိ ဝေလဟေရစေတီ၊ မလယ (မာတလေ)နယ် မြောက်ပိုင်းရှိ ဒိမ္ဗူလ ဘုရားကျောင်း၊ မလယ(မာတလေ)မြို့အနီး ရှိစတုတ္ထသံဂါယနာ(ပေါတ္ထ ကာရုဋ္ဌသံဂါယနာ)တင်ရာ အာလေဝကလိုဏ် ကိုလံဘိုမြို့အနီး ကလျာဏီ မြစ်ကမ်းနားရှိ ကလျာဏီစေတီ၊ ကန္ဒီမြို့ရှိ လံကာတိလဘုရားကျောင်း၊ ဘုရားရှင်စွယ်တော်တိုက်၊ ဘဒ္ဒုလ မြို့ရှိ မဟိယင်္ဂဏစေတီ၊ မဟိယင်္ဂဏအရပ် ရှိ မဟိယင်္ဂဏစေတီ၊ ဒီဃဝါပိအရပ်ရှိ ဒီဃဝါပိစေတီ၊ ရောဟဏတိုင်းရှိ တိဿမဟာရာမစေတီ၊ ကာက္ကရဂါမစေတီ၊ စိတ္တလတောင်ရှိစေတီ၊ သမန္တ ကူဋတောင်ရှိ ဘုရားရှင်၏ ခြေတော်ရာ စသည်တို့ကား သီဟိုဠ်၌ အလွန်

---

၁။ အကျယ် သီဟိုဠ်သာသနာဝင်ကျမ်းကြည့်။

ထင်ရှားသည်။ ဗြဟ္မာနတ်လူ သုံးဘုံသူတို့ ကြည့်ဖူးကျော်ရော် ပူဇော်ရှိခိုးရာ ကောင်းမှုပြုရာ စေတီပုထိုးဖြစ်ကြကုန်၏။

## ထင်ရှားခဲ့သော ကျောင်းတိုက်ကြီးများ

သာသနာသက္ကရာဇ် ၂၃၆-ခုနှစ်တွင် နန်းတက်သော ဒေဝါနံပိယ-တိဿမင်းကြီး၏ ကောင်းမှုတော် အနုရာဓမြို့ မဟာဝိဟာရ ကျောင်းတိုက်ကြီး၊ သာသနာသက္ကရာဇ် ၄၅၅-ခုနှစ်တွင် ဒုတိယအကြိမ် နန်းတက်သော ဝဋ္ဋဂါမဏိ(ဝလဂမ္ဗာ)မင်းကြီး၏ ကောင်းမှုတော် အနုရာဓမြို့ရှိ အဘယဂိရိ ကျောင်းတိုက်ကြီး၊ သာသနာသက္ကရာဇ် ၈၁၉-ခုနှစ်တွင် နန်းတက်သော မဟာသေနမင်းကြီး၏ ကောင်းမှုတော် အနုရာဓမြို့ရှိ ဇေတဝန်ကျောင်းတိုက်ကြီး၊ သာသနာသက္ကရာဇ် ၁၇၀၇-တွင် နန်းတက်သော ပုလတ္ထိမြို့ရှိ ဇေတဝန်ကျောင်းတိုက်ကြီး စသည်တို့ကား လွန်စွာမှ လေ့လာကြည့်ရှု သံဝေဂယူဖွယ်ရာ ကျောင်းတိုက်ကြီးတို့ ဖြစ်ကုန်၏။

## အဋ္ဌကထာကျမ်း၊ ဋီကာကျမ်းကြီးများ ပေါ်ထွန်းရာ

ကမ္ဘာ့နိုင်ငံ အရပ်ရပ်ရှိ ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့၏ သက်ဝင်ယုံကြည်စွာ အမြတ်တနိုး ကျက်မှတ်သင်အံ လေ့လာ ကြည့်ရှုကြရသည့် အဋ္ဌကထာ ကျမ်းကြီးများအားလုံးနှင့် ဋီကာကျမ်း အားလုံးတို့ ပေါ်ထွန်းရာကား အများသိ လက်ခေါ်ဆို သီဟိုဠ်ကျွန်း ဖြစ်လေသည်။

## အဘယဂိရိ ကျောင်းတိုက်ထွက် ကျမ်းများ

သာသနာသက္ကရာဇ် ၇၅၇-၇၇၉-တွင် နန်းတက်သော ဝေါဟာရတိဿမင်းသည် တရားဆုံးဖြတ်မှု၌ လိမ္မာကျွမ်းကျင်သော ကပိလအမတ်ကို အဘယဂိရိ ကျမ်းစာများကို စိစစ်စေသောရာ ထေရဝါဒနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သဖြင့် သာသနာ့ကျေးဇူး မပြုဟု ယူဆကာ အဘယဂိရိ

ကျောင်းတိုက်သုံး အဘယဂိရိ ဂိုဏ်းသုံး ကျမ်းစာများကို မီးရှို့ဖျက်ဆီး စေလေသည်။

ဝေတုလ္လဝါဒံ မဒ္ဒိတွာ၊ ကာရေတွာ ပါပနိဂ္ဂဟံ။
ကပိလေန အမစ္စေန၊ သာသနံ ဇောတယိ စ သော[၁]။

သို့ဖြစ်၍ အဘယဂိရိ ကျောင်းတိုက်သုံး၊ အဘယဂိရိ ဂိုဏ်းသုံး ကျမ်းစာများ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ ယခု ရှာမရတော့ချေ။ သို့ရာတွင် ဥတ္တရဝိဟာရဝံသ အဋ္ဌကထာကျမ်း (အဘယဂိရိ သာသနာဝင်ကျမ်း) ရှိခဲ့သည်ဟု သိရ၏၊ ၎င်းပြင် "ကဝိစက္ကဝတ္တိ" အရှင် အာနန္ဒာထေရ် ရေးသားစီရင်သော သဒ္ဓမ္မောပါယနကျမ်းကိုကား တွေ့နိုင်လေသည်။ ၎င်း သဒ္ဓမ္မောပါယနကျမ်းကား အားလုံးဂါထာ ဖြင့် စီရင်အပ်သော ကျမ်းဖြစ်သည်။ ဂါထာပေါင်း နိဂုံးမပါ ၆၂၁-ဂါထာ ရှိ၏။ နိဂုံးဂါထာ ၈-ဂါထာရှိ၏။ ၂-ရပ် ပေါင်းလိုက်သော် ၆၂၉-ဂါထာ ရှိ၏။ ကျမ်းဦး၌—

၁။ သဗ္ဗာသဝဝိနိမုတ္တံ၊ သဗ္ဗသာဓုဂုဏာကရံ။
သဗ္ဗလောကဂရုံ ဝီရံ၊ ဟိတံ အမတမဂ္ဂဒံ။

၂။ သဗ္ဗာဒရေန ဝန္ဒိတွာ၊ သမ္မာသမ္ဗုဒ္ဓမာဒိတော။
အထ ဓမ္မဉ္စ သံဃဉ္စ၊ သဒ္ဓယာ မုဒ္ဒနာ အဟံ။

၃။ သဒ္ဓမ္မောပါယနံ ကိဉ္စိ၊ ရစယိဿာမိ ပေသိတုံ။
နာမတော ဗုဒ္ဓသောမဿ၊ ပိယသဗြဟ္မစာရိနော။

၄။ အဋ္ဌက္ခဏဝိနိမုတ္တံ၊ ခဏံ ပရမဒုလ္လဘံ။
ဥပလဒ္ဓေန ကတ္တဗ္ဗံ၊ ပုညံ ပုညဝတာ သဒါ—

ဟူသော ၄-ဂါထာဖြင့် ပဏာမ၊ အဘိယာစက၊ ပဋိညာဉ်၊ ဥယျောဇဉ် တို့ကို ဖော်ပြခဲ့တော်မူသည်။ ဤကျမ်းသည် သီဟိုဠ် နိကာယနှင့်

---

၁။ မဟာဝံသ၊ ၃၆၊ ၄၁။

တကွ ရှိုင်ဆိုက် ၁၂၇-မျက်နှာရှိသည်။ ဤသည်လျှင် သီဟိုဠ်သာသနာ့ သမိုင်း အမြွက်ဖြစ်၏။

## သီဟိုဠ်ကျွန်း ကြွရောက် စေတီပုထိုးများ ဖူးမြော်

ဆရာတော် အရှင်စန္ဒိမာသည် ဖော်ပြပါ ဘုရားမြတ်စွာ သာသနာ တော်ရောင် လင်းပြောင်ထိန်ဝင်း တောက်ထွန်းသည့် သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူရာ အနုရာဓမြို့ ပုလတ္ထိမြို့ ကန္ဒီမြို့ စသည်တို့၌ တည်ရှိသော စေတီပုထိုး စသည့် ကိုးကွယ်ရာ ပူဇော်ဖွယ်ရာတို့ကို သဒ္ဒါရွှန်းစို ကြည်ညိုလှစွာ ဖူးမြော်တော်မူခဲ့လေသည်။

သကလေ လင်္ကာဒီပေပိ၊ ဝိစရိတွာ မဟာယတိ။
ပူဇနီယေ, ဘိပူဇေသိ၊ ပူဇိယေ နိန္နမာနသော။

## ကျောင်းတကျောင်းရရှိ၊ အရှင်သီရိမမှအား လှူဒါန်းခဲ့

ဆရာတော် အရှင်စန္ဒိမာသည် အလွန်လျှင် ဘုန်းကံ ကြီးမားသည့် ပုဂ္ဂိုလ်ဖြစ်သည်။ သီဟိုဠ်ကျွန်းသို့ ခေတ္တရောက်ရှိစဉ် အထူးကြည်ညိုသူများ ပေါ်ပေါက်ပြီး ကျောင်းတကျောင်းလှူဒါန်းသဖြင့် သဒ္ဒါဘရားကို ငဲ့၍ အလှူခံတော်မူပြီး တလခန့် သီတင်းသုံးတော်မူပြီးလျှင် ကိုလံဘိုမြို့ မဟာဝိသုဒ္ဓါရာမ ကျောင်းတိုက် နာယကဆရာတော် အရှင်သီရိမမှ အား လှူဒါန်းတော်မူခဲ့သည်။

## မြန်မာပြည်ပြန်ကြွ ဓုရ နှစ်ပါး ကြိုးစားအားသစ်

ဆရာတော်သည် အလိုဆန္ဒရှိသလောက် သီဟိုဠ်ကျွန်း၌ သီတင်းသုံး တော်မူပြီး မြန်မာပြည်သို့ ပြန်ကြွတော်မူ၍ မိမိသီတင်းသုံးရာ ပဲခူးမြို့ ကလျာဏီကျောင်းတိုက်၌ ပရိယတ်၊ ပဋိပတ် ဓုရနှစ်ပါးကို အားသစ် ကြိုးကုတ်တော်မူသည်။

## ဖားအံတောရကျောင်း တဝါ သိတင်းသုံး

သက္ကရာဇ် ၁၂၉၀ ပြည့်နှစ်တွင် "ရွှေသွားနောက်လိုက် သိုက်မြိုက်မလို ကြံ့ချိုပမာ တချောင် သာတည်း၊ ရှောင်ခွာဖော်တည်း တကိုယ်တည်းဖြင့် တောထည်းဝင်ခို ချမ်းသာပို၏" ဟူသည့် ဥပဒေသလင်္ကာနှင့်အညီ ခြေရုံသင်းပင်း ပရိသတ်နှင့် နေထိုင်ရသည်ကို ငြီးငွေ့တော်မူသဖြင့် မော်လမြိုင်မြို့ ဖားအံတောရကျောင်း၌ သီတင်းသုံး၍ ကမ္မဋ္ဌာန်းတရား အားထုတ်တော်မူသည်။

## သက်ဆုံးတိုင် ကလျာဏီကျောင်းတိုက်၌ သီတင်းသုံး

ယင်းသို့ ဖားအံတောရကျောင်း၌ သီတင်းသုံးတော်မူစဉ် ပဲခူးမှ တပည့်ဒကာများ လိုက်၍ အကြိမ်ကြိမ် ပင့်လျှောက် တောင်းပန်သဖြင့် ပဲခူးမြို့ မိခင် ကလျာဏီ ကျောင်းတိုက်သို့ ပြန်ကြွတော်မူ၍ သက်ဆုံးတိုင် သီတင်းသုံးတော်မူသည်။

## ဇရာဒဏ်ချက် နှိပ်စက်ပြီ

ဇရာယ ပရိမဒ္ဒိတံ ဧတံ၊ မိလာတဆဝိစမ္မနိဿိတံ။
မရဏေန ဘိဇ္ဇတိ ဧတံ၊ မစ္စုဿ ဃာသမာမိသံ။[၂]

ဧတံ၊ ဤ မြေ ရေ လေ မီး ဘုတ်ကြီးလေးခု တိုင်ခြေပြုထ ဤခန္ဓာကိုယ် ရူပကာယကို။ ဇရာယ၊ သွားကျိုးဆံဖြူ ငယ်မူယိုယွင်း အိုမင်းရင့်ရော် မှည့်ပျော်ခြင်း ဇရာတရားသည်။ ပရိမဒ္ဒိတံ၊ အစဉ်မပြတ် ထက်ဝန်းကျင် နှိပ်စက်အပ်၏။ ဧတံ၊ ဤခန္ဓာကိုယ် ရူပကာယသည်။ မိလာတဆဝိ စမ္မနိဿိတံ၊ ဇရာဓမ္မ တရွရွေ ညှိုးပန်းသဖြင့် ညှိုးနွမ်းသော အရေကို မှီနေ၏။ ဧတံ၊ ဤခန္ဓာကိုယ် ရူပကာယသည်။ မရဏေန၊ စုတိပြတ်ကြွေ သေလွန်ရခြင်းကြောင့်။ ဘိဇ္ဇတိ၊ ဖရိုဖရဲ ပြိုကွဲပျက်စီးရ၏။

---

၂။ သုတ္တနိပါတ် အဋ္ဌကထာ။ ဒုတိယ။ ၁၂၅။

မစ္စုဿ၊ ယုက်မာစင်းစင်း သေမင်း၏။ ဿသမာမိသံ၊ ဝါးမျို ကိုက် စားစရာ အာမိသပေတည်း-ဟူသည်နှင့်အညီ ကလျာဏီဆရာတော် ဘုရားကြီး အရှင်စန္ဒိမာသည် ဇရာဓမ္မသဘာဝ၏ နှိပ်စက်ခြင်းကို ခံရသဖြင့် ခန္ဓာကိုယ်နွမ်း ကျန်းမာဇတ၃် မမူပါချေ။

ဆရာတော်သည်—

ဆာဗာဓေ သမုပ္ပန္နေ၊ သတိ မေ ဥဒပဇ္ဇထ။
အာဗာဓော မေ သမုပ္ပန္နော၊ ကာလော မေ နပ္ပမဇ္ဇိတုံ[၁]။

မေ၊ ဥတ္တိယဟု နာမမည်တွင် ငါအရှင်အား။ အာဗာဓေ၊ နှိပ်စက် ပြင်းစွာ ရောဂါဝေဒနာသည်။ သမုပ္ပန္နေ၊ မြေ ရေ လေ မီး ဘုတ် ကြီး လေးတန် ဖောက်ပြန်သဖြင့် ကောန်စွဲကပ်ဖြစ်ပေါ်ခဲ့ပါမူ။ မေ၊ ငါ့အား၊ သတိ၊ အောက်မေ့ဆင်ခြင် ဉာဏ်မြင်နိုင်းညှို သတိသည်။ ဥဒပဇ္ဇထ၊ အမှန်စင်စစ် ဖြစ်ပါပြီ၊ ကိံ၊ အဘယ်သို့။ ဥဒပဇ္ဇထ၊ ဖြစ်သနည်း။ မေ၊ ငါ့အား(ဝါ) ငါ့မှာ။ အာဗာဓော၊ နှိပ်စက်ပြင်းစွာ ရောဂါဝေဒနာသည်။ သမုပ္ပန္နော၊ စွဲကပ်တုံလစ် ဖြစ်ခဲ့လေပြီ။ အယံ၊ အနာရောဂါဝေဒနာစွဲကပ်ရာ ဤအခါသည်။ မေ၊ ငါ့အား၊ ငါ့အဖို့ရာ ငါ့အတွက်။ ပမဇ္ဇိကုံ န ကာလော၊ မေ့လျော့ပေါ့ဆရန် အခါမဟုတ် တော့ချေ-ဟူသော အရှင်ဥတ္တိယထေရ်၏ ဥဒါန်းဂါထာနှင့် မမေ့မလျော့ပဲ ရုပ်နာမ် ဓမ္မ သင်္ခါရတရားတို့၏ အနိစ္စဖြစ်ပုံ၊ ဒုက္ခစစ်မှန်ပုံ၊ အနတ္တာအစစ် ဖြစ်ကြီးဖြစ်ပုံကို အပြန်ပြန် အလှန်လှန် ဆင်ခြင်တော်မူခဲ့လေသည်။

## ကျောင်းတိုက် လွှဲအပ်ခြင်း

မိမိ၏ အသက်အပိုင်းအခြားကို သိတော်မူသဖြင့် သက္ကရာဇ် ၁၃၀၆- ခုနှစ် ဝါခေါင်လဆုတ် ၈-ရက်နေ့တွင် ကျောင်းတိုက်ရှိ တပည့်သံဃာ

---

၁၊ ဥတ္တိယထေရဂါထာပါဠိ (ထေရ၊ ၂၂၆)၊

ဒါယကာ၊ ဒါယိကာမတို့ကို ခေါ်တော်မူပြီးလျှင် မိမိ အနှစ် ၄၀-ကျော် ပြုစု ပျိုးထောင်ခဲ့သော ကလျာဏီကျောင်းတိုက်ကြီးကို ဂရုဘာဏ်၊ လဟုဘာဏ်နှင့် တကွ တပည့်ကြီး အရှင်ဉာဏဝံသအား လွှဲအပ်တော်မူလေသည်။

## ဒကာ၊ ဒကာမတွေနှင့် အတွေ့မခံ

ယင်းသို့ ကျောင်းတိုက်လွှဲအပ်တော်မူပြီးနောက် မိမိ၏ အထံသို့ ဂိလာနုပဋ္ဌာကများဖြစ်ကြသော အရှင်လက္ခဏာနှင့် အရှင်ဇာနေယျတို့သာ လာရမည်။ အခြားပုဂ္ဂိုလ်များ မိမိမခေါ်ပဲနှင့် မလာရဟု မိန့်ကြားတော်မူပြီး ဝေဒနာကို အဓိဝါသနခန္တီဖြင့် သည်းခံတော်မူ၍ ရုပ်နာမ် ဓမ္မသင်္ခါရတို့ကို ရှုမှတ်ဆင်ခြင်တော်မူခဲ့လေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူပြီ

ယင်းသို့ ရုပ်နာမ်သင်္ခါရတို့၏ မမြဲခြင်း ရှုမှတ်ဆင်ခြင်တော်မူယင်းပင် ထက်ရပ်ဌာနီ နတ်တို့ပြည်မှ နတ်သားနတ်သမီးတို့၏ ပင့်ဖိတ်ချက် လက်ခံသည့်အဟန် ၁၃၀၆-ခုနှစ် တော်သလင်းလဆုတ် ၁၅-ရက် စနေနေ့ နံနက် ၇-နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

အနန္တရံ ဟိ ဇာတဿ၊ ဇီဝိတာ မရဏံ ဓုဝံ။
ဇာတာဇာတာ မရန္တီဓ၊ ဧဝံဓမ္မာ ဟိ ပါဏိနော-

ဟူ၍ မဟာကပ္ပိန ထေရဂါထာပါဠိ လာရှိသည်နှင့်အညီ လူနတ်ဖြဟ္မာ စွဲရာမရှိ မရွေးဘိပဲ ဇာတိလက်နက် စူးရှမြက်သော် နှစ်သက်လောက်စွာ လက်ဆောင်ရှာ:လျက် ပညာဆက်သွင်း တံစိုးနှင်းလည်း ငြင်းသော်မရ ချော့မကျတည့် လေးဝသေနင် စတုရင်ဖြင့် စစ်အင်ကျင်းပ တာင်းမာကြလည်း ယမမင်းပင် သူအောင်မြင့်လို့မို့ ရှေးတွင်

ရှည်ကြာ ကမ္ဘာဆက်ဆက် သေမင်းလက်မှ လွတ်ထွက်သောသူ မရှိဟူ၍ မြိုင်ဂူတောင်စောင်း ခိုမှီအောင်းသည့် ရှစ်သောင်းဇော်ဂီ တပသီနှင့် လေးလီကျွန်းရှင် လူတွင်တမွတ် စက္ကဝတ်သည်း မလွတ်မကင်း သူ့လက်တွင်းသို့ ရောက်ခြင်းမလှ ရောက်လေရ၏၊ ထိုမှတဖန် ဈာန်တွင်ဝိသိဋ္ဌ ဣဒ္ဓိဝိမ်ဖြင့် မဟိဒ်တေဇ ပြွမ်းပြွမ်းထသည့် ဗုဒ္ဓပစ္စေကာ ခီဏာသ-ခေါ ရှင်သို့သော်လည်း ခုနှ်ကျော်သွတ်ကင်း သေဘေးရှင်းဟု ထင်လင်းခုထိ ဘယ်မရှိခဲ့၊ ဇာတိလက္ခဏာ ခြင်းအရာဖြင့် ဇာတာဇာတ ဖြစ်တိုင်းမျှတို့ ဘဝတို့ကို ဘုံအလိုဖြင့် ငိုယိုတမ်းတ ဟစ်အော်ကြလည်း မုဝ သဘော လွန်သောမရှိ သေကုန်ဘိ၍ ဘူရိမြေကြီး လက်ဖြင့်တီးသို့ လွဲလှည်းမရ ဧကန္တဖြင့် ကမ္ဘာ့တံထွာ မမွတာဟု မဟာကဿပ်ိန ထေရဂါထာ ကျမ်းရွှေစာ၌ သေချာဘင်းကြပ် တပ်အပ်မိန့်ဆို နှုဘ်သံချိုဖြင့် မြင်းမိုရ်အထု သိနေရှုသို့ နိုင်းတုခိုင်မာ ငြိမ်သက်စွာတည့်၊ သမ္မာသမာဓိ သိက္ခာ ရှိလျက် လိခိတသခ် မြတ်သီသဖြင့် ဝရဇိန်စက်သွား ပညာအားကို ပွားများဆင့်ဆင့် သိက္ခာမြင့်သည့် အရှင်ကာဝိ ကလျာဏီဟု ဌာနီတန်တန် နိုင်ငံရပ်ခြား တိုင်းတပါးတိုင် ပြန့်လှိုင်ဂုဏ်ချည့် ဇာနည်မဟတ် မထေရ်မြတ်ကား လူရပ်ဌာန အန္တိမဟု ဘဝတပါ ကွယ်လွန်သွား၍ နတ်များထံမှောက် ပင့်လျှောက်တောင်းပန် ငြင်းဆန်မရှိ သတိသမ္ပဇဉ် ကပ်ကာယှဉ်၍ ဝိညာဉ်ရွှေလျော မိန့်မောကင်းကွေ့ မတွေဝေပဲ သန္ဓေဥပပါတ်ယောနိမြတ်ဖြင့် လူဇာတ်ခွာရှဲ နတ်တီးဝှဲလျက် နတ်ပွဲသဘင် ဝင်တော်မူသတည်း။

## မဟာကလျာဏီကျောင်းတိုက်ကြီး၏ ဆဋ္ဌ မဟာနာယကဆရာတော် အရညဝါသီ ရွှေကျုံ့နိကာယ၏ နာယကဆရာတော် အရှင်ဉာဏဝံသမဟာထေရ်

အရှင်သုဝဏ္ဏသောဘန ရာမညသံဃရာဇာ သာသနာပိုင်မှထောက်၍ ဆဋ္ဌမြောက်ဖြစ်သော ဆရာတော် အရှင်ဉာဏဝံသသည် ဆရာတော် အရှင်စန္ဒိမာမဟာထေရ် ဘဝနတ်ထံ ပျံလွန်တော်မူပြီးနောက် ပဲခူးမြို့

မဟာကလျာဏီကျောင်းတိုက်ကြီးကို ဆက်လက်အုပ်ချုပ် သာသနာပြု တော်မူသည့် ဆရာတော် ဖြစ်တော်မူသည်။

### ပျံလွန်တော်မူခြင်း

ဆရာတော်လောင်းလျာကို ပဲခူးတိုင်း ဝေါမြို့နယ် ဝင်းပတောရွာ၌ အဖ ဦးဖိုးသို အမိ ဒေါ်ငိုတို့မှ သက္ကရာဇ် ၁၂၅၇-ခုနှစ် ကဆုန်လဆန်း (၁၅) ရက် အင်္ဂါနေ့တွင် မျက်နှာသန့်စင် ဖွားမြင်တော်မူသည်။

### သာမဏေဝတ် သာသနာ့တာဝန်ထမ်းဆောင်

သက်တော် (၁၁) နှစ်သားအရွယ်တွင် ပဲခူးမြို့ မဟာကလျာဏီ ကျောင်းတိုက်ဆရာတော် အရှင်စန္ဒိမာ မဟာထေရ်ထံ ရောက်ရှိ၍ သာမဏေဝတ်ကာ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့တော် ရှင်ဉာဏဝံသဖြစ်သည်။

### ပညာသင်ကြားခြင်း

ဆရာတော်လောင်းလျာ ရှင်ဉာဏဝံသသည် ဥပဇ္ဈာယ်ဆရာတော် အရှင်စန္ဒိမာအထံတွင် အဘက်ဘက်မှ နည်းနာနယ အဝဝကို ဆည်းပူး ခံမိရသဖြင့်—

ဥဋ္ဌာနာ ဥပဋ္ဌာနာ စ၊ သုဿူသာ ပါရိစရိယာ။
သက္ကစ္စံ သိပ္ပဂ္ဂဟဏာ၊ ဂရုံ အာရာဓယေ ဗုဓော။

ဗုဓေါ၊ လိမ္မာရေးခြားရှိသော တပည့်သည်။ ဥဋ္ဌာနာ၊ဆရာသမား ကြွလာသည်ကိုမြင်လျှင် နေရာမှထခြင်းဖြင့်လည်းကောင်း။ဥပဋ္ဌာနာ စ၊ အနီးအပါး ချဉ်းကပ်တည်နေခြင်းအားဖြင့်လည်းကောင်း။ သုဿူသာ၊ ယုံမှတ်ကြည်ဖြူ နာယူခြင်းဖြင့်လည်းကောင်း။ ပါရိစရိယာ၊ ပြုစုလုပ် ကျွေးခြင်းအားဖြင့်လည်းကောင်း။ သက္ကစ္စံ သိပ္ပဂ္ဂဟဏာ၊ ရိုသေလေး မြတ် အတတ်သင်ယူခြင်းအားဖြင့်လည်းကောင်း။ ဂရုံ၊ ဆရာသမားကို။ အာရာဓယေ၊ နှစ်သက်စေရာ၏-ဟူသည်နှင့်အညီ ဆရာကြွလာသည်ကို

မြင်လျှင် နေရာမှသခြင်း အစရှိသည့် တပည့်ဝတ္တရားနှင့်အညီ ကျင့်ဆောင် ပြီးလျှင် ပိဋကအခြေခံ ကျမ်းစာမှစ၍ ရှင်ရဟန်းဘဝတွင် သင်အပ် သင်သင့် သင်ထိုက်သော၊တတ်အပ် တတ်သင့် တတ်ထိုက်သော ကျမ်းဂန် အရပ်ရပ်တို့ကို မိမိဆရာ ဥပဇ္ဈာယ်အထံမှာပင် ဆုံးခန်းတိုင်ရောက် သင်ယူ တတ်မြောက်လေသည်။

## ရဟန်းဘဝ ဒုလ္လဘသို့ ရောက်တော်မူခြင်း

သက်တော် ၂၀-ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၇၇-ခုနှစ် ကဆုန် လဆန်း ၇-ရက်နေ့တွင် မဟာကလျာဏီကျောင်းတိုက်အတွင်းရှိ ဓမ္မစေတီ မင်းကြီး၏ ကောင်းမှုတော် ကလျာဏီသိမ်တော်ကြီး၌ မဟာကလျာဏီ ဆရာတော် အရှင်စန္ဒိမာ မဟာထေရ်ကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝ ဒုလ္လဘသို့ ရောက်တော်မူသည်။

ဥပဇ္ဈာယံ ကရိတွာန၊ စန္ဒိမာထေရပုင်္ဂဝံ။
ဒုလ္လဘံ အလဘိ ဓိရော၊ ဉာဏဝံသော သုမာနသော။

## ဝိထိုရွာ၌ ကျောင်းထိုင်နာယက တာဝန်ထမ်းဆောင်

ကျမ်းဂန်တတ်မြောက် ကျောင်းထိုင်အင်္ဂါ ကိုးသွယ်ပြည့်စုံသော ရဟန်း တော် အရှင်ဉာဏဝံသသည် ရဟန်းသိက္ခာ ၁၅-ဝါအရတွင် ကျေးဇူးရှင် ဥပဇ္ဈာယ်ဆရာတော် အရှင်စန္ဒိမာထေရ်၏ စေခိုင်းချက်အရ ပဲခူးမြို့ အနောက်တောင်ရိုးရှိ ဝိထိုရွာကျောင်း၌ ကျောင်းထိုင်နာယကဖြစ်၍ ဒါယကာ ဒါယိကာမတို့အား—

> မကောင်းမြစ်တား ကောင်းရာညွှန်လှစ် အသစ်ဟောကြူး နာဖူး ထပ်မံ နတ်ထံတင်ရာ မေတ္တာလည်းပြု ရဟန်းမှု ခြောက်ခုလွန် သောချာ—

ဟူသည်နှင့်အညီ—

၁။ ဒါယကာ ဒါယိကာမတို့ မကောင်းမှုပြုလုပ်သည်ကို မြင် ကြား သိလျှင် တားမြစ်ခြင်း၊

၂။ ကောင်းကြောင်းကောင်းရာ ဒါနမှု သီလမှု ဘာဝနာမှုကို ဟော ပြောခြင်း၊
၃။ နာဖူးပြီး တရားများကိုလည်း ထပ်မံဟောခြင်း၊
၄။ လူရပ်နတ်ထံ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းများကို ဟော ပြောခြင်း၊
၅။ ဒကာ ဒကာမတို့ ကျန်းမာ ချမ်းသာစွာရှိရန် မေတ္တာဘာဝနာ ပွား များခြင်း—

ဟူသော ရဟန်းကျင့်ဝတ်ကို ကျင့်တော်မူ၍ သီတင်းသုံးတော်မူခဲ့ လေသည်။

## မဟာကလျာဏီ ကျောင်းတိုက်၌ ပြန်လည်သီတင်းသုံး

ရဟန်းသိက္ခာ ၁၇-ဝါအရတွင် ပဲခူးမြို့ မဟာကလျာဏီ ကျောင်း တိုက်သို့ ပြန်လည်ကြွရောက်တော်မူ၍ ဥပဇ္ဈာယ်ဆရာတော်အား ပြုစုယင်း တပည့်တပန်း စာသင်သား ရဟန်း သာမဏေ (၇၀) ကျော်တို့အား စာပေချပို့၍ သာသနာပြုတော်မူသည်။

## မဟာကလျာဏီ ကျောင်းတိုက်ကြီးကို လွှဲအပ်ခံရခြင်း

ရဟန်းတော် အရှင်ဉာဏဝံသ သိက္ခာ(၃၀)အရတွင် မိမိ၏ဥပဇ္ဈာယ် မဟာနာယက ဆရာတော်ဘုရားကြီးသည် ဗဟုသုတ ပြည့်ဝစုံလင် သီလ ဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့၏အရှင် ဖြစ်သည်အားလျော်စွာ မိမိ၏ အသက်အပိုင်းအခြားကို သိတော်မူသဖြင့် သက္ကရာဇ် ၁၃၀၆-ခုနှစ် ဝါခေါင်လဆုတ် (၈) ရက်နေ့တွင် ကျောင်းတိုက်ရှိ တပည့်သံဃာ ဒါယကာ ဒါယိကာမတို့ကို ခေါ်တော်မူပြီးလျှင် မိမိအနှစ်(၄၀) ကျော် ပြုစုပျိုးထောင်ခဲ့သော ကလျာဏီကျောင်းတိုက်ကြီးကို ဂရုဘာဏ် လဟု ဘာဏ်နှင့်တကွ လွှဲအပ်တော်မူသဖြင့် ဆရာ၏ ကျေးဇူးတော်အနန္တကို အောက်မေ့လျက် လက်ခံပြီး မဟာကလျာဏီ ကျောင်းတိုက်ကြီး၏



အရညဝါသီ ရွှေကျင်နိကာယ နာယက
မဟာကလျာဏီ ကျောင်းတိုက်ကြီး၏ ဆဋ္ဌမမြောက် သရာတော်
အရှင်ဉာဏဝံသ မဟာထေရ်

အဓိပတိ မဟာနာယကအဖြစ်ဖြင့် သာသနာကျိုးကို သည်ပိုး ဆောင်ရွက်တော်မူခဲ့လေသည်။

## မဇ္ဈိမဒေသသို့ ဘုရားဖူးကြွတော်မူခြင်း

ဆရာတော် အရှင်ဉာဏဝံသ-သည် သက္ကရာဇ် ၁၃၁၂-ခုနှစ် တပို့တွဲလတွင် ပဲခူးမြို့ ဒက္ခိဏာသာခါ ဆရာတော် အရှင်ကာဝိဇ၊ မင်းရွာဆရာတော်၊ တပည့် မဟာကလျာဏီရဟန်းတော် အရှင်ဇာနေယျ စသည်တို့နှင့်အဘူ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာ၊ သာဝတ္ထိ၊ ရာဇဂြိုဟ်၊ ဗာရာဏသီ၊ ကုသိနာရုံ၊ လုမ္ဗိနီဥယျာဉ် စသည့်ဒေသရှိ ပူဇနိယ သံဝေဇနိယ ဌာနများကို ကြည့်ရှု ဖူးမြော် သံဝေဂယူတော်မူခဲ့လေသည်။

ဂန္တွာ မဇ္ဈိမဒေသမှိ၊ မဇ္ဈိမမဂ္ဂကော သုဓီ။
ပူဇနိယေ ပူဇယိတွာ၊ ပုညံ အနပ္ပကံ ကရီ။

## အရညဝါသီ ရွှေကျင်နိကာယဂိုဏ်းကြီး၏ နာယက

ဆရာတော် အရှင်ဉာဏဝံသမဟာထေရ်သည် ဆရာတော်ဘုရားကြီး ဦးသီလမှစ၍ လဇ္ဇီသူမွန် သီလဝန်ပုဂ္ဂိုလ်တို့ စောင့်ရှောက်တော်မူအပ်ခဲ့သော အရညဝါသီ ရွှေကျင်နိကာယဂိုဏ်းကြီး၏စတုတ္ထမြောက် နာယကတာဝန်ကိုလည်း ဆန္ဒာ ဒေါသာ ဘယာ မောဟာ လေးဖြာသော အဂတိတရား မလားမရောက်ပဲ ဆောင်ရွက်တော်မူခဲ့သည်ဟု ယခုလက်ရှိ မဟာကလျာဏီဆရာတော် အရှင်ဇာနေယျမဟာထေရ်၏ မှတ်တမ်းအရ သိရပေသည်။

## ဝိနယသာကစ္ဆာအဖွဲ့ကြီး၏ သြဝါဒါစရိယ

အရညဝါသီ ရွှေကျင်နိကာယဂိုဏ်းဝင် ဆရာတော်များသည် သာသနာ့ဝန်ထမ်း ရဟန်း သံဃာတော်များ ဝိနည်းပိဋကတ်ကို လိမ္မာကျွမ်းကျင်ရန် ရည်သန်တော်မူကြကာ အမြော်အမြင်ကြီးစွာ ၁၃၁၄-ခုနှစ်မှစ၍

အရညဝါသီ ရွှေကျင်နိကာယ ဝိနယသာကစ္ဆာအဖွဲ့ကြီးကို တည်ထောင်တော်မူကြသည်။ ဆရာတော် အရှင်ဉာဏဝံသမဟာထေရ်သည် ဖော်ပြပါ အရညဝါသီ ရွှေကျင်နိကာယ ဝိနယသာကစ္ဆာအဖွဲ့ကြီး၏ ဩဝါဒါစရိယ ဆရာတော်တာဝန်ကိုလည်း ဆောင်ရွက်တော်မူခဲ့လေသည်။

ဝိနယသာကစ္ဆာ နာမ ယာ သော သမိတိ ဘဝိ။
တဿာပိ ဩဝါဒါစရိယ-ဘာရဝါဟီ ဝိသာရဒေါ။

## မဟာကလျာဏီသိမ် ပြန်လည်တည်ဆောက်ရေး နာယက ဆရာတော်များအဖွဲ့ ဥက္ကဋ္ဌ

သက္ကရာဇ် ၁၃၁၅-ခုနှစ် ဝါဆိုလဆန်း ၁၅-ရက်နေ့မှစ၍ ကလျာဏီသိမ်တော်ကြီး စတင်တည်ဆောက်ရာ ၁၃၁၆-ခုနှစ် ဝါဆိုလပြည့်နေ့တွင် ပြီးစီးခဲ့လေသည်။ ထိုစဉ်က သိမ်တော်ကြီး တည်ဆောက်ရာ၌ ဩဝါဒပေးရန် သင့်သလို စီမံညွှန်ကြားရန် နာယကဆရာတော် ၉-ပါး အဖွဲ့ကို သက်ဆိုင်ရာတို့က ဖွဲ့စည်း ပေးခဲ့ကြသည်။ ဖော်ပြပါ နာယကဆရာတော်များအဖွဲ့တွင် မဟာကလျာဏီဆရာတော် အရှင်ဉာဏဝံသသည် ဖော်ပြပါ ကလျာဏီသိမ် ပြန်လည် တည်ဆောက်ရေး နာယကဆရာတော်များအဖွဲ့၏ ဥက္ကဋ္ဌ တာဝန်ကိုလည်း ဆောင်ရွက်တော်မူခဲ့လေသည်။

ကလျာဏီမဟာသီမာယ၊ မာဠကနိဗ္ဗာဒနေ ပုန။
နာယကသမိတိယာပိ၊ ဥက္ကဋ္ဌော ထေရပုင်္ဂဝေါ။

## မဝေါါစေတီ ပြန်လည်တည်တော်မူခြင်း

ဆရာတော် အရှင်ဉာဏဝံသသည် ကလျာဏီ သိမ်တော်ကြီး အနီးအရှေ့တောင် အရပ်ရှိ ဘုရားရှင် သွားတော်ဓာတ် ကိန်းဝပ်တော်မူရာ ရှေးမင်းအဆက်ဆက်တို့၏ ကောင်းမှုတော် မဝေါါစေတီ ပြိုပျက်သည်ကို ပဲခူးအနောက် ဝိထိုရွာမှ တပည့်ဒကာ ဒကာမများနှင့် အသစ်ထပ်မံတည်ထား ကိုးကွယ်တော်မူခဲ့လေသည်။

မဓေဝါသုတ္တုမ္မိ စ၊ မဟာထေရော သုဗုဒ္ဓိမာ။
ပုန ပတိဋ္ဌာပေတွာန၊ ပုညံ အနပ္ပကံ အကာ။

## အခြားလုပ်ဆောင်ချက်များ

ၚင်းပြင် ဆရာတော် အရှင်ဉာဏဝံသသည် မဟာကလျာဏီကျောင်းတိုက်ကြီးအတွင်း၌ ကျောင်းကြီး ကျောင်းငယ် ရေတွင်း ရေကန် သိမ်တန်ဆောင်း စသည်တို့ကို လည်းကောင်း၊ အပြင်၌ ဂိုဏ်းဂဏ၏ သာသနာရေးရာ အဖြာဖြာနှင့် မေတ္တေယျအာနန္ဒာ ဘုရား၏ ဩဝါဒါစရိယစသည်တို့ကိုလည်းကောင်း ဦးဆောင်စီမံဆောင်ရွက်တော်မူခဲ့သည်။

## ဘုန်းကံကြီးမား ကျေးဇူးများသော ဆရာတော်

ဆရာတော်သည် ကျောင်းတိုက်ကြီး၏ ဦးစီးနာယကလုပ်ချိန်အတွင်း၌ သာသနာ့ငါးထောင် ပတ်လုံး တည်ရှိနိုင်ရန် ကျောက်အတိပြီးသော မဟာကလျာဏီ သိမ်တော်မြတ် အဆောက်အဦးကြီး ပေါ်ထွန်းခြင်း၊ မဟာကလျာဏီသိမ် ဝိနယပရိယတ္တိ စာမေးပွဲ မဂ်သာ စာမေးပွဲများ ပေါ်ထွန်းခဲ့ခြင်း၊ ရာမညမင်း အဆက်ဆက်တို့သာ တည်ထားဆောင်ရွက်ခွင့်ကြုံသော မဓေဝါ ကျောက်စေတီတော်မြတ်ကို ပြန်လည်တည်ရခြင်း စသော အခွင့်ကောင်းတို့နှင့် ပြည့်စုံရကား လွန်စွာဘုန်းကံကြီးမားသော ဆရာတော်ဟု ဆိုရပေမည်။ ဆရာတော်၏သက်တမ်းတလျှောက် ဆောင်ရွက်ချက်များကို ကြည့်၍ ဆရာတော်ကား သာသနာကျိုး အများကျိုးကို များစွာသည်ပိုးသော ဆရာတော်ပါတကားဟု ဥဒါန်းဝစနံ ချီးကျူးရပါတော့သည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဤသို့စသည်ဖြင့် ဘုရားရှင် သာသနာတော် စည်ပင်ရေးအတွက် အဘက်ဘက်မှ ပြည့်စုံစွာ ဆောင်ရွက်တော်မူခဲ့သော မဟာကလျာဏီ ကျောင်းတိုက်ကြီး၏ မဟာနာယက ဆရာတော်ဘုရားကြီး အရှင်ဉာဏ

ဝံသသည် သက္ကရာဇ် ၁၃၃၄-ခုနှစ် တန်ခူးလဆုတ်၇-ရက်နေ့ သက်တော် ၇၇၊ သိက္ခာတော်၅၇-ဝါ အရတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

သန္ဒေဇာတိ တဖန်ငြိ၍ တြိဘုံသူ အဆူဆူလျှင် လူလူနတ်နတ် အရပ်ရပ်တည့် မတ်မတ်မားမား ဖြစ်ပြန်ငြားသော် သုံးပါးအရွယ် စ,လယ် အဆုံး ရှိမြဲသုံးဖြင့် နှလုံးစဉ်စီ သန္ဒေချိက နာရီစဉ်သင့် အဆင့်ဆင့်လျှင် ရင့်မြဲရော်မြဲ တသဲသဲတည့် မစဲနေ့ညဉ့် တရွရွလျှင် ခဏသန္တတိ အင်္ဂဇရာ နှစ်ဖြာလောင်မီး ရှိန်ရှိန်ညီး၍ အကြီးအငယ် အရွယ်ခြားနား အစားစားလျှင် အသွားထွင်ထွင် မစဲနိုင်၏ လေးအင်သေမှု တခုခုလည်း ဗဟုအန္တရာယ် အသွယ်သွယ်နှင့် နှိုးနွှယ်ရုံးစည်း တလုံးတည်းလျှင် ကြီးကြီးငယ်ငယ် အရွယ်မထောက် အချိန်ရောက်က ချုပ်ပျောက်ခန္ဓာ မငြင်းသာသည် ဇရာမရဏ စွမ်းရည်တည်း။[၁]

## မဟာကလျာဏီ ကျောင်းတိုက်ကြီး၏ သတ္တမ မဟာနာယက ဆရာတော် အရညဝါသီ ရွှေကျင်နိကာယ နာယက အရှင်ဇာနေယျ မဟာထေရ်

ဆရာတော် အရှင်ဇာနေယျ မဟာထေရ်သည် အရှင်ဝဏ္ဏမှ မဟာကလျာဏီ ကျောင်းတိုက်ကြီး၏ ပဉ္စမမြောက် မဟာနာယက ဆရာတော် ဖြစ်တော်မူသည်။ ဆရာတော် အရှင်ဇာနေယျသည် ထူးခြားသော ဝီရိယနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်မြတ် ဖြစ်သည့်ပြင် ဥည်းခံခြင်း၊ စိတ်နေစိတ်ထား မြင့်မြတ်ခြင်း၊ သဘောထား ပြည့်ဝခြင်း စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသည့် ပုဂ္ဂိုလ်မြတ်ဖြစ်ရာ မဟာကလျာဏီကျောင်းတိုက်ကြီး၏ မဟာနာယကအရာ ထိုက်တန် တော်လျော် လှပေသည်။

---

၁။ လယ်တီဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ်အကျဉ်း။ ဇာတိပစ္စယာ ဇရာမရဏ ကောဒသမ ဆောင်ပုဒ်။

## ဖွားမြင်တော်မူခြင်း၊ ကျောင်းနေပညာသင်ခြင်း

လှည်းကူးမြို့နယ် ဝါးနက်ချောင်းရွာ အရှေ့ဘက် ၁၀-မိုင်ကွာ ပျဉ်းမတောကျေးရွာ၌ အဖဦးဖိုးမြ အမိ ဒေါ်ဝယ်တို့မှ သက္ကရာဇ် ၁၂၇၃-ခုနှစ်တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် သူငယ်တို့ သင်အပ် သင်သင့် သင်ထိုက်သော သင်ပုန်းကြီး မင်္ဂလသုတ် အတွင်း အောင်ခြင်း အပြင်အောင်ခြင်း ပရိတ်ကြီး စသည်တို့ကို သင်ယူတော်မူခဲ့သည်။

## သာမဏေဝတ်၊ သာသနာ့ဝန် ထမ်းဆောင်

သာမဏေအရွယ်တွင် ပဲခူးမြို့ မဟာကလျာဏီ ကျောင်းတိုက်ကြီးသို့ ရောက်၍ မဟာကလျာဏီ ဆရာတော်ဘုရားကြီး အရှင်စန္ဒိမာ မဟာထေရ်ထံဝယ် သာဝတ္ထိအဖွဲ့ နှစ်ဆယ့်လေးသွယ် စလွယ်တော် သိုင်းခြုံ မဟာသရဏဂုံနှင့်တကွ ဆယ်ပုံသီလ နိစ္စမြဲထွေ သာမဏေဘုံသို့ ရောက်တော်မူသည်။ ဘွဲ့တော် ရှင်ဇာနေယျဖြစ်သည်။

## ရဟန်းဘဝ ဒုလ္လဘသို့ ရောက်တော်မူခြင်း

သက်တော်-၂၀ ပြည့်ဖိုးကြွယ်ရာ သက္ကရာဇ် ၁၂၉၅-ခုနှစ် တပို့တွဲလဆန်း ၆-ရက် စနေနေ့နံနက် ၁၀-နာရီ ၁၀-မိနစ်အချိန်တွင် ပဲခူးမြို့ မဟာကလျာဏီသိမ်တော်ကြီး၌ မဟာကလျာဏီဆရာတော် ဘုရားကြီး အရှင်စန္ဒိမာ မဟာထေရ်ကို ဉပဇ္ဈာယ်ပြု၍ ကာရကသံဃာတော် ၂၁-ပါးတို့ ချီးမြှောက်မှုဖြင့် ရဟန်းဘဝ ဒုလ္လဘကို ရတော်မူသည်။

## ကမ္မဝါစာ ဆရာတော်များ

ဆရာတော် အရှင်ဇာနေယျ ရဟန်းခံစဉ်က—
ဝိတိုရိယဆရာတော် အရှင်ဉာဏဝံသက ပဌမအကြိမ် ကမ္မဝါ စာရွတ်ဖတ်တော်မူ၍လည်းကောင်း၊ မဟာစေတီဆရာတော် အရှင်ဂန္ဓမာ၊ကလျာဏီ

ဆရာတော် အရှင်စန္ဒိမာ၊ ကလျာဏီကျောင်းတိုက် အရှင်သာကေတတို့က ဒုတိယအကြိမ် ကမ္မဝါစာ ရွတ်ဖတ်တော်မူကြ၍ လည်းကောင်း၊ သိမ်ဦးကျောင်းဆရာတော် အရှင်ဓမ္မသာရ၊ ကလျာဏီကျောင်းတိုက်နေ အရှင်ကုသလ၊ ကလျာဏီကျောင်းတိုက် တိုက်အုပ်ဆရာတော် အရှင်ပဏ္ဍုဝံသ- တို့က တတိယအကြိမ် ကမ္မဝါစာ ရွတ်ဖတ်တော်မူကြ၍လည်းကောင်း ချီးမြှောက်တော်မူကြသည်။

## ၉ - ကြိမ်တိုင် သိမ်ထပ်ရဟန်းခံခဲ့

ဆရာတော် အရှင်ဇာနေယျသည် လွန်စွာမှ ဘုန်းကံပါရမီ ကြီးမား ထူးခြားသည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။ ပဌမအကြိမ် ဦးရွှေနိုင်၊ ဒေါ်ကွယ်တို့၏ ပရိက္ခာရဒါန ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဒုတိယအကြိမ် ဒေါ်ပေကျင် မိသားစု၊ တတိယ အကြိမ် သီလရှင်ဒေါ်ကေသီ၊ စတုတ္ထအကြိမ် ဇောင်းတူသီလရှင်ကြီး ဒေါ်ဉာဏစာရီ၊ ပဉ္စမအကြိမ် ဦးတင်မြင့် ဒေါ်ခင်တင့်၊ ဆဋ္ဌမအကြိမ် ပဲခူးမြို့ ဂဠုန်ဆေးလိပ်ရုံပိုင်ရှင် ဦးသာခင် ဒေါ်လှတင်၊ သတ္တမအကြိမ် ညောင်ဝိုင်း ၁၄-လမ်း ဒေါ်ကျင်မြိုင်၊ အဋ္ဌမအကြိမ် မဇင်း-ခ ပိတောက်မြိုင်လမ်း ဒေါ်အေးရင် မိသားစု၊ နဝမအကြိမ် မဇင်း-က သင်ဖြူးတန်း ဦးရွှေထွန်း ဒေါ်သိန်းတင်မိသားစုတို့၏ အသီးသီး ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ကြသဖြင့် ပုနဉပသမ္ပဒါ အကြိမ်ကြိမ် ပြုတော်မူခဲ့သည်။

## ပညာသင်ကြားတော်မူခြင်း


မဟာကလျာဏီဆရာတော်လောင်းလျာ ရဟန်းတော် အရှင်ဇာနေယျသည် ရဟန်းဖြစ်ပြီးနောက်—

> တသ္မာ အက္ခရကောသလ္လံ၊ သမ္ပာဒေယျ ဟိတတ္ထိကော။
> ဥပဇ္ဈံ ဂရုံ သမ္မာ၊ ဥဋ္ဌာနာဒီဟိ ပဉ္စဟိ။

တသ္မာ၊ ထိုသို့ ပုဒ်ပါဠိအက္ခရာ ပျက်ယွင်းလျှင် အနက်အဓိပ္ပါယ် သိဖို့ရန် ခဲယဉ်းသည်၏ အဖြစ်ကြောင့်။ ဟိတတ္ထိကော၊ မိမိအစီးအပွား



အရည္ဝါသီ ရွှေကျင်နိကာယ နာယက
မဟာကလျာဏီကျောင်းတိုက်ကြီး၏ သတ္တမမြောက် ဆရာတော်
အရှင်ဇာနေယျ မဟာထေရ်



မန္တလေးမြို့ အနောက်ပြင် စိန်ပန်းရပ်ရှိ ဝိဇ္ဇာလင်္ကာရ တိုက်ကျောင်းကြီးပုံ
မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ သတ္တမမြောက် ဆရာတော်
အရှင်ဇာနေယျ မဟာထေရ်သည် အထက်ပါ
ကျောင်းကြီးတည်ရှိရာ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်ကြီး၏
နာယကအဖွဲ့တွင် ပဓာန နာယကဖြစ်တော်မူသည်။

ကို အလိုရှိသော တပည့်သည်။ ဥဋ္ဌာန ဒီပဟိ၊ ဆရာသမားကြွလာသည်ကို မြင်လျှင် နေရာမှ ထခြင်းအစရှိကုန်သော။ ပဋ္ဌဟိ၊ ကျင့်ဝတ်တရား ငါးပါးတို့ဖြင့်။ သမ္မာ ဥပဋ္ဌဟံ၊ ကောင်းစွာပြုစုလုပ်ကျွေးလျက်။ အက္ခရကောသလ္လံ၊ အက္ခရကောသလ္လဉာဏ်ကို။ သမ္ပာဒေယျ၊ ပြည့်စုံစေရာ၏-ဟူသည်နှင့်အညီ ပုဒ်နေ ပုဒ်ထား ပုဒ်သွား ပုဒ်လာတို့၌ လိမ္မာရန်နှင့် အဘိဓမ္မာ ပိဋကတ်၏ အခြေခံရရှိရန် ကလျာဏီကျောင်းတိုက် ဂဏဝါစက စာချဆရာတော်[၂] အရှင်ဥက္ကံသထံ ကစ္စည်းသဒ္ဒါကြီး၊ ပဒရူပသိဒ္ဓိ၊ သင်္ဂဟ စသည့် ကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။

ဘဒန္တဥက္ကံသဿာပိ၊ ဥက္ကံသဉာဏ်ကော ဝိဒွါ။
ကစ္စာယနပဒရူပ-သိဒ္ဓါဒိံ သိက္ခနံ အကာ။

## ကလျာဏီစာချ အရှင်ပဏ္ဍဝံသထံကျမ်းစာတချို့သင်ယူ

မဟာကလျာဏီကျောင်းကြီး၌ ဂဏဝါစက စာချဆရာတော် အရှင်ပဏ္ဍဝံသသည် တပည့်တပန်း ရဟန်းသာမဏေတို့ကို စာပေချပို့၍ ပရိယတ္တိသာသနာတော် ဟူသော ကန့်ပေါင် ကန်သင်းကို ပိုင်ပိုင်မိမိ ဆည်ဖို့တော်မူသည်။ ဆရာတော်လောင်းလျာ အရှင်ဇာနေယျသည် ဖော်ပြပါ မဟာကလျာဏီ စာချ ဂဏဝါစက အရှင်ပဏ္ဍဝံသထံ ဋီကာကျော်၊ ပဒရူပသိဒ္ဓိ၊ ကင်္ခါဝိတရဏီ အဋ္ဌကထာကျမ်းတို့ကိုလည်း ကြိုးပမ်းအားသစ် သင်ယူဆည်းပူးတော်မူခဲ့လေသည်။

သန္တိကေ ပဏ္ဍဝံသဿ၊ ပဏ္ဍဝံသာနုရက္ခကော။
သိက္ခိတဗ္ဗေ သော သိက္ခိတွာ၊ ဝိဒွါ ပဏ္ဍိတဇာတိကော။

---

၁။ ကဝိဒပ္ပဏနီတိ ၆၆-ဂါထာ။

၂။ နောက်တွင် ဇောင်းတူ၌ ကျောင်းထိုင်သဖြင့် ဇောင်းတူဆရာတော်ဟု တွင်သည်။

## ကျောက်တန်း မဟာဗောဓိ စာသင်တိုက်

ပဲခူးခရိုင် ကျောက်တန်းမြို့၌ မဟာဗောဓိ စာသင်တိုက်ဟူ၍ ကျော်စောသော စာသင်တိုက်ကြီးတည်ရှိသည်။ ဖော်ပြပါ မဟာဗောဓိ စာသင်တိုက်သည် စာသင်သားများစွာတို့ ခိုမှီး ပညာသင်ကြားရာ ဖြစ်သည့် ပဋိပတ် အရာ၌လည်း ကျော်စောကိတ္တိ ရှိလှသော ၁၂၂၇-ခုနှစ်ဖွား ၁၃၀၇-ခုနှစ် ပျံလွန် ဆရာတော်ဘုရားကြီး အရှင်ကေလာသ လက်ထက်က မဟာဗောဓိကျောင်း၌ သံဃာတော် ၁၀၀-ကျော်တို့ သီတင်းသုံး၍ ပညာသင်ကြားတော်မူသည်။ နာမည်ကျော် ကစ္စာယန-ဂုဠ္ဌတ္ထဒီပနီ၊ အဘိဓမ္မဂုဠ္ဌတ္ထဒီပနီ စသည့် ကျမ်းဂန်တို့ကို ပြုစီရင်ခဲ့သော "မေဓာဝံသာဘိပရိယတ္တိ သာသနဟိတဓမ္မာစရိယ" ဘွဲ့တံဆိပ်ရ အရှင်မေဓာဝီ(ဆရာဆိုင်)သည် ဖော်ပြပါ မဟာဗောဓိတိုက်ထွက် ဖြစ်သည်။

ကျောက်တန်းပုရေ မဟာဗောဓိ-ဝိချာတော အာလယော ဟိ ခေါ။
ပသိဒ္ဓေါ'နေကသောတူဟိ၊ ဝါစကေဟိ ဗဟူဟိပိ။

## အရှင်ဇာနေယျ ကျောက်တန်း မဟာဗောဓိတိုက်၌ ပညာသင်

ဆရာတော်လောင်းလျာ ရဟန်းတော် အရှင်ဇာနေယျသည် တချိန်တွင် တိုက်ကြီး ဦးစီး ဦးကိုး ပြုလုပ် အုပ်ချုပ်၍ သာသနာပြုရမည် ဖြစ်ရာ အတတ်ပညာ စုံလင်စွာတတ်မြောက်ရန် ရည်သန်တော်မူ၍ ဖော်ပြပါ ပဲခူးခရိုင် ကျောက်တန်းမြို့ မဟာဗောဓိ စာသင်တိုက်သို့လည်း ကြွရောက် ၁-ဝါ သီတင်းသုံးတော်မူ၍ ဂဏဝါစက ဆရာတော် အရှင်ကုမာရထံ၌လည်း ဂန္ထန္တရ အဝဝကို သင်ယူတော်မူခဲ့သည်။ နောက်တွင် စာချဆရာတော် အရှင်ကုမာရကို ပဲခူး ကလျာဏီတိုက်သို့ ပင့်လာခဲ့ပြီး ဆက်လက်၍ ပညာသင်ယူတော်မူခဲ့လေသည်။

သန္တိကေ ကုမာရဿာပိ၊ သုကုမာရဘူတော သုဓီ။
ဥဂ္ဂဏှိ ဗဟုလေ ဂန္ထေ၊ ဂန္ထေသု လဂ္ဂမာနသော။

ၡင်းနောက် ကြို့ပင်ကောက်မြို့၌ သီတင်းသုံးတော်မူသော ကလျာဏီ ဆရာတော်ဘုရားကြီး အရှင်စန္ဒိမာ မဟာထေရ်၏ တပည့် ရှုပသိဒ္ဓိ အာဂုံ

ဆောင် စာချဆရာတော် ဦးအရိယဂံသ ထံ၌လည်း ကျမ်းစာအရပ်ရပ်ကို သင်ယူတော်မူခဲ့လေသည်။

## ဝိနည်းငါးကျမ်း၊ ၎င်းပါဠိ အဋ္ဌကထာ ဋီကာများ

ဝိနည်းသည် သာသနာတော်၏ အသက် သွေးခဲဖြစ်သည်။ သာသနဒ္ဓ စန်ထမ်း ရဟန်းသာမဏေတို့၏ ထူးမြတ်သော ဥပဒေတော်ကြီးလည်း ဖြစ်သည်။ ယင်းဝိနည်း ပိဋကမှာ ပါရာဇိကဏ်၊ ပါစိတ်၊ မဟာဝါ၊ စူဠဝါ၊ ပရိဝါအားဖြင့် ကျမ်းကြီး ၅-ကျမ်းရှိသည်။ စာမျက်နှာအနေ နှင့် တွက်လျှင် ၁၉၀၀-ရှိသည်။ တကယ်တော့ ဝိနည်း ၅-ကျမ်း သည် ဥပဒေအားလုံးတို့တွင် အကောင်းဆုံး အသိမ်အမွေ့ အနက်နဲဆုံး ထိပ်တန်းအကျဆုံး ဥပဒေတော်ကြီးဖြစ်သည်။ ယင်းဝိနည်း ဥပဒေတော် ကြီး ၅-တွဲကို ဖွင့်ဆိုသည့် အဖွင့်ကျမ်း (အဋ္ဌကထာကျမ်း) များမှာ လည်း ၄-တွဲရှိသည်။ တဖန် ၎င်းအဖွင့်ကျမ်း (အဋ္ဌကထာကျမ်း) ၄-အုပ်ကို ဖွင့်ဆိုသည့် ဋီကာကျမ်းများမှာလည်း ဝဇီရဗုဒ္ဓိ ဋီကာကြီး ၁-တွဲ၊ သာရတ္ထဒီပနီ ဋီကာကျမ်းကြီး ၃-တွဲ၊ဝိမတိဝိနောဒနီ ဋီကာကြီး ၂-တွဲ ရှိပြန်ရာ ယင်းမူရင်း ဝိနည်းပါဠိတော် ဥပဒေတော် ကျမ်းကြီး များနှင့် အဖွင့်ကျမ်း (အဋ္ဌကထာကျမ်း) ထပ်ဆင့်အဖွင့်ကျမ်း (ဋီကာ ကျမ်း)တို့ကို ကျေကျေညက်ညက် နိုင်နိုင်နင်းနင်း တတ်မြောက် ကျွမ်း ကျင်ရန်မှာ ပါရမီရှိသူ၊ ဉာဏ်ရှိသူတို့၏ အရာသာဖြစ်သည်။

## အရှင်ဇာနေယျ ဝိနည်း ၅-ကျမ်းကို ဆိုဝါဖြင့်သင်ယူ

ရဟန်းတော် အရှင်ဇာနေယျသည် ကြို့ပင်ကောက်မြို့မှ ပြန်ကြွတော် မူသာပြီးနောက် ကျေးဇူးရှင် မဟာကလျာဏီ ဆရာတော်ဘုရားကြီး အရှင်စန္ဒိမာ မဟာထေရ်ထံတွင် ပါရာဇိကဏ်၊ ပါစိတ်၊ မဟာဝါ၊ စူဠဝါ၊ ပရိဝါ ဟူသော ဝိနည်း ၅-ကျမ်းများကို ဆိုဝါဖြင့် သင်ယူ တော်မူခဲ့လေသည်။

စန္ဒိမာထေရသေဋ္ဌာ၊ သန္တိကေ ဇာနေယျော ယတိ။
ဝိနယံ ပေဋကံ သော ဟိ၊ သမ္မာ ဥဂ္ဂဏှိ ကရိ။

## မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသ

မန္တလေးမြို့ အနောက်ပြင် စိန်ပန်းရပ်၌ ဝိဇ္ဇာလင်္ကာရကျောင်းတိုက် ရှိသည်။ ယင်းကျောင်းတိုက်ကား သရက်ပင်၊ အုန်းပင်၊ လိုက်ချီး (လေချူ၊ တရုတ်ဆီး)ပင်၊ ကံ့ကော်ပင် စသည်တို့နှင့်လည်းကောင်း၊ ချိုအေးသော ရေတို့နှင့်လည်းကောင်း ပြည့်စုံ လုံလောက်သဖြင့် အေးအေးချမ်းချမ်း စာကျက်ရန် စာလိုက်ရန် သင့်လျော်သည်။ ကျမ်းဂန်တတ် ဆရာတော်များ အဆက်ဆက် သီတင်းသုံးရာလည်း ဖြစ်သည်။ ဖော်ပြပါ ကျောင်းတိုက်ကို စတင် တည်ထောင်တော်မူသော ဆရာတော်သည် ပဋ္ဌမကျော်ဘွဲ့ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဘွဲ့တံဆိပ်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်တို့ကို အလှူခံ ရရှိတော်မူသည်။လက်စွဲ အကိုခေန်ကျမ်းပြု ဆဋ္ဌသံဂါယနာ အကျိုးတော်ဆောင် အရှင်ဝိသုဒ္ဓါ-ဘိဝံသ ဖြစ်တော်မူသည်။ ကျောင်းတိုက်တည်စတွင် ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသမှာ သက်တော်ငယ်နေသဖြင့် လလိတဝိတ္ထာရ မြန်မာပြန်ကျမ်းပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင် သုန္ဒရာဘိဝံသကို ပင့်၍ သီတင်းသုံးစေတော်မူခဲ့သည်။[၁]

### ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသထံ ပညာသင်

ရဟန်းတော် အရှင်ဇာနေယျသည် ရဟန်းသိက္ခာ ၄-ဝါအရတွင် ဖော်ပြပါ မန္တလေးမြို့ အနောက်ပြင် စိန်ပန်းရပ် ဝိဇ္ဇာလင်္ကာရ ကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ ဖော်ပြပါ ပဋ္ဌမကျော်၊ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆဋ္ဌသံဂါယနာ အကျိုးတော်ဆောင် ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသ ထံ၌လည်း—

"သောတုပင်း၊ မှတ်ကုန်လျင်းလော့။ မူရင်းအစ၊ ပါဠိရ အနက်၊ ပုဒ်စပ်ဖက်ကာ၊ သမာသာဒိ၊ ခွဲခြမ်းဘိ၍၊ ဋီကာတတ္ထ၊

---

[၁] မန္တလေးသာသနာဝင် ဝိဇ္ဇာလင်္ကာရ သာသနာဝင်ကြည့်။

ယုတ္တိပြလျက်၊ သိကြတဖြာ၊ ထိုးထွင်းပါ၍၊ ဆရာစဉ်ဆက်၊
ဆုံးဖြတ်ချက်ကို၊ နှုတ်တက်မကျန်၊ ဧကန်သိလည်း၊ နှိုက်ဘိ
အာဘော်၊ သိသော်မှသာ၊ ကျမ်းတတ်ရာသည်၊ မှန်စွာမုချ
မလွဲတည်း' ၁—

ဟူသည်နှင့်အညီ အနက်ထင်အောင် လေ့လာခြင်း၊ ပုဒ်အပေါ်ပုဒ်ဟတ်ကို သိအောင် ကြိုးပမ်းခြင်း၊ သမာသ်ပုဒ်၊ တဒ္ဓိတ်ပုဒ် စသည် ခွဲဝေခြင်း၊ အလိုရှိအပ်သော အဓိပ္ပါယ်ကို ဖော်ခြင်း၊ ယုတ္တိယုတ္တာဆောင်ခြင်း၊ ဆရာစဉ်ဆက် ဖြတ်ထုံးကို နားလည်အောင် အားသစ်ခြင်း၊ ကျမ်းဆရာ့ အာဘော်သိအောင် သင်ယူခြင်း စသည့် မန္တလေးစာချနည်းကိုလည်း လေ့လာဆည်းပူး သင်ယူတော်မူခဲ့လေသည်။

သန္တိကေ ဝိသုဒ္ဓာယာပိ၊ ဝိသုဒ္ဓဇာတိကော သုဓီ။
သုခိတ္တံ သော ဟိ ပတ္တေတွာ၊ ဝီရဝါ သိက္ခနံ ကရိ။

## ဝိသုဒ္ဓါရုံစည်ရှင်ဆရာတော်
## အဂ္ဂမဟာပဏ္ဍိတ အရှင်ကောသလ္လာဘိဝံသ

မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက် စည်ရှင်ကျောင်း၌ သီတင်းသုံးတော်မူသော စည်ရှင်ဆရာတော်ဘုရားကြီး အရှင်ကောသလ္လသည် စာချမှု ကျမ်းပြုမှု၌ လွန်စွာ ကျွမ်းကျင်လိမ္မာတော်မူသည်။

ကစ္စာယနသာရနိဿယ၊ သဒ္ဒတ္ထဘေဒစိန္တာနိဿယ၊ အလင်္ကာနိဿယ၊ သင်္ဂြိုဟ်နိဿယ၊ မဟာရူပသိဒ္ဓိနိဿယ၊ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ဋီကာ၊ ဝိသုဒ္ဓါရုံ ပိဋကတ်အဘိဓာန် စသည်တို့ကိုလည်း ပြုစီရင်တော်မူခဲ့သည်။ ၁၃၀၁-ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ ဆရာတော်သည် ၁၂၅၀-ပြည့် ဒုတိယဝါဆိုလဆုတ် ၂-ရက်နေ့တွင် ဖွားမြင်တော်မူ၍ ၁၃၁၁-ခုနှစ် နတ်တော်လဆန်း ၁၀-ရက်နေ့တွင် ပျံလွန်တော်မူသည်။

---

၁။ မန္တလေးသာသနာဝင်-၁။ ၄၃၈-ကြည့်။

## ဆရာတော်အရှင်ကောသလ္လာဘိဝံသထံ ပညာသင်

ဆရာတော် အရှင်ဇာနေယျသည် ဖေပြော်ပါ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရစည်ရှင်ဆရာတော် အရှင်ကောသလ္လာဘိဝံသထံ၌လည်း ဝါကျကိုင်တွယ်ပုံ၊ ပဒဝိနိစ္ဆယချပုံ စသည့် စာပေနည်းမျိုးစုံကို သင်ယူတော်မူခဲ့လေသည်။

**သန္တိကေ ကောသလ္လဿာပိ၊ ကောသလ္လံ ဣစ္ဆန္တော ဟိ ဝေ။**
**နာနာဉာဏေ သမုဂ္ဂဏှိ၊ ဝီရိယဝါ သုဇာတိမာ။**

## အခြားပညာရှင်များထံ သင်ယူခြင်း

ရင်းပြင် ဝိသုဒ္ဓါရုံတော်ဆင့်ကျောင်း ဆရာတော် အရှင်ဝါသဝါဘိဝံသ၊ မဟာဝေယန်ဘုံသာတိုက် ဆရာတော် အရှင်ကလျာဏ၊ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး အရှင်ဝိသုဒ္ဓါဘိဝံသ၊ မစိုးရိမ်တိုက် စာချဆရာတော် အရှင်ဝိစိတ္တာဘိဝံသ၊ အဘယာရာမတိုက် စာချဆရာတော် အရှင်ပဒုမ၊ ဝိဇ္ဇာလင်္ကာရတိုက် စာချဆရာတော် အရှင်ပုည တို့၏ အထံ၌လည်း ကျမ်းစာမျိုးစုံကို သင်ယူတော်မူခဲ့သေးသည်။

## တောင်မြို့ အဘိဓမ္မာညဝါအကျော် ဆရာတော် အရှင်ဥက္ကံသ

တောင်မြို့ (အမရပူရမြို့) မင်္ဂလာတိုက်သစ်ဆရာတော် အရှင်ဥက္ကံသသည် အမရပူရမြို့ ဆားချက်ရပ်၌ သက္ကရာဇ် ၁၂၄၆-ခုနှစ်တွင် ဖွားမြင်တော်မူသည်။ တောင်မြို့ အဘိဓမ္မာညဝါချနည်းကို အလွန်လျှင် နိုင်နင်းသည့် ဆရာတော် ဖြစ်တော်မူသည်။ မင်္ဂလာတိုက်သစ်၌ မာတိကာဓာတုကထာယမိုက်ပဋ္ဌာန်းညဝါကျမ်းများကို ချပို့၍ တောင်မြို့နည်း အဘိဓမ္မာညဝါ သာသနာကို ထိန်းတော်မူခဲ့လေသည်။ သက်တော် ၇၆-နှစ် ဝါတော် ၅၇-ဝါ ရရှိရာ သက္ကရာဇ် ၁၃၄၁-ခုနှစ် ဝါခေါင်လပြည့်ကျော် ၈-ရက်နေ့ ညနေ ၃-နာရီအချိန်တွင် ပျံလွန်တော်မူသည်။

## ဆရာတော် အရှင်ဥက္ကံသထံ ပညာသင်

ကလျာဏီဆရာတော်လောင်းလျာရဟန်းတော် အရှင်ဇာနေယျသည် ဖော်ပြပါ အဘိဓမ္မာ ညဝါပါရဂူ တောင်မြို့ (အမရပူရမြို့) မင်္ဂလာ တိုက်သစ်ဆရာတော် အရှင်ဥက္ကံသ အထံ၌သည်း အဘိဓမ္မာညဝါကျမ်း များကို သင်ယူတော်မူခဲ့လေသည်။

သန္တိကေ ဥက္ကံသဿာပိ၊ အဘိဓမ္မသုဝိညုနော။
အဘိဓမ္မေဝိညုတံ သော ဟိ၊ ဝေတ္တေတွာ ဥဂ္ဂဏှိ ဟိ ခေါ။

## မဇ္ဈိမဒေသသို့ ဘုရားဖူးကြွတော်မူခြင်း

ဆရာတော် အရှင်ဇာနေယျသည် သက္ကရာဇ် ၁၃၁၂-ခုနှစ် တပို့တွဲ လတွင် ပဲခူးမြို့ ဒက္ခိဏာသာခါ ဆရာတော် အရှင်ကာဝိဇ၊ မဟာကလျာဏီ ဆရာတော် အရှင်ဉာဏဝံသ မင်းရွာဆရာတော်ဘုရားကြီး စသည်တို့နှင့် အတူ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာ၊ သာဝတ္ထိ၊ ရာဇဂြိုဟ်၊ ဗာရာဏသီ၊ ကုသိနာရုံ၊ လုမ္ဗိနီဥယျာဉ် စသည့် ဒေသရှိ ပူဇနီယ၊ သံဝေဇနီယဌာနများကို ကြည်ညိုဖူးမြော် သံဝေဂ ယူတော်မူခဲ့လေသည်။

ဂန္တွာ မဇ္ဈိမဒေသမှိ၊ မဇ္ဈိမမဂ္ဂကော သုဓီ။
ပူဇနီယေ ပူဇယိတွာ၊ ပုညံ အနပ္ပကံ ကရိ။

## ဒုတိယအကြိမ် မဇ္ဈိမဒေသ ဘုရားဖူးကြွတော်မူခြင်း

တဖန် သက္ကရာဇ် ၁၃၁၈-ခုနှစ် တန်ဆောင်မုန်းလတွင်လည်း မန္တလေး မြို့ အဂ္ဂမဟာပဏ္ဍိတ ဝိစိတ္တာလင်္ကာရ ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသ၊ ဒါးပိန်မြို့ အဂ္ဂမဟာပဏ္ဍိတ ဇီးဖြူကုန်းကျောင်းတိုက် ဆရာတော်၊ ပဲခူးမြို့ အဂ္ဂမဟာပဏ္ဍိတ ရိပ်သာဆရာတော် အရှင်ဉာဏုတ္တရတို့နှင့်အတူ မဇ္ဈိမ ဒေသသို့ ဒုတိယအကြိမ် ဘုရားဖူးကြွတော်မူသည်။

## တင့်တယ် ရှမ်းစို ကျွန်းသီဟိုဠ်

သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)သည် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ အလျားမိုင် ၂၇၀-နှင့် အနံမိုင် ၁၄၀ အကျယ်ရှိသော ကျွန်းတကျွန်း

ဖြစ်သည်။ တောတန်း တောင်စွယ် အသီးသီးတို့ဖြင့် ရှုမငြီးသည့် ကျွန်းဖြစ်သည်။ အပြိုင်အဆိုင် ဘယ်ညာ ယိမ်းနွဲ့ကာ မြင့်တက် လှုပနေသော အုန်းပင်၊ ပိန္နဲပင်၊ ပေါင်ပင်၊ ကွမ်းသီးပင်၊ ရာဘာပင် စသည်တို့ဖြင့် သီဟိုဠ်ကျွန်းသည် တင့်တယ်ရွှမ်းစိုလှလေသည်။ ရာသီဥတုအလွန်ကောင်းသည်။ မပူမအေး နေလို့ အလွန်ကောင်းသည်။ ဒီပဝံသကျမ်း၌ သီဟိုဠ်ကျွန်း၏ ရာသီဥတုကောင်းပုံ၊ သာယာဝပြော အစာပေါပုံ၊ ရတနာ အမျိုးမျိုးတို့ တည်ရှိပုံ စသည်ကို—

> သုဒေသံ ဥတုသမ္ပန္နံ၊ သုဘိက္ခံ ရတနာကရံ။
> ပုဗ္ဗဗုဒ္ဓမနုစိဏ္ဏံ၊ အရိယဂဏသေဝိတံ[၁]—

ဟူသော ဂါထာဖြင့် ဖော်ပြခဲ့သည်။ ၎င်းပြင် ဗုဒ္ဓဘာသာဝင်တို့၏ နတ်ပြည်ဆိပ်ဦး နိဗ္ဗာန်ဆိပ်ဦး ဖြစ်သည့် ကျောင်းကန်ဘုရား စေတီပုထိုးတို့လည်း လွန်စွာ ပေါများရာ ဗုဒ္ဓသာသနာကို သဒ္ဓါရွှမ်းစို ကြည်ညိုကြသည့် အမျိုးသား အမျိုးသမီးတို့၏ စိတ်နှလုံး ရွှင်ပြုံးကြည်နူး ပြည့်ပြုံး တိုးပွားစေနိုင်သည်။

## သီဟိုဠ်ကျွန်းသို့ကြွရောက် ဘုရားပုထိုးဖူးမြော်

ဆရာတော် အရှင်ဇာနေယျသည် ဖော်ပြပါ ကောင်းခြင်းဂုဏ်နှင့် ကုန်လုံလောက်ငပြည့်ဝသည့် လင်္ကာဒီပ သီဟဠနှင့် တမ္ဗပဏ္ဏိ အစရှိသည့် အမည်နာမတို့ဖြင့်လည်း ထင်ရှားသည့် သီဟိုဠ်ကျွန်းသို့ ၁၃၁၈-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၅-ရက်နေ့တွင် ရောက်ရှိတော်မူသည်။ သီဟိုဠ်ကျွန်း ကိုလံဘိုမြို့ ဒီမတဂေါဒလမ်းရှိ မဟာဝိသုဒ္ဓါရာမကျောင်းတိုက်၌ တည်းခို၍ သီဟိုဠ်ကျွန်း အနယ်နယ် အစိုစို အမြို့မြို့ အရွာရွာရှိ စေတီပုထိုးများကို ရှိခိုးပူဇော် ဖူးမြော်တော်မူခဲ့လေသည်။

---

၁။ ဒီပဝံသ၊ ၁၊ ၁၈။

## ကိုလံဘိုမြို့ပေါ်ရှိ ဘုရားများဖူးမြော်

သီဟိုဠ်ကျွန်းသို့ ရောက်ပြီး နောက်တနေ့တွင် ကိုလံဘိုမြို့ပေါ်ရှိ (၁) **အသောကာရာမ** ဘုရားကျောင်းတော် (၂) ဣသိပတနရာမ ဘုရားကျောင်းတော် (၃) သုဘဒ္ဒါရာမ ဘုရားကျောင်းတော် (၄) ဂင်္ဂါရာမ ဘုရားကျောင်းတော်များတို့ကို သွားရောက်ဖူးမြော်တော်မူခဲ့လေသည်။

အသောကာရာမသညိတ–သမ္ဗုဒ္ဓအာလယာဒယော။
ပသန္နမာနသော ဟုတွာ၊ ပူဇယိတ္ထ အနေကခေ။

## ကလျာဏီစေတီတော်ကြီး သွားရောက်ဖူးမြော်

တန်ဆောင်မုန်းလဆုတ် ၈–ရက်နေ့တွင် ကိုလံဘိုမြို့ အရှေ့မြောက်ဘက် ၆–မိုင်ခွဲအကွာတွင် တည်ရှိသည့် ကလျာဏီမြစ်ကမ်းအနီးရှိ ကလျာဏီစေတီတော်ကြီးကို ကြွရောက် ဖူးမြော်တော်မူခဲ့လေသည်။ ဆရာတော်အရှင်ဇာနေယျသည် ကလျာဏီမြစ်ကမ်းသို့ ကြွရောက်ကြည့်ရှုပြီး "ငါတို့၏ ပဲခူးကလျာဏီကျောင်းတိုက်အတွင်းရှိ ကလျာဏီသိမ်တော်သည် ဤကလျာဏီ မြစ်နဒီလျှင် အမှန်အစ ပဘဝ ရှိပေသည်" ဟုလည်း ဆင်ခြင်စဉ်းစားတော်မူခဲ့လေသည်။

ကလျာဏီသုနဒိမ္ဟိ၊ အပေက္ခတိ သုဇာတိမာ။
ကလျာဏီသုသိမာယ၊ ဣတိဟာသမ္ဟိ စိန္တယိ။

## အနုရာဓမြို့ရှိ ဘုရားများဖူးမြော်

တန်ဆောင်မုန်းလဆုတ် ၉–ရက် ၁၀–ရက်နေ့များတွင် အခြားဆရာတော်များနှင့် အနုရာဓမြို့သို့ ကြွတော်မူ၍ အနုရာဓမြို့ရှိ ထူပါရာမစေတီ၊ မဟာစေတီ၊ အဘယဂိရိစေတီ၊ ဇေတဝနစေတီ၊ ဒက္ခိဏာသာခါ မဟာဗောဓိ (**သံဃမိတ္တာဗောဓိ**)၊ မရိစဝဋ္ဋိစေတီ၊ ဣသုရမုနိဘုရားကျောင်း၊ စေတိယ

တောင်ပေါ်ရှိ စေတီပုထိုးများ စသည်တို့ကို ဖူးမြော် ဦးချ သံဝေဂ ယူတော်မူခဲ့လေသည်။

ဂန္တွာ အနုရာဓပုရမှိ၊ ပီတိပူရသုမာနသော။
ဝန္ဒိတွာ ပူဇယိတွာန၊ ကုသလံ သဉ္စိနိ ဟိ ခေါ။

## ပုလတ္ထိမြို့မှ ကျောင်းကန်ဘုရားများ ဖူးမြော် သံဝေဂယူ

၁၃၁၈-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀-ရက်နေ့ နေ့လယ်တွင် ပုလတ္ထိမြို့သို့ ကြွရောက်၍ လတာမဏ္ဍပ၊ ဗုဒ္ဓသိမ်ပြာသာဒ်၊ လံကာတိလကဝိဟာရ ဇေတဝန်ကျောင်းတိုက်ဟောင်းကြီး၊ ပဝါလစေတီ၊ မဏိစေတီ၊ ရတနာထုပိကာစေတီ၊ ခီရိစေတီ၊ ဒမိဠစေတီ စသည်တို့ကိုလည်း ဖူးမြော် ဦးချ သံဝေဂ ယူတော်မူခဲ့လေသည်။

ပုလတ္ထိနဂရေ စာပိ၊ ဝိပုလညာဏီကော ဝိဒူ။
ဝိဟာရထူပသေဠေပိ၊ ဋကွန္ဒိ ဝန္ဒနံ အကာ။

## ဆိဂိရိယတောင် နန်းတော်ဟောင်း

ပုလတ္ထိမြို့ (ပေါလောန်နရုဝမြို့)မှ ၄၁-မိုင်ခွဲအကွာတွင် သာသနာသက္ကရာဇ် ၁၀၂၂-၁၀၄၀-နှစ်တွင် နန်းတက်သော ကဿပမင်း၏ နန်းတော်တည်ရှိရာ ဆိဂိရိယ (သီဟဂိရိ)တောင်သည် လှပဆန်းကြယ်သော ရှေးခတ် ပန်းချီများ၊ ကြည့်ရှု လေ့လာဖွယ်ရာ ကျောက်ပန်းကျောက်ရုပ်တု စသည်တို့ရှိသဖြင့် ယင်းဆိဂိရိယသို့ ပြည်တွင်း ပြည်ပ သုတေသီများစွာတို့ သွားရောက်လေ့လာရိုး ရှိကြသည်။ ယင်းတောင်ကား ပင်လယ်ရေပြင်မှ ပေပေါင်း ၁၁၈၅-ပေ မြင့်သည်ဟု သိရသည်

တောင်ခြေ၌ လှပစွာပြုလုပ်ထားသော ခြင်္သေ့ရုပ်ရှိသဖြင့် သီဟဂိရိခြင်္သေ့ တောင်ဟုခေါ်သည်။ သီဟိုဠ်ဘာသာဖြင့်မူ ဆိဂိရိယဖြစ်၏။ ကဿပမင်းသည် ဖခင် ဓာတုသေနမင်းကို ကွပ်မျက်ပြီး သီဟိုဠ်၌ မင်းပြုရာ အစ်ကိုဖြစ်သော မောဂ္ဂလ္လာန်ရန်မှကြောက်သဖြင့် အနုရာဓမြို့ ဆိဂိရိယတောင်သို့ ထွက်ပြေး၍ ရုတ်တရက်တိုက်ခိုက်ရန်ခဲယဉ်းသည့် ဤတောင်၌ ခမ်းနားလှ

သည့်နန်းတော်ကြီး တည်ဆောက်ပြီး နန်းစံခဲ့လေသည်။ သို့ရာတွင် ကြိုတင်ထင်မြင်သည့်အတိုင်း နောက်ဆုံးတွင် ညီဖြစ်သူ မောဂ္ဂလ္လာန် တိုက်ခိုက်ကွပ်မျက်မှုကြောင့် ကွယ်လွန်ခဲ့သည်။ ဖော်ပြပါ ဆိဂိရိယ(သီဟဂိရိ)နှင့်စပ်၍ မဟာဝံသကျမ်း၌—

၁။ တတော ကဿပနာမော သော၊ ပါပကော နရပါလကော။
အဿ ဂေါပဥ္စ သုဒ္ဒဥ္စ၊ ပေသယိတွာန ဘာတိကံ။

၂။ မာရာပေတုံ အသက္ကောန္တော၊ ဘီတော သီဟဂိရိံ ဂတော။
ဒုရာရောဟံ မနုဿေဟိ၊ သောဓာပေတွာ ယမန္တတော။

၃။ ပါကာရေန ပရိက္ခိပ္ပ၊ သီဟာကာရေန ကာရယိ။
တတ္ထ နိဿေဏိ ဂေဟာနိ၊ တေန တန္နာမကော အဟု။

၄။ သံဟရိတွာ ဓနံ တတ္ထ၊ နိဒဟိတွာ သုဂေါပိတံ။
အတ္တနော နိဟိတာနံ သော၊ ရက္ခံ ဒတွာ တဟိံ တဟိံ။

၅။ ကတွာ ရာဇဃရံ တတ္ထ၊ ဒဿနေယျံ ပနောရမံ။
ဒုတိယာဠကမန္ဒံဝ၊ ကုဝေရောဝ တဟိံ ဝသိ[၁]–

ဟူသော ၅-ဂါထာဖြင့် သမိုင်းတင်ခဲ့လေသည်။

## ဆရာတော် အရှင်ဇာနေယျ ဆိဂိရိယ ကြွရောက်လေ့လာ

ဆရာတော်အရှင်ဇာနေယျသည် အခြား ဆရာတော်များ၊ ဒါယကာများနှင့်အတူ ဖော်ပြပါထူးဆန်းလှသည့် ဆိဂိရိယသို့လည်း ၁၃၁၈-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၁-ရက်နေ့က ကြွရောက်ကြည့်ရှု လေ့လာတော်မူခဲ့လေသည်။ ဆရာတော် အရှင်ဇာနေယျသည် ဗဟုသုတ အဝဝကို ကြံဆစိတ်ကူး ဆည်းပူး စုဆောင်းတော်မူလေ့ရှိသည့် သုတေသီပုဂ္ဂိုလ်တဦးဖြစ်တော်မူသည်။

---

၁။ မဟာဝံသ-၃၉၊ ၁၊ ၂၊ ၃၊ ၄၊ ၅။

ဆိဂိရိဝှသုဂိရိမှိ၊ ဂိရိတုလျှော ဟိ ကောသ။
ဂန္ဓာန မဟုဿာဟေနု၊ သုတေသနံ ကရိ ဟိ ခေါ။

## ဒမ္ဗုလတောင် ဘုရားကျောင်းတော်များ

ဒမ္ဗုလတောင် ခါးပန်း၌(၁)ဒေဝရာဇဝိဟာရ(၂)မဟာရာဇဝိဟာရ(၃)ပစ္ဆိမဝိဟာရအားဖြင့် ဘုရားကျောင်းတော် ၃-ကျောင်းရှိသည်။ ယင်း ဘုရားကျောင်းတော်များ၌ လှေလားစရာ ဖူးမြော်စရာ ဆင်းတုတော်များ ရှေးပန်းချီများ စသည်တို့ အများအပြားရှိသည်။

## ဒမ္ဗုလဘုရားကျောင်းတော်များ ဖူးမြော်လှေလာ

ဆရာတော် အရှင်ဇာနေယျသည် ဖော်ပြပါ ဒမ္ဗုလတောင် ဘုရားကျောင်းများကိုလည်း ဆီဂိရိယ(သီဟဂိရိ)မှအပြန် ထိုနေ့ ၁၃၁၈-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၁-ရက်နေ့တွင် ဖူးမြော်ကြည့်ရှု လှေလာတော်မူခဲ့လေသည်။

ဒမ္ဗုလပဗ္ဗတံ သော ဟိ၊ ဂန္ဓာန ပဋိမာဒယော။
မဟတာ ဝါယာမေနေဝ၊ ဣက္ခတံ ဒသနံ အကာ။

## ပေါတ္ထကာရုဠှ သံဂါယနာတင်ရာ အာလောကလိုဏ်

ပိဋကတ်တော်များကို ပေထက်အက္ခရာတင်ရာ အာလောကလိုဏ်သည် ရှေးအခေါ် မလယဇနပုဒ် ယခုခေတ်အခေါ် မာထလေမြို့အနီး ကန္ဒီအနုရာဓသွား ကားလမ်းဘေးတွင် တည်ရှိသည်။ ကန္ဒီမြို့မှ ၁၅-မိုင် ဝေးကွာသည်ဟု သိရ၏။ ယင်း အာလောကလိုဏ်ကို သီဟိုဠ်တို့က အလုဝိဟာရဟု ခေါ်ကြသည်။ ဆိတ်ငြိမ်၍ အေးမြ စိမ်းစို နုပျိုသော သစ်ပင်များဖြင့် အလွန်လျှင် မွေ့လျော်ဖွယ် ကောင်းသည်။

---

၁။ မဟာဝံသလင်္ကာ ၁၇၃-၁၇၀-ကြည့်။

ဖိုခနောက်ဆိုင်သဖွယ် ကျောက်တောင်များ တည်ရှိလေရာ တောင် ၂-လုံးဘေးတွင် တောင်ဘက် မြောက်ဘက် လိုဏ် ၂-ခုရှိရာ မြောက်ဘက် လိုဏ်တော်သည် အာလောကလိုဏ် ဖြစ်သည်ဟု သိရသည်။

ယင်းလိုဏ်ဂူ၏အထက်၌ စတုတ္ထသံဂါယနာ (ပေထက်အက္ခရာ)တင်စဉ်က အသုံးပြုသည့် ကညစ်များ ဌာပနာထားသည့် စေတီငယ်တဆူရှိသည်။ လိုဏ်ဂူငယ်အတွင်း၌ ဝဋ္ဋဂါမဏိ မင်းကြီး၏ ကောင်းမှုတော် လျောင်းတော်မူ ဆင်းတုတော်နှင့် အခြား တင်ပလ္လင်ခွေ သမာပတ္တိမုဒ္ဒါ (ဈာနမုဒြာ) ဆင်းတုတော်များကို ကြည်ညိုဖွယ်ရာ ဖူးတွေ့နိုင်လေသည်။ စိတ်ဝင်စားစရာကောင်းသည့် ရှေးနံရံ ပန်းချီတို့ကိုလည်း တွေ့မြင်နိုင်သည်။ ယင်းလိုဏ်ဂူအနီး ဗောဓိပင်များလည်း တည်ရှိကုန်၏။

သက္ကရာဇ် ၄၅၀-ကျော်က မိုးအကြီးအကျယ် ခေါင်သဖြင့် အစာငတ်၍ သတ္တဝါများတို့ သေကျေပျက်စီးကြသည်။ တဖန် ဗြဟ္မဏတိဿ (ဗြဟ္မဏတိယ) သူပုန်ဘေးနှင့် စောဠတိုင်းသား ကျေးကုလားတို့၏ စစ်ဘေးစစ်ဒဏ်ကြောင့် ထိုစဉ်က သီဟိုဠ်သည် တိုင်းပျက်ပြည်ပျက် သဖွယ် ဖြစ်ခဲ့လေသည်။

ရဟန္တာပေါင်း ၁၂၀၀၀-ကျော်တို့ ဆွမ်းမဘုဉ်းပေးကြရသဖြင့် ပရိနိဗ္ဗာန် ပြုတော်မူကြသည်။ ရဟန္တာသခင် အရှင်မြတ် ၄၄၀-တို့သည် မိုးကောင်းသည့် အိန္ဒိယနိုင်ငံသို့ ကြွတော်မူကြ၍ သီတင်းသုံးတော်မူကြကုန်၏။ ရဟန္တာ ရဟန်း ၆၀-တို့မှာ မလယဇနပုဒ်၌ပင် သီတင်းသုံးတော်မူကြရာ ဆွမ်းမဘုဉ်းပေးကြရသဖြင့် မခံနိုင်အောင် ပူလောင်နေသော ရင်ကို အေးစိမ့်သောသဲ့ သဲများကို ရင်အောက် ခုတော်မူကြ၍ ပိဋကတ်တော်များကို စိတ်ဖြင့် မှတ်သား ဆင်ခြင်တော်မူကြကာ မကွယ်မပအောင် ထိန်းသိမ်း စောင့်ရှောက်တော်မူခဲ့ကြကုန်၏။ နောက်တွင် (မိုးကောင်းလာ၍) အိန္ဒိယမှ ပြန်ကြွလာသော ရဟန္တာ ရဟန်း ၄၄၀-တို့နှင့် မလယဇနပုဒ်၌ နေရစ်တော်မူကြသော ရဟန္တာ ၆၀- ၂-ရပ်ပေါင်း ရဟန္တာသခင် အရှင်မြတ် ၅၀၀-တို့ စုပေါင်း၍ သာသနာ သက္ကရာဇ် ၄၅၅-ခုနှစ်တွင် ဖော်ပြပါ သီဟိုဠ်ကျွန်းမှ မလယဇနပုဒ် အာလောကလိုဏ်၌ ပေထက်အက္ခရာ တင်တော်မူခဲ့ကြကုန်၏။

ထိုပေထက်အက္ခရာတင်ပြီးမှ ညီညာသံချို ရွတ်ဆိုတော်မူကြကုန်၏။ ယင်းကို ပေါတ္ထကာရုဠှသံဂါယနာဟု ခေါ်ကြကုန်၏။ ယင်း စတုတ္ထသံဂါယနာ(ပေါတ္ထကာရုဠှသံဂါယနာ)နှင့်စပ်၍ ဒီပဝံသကျမ်းနှင့် မဟာဝံသ ကျမ်းတို့၌—

ပိဋကတ္တယပါဠိံ စ၊ တဿ အဋ္ဌကထမ္ပိ စ။
မုခပါဌေန အာနေသုံ၊ ပုဗ္ဗေ ဘိက္ခူ မဟာမတီ။

ဟာနိံ ဒိသွာန သတ္တာနံ၊ တဒါ ဘိက္ခူ သမာဂတာ။
စိရဋ္ဌိတတ္ထံ ဓမ္မဿ၊ ပေါတ္ထကေသု လိခါပယုံ[၁]—

ဟူသော ၂-ဂါထာဖြင့် မှတ်တမ်းတင်ခဲ့ကြကုန်၏။

## ဆရာတော် အရှင်ဇာနေယျ စတုတ္ထသံဂါယနာတင်ရာ အာလောကလိုဏ် ကြည်ညိုလေ့လာ

ဆရာတော် အရှင်ဇာနေယျသည် ဖော်ပြပါ သာသနာ့သမိုင်းတွင် အလွန်လျှင် ထင်ရှားလှသည့် စတုတ္ထ သံဂါယနာတင်ရာ အာလောကလိုဏ်ကိုလည်း ပုလတ္ထိမြို့မှအပြန် ဆိဂိရိယ၊ ဒမ္ဗူလလိုဏ်တို့ကို ကြည့်ရှုလေ့လာ ကြည်ညို ဖူးမြော်တော်မူပြီးအပြန် ၁၃၁၇-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၁-ရက်နေ့ ၂-နာရီကျော်ကျော်တွင် ရောက်ရှိရာ လေ့လာကြည်ညို ဖူးမြော်တော်မူခဲ့လေသည်။

ဂန္တွာ အာလောကလေဏမ္ပိ၊ ဇာနေယျော ဇာတိမာ သုဓီ။
ဝန္ဒိတွာန ကတဉ္စလီ၊ ဣက္ခဏံ နိဇ္ဈာနံ ကရိ။

## ကန္ဒီမြို့ဝယ် ကိန်းဝပ်စံပယ် စွယ်တော်မြတ်

သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)ရှိ ကန္ဒီမြို့ကား ကိုလံဘိုမြို့တော်မှ ၇၅-မိုင်ခန့် ကွာလှမ်းသည့် တောတန်း တောင်စွယ်တို့ဖြင့် တင့်တယ်

---

၁။ ဒီပဝံသ၊ ၂၀၊ ၂၁။ မဟာဝံသ၊ ၃၃၊ ၁၀၂၊ ၁၀၃။

လှပသော မြို့ဖြစ်သည်။ယင်း ကန္ဒီမြို့၌ အဿဂိရိကျောင်းတိုက် မာလဝတ္တု ကျောင်းတိုက် စသည်တို့ တည်ရှိသည်။ ကျော်စောလှသည့် ပေရာဒယနီ တက္ကသိုလ်ခေါ် တက္ကသိုလ်ကြီးလည်း တည်ရှိ၏။ အထူးခြားမှာ ဘုရား ဇိနေန်္ဒ စွယ်တော်မြတ်ပင် ဖြစ်သည်။ ယင်းစွယ်တော်ကား လက်ဝဲ အောက် စွယ်တော်ဖြစ်သည်။ ကာလိင်္ဂတိုင်း၊ ဒန္တပုရမြို့မှ သီဟိုဠ်ကျွန်း သို့ သာသနာသက္ကရာဇ် ၈၄၇-ခုနှစ်တွင် နန်းတက်သော ကိတ္တိသိရိ မေဃဝဏ္ဏမင်းလက်ထက် ကိတ္တိသိရိ မေဃဝဏ္ဏမင်း နန်းစံ ၉-နှစ်မြောက် တွင် စွယ်တော် ရောက်ရှိကြောင်း မဟာဝံသကျမ်း၌—

နဝမေ တဿ ဝဿမှိ၊ ဒါဌာဓာတုံ မဟေသိနော။
ဗြာဟ္မဏီ ကာစိမာဒါယ၊ ကာလိင်္ဂမှာ ဣဓာနယိ[၁]—

ဟူသောဂါထာဖြင့် အခိုင်အမာ အသေအချာ မှတ်တမ်းတင်ခဲ့လေသည်။ သီဟိုဠ်ဘာသာရေး ဒါဌာဝံသနိဿယကျမ်း၌လည်း—

ကော ဒါဌာ တိဒသာပုရေ၊ ကော နာဂပုရေ အဟု။
ကော ဂန္ဓာရဝိသယေ၊ ကောသိ ပုန သီဟဠေ[၂]—

ဟု မှတ်တမ်းပြုခဲ့သည်။ ယင်းစွယ်တော်သည် ကန္ဒီမြို့တွင် ခမ်းနားလှ သည့် စွယ်တော်တိုက်ကြီး၌ စံပယ်တော်မူလျက်ရှိသည်[၃]။

မြတ်ဘုရားစွယ်တော်ဖူးမြော်ခြင်း

ဆရာတော် အရှင်ဇာနေယျသည် ဖော်ပြပါ ဘုရားဇိနေန်္ဒ မြတ်စွယ် တော်ကိုလည်း မြတ်လေးကော်ရော် ပူဇော်ဖူးမြော်တော်မူခဲ့လေသည်။ လက်အုပ်ချီပြီး ၃-ကြိမ် ၃-ခါ လကျာရစ်လည်၍ ကြည်ညိုဖူးမြော်တော် မူခဲ့လေသည်။

---

၁။ မဟာဝံသ-၃၇။ ၉၃။
၂။ ဒါဌာဝံသ သီဟိုဠ်နိဿယ၊ နှာ-၁၀။
၃။ အကျယ်မဟာဒေထရုလေလိတ ၁၈၁-ကြည့်။

နမယာမန္တော နမယာမန္တော၊ ကတ္တာ ကတ္တာ ပဒက္ခိဏံ။
ထေရော သော ဇာနေယျော ဒါဠှ၊ သက္ကစ္စံ အဘိပူဇယိ။

## တိဿမဟာရာမ စေတီကြီး

သီဟိုဠ်ကျွန်းတောင်ပိုင်း တိဿမဟာရာမမြို့၌ လုံးပတ်တော် ၅၀၄-ပေရှိပြီး ဉာဏ်တော် အမြင့်ပေ ၁၈၀-ခန့်ရှိ တိဿမဟာရာမစေတီတော်ကြီး တည်ရှိလေသည်။ ယင်းစေတီတော်ကြီးပတ်ဝန်း အင်္ဂဏရကြီးကျယ်လှသည့် တိဿမဟာရာမကျောင်းတိုက်ကြီး ရှိခဲ့ဖူးသည်။ ယခုမူကား နေရာမျှသာ မှန်းဆသိနိုင်တော့သည်။ "မြင်မြင်သမျှ သင်္ခါရ စိတ်ကန္နလုံးသွင်း" ဆိုသည့်အတိုင်း ဇာကယ်ပင် သက်ရှိသက်မဲ့သင်္ခါရတို့ကား အနိစ္စအမှန်သာတည်း။

ယင်းစေတီတော်ကြီးကို သီဟိုဠ်တို့က—

နိဓာယ သမ္ဗုဒ္ဓဿသက်ဗိမ္ဗ- ပုဏ္ဏိန္ဒုသံကာသလလာဋဓာတုံ။
အကာရယိ တိဿနရိဿရောယံ ၊ ထူပံ နမေ တိဿမဟာ ဝိဟာရေ—

ဟူသော ဂါထာဖြင့် ရှိခိုးဖူးမြော်ကြကုန်၏။

## အရှင်ဇာနေယျ တိဿမဟာရာမစေတီတော်ဖူးမြော်

ဘုရားရှင်၌ အလွန်လျှင် ကြည်ညိုသော ဆရာတော် အရှင်ဇာနေယျသည် ဖော်ပြပါ ကာကဝဏ္ဏတိဿမင်းကြီး၏ ကောင်းမှုတော် တိဿမဟာရာမစေတီတော်ကြီးကိုလည်း ၁၃၁၈-ခု နတ်တော်လဆန်း ၂-ရက်နေ့တွင် သဒ္ဓါဇောဝင် ကြည်လင်စွာ ဖူးမြင်တော်မူခဲ့လေသည်။

---

၁။ တိဿမင်းဟူသည် ဒုဋ္ဌဂါမဏီမင်း သဒ္ဓါတိဿမင်းတို့၏ ခမည်းတော် ကာကဝဏ္ဏတိဿမင်းတည်း။

ဇာနေယျော တိသာရာမမှိ၊ တိဿေန ပတိဋ္ဌာပိတံ။
မဟာထူပံ သော ဝန္ဒိတွာ၊ ပူဇံ အနပ္ပကံ အကာ။

## အခြားစေတီပုထိုးများကိုလည်း ဖူးမြော်ခြင်း

၎င်းပြင် **မာတရမြို့နယ်ဘက်ရှိ မူလဂိရိတောင်ရှိ ဘုရားများစသည့်** များစွာသော စေတီ ပုထိုး ဆင်းတုများကို ဖူးမြော်တော်မူခဲ့သည်။ ကျမ်းလေးမည်စိုး၍အကျယ်မပြတော့ပြီ၊ အရှင်ဇာနေယျထေရ် အိန္ဒိယ၊ သီဟိုဠ်ဘုရားဖူးကြွတော်မူသည့် ရက်ပေါင်း ၄၉-ရက် ကြာညောင်းခဲ့လေသည်။

## ယိုးဒယားနိုင်ငံသို့ ဘုရားဖူးကြွခြင်း

ဆရာတော် အရှင်ဇာနေယျသည် သက္ကရာဇ် ၁၃၂၀-ခုနှစ် ပြာသိုလတွင် ယိုဒယားနိုင်ငံသို့ ကြွ၍ ဝပ်အရုံဘုရား၊ ဝပ်ဖိုးကျောင်းတိုက်ရှိ ကျောင်းတော်မှ ဆင်းတုတော်ကြီး၊ မြဘုရား၊ ငါးတန်ခန့် အလေးချိန်ရှိသော ရွှေသားဆင်းတုတော်၊ နခေါင်းပထုံ စေတီတော်ကြီး၊ အယုဒ္ဓယမြို့တော်ဟောင်းရှိ စေတီပုထိုးများ ဆင်းတုတော်များကိုလည်း ဖူးမြော်တော်မူခဲ့လေသည်။ ဆရာတော် အရှင်ဇာနေယျသည် ထိုထိုအရပ်ဒေသကြွရောက်၍ စေတီပုထိုးများ ဖူးမြော်ရန် ယဉ်ကျေးမှု ပစ္စည်းများလေ့လာကြည့်ရှု သုတေသနပြုရန် အလွန် ဝါသနာထုံတော်မူသည်။

ယိုးဒယားရဋ္ဌမှိ သော ဂန္တွာ၊ စေတိယာပဋိမာဒယော။
ဝန္ဒိတွာ ပူဇယိတွာန၊ သဒ္ဓိံ ကုသလံ ဗဟုံ။

## ဝိဇ္ဇာလင်္ကာရကျောင်းတိုက်ကြီး အလှဲအပ်ခံ ဆရာတော် ၄-ပါးတွင် အရှင်ဇာနေယျပါဝင်

မန္တလေးမြို့ အနောက်ပြင် စိန်ပန်းရပ် ဝိဇ္ဇာလင်္ကာရ ကျောင်းတိုက် အဓိပတိ မဟာနာယက ဖြစ်တော်မူသော ၁၂၆၆-ခုနှစ် ပြာသိုလဆန်း ၁၄-ရက်နေ့ဖွား ၁၃၃၁-ခုနှစ် နတ်တော်လဆုတ် ၃-ရက်နေ့တွင်

ပျံ့လွှင့်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့အမည်ခံ ပဒုမာရာမကျောင်း၊ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (သီးခြားစာချ)၊ ဆဋ္ဌ သံဂါယနာ အကျိုးတော်ဆောင် အရှင်ဝိသုဒ္ဓါဘိဝံသသည် တပည့်ကြီးများဖြစ်ကြသော—

၁။ အရှင်ဇာနေယျ(ယခု ပဲခူး မဟာကလျာဏီဆရာတော်)၊
၂။ အရှင်ခေမာစာရ၊
၃။ အရှင်ဆေကိန္ဒ၊
၄။ အရှင်ကောသလ္လ–

တို့ကို ခေါ်တော်မူ၍ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်ကြီးကို လွှဲအပ်တော်မူသည်။ လက်ချောင်း ၄-ချောင်း ထောင်ပြတော်မူ၍ ၄-ပါးဟူ အကြိမ်ကြိမ် မိန့်ဆိုလွှဲအပ်တော်မူသည်။

ဇာနေယျော ခေမာစာရော စ၊ ဆေကိန္ဒော ကောသလ္လော တထာ။
စတုန္န အပ္ပေသိ အာရာမံ၊ ဝိဇ္ဇာလင်္ကာရသဝှယံ။

## ဝိဇ္ဇာလင်္ကာရတိုက် တိုးတက်စည်ကားအောင် ဆောင်ရွက်ခြင်း

ဆရာတော် အရှင်ဇာနေယျသည် မန္တလေးမြို့ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် ပဋ္ဌာကတ်တိုက်ကျောင်း စသည့် အဆောက်အအုံများကို ဦးဆောင်စီစဉ် တည်ဆောက်တော်မူခဲ့သည်၊ ၎င်းပြင် ဘုရားရှင် ချီးမွမ်းတော်မူအပ်သော ကျိုးပဲ့ပျက်စီး ဟောင်းနွမ်းသည့် သာသနိက အဆောက်အအုံများကိုလည်း ပြုပြင် ဆောင်ရွက်တော်မူလေသည်။

## ခန္တီတရား လက်ကိုင်ထား

၎င်းပြင် ခန္တီတရားကို လက်ကိုင်ထားတော်မူ၍ အလုပ်ကို အောင်မြင်အောင် ဆောင်ရွက်တော်မူလေ့ရှိသည်။ ဤကဲ့သို့သော ပုဂ္ဂိုလ်များ

သည်လည်း ဘုရားမြတ်စွာ သာသနာပွဲတော်၌ ရခဲကြုံခဲသည့် ပုဂ္ဂိုလ်များ ဖြစ်သည်။ အလုပ်လုပ်တိုင်း ချိန်ချိန်ဆဆပြုလုပ်လေ့ရှိသဖြင့် မှားခဲ့သည်။

## ကြီးသူရိုသေ ငယ်သူချစ်ခင်

ထို့ပြင်တပါး လေးစားထိုက်သည့် ရိုသေထိုက်သည့် ဂရုဋ္ဌာနီယ ဆရာတော်ကြီးများကိုလည်း ရိုသေလေးစားလေ့ရှိတော်မူသည်သာမက မိမိအောက် အသက်သိက္ခာ ဝါငယ်သူတို့ကိုလည်း ချစ်ခင်ကြင်နာတတ် လေသည်။

### မဟာကလျာဏီကျောင်းတိုက်ကြီးကို လွှဲအပ်ခြင်းခံယူတော်မူခြင်း

ပဲခူးမြို့ မဟာကလျာဏီ ကျောင်းတိုက်ကြီး၏ မဟာနာယကဖြစ် တော်မူသော ဒီဃဒဿီ အရှည်မြင်မြော် ဆရာတော်ဘုရားကြီး အရှင် ဉာဏဝံသမဟာထေရ်သည် သက်တော်လည်း ကြီးရင့် နေသည့်အပြင် ကျန်းမာရေးလည်း ညံ့လာသောကြောင့် ၁၃၃၃-ခုနှစ် ကဆုန်လဆန်း ၁၅-ရက် ဗုဒ္ဓဟူးနေ့တွင် သံဃာတော်အပါး ၈၀-ကျော်တို့အား ဆွမ်း ဘောဇဉ် ချိုချဉ် ယမကာ အဖြာဖြာ ဆက်ကပ်လှူဒါန်းတော်မူသည့် အလှူပွဲတွင် မိမိသည် မူလကတည်းက ရည်မှန်းထားပြီးလည်းဖြစ်၊ ထိုက် လည်းထိုက်တန် သင့်လျော်လည်း သင့်လျော်သော ငယ်စဉ်ကတည်းက မဟာကလျ ဏီတိုက်၌ ရောက်ရှိကာ သာသနာရေး ကိုယ့်အရေးဟု သဘောထား၍ အဘက်ဘက် စောင့်ရှောက်ဆောင်ရွက်ပြီး ဆောင်ရွက် ဆဲဖြစ်သော သိက္ခာဝါ ၃၇-ဝါရှိ တပည့်ကြီးအရှင်ဇာနေယျအား ဤမည် သော မဟာကလျာဏီ ကျောင်းတိုက်ကြီး ဂရုဘဏ် လဟုဘဏ်နှင့်တကွ လွှဲအပ်လှူဒါန်းပါကြောင်း အောက်ဖော်ပြပါ စာဖြင့် အခိုင်အမာ ပြုတော်မူသည်။

## ပဲခူးမြို့ မဟာကလျာဏီ ကျောင်းတိုက် ဂရုဘဏ် လဟုဘဏ် အာရာမ်နှင့်တကွ အားလုံးလှူဒါန်းအပ်နှံခြင်းစာလွှာ

၁၃၃၃-ခု၊ ကဆုန်လဆန်း ၁၅-ရက် ဗုဒ္ဓဟူးနေ့။

မဟာကလျာဏီ ဆရာတော်ဘုရား၏ ဝိဇာတမင်္ဂလာ အခါတော် အထိမ်းအမှတ်အတွက် သံဃာတော် ပါးရေ(၈၀)ကျော်တို့အား ဆွမ်းဘောဇဥ်စသည် လှူဒါန်းပွဲ၌ မဟာကလျာဏီ ကျောင်းတိုက်ကို လက်ရှိတာဝန်ယူ အုပ်ချုပ် စောင့်ရှောက်လျက်ရှိသော ဆရာတော်ဘုရားသည် မကျန်းမမာခြင်းဟူသော အကြောင်းကြောင့် မူလကပင် ရည်ရွယ်လျက်ရှိထားပြီးဖြစ်သော သိက္ခာတော် ၃၇-ဝါရှိ တပည့်ကြီး ဦးဇာနေယျကို မဟာကလျာဏီကျောင်းတိုက် ဂရုဘဏ် လဟုဘဏ် အရံနှင့်တကွသော အလုံးစုံကို ဆရာတော် ဘုရား၏ လက်အောက်မှ အုပ်ချုပ်စောင့်ရှောက်နိုင်ရန် တာဝန်အရပ်ရပ်ကို ပြောင်းပေးလှူဒါန်းအပ်ပါကြောင်း—

နောင် အနာဂတ်ကာလ၌ ဤမဟာကလျာဏီကျောင်းတိုက် သာသနာတော် ကြီးပွားတိုးတက်ရေးကိုလည်း အမြဲတစေ ဆက်လက်တာဝန်ယူ စောင့်ရှောက်ရစ်စေရန်အတွက် ဝိနည်းနှင့်အညီ "သုဒိန္န" မြောက်ပေးခြင်းအားဖြင့် ပေးလှူပါ၏။ ဦးဇာနေယျကသည်း ဝိနည်းကံနှင့်အညီ "သုဂ္ဂဟိတ" ရှင်လန်းကြည်ဖြူ ခံယူပါ၏။

ဤသို့အားဖြင့် မဟာကလျာဏီ ကျောင်းတိုက် ဂရုဘဏ် လဟုဘဏ် အာရာမ်နှင့်တကွ အလုံးစုံကို ဆရာနှင့် တပည့်တို့သည် (၁)သုဒိန္န ပေးခြင်းအားဖြင့် လည်းကောင်း၊ (၂) သုဂ္ဂဟိတ ယူခြင်းအားဖြင့် လည်းကောင်း ပြုလုပ်ကြပြီး ဖြစ်ကြောင်းကို မဟာကလျာဏီဆရာတော်ဘုရားနှင့်ဦးဇာနေယျတို့က အောက်တွင်လက်မှတ်ရေးထိုးပါ။ ဆရာတော် သံဃာတော်များ အသိသက်သေထား၍ လက်မှတ် ရေထိုးကြကာ အောင်မြင်ပြီးဆုံးအပ်သတည်း။

## အသိသက်သေ သံဃာတော်များ

(၁) နာယက စမ်းကြီးတောရဆရာတော် ဦးသိရိန္ဒ၊
(၂) နာယက မျက်နှာတော်ကျောင်းဆရာတော် ဦးနာဂိန္ဒ၊
(၃) ရွှေကျင် ဓမ္မရိပ်သာကျောင်းသစ် ဦးဝိမလ၊
(၄) မရင်းတိုက်ကျောင်းဆရာတော် ဦးကုသလ၊

ပေးလှူသောပုဂ္ဂိုလ် -

(၁) မဟာကလျာဏီကျောင်းတိုက်ဆရာတော် ဦးဉာဏဝံသ၊
ခံယူသောပုဂ္ဂိုလ်-
(၂) မဟာကလျာဏီကျောင်းတိုက် ဦးဇာနေယျ၊

ဤသို့အားဖြင့် ဆရာတော် အရှင်ဇာနေယျမဟာထေရ်သည် မဟာကလျာဏီကျောင်းတိုက်ကြီးကို ခံယူတော်မူရလေသည်။

ကလျာဏီအာရာမမှိ၊ ဉာဏဝံသော သုစီတိမာ။
သုစီတိမန္တံ ဇာနေယျံ၊ သမ္မာ နိယျာတယီပိ ဝါ။

## မဟာကလျာဏီနာယက

ဆရာတော်အရှင်ဇာနေယျသည် ဆရာတော်အရှင်ဉာဏဝံသ မပျံလွန်မီ မိန့်မှာတော်မူခဲ့သည့်အတိုင်း မဟာကလျာဏီသာသနာကို ရောင်ဝါထိန်ဝင်း လင်းလက်အောင် မဟုဿာဟ ဇွဲလုံ့လဖြင့် ဆောင်ရွက်တော်မူပြီး စက္ကဝတ်ဖျား မင်းတရား၏နတ်ရွာလားသည့်အတွက်သားတော်ကြီး စက္ကဝတ်ဖျား မင်းတရားဖြစ်သကဲ့သို့ ဆရာတော် အရှင်ဇာနေယျသည် မဟာကလျာဏီကျောင်းတိုက်ကြီး၏ အဓိပတိ မဟာနာယက ဖြစ်တော်မူလေပြီ။

ဉာဏဝံသေ နိရုဒ္ဓမှိ၊ ဇာနေယျော နာယကော ဘဝိ။
မဟာကလျာဏီနာမဿ၊ သံဃာရာမဿ ဟို။

ဆရာတော် အရှင်ဇာနေယျသည် ဝိနယသာကစ္ဆာအဖွဲ့ဝင်၊ ဩဝါဒါ-စရိယ၊ အရညဝါသီ ရွှေကျင်နိကာယ၏ နာယက တာဝန်များကို ထမ်းဆောင်နေဆဲ ဖြစ်တော်မူသည်။

## အဆောက်အအုံ အကာအရံများ ပြုပြင်ခြင်း

ဆရာတော်အရှင်ဇာနေယျသည် မဟာကလျာဏီကျောင်းတိုက်ကြီး၏ ရှေ့ဆောင်ကောင်း ဖြစ်တော်မူသည်။ တကယ်တော့ သမိုင်းပေး တိုက်တာခေါင်းဆောင်ဟု ဆိုရပေမည်။ခေါင်းဆောင်ပီသစွာ မခိုမကပ်ပဲ ကလျာဏီကျောင်းတိုက်ကြီးကို တိုးတက်စည်ကားအောင် ပြောင်မြောက်စွာ ဆောင်ရွက်တော်မူခဲ့လေသည်။ သက္ကရာဇ် ၁၃၃၄-ခုနှစ်မှ စ၍ ဆိုင်ရာ ဒကာ ဒကာမတို့၏ လှူဒါန်းမှုဖြင့် ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့သော ကျောင်း စသောကျောင်းအသီးသီး ဇရပ်တန်ဆောင်း ရေတွင်းရေကန် အတန်တန်တို့ကို တခုပြီးတခု မနေမနား နှစ်စဉ်ကြိုးစား လာရာ အခန်းပေါင်း၂၅၅-ရှိ မဟာရံတံတိုင်းကြီးကို အနယ်နယ် အစိုးစိုး အမြို့မြို့ အရွာရွာမှ ဒါယကာ ဒါယိကာမတို့၏ ကြွံခိုင်ကြီးမား သဒ္ဓါတရားဖြင့် ပြုလုပ်တော်မူရာ ၁၃၃၈-ခုနှစ်တွင် ပြီးမြောက် အောင်မြင်ခဲ့လေသည်။

## အလောင်းတော် ဝီရိယနှင့် တစိတ်တဖို့တူ

မဟာကလျာဏီဆရာတော် အရှင်ဇာနေယျသည် အလောင်းတော် ဇနက၏ ဝီရိယနှင့် တစိတ်တဖို့ဘူပါသည် ဟု အလွန်အကြူး ဆိုချင်ပါသည်။အမျိုးသား ကြိုးစားအားသစ်ရာ၊ပညာရှိ မငြီးမငွေ့ရာ ဟူသည်နှင့် အညီ ဆရာတော် အရှင်ဇာနေယျသည် ကြိုးစားသည်၊ပျင်းရိခြင်း ငြီးငွေ့ခြင်း မရှိပြီတကား။

လောကေ ဥဿာဟဝန္တာနံ၊ ဇနာနံ ကိမသာဓိယံ။
ဇာနေယျမဟာထေရေန၊ ဥဿာဟော သုကတော ဟိ ခေါ။

## ဧကူနဝီသတိမပိုင်း အပြီးသတ်ခြင်း

တရားသက်ဝင် သူတော်စင်တို့ ကြည်ညိုရန် သံဝေဂရယူရန် ရည်သန် တောင့်တ ကြံယူဆ၍ ရေးသားစီရင်အပ်သော ဤကလျာဏီသာသနာဝင်ကျမ်းတွင် မဟာကလျာဏီကျောင်းတိုက်ကြီး၏ မဟာနာယကဆရာတော်ဘုရားကြီးတို့၏ အဖြစ်တော်စဉ်တို့ကို ပြဆိုရာ ဧကူနဝီသတိမပိုင်းကို ဤတွင် အပြီးသတ်လိုက်ပါပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ကလျာဏီသာသနဝံသော၊ သမတ္တော သုကဏ္ဍော[၁] ဟိ ဝေ။

၁။ သုကဏ္ဍောကို "ကောင်းသော ဧကူနဝီသတိမပိုင်းသည်"ဟု ယောဇနာရာ၏။

# ကလျာဏီသာသနာဝင်
# ဝိသုတိမပိုင်း

## ကလျာဏီသိမ်တော်ကြီး ဘုရင့်နောင်ပြုပြင်

သာသနာ့ဒါယကာ မှေ့စေတီမင်းတရားသည် ကလျာဏီသိမ် သမုတ်တော်မူပြီးနောက် တဆက်တည်း ယာယီ သိမ်တန်ဆောင်းဝန်းမှသည် အနိုင်အမာ သိမ်တန်ဆောင်းကြီး ဆောက်လုပ်လှူဒါန်းတော်မူခဲ့သည်။ ယင်းတန်ဆောင်းကြီးမှာ ကာလကြာညောင်းသဖြင့် ပျက်စီးယိုယွင်းလေရာ သက္ကရာဇ် ၉၃၀-ခုနှစ် တန်ဆောင်မုန်းလတွင် ဘုရင့်နောင်မင်းတရားသည် ပြုပြင်ပြီး သိမ်တန်ဆောင်းတော်အတွင်း ရွှေပန်းချီ၍ လှပဆန်းကြယ်စွာ ပြုပြင် မွမ်းမံတော်မူခဲ့လေသည်။

## ရာပြည့် ရဟန်းခံပွဲကြီး

ဘုရင့်နောင်မင်းတရားသည် ကလျာဏီသိမ်တော်ကြီး ပြုပြင် မွမ်းမံတော်မူပြီး ယင်းသည့် ၉၃၀-ခုနှစ် နတ်တော်လဆန်း ၈-ရက်နေ့တွင် ရဟန်းလောင်း သာမဏေ အပါးတရာတို့အား ပရိက္ခရာရှစ်ပါး စသည့် ရဟန်းတို့၏ အသုံးအဆောင်များကို လှူဒါန်းတော်မူ၍ ရဟန်းဒါယကာ ခံယူ၍ ပဉ္စင်းခံပေးစေတော်မူသည်။ စင်စစ်တမူကား ကလျာဏီသိမ်တော်ကြီး တည်သည်မှစ၍ နှစ် ၁၀၀-ပြည့်မြောက်သည့် အထိမ်းအမှတ်ပွဲကြီး ဖြစ်ရာသည်။

ဘုရင့်နောင် နရာဓိပေါပိ၊ ပဋ္ဌိသခ်ရဏံ ကာရိ။
**ကလျာဏီမာဠကံ သော ဟိ၊ ကလျာဏော သုသံယုတော။**

## သာမဏေ ၆၅-ပါး ရဟန်းခံပြန်ခြင်း

ဘုရင့်နောင်မင်းတရားသည် ကြုံခဲလှစွာ ကြုံကြိုက်လာသည့် ဘုရားရှင့် သာသနာတော်ကို သဒ္ဒါကဲပို ကြည်ညိုသည့် မင်းကောင်း မင်းမြတ်ဖြစ်တော်မူသည်။ သက္ကရာဇ် ၉၄၃-ခုနှစ် ကဆုန်လဆန်း ၁၃-ရက်တနင်္ဂနွေနေ့တွင်လည်း ကျမ်ဂန်တတ် သာမဏေ ၆၅-ပါးကို ကိုယ်တိုင်ကြပ်မတော်မူ၍ ကလျာဏီသိမ်တော်၌ ပဉ္စင်းခံတော်မူသည်။ ရဟန်းခံအပြီး ရဟန်းသစ် ၆၅-ပါးနှင့် ဥပဇ္ဈာယ်ဆရာတော် ကမ္မဝါစာဆရာတော် ကာရကသံဃာတော် ပေါင်းသံဃာ ၃၂-ပါးတို့အား ကိုယ်တိုင်ဆွမ်းကပ်လုပ်ကျွေး လှူဒါန်းတော်မူသည်။

ဖော်ပြပါ ရဟန်းသစ် ၆၅-နှင့် ဆရာတော် ၃၂-တို့အား ပရိက္ခရာရှစ်ပါးအပြင် ခါသားအုပ် တအုပ်စီနှင့် လက်ဖက်ခြောက် စသည့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းတော်မူ၍ ရေစက်ချ၍ သတ္တဝါ အနန္တတို့အား အမျှအတန်း ပေးဝေတော်မူသည်။

## ကလျာဏီသိမ်နှင့်ကျောင်း မီးလောင်ပျက်စီးခြင်း

ထို့နောက် သက္ကရာဇ် ၉၄၆-ခုနှစ်တွင် ပေါ်တူဂီတို့၏ လက်ချက်ကြောင့် ရွှေရောင်တောက်နေသော ကလျာဏီ သိမ်တော်ကြီးနှင့် ကျောင်းအဆောက်အအုံ အားလုံး မီးလောင်ပြာကျ ပျက်စီးခဲ့လေသည်။ မိစ္ဆာဝါဒီ ပေါ်တူဂီများကို အနောက်ဘက်လွန် မင်းတရားသုတ်သင်ပြီး ကလျာဏီသိမ်နှင့် ကျောင်းများကို ပြန်လည်တည်ဆောက်စေ၍ သက္ကရာဇ် ၉၇၅-ခုနှစ် ကဆုန်လပြည့်နေ့တွင် ရွှေကရားဖြင့် ရေစက်ချ လှူဒါန်းတော်မူသည်။

ရာဇာ အနောက်ဘက်လွန်ဝှယော၊ သုကလျာဏာစမ္မောဟိ ဝေ။
ကလျာဏီသိမာမာဠကာ-မန္ဒိရံ ဝိဟာရံ ကရိ။


## သာလွန်မင်းတရားနှင့် ဘိုးတော်မင်းတရား သိမ်အသစ် ဆောက်လုပ်လှူ

တဖန် သက္ကရာဇ် ၁၀၀၄-ခုနှစ်တွင် ကာလ ကြာညောင်းသည် တကြောင်း၊ လေဒဏ် မိုးဒဏ် နေဒဏ်ခံရသည် တကြောင်းတို့ကြောင့် ကလျာဏီသိမ်တော်ကြီး အိုမင်း ယိုယွင်း ဟောင်းနွမ်းသည်ကို သိရသဖြင့် စစ်ကိုင်းကောင်းမှုတော်ကြီး ဒါယကာ သာလွန်မင်းတရားသည် ပြုပြင် မွမ်းမံ ရွှေချကာ သိမ်တန်ဆောင်း ဒါယကာ ခံတော်မူသည်။ တဖန် သိမ်တော်ကြီး ပြိုပျက်ပြန်သဖြင့် ၁၁၅၇-ခုနှစ်လောက်တွင် အမရပူရမြို့တည် နန်းတည် ဘိုးတော်မင်းတရားက သိမ်တန်ဆောင်း အသစ် ဆောက်လုပ် လှူဒါန်းတော်မူသည်။

## သဌေးဦးသိန်းနှင့် သဌေးကတော် ဒေါ်မှို သိမ်ဆောက်လုပ်လှူ

သက္ကရာဇ် ၁၂၃၅-ခု တန်ခူးလကွယ်နေ့ ၁၀-နာရီ အချိန်ခန့်တွင် ကလျာဏီသိမ်တော်အတွင်းရှိ ရုပ်ပွားတော်များအား ညှိထွန်း ပူဇော်ထားသည့် ဆီမီးများမှ စတင်၍ သိမ်တန်ဆောင်းတော်ကြီး မီးလောင် ပျက်စီးပြန်သည်။ ထိုအခါ ပဲခူး ဝန်ရှင်တော်မင်းကြီး "ကာနယ်လ်အာဒီအာဒါ"၏ ဆော်ဩချက်အရ ဟံသာဝတီခရိုင် သန်လျင်မြို့အပိုင် ပုဂံတောင်ရွာနေ သဌေးဦးသိန်းနှင့် ဇနီး ဒေါ်မှို တို့က ကလျာဏီသိမ်တန်ဆောင်းကြီး အသစ်တဖန် ထပ်မံဆောက်လုပ်ပြီး ၁၂၃၅-ခုနှစ် နတ်တော်လဆန်း ၁၀-ရက် သောကြာနေ့တွင် ရေစက်သွန်းချ လှူဒါန်း အပ်နှင်းကြကုန်၏။

"ဦးသိန်း"ဝှ" ဂဟပတိ စ၊ "ဒေါ်မှို" ဿရသာမိနီ။
ကလျာဏီသိမာမာဠကာ-နိုကေဟံ အဒံသု သာသနေ။



ရှေးက ရှိခဲ့ဖူးသော သံလျင်မြို့ ပုဂံတောင်ရွာ သဋ္ဌေးမ ဒေါ်ကျေး
ကောင်းမှု
ကလျာဏီ သိမ်တော်ကြီးပုံ
၁၂၆၄-ခု ပြာသိုလ်လဆန်း (၁၅) ရက်၊ တနင်းလာနေ့
ဆောက်လုပ်ပြီးစီး၍
ကလျာဏီ ဆရာတော် အရှင်စန္ဒိမာ အား ရေစက်ချ လှူဒါန်းခဲ့သည်။

## သဒ္ဒေ့မ ဒေါ်ကျေးက ဆောက်လုပ်လှူပြန်

သခ်ါရတရားတို့ကား "ဘိဇ္ဇနမဓမ္မော ဘိဇ္ဇတိ" စသည်အရ နောက်ဆုံး ပျက်စီးခြင်းနှင့်သာ အဆုံးသတ်ရသည်ဖြစ်ရာ ဖော်ပြပါ ဦးသိန်း၊ ဒေါ်မို့ဥတို့၏ ကောင်းမှု အုတ်နံရံနှင့်သစ်သားတိုင်ပျဉ်မိုးသိမ်တန်ဆောင်းတော်ကြီးသည်လည်း ဟောင်းနွမ်းပြိုပျက်ပြန်လေရာ သမီးဖြစ်သူ သဒ္ဒေမ ဒေါ်ကျေးက ယခင်ကထက် ကြီးမြင့်ခမ်းနားလှသော သိမ်တန်ဆောင်းကြီးကို ဆောက်လုပ်၍ ၁၂၆၄-ခုနှစ် ပြာသိုလဆန်း ၁၅-ရက်နေ့တွင် လှူဒါန်းလေသည်။

## လျှော်ဒဏ်ကြောင့် သိမ်တန်ဆောင်းနံရံများ ကွဲအက်ခြင်း

သက္ကရာဇ် ၁၂၉၂-ခုနှစ် ကဆုန်လဆန်း ၉-ရက် ည ၇-နာရီ ၁၅-မိနစ်တွင် လှုပ်လိုက်သော လျှော်ဒဏ်ကြောင့် ဒေါ်ကျေးကောင်းမှုဖြစ်သော ကလျာဏီသိမ်တန်ဆောင်းတော်ကြီး နံရံလေးဘက်လုံး ပြိုကျလုမတတ် ကွဲအက်ခဲ့လေသည်။

## ဘိလပ်မြေ ကျောက် သံတိုဖြင့် ပြီးသော သိမ်တော်ကြီး တည်ဆောက်ပြီ

ရွှေခြုံးဝိနယစာမေးပွဲကြီးများ ဒါယကာ ပဲခူးမြို့ ရွှေခြုံးဦးသူတော်သည် ၁၃၁၄-ခုနှစ် တပို့တွဲလဆုတ် ၇-ရက်နေ့တွင် မိမိဘုရားတဆူဂူတလုံးသဖွယ် ကိုးကွယ်သည့် ဆရာတော်ကြီးများအား သိမ်တန်ဆောင်းတော်ကြီးကို အသစ်တဖန် ခမ်းနားစွာ တပည့်တော်က ဒါယကာခံ တည်ဆောက်ပါမည်။ ပဲခူးမြို့ အရေးပိုင်မင်း ဦးဘဖိုးအား ဆရာတော်များက မိန့်ကြားပေးတော်မူပါဟု လျှောက်ထားလေသည်။

## ပရိတ်ရွတ် မြေသန့် နတ်များအမျှဝေ

ဆရာတော်ကြီးများက ပဲခူးအရေးပိုင်မင်း ဦးဘဖိုးအား ဒါယကာ ရွှေခြုံး ဦးသူတော်က သိမ်တန်ဆောင်းကြီး ဆောက်လုပ်လှူဒါန်းမည်


ဖြစ်ရာ လိုအပ်သည်များကို ကူညီစေလိုကြောင်း မိန့်ကြားရာ အရေးပိုင်မင်း ဦးဘဖိုးက "ဆရာတော်များဘုရား....အလွန်ကောင်းပါသည်။ တပည့်တော်များလဲ လွန်စွာ ဝမ်းမြောက်ပါသည်။ တတ်နိုင်သည့်ဘက်က တပည့်တော်တို့ ကူညီပါမည်ဟု လျှောက်ထားလေသည်။ ဒါယကာကြီး ဦးသူတော်သည် မဟာကလျာဏီဆရာတော် အရှင်ဉာဏဝံသမဟာထေရ် အစရှိသော မဟာထေရ်ကြီးများနှင့် ဆွေးနွေးတိုင်ပင်ရာ သိမ်တော်ကြီး ပတ်ဝန်းကျင်ရှိ သစ်ပင်များ အမှိုက်သရိုက်များကို ရှင်းပေးစေပြီး သက္ကရာဇ် ၁၃၁၄-ခုနှစ် တပေါင်းလဆုတ် ၇-ရက်နေ့တွင် သိမ်တန်ဆောင်းဟောင်းကြီးပေါ် သံဃာတော်များပင့်၍ ငါးပါးသီလခံ ပရိတ်တရားများ နာယူပြီး နတ်များ အမျှဝေခြင်း၊ နတ်ပွဲများ တင်သခြင်း၊ ဆိုင်ရာတို့အား တိုင်တည်ခြင်း စသည်တို့ကို ပြုလုပ်သည်။

## ဆရာတော် သံဃာတော်များ ဦးသူတော် လျှောက်ထား

၎င်းနောက် ဦးသူတော်သည် ၁၃၁၄-ခုနှစ် တန်ခူးလဆန်း ၁၅-ရက်နေ့ နံနက်ဘက် မိမိ၏ ဈေးပိုင်းတိုက်အိမ်သို့ မဟာကလျာဏီကျောင်းတိုက်ဆရာတော်ဘုရားကြီး အရှင်ဉာဏဝံသအပါအဝင် သံဃာတော်များနှင့် လူပုဂ္ဂိုလ်များကို ပင့်ဖိတ်၍ သံဃာတော်များအား ဆွမ်းခဲဖွယ် ဘောဇဉ် ချိုချဉ်အရသာ အဖြာဖြာတို့ကို ဆက်ကပ်လှူဒါန်းခြင်း၊ လူပုဂ္ဂိုလ်များအား ထမင်းအဖျော်များ ကျွေးမွေးဧည့်ခံပြီး အောက်ဖော်ပြပါ စကားကို သံဃာတော်နှင့် လူပုဂ္ဂိုလ်များအား လျှောက်ထားလေသည်။

"ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား....ကလျာဏီသိမ်တော်ကြီး၏မူလအဆောက်အအုံသည်ငလျင်ဘေးဒဏ်တို့ကြောင့်လည်းကောင်း နှစ်ပေါင်း ၅၀-ကျော်သောကြောင့်လည်းကောင်း ပျက်စီးဟောင်းနွမ်းလေရကား ထိုသိမ်တော်ကြီးကို တနှစ်အတွင်း ပြီးစီးထမြောက်ရန် တပည့်တော်၏ဇနီးသည် ကွယ်လွန်သူ ဒေါ်မြတင်၏[1] ဘိုးဘွား မိဘအမွေအနှစ်

၁။ ဒေါ်မြတင်မှာ ၁၃၁၂-ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ရက်နေ့တွင် ကွယ်လွန်သည်။



မဟာကလျာဏီသိမ်တော်ကြီး ပြန်လည်တည်ဆောက်ရေးအဖွဲ့
နာယကဆရာတော်ကြီး ၉–ပါး

လက်ဝတ်တန်ဆာများပါ ဆွေမျိုးသားချင်းတို့ စုစုပေါင်းလှူဒါန်းမှုများဖြင့် စုစုပေါင်း ၁၁၅၅၅၆-ကျပ် ၄-ပဲ (တသိန်း တသောင်း ငါးထောင် ငါးရာ ငါးဆယ် ခြောက်ကျပ် လေးပဲ [၁])ကို မဘည်၍ တိုင်းပြည်မှ ကူညီသူများနှင့် သိမ်တော်သစ်ကြီး ထမြောက်အောင်မြင်အောင် ဆောက်လုပ်ရန် ရည်မှန်းအဓိဋ္ဌာန်ရှိပါကြောင်း။ ထိုသို့ တည်ဆောက်ရာ၌ ဆရာတော်ကြီးများကလည်း သာသနာရေး မြော်ထောက်တွေး၍ တည်ဆောက်ရေး၌ အဆုံးအမ ရှေ့ကည့်န်ကာ နာယကဆရာတော်များ ပြုလုပ်စေလိုပါသည်။ ဒါယကာများဘက်ကလည်း တည်ဆောက်ရေး အဖွဲ့ဖွဲ့၍ ဆောင်ရွက်ပါမည်။ သဘောတော်နှစ်လိုပါက ခွင့်ပြုပါ''ဟု လျှောက်ထားလိုပါသည်။ ထိုအခါ မဟာကလျာဏီဆရာတော်ဘုရားကြီး အမှူးရှိသော သံဃာတော်များက ခွင့်ပြု သဘောတူတော်မူကြသည်။ တက်ရောက်လာကြသော ဒါယကာ ဒါယိကာမတို့ကလည်း ဝမ်းမြောက်ကြသည်။

## တည်ဆောက်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း

ဒါယကာကြီး ဦးသူတော်၏ လျှောက်ထား တောင်းပန်ချက်အရ သံဃာတော်များဘက်မှ ကလျာဏီသိမ် ပြန်လည်တည်ဆောက်ရေးအဖွဲ့နှင့် လူဒါယကာများဘက်မှ ပြန်လည် တည်ဆောက်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းလေသည်။

### ကလျာဏီသိမ် ပြန်လည်တည်ဆောက်ရေး
### နာယကဆရာတော်များ ၉-ပါးအဖွဲ့

၁။ မဟာကလျာဏီဆရာတော် အရှင်ဉာဏဝံသ (ဥက္ကဋ္ဌ)၊
၂။ ရွှေကူဆရာတော် အရှင်ဉာဏာလင်္ကာရ၊
၃။ ခြေတော်ရင်းကျောင်းဆရာတော် အရှင်ပဏ္ဍိဝ၊

---

၁။ ထိုစဉ်က ကျွှပ် မူး ပဲ ပိုင်သုံးသည်။

၄။ မြသပိတ်ဆရာတော် အရှင်သုမန၊
၅။ ဂန္ဓာရုံဆရာတော် အရှင်သုစိဏ္ဏ၊
၆။ ဇော်င်းတူကျောင်းဆရာတော် အရှင်ဇဋိလ၊
၇။ ဝိဇိတာရုံတိုက်သစ်ဆရာတော် အရှင်ဂဏပတိ (အကျိုးတော်ဆောင်)၊
၈။ ပုပ္ဖာရုံကျောင်းဆရာတော် အရှင်ပညာဝရ၊
၉။ မျက်နှာတော်ကျောင်းဆရာတော် အရှင်နာဂိန္ဒ။

## ကလျာဏီသိမ် ပြန်လည်တည်ဆောက်ရေး ဒါယကာများအဖွဲ့

၁။ ဦးဘဖိုး ရိက္ခာတော်ရ အရေးပိုင်မင်း (ဥက္ကဋ္ဌ)၊
၂။ ဦးသူတော် ရွှေခြူးဆေးလိပ်ရုံပိုင်ရှင် (ဝန်ဆောင်ဒါယကာ)၊
၃။ ဦးအုန်းခေါင် မော်တော်ယာဉ် (အကျိုးဆောင်)၊
၄။ ဦးဘခင် ဆရာခင်သားများ ကုမ္ပဏီ၊ ဗိသုကာဆရာကြီး၊
၅။ ဦးဘသောင်း ဆင်နှစ်ကောင်ဆေးလိပ်ရုံကုမ္ပဏီ (အကြံပေး)၊
၆။ ဦးလှဘင် ပွဲစားကြီး (အကြံပေး)။

နာယကသမိတိ စေဝ၊ ဒါယကသမိတိ ပိစ။
အဟေသုံ ဒွေ သမိတိယော၊ မာဠကပတိဋ္ဌာပနေ။

## ပုံစံကို သဘောကျနှစ်သက်ကြ

ဖော်ပြပါ အဖွဲ့ ၂-ဖွဲ့ကို ဖွဲ့စည်းပြီးနောက် ပဲခူးမြို့ သင်ဖြူးတန်း ရွှေခြူး ဝိနယပရိယတ္တိ ဆွမ်းစားရေးတန်အဖွဲ့မှ ကြီးမှူး၍ ဆောက်လုပ်ကြရန် သဘောတူကြသည်။ ၎င်းနောက် သိမ်တန်ဆောင်းတော်ကြီးပုံစံကို ဆရာခင်သားများကုမ္ပဏီမှ တင်သွင်းရန် သဘောတူကြသည်အား လျော်စွာ တင်ပြသော ပုံစံကို ဆရာ ဒကာအားလုံး သဘောတူ လက်ခံကြကုန်၏။ ထိုပုံစံအတိုင်း ဆရာခင်သားများ ကုမ္ပဏီအင်ဂျင်နီယာ ဆရာကြီး ဦးဘသင်ကို အများသဘောတူ တည်ဆောက်လုပ်ကိုင်စေကြသည်။

ယင်းသို့ဖြင့် အစစအရာရာ ပြည့်စုံပြီးဖြစ်သဖြင့် အဆောက်အအုံဟောင်း အပြိုအပျက် အုတ်ကျိုးအုပ်ပဲ့ စသည်များကို ရှင်းလင်းလေရာ ၁၃၁၅-ခုနှစ် နယုန်လဆန်းတွင် ရှင်းလင်းသုတ်သင်၍ ပြီးသလောက်ဖြစ်လေသည်။

## သိမ်တန်ဆောင်းကြီးပန္နက်ချပြီ

ထိုအခါ သာသနာ့ဝင်တွင် အလွန်လျှင် ထင်ရှားလှသော သိမ်တန်ဆောင်းတော်ကြီး အဆောက်အအုံကို အသစ်တည်ဆောက်ရာ၌ ပန္နက်တင်အုတ်မြစ်ချအခမ်းအနားကို ကြီးကျယ်ခမ်းနားစွာ ပြုလုပ်လိုကြောင်း ဝန်ဆောင် ဒါယကာကြီး ဦးသူတော် လျှောက်ထားချက်အရ မဟာကလျာဏီဆရာတော်ဘုရားကြီး အရှင်ဉာဏဝံသမဟာထေရ် အမှူးပြုသော နာယကဆရာတော် ၃-ပါးတို့နှင့် ဥက္ကဋ္ဌ ဦးဘဖိုး၊ ဝန်ဆောင်ဒါယကာကြီး ဦးသူတော်၊ မော်တော်ယာဉ်ဦးအုန်းမောင်၊ စက်သဌေးဦးဘသွင်၊ ဆင်နွှမ်းကောင်ဦးဘသောင်း-ဟူသော လူကြီး ၅-ဦးတို့ ၁၃၁၅-ခုနှစ် နယုန်လဆန်း ၁၁-ရက်နေ့တွင် ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်ဖြစ်သည့် ဦးနုနှင့် တွေ့ဆုံပြီးလျှင် ကလျာဏီသိမ်တန်ဆောင်းတော် အဆောက်အအုံကြီး အပြီးအတိုင် ဆောက်လုပ်ရန် ဝန်ကြီးချုပ်ကြီးမှူး၍ လာရောက်ချီးမြှောက် ပန္နက်ချရန် မေတ္တာရပ်ခံလေရာ ဝန်ကြီးချုပ်က ဝမ်းမြောက်စွာလက်ခံ၍ ကလျာဏီသိမ် တန်ဆောင်းတော်ကြီးတည်ဆောက်ရေးအတွက် သာသနာရေး ဝန်ကြီးနှင့်တကွ မဟာသိရိသုဓမ္မ ဟသ်ာတ ဦးမြ ကြီးမှူးသော သိရိမင်္ဂလာ ပရိတ်တော်အဖွဲ့ဝင်ပုဂ္ဂိုလ်များ သာသနာရေးဆိုင်ရာ ပုဂ္ဂိုလ်များ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု အမှူးပြုသော လူကြီးမင်း ၉-ဦးတို့သည် သိမ်တန်ဆောင်းတော်ကြီးတည်ဆောက်ရန် အောက်ပန္နက်ရိုက်၍ အုတ်မြစ်ချ အခမ်းအနားကို အောက်ပါအတိုင်း ပြုလုပ်ခဲ့ကြကုန်၏။

၁၃၁၅-ခုနှစ် ပဌမဝါဆိုလဆန်း ၁၃-ရက်နေ့ နံနက် ၃-နာရီတိဘိ အချိန်မှစ၍ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်အပေါင်းတို့ကို

ဖိတ်ကြားပြီးလျှင် သီရိမင်္ဂလာ ပဏ္ဍိတ်တော်အဖွဲ့ဝင်များ ဖြစ်ကြသော ဆရာကြီး ဦးကြီးဖေ၊ ဦးညွန့်မောင်၊ ဦးဘမောင်၊ ဦးခင်ဇမောင်လင်း၊ ဦးညွန့်ဆွေ၊ ဦးမြမောင်၊ ဦးကျော်၊ ဦးဘပု တို့က ပဋ္ဌာန်းဒေသနာတော်ကြီးကို အသံမစဲ အဆက်မပြတ် ရွတ်ဖတ်ပူဇော်ကြ၍ ပဉ္စမဝါဆိုလပြည့်နေ့ နံနက် ၉-နာရီအချိန်တွင် မေတ္တာပို့ အမျှဝေကြကာ နဝင်းကျော ၅၄-နာရီအကြာ ပဋ္ဌာန်းပူဇော်ပွဲ ရွတ်ဖတ် ပြီးဆုံးလေသည်။ ဆက်လက်၍ ၉-နာရီမှ ၁၀-နာရီ မိနစ် ၃၀-အထိ ပဲခူးမြို့ တရားဌာနပဏ္ဍိတ်တော် အဖွဲ့က မဟာသမယသုတ်၊ အာဋာနာဋိယသုတ်တော်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ ရွှေခြူးအမျိုးသမီး ပဏ္ဍိတ်တော်အဖွဲ့က မဟာမင်္ဂလသုတ်နှင့် ဓမ္မစက္ကပဝတ္တန သုတ်တော်ကို ရွတ်ဆိုပူဇော်ခြင်း၊ ဇယမင်္ဂလာ ပဏ္ဍိတ်တော်အဖွဲ့က ရတနသုတ်၊ မေတ္တသုတ်၊ ဓဇဂ္ဂသုတ်၊ အာဋာနာဋိယသုတ်၊ ပုဗ္ဗဏှသုတ် ပဏ္ဍိတ်တော်များကို ရွတ်ဆိုပူဇော်ခြင်း တို့ကို အသီးသီး ပြုလုပ်ကြသည်။

၎င်းနောက် ရောက်ရှိလာကြသော နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု အမှူးရှိသော ပရိသတ်ကြီးသည် နာယက ဆရာတော်ထံမှ နဝင်္ဂသီလ ခံယူ ဆောက်တည်သည်။ ၎င်းနောက် နာယက ဆရာတော်ဘုရားကြီး ကိုယ်စား မြသပိတ် ဆရာတော် အရှင်သုမန-က အောက်ဖော်ပြပါ ဩဝါဒ မိန့်ခွန်းတော်ကို မြွက်ကြားတော်မူသည်။

## မြသပိတ်ဆရာတော် အရှင်သုမန၏ ဩဝါဒမိန့်ခွန်းတော်

၁၃၁၅-ပဉ္စမဝါဆိုလပြည့် သောကြာနေ့၊ ယနေ့ အချိန်သည်ကား ကျက်သရေမင်္ဂလာ အပြာပြာတို့နှင့် ပြည့်ဝစုံလင် ရဇဝင်တွင် အလွန်ထင်ရှားမည့် နေ့ထူး နေ့မြတ် လျှောက်ပတ်တင့်တယ် ဂုဏ်ပေါင်းကြွယ်သော အချိန်အခါကြီး ဖြစ်ပေသည်။

ဤအချိန်တွင် ဤသိမ်အပြင်သို့ ညီညာဖွဖြိုး ဥဿာဟဖြင့် စည်းဝေးရောက်လာကြကုန်သော မင်း သင်္ဃေး သူကြွယ် ကုန်သည် လယ်လုပ်

ဗုဒ္ဓဘာသာဝင် လူရှင်အများတို့အား အနည်းငယ် စကားပြောကြား လိုသည်မှာ—

ဗုဒ္ဓတရားတော်တွင် ဘုရားကို အမြတ်တနိုး ကိုးကွယ်ဆည်းကပ်ကြကုန်သော သူတို့၌ ဗုဒ္ဓသရဏဂုံ တည်၏။ တရားတော်မြတ်ကို အမြတ်တနိုး ကိုးကွယ်ဆည်းကပ်ကြကုန်သော သူတို့၌ ဓမ္မသရဏဂုံ တည်၏။ သံဃာတော်ကို အမြတ်တနိုး ကိုးကွယ်ဆည်းကပ်ကြကုန်သော သူတို့၌ သံဃသရဏဂုံ တည်၏။ သရဏဂုံတည်သော လူပုဂ္ဂိုလ်တို့သာ ဥပါသကာ မည်ကုန်၏။ ဥပါသကာ အမည်ကို ခံယူရရှိကြကုန်သော သူတော်စင် အပေါင်းတို့သည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၏ ဆုတ်ယုတ်ပျက်စီး မှုကိုသော်လည်းကောင်း၊ ဗုဒ္ဓမြတ်စွာ၏ သာသနာ့ အဆောက်အအုံကြီး များ ပျက်စီးယိုယွင်း အိုမင်းဆွေးမြေ့၍ နေသည်ကိုသော်လည်းကောင်း ပက်ပင်းထင်ထင် လက်ငင်းတွေ့မြင်၍ နေကြပါလျှင် ရင်မဆိုင်ပဲ မျက်နှာ လွှဲ၍မနေအပ်ကြောင်းကို ဥပါသကာ ဂုဏ် ၁၀-ရပ်တွင် ဂုဏ်အင်္ဂါတရပ် အဖြစ်ဖြင့် ပါဝင်ခဲ့လေသည်။ "ကြာဖြူပဒုမ္မာ" "ကြာပုဏ္ဍရိတ်" နှင့် တူသော ဥပါသကာတို့မှာ သာသနာ့အညစ်အကြေး ဆွေးမြေ့ ပျက်စီး ခြင်းဘေးတို့ကို တွေ့မြင်ဆုံဆည်းခဲ့ပါလျှင် မိမိတို့ရဲ့ တာဝန်တခု အသိ အမှတ်ပြု၍ လျစ်လျူမရှုကြပဲ ဇွဲသတ္တိ လုံ့လတို့ဖြင့် မရမနေ မဖြစ်မနေ ရှိသေစွာ လက်ခံသိမ်းပိုက်၍ အားစိုက်ကြလေသည်။

မူလဘူတ အစဦးစွာ သိမ်ဒါယကာကြီး "ရာမာဓိပတိ" ဘွဲ့ခံ ဓမ္မစေတီ မင်းတရားကြီးက မှာတမ်းစကား ၃-ခွန်း ထားခဲ့သည်။ ၎င်း ၃-ခွန်းမှာ သာသနာ့ အညစ်အကြေးကို မင်းအစိုးရတို့သည် လျစ်လျူမရှုကြနှင့်။ တိုင်းသူ ပြည်သားတို့ကလည်း ဥပေက္ခာ-ပြုကြနှင့်၊ ဆရာတော် သံဃာတော်တို့ကလည်း မျက်နှာလွှဲကြပဲ သန့်ရှင်းစင်ကြယ် တင့်တယ်တောက်ပအောင် ဆောင်ကြတော်မူကြစေလိုပါသည်ဟု ဖြစ်၏။ မြတ်စွာဘုရား၏ အလိုဆန္ဒတော်ကသည်း သာသနာတော် အဓွန့် ရှည်စွာတည်ခြင်း၏ အကြောင်းဖြစ်တဲ့ သာသနာ့အဆောက်အအုံများ ကြည်ညိုဖွယ် တင့်တယ်တောက်ပမှုကို မင်း သင်္ဃေး သူကြွယ် ကုန်သည်

လယ်လုပ်တို့က ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက် ထောက်ပံ့ခြင်း အမှုကို ပြုစေတော်မူလိုသည်။

ထို့ကြောင့် ယနေ့ အစည်းအဝေးပွဲတွင် ပါဝင်ဆင်နွှဲကြသော ဥပါသကာပဒုမ္မာ၊ ဥပါသကာကြာပုဏ္ဏရိတ် ဖြစ်ကြတဲ့ မင်းနှင့် ပြည်သူတို့ကလည်း ဘုရား၏ အလိုကျ ဓမ္မစေတီမင်းတရားကြီး၏ ဆန္ဒတော်အတိုင်း မဆိုင်းမတွ ခဏချက်ချင်း ပြင်းပြသော လုံ့လ ထက်မြက်သော စေတနာ ကြှင်လင်ပြတ်သားသော သဒ္ဓါတရားဖြင့် စိုင်းဝန်းညီညာကူညီဆောင်ရွက် နှစ်သက်အားပေးကြစေလိုသတည်း။

ကြီးကျယ်အထု၊ မြတ်ကောင်းမှု၊ ယခုရကြစေ။
မိုးမင်မှန်ကန်၊ နိုင်ငံခပ်သိမ်း၊ တရားထိန်း၊ ငြိမ်းစေအဖြာဖြာ။

ရှစ်သောင်းလေးထောင်၊တရားရောင်လည်း၊မိုက်မှောင်ပယ်ထွန်း၊ ထိန်ထိန်ရွှန်း၊ ထွန်းစေသာသနာ။

ဤသည်လျှင် ဆရာတော်ကြီးများ၏ ကိုယ်စား မြသပိတ် ဆရာတော်အရှင်သုမန မိန့်ကြားအပ်သော ဩဝါဒ မိန့်ခွန်းတော်ဖြစ်၏။ ၎င်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က အောက်ဖော်ပြပါ မိန့်ခွန်းကို ပရိသတ်ကြီးကို မြွက်ကြားလေသည်။

## နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်း

ယနေ့ ကလျာဏီသိမ်တော်ကြီး ပန္နက်တင်နဲ့ အုတ်မြစ်ချ မင်္ဂလာအခမ်းအနားကို တက်ရောက်ရတဲ့အတွက် ဤအခမ်းအနားကို ကြီးကြပ်ဆောင်ရွက်တော်မူလျက်ရှိကြသော ဆရာတော် သံဃာတော်အရှင်မြတ်များနှင့် လူပုဂ္ဂိုလ်အပေါင်းတို့အား ကျွန်တော် အထူးပဲ ကျေးဇူးတင်ပါတယ်။ ယခုလို အခွင့်ကောင်းရတဲ့အခါမှာ ကျွန်တော်တို့ ပြည်ထောင်စုကြီးရဲ့ လက်ရှိ သာသနာရေး အခြေအနေကို ကျွန်တော် အနည်းငယ် အစီအရင်ခံလိုပါတယ်။

ဒီကနေ့အဖို့ဆိုရင် သာသနာတော်ကြီးဟာ ရာဟုခံတွင်းက လွတ်မြောက်လာတဲ့ ဌေစန္ဒာသမင်းကြီးလို အရောင်အဝါတွေနဲ့ အလွန်တင့်တယ် ခန့်ငြားနေတာကို ဆရာတော် သံဃာတော်များနှင့် တကွပြည်ထောင်စုသားအားလုံး ထင်ရှားစွာ တွေ့ကြုံရပါလိမ့်မယ်။ လွန်ခဲ့တဲ့ ၃-နှစ်ကျော်ခန့်ကဆိုရင် သာသနာတော်ကြီးကို ကြည်ညိုကြတဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ဟာ သာသနာတော်ကြီးနဲ့ ပတ်သက်ပြီး များစွာ စိတ်မချမ်းမသာ ဖြစ်ခဲ့ကြရတာကို ယခုအခါ ပြန်လည်သတိရကြအုံးမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

အဲဒီအချိန်အခါတွေကဆိုလျှင် "သာသနာသည် ဘိန်းနှင့် တူ၏။ သာသနာသည် ခနရှင်တို့ရဲ့ လက်ကိုင်တုတ်ဖြစ်၏။ သဗ္ဗညုတဉာဏ်ဆိုတာ ရှိသလား"အစရှိတဲ့ သာသနာတော်ကြီးကို အမြစ်ကနေပြီး ဖြိုခွဲချေမှုန်းပစ်ရန် ရည်ရွယ်ချက်နဲ့ ရေးသားထားတဲ့ ကြွေးကြော်သံတွေဟာ သာသနာ့ ရန်သူတွေ သာသနာ့ ရန်ဆူးခလုတ်တွေရဲ့ တပ်ဦးကြီးတွေအဖြစ်နဲ့ ပြည်ထောင်စုထဲမှာ ကျယ်ကျယ်လောင်လောင်ကြီး ပေါ်ထွက်လာခဲ့ပါတယ်။

အဲဒီအခါတုန်းက သာသနာ့ ရန်ဆူးခလုတ်တွေရဲ့ အင်အားဟာ အတော်ပဲ တောင့်တင်းပြီး သာသနာတော်ကြီးကို ကြည်ညိုသူတွေရဲ့ အင်အားဟာ ဝါးအစည်းပြေသလို ပြေလျက်ရှိပါတယ်။ အဲဒီလို သာသနာတော် ကြည်ညိုသူတွေရဲ့ အင်အားနည်းမှုကို အခွင့်ကောင်းယူပြီး သာသနာဖျက်တွေဟာ တနေ့ထက်တနေ့ တိုးပြီး အတင့်ရဲလာတာကို ကျွန်တော်တို့ တွေ့ခဲ့ကြပါတယ်၊ ဒါပေမဲ့ ဒီကနေ့အဖို့မှာဆိုရင် သာသနာတော်ကြီးရဲ့ အနေအထားဟာ ထူးထူးခြားခြားကြီး ပြောင်းသွားခဲ့ပါတယ်။ သာသနာတော်ကြီးကို စော်ကားတဲ့ အပြောအဆို အလုပ်အကိုင်တွေကို ရှေးကလို အတင့်ရဲရဲကြီး မပြောဝံ့ မဆိုဝံ့ မလုပ်ဝံ့ရှိသာမကသေး၊ ဤသာသနာ့ရန်သူတွေ သာသနာ့ ဆူးငြောင့်ခလုတ်တွေ ကိုယ်တိုင်ပင်လျှင် ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်ကုန်ကြရပါပြီ။

ဒီလိုအခြေအနေ ပြောင်းသွားအောင် ကြိုးပမ်းဆောင်ရွက်ပေးကြတဲ့ ကာယကံရှင်တွေဟာ ဘယ်သူတွေလဲ၊ ဒီကာယကံရှင်တွေကို ကျွန်တော်တို့ ရှာကြည့်ဖို့လိုပါတယ်။ ဒီကာယကံရှင်တွေဟာ အခြားသူတွေ မဟုတ်ပါဘူး၊ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ အဆုံးအမကို ယုံယုံကြည်ကြည် စွဲစွဲမြဲမြဲ လိုက်နာကြပြီး သီလစောင့်ထိန်းခြင်း၊ ဒါနပြုခြင်း၊ ပရိယတ် လေ့လာဆည်းပူးခြင်း၊ သမထ အားထုတ်ခြင်း၊ ဘာဝနာပွားများခြင်း ပြုလုပ်ကြတဲ့ ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်တို့ပင် ဖြစ်ပါတယ်။ သာသနာတော်ဆိုတာ ခပ်လွယ်လွယ်ပြောရလျှင် ဘုရားရဲ့ အဆုံးအမပဲဖြစ်ပါတယ်။ အဆုံးအမဆိုတာ လိုက်နာကျင့်ကြံဆောင်ရွက်တဲ့ လူတို့မှာ တည်တံ့ခိုင်မြဲပါတယ်။

အဆုံးအမဟာ မည်မျှပင်ကောင်းစေကာမူ လိုက်နာကျင့်ကြံ ဆောင်ရွက်မဲ့လူမရှိလျှင် ကွယ်ပျောက်ရတာဟာ ဓမ္မတာပဲဖြစ်ပါတယ်။ ယခုအခါမှာဆိုရင် ဆရာတော် သံဃာတော်များကလဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဆုံးမတော်မူခဲ့တဲ့အတိုင်း ပရိယတ္တိကိုလဲ အထူးလေ့လာဆည်းပူးလျက်ရှိကြပါတယ်။ ပဋိပတ္တိ လုပ်ငန်းများကိုလဲ အထူးပွားများအားထုတ်လျက်ရှိကြပါတယ်။ လူဒါယကာ လူဒါယိကာမများကလဲ အလှူဒါန ပေးကမ်းစွန့်ကြဲခြင်း သီလဆောက်တည်ခြင်း ပရိယတ္တိ ပဋိပတ္တိ လုပ်ငန်းများကိုလဲ အထူးလေ့လာ ပွားများလျက်ရှိတာကို ပြည်ထောင်စုတဝန်းလုံးမှာ အထင်အရှား တွေ့နေကြရပါတယ်။

အဲဒီလို ဆရာတော် သံဃာတော်များကရော၊ လူဒါယကာ ဒါယိကာမများရော ဘုရားရဲ့အဆုံးအမအတိုင်း ကိုယ့်တာဝန်ရှိတဲ့ လုပ်ငန်းတွေကို အပတ်တကုတ် ကြိုးစားအားထုတ်နေကြတိုင်း သာသနာ့အဆောက်အအုံကြီးဟာ တနေ့တခြား တိုးတက်ခိုင်မာမယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဆရာတော်သံဃာတော်တို့နှင့်တကွ လူဒါယကာ၊ ဒါယိကာမတို့က ယခုရနေတဲ့ အရှိန်ကို မပျက်စေပဲ ဘုရားအဆုံးအမအတိုင်း ကိုယ်စီကိုယ်င ထမ်းဆောင်ကြရာ၌ သာသနာ့တာဝန်တွေကို ယခုကဲ့သို့ တိုးတက်ဆောင်ရွက်သွားကြမယ်ဆိုရင် ကျွန်တော်တို့ပြည်ထောင်စုထဲမှာ

သာသနာ့ ရန် ဆူးခလုတ်တွေ၊ သာသနာ့ရန်သူတွေ ဘယ်တော့မှ ခေါင်းထောင် မထနိုင်ဘူးဆိုတာကို ကျွန်တော် အတိအလင်း ပြောရဲပါတယ်။

ဒီကနေ့ ပန္နက်ရိုက်ပြီး အုတ်မြစ်အသစ်ချတဲ့ ကလျာဏီသိမ်တော်ကြီးဆိုတာလဲ ရာဇဝင်မှာ ထင်ရှားတဲ့ အဓိကရသိမ်တော်ကြီး ဖြစ်ပါတယ်။ ဤသိမ်တော်ကြီး တည်ဆောက်ရေးကို အကြံအား၊ လူအား၊ ငွေအားဖြင့် ရက်ရက်ရောရော အားပေးကူညီထောက်ပံ့နေကြတဲ့ ဆရာတော် သံဃာတော်များနဲ့ လူပုဂ္ဂိုလ်များဟာ အမှန်စင်စစ်ဆိုရင် ကလျာဏီသိမ်တော်ကြီးကို တည်ဆောက်ပေးနေကြတဲ့ သိမ် ဒါယကာ၊ ဒါယိကာမများသာမကပဲ သာသနာတော်ကြီးကိုလဲ တည်တံ့ခိုင်မြဲအောင် စွမ်းဆောင်ပေးလျက် ရှိကြသောပုဂ္ဂိုလ်များဖြစ်ကြတဲ့အတွက် သာသနာ့ဒါယကာ၊ ဒါယိကာမများလဲ ဖြစ်ကြပါသေးတယ်။ အဲဒါကြောင့် အဲဒီ သိမ်ဒါယကာ၊ ဒါယိကာမများ၊ သာသနာ့ဒါယကာ၊ ဒါယိကာမများကို အမှူးပြု၍ ယခု အခမ်းအနားသို့ ကြွရောက်လာကြသော လူထုပရိသတ်ကြီးတရပ်လုံးနှင့် တကွ ပဲခူးနယ်သူနယ်သား ပြည်ထောင်စုသူ ပြည်ထောင်စုသားအပေါင်းတို့သည် ကောင်းသော မင်္ဂလာအပေါင်းတို့နှင့် ကောင်းစွာ ပြည့်စုံကြပါစေသတည်း၊ သမ္ဗာဒေဝါ နတ်ကောင်းနတ်မြတ်အပေါင်းတို့သည် ထိုပုဂ္ဂိုလ်အပေါင်းတို့ကို ကောင်းစွာစောင့်ရှောက်နိုင်ပါစေသတည်း။

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူကြသော ဘုရား၊ တရား၊ သံဃာ ရတနာမြတ် ၃-ပါးတို့၏ တန်ခိုးအာနုဘော်တို့ကြောင့် ထိုပုဂ္ဂိုလ်အပေါင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပြီးလျှင် သာသနာတော်ကြီး၏ အကျိုး၊ လောကကြီး၏ အကျိုးတို့ကို ကောင်းစွာ ဆောင်ရွက်နိုင်ကြလျက် သံသရာဝဋ်ဆင်းရဲဒုက္ခအပေါင်းတို့မှ လျင်မြန်စွာ လွတ်မြောက်နိုင်ကြသည် ဖြစ်ကြပါစေသတ်။ ဤသည်ကား နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်ခွန်းဖြစ်လေသည်။

ဇပံ ဟိ အဂ္ဂါမစ္စေဘပိ၊ ဝစနံ နိစ္ဆရိ ဟိ ခေါ။
ကလျာဏီသိမာမာဠကာ-မူလသိသာဌပနေ ဟိ သော။

ဆက်လက်၍ သာသနာရေးဝန်ကြီးကသည်း အောက်ပါအကိုင်း လျှောက်ထားမြွက်ကြားသည်။

## သာသနာရေးဝန်ကြီး မိန့်ခွန်း

ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား.... ဆရာတော် သံဃာတော်များကို ဖူးမြော်ကန်တော့ ရသည့်အတွက် အလွန် ဝမ်းမြောက်ပါတယ်ဘုရား။ ဤကလျာဏီသိမ်တော်ကြီးနှင့် စပ်လျဉ်းတဲ့အကြောင်း အရာများကို ကြွရောက်သားကြတဲ့ လူကြီးမင်းများမှစ၍ ရှိသတ်တို့အား ပြောကြားခွင့်ပြုတော်မူကြပါရန် တောင်းပန် လျှောက်ထားပါသည် ဘုရား။

လူကြီးမင်းများခင်ဗျာ....ယနေ့ ပန္နက်တင်မည့် ကလျာဏီသိမ်တော် ကြီးမှာ သာသနာတော်တွင် အလွန်ထင်ရှားကျော်စောသော သိမ်တော် ကြီးဖြစ်ပါတယ်။ ရဟန်းရှင်လူ လူတိုင်းပဲ သိကြပါတယ်။ သာမာန် ပုဂ္ဂိုလ်များ ပြုလုပ်ခဲ့တဲ့ သိမ်တော်ကြီး မဟုတ်ပါ။ သက္ကရာဇ် ၇၃၇- ခုနှစ်တွင် ဟံသာဝတီ ပဲခူးနေပြည်တော်ကြီး၌ နန်းတက်သည့် ရာမာ- ဓိပတိဘွဲ့ခံ ဓမ္မစေတီ မင်းတရားကြီး ပြုလုပ်ခဲ့တဲ့ သိမ်တော်ကြီးဖြစ် ပါတယ်။ သိမ်သမုတ်ခြင်းမှာလဲ သာသနာတော်ကြီးရဲ့ အခြေအမြစ်ကြီး ဆင်းသက်ခိုင်မြဲအောင် ပြုလုပ်ခြင်း ဖြစ်ပါတယ်။ သာသနာတော်မှာ အလွန် ကျေးဇူးများပါတယ်။ ရဟန်းပြုလျှင်လဲ သိမ်မှာပဲ ပြုရပါတယ်။ ကြီးလေးတဲ့ သံဃာ့ကိစ္စဟူသမျှကို သိမ်မှာပဲ ပြုလုပ်ရပါတယ်၊ သိမ်မရှိ လျှင် သာသနာတော် မတည်တံ့နိုင်ပါ။

လူကြီးမင်းများခင်ဗျာ....သာသနာတော်မှာ သီလဝန္တ သိက္ခာကာမ ဖြစ်တဲ့ရဟန်းကောင်းတွေ ပေါများပါမှ သာသနာတော်ကြီး ကြီးပွားနိုင်

ပါတယ်။ သီလဝန္တ သိက္ခာကာမ ဖြစ်တဲ့ ရဟန်းကောင်းတို့ဖြစ်မြောက် ပေါ်များရေးမှာ အောက်ပါအချက်ကြီး ၅-ချက်နှင့် ပြည့်စုံမှ ဖြစ်နိုင် ပါတယ်။

၁။ ဝတ္ထုသမ္ပတ္တိ=ရဟန်းခံလိုတဲ့ ရဟန်းလောင်းနှင့် ပြည့်စုံခြင်း၊
၂။ သီမာသမ္ပတ္တိ=ရဟန်းခံဖို့ရာ သိမ်နှင့်ပြည့်စုံခြင်း၊
၃။ ပရိသသမ္ပတ္တိ=ရဟန်းခံလောက်တဲ့ ရဟန်းပရိသတ်နှင့် ပြည့်စုံခြင်း၊
၄။ ဉတ္တိသမ္ပတ္တိ=ဉာတ်နှင့်ပြည့်စုံခြင်း၊
၅။ ကမ္မဝါစာသမ္ပတ္တိ=ကမ္မဝါစာနှင့် ပြည့်စုံခြင်း။

အဲဒီအချက်ကြီး ၅-ချက်နှင့် ပြည့်စုံခါမှ ရဟန်း ဖြစ်နိုင်ပါတယ်။ ရဟန်းကောင်တွေ များများ ဖြစ်ပေါ်လာမှ သာသနာတော်ကြီး ကြီးပွားနိုင်ပါတယ်။

လူကြီးမင်းများခင်ဗျာ....ယခု ပန္နက်တင်မည့် ကလျာဏီသိမ်တော် ကြီးနှင့် စပ်လျဉ်း၍ ၎င်းသိမ်တော်ကြီးကို ဖြစ်မြောက်အောင် ဆောင် ရွက်ခဲ့တဲ့သိမ်ကြီးဒါယကာ ဓမ္မစေတီမင်းကြီး သာသနာပြုပုံကို အနည်း ငယ်ပြောပြလိုပါတယ်။

ဓမ္မစေတီမင်းကြီးက ပိဋကတ်တော်တို့ကို ကောင်းစွာတတ်မြောက် ပါတယ်၊ တတ်မြောက်တဲ့အတွက် သာသနာတော်အကြောင်းကို ကိုယ် တိုင်သိပြီးဖြစ်တော့ မင်းအဖြစ်ရောက်လျှင်ပဲ သာသနာတော်ကြီးကို ပြုစု ရန်စီစဉ်တဲ့အခါ အောက်ပါအတိုင်း အကြံဖြစ်ပါတယ်။

ငါတို့နေရာ ရာမညတိုင်းမှာ သောဏထေရ်နှင့် ဉတ္တရထေရ်တို့ ပြုစု ခဲ့တဲ့ သာသနာတော်ကြီးမှာ အလွန်သန့်ရှင်းစင်ကြယ်ခဲ့တယ်။ သို့သော်လဲ ယခုအခါ နှစ်ပေါင်းကြာလာတော့ ဂိုဏ်းဂဏ အမျိုးမျိုး အယူဝါဒ အမျိုးမျိုး ကွဲပြားလျက်ရှိတယ်။ အချို့ရဟန်းများလဲ ရဟန်းတော်တို့နှင့် မသင့်လျော်တဲ့ အပြုအမူတွေကို ပြုမူလျက်ရှိကြတယ်။ အဲဒီတော့ ရဟန်း

တွေ မစင်ကြယ်နိုင်။ မစင်ကြယ်တဲ့ ရဟန်းတွေသမုတ်တဲ့ သိမ်ဘွေမှာလဲ မစင်ကြယ်နိုင်။ သိမ်တွေကလဲ မစင်ကြယ်၊ ရဟန်းတွေကလဲ မစင်ကြယ်တော့ ရဟန်းကောင်းတွေ ဖြစ်ထွန်းလာဖို့ အလွန်ခဲယဉ်းတယ်။ အဲဒီတော့ ရှေးဦးစွာ သိမ်ကို စင်ကြယ်အောင် လုပ်ပြီးမှ နောက်ရဟန်းတွေ စင်ကြယ်အောင် လုပ်ရမယ်ဟု အကြံဖြစ်တယ်။ အကြံဖြစ်တဲ့အတိုင်း ဆရာတော်ကြီး ၂၂-ပါးနှင့် နောက်လိုက် ဆရာတော် ၂၂-ပါး အားလုံး ၄၄-ပါး အကြောင်းစုံလျှောက်ထားပြီး သင်္ဘော ၂-စင်းနှင့် သီဟိုဠ်ကျွန်း လွှတ်လိုက်တယ်။ သီဟိုဠ်ကျွန်းရောက်တော့ ဆရာတော် ၄၄-ပါးကို အလွန်စင်ကြယ်တဲ့ မဟာဝိဟာရဝါသီဂိုဏ်း သံဃာတော်များထံ လျှောက်ထား သိက္ခာဒဟောင်းကိုစွန့်၍ သာမဏေပြုကာ မြတ်စွာဘုရား ရေသုံးသပ်တော်မူဖူးတဲ့ ကလျာဏီမြစ် ဥဒကုက္ခေပသိမ်မှ သိက္ခာသစ်တင် ရဟန်းပြုပြီး ပြန်လာခဲ့ကြတဲ့ သံဃာတော်များကို ယခုပန္နက်တင်မဲ့ ကလျာဏီသိမ်တော်ကြီးကို သမုတ်စေပါတယ်။

အလွန်သီလသိက္ခာစင်ကြင်တဲ့ သံဃာတော်များ သမုတ်တဲ့အတွက် အလွန်စင်ကြယ်တဲ့ သိမ်ဖြစ်ပြီး အလွန်ထင်ရှားခဲ့ပါတယ်။ အဲဒီလိုသိမ်ကြီး သမုတ်ပြီးတဲ့အခါ မြန်မာနိုင်ငံတော်မှာ ရှိကြတဲ့ဂိုဏ်းအမျိုးမျိုး ရှိ သံဃာတော်တွေ ကလျာဏီသိမ်လာပြီး သိက္ခာဟောင်းကိုစွန့်ပြီး သီဟိုဠ်မှ သိက္ခာတင်လာသော သံဃာတော်များထံ သိက္ခာသစ်တင်ကာ ရဟန်းပြုကြတယ်။ သိမ်းတော်ကြီး သမုတ်ပြီးသည့်နေ့ကစ၍ ၃-နှစ် ၄-နှစ် အတွင်း သိက္ခာသစ်တင်ပြီး ရဟန်းပြုကြတာ သံဃာတော်ပေါင်းအရေအတွက်(၁၅၀၆၅)ပါး ဖြစ်သာတယ်။ အဲဒါကြောင့် ယခုပန္နက်တင်မဲ့ သိမ်တော်ကြီးဟာ သာသနာတော်ဘွင် ရဟန်းအများဆုံး ပေါက်ပွားတဲ့သိမ်တော်ကြီး ဖြစ်ပါတယ်။ ရဟန်းများကို မွေးဖွားတဲ့ မိခင်ကြီးသဖွယ်လဲဖြစ်တယ်။ လူကြီးမင်းများခင်ဗျား.... နောက်တဖန် ဓမ္မစေတီမင်းကြီး သာသနာပြုပုံကို ဆက်ပြောပြလိုပါတယ်။ ၎င်းမင်းလက်ထက်က ရဟန်းသံဃာတော်များကို အောက်ပါအတိုင်း လျှောက်ထားပါတယ်။

သာသနာတော်မှာ ရှင်ပြုလိုသောသူ ရဟန်းပြုလိုသော သူများ လာခဲ့ပါလျှင် မင်းကို ပြစ်မှားသူ၊ သူခိုး၊ မင်းပြစ်မင်းဒဏ် သင့်သူ၊ အိုမင်းမစွမ်းရှိသူ၊ အနာရောဂါ နှိပ်စက်သူ၊ အင်္ဂါချို့ယွင်းသူ၊ လူကြည်ညိုဖွယ် မဖြစ်သူတို့ကို ရှင်ပြု ရဟန်းပြု မပေးပါရန် ဆရာတော်များကို လျှောက်ထားပါတယ်။ ရှင်၊ ရဟန်း ပြုပေးပါက မင်းပြစ်မင်းဒဏ် ထားတယ်။ ရှင်ရဟန်းပြုမည့် ရှင်လောင်း၊ ရဟန်းလောင်းတို့ကိုလဲ ရှင်ရဟန်း မပြုမီ ကလိင်၊ဒဏ်၊ သေခိယ၊ ပါတိမောက်၊ ခုဒ္ဒသိက္ခာ၊ ဒေသနာကြားတို့ကို သင်ကြားလေ့လာစေပြီးမှ ရှင်ရဟန်းပြုပေးပါရန် ဆရာတော်တို့ကို လျှောက်ထားပါတယ်။

ဆေးကုသော ရဟန်း၊ ဗေဒင်ဟောသော ရဟန်း၊ ယတြာပြုသော ရဟန်း၊ အိပ်မက်ဖတ်သော ရဟန်း၊ နိမိတ်ဖတ်သော ရဟန်း၊ လူမှုကို ပြု၍ အသက်မွေးသော ရဟန်း၊ အသံရှည်စွာ သီချင် သံဖြင့် တရားဟောသော ရဟန်း၊ ရောင်းဝယ်ဖောက်ကား၍ အသက်မွေးသော ရဟန်း၊ လယ်လုပ်ကိုင်းကျွန်း ဥယျာဉ်စိုက်ပျိုးသော ရဟန်း၊ နွားကျွဲမွေးမြူသော ရဟန်း၊ ရွှေငွေကိုင်ခံသော ရဟန်း၊ ဥစ္စာပစ္စည်း စုဆောင်းသော ရဟန်း၊ မသင့်တင့်သော လူတို့နှင့် ပေါင်းသင်းဆက်ဆံသော ရဟန်းတို့ကို ကျောင်းသို့သာလျှင် လက်မခံပါနှင့် မနေစေပါနှင့်။ပရိယတ် ပဋိပတ်ကို အားထုတ်သော ရဟန်းကောင်းတို့ကိုသာ လက်ခံတော်မူပါဟု ဆရာတော်တို့ကို လျှောက်ထားပါတယ်။ ပါရာဇိကကျနေကြောင်း ထင်ရှားနေသော ရဟန်းတု ရဟန်းယောင်တို့ကို မတောင်းပန်ပဲ လူထွက်စေပါတယ်။ ပါရာဇိကကျနေကြောင်း မထင်ရှား သူတပါးတို့ကဲ့ရဲ့စွပ်စွဲခြင်း များသဖြင့် သုတ်သင်နိုင်ခဲသော ရဟန်းတို့ကို တောင်းပန်၍ လူထွက်စေပါတယ်။ လူတို့ကဲ့သို့ အသက်မွေးဝမ်းကျောင်း ပြုလုပ်နေသော ရဟန်းတို့ကို တောင်းပန်၍ လူထွက်စေပါတယ်။

ယခု လွှတ်လပ်တဲ့ မြန်မာနိုင်ငံတော်မှာ လူထု အစိုးရဖြစ်သည့်အတိုင်း လူထုကပဲ သာသနာတော်ကို ပြုစုရပါတယ်။ တင်အုံ့ဆဲဆဲဖြစ်တဲ့ ဆဋ္ဌသံဂါယနာကြီးကိုလဲ လူထုကပင် တင်ပါလိမ့်မယ်။

နိဂုံးချုပ် ပြောကြားလိုပါတယ်။ ကလျာဏီ သိမ်တော်ကြီးကို တည်ဆောက်ရာ၌ နာယကဆရာ ပြုလုပ်သော ဆရာတော်များမှ စ၍ တသာသနာလုံးရှိ သံဃာတော်များကလဲ ဓမ္မစေတီမင်းတရားကြီး၏ ထုံးကို နှလုံးပြု၍ သာသနာတော်ကြီးကို ချီးမြှောက်တော်မူကြရန်.... တောင်းပန် လျှောက်ထားပါတယ်ဘုရား။ ကလျာဏီသိမ်တော်ကြီးကို တည်ဆောက်ရာ၌ ကိုယ်ဖိရင်ဖိ ကြိုးစားအားထုတ်တဲ့ အဖွဲ့ဝင်များမှ စ၍ နိုင်ငံတော်ရှိ သာသနာ့ ဒါယကာအများကိုလဲ ဓမ္မစေတီမင်းကြီး၏ ထုံးကို နှလုံးပြု၍ သာသနာတော်ကြီးကို ချီးမြှောက်ကြရန် လေးနက်စွာ တောင်းပန်ပါတယ်။

ဤသည်လျှင် သာသနာရေးဝန်ကြီး၏ မိန့်ခွန်းဖြစ်လေသည်။

သာသနဋ္ဌာနိကာမစ္စောပိ၊ ကထယိ ကထိတဗ္ဗကံ။
မာဋ္ဌကသိလာဋ္ဌပန-ဥဿဝေ အဘိမင်္ဂလေ။

ၿငင်းနောက် အကျိုးတော်ဆောင်က အစီရင်ခံစာ ဖတ်ကြားပြီး ညှိခံအဖွဲ့ ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားလေသည်။ ဤသို့ဖြင့် ပဌမပိုင်း အစီအစဉ် ၁၀-နာရီ မိနစ် ၃၀-အချိန်တွင် ပြီးဆုံးခဲ့လေသည်။ တဖန် ၁၀-နာရီ မိနစ် ၄၀-အချိန်တွင် ဒုတိယပိုင်းကို အစီအစဉ်တိုင်း ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ သမ္မာဒေဝနတ်များကို ၇-မိနစ်ကြာမျှ ဦးဘမောင်က ပင့်ဖိတ်သည်။ ဆက်လက်၍ သာသနာ့ ညွှန်ကြားရေးဝန် ဦးကြီးဖေက ၇-မိနစ်ကြာမျှ အရပ်ဆယ်မျက်နှာ စည်းချသည်။ ၎င်းနောက် သာသနာရေးအရာရှိ ဦးညွန့်ဆွေက ၃-မိနစ်ကြာမျှ ပန္နက်တင်အုတ်မြစ်ချ မင်္ဂလာအခါတော်ကြားသည်။ ၁၂-နာရီ မင်္ဂလာအခါတော် အချိန်တွင်—

၁။ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၊
၂။ သာသနာရေးဝန်ကြီး ဦးဝင်း၊
၃။ သတိုးသီရိသုဓမ္မဘုရားဝန်ကြီး ဦးအေးမောင်၊
၄။ မဟာသီရိသုဓမ္မ ဟသ်ာတ ဦးမြ၊

၅။ ရိက္ခာတော်ရ (ဥက္ကဋ္ဌ) ဦးဘဖိုး၊
၆။ ရိက္ခာတော်ရ လယ်ဝန် ဦးဘစော၊
၇။ ရိက္ခာတော်ရ ဦးလှရွှေ၊
၈။ သစ်ကုန်သည် ဦးစိန်၊
၉။ သစ်ကုန်သည် ဦးမြို—

ငင်းလူကြီးမင်း ၉-ဦးတို့က တပြိုင်နက် ပန္နက်ရိုက်ကြသည်။ ပန္နက်ရိုက်သည့်အချိန်တွင် မင်္ဂလာ ဆန်ပန်း ပေါက်ပေါက်ကြဲဖြန့်၍ မင်္ဂလာကြေးစည်တီး ခရုသင်းမှုတ်သည်။[၁]

ထိုပြင်တပါး ဆက်လက်၍ သာသနာရေးဝန်ကြီး ဦးဝင်းက ၇-မိနစ်ကြာမျှ ပဌဝီဇယမန္တန်တော်ကို ရွတ်ဖတ်၍၊ နိုင်ငံတော် ဝန်ကြီးချုပ်ဦးနုက ၇-မိနစ်ကြာမျှ အမိန့်တော်ပြန်တမ်းကို ဖတ်ကြားသည်။ တဖန်နောက်ဆုံးပိတ် သာသနာရေးအရာရှိ ဦးခင်မောင်လှင်းက မေတ္တာပို့နတ်ပို့ အမျှဝေသည်။ ဤသို့ဖြင့် ကလျာဏီကျောင်းတိုက် သိမ်ဘန်ဆောင်းတော်ကြီး ပန္နက်ချပွဲကို ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့လေသည်။ လူထုပရိသတ်ကြီးမှာ ကျယ်ဝန်းလှသော ကလျာဏီကျောင်းတိုက်ဝိုင်းနှင့်မဆန့်အောင် များပြားလှလေသည်။

မဟတာ ဥဿဝေနေဝ၊ သီလာဋ္ဌပနဉဿဝံ။
အကံသု သပ္ပုရိသာ တေ၊ သုကလျာဏီဘူတလေ။

**အစိုးရက ကူညီတာဝန်ယူ ဆောက်လုပ်ခြင်း**

သက္ကရာဇ် ၁၃၁၅-ခုနှစ် ဝါဆိုလဆန်း ၁၅-ရက်နေ့ ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပစဉ် နေ့လယ်ပိုင်း၌ သာသနာရေးဝန်ကြီး ဦးဝင်းက သိမ်တော်ကြီး အသစ်ပြန်လည်တည်ဆောက်ရာ၌ လူမိုက်နောက်မှ အကြံရဆိုသလို ယခုမှ သတိရ၍ ပြောကြား တောင်းပန်လိုပါသည်။

---

၁။ ကြေးစည်တီးချိန်၊ ခရုသင်းမှုတ်ချိန်မှာ ၁-မိနစ်ကြာသောဟူ၏။

အစိုးရအဖွဲ့က ကူညီမှုကို ခွင့်ပြုပါက ကူညီလိုကြောင်း သာသနာ ငါးထောင်တည်အောင် အုတ်သဲကျောက်ဖြင့် ဆောက်လုပ်မည် ဖြစ်ကြောင်းစသည်ဖြင့် နာယကဆရာတော်နှင့် တည်ဆောက်ရေးအဖွဲ့အား လျှောက်ထား ပြောကြားရာ နာယကဆရာတော်ကြီးများ အစုံနှင့် ဆောက်လုပ်ရေးအဖွဲ့က ခွင့်ပြုသဖြင့် ဝန်ကြီးများနှင့်တကွ အားလုံး ပရိသတ်တို့ ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်၏။

## သိမ်တော်ကြီး ဆောက်လုပ်ပြီးစီးခြင်း

ယင်းသို့ နာယကဆရာတော်ကြီးများနှင့် ဆောက်လုပ်ရေး ဒါယကာများအဖွဲ့၏ ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုချက်အရ နောက်တွင် မူလတည်ဆောက်ရေးအဖွဲ့၌ အစိုးရဘက်မှ ခရိုင်ဝန်ကြီး ဦးမောင်မောင် အစရှိသောပုဂ္ဂိုလ်များကို ထပ်မံ ထည့်စွက်ကာ အဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်းခဲ့လေသည်။ ထိုအဖွဲ့သစ်၌ တရားဝန်ကြီး ဦးအေးမောင်က ဩဝါဒစကား ညွှန်ကြား၍ တည်ဆောက်စေခဲ့လေသည်။

ပဌမ အုတ်ဖြင့် တည်ဆောက်ရန် ရေးဆွဲထားသောပုံကို ပယ်၍ ယခု မျက်တွေ့ထင်ထင်မြင်ရသည့် သိမ်တော်သစ်ကြီးပုံတော်ကို အင်ဂျင်နီယာ ဆရာကြီး ဦးဘသင်ကိုပင် ဦးလှကျော်နှင့် တိုင်ပင်ရေးဆွဲစေ၍ ၎င်း အင်ဂျင်နီယာဆရာကြီးဦးဘသင်ကို အပြီးတိုင် ဆောက်လုပ် ရေးဆွဲလုပ်ငန်းကို အများသဘောတူ လွှဲအပ်ကြလေသည်။

အင်ဂျင်နီယာကြီးသည် မြောက်မြားလှစွာသော ကာယညာဏ်လုပ်သားတို့ဖြင့် ကြိုးစားအားထုတ် ဆောက်လုပ်ခဲ့ရာ ရည်မှန်းသတ်မှတ်ထားသည့် သက္ကရာဇ် ၁၃၁၆-ခုနှစ် ဝါဆိုလမပြည့်မီအတွင်း ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ခဲ့လေသည်။

မဟတာ ဝါယာမေနေဝ၊ အာရဘိ သု သုသိပ္ပိကာ။
သံဝဍ္ဎရေန ကေန၊ နိဋ္ဌာပေသုံ သုမာဋကံ။

## ဒုလ္လဘ ၁၀၈-ပါး ရဟန်းခံပွဲကြီး

ကလျာဏီသိမ် တိုက်တန်ဆောင်းတော်ကြီး တည်ဆောက်ပြီးစီး အောင်မြင်သည့် အထိမ်းအမှတ်အနေဖြင့် ၁၃၁၆-ခုနှစ် ဝါဆိုလဆန်း ၁၁-ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့အထိ ကျင်းပခဲ့လေသည်။

## ရဟန်းလောင်းများ များလွန်း၍ မဲချရ

ထိုဒုလ္လဘရဟန်းခံပွဲ စီစဉ်ရေး၌ နိုင်ငံတော်အစိုးရ သာသနာရေး ဌာနမှ ပဉ္စင်းလောင်း ၁၀၈-ပါး အလိုရှိသည်။ ပြည်ထောင်စုတဝန်း လုံးမှ အင်္ဂါခြေလက် မချွတ်ယွင်းခြင်း စသည့် ဂုဏ်အင်္ဂါနှင့် ပြည့်စုံပြီး ဒုလ္လဘရဟန်းခံလိုသော အမျိုးသားများသည် အစိုးရ သာသနာရေး ဦးစီးဌာနသို့ အကြောင်းကြားရမည်။ မိမိတို့ ပရိက္ခရာယူလာလျှင် ယူ လာနိုင်သည် စသည်ဖြင့် နေ့စဉ်နှင့်တကွ ကြေငြာလိုက်လေရာ ရဟန်း လောင်းများ များပြားလွန်း၍ မဲချရလေရာ ရန်ကုန်မြို့မှ ရဟန်းလောင်း ၆၀-ပါး၊ ပဲခူးတိုင်းမှ ၅၁-ပါး၊ ဧရာဝတီတိုင်းမှ ၈-ပါး မန္တလေး တိုင်းမှ ၅-ပါး၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရခိုင်တိုင်း၊ ရှမ်းပြည်နယ် တို့မှ ၁-ပါးစီ မဲပေါက်လေသည်။ အောင်ဘာလေ ရဟန်းလောင်းတို့၏ အမည်စာရင်းကို သတင်းစာ ရေဒီယိုတို့မှ ထုတ်ပြန် ကြေငြာခဲ့သည်။

ဒုလ္လဘရဟန်းလောင်းများသည် ဝါဆိုလဆန်း ၉-ရက်နေ့ ညနေ ၄-နာရီအချိန်တွင် ရန်ကုန်မြို့ သိရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေရှိ ဥတ္တရကုရုကျောင်းဆောင်သို့ ရောက်ရှိ၍ သာသနာ့ညွှန်ကြားရေးဝန်နှင့် တွေ့ဆုံပြီး မိမိအိပ်ခန်းနေရာများကို ယူရလေသည်။ ရောက်သည့်နေ့မှ စ၍ အစားအသောက်ကို အစိုးရ သာသနာရေးဌာနက တာဝန်ယူ လှူဒါန်း ကျွေးမွေးခဲ့လေသည်။ အသွားအပြန် ခရီးစရိတ်ကို ဒုလ္လဘ ရဟန်းပြုသူများက တာဝန်ယူကြရကုန်၏။

## ရဟန်းခံကြပြီ

ရဟန်းလောင်းများသည် ဝါဆိုလဆန်း ၁၀-ရက်နေ့ နံနက်တွင် ဆရာတော်ကြီးများထံ သာမဏေ ဝတ်စေ၍လည်းကောင်း၊ နေ့လယ် ၁-နာရီအချိန်တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဥတ္တရ-ကုရုဆောင်မှ ကားဝါကြီး ၅-စင်းဖြင့် ပို့ဆောင်ကြကုန်၏။ ပဲခူးမြို့မှ ခမ်းနားသိုက်မြိုက်စွာ ကြိုဆိုကြသည်။ ညနေ လေးနာရီ အချိန်တွင် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်ကြီးသို့ ရောက်လေသည်။ ဒုလ္လဘ ရဟန်းလောင်း သာမဏေများကို ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော် ဘဏ္ဍာတော်ထိန်းအဖွဲ့က ဘိလပ်ရည်များဆက်ကပ်ဒါနပြုသည်။ ထိုမှတဆင့် တည်းခိုရာ ကြခတ်ဝိုင်း ကျောင်းတိုက်ကြီးသို့ ၅-နာရီအချိန်တွင် ရောက်ရှိကြကုန်၏။ လဆန်း ၁၁-ရက်နေ့မှ စ၍ ၁၅-ရက်နေ့ နံနက်တိုင်အောင် ကြခတ်ဝိုင်းကျောင်းတိုက်၌ သီတင်းသုံးစေ၍ ရဟန်းခံပေးတော်မူကြသည်၊ ကြခတ်ဝိုင်းကျောင်း၌ နေထိုင်စဉ်အတောအတွင်း သက်ဆိုင်ရာ ဒကာ ဒကာမများ ဆွမ်းကွမ်းစသည်ဖြင့် လျှာယ် ပြုစု လုပ်ကျွေးလှူဒါန်းကြသည်။ ဝါဆိုလဆန်း ၁၁-ရက်နေ့တွင် ရဟန်းလောင်း ၂၇-ပါးတို့ကို နာယကဆရာတော် သံဃာတော် ၄၀-တို့က ရဟန်းခံပေးတော်မူကြသည်။ ၁၂-ရက်နေ့တွင် ရဟန်းလောင်း ၂၇-ပါးတို့ကို သုဓမ္မာဂိုဏ်း ဆရာတော် သံဃာတော် ၄၀-တို့က ရဟန်းခံ ပေးတော်မူကြသည်။ ၁၃-ရက်နေ့တွင် ရဟန်းလောင်း ၂၇-ပါး တို့အား ဒွါရဝါဒီ ဆရာတော် သံဃာတော် ၁၆-ပါးတို့က ရဟန်းခံပေးတော်မူကြသည်။ ၁၄- ရက်နေ့တွင် ရဟန်းလောင်း ၂၄-ပါးတို့အား ဂဏဝိမုတ္တရေဆရာတော် သံဃာတော် ၃၀-တို့က ရဟန်းခံပေးတော်မူကြသည်။ ဝါဆိုလဆန်း ၁၅-ရက်နေ့တွင် ဒုလ္လဘရဟန်းလောင်း ၃-ပါးတို့ကို သိမ်နာယကဆရာတော် ၃၀-တို့က ရဟန်းခံပေးတော်မူကြသည်။ ဝါဆိုလဆန်း ၁၅-ရက်နေ့တွင် ကလျာဏီကျောင်းတိုက် ဒေါ်ပုမ ဇရပ်၌ ဒေါ်ပုမ-က နေ့ဆွမ်းဆက်ကပ်သည်။

## ကြခတ်ဝိုင်းကျောင်းတိုက်၌ ဩဝါဒခံယူပွဲကျင်းပ

ရဟန်းခံသည့် နေ့အသီးသီးတို့၌ သိမ်ထွက် သံဃာတော်များအား သဒ္ဓါတတ်အားသမျှ လှူဒါန်းကြသည်။ နံနက် သိမ်ဝင်တော်မူကြပြီး ကြခတ်ဝိုင်းကျောင်းတိုက်သို့ ကြွရောက်၍ နေ့ဆွမ်း ဘုဉ်းပေးတော်မူကြသည်။တဖန်နေ့ဆွမ်းဘုဉ်းပေးပြီး ဒုလ္လဘ ရဟန်းလောင်းများနှင့်ဥပဇ္ဈာယ်ဆရာကမ္မဝါစာဆရာတော် ကာရကသံဃာတော်တို့သည် ကလျာဏီသိမ်တော်ကြီးသို့ကြွ၍ သိမ်ဝင်ရဟန်းခံပေးတော်မူ၍ ရဟန်းခံအပြီး ရဟန်းသစ်များ အချို့သံဃာတော်များ ကြခတ်ဝိုင်းကျောင် တိုက်သို့ ပြန်ကြွတော်မူကြသည်။ ဝါဆိုလဆန်း ၁၄-ရက်နေ့ ညဘက်တွင် ဒုလ္လဘရဟန်းတော်များက ပဲခူးမြို့ ဂိုဏ်း ၃-ဂိုဏ်းမှ ဆရာတော်များအား ကြခတ်ဝိုင်းကျောင်းတိုက် ဓမ္မာရုံကြီး၌ ကန်တော့ကြ၍ ဩဝါဒ ခံယူကြသည်။ ဩဝါဒခံယူပွဲတွင် ရွှေကျင်ဂိုဏ်းမှ ရွှေဂူဆရာတော်၊ သုဓမ္မာဂိုဏ်းမှ မြသပိတ်ဆရာတော်၊ ဒွါရဂိုဏ်းမှ ဝိဇိတာရုံဆရာတော်တို့က အသီးသီး ဆုံးမဩဝါဒ ပေးတော်မူကြသည်။ သိမ်တော်ကြီး စတင်ပြုပြင်သူ ရွှေခြူး ဦးသူတော်ကလည်း ဆရာတော်များ၏ အမိန့်အရ သိမ်တော်ကြီးတည်ဆောက်ခဲ့ပုံ အကြောင်းစုံကို လျှောက်ထားလေသည်။ ဒုလ္လဘရဟန်းတော်များကလည်း ၃-ဂိုဏ်းဝင် ဥပဇ္ဈာယ်ဆရာတော် ကမ္မဝါစာဆရာတော်၊ ကာရကသံဃာတော်များအား ကျေးဇူးတင်စကား ခွင့်ပန်စကားများနှင့် ဆောင့်ရှောက်ပြုစု လှူဒါန်းကြသော ဒကာ ဒကာမတို့အား ကျေးဇူးတင်ကြောင်း ဝမ်းမြောက်ကြောင်းတို့ ပါရှိသည့် စာတမ်းများ ရိုက်နှိပ်ကမ်းလှမ်း ဝေငှကြကုန်၏။

ကြခတ်ဝိုင်းသုအာရာမေ ဟိ၊ မဟာသံဃေ သမုဋ္ဌိတိ။
ထေရာနံ သာမဂ္ဂိဘာဝေ၊ ပသာဒဇနနော ဟိ ခေါ။

### မဟာကလျာဏီ ဆွမ်းဆန်စိမ်း လောင်းပွဲကြီး

၁၃၁၆-ခုနှစ် ဝါဆိုလပြည့်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသော လူကြီးမင်းများသည် ကလျာဏီသိမ်တော်ကြီးသို့ ရောက်ရှိ၍

အများပြည်သူတို့နှင့် ညီညာဖြဖြ ဥပုသ်သီတင်း ဆောက်တည်ကြပြီးလျှင် ဒုလ္လဘရဟန်းတော် ၁၀၈-ပါး ပင့်သံဃာ ၉၈-ပါး ၂-ရပ်ပေါင်း သံဃာတော် ၂၀၆-ပါးတို့အား အသီးသီး သိမ်တော်ကြီးမှ ဆင်း၍ မဏ္ဍပ်ကြီးအတွင်း၌ လျှုဒါန်းဖွယ်ရာအဖြာဖြာတို့ဖြင့် လောင်းလှူပူဇော် ဆွမ်းဆန်စိမ်း လောင်းပွဲကြီးကို ခမ်းနားစွာ ကျင်းပ ပြုလုပ်ကြသည်။ ဤမဟာကလျာဏီ ဆွမ်းဆန်စိမ်းလောင်းပွဲကြီးကို ထူးခြားသည့် ဆွမ်းဆန်စိမ်း လောင်းပွဲကြီးအဖြစ် ယခုကာလကျအောင် ပြောဆိုကြကုန်၏။

## ၁၀-ရက်ကြာနေထိုင် ဆွမ်းခံစား တရားရှုမှတ်

ထိုနေ့ လပြည့်နေ့၌ပင် ဒုလ္လဘရဟန်းသစ် ၁၀၈-ပါးတို့ကို ကားဝါကြီးများဖြင့် ပဲခူးမြို့မှ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဥတ္တရကုရုကျောင်းဆောင်သို့ ပင့်ဆောင်စေ၍ ဆရာတော်ကြီးများ၏ ဩဝါဒအတိုင်း ကောင်းမွန်စွာ နေထိုင်စေ၍ ၁၀-ရက်ပတ်လုံး နေကြပြီး ဆွမ်းခံစားပြီး တရားရှုမှတ်ကြကုန်၏။ ဘုရားမြတ်စွာ သာသနာတော်ကား ကုသိုလ်ကောင်းမှုပြုရာ လွန်စွာ စစ်မှန်လှပါပေသည်။

## ဒုလ္လဘရဟန်းပြုရကျိုး

လွန်ခဲ့သော ကိုးဆယ့်တကမ္ဘာထက် ဝိပဿီဘုရားလက်ထက်က ဆွေမျိုးဉာတိများ ပျက်စီးဆုံးပါးသဖြင့် သံဝေဂရပြီး ၇-ရက် ရဟန်းပြုခဲ့သည့် ကောင်းမှုကံကြောင့် တခါမျှ အပါယ်လေးပါး မကျရပဲ ဤဂေါတမဘုရားမြတ်စွာ သာသနာတွင် ရဟန်းပြု၍ ပဋိသမ္ဘိဒါ ၄-ပါး ဝိမောက္ခ ၈-ပါး အဘိညာဉ် ၆ ပါးပိုင်ရှင်ဖြစ်၍ ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့လေသည်[၁]။

---

၁။ ထေရာပဒါနပါဠိ၊ ပဌမ။ ၂၇၃။
(သတ္တာဟပဗ္ဗဇိတထေရာပဒါန်)။

## ကလျာဏီသိမ်တန်ဆောင်းတော် ရေစက်ချပွဲသဘင်ကြီး

သက္ကရာဇ် ၁၃၁၆-ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ဆောက်လုပ်၍ ပြီးစီးပြီဖြစ်သော ကလျာဏီသိမ်တန်ဆောင်းတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ရေချက်ချပွဲသဘင် ကျင်းပခဲ့လေသည်။ နံနက် ၈-နာရီ မိနစ် ၃၀-အချိန်တွင် အခမ်းအနားမှူး သီရိပျံချီ ဦးသန်းစိန်က နာယက ဆရာတော်ကြီးများထံ ခွင့်ပန်၍ အခမ်းအနားဖွင့်လှစ်ကြောင်း ကြေငြာသည်။ ထို့နောက် ပရိသတ်များက နာယက ရွှေဂူဆရာတော်ဘုရားကြီးထံ ရှစ်ပါးသီလခံယူသည်။ ၎င်းနောက် သံဃာတော်များက မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဆိုချီးမြှင့်တော်မူကြသည်။ ၎င်းနောက် နာယက ရွှေဂူဆရာတော်ဘုရားက အောက်ဖော်ပြပါ ဩဝါဒမိန့်ခွန်းတော်ကို မြွက်ကြား ချီးမြှင့်တော်မူသည်။

## နာယကရွှေဂူဆရာတော်ဘုရား၏ ဩဝါဒမိန့်ခွန်းတော်

ဤကလျာဏီသိမ်တော်ကြီး ရေစက်ချပွဲ၌ ၃-ဂိုဏ်းဝင် ဆရာတော်များနှင့် ကလျာဏီသိမ် ပြန်လည်တည်ဆောက်ရေး နာယကဆရာတော်တို့၏ ကိုယ်စား ဩဝါဒစကား ဟောကြားရမည် ဖြစ်ပါသည်။

"သာသနဿ မလံ ဒိသွာ၊ သောဓနံ ကုရုတံ သတော့,ဟူသောကလျာဏီကျောက်စာနိဂုံးစကားကို အကျယ်ချဲ့၍ အနည်းငယ် ဟောကြားမည်ဖြစ်ပါကြောင်း။ ဤသိမ်တော်မြတ်ကြီးသည် သက္ကရာဇ် ၈၃၈-ခုနှစ်တွင် ပဲခူး ဟံသာဝတီနေပြည်တော်ကို အုပ်စိုးတော်မူသော "ရာမာဓိပတိ" ဘွဲ့တံဆိပ်ခံ ဓမ္မစေတီမင်းကြီး တည်ဆောက် သမုတ်ခဲ့သည်မှ ယခုတိုင် ၄၇၇-ခုနှစ်အလွန် အနှစ် ၅၀၀-နီးပါး ကြာခဲ့ငြားသော်လည်း ယခု ထမြောက်အောင်မြင်သော သိမ်တော်သစ်ကြီးလောက်ကြီးကျယ်ခမ်းနားခိုင်ခန့်သော အဆောက်အအုံများ မဖြစ်ခဲ့ဖူးပါသဖြင့် အံ့ဖွယ်ဘနန်း အလွန်ထူးဆန်း၍ "အစ္ဆရိယံဝတဘော၊ အဗ္ဘုတံဝတဘော" ဘော၊ အိုအချင်း

တို့။ အစ္ဆရိယံဝတ၊ အဗ္ဘုတံဝတ၊ အံ့ဖွယ်ကောင်းပေစွတကား။ ဘော၊ အိုအချင်းတို့။ အဗ္ဘုတံဝတ၊ မဖြစ်ဖူးမြဲ ဖြစ်ပေစွတကား''ဟူသည်နှင့်အညီ သာသနာ့ကျက်သရေ လက်လက်ဝေအောင် ပြည့်တွင်ခန့်ညား ငွားငွားစွင့်စွင့် ဂုဏ်ထူးတင့်သည့် သိမ်တော်သစ်ကြီး ဖြစ်ပေါ်လာခြင်းသည် အံ့ဖွယ်တရပ်ဖြစ်ကြောင်းကို(၁) အချက်မှတ်တမ်း တင်ရသည် ဖြစ်ပါကြောင်း။

သိမ်တော်ဖြစ်ပေါ်လာအောင် ပစ္စည်းအား၊ ကိုယ်အား၊ နှုတ်အား၊ ဉာဏ်အား၊ အကြံအား၊ တန်ခိုးအား တို့ဖြင့် ဝိုင်းဝန်းအားထုတ်ကြကုန်သော သံဃာတော်များနှင့်တကွ အယုတ်အားဖြင့် ချုံရှင်းကူသီ အုတ်စီပရိသင် သံလက်သမား အင်ဂျင်နီယာမှစ၍ အထက် သာသနာရေးဝန်ကြီး၊ ဝန်းကြီးချုပ်၊ သမတတို့တိုင် နတ်ပြဟ္မာမကျန် ကြွင်းသည့် သူတော်စင်တသင်းတို့အား သာသနာလိုလားသောသူ အပေါင်းတို့က ကျေးဇူးအထူးတင်မည့်အကြောင်းကို (၂) အချက် မှတ်တမ်းတင်ရပါကြောင်း။

ထိုသိမ်တော်ကြီးမှာ ရှေးအခါက (ငလျင်ဘေးအတန်တန်တို့ဖြင့် ထိခိုက်၍ ပြိုကျလုခမန်း ကြောက်ခမန်းလိလိ သံတိုင်သံကြိုးပတ်ထိုးဖွဲ့ကာ ဆိုင်းထားရပါသဖြင့် သိတင်းကျွတ် ပဝါရဏာပွဲတော်တိုင် သံဃာတော် အရှင်မြတ်တို့မှာ ထိတ်ထိတ်လန့်လန့်နှင့် ပဝါရဏာပြုခဲ့ကြ၍ ''စိတ္တုတြာသံ''ဘေးဒုက္ခအတန်တန်နှင့် သည်းခံကာ နေထိုင်ခဲ့ရာမှ ယခုတခါတွင် စိတ်အေးချမ်းကြည်သာ လွန်စွာရှင်ပျ ချမ်းသာရလျက် သံဃာ့ကံများ ဆောင်ရွက်နိုင်ပါသဖြင့် သိမ်တော်နှင့်စပ် သံဃာတော် အရှင်မြတ်တို့ အမှူးထား၍ အားလုံးသော သူတော်စင်အပေါင်းတို့မှာ သောင်းသောင်းဖြဖြ ဝမ်းသာရခြင်းကို (၃)အချက် မှတ်တမ်းတင်ရပါကြောင်း။

ထိုသို့ အံ့ဖွယ်ဖြစ်နေခြင်း ကျေးဇူးတင်ခြင်း ဝမ်းမြောက်ခြင်းတို့ဖြင့် အရှင်ဘုရားတို့ ပဲခူးသံဃာတော်တို့က ''သိမ်သစ်ကြီးရတာနဲ့ ဝမ်းမြောက်လို့ ကိစ္စပြီးမြောက်ပါပြီလား''ဟု သာသနာရေးဝန်ကြီး ဦးဝင်းတို့လို ဒါယကာတဦးက မေးလျှောက်ခဲ့လျှင် မပြီးသေးဘူးဒါယကာ သိမ်တော်ကြီး မူလဒါယကာ ဓမ္မစေတီမင်းကြီးက မှာထားခဲ့သည့် စကားရပ်မှာ—

"သာသနဿ မလံ ဒိသွာ၊
သောဓနံ ကုရုတံ သတော"တဲ့

"ဟံသာပုရေ၊ ပဲခူးဟံသာဝတီနေပြည်တော်၌။ ပစ္ဆာဝါသီ၊ နောက်အခါ နေလတံ့ဖြစ်သော။ဘိက္ခုသံဃော စ၊မင်းစိုးရာဇာ ဒကာ ဒကာမနှင့်တကွ ရဟန်းသံဃာအပေါင်းသည်လည်း။ သာသနဿ၊ သာသနာတော်မြတ်၏။ မလံ၊ အညစ်အကြေးကို။ ဒိသွာ၊ မြင်သည်ရှိသော်။ သတော၊ သတိတရားလက်ကိုင်ထားလျက်။ သောဓနံ၊ သုတ်သင်ရှင်းလင်းခြင်းကို။ ကုရုတံ၊ ကရောတု၊ မျက်နှာလွှဲ၍ လျစ်လျူမရှုပဲ ပြုပါလော့၊ ပြုစေချင်၏။ ဟူသော မှတ်တမ်းအရ သိမ်တော်ကြီး ပြီးစီးပြီးနောက် သာသနာတော်ကို စောင့်ရှောက်၍ နေကြမည့် မင်းစိုးရာဇာ ဒကာ၊ ဒကာမများနှင့်တကွ ရဟန်းအပေါင်းတို့က "သာသနာ့အညစ်အကြေး အပြစ်အမှေးမထင် စင်ကြယ်အောင် လုပ်ကြဖို့အရေးကျန်ပါသေးသည်" ဟုဖြေဆိုရပါလိမ့်မည်။

လူကြီးလူကောင်း မင်းအပေါင်းတို့ ဆုံတွေ့တဲ့အခါမို့ သာသနာ သုတ်သင်ရေးနှင့်စပ်၍ နဲနဲကလေး ထပ်ပြောလိုက်ချင်ပါတယ်။ ရှေးအခါ သပြေမြိုင်တောရ ဆရာတော်ဘုရားက "ရွှေဂူဘုန်းကြီး........နှစ်တိုင်း ကျင်းပပြုလုပ်ခဲ့တဲ့ ဝိနယစာမေးပွဲအတွက် ရဟန်းသာမဏေတွေ ဝိနည်းတတ်ကြသော်လဲ အကျင့်သိက္ခာပုဒ်တို့မှာ ပျက်စီးယိုယွင်းချက်တွေ လွန်စွာတွေ့ရပါတယ်"ဟု မိန့်တော်မူလေတော့ "တပည့်တော်များဟာဝိနည်းပရိယတ်ကိုသာ တိုးတက်အောင် လုပ်နိုင်ပါတယ်။ ပဋိပတ်တိုးတက်အောင် မလုပ်နိုင်ပါဘူးဘုရား"ပြန်လျှောက်ထားပြီး ကတည်းက "သာသနာစင်ကြယ်အောင်က ဘယ်လိုလုပ်ရပါ့မလဲ"ဟု တဖြေးဖြေး တွေးခဲ့တဲ့ အကြံကလေးထုတ်ဖော်ပြောလိုပါတယ်။

သာသနာသုတ်သင်ရေးဟာ –

၁။ ဒုဿီလသုတ်သင်ရေး။
၂။ အလဇ္ဇီသုတ်သင်ရေး

၂-မျိုးရှိသင့်တယ်။ ၁-နံပါတ် ဒုဿီလဆိုတာ သိက္ခာပုဒ် ဗလာအရှင်း ကင်းပြီးသက်န်းတွေ ပတ်ထားတဲ့ ဖိုးသူတော်အဝါစားတို့ကို ဆိုလိုပါ တယ်။ ၂-နံပါတ်အလဇ္ဇီဆိုတာက ရဟန်းတော့ဟုတ်ပါသေးရဲ့ အကျင့် တွေပျက်သို့ ဘာသာခြားနှင့် လက်ရှိ ဒကာ၊ ဒကာမတို့ကိုတောင်မှ မရှက်ပဲ ဗုဒ္ဓဘာသာတွေ ဂုဏ်ပျက်၊ ရဟန်းတို့ ကျက်သရေမဲ့အောင်လုပ် နေတဲ့ သာသနာပျက်ခြကောင်တွေကို အလဇ္ဇီဟုဆိုရပါတယ်။ ထို ၂- မျိုးအနက် ဒုဿီလ ဖိုးသူတော် အဝါစားကို ရှေးဦးစွာ သုတ်သင်ရမယ်။ ဒုဿီလသုတ်သင်ဆိုတာလဲ လွန်စွာကြောက်ဖို့ကောင်းတယ်၊ သုတ်သင် ရေးမှာ ဆဋ္ဌသံဂါယနာ ပဋ္ဌမသန္နိပါတတုန်းက နိုင်ငံတော်ဝန်ကြီးချုပ် သာသနာရေးဝန်ကြီး၊ သမတတို့လျှောက်ထားချက်မှာ အရှင်ဘုရားတို့ သံဃာတော်တို့ ဘက်က "သာသနာသုတ်သင်ရေးမှာ ဓမ္မစက်ကိုအား ကိုး၍ သုတ်သင်တော်မူကြပါ တပည့်တော်များ ဒါယကာတွေဘက်က အာဏာစက်ဖြင့် ကူညီသုတ်သင်ပါမည်"ဟု လျှောက်ထားချက်မှာ လွန်စွာအားရ နှစ်သိမ့်ဖွယ်ကောင်းပါတယ်။ သို့သော် ဆရာတော်တို့ ဘက်က အရှင်မောဂ္ဂလ္လာန်မထေရ်လို ဒုဿီလတို့သတ်တဲ့သုံး နှလုံးထား၍ အသက်ဘေးအတွက်ကြောက်ကြဟန်ရှိပါတယ်။ ယခုကာလသုတ်သင်ကြ သောအသင်းအဖွဲ့တို့ကလဲ ဈေးကြိုဈေးကြား၊ အိမ်ကြိုအိမ်ကြား ဒကာ၊ ဒကာမမရှိ သာသနာ့ခြကောင်သေး လောင်ကောက်သေးတို့ လောက်သာ ပိတ်ဖြုပတ်၍ သုတ်သင်သည်ကို တွေ့ရပါတယ်။ မျက်နှာကြီးကြီး ထယ်ထယ်ဝါဝါ ကျောင်းကြီးကန်ကြီးနဲ့ မာတုဂါမ နောက်ကွယ်ခန်း ထားခြင်းစသည်ပြုနေတဲ့ ဒုဿီလခြကောင် လောက်ကောင်ကြီးတွေကို မသုတ်သင်နိုင်ပါဘူး။ သို့ပါ၍ သာသနာ့သုတ်သင်ရေး အကြံပေးလို တာက မိမိတို့ဆိုင်ရာမြို့ရွာတို့၌ သာသနာ့သုတ်သင်းရေး စသုံးလုံးအဖွဲ့တခု ဖွဲ့စည်းပေးစေလိုပါတယ်။ထိုအဖွဲ့သားတို့မှာဥပမာ ပဲခူးမြို့ဆိုရင်စစ်ဘက်မှ ဗိုလ်မှူးမင်းသိမ်းတို့လို စစ်ဗိုလ်ကြီးများပါရမယ်။ ရဲဇဝတ်အုပ်ဘက်က ရာဇဝတ်ဝန်ထောက်နှင့် စုံထောက်အရာရှိတို့ ပါသင့်ပါတယ်။ ခရိုင်ဝန် မြို့ ပိုင်၊ သူကြီးတို့နှင့်မြို့ပေါ်ရှိ သာသနာအားပေးနေသောလူကြီးလူကောင်း များ သံဃာတော်ဘက်က ဝိနည်းသိက္ခာလိုသားသော ဂိုဏ်းအသီးသီးမှ

ဆရာတော်ဘုန်းတော်ကြီးများပါစုရုံး၍ သာသနာ့စသုံးလုံ သုတ်သင်ရေး အဖွဲ့ရှိထားရမယ်။ ထိုအဖွဲ့ရဲ့ ရည်ရွယ်ချက်မှာ မိမိတို့ မြို့ရွာဒုဿီလအလဇ္ဇီ ပပျောက်ရေးကို အဓိကထားရမယ်။လုပ်ငန်းစဉ်ကတော့မြို့ပေါ် ရွာပေါ်၌ ဘယ်ဘုန်းကြီးဘယ်ဆရာတော်ဟာဘယ်မာတုဂါမနှင့်ဘယ်သို့စသည်ဒုဿီ လအကျင့် အလဇ္ဇီအကျင့် ကြားခဲ့သော်လည်းကောင်း။ မြင်ခဲ့သော် လည်းကောင်း။ မသက်ာဖွယ်ရှိခဲ့သော် လည်းကောင်း။ စေလွှတ်၍ စုံစမ်းနိုင်ရမယ်။ မေးမြန်းစစ်ဆေးရမည်။ ပင့်ခေါ်ကာ အကြောင်းပြ စစ်ဆေးနိုင်ရမည်။ ထိုသို့ ပင့်ခေါ် စစ်ဆေးမှု၌ လွယ်ကူရန် အစိုးရက ကူညီရိုင်းပင်းရမည်။ ထိုသို့ မေးပါများ စုံစမ်းပါများ၍ ထင်ရှားလာခဲ့ သော် ထို ဒုဿီလကို အကြမ်းမဖက်သေးပဲ တရားလမ်းဖြင့် ဖိုးသူတော် အဝါဝတ် ချွတ်ချင်အောင် ဟောပြောရမည်။ ထိုသို့မျှ မရခဲ့လျှင် စသုံး လုံး သာသနာသုတ်သင်ရေးအဖွဲ့က ဤပုဂ္ဂိုလ် စင်ကြယ်သောပုဂ္ဂိုလ်ဟု မယူဆကြောင်း ဓာတ်ပုံနှင့်တကွ သတင်းစာထဲထည့်ခြင်း၊ ပိုစတာ ဆွဲခြင်း၊ ကျောင်းတိုက်အသီးသီးတို့အား ထိုပုဂ္ဂိုလ်နှင့် ပေါင်းသင်း ဆက်ဆံမှု ရပ်ဆိုင်းရန် လျှောက်ထားခြင်း ပြုလုပ်ရမည်။ ဤသို့သာ အဖွဲ့က စုံစမ်းမေးစစ်မှု များခဲ့လျှင် သာသနာ၌ ဒုဿီလ အလဇ္ဇီ မကုန် သော်လည်း အလွန်နဲသွားလိမ့်မည်ဟု ယူဆပါသည်။ ထိုမှတဆင့် သင့်သလိုသုတ်သင်ဖို့ လမ်းရှိပါသေးသည်။ ယခု ပြောခဲ့ဘာက မူလ သိမ်တော်ကြီး ဒါယကာ ဓမ္မစေတီမင် မြတ် မှာခဲ့သည့် "သာသနဿ မလံ ဒိဿ၊ သောဓနံ ကုရုတံ သတော" ဟူသော မှာပုံတော် အကြောင် ပြု၍ သုတ်သင်ပုံ နည်းပေးခြင်းဖြင့် သံဃာတော် အရှင်မြတ် တို့ဘက်ကလဲ ဓမ္မစေတီမင်းကြီး ကတိကဝတ်အတိုင်း ရဟန်းလောင်း သာမဏေလောင်းတို့ကို ရွေးချယ်စိစစ်၍ ရဟန်းခံပေးခြင်း စသည်ဖြင့် သာသနာ့ အညစ်အကြေး ကင်းစင်နိုင်သမျှ ကင်းစင်အောင်။ မင်းစိုး ရာဇာ ဒကာ၊ ဒကာမတို့ဘက်ကလဲ သာသနာ့ အညစ်အကြေး ကင်းစင် အောင် ဝိုင်းဝန်းကူညီ၍ သာသနာတော်ကြီး ဖြူစင်သန့်ရှင်းအောင် သုတ်သင်ကြပါမည့်အကြောင်းကို (၄)အချက် ဖြည့်စွက်၍ ကောင်း

မြတ်သောစိတ်ထားဖြင့် တိုက်တွန်းနှိုးဆော်ကာ ဩဝါဒရေချမ်းကို သွန်းဖြန်းလိုက်သည်ဖြစ်ပါကြောင်း။

၎င်းနောက် သာသနာရေးဝန်ကြီးက အောက် ဖော်ပြပါအတိုင်း မဟာကလျာဏီ သိမ်တော်ကြီး၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ကို လျှောက်ထားသည်။

## သာသနာရေးဝန်ကြီး လျှောက်ထားလွှာ

စိရံတိဋ္ဌတုသဒ္ဓမ္မော၊ သဒ္ဓမ္မော=သဒ္ဓမ္မ ၃-ပါး သူတော်ကောင်းတရားသည်။ စိရံ=ကြာမြင့်စွာ။ တိဋ္ဌတု=တည်ပါစေသော်။ ဆရာတော်သံဃာတော် အရှင်မြတ်တို့ဘုရား... ယနေ့ ကျင်းပတဲ့ ပွဲသဘင် အခမ်းအနားအကြောင်းကို လျှောက်ထားလိုပါတယ်။ အနည်းငယ် လျှောက်ထားခွင့် ပြုတော်မူပါဘုရား။ ယနေ့ကျင်းပတဲ့ ပွဲသဘင် အခမ်းအနားကြီးက ကလျာဏီ သိမ်တန်ဆောင်းတော်ကြီး ဆောက်လုပ် ပြီးစီးတဲ့ အတွက် ရေစက်ချ လှူဒါန်းတဲ့ ပွဲသဘင် အခမ်း အနားကြီးဖြစ်ပါတယ်။ ရေစက်ချလှူဒါန်းမဲ့ သိမ်တန်ဆောင်းတော်ကြီး တနှစ်အတွင်း ပြီးစီးအောင်မြင်သွားဘာလဲ မြန်မာနိုင်ငံတော်အဖို့ သာသနာတော် ကြီးပွားကြောင်း ပုဗ္ဗနိမိတ် ဖြစ်ပါတယ်ဘုရား။

မြန်မာနိုင်ငံရဲ့ သာသနာဝင်ကိုကြည့်လျှင် အောက်ပိုင်းကစပြီး သာသနာ ထွန်းကားခဲ့ဘာ တွေ့ရပါတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီး နှစ်ပေါင်း ၂၃၆-နှစ် တတိယ သံဂါယနာတင်ပြီး ကိုးတိုင်းကိုးဌာန သာသနာပြု စေလွှတ်ရာ သောဏထေရ်၊ ဥတ္တရထေရ်တို့ သုဝဏ္ဏဘူမိ (သထုံ ပြည်သို့ ကြွလာစဉ်အခါကပင် မြန်မာနိုင်ငံတော် အောက်ပိုင်း၌ သာသနာတော်စပြီး ထွန်းကားခဲ့ပါတယ်။ မြန်မာနိုင်ငံတော် အထက်ပိုင်းမှာ သာသနာတော်သက္ကရာဇ် ၁၆၀၁-ခုနှစ် သထုံပြည် အရှင်အရဟံရောက်လာမှ သာသနာတော် စပြီး ထွန်းကားကြောင်း တွေ့ရပါတယ်။ သို့အတွက် မြန်မာနိုင်ငံတော် သာသနာမှာ အောက်ပိုင်းက စပြီး ထွန်းကားခဲ့ကြောင်း ထင်ရှားပါတယ်ဘုရား။

သာသနာတော် စတင်ထွန်းကားရာ ဒေသအောက်ပိုင်း၌ သာသနာတော် အရင်းအမြစ် သာသနာတော်ရဲ့ မိခင်ကြီး အစစ်ဖြစ်တဲ့ ဤကလျာဏီ သိမ်တန်ဆောင်းတော်ကြီး ပြီးစီးအောင်မြင်ပြီး သာသနာတော် အရင်းအမြစ် ပေါ်လာတဲ့အတွက် သာသနာတော် ကြီးပွားကြောင်း ပုဗ္ဗနိမိတ်ဟု ယူဆခြင်းဖြစ်ပါတယ် ဘုရား။

ဤသိမ်တန်ဆောင်းတော်ကြီး ဆောက်လုပ်ခဲ့ရာ ကလျာဏီသိမ်တော်ကြီးမှာ အဓိကရ သိမ်တော်ကြီးဖြစ်ပါတယ်။ သက္ကရာဇ် ၈၃၈-ခုနှစ်က သမုတ်ခဲ့ပါတယ်။ သမုတ်ခဲ့တဲ့ ပုဂ္ဂိုလ်များက သီဟိုဠ်ကျွန်း ကလျာဏီမြစ် ရေသိမ်၌ သိက္ခာတင်ခဲ့သဖြင့် အလွန် သီလစင်ကြယ်သည့် သံဃာတော်များ သမုတ်ခဲ့တဲ့ သိမ်ဖြစ်ပါတယ်။ ကလျာဏီသိမ် အမည်တွင်ခဲ့ခြင်းမှာလဲ ကလျာဏီမြစ် ရေသိမ်၌ သိက္ခာတင်ခဲ့သော သံဃာတော်များ သမုတ်ခဲ့တဲ့အတွက် ကလျာဏီသိမ်ဟု အမည်တွင်ခဲ့ပါတယ်။ သိမ်ဒါယကာ ရာမာဓိပတိ ဘွဲ့ခံ ဓမ္မစေတီမင်းတရားကြီး ဖြစ်ပါတယ်ဘုရား။

ကလျာဏီသိမ်နှင့် စပ်လျဉ်းပြီး သိမ်အကြောင်း အနည်းငယ် လျှောက်ထားလိုပါတယ်ဘုရား။ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် သီတင်းသုံးတဲ့အခါ "အနုဇာနာမိ ဘိက္ခဝေ သီမံ သမန္နိတုံ" ဟု သိမ်သမုတ်ရန် ခွင့်ပြုတော်မူခဲ့ပြီး ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ခြေရင်းမှာ သိမ်သမုတ်ကြပါတယ်။ အဲဒီသိမ်ဟာ ဘုရားလက်ထက် ရှေးဦး ပဌမ သမုတ်ခဲ့တဲ့ သိမ်ဖြစ်ပါတယ် ဘုရား။

မြန်မာနိုင်ငံ သရေခေတ္တရာ (ပြည်မြို့) မြင်ဗာဟုတောင်ခြေ၌ ရဟန္တာအရှင်မြတ်တို့ သိမ်တလုံး သမုတ်ခဲ့ပါတယ်။ အဲဒီသိမ်ဟာ မြန်မာနိုင်ငံတွင် ပဌမ ရှေးအကျဆုံး သိမ်ဖြစ်ပါတယ် ဘုရား။

ပြည်မြို့မှာ ထိုစဉ်အခါက ရဟန္တာများ သမုတ်ခဲ့တဲ့ သိမ် ကိုးလုံး ယခုထက်တိုင် ထင်ရှားရှိပါတယ် ဘုရား။ သီဟိုဠ်ကျွန်း အနုရာဓမြို့ကို အတွင်းသွင်းပြီး ရှင်မဟိန္ဒရဟန္တာ သမုတ်ခဲ့တဲ့ မဟာသိမ်ကြီးဟာ သီဟိုဠ်ကျွန်းတွင် ပဌမ ရှေးအကျဆုံး သိမ်ဖြစ်ပါတယ် ဘုရား။

ကလျာဏီသိမ်ဒါယကာ ဓမ္မစေတီမင်းကြီးမှာ ထူးခြားတဲ့ သာသနာပြု မင်းကောင်းကြီး ဖြစ်ပါတယ်။ ကိုယ်တိုင် ပိဋကတ်တော် ကျမ်းဂန်တို့ကို တတ်မြောက်ပါတယ်။ သိမ်အကြောင်း ကောင်းကောင်းကြီး သိပါတယ်။ သီလဝန္တ သိက္ခာကာမဖြစ်တဲ့ ရဟန်းကောင်းများအကြောင်းကိုလဲ ကောင်းကောင်းကြီး သိပါတယ်။ သို့အတွက် မင်းအဖြစ်သို့ ရောက်လာပြီး သာသနာတော်ကို တကယ်တန်း ပြုစုရန်—

၁။ ရဟန်းကောင်းရဖို့ စီမံခြင်း။

၂။ သိမ်ကောင်းရဖို့ စီမံခြင်း ဖြစ်ပါတယ်။

ထိုအခါ စီမံတဲ့အတိုင်းပဲ ရဟန်းကောင်းနှင့် သိမ်ကောင်းကို ရရှိခဲ့ပါတယ်ဘုရား။ ယခု ရေစက်ချ လှူဒါန်းတဲ့ တန်ဆောင်းတော်ကြီး ဆောက်လုပ်ထားတဲ့ သိမ်တော်ကြီးဟာ ရဟန်းကောင်းရဖို့ ရှေးဦးစွာ စီမံကာ ထိုရဟန်းများ သမုတ်စေပြီး ဓမ္မစေတီမင်းတရားကြီး သဘောကျ စီမံထားတဲ့ သိမ်တော်ကြီးဖြစ်ပါတယ်ဘုရား။

သိမ်တန်ဆောင်းတော်ကြီး ရေစက်ချပွဲနှင့် စင်လျဉ်း၍ အနည်းငယ် လျှောက်ထားခွင့်ပြုပါဘုရား။ ဤသိမ်တန်ဆောင်းကြီးကို လှူဒါန်းခြင်းမှာ ယခုကာလအချို့ ဒါယကာများ လှူဒါန်းကြသလို တဦးတည်းပိုင်၊ ပုဂ္ဂလိက ၂-ဦးပိုင်၊ ၃-ဦးပိုင် ဒွိသန္တက၊ တိသန္တက မဟုတ်ပါဘုရား။ ပိဋကတ်၌ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ကြီးများကို စီမံစေပြီး ရွေးထုံးကျ၍ အကောင်းဆုံး အမြတ်ဆုံးဖြစ်တဲ့ သံဃာပိုင် "သံဃသန္တက သံဃိက" အဖြစ် လှူဒါန်းခြင်း ဖြစ်ပါတယ်ဘုရား။

အနာထပိဏ် သဌေးကြီး ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်၍ ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ဆွမ်းခဲဖွယ် ဘောဇဉ် ကပ်လှူပြီး မြတ်စွာဘုရားကို လျှောက်ထားခဲ့တဲ့ထုံးရှိပါတယ်။ အနာထပိဏ် သဌေးကြီးက မြတ်စွာဘုရား.... ဇေတဝန်ကျောင်းတော်ကို ဘယ်လို စီမံပါမည်နည်းဟု လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက "တေနဟိတွံ ဂဟပတိဇေတဝနံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿ ပတိဋ္ဌာပေဟိ"

ဟု ဩဝါဒပေးတော်မူပါတယ်။ အကျဉ်းချုပ်အဓိပ္ပါယ်က သင်္ဘောကြီး သင်သည် ဇေတဝန်ကျောင်းတော်ကြီးကို ကြွရောက်လာပြီး၊ ကြွရောက်လာလတံ့ဖြစ်တဲ့ အရပ်လေးမျက်နှာ၌ သီတင်းသုံးနေထိုင်တော်မူတဲ့ သံဃာတော်အား တည်ထားလော့ (လှူဒါန်းလော့) ဟု မိန့်တော်မူတဲ့အတွက် အနာထပိဏ်သဌေးကြီးက ဇေတဝန်ကျောင်းတော်ကြီးကို "သံဃိက" အဖြစ် သံဃာအား လှူဒါန်းတဲ့ထုံး ရှိပါတယ်ဘုရား။

ဝိသာခါ ဒါယိကာမကြီး ပုဗ္ဗာရုံကျောင်းတော်ကြီး လှူဒါန်းခြင်း၊ ဃောသကသဌေးကြီး ဃောသိတာရုံကျောင်းတော်ကို လှူဒါန်းခြင်းစသည်တို့လဲ အနာထပိဏ်သဌေးကြီးနည်းအတိုင်း "သံဃိက"အဖြစ် သံဃာကို လှူဒါန်းခြင်းဖြစ်ပါတယ်။

ဓမ္မာသောကမင်းတရားကြီး ဗုဒ္ဓသာသနာတော်၌ သက်ဝင်ယုံကြည်လာတဲ့အခါ ပိဋကတ်တော် ဓမ္မက္ခန္ဓာပေါင်း ၈၄ဝဝဝ-ကို ပူဇော်သောအားဖြင့် မြို့ရွာပေါင်း ရှစ်သောင်းလေးထောင်၌ ကျောင်းပေါင်း ရှစ်သောင်းလေးထောင်နှင့်အသောကာရုံကျောင်းကြီးတို့ကို ဆောက်လုပ်လှူဒါန်းခြင်းလဲ အနာထပိဏ်သဌေးကြီးနည်းအတိုင်း "သံဃိက"အဖြစ် သံဃာကို လှူဒါန်းခြင်း ဖြစ်ပါတယ်ဘုရား။

သို့အတွက် သာသနာ့ဒါယကာ အနာထပိဏ်၊ ဝိသာခါ။ ဃောသကတို့ထုံး၊ သာသနာ့ ဒါယကာ ဓမ္မာသောကမင်းကြီးထုံးကို ထောက်သောအားဖြင့် သာသနာ့ဒါယကာ ပြည်ထောင်စုသူ ပြည်ထောင်စုသားတို့၏ခေါင်းဆောင်ဖြစ်တဲ့ အစိုးရက "သံဃိက" လှူဒါန်းခြင်းဖြစ်ပါတယ်၊ ယခု လျှောက်ထားခဲ့တဲ့အတိုင်း ပြည်ထောင်စု လူထုကိုယ်စား၊ အစိုးရကိုယ်စားဖြစ်တဲ့ နိုင်ငံတော်ဝန်ကြီးချုပ်က ကျွန်ုပ်ကလျာဏီသိမ်တန်ဆောင်းတော်ကြီးကို သံဃာအား လှူဒါန်းပါလိမ့်မယ်။ တန်ဆောင်းတော်ကြီးမှာ တဦးတယောက်ပိုင် မဟုတ်ပဲ သံဃာပိုင် "သံဃိက" ဖြစ်သွားပါလိမ့်မယ်ဘုရား။

နောက်တဆင့် သံဃာပိုင် "သံဃိက" သံဃပစ္စည်းဖြစ်သွားသော်လဲ လူထုကိုယ်စား အစိုးရကိုယ်စားဖြစ်တဲ့ ဝန်ကြီးချုပ်က ထိုတန်ဆောင်းတော်ကြီးကို အစဉ်သဖြင့် စောင့်ရှောက်ထိန်းသိမ်းရန် စီမံအုပ်ချုပ်ရန်

"ရက္ခိတ ဂေါပိတ ဝိဓာယက" အဖြစ်ဖြင့် ကလျာဏီသိမ်နာယကဆရာတော်ကြီး ၉-ပါးအား အပ်နှင်းပါလိမ့်မယ်။ သို့ရာတွင် သံဃာဝိုင် "သံဃိက" ဖြစ်တဲ့ ထိုတန်ဆောင်းတော်ကြီးကို နာယကဆရာတော်ကြီး ၉-ပါးက စောင့်ရှောက်ထိန်းသိမ်း စီမံအုပ်ချုပ်သွားပါလိမ့်မယ်ဘုရား။

နိဂုံးချုပ်အနေအားဖြင့် အထူးလျှောက်ထားလိုပါသည်ဘုရား။ "ဓမ္မေ ဟောန္တုသဂါရဝါ" ဆိုတဲ့ အဋ္ဌကထာ စကားတော်အတိုင်း သာသနာစောင့်ဖြစ်တဲ့ ဆရာတော် သံဃာတော်များဘက်ကလည်းကောင်း၊ သာသနာ့ဒါယကာဖြစ်တဲ့ လူဒါယကာဘက်ကလည်းကောင်း၊ ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိသဒ္ဓမ္မ၊ ပဋိဝေဓသဒ္ဓမ္မ-သဒ္ဓမ္မ ၃-ပါး သူတော်ကောင်းတရား၌ ရိုသေလေးစားကြရန်၊ စောင့်ရှောက်ကြရန် တောင်းပန်လျှောက်ထားပါတယ်ဘုရား။

စောင့်ရှောက်ကြရာ၌လဲ ပြည်ထောင်စုကြီးကို စောင့်ရှောက်ရန်နှင့် ပြည်ထောင်စုကိုးကွယ်တဲ့သာသနာတော်ကြီးကိုစောင့်ရှောက်ရန် နှစ်မျိုး ရှိခဲ့ရာ ရဟန်းတော်များဖက်က လူ့အလုပ်ဖြစ်တဲ့ နိုင်ငံရေး လူမျိုးရေး စီးပွားရေးလုပ်ငန်းတို့၌ ပါဝင်စွက်ဖက်ခြင်း မရှိပဲ သာသနာရေးလုပ်ငန်းကိုသာ ဆောင်ရွက်လျက် သာသနာတော်ကြီးကို စောင့်ရှောက်တော်မူကြရန်နှင့် လူဒါယကာများကလည်း ပြည်ထောင်စုကြီး တည်မြဲအောင် စောင့်ရှောက်ကြရန် လေးလေးနက်နက် လျှောက်ထားသတိပေးပါတယ်ဘုရား။

ဤသည်လျှင် သာသနာရေးဝန်ကြီး၏ လျှောက်ထားလွှာဖြစ်၏။

သာသနဋ္ဌာနိကာမစ္စေပိ၊ ကထံ သမ္မနိစ္ဆာရယိ၊
မာဋ္ဌကဒက္ခိဏကာလေ၊ ဥဿဝေ အဘိမင်္ဂလေ။

၎င်းနောက် အစီအစဉ် ၅-အရ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုက အောက်ပါအတိုင်း ရေစက်ချအပ်နှင်း လှူဒါန်းလေသည်။

## နိုင်ငံတော်ဝန်ကြီးချုပ်၏

## မဟာကလျာဏီ သိမ်တိုက်တော်ကြီး ရေစက်ချစာတမ်း

ဘန္တေ၊ အရှင်ဘုရားတို့။ သမ္မာဒိဋ္ဌိကာ၊ ကံ ကံ၏အကျိုးကိုသက်ဝင်ယုံကြည်သည့် သမ္မာဒိဋ္ဌိနှယ်ဝင် သူတော်စင်ဖြစ်ကြကုန်သော။ မယံ၊ အစိုးရခေါင်းဆောင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သူ နိုင်ငံသား ဖြစ်ကြကုန်သော တပည့်တော် တပည့်တော်မတို့သည်။ သာသနဿ စ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး၏လည်းကောင်း။ လောကဿ စ၊ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများ၏ လည်းကောင်း။ ဝုဍ္ဎိယာ၊ စည်ပင်ပြန့်ပွား ထွန်းကားစေခြင်းငှာ။ အတိဇိဏ္ဏံ၊ အလွန်ဟောင်းမြင်းဆွေးမြေ့၍နေသော။ ပလုဇ္ဇိတံ၊ ယူစရာ မရအောင် ပြိုကျပျက်စီး၍နေသော။ ဣမံ မဟာကလျာဏီသီမမာဠံ၊ ဤမဟာကလျာဏီ သိမ်တန်ဆောင်းတော်ကြီးကို။ သောဓေတွာ၊ သုတ်သင်ရှင်းလင်း၍။ ပဋိသင်္ခရောမ၊ အုတ် ကျောက် သဲမြေ အင်္ဂတေတို့ဖြင့် အသစ်ပြုပြင် စီရင်ဆောက်လုပ်ကြပါကုန်၏ဘုရား။

ပဋိသင်္ခရိတံ၊ အုတ် ကျောက် သဲမြေ အင်္ဂတေတို့ဖြင့် အသစ်ပြုပြင် စီရင် ဆောက်လုပ်အပ်ပြီးသော။ ဣမံ မဟာကလျာဏီ သီမမာဠံ၊ ဤမဟာကလျာဏီ သိမ်တန်ဆောင်တော်ကြီးကို။ အာဂတာနာဂတဿ၊ ကြွရောက်လာပြီး ကြွရောက်လာလတ္တံ့ ဖြစ်သော။ စာတုဒ္ဒိသဿ၊ အရပ်လေးမျက်နှာ၌ တည်နေ သီတင်းသုံးတော်မူသော။ သံဃဿ၊ သံဃာတော်မြတ်အား။ ဒေမ၊ လှူဒါန်းပါကုန်၏ဘုရား။ သံဃော၊ အရပ်လေးမျက်နှာ၌ တည်နေ သီတင်းသုံးသော သံဃာတော်မြတ်သည်။ ယထာဘိရုစိတံ၊ အလိုတော်ရှိတိုင်း။ ယထာသုခံ၊ ချမ်းသာသလို။ ပရိဘုဉ္ဇတု၊ သုံးဆောင်တော်မူပါဘုရား။

သံဃသန္တကံ၊ သံဃာပိုင်ပစ္စည်းဖြစ်သော။ ဣမံ မဟာကလျာဏီသီမမာဠံ၊ ဤမဟာကလျာဏီသိမ်တန်ဆောင်းတော်ကြီးကို။ အနုရက္ခဏတ္ထာယ၊ မပျက်စီးအောင် အစဉ်ထိန်းသိမ်း စောင့်ရှောက်ခြင်းငှာ၊

မဟာကလျာဏီသိမနာယကာနံ၊ မဟာကလျာဏီ သိမ်တော်ကြီး၏ နာယကဖြစ်ကုန်သော ဆရာတော်ကြီး ၉-ပါးတို့အား။ နိယျာတေမ၊ အပ်နှင်းပါကုန်၏ဘုရား။တုမှေ၊ မဟာကလျာဏီသိမ်တော်ကြီး၏နာယက ဖြစ်ကုန်သော ဆရာတော်ကြီး ၉-ပါးတို့သည်။ အနုရက္ခန္တု၊ မပျက်စီး အောင် အစဉ်ထိန်းသိမ်းစောင့်ရှောက်တော်မူပါကုန်ဘုရား။

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အစိုးရခေါင်းဆောင်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်သားဖြစ်ကြကုန်သော တပည့်တော် တပည့် တော်မတို့သည်။ဣမိနာ ပုညကမ္မေန၊ဤမဟာကလျာဏီသိမ် တန်ဆောင်း တော်ကြီးကို အသစ်ပြုပြင်စီရင် ဆောက်လုပ်လှူဒါန်းကြရသောကုသိုလ် ကောင်းမှုကံကြောင့် လည်းကောင်း။အညေန စ ပုညကမ္မေန၊ ထိုမှတပါး သော ကုသိုလ်ကောင်းမှုကံကြောင့်လည်းကောင်း။ ဣစ္ဆိတံ၊ အလိုရှိ အပ်သော။ ပတ္ထိတံ၊ ဆုတောင်းအပ်သော။ သမ္မာသမ္ဗောဓိဉာဏံ စ၊ သမ္မာသမ္ဗောဓိဉာဏ်ကိုလည်းကောင်း။ ပစ္စေကဗောဓိဉာဏံ စ၊ ပစ္စေက ဗောဓိဉာဏ်ကိုလည်းကောင်း။ အဂ္ဂသာဝကဗောဓိဉာဏဉ္စ၊ အဂ္ဂသာဝက ဗောဓိဉာဏ်ကိုလည်းကောင်း။ မဟာသာဝကဗောဓိဉာဏဉ္စ၊ မဟာသာဝ-ကဗောဓိဉာဏ်ကိုလည်းကောင်း။ ပကတိသာဝကဗောဓိဉာဏဉ္စ၊ ပကတိ သာဝကဗောဓိဉာဏ်ကိုလည်းကောင်း။ ယထာဣစ္ဆိတံ၊ အလိုရှိအပ်သော အတိုင်း။ ယထာပတ္ထိတံ၊ ဆုတောင်းအပ်သော အတိုင်း။ ပစ္စေကံ၊ အသီးသီး ကိုယ်စီကိုယ်င။ လဘိတွာ၊ ရကြကုန်သည် ဖြစ်၍။ အာသဝက္ခယံ၊ အာသဝေါတရား လေးပါးတို့၏ ကင်းကုန်ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့။ သီဃံ၊ လျင်မြန်စွာ။ ပပ္ပောမ၊ အာရုံပြုသော အားဖြင့် ရောက်ရပါလိုကုန်၏ ဘုရား။ သာသနံ၊ ဗုဒ္ဓမြတ်စွာ သာသနာတော် ကြီးသည်။ စိရံ၊ နှစ်ပေါင်းများစွာ ရှည်ကြာမြင့်အောင်။ ဇောတေတု၊ ထွန်းလင်း တောက်ပပါစေသတည်း။

ဣမဉ္စ ပုညဘာဂံ၊ ဤမဟာကလျာဏီ သိမ်တန်ဆောင်းတော်ကြီးကို အသစ်ပြုပြင်စီရင်ဆောက်လုပ်လှူဒါန်းကြရသော ကုသိုလ်ကောင်းမှုကံ၏ အဖို့အစုကိုလည်းကောင်း။ အညဉ္စ ပုညဘာဂံ၊ တပါးသော ကုသိုလ်

ကောင်းမှုကံ၏ အဖို့အစုကိုလည်းကောင်း။ သဗ္ဗသံ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ ဘာဇေမ၊ အမျှပေးဝေပါကုန်၏ဘုရား။ သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ သမံ၊ အညီအမျှ။ လဘန္တု၊ ရကြပါစေကုန်သတည်း။ အနုမောဒန္တု၊ ဝမ်းမြောက်နုမော် သာဓုခေါ်နိုင်ကြပါစေကုန်သတည်း။ မေဒနီ၊ ယူဇနာနှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီ မြေကြီးသည်။ အမှာကံ၊ အစိုးရခေါင်းဆောင် သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားဖြစ်ကုန်သော တပည့်တော် တပည့်တော်မတို့၏။ သက္ခိဋ္ဌာနေ၊ သက်သေအရာ၌။ ဌာတု၊ တည်ပါစေသတည်း။

ဤသည်လျှင် နိုင်ငံတော်ဝန်ကြီးချုပ်၏ မဟာကလျာဏီသိမ်တော်ကြီးရေစက်ချစာတမ်းဖြစ်သည်။

ပါတေတွာ ဒုက္ခိကျောဒကံ၊ အဂ္ဂါမစ္စော မဟာသယော။
အဒါသိ ခေါ သံဃဿေဝ၊ ကလျာဏီသိမမာဠကံ။

## သာဓုသံကြီးတခဲနက်

ဝန်ကြီးချုပ် ရေစက်ချပြီးသည်၏ အဆုံး၌ သာသနာရေးအရာရှိ ဦးညွန့်မောင်က အမျှဝေလိုက်ရာ ရောက်ရှိလာသော ရဟန်း၊ရှင်၊လူပြည်သူအပေါင်းတို့ မြွက်ဆိုကျူးရင့်သည့် သာဓုသံကြီး တခဲနက် ပေါ်ထွက်လာလေသည်။

## ကလျာဏီသာသနာဝင် ဝိသတိမပိုင်း အပြီးသတ်ခြင်း

သူတော်စင်တို့ ကြည်ညိုဖို့ သံဝေဂရဖို့ ရေးသားအပ်သော ကလျာဏီသာသနာဝင်ကျမ်းတွင် ကလျာဏီသိမ်တန်ဆောင်းတော်ကြီး အဆက်ဆက်တည်ဆောက်ပုံ၊ ပွဲပြင်မွမ်းမံပုံ၊ လွှတ်လပ်ရေးခေတ်တွင် အသစ်ပြန်

လည်း တည်ဆောက်ပုံ ဒုလ္လဘ ၁၀၇-ပါး ရဟန်းခံပွဲ သမိုင်း၊ရေစက်ချပွဲ အခမ်းအနားသမိုင်း စသည်တို့ဖြင့် တန်ဆာဆင် ရေးသားအပ်သော ကလျာဏီ သာသနာဝင် ဝိသုတိမပိုင်း ဤတွင် လက်စသတ်လိုက်ပါပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ကလျာဏီသာသနာဝံသော၊ သမတ္တော ဝိသုတိမော ဟိ ဝေ။

# ကလျာဏီသာသနာဝင်
# ဧကဝီသတိမပိုင်း

### အရညဝါသီ ရွှေကျင်နိကာယ စတင်ရာ မဟာကလျာဏီ

မဟာကလျာဏီကျောင်းတိုက်ကြီးသည် ဘုရားမြတ်စွာ သာသနာ တောက်ပြောင် ထိန်ဝင်း လင်းလက်ရာ မြေမြတ်ပရမေ အောင်မြေမှန် လှပေသည်။ **အရညဝါသီ** ရွှေကျင်နိကာယ အာဒိမာပက ပုဂ္ဂလအာဇာနည်အရှင်မြတ်တို့သည် မဟာကလျာဏီ၌ သီတင်းသုံးတော်မူကြ၍ သီလ၊ သိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ မြင့်မားတိုးတက်အောင် ကျင့်ဆောင်တော်မူခဲ့ကြသည်။

အရညဝါသီ ရွှေကျင်နိကာယ စတင်ဟန် ကား ဤသို့ပါတည်း။

### အရညဝါသီ နိကာယထွက် တောကြိုထွက် ရဟန်းတော် ၄-ပါး

၁။ ပဲခူးနယ် ဈေးညောင်ပင်သား အရှင်သုမန၊
၂။ ပဲခူးမြို့သား အရှင်သုမန၊
၃။ ပဲခူးနယ် ဇိုင်းဂနိုင်းကြီးသား အရှင်ဝဏ္ဏ၊
၄။ အထက်မြန်မာပြည်သား အရှင်အာစာရ။

သက္ကရာဇ် ၁၂၁၈-ခုနှစ်တွင် မန္တလေးမှ ပညာသင်ပြန် အထက်၌ ဖော်ပြပါ ရဟန်းတော် ၄-ပါးတို့သည် နေက္ခမ္မဇ္ဈာသယစိတ် ဝိနယ

ဂရုကမ္ဗမာမက သာသနာပြုစိတ်ဓာတ်ပြည့်စုံကြ၍ "ငါတို့သည် လက်ရှိ သာသနာအနေနဲ့ အောက်ပြည်တပိုင်းလုံး တဂိုဏ်းတည်း တလုံးတစည်း တည်းဖြစ်သော်လည်း ရဟန်းတို့သည် နွားမွေး၊ ဆေးကု၊ ဗေဒင်ဟော၊ ငွေစု စသော ကုလဒူသနအနေသန မိစ္ဆာဇီဝတို့ကိုသာ လိုက်စားနေကြ၍ ဘုရားဝိနည်းတော်နှင့် ဆန့်ကျင်နေကြသောအခါ ဖြစ်နေရကား အလဇ္ဇီ ဒုဿီလတို့ အားများနေချိန်ဝယ် ဂါမဝါသီအနေနှင့် သာသနာ ပြုချေသော် ခရီးမတွင်ပေရာ၊ သို့အတွက်ကြောင့် ယခုအခါ မြို့ရပ် ရွာ၌ သာသနာမပြုသေးပဲ သိက္ခာသုံးဖြာ ကြံ့ခိုင်ခန့် နိုင်ရန်အတွက် တောထွက်ကုန်အံ့"ဟု တိုင်ပင်ကြပြီးလျှင် အရညဝါသီ နိကာယ တောရ ဂိုဏ်း အကြီးအနေနှင့် အရှေ့ရှေ့နှံသာ၊ ရွှေပန်းအရပ်၊ ကလျာဏီတို့သို့ အသီးသီး တောထွက်ကြကုန်၏ (အရှင်အာစာရမဟာထေရ် ထေရုပ္ပတ္တိ ပြန်ကြည့်)။

## ကလျာဏီ တောမျှော် ၂-ပါးတို့ နေ့စဉ် စဉ်းစား တောင့်တပုံ

ရာမညတိုင်း တလိုင်းသုံးရပ် သာသနာချက်မွှေ ပင်မဖြစ်သော မဟာ ကလျာဏီကျောင်းတိုက်ကြီးအတွင်း၌ သီတင်းသုံးနေသော အရှင်ဝဏ္ဏ နှင့် အရှင်အာစာရတို့သည် သာသနာပြုရန် ရည်ရွယ်ချက်ဖြင့် တောထွက် ကြသည်အားလျော်စွာ သာသနာပြုရန် နေ့စဉ် စဉ်းစား၍ နေကြကုန်၏။

**စဉ်းစားပုံ။** ။ဗုဒ္ဓအဆုံးအမ လေးနက်လှ၏။
မေ့လျော့က ပေါ့သွားမည်။
ရဟန်းဥစ္စာက သီလ။
ရဟန်းအဆင်း သည်းခံခြင်း။

လောကသားတို့ အကျိုးငှါ ဘုရားရှင်ဟောသော တရားတို့ကား အလွန်နက်နဲ၏။ မေ့လျော့ခြင်းကား မသင့်။ ဒါန သီလ စသောပါရမီ ဆယ်ပါးတို့တွင်လည်း သီလသာလျှင် ရဟန်းတို့အသက်။ သို့အတွက်

ကြောင့် သီလရှိဖို့ ကိုယ်ရောသူပါ ဖြည့်ဆည်းရန် လိုအပ်လှသည်။ သီလတည်ရန် အကြောင်းခံမှာလည်း အမှန်စင်စစ် အရာရာတွင် သည်းခံမှုဖြစ်မည်။ သည်းခံခြင်းသာ ရဟန်းတို့၏ အဆင်းဖြစ်သည်။ သည်းခံစိတ်ရှည် လုံ့လတည်၍ ပြုလုပ်က သာသနာတော်ကိစ္စဟူသမျှ ပြီးပြည့်စုံပေမည်-ဟု စဉ်းစားကာ နေကြလေသည်။

**တောင့်တပုံ။** ။ငါတို့သည် ဘုရားကို ကြည်ညိုသည်ဆိုက ဘုရားစကား ဝိနည်းတရားကို လေးစား ကျင့်သုံးရမည်။ ယခုအခါမှာလည်း ဝိနည်းလေးစားသူတွေ နည်းလှသည်။ ဝိနည်းမလေးစား နွားမွေးဆေးကု စသည်ဖြင့် ထင်ရာတွေ လုပ်နေကြတော့ မကြာမီ သာသနာကွယ်မှာစိုးရသည်။ မနိုင်သည့်ဝန်ကို တယောက်တည်း မ-သော်မကြွ၊ အများချီသော် ကြွရာ၏-ဆိုစကားလို သာသနာ့ဝန်ကို နိုင်နင်းစွာ ထမ်းဆောင်နိုင်ရန် သမစိတ္တ သမာဆန္ဒ ကလျာဏပုဂ္ဂလတို့ကို ရလေသော်တော်လေစွ—ဟု နေ့စဉ်တောင့်တကာ နေကြကုန်၏။

အောက်မြေပင်မ၌ ဖြစ်ပေါ်သော အကြံအစည် တောင့်တခြင်းတို့သည် အဖိုးအနဂ္ဃပါတကား။

## ကလျာဏီတောပျော်တို့ စိတ်အကြံ ပြည့်စုံစ ပြုလာခြင်း

ကလျာဏီတောပျော်တို့ ကြံစည်တောင့်တနေသည့်အခိုက် ၁၂၂၀-ပြည့်နှစ်မှာ သာသနမာမက အရှင်သီလသာရသည် ပညာဆည်းပူးနိုသျည်းယူရန် အရှင်ဝဏ္ဏထံသို့ ရောက်ရှိလာရကား အရှင်ဝဏ္ဏသည် တရွာတည်းနေ တပည့်အား ယခုအခါ သာသနာ၌ ဝိနည်းတရား ပျက်ပြားနေကြပုံ၊ သာသနာ ဆုတ်ယုတ်နေပုံ အစထား၍ လောကမြင်ကွင်းကျယ်ကို ပြပြီးလျှင် ဝိနည်းငါးကျမ်းကို ပဓာနထား၍ လိုအပ်ရာရာ ပညာရပ်များကို သင်ကြားပေးယင်း ရှေးရှေး ရဟန်းတော်များ သာ-သနာပြုသွားပုံ၊ ကျင့်ပုံ၊ ကြံပုံ တွေးခေါ်ယူဆပုံ စသည်ဖြင့် တနှစ်ပတ်လုံး သင်ကြားပြီးလျှင် စွမ်းစွမ်းတမံ သာသနာပြုနိုင်ရန်အတွက် အဘုယျစရာပေါ်များရာဖြစ်သော စစ်ကိုင်း၊ မန္တလေ တို့သို့ သွားရောက် သင်ကြားဆည်းပူးလေ့လာရန် လမ်းညွှန် နည်းပေးခဲ့သည်။

## မိတ်ကောင်း ရွေးချယ်တတ်သော ကလျာဏီ အရှင်ဝဏ္ဏ

တနေ့သ၌ မဟာကလျ ဏီ တောပျော်တို့သည် သုတမယဉာဏ်၊ စိန္တာမယဉာဏ် လွန်စွာ ရင့်ကျက်လာပြီးလျှင် ဗုဒ္ဓသည် (၆)နှစ်ကျင့်ကဘုရားဖြစ်၏။ ဗုဒ္ဓ၏သား တို့များလည်း သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ နှစ်ဝပြည့်ဝစွာ ကြံစည်အားထုတ်နေပါ၏။ "သီလဖြူစင်သူတို့ စိတ်အကြံအစည်သည် ပြီးပြည့်စုံရာ၏" ဆိုသည့်အတိုင်း ငါတို့၏စိတ်အကြံ ကောန်ပြည့်စုံထိုက်ပြီဟု ဆင်ခြင်ကြပြီးလျှင် မန္တလေးမှ ပညာသင်ယူပြီးနောက် တောအတန်တန်သို့ လှည့်လည်နေသော မေ့မွန္တေဝါသိက အရှင်သီလသာရ၊ အရွေ့ရွေနံ့သာတုန်းကြီး အရှင်သုမနတို့နှင့်အတူ (၃)နှစ်တိုင်တိုင် ဂိုဏ်းအုပ်ဆရာတော် အရှင်စန္ဒာလင်္ကာရတို့ထံ နည်းမျိုးစုံ ချဉ်းကပ်ကာ တောထွက်ပြီး သန့်ရှင်းစွာ သာသနာပြုရန် အထပ်ထပ် တောင်းပန်တိုက်တွန်းကြကုန်၏။ (တောင်းပန်ပုံတို့ကို အရှင်ဝဏ္ဏ ထေရုပ္ပတ္တိနှင့် အရှင်သီလသာရ ထေရုပ္ပတ္တိကြည့်)။

## တောရဂိုဏ်း မပေါ်မီကာလ သာသနာ

အရှင်စန္ဒာလင်္ကာရသည် ကလျာဏီ အရှင်ဝဏ္ဏတို့ တောင်းပန်လို့ဆော်ချိန်၌ သာသနာတော်သည် ဂိုဏ်းကွဲမရှိ။ တောင်ငူနှင့် ရန်ကုန်အကြား ကျောင်းအားလုံး တဂိုဏ်းတည်းဖြစ်၍ အလွန် ညီညွတ်၏၊ ထိုညီညွတ်သော ဂိုဏ်းကြီးတဂိုဏ်းလုံး၌ ဂိုဏ်းအုပ်ကြီးဖြစ်၍ အလွန်ထင်ရှား၏။ တဂိုဏ်းလုံး ညီညွတ်သော်လည်း သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့သည် လှည်းစီး၊ နွားမွေး၊ ဆေးကု၊ ဗေဒင်ဟော၊ ငွေစု စသော အပြုအမူတို့ကိုသာ အတုယူနေကြသော အခါကြီးပါတည်း။

## အရှင်စန္ဒာလင်္ကာရ သာသနာစိတ် ထကြွသန်လာပုံ

မီးခဲပြာဖုံးပမာ လွန်စွာ ပါရမီဓာတ်ခံ ကောင်းသော အရှင်စန္ဒာလင်္ကာရသည် အရှင်ဝဏ္ဏစသော မထေရ်တို့၏(၃)နှစ်တိုင်တိုင် သာသနာ

သန့်ရှင်းရေးအတွက်တောင်းပန်တိုက်တွန်းကြသောအခါ သံဃါယနာတင် အရှင်မဟာကဿပ စသည့်တို့ကဲ့သို့ သာသနာ သန့်ရှင်းတည်တံ့ပြန့်ပွား အောင် ပြုရမှုကား ကောင်းလေစွဟု တနေ့တခြား သာသနာပြုစိတ် တိုးပွား ထက်သန်လာလေသည်၊

## အရှင်စန္ဒာလင်္ကာရ စိတ်အကြံ

အရှင်စန္ဒာလင်္ကာရသည် ယခုလက်ရှိ သာသနာ့ဝန်ထမ်းတို့၏ ညီ ညွတ်ခြင်းကား ဝိနည်းကင်းလှ၏။ ဗုဒ္ဓအလိုကျ ညီညွတ်ခြင်းသည် ဤသို့ မဟုတ်။ စင်စစ် ငါကား ကြောင့်ကျမဲ့နေခြင်းငှာ မသင့်ဟု မဆုတ်မနစ် စိတ်အကြံ ဖြစ်လေသည်။

## ဂိုဏ်းအုပ် အရှင်စန္ဒာလင်္ကာရ တရားဟော

အရှင်စန္ဒာလင်္ကာရသည် သာသနာစိတ် ပြင်းပြလာရကား ဂိုဏ်း သံဃာအားလုံး စုဝေး၍—ငါ့ရှင်တို့ ...

"ဒုပ္ပရာမဋ္ဌံ ဟိ သာမညံ၊ နိရယာယူပကာစုတိ" မကောင်းသဖြင့် သုံးသပ်အပ်သော ရဟန်းအဖြစ်သည် ငရဲသို့ ဆွဲချ၏ဟု ဘုရားဟော သည်။

မအပ်မရာ သံသယမကင်းစရာ ကျောင်းကန်စသော ပစ္စည်းတို့သည် ကြောက်ဖွယ် ကောင်းကုန်၏။လွတ်လွတ်ပဲ စွန့်ကြစို့၊ တောထွက်ကြစို့၊ တရားနှင့်အညီ နေကြစို့ဟု တိုက်တွန်း ဟောကြား၏။

## ဂိုဏ်းသံဃာအားလုံး တောထွက်ရန် ဝန်ခံ

ဂိုဏ်းသံဃာအားလုံးသည် ဂိုဏ်းအုပ် ဆရာတော်၏ တရားသံကို ကြားရလျှင် ကြက်သီးထကြကုန်၏။ သဒ္ဓါပသန္န ဖြစ် နှစ်သက်ကြကုန်၏။ အမိန့်တော်မြတ်အတိုင်း လိုက်နာပါမည်ဟု အသီးသီးဝန်ခံ တညီတညွတ် တည်း ပဋိညာဉ်ပေးကြကုန်၏။ ရဟန်းရှင်လူ ကြားသိတိုင်းသော သူတို့ သည် အတိုင်းထက်အလွန် ဝမ်းမြောက်ကြကုန်၏။

## ဂိုဏ်းသံဃာတို့ ပဋိညာဉ်ပျက်

စည်းဝေးဝန်ခံရာမှ ပြန်လာ၍ မိမိတို့နေရာသို့ ရောက်ကြသောအခါ ငါတောထွက်သွားလျှင် ငါ့တပည့်တွေ ကျန်ရစ်၍ မျက်နှာငယ်ရှာတော့မည်။ ဒကာ ဒကာမတွေ ပင်ပန်းစွာ ရှာ၍ လှူသော ပစ္စည်းတွေလည်း အချည်းနှီးမဖြစ်စေကောင်း၊ ဤပစ္စည်းများသည် လူ နတ် နိဗ္ဗာန် ချမ်းသာ မဂ်ဖိုလ်တို့အကြောင်းဖြစ်သည်စသည်ဖြင့် အယူအဆလွဲကာ ဝန်ခံမှုကို ပယ်စွန့်ကြကုန်၏။ အဖန်ဖန် စည်းဝေးခေါ်သော်လည်း ဟန်ဆောင်သော်မှ မတက်နိုင်ကြလေကုန်။

## သံဝေဂရ တောထွက်ရန် ဆုံးဖြတ်ချက်ချ

ဂိုဏ်းသံဃာအားလုံး ပဋိညာဉ်ပျက်ကြသောအခါ ဂိုဏ်းအုပ်ဆရာတော် အရှင်စန္ဒာလင်္ကာရသည် ကြီးစွာ သံဝေဂဉာဏ်ဖြစ်ပြီး ဤသို့သော အကြံ ဖြစ်ပေါ်၏။ ဘုရားရှင် ဟောသည်ကား—

"သမဂ္ဂေါ ဟိ သံဃော၊ သမ္မောဒမာနော အဝိဝဒမာနော
ကေဒ္ဒေသော ဖာသု ဝိဟရတိ"—

ဤသို့ဖြစ်၏။ ယခုကာလ ရဟန်းသံဃာများအဖို့ ကိုယ်ဖြင့် ညီညွတ်တိုင်း ညီညွတ်သည်မဆိုနိုင်။ စိတ်ဖြင့် ဝမ်းမြောက်တိုင်း ဝမ်းမြောက်သည် မဆိုနိုင်။ နှုတ်ဖြင့် မငြင်းခုံဘိုင်း မငြင်းခုံဟု မဆိုနိုင်။ ငါ့အဖို့လည်း ဂိုဏ်းအုပ်ဖြစ်ရုံနှင့် အပါယ်တံခါး ပိတ်ပြီလော။ ဂိုဏ်းအုပ်ဂုဏ်သည် အားကိုးရာ မဟုတ်။ တပည့်တပန်း ရဟန်းတို့သည်လည်း အားကိုးရာ မဟုတ်။ ငါ၏ကိုယ်သာ ငါ၏ အားကိုးရာ ဖြစ်တော့သည်။ သို့အတွက်ကြောင့် တောထွက်တော့မည်ဟု ဆုံးဖြတ်ချက်ချတော်မူသည်။

## အရညဝါသီ နိကာယဂိုဏ်းကြီး စတင်လေပြီ
## ပြုနိုင်ခဲသော အလုပ်ကို ပြုတော်မူခြင်း

၁၂၂၆-ခုနှစ်သို့ ရောက်တော်မူသောအခါ ဂိုဏ်းအုပ်ဆရာတော်ဒ္ဒ အရှင်စန္ဒာလင်္ကာရသည် တုရားလောင်းကဲ့သို့သူများပြုနိုင်ရသော ဂိုဏ်း

အုပ် ဂုဏ်ကို စွန့်ခြင်း၊ မိမိသို့ အတုလိုက်သူနှင့်တကွ ပဗ္ဗာဇနီယ ဝိနည်းကံ အမှုကို အပြုခံခြင်း၊ ကျောင်းကန်ပစ္စည်းအားလုံးကို မငဲ့မကွက် စွန့်ပယ်ခြင်း စသော အမှုတို့ကို ရဲရဲတောက် ပြုကျင့်တော်မူလေသည်။

## အရညာဝါသီ ပေါင်းဆုံမိကြပြီ

သူတထူးတို့ ပြုနိုင်ခဲ့သော အမှုကို ပြုတော်မူပြီးသော အရှင်စန္ဒာလင်္ကာရသည် သမစိတ္တ သမာဆန္ဒ သာသနမာမက ကလျာဏမိတ္တ အရှင်ဝဏ္ဏ အရှင်သီလသာရတို့နှင့်အတူ ကလျာဏီသို့ တောထွက်တော်မူလေသည်။ ထို့ကြောင့် အရညာဝါသီ တောရတည်သည့် နှင် (၄)ပါးတို့ ပေါင်းဆုံမိကြလေသည်။ ထိုအခါမှစ၍ (၉)နှစ်တိုင်တိုင် ကြံစည်အားထုတ် တည်ဆောက်ခဲ့သော အရညာဝါသီ နိကာယကြီး စတင်ပေါ်ပေါက်လာလေသည်။

## တောရဂိုဏ်းအစ ရှင်ကျော်(၄)ပါး

ကလျာဏီ တတိယဆရာတော် အရှင်ဝဏ္ဏ၊ မန္တလေးမှ ကြွလာစဉ်က အတူပါလာသော အရှင်အာစာရ၊ ကလျာဏီ စတုတ္ထဆရာတော်လည်း တောရဂိုဏ်း စတင်ရာတွင် ပါဝင်ခဲ့လေသည်။ သို့ဖြစ်၍ တောရဂိုဏ်း အစ ရှင်ကျော်(၄)ပါးကို—

(၁) ဆရာတော် အရှင်စန္ဒာလင်္ကာရ၊
(၂) ဆရာတော် အရှင်ဝဏ္ဏ၊
(၃) ဆရာတော် အရှင်အာစာရ၊
(၄) ဆရာတော် အရှင်သီလသာရ—
အားဖြင့် (၄)ပါး မှတ်သားရာ၏။

စန္ဒာလင်္ကာရော ဝဏ္ဏော စ၊ အာစာရော သီလေနာပိ စ။
စတ္တာရော အရညာဝါသီ၊ နိကာယပဘာဝါ ဟိ ခေါ။

## ခိုင်ခန့်ဖွဲ့စည်းခြင်း

၁၂၂၆-ခုနှစ်တွင် အရညဝါသီ နိကာယကို အထူးသန့်ရှင်း ခိုင်ခန့်သော နိကာယကြီးဖြစ်အောင် အရှင်စန္ဒာလင်္ကာရ ဦးစီးလျက် အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပေသည်။

### အရညဝါသီ နိကာယ အဦးအစ နာယကအဖွဲ့

| | | | |
|---|---|---|---|
| (၁) | အရှင်စန္ဒာလင်္ကာရ | (ဂိုဏ်းအုပ်ဘုန်းကြီးပို) | မဟာနာယက၊ |
| (၂) | အရှင်သုမန | (ကျောက်ဆည်၊မြင်းစိုင်း၊ မက္ခရာ သုံးဂိုဏ်းအုပ် ပဲခူးမြို့တွင်းသား) | နာယက၊ |
| (၃) | အရှင်ဝဏ္ဏ | (ကလျာဏီတတိယဆရာတော် ဇိုင်းဂနိုင်းကြီးသား) | နာယက၊ |
| (၄) | အရှင်သုမန | (အရွှေ ရွှေနံ့သာဆရာတော် ဈေးညောင်ပင်သား) | နာယက၊ |
| (၅) | အရှင်သီလသာရ | (ဘုန်းတော်ကြီးဦးသီလ ဇိုင်းဂနိုင်းကြီးသား) | နာယက၊ |

အရှင်စန္ဒာလင်္ကာရနှင့် အရှင်သီလသာရ တို့မှတပါး ဆရာတော်တို့ကား ရှေးဦးစွာ တောထွက်နှင့်ကြသော ဆရာတော်များသာဖြစ်ကြကုန်၏။

### အရညဝါသီ နိကာယ အာဒိကမ္မိက မဟာနာယက ဆရာတော် ကလျာဏီနွယ်ဝင် အရှင်စန္ဒာလင်္ကာရ မဟာထေရ်

အရှင်စန္ဒာလင်္ကာရ(ဘုန်းကြီးပို)သည် ကလျာဏီ အရှင်ဝဏ္ဏ စသော မထေရ်တို့နှင့် သမိတ္တဖြစ်၍ ၁၂၂၆-ခုနှစ် ကလျာဏီသို့ တောထွက်ခဲ့ရာကား ဤနေရာ၌ ကလျာဏီဝင်အဖြစ် သူတော်စင်တို့ ကြည်ညိုဖို့ရန် ဖော်ပြအပ်ပေသည်။ အရှင်စန္ဒာလင်္ကာရသည် ၁၁၅၉-ခုဖွား ကျိုက်ဒေးယျုံ ဇာတိဖြစ်၏။

## အရှင်စန္ဒာလင်္ကာရ၏ ဆရာ

အရှင်စန္ဒာလင်္ကာရ၏ ဆရာကား ၁၁၄၂-ခုဖွား သက်တော် (၈၄) သိက္ခာ (၆၅)ဝါရှိ ကျိုက်ဒေးယျုံ ဘုန်းတော်ကြီး ဖြစ်သည်။

## တောမထွက်မိ သီတင်းသုံးရာ

အရှင်စန္ဒာလင်္ကာရသည် တောမထွက်မိ ပဲခူးမြို့ အမှတ်(၂)အ-ထ-က နေရာထောင့် ကျောင်း၌ ဂိုဏ်းအုပ်ဆရာတော်အဖြစ် သီတင်းသုံးတော်မူခဲ့သည်။

## အရညာဝါသီ နိကာယ အာဒိကမ္မိက မဟာနာယက

၁၂၂၆-ခုနှစ်တွင် အရညာဝါသီ နိကာယ ဆင်းသက်ပုံ စကားအစဉ် ဖြင့် ကလျာဏီတွင် တောထွက်လာပြီး မူလက ဂုဏဝုဍ္ဍိ ဝယဝုဍ္ဍိ ပြီး ပြည့်ရကား ကလျာဏီနှယ်ဝင် အရညာဝါသီ နိကာယ အာဒိကမ္မိက မဟာနာယကအဖြစ် ရောက်ရှိတော်မူလေသည်။ ထိုဆရာတော်၏ ဘုန်း ဂုဏ် ကြည်ညိုဖွယ်တို့ကား လွန်စွာ ကြီးမားတော်မူလေသည်။

## အရညာဝါသီ နိကာယ ဝိနည်းစာပြန်ပွဲကြီး ပေါ်လာပြီ

အရညာဝါသီ နိကာယ တောရဆရာတော်များသည် သာသနာစိတ် တကယ်ပြည့်ဝသော ပုဂ္ဂိုလ်ထူးများ ဖြစ်တော်မူကြသည်။ ဘုရားမြတ် စွာ သာသနာရောင် တောက်ပြောင်ထိန်ဝင်း လင်းလက်ရန် အလွန် လိုလားတော်မူကြသည်။ ဝိနည်းသည် သာသနာတော်၏ အသက် သွေးခဲဖြစ်သည်။ ဝိနည်းတည်မှ သာသနာတည်သည်ဟူသော အဋ္ဌကထာ ဆရာတော်၏ စကားကို စွဲမြဲစွာ ယုံကြည်သည့် ပုဂ္ဂလ အာဇာနည်များ ပီပီ ဘုရားမြတ်စွာ သာသနာ အရှည်တည်ရန် ဆန္ဒတော် ပြင်းပြကြ သဖြင့် သက္ကရာဇ် ၁၂၃၃-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၂)ရက်နေ့ တွင် ဝိနည်း ပြန်ဆိုကြစတမ်းဟူသော ဆုံးဖြတ်ချက်ကို ဆုံးဖြတ်ချက်

ချတော်မူကြသည်။ ထိုအခါ ကလျာဏီဆရာတော် အရှင်ဝဏ္ဏသည် ဦးဆောင်အဖြစ် ပါဝင်တော်မူခဲ့လေသည်။ သို့ရာတွင် အရှင်ဝဏ္ဏမှာ ဝိနည်းစာပြန်ပွဲ ရက်ဖြစ်သည့် တန်ဆောင်မုန်းလဆုတ် (၂)ရက်နေ့ မတိုင်မီကမင် ပျံလွန်တော်မူခဲ့လေသည်။ သံဝေဂရဖွယ်ကောင်းလေစွ။

တေဟ္ဂိ သအင်္ဂေ ဝဿေ၊ ဒွိသတေကသဟဿကေ။
သုဂိနယပရိက္ခကာ၊ သဘာ ဟိ သမ္ဘုတာ ဟိ ဝေ။

## အရည္ဇဝါသိနိကာယ ပဝါရဏာပွဲကြီးပေါ်လာပြီ

အရည္ဇဝါသိနိကာယ ထေရဆရာတော်များသည် စာပြန်ပွဲဖြင့်ပြီး နောက် ညီညွတ်မှုကို ရှေးရှု၍ ပဝါရဏာကိုလည်း စုပေါင်းရန် ညှိနှိုင်း တိုင်ပင်ကြပြီး အရည္ဇဝါသိနိကာယ မဟာကလျာဏီ ပဝါရဏာပွဲတို့ကို ၁၂၄၄-ခုနှစ်တွင် စသည်ဟု ယခုပုဂ္ဂိုလ်များ မှတ်ယူကြသည်။ ဘုန်း တော်ကြီး ဦးသီလ ထေရုပ္ပတ္တိ၌ ၁၂၅၃-ခုနှစ်သို့ ရောက်သော အခါ ကလျာဏီဆရာတော် အရှင်အာစာရ၊ မဟာစေတီ ပဥ္စမဆရာ တော် အရှင်ဂုဏစသော မထေရ်တို့၏ စီမံချက်အရ မဟာကလျာဏီ သိမ်၌ သီတင်းကျွတ်လပြည့် မဟာပဝါရဏာပွဲကို တဂိုဏ်းလုံးစု၍ ပြုလုပ်ကြသည်ဟု လာရှိသည်ဟု ကလျာဏီဆရာတော် အရှင်စန္ဒိမာ ၏ အဆိုကို ဖော်ပြထားသည်။[၁] ဖော်ပြပါ ဘုန်းတော်ကြီး ဦးသီလ ထေရုပ္ပတ္တိ၌ပင် ဆရာကျော်၏ မှတ်စု၌ ပဝပါရဏာပွဲကား ၁၂၃၅- ခုနှစ်က စသည်ဟု ရေးသားထားပြန်လေသည်။ ပဝါရဏာ၌ မှုကွဲသည် ဟူ ထေရုပ္ပတ္တိ ဆရာတော်က မိန့်ဆိုတော်မူသည်။[၂]

ထိုပဝါရဏာကို ကလျာဏီ စတုတ္ထဆရာတော် အရှင်အာစာရ ကြီးမှူး၍ စီမံကျင်းပတော်မူခဲ့လေသည်။

---

၁-၂။ ဘုန်းတော်ကြီး ဦးသီလ ထေရုပ္ပတ္တိ။ ၁၇-၁၀-နှာ။

## ရွှေကျင်ဂိုဏ်းနှင့် တောရဂိုဏ်း

ရွှေကျင်နိကာယ ဂဏာသမုဒ္ဒပက ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရ မဟာထေရ်သည် ၁၂၅၅-ခုနှစ်တွင် နောက်ပါသံဃာတော်များနှင့် ပဲခူးမြို့သို့ ကြွတော်မူလာစဉ် ပဲခူး ဝမ်းပတောာ ကျိုက်ထို သထုံ မော်လမြိုင် စသည့် အနယ်နယ် အစိုးစိုး အမြို့မြို့ အရွာရွာတို့၌ ပြန့်နှံ့လျက်ရှိသော အောက်ပြည် တောရဂိုဏ်းနှင့် မြန်မာပြည်အထက်ပိုင်း၌ ပြန့်နှံ့ထွန်းကားလျက်ရှိသော ရွှေကျင်ဂိုဏ်းတို့ အယူသီလ တူမျှတော်မူကြသဖြင့် တပေါင်းတည်း တဂိုဏ်းတည်းပြုရန် သဘောတူတော်မူကြသဖြင့် အားလုံး ရွှေကျင်ဂိုဏ်းဟု တွင်သည်။ ထိုအခါမှစ၍ အရညဝါသီ ရွှေကျင်နိကာယ အမည်လည်း ပေါ်ထွက်လာခဲ့သည်။

ရွှေကျင်ဝှနိကာယော စေဝ၊ အာရညိကဂဏောပိ စ။
သမစ္ဆန္ဒသမသီလာ၊ တသ္မာ ဧကဂဏံ ကရုံ။

## ခိုင်မြဲရန်ဖွဲ့စည်း

၁၂၅၅-ခုနှစ်၊ ရွှေကျင်ဂိုဏ်းနှင့် တောရဂိုဏ်း နှစ်ဂိုဏ်း တဂိုဏ်းဖြစ်သောအခါ ကျယ်ပြန့်ထွန်းကားလာသော အရညဝါသီ ရွှေကျင်နိကာယကြီးကို ကျစ်လစ်သိပ်သည်း ခိုင်မြဲရန် ရည်သန်လျက် ကလျာဏီ စတုတ္ထဆရာတော် အရှင်အာစာရ ကြီးမှူးလျက် အောက်ပါအတိုင်း ဖွဲ့စည်းတော်မူကြသည်။

## အရညဝါသီ ရွှေကျင်နိကာယ အဦးအစ နာယကအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | အရှင်အာစာရ | (ကလျာဏီ) | မဟာနာယက၊ |
| ၂။ | အရှင်သုမန | (ရွှေပန်းတောရ) | နာယက၊ |
| ၃။ | အရှင်ပုည | (ဇိုင်းဂနိုင်းကြီး-၁၁၇၅-ခုဖွား) | နာယက၊ |

၄။ အရှင်သီလသာရ (တောရဘုန်းကြီး) နာယက၊
၅။ အရှင်ဝဏ္ဏ (ရွှေသာလျောင်း) နာယက၊
၆။ အရှင်အာဒိစ္စ (လိပ်ပြာကန်) နာယက။

## အရညဝါသီ ရွှေကျင်နိကာယ အဦးအစ ဝိနည်းဓိုရ်အဖွဲ့

၁။ အရှင်မာလာ (ပုဂံကောင်ဘုန်းကြီး) ဝိနည်းဓိုရ်၊
၂။ အရှင်သုမန (ထောင်မင်းဘုန်းကြီး-ရွှေဘို-ဝက်သက်)ဝိနည်းဓိုရ်၊
၃။ အရှင်ဥတ္တမ (ကြာတတ်ဝိုင်းဘုန်းကြီး-ပဲခူး-ပန်းလှိုင်) ဝိနည်းဓိုရ်။

## ၎ ပူမပျက် အဆက်ဆက် အုပ်ချုပ်

အရှင်စန္ဒာလင်္ကာရ စသော အရညဝါသီနိကာယ ဆရာတော်ကြီးများအုပ်ချုပ်သော မူအတိုင်း ယနေ့တိုင် ဆက်ကာက် အုပ်ချုပ်လျက် ရှိပေသည်။

## ဝိနယသာကစ္ဆာအဖွဲ့ကြီးပေါ်လာပြီ

သက္ကရာဇ် ၁၃၁၂-ခုနှစ်၊ ဝါဆိုလဆုတ်(၃)ရက်နေ့ ညတွင် ပဲခူးမြို့နယ် ဥက္ကံကျေးရွာ ဥက္ကံကျောင်းတိုက်တွင် အရညဝါသီနိကာယ (တောရဂိုဏ်း)ဝင်ကျောင်းတိုက်များအနက် ကျောင်းတိုက်ပေါင်း ၅၇-တိုက်မှ ဆရာတော်များ စတင်စည်းဝေးသည့်အခါမှစ၍ ဂိုဏ်းအကျိုးဆောင်အဖွဲ့ ပေါ်လာသည်။ ယင်းဂဏဟိတရေ ဂိုဏ်းအကျိုးဆောင် ဆရာတော်များ၏ ကြိုးပမ်းချက်ကြောင့် ဂန္ဓာရုံကျောင်းတိုက်၌ ဝိနယသာကစ္ဆာအဖွဲ့တည်ရာဟု သတ်မှတ်ပြီး ၁၃၁၄-ခုနှစ် ပြာသိုလဆုတ်(၈)ရက်နေ့မှစ၍ ဝိနယသာကစ္ဆာ ဝိနည်းပိဋကတ် ဆွေးနွေးပွဲအဖွဲ့ ဖြစ်ပေါ်လာခဲ့လေသည်။

ဒွါဒသာဝဿာဝိကေ၊ တိသတေကသဟဿကေ။
ဝိနယသာကစ္ဆာ နာမ၊ သဘာ ဟိ သမ္ဘူတာ ဟိ ဝေ။

## ဝိနည်း ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းစသည်များ ဆွေးနွေးကြပြီ

ဝိနယသာကစ္ဆာ အဖွဲ့ဝင်ဆရာတော်များသည် ပါရာဇိကဏ်-ပါစိတ် မဟာဝါ-စူဠဝါ-ပရိဝါဟူသော ဝိနည်း (၅) ကျမ်းတွင် ပါရာဇိကဏ် ပါဠိတော်ပဌမပါရာဇိကသိက္ခာပုဒ်မှစ၍ သိက္ခာပုဒ်အစဉ်အတိုင်းပါဠိအဋ္ဌ-ကထာဋီကာတို့မှထိုက်သလိုထည့်သွင်း၍ပုစ္ဆာ(၆)ပုစ္ဆာထုတ်ကာဆွေးနွေး တော်မူကြရန်နှင့် ပကိဏ္ဏကပုစ္ဆာ၌မူ ဝိနည်း-သုတ္တန်-အဘိဓမ္မာတို့မှ အကြောင်းအခွင့်အလိုက် ထိုက်သလို မေးခွန်းထုတ်၍ ဖြေဆိုတော်မူ ကြရန် ပြဋ္ဌာန်းသတ်မှတ်တော်မူကြသည်။

ဝိနယသာကစ္ဆာကို တလလျှင် တကြိမ်ကျ နေ့လယ် ၁၂-နာရီ အချိန်မှ ညနေ ၄-နာရီအထိ ကျင်းပပေးတော်မူကြသည်။ ဝါတွင်း၌ ဥပုသ်နေ့မှတပါး အခြားတရက်ရက်တွင် ဆွေးနွေးတော်မူကြ၍ ဝါပတွင် အများ ကြိုက်နှစ်သက်သည့် တရက်ရက်တွင် ကျင်းပတော်မူကြသည်။ ဝိနယသာကစ္ဆာ ကျင်းပစ ကာလ ၆-လ ခန့်တွင် ဆွမ်းဘောဇဉ် အဖျော်ယမကာ တာဝန်ယူမည့် ဒါယကာ၊ ဒါယိကာမများ မပေါ် ပေါက်သေးသဖြင့် နယ်မှ အဖွဲ့ဝင် ဆရာတော်များမှာ မြို့ပေါ်ရှိ ရင်းနှီး သည့်ကျောင်း၌ ဆွမ်းဘုဉ်းပေးတော်မူကြပြီး မြို့ပေါ် ဆရာတော်များ မှာ မိမိတို့ကျောင်းတွင် ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင် နေ့လယ် ၁၂-နာရီအချိန် ဂန္ဓာရုံကျောင်းတိုက်သို့ အရောက်ကြွ ဆွေးနွေးတော်မူကြ သည်။ ၆ လခန့်ကြာမှ နောက်တွင်ကား ဆွမ်းဒါယကာ၊ ဒါယိကာမ များ ပေါ်ပေါက်သည်သာမက အပ္ပိုအကြို မော်တော်ကားယာဉ် ဒါယကာများပါ ပေါ်ပေါက်သဖြင့် ဆရာတော်များ ချမ်းသာစွာ ဝိနည်းဒေသနာ ဆွေးနွေးခြင်းအမှုကို ပြုတော်မူနိုင်ကြသည်။ ကောင်း သော ဘုရားဇိနော် သာသနာတော် အလုပ်ကိစ္စကို ပြုလုပ်ဆောင်ရွက် သူကို လူလူ နတ်နတ် အရပ်ရပ်တို့က ကူညီကြမြဲဖြစ်ကုန်၏၊ သို့အတွက် သာသနာ့ကိစ္စကို မမေ့မလျော့ မပေါ့မဆ ပြုကျင့်ကြပါကုန်လော့။

ဘာလျာဏီ-၂၀

သာသနကိစ္စကာရိ ဟိ၊ သမ္ဗုဒ္ဓဿ သိရိမတော။
နရမရူ အနုပလံ၊ ဒဒန္တိ ဟိ အနေကဓာ။
တသ္မာ သာသနကိစ္စေသု၊ ယုဉ္စေ ထိရစေတသာ။

## သံဃာတော် ၄၀-ကျော် ၅၀-ခန့် ကြွရောက်ပါဝင် ဆွေးနွေးတော်မူကြ

ပဲခူးခရိုင် အရညဝါသီ ရွှေကျင် နိကာယ ဂဏဟိတခရ အဖွဲ့ကြီး၌ ၁၃၁၉-ခုနှစ်တွင် ဩဝါဒါစရိယ ဆရာတော်ဘုရားကြီး ၁၀-ပါး၊ အထူးအကျိုးဆောင် ဆရာတော် ၅-ပါး၊ ဓမ္မကထိက ဆရာတော် ၁၀-ပါး၊ နယ် အထူးအမှုဆောင် ၁၀-ပါး၊ ဝိနယသာကစ္ဆာ ကထိက ဆရာတော် ၂၁-ပါးတို့ ရှိခဲ့ကုန်၏။ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြီးမှူး၍ ၁၃၁၂-ခုနှစ် ပြာသိုလဆုတ် ၈-ရက်နေ့မှစ၍ ဂန္ဓာရုံ ကျောင်းတိုက်၌ ဆွေးနွေးပွဲတည်ရာဌာန သတ်မှတ်၍ ၁၃၂၁-ခုနှစ် တိုင်အောင် ကျင်းပပြုလုပ် ဆွေးနွေးတော်မူခဲ့ကြသည်။ ယင်းလပတ် ဝိနည်း ဆွေးနွေးပွဲ၌ သံဃာအပါးရေ ၄၀-ကျော် ၅၀-ခန့်တို့ တက်ရောက် ဆွေးနွေးတော်မူကြသည်။ ဝိနယသာကစ္ဆာ အဖွဲ့ဝင် ဆရာတော်များ လုပ်ဆောင်ချက်ကား အလွန်လျှင် ကောင်းမြတ်သည့် ဓမ္မိကထာ ဖြစ်ရာ "သန္နိပတိတာနံ ဝေါ ဘိက္ခဝေ ဒွယံ ကရဏီယံ ဓမ္မီ ဝါ ကထာ အရိယော ဝါ တုဏှိဘာဝေါ"[၁] ဟူသော ဒေသနာနှင့် ကိုက်ညီ လှပေ၏။

## အလှည့်ကျ ကျင်းပ ဆွေးနွေးတော်မူကြ

နောက်တွင် ဆရာတော်များက တာဝန်ယူ ပြုလုပ်လိုကြောင်း လျှောက်ဆိုကြသဖြင့် ဒုတိယ တည်ရာဌာနဖြစ်သော ပဓာနိကာရာမ ကျောင်းတိုက်၌ ၁၃၃၅-ခုနှစ် တပို့တွဲလပတ်တိုင်အောင် ကျင်းပတော်

---

၁။ ဥဒါနပါဠိ။ ၈၉ (ရာဇသုတ်)။

မူခဲ့ကြသည်။ တပေါင်းလပတ်မှစ၍ ၁၃၃၆-ခုနှစ် တော်သလင်းလပတ်တိုင်အောင် ဝိနယသာကစ္ဆာ ဆွေးနွေးပွဲများကို ရွှေဂူကျောင်းတိုက်၊ ဇိုင်းဂနိုင်းကြီး ရွှေကျင်ကျောင်း၊ ဘုရားကြီးမြို့ မဓမ္မဒီပိကာရုံကျောင်း၊ ဝမ်းဘဲအင်း ဘာဝနာရုံကျောင်း၊ မဟာကလျာဏီကျောင်းတိုက်၊ ကိုးသိန်း၊ကျောင်းတိုက်တို့၌ အလှည့်ကျ ကျင်းပပြုလုပ်တော်မူကြသည်။

## မဟာကလျာဏီကျောင်းတိုက် ဝိနယသာကစ္ဆာလပတ်တည်ရာဖြစ်

၁၃၃၄-ခုနှစ် တန်ခူးလဆုတ် ၇-ရက်နေ့သည် ဖော်ပြပါ ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ ဩဝါဒါစရိယ၊ အရညဝါသီ ရွှေကျင်နိကာယကြီး၏ ဂဏနာယက၊ မဟာကလျာဏီ ကျောင်းတိုက်ကြီး၏ မဟာနာယက ဖြစ်တော်မူသော ကျေးဇူးရှင် အရှင်ဉာဏဝံသ ဆရာတော်ဘုရားကြီး၏ဘာဝနတ်ထံ ပျံလွန်တော်မူရာ နေ့ရက်ဖြစ်သည်။ ယင်းသည့်တန်ခူးလဆုတ် ၇-ရက်နေ့တွင်လည်း ဝိနယသာကစ္ဆာ အဖွဲ့ဝင် ဆရာတော်များ မဟာကလျာဏီကျောင်းတိုက်သို့ ကြွရောက် စည်းဝေးတော်မူကြပါရန်နှင့် ၎င်းပြင် အကြားဖြစ်သော ဝါဆိုလ၊ တော်သလင်းလများ၌လည်း ကြွရောက်စုဝေး ဝိနည်းဆွေးနွေးမှု ပြုတော်မူရန် ရက်ကိုကလျာဏီ နာယကဆရာတော် အရှင်ဇာနေယျ မဟာထေရ်က လျှောက်ထား တောင်းဆိုသဖြင့် ဝိနယသာကစ္ဆာ အဖွဲ့ဝင် ဆရာတော်များသည် မဟာကလျာဏီ ကျောင်းတိုက်ကြီးကို တန်ခူးလ၊ ဝါဆိုလ၊ တော်သလင်းလ ဝိနယသာကစ္ဆာ ကျင်းပရာ ဌာနအဖြစ် သတ်မှတ်တော်မူခဲ့ကြသည်။

ကလျာဏီအာရာမော ဟိ၊ ဝိသိဋ္ဌော ဥတ္တမော ဘဝေ။
ဝိနယသာကစ္ဆာ ယတီနံ၊ သန္နိပါတောပိ ဟောတိ ဝေ။

## ကလျာဏီသာသနာဝင် ဇာတ်ဝိသတိမပိုင်း အပြီးသတ်ခြင်း

သူတော်ကောင်းတို့ ကြည်ညိုသဒ္ဓါပွားများရန်၊ သံဝေဂရရန် ရည်သန်၍ ရေးသားပြုပြင် စီရင်အပ်သော မဟာကလျာဏီ သာသနာ

ဝင်ကျမ်းတွင် အရည်ဝါသီ ရွှေကျောင်နိကာယသမိုင်းအကျဉ်း၊ ဝိနယ စာပြန်ပွဲသမိုင်း၊ ဝိနယသာကစ္ဆာသမိုင်း အကျဉ်းတို့ကို ဖော်ပြရာ ကေဝီသတိမပိုင်း ဤတွင် လက်စသတ်လိုက်ပါပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ကလျာဏီသာသနဝံသော၊ သမတ္တော ကေဝီသတိမော ဟိ ဝေ။

# ကလျာဏီသာသနာဝင်

# ဒွါဝိသတိမပိုင်း

## ဝိနယသာကစ္ဆာ

## ဩဝါဒါစရိယ ဆရာတော်များ

ကလျာဏီသာသနာဝင်သည် ဝိနယသာကစ္ဆာဟူသော ဝိနည်းဆွေးနွေးပွဲဆိုင်ရာအဖွဲ့နှင့် များစွာ ဆက်နွယ်လေသည်၊ ဂုဏ်ပြုတော်မူပြီး မဟာကလျာဏီဆရာတော်ကြီး အရှင်ဉာဏဝံသ ယခုလက်ရှိဆရာတော် အရှင်ဇာနေယျ အရှင်မြတ်တို့သည်ပင် ထိုဝိနယသာကစ္ဆာ ဆွေးနွေးပွဲကြီး၏ ဩဝါဒါစရိယဆရာတော်များဖြစ်တော်မူကြလျက် ယင်းဝိနည်းဆွေးနွေးပွဲကြီးကို မဟာကလျာဏီသိမ်တော်၌ လည်းကောင်း၊ ကျောင်းတိုက်၌ လည်းကောင်း ပင့်ဆောင်ဆွေးနွေးခြင်း၊ ကိုယ်တိုင်ပါဝင်ဆွေးနွေးနေခြင်းရှိနေသဖြင့် ဝိနည်းဆွေးနွေးပွဲ သာသနာဝင်ကိုလည်း သိသင့်သည်။ ထို့ကြောင့် ကလျာဏီသာသနာဝင်နှင့် သက်ဝင်တော်မူကြကုန်သော ဝိနယသာကစ္ဆာ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် အထူးအကျိုးဆောင် ဆရာတော်များ၏ ထေရုပ္ပတ္တိ ကျင့်စဉ်အချို့ အဖွင့်တို့ကို အလျဉ်းသင့်သဖြင့် ထည့်သွင်းတင်ပြအပ်ပေသည်။

## ဆင်ပုံးတောရ ပထမဆရာတော်ဘုရားကြီး အရှင်ပညာသိရီ
## (ဝိနယသာကစ္ဆာသြဇ ဝါဒါစရိယ၊ ဂဏဟိတဓရ အဖွဲ့ကြီး၏ ဥက္ကဋ္ဌ)

ဆင်ပုံးတောရ ပထမဆရာတော်ဘုရားကြီး အရှင်ပညာသိရီသည် ဗုဒ္ဓမြတ်စွာ၏ဝူရနှင့်ဖြာအကွက်အကျိုးထွက်မည့်အရာအထူးတို့၌ လုံ့လပြု ဆည်းပူးတော်မူခဲ့ပေသည်။ ဆင်ပုံးဆရာတော်ကြီးသည် ပဲခူးမြို့ ကျောက် တိုင်ကန်ရွာ လမ်းဝန်ထောက်ဦးဖိုးကူး၊ ဝန်ထောက်ကတော် ဒေါ်ရွှေဥ တို့မှ ၁၂၅၉-ခုပြာသိုလပြည့် ကြာသပတေး နေ့တွင် ဖွားမြင်တော်မူ ကာ ပထမစမ်းကြီးတောရဆရာတော်ကြီးထံဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေ အဖြစ်ရဟန်းအဖြစ်ရရှိခဲ့လေသည်။ ဆင်ပုံးတောရဆရာတော်သည် ငယ်စဉ် သာမဏေဘဝနှင့်ပင် ကျိုက်ထိုမြို့ မေဃဝန်ကျောင်းတိုက်၊ ညောင်လေး ပင်မြို့ တောရကြီးကျောင်းတိုက်တို့၌ ပညာများသွားရောက်ဆည်းပူးခဲ့ပြီး ရဟန်းဖြစ်ပြီးသောအခါတွင် ပဲခူးမြို့ ပုဗ္ဗာရုံကျောင်းဆရာတော်အထံ၌ သဒ္ဒနီတိကျမ်းကို အထူးသင်ယူလျက် ကိုယ်တိုင်လေ့လာဆည်းပူးတော်မူ သဖြင့် ပိဋကတ်တွင် ဂမ္ဘီရဉာဏ်ဖြင့် လှုပ်ချောက်ချားအောင်တတ်မြောက် တော်မူလေသည်။

ဆင်ပုံးတောရဆရာတော်သည်သနပ္ပင်မြို့ အနော်မာရုံကွင်းကျောင်း၌ စာပေပို့ချ တရားဟောပြောပြသယင်း အတွင်းစိတ်ဓာတ်နေကွမ်ပါရမီ အရောင်ဟပ်သဖြင့် တောရအရပ်သို့ ခိုမှီလိုရှိ ပဲခူးမြို့ မြောက်ဘက် ဝမ်းဘဲအင်းရွာ၏ အနောက်ဘက် ဒေးစွန်ပါးတောင်ခြေသို့ ကြွတော်မူ ကာ တောဆင်ရိုင်းများ ပုန်းအောင်းနေထိုင်ရာနှင့် မနီးမဝေး သင့်တင့် သောတောင်ခြေမြေနိမ့်တွင် တောရကျောင်းတည်ကာ ဆင်ပုံးတောရ အမည်နာမဖြင့် ပဋိပတ္တိဓုရကို ကျနအားထုတ်လျက် စာပေကြည့်ရှု ရေးသားနေတော်မူလေသည်။

ထိုမှတစစ ဆင်ပုံးတောရဆရာတော်သည် လက်လှမ်းမှီရာ တပည့် သံဃာများအား နည်းညွှန်လမ်းပြတော်မူလျက် ပဲခူးမြို့နယ် အရည်ဝါသီ နွှေကျင်နိကာယ ကြီးပွားအကျိုးများစေရန် (၁၀) ကျောင်း

တဖွဲ့ အစီအစဉ်များ ဂဏဟိတဘာဝ ရေအဖွဲ့များ တီထွင်ကာ ဝိနယသာကစ္ဆာ ဝိနည်း ဆွေးနွေးပွဲကြီးကို ၁၃၁၂–ခုနှစ်တွင် စတင်စီစဉ်တီထွင်တော်မူလေသည်။ အများသံဃာအကျိုးကို တဘက်မှဆောင်ရွက်ခြင်း၊ စာပေများ ရေးသားခြင်း စသဖြင့် သာသနာပြုလျက် နိဗ္ဗာနသာရ သင်္ဂဟကျမ်းကို ရေးသားပြုစုတော်မူ၏။

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု မေးလျှောက်သော ဗြဟ္မယာစန ကထာပြဿနာကို ဖြေကြားသည့် ဗြဟ္မယာစနကထာ ဝိသဇ္ဇနာကျမ်းကို ပြုစုခြင်း စသည်ဖြင့် သာသနာ့ဝန်ကို အားသွန်ဖြည့်စွမ်းလျက် ဝိနည်း ကျင့်သိက္ခာကို လွန်စွာလေးစားတော်မူသည့် ရှားမှရှားသော ဆရာတော် တပါးဖြစ်တော်မူလေသည်။

သီလ သမာဓိ အာစာရ ပညာဂုဏ်အသွယ်သွယ်ဖြင့် သာသနာဝန်ကို ဖြည့်စွမ်းတော်မူယင်းပင် ဆရာတော်ဘုရားသည် ၁၃၁၀–ခု (၃၇)ဝါ အရတွင် ဘဝနတ်ထံ စံဝင်တော်မူရှာလေသည်။

ဆင်ပိုးတောရရည်ဝါသော၊ ပညာသိရိသည့်ကြွေသော။
အဂ္ဂေဟိ သိရိသမ္ဘုဏ္ဏော၊ သဟာဗျတံ ဒိဝံ ဂတော။

### ရွှေဂူဆရာတော် အရှင်ဉာဏာလင်္ကာရ
### အရညဝါသီ ရွှေကျင်နိကာယ နာယက ဝိနယသာကစ္ဆာ
### ဩဝါဒါစရိယ ပုစ္ဆက

ရွှေဂူဆရာတော်သည် ဝိနယသာကစ္ဆာအဖွဲ့ကြီး၌ အထူးစိတ်ပါဝင် စားစွာ ပြုလုပ်ဆောင်ရွက်တော်မူခဲ့သည့် ဝိနယသာကစ္ဆာပုစ္ဆကဩဝါဒါ စရိယဆရာတော်ဖြစ်တော်မူသည်။

ဆရာတော်သည် ညောင်လေးပင်မြို့နယ် ရှမ်းရွာ ဦးဖိုးလင်း ဒေါ်လေး တို့မှ ၂၆၃-ခု ဝါဆိုလဆန်း(၈)ရက် အင်္ဂါနေ့တွင် ဖွားမြင်၍ မွေးဖွား သည့် ရပ်ရွာရှမ်းရွာ၌ပင် သာလူကုန်းကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု လျက် ဥပသမ္ပဒဇာတ် မြင့်မြတ်သော ရဟန်းအဖြစ်ရရှိတော်မူလေသည်။

ညောင်လေးပင်မြို့ တောရကျောင်းကြီးတိုက် အဂ္ဂမဟာပဏ္ဍိတအရှင်အရိယမထေရ်၊ မန္တလေးမစိုးရိမ်ကျောင်းတိုက်၊ ပခုက္ကူ မဟာဝိသုတာရာမတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်များထံ အခြေခံမှအစ ဂန္ထန္တရကျမ်းအဝဝကို ကျနသေချာ ဆည်းပူးသင်ယူခဲ့ပြီး ပဲခူးမြို့ ပုဗ္ဗာရုံဝိနည်းဓိုရ် အရှင်ဝိမလဗုဒ္ဓိ ဆရာတော်ထံတွင် အချောသတ်သင်ယူပြီး အစိုးရစာမေးပွဲများလည်း ပထမကြီးတန်းအထိ အောင်မြင်တော်မူခဲ့သေသည်။

ဆရာတော်သည် ပဲခူးမြို့သို့ ကြွရောက်၍ မျက်နှာတော် ကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ်လည်းကောင်း ရွှေဂူကျောင်းတိုက်ကို ပဓာနအဖြစ် လက်ခံပြီးနောက်၌ လည်းကောင်း မဟာကလျာဏီသိမ်တော်တွင် ကျင်းပသော စာမေးပွဲများကို ကိုယ်တိုင်ကြပ်မ စီစဉ်ခြင်း၊ မဟာကလျာဏီ သံဃပဝါရဏာပွဲဆိုင်ရာ၌ အထူးစီမံဆောင်ရွက်ခြင်း၊ ကလျာဏီသိမ်တော် စောင့်ရှောက်ရေးအဖွဲ့တွင် ပါဝင်ခြင်း များဖြင့် ကလျာဏီသာသနာနှင့် ဆက်သွယ်တော်မူလေသည်။ ထို့ပြင် ဆရာတော်သည် ပဲခူးမြို့ ရွှေခြူးပရိယတ္တိစာမေးပွဲ၊ ဝိနယတံခွန်စာမေးပွဲ၊ အခြေခံပရိယတ္တိစာမေးပွဲနှင့် သီလရှင်ပရိယတ္တိစာမေးပွဲများကို ကိုယ်တိုင်ပုစ္ဆာထုတ် စစ်ဆေးလျက် ပရိယတ်သာသနာကို နှစ်ပေါင်းများ စွာအထူးအလေးပေး ဆောင်ရွက်တော်မူလေသည်။ ပဲခူးမြို့နယ်ရှိ သီလရှင်ပေါင်း (၅၀၀)ကျော်တို့အား နှစ်စဉ် တော်သလင်းလ၌ ပိတ်ဝတ်စုံလှူဒါန်းပွဲ ဖြစ်မြောက်အောင် ဦးဆောင်ကာ သီလရှင်သာသနာပြုအဖြစ်ဖြင့်လည်းကောင်း၊ ပဲခူးအရှည်ဝါသီ ရွှေကျင်နိကာယ နာယကဆရာတော်အဖြစ်ဖြင့် သမဂ္ဂ သံဃာတော်တို့၏ သီလသိက္ခာဖြည့်စွမ်းရေးကိုလည်းကောင်း အလေးပေးဆောင်ရွက်တော်မူလေသည်။ ဆရာတော်သည် ဝိနယသာကစ္ဆာ ဝိနည်းဆွေးနွေးပွဲကြီး၌ ပုစ္ဆကထေရ်အဖြစ်ဖြင့် မေးမြန်းကာ စစ်ဆေးဆုံးဖြတ်တော်မူလျက် ဩဝါဒါစရိယမထေရ်တူ တပါးအဖြစ် တာဝန်ယူဆောင်ရွက်တော်မူလေသည်။

ဆရာတော်သည် ဝိနည်းအရာတွင် လွန်စွာ အရေးထားကျင့်သုံးတော်မူလျက် တပည့်သံဃာ ဒကာ ဒကာမတို့၏ အကျင့်သိက္ခာမြင့်မား

ရေးစသည်များကို ဦးတည်ကျင့်သုံးစေခြင်း၊ ရွှေဂူရှင်ကျင့်ဝတ်ကျမ်းကြီး၊ ရွှေဂူမူပရိဘ်ကြီး ပါဠိတော်၊ ဒကာဂုဏပကာသနီကျမ်း စသောကျမ်းဂန်များကိုသည်း ရေးသား တည်းဖြတ်စီစဉ်ထားတော်မူလေသည်။

ထိုကဲ့သို့ အတ္တ ပရ နှစ်ဖြာ ကျင့်ကြံတော်မူလျက် သာသနာအကျိုးသည်ပိုး ရွက်ဆောင်တော်မူစဉ် ၁၃၃၃-ခုနှစ် သိက္ခာ (၅၀)အရတွင် ဘဝနတ်ထံ စံဝင်တော်မူခဲ့လေသည်။

ဉာဏာလင်္ကာရထေရော ဟိ၊ ဉာဏာလင်္ကာရသံယုတော။
ပဏ္ဍိတော ဝိယတ္တော စ သော၊ ဝိနီတော ဃောရမစ္ဆုနော။

## ရွှေကျင်မေ့ရိပ်သာ ဆရာတော် အရှင်ဝိမလ သိက္ခာ (၆၉)ဝါ
## အရည၀ါသီ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌနာယက
## ဝိနယသာကစ္ဆာအဖွဲ့ကြီး ဩဝါဒါစရိယ ဆရာတော်

ဆရာတော်သည် ၁၂၅၆-ခုနှစ်ဖွား ရွှေကျင်မြို့နယ် ဆုံကုန်းရွာဇာတိသား ဖြစ်တော်မူ၍ ၁၂၇၅-ခုနှစ်တွင် အထက်စည်တီးရွာကျောင်း၌ ရန်ကုန်မြို့ ကျောင်းတော်ရာ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုရဟန်း ဖြစ်ခဲ့လေသည်။

အထက်စည်တီးရွာဆရာတော်၊ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၊ ညောင်တုံးမြို့ ရွှေဟင်္သာတာရတိုက်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်၊ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ညောင်လေးပင် တောရကြီးတိုက် စသော ဆရာတော်များထံ ပညာသင်ကြား ဆည်းပူးပြီး သီဟိုဠ်ကျွန်း၌ ၄-နှစ်၊ အိန္ဒိယနိုင်ငံ မဒရပ်မြို့၌ ၁-နှစ်ကြာ သွားရောက်နေထိုင်ကာ ဘာသန္တရများကို လေ့လာသင်ယူခဲ့ပြီးနောက် ဆရာတော်သည် ရွှေကျင်မြို့သို့ ပြန်ရောက်လျက် ဒက္ခိဏာရုံကျောင်း၌ ၁၀-နှစ်ကြာမျှ တပည့်ဒကာ ဒကာမတို့အား အကျင့်သိက္ခာ သာသနာရေးရာ အဖြာဖြာ၌ ကျင့်ကြံလိမ္မာယဉ်ကျေးရအောင် အသိဉာဏ်ပေးလေသည်။

ဂျပန်ခေတ်တွင် ပဲခူးမြို့သို့ ရောက်ရှိပြီး ဆေးရုံကြီးမြောက်ဘက် မြို့ရိုးပေါ်ရှိ ရွှေကျင်မေ့ရိပ်သာကျောင်းတိုက်တွင် သီတင်းသုံးတော်မူလျက်

အရည်ဝါသီရွှေကျောင်းနိကာယဂိုဏ်း သံဃာ့အကျိုး၊ သာသနာတော်အကျိုး တပည့်ဒကာ ဒကာမတို့၏အကျိုးကို တိုးပွားအောင် ဆောင်ရွက်တော်မူခြင်းဖြင့် အရည်ဝါသီ ရွှေကျောင်းနိကာယ ဥပဥက္ကဋ္ဌ နာယကအဖြစ် သာသနာပြုတော်မူသည်။ ဆရာတော်သည် အမှန်ကို အမှန်အတိုင်း ဘွင်းဘွင်းကြီးပြောဆိုလျက် သံဃာ့ကိစ္စများ၌ ရှေ့တန်းမှ အမြဲဆောင်ရွက်တော်မူခြင်း ဝိနည်းတော်ကို အထူးလေးစားခြင်းဖြင့် ထင်ရှားလှပေသည်။ ဝိနည်းဆွေ နွေးပွဲများ၌ တက်ရောက်ဆွေးနွေး သြဝါဒပေးခြင်းဖြင့် ဝိနယသာကစ္ဆာအဖွဲ့ကြီး၏ သြဝါဒါစရိယတာဝန်ကို ဆောင်ရွက်တော်မူခဲ့လေသည်။

ဘဒ္ဒန္တဝိမလော ထေရော၊ ဝိနယေသု သုဝိမလော။
ဝိသာရဒေါ သံဃကိစ္စေ၊ ဝိရာနမုပဥက္ကဋ္ဌော။

## ရွှေဘုံဆင့်ဆရာတော် အရှင်ပဏ္ဍိတ သိက္ခာ (၆၃) ဝါ အရည်ဝါသီ ရွှေကျောင်းနိကာယ နာယက ဝိနယသာကစ္ဆာ သြဝါဒါစရိယ

ဆရာတော်သည် ၁၂၆၁-ခုနှစ်ဖွား ပဲခူးမြို့နယ် ကမာနတ်ရွာ ဦးချစ်ထွန်း၊ ဒေါ်ရွှေရိပ် တို့၏ သားရတနာဖြစ်၍ ၁၂၈၁-ခုနှစ်တွင် ရွှေအောင်ရွေးဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုရဟန်းဝတ်ကာ ပညာသင်ယူလေသည်။ ညောင်လေးပင် တောရကြီးတိုက်၊ ညောင်တုံးမြို့ ရွှေဟင်္သာတောရတိုက်၊ ပုသိမ်၊ ကျွဲပွဲ၊ မန္တလေးမြို့များ စသည်တို့၌ ပညာသင်ကြား ဆည်းပူးတော်မူ၍ အမျိုးသား ပရိယတ္တိစာမေးပွဲ ပထမကြီးတန်းကို အောင်မြင်တော်မူခဲ့သည်။ ဆရာတော်သည် ရွှေအောင်ရွေးကျောင်းမှ တဆင့်၊ ၁၂၈၇-ခုနှစ်မှစ၍ ၂၈-နှစ်ကြာမျှ ကမာနတ်ရွာ ကျောင်းကြီး၌ ပဓာနအဖြစ်ဖြင့် တပည့်ဒကာ ဒကာမတို့အား သင်ကြားပြသ ဆုံးမတော်မူသည်။

ပဲခူးမြို့ ရွှေဘုံဆင့်ကျောင်း မဟာနာယကဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ၁၃၁၅-ခုနှစ်မှစ၍ ရွှေဘုံဆင့်ကျောင်း၌ ပဓာန

နာယကအဖြစ်ဖြင့် ကြွရောက်သီတင်းသုံးလျက် ဂိုဏ်း ဂဏ သာသနာ့ အကျိုးများကို ပွားတိုးရအောင် တည်ငြိမ်အေးချမ်းစွာ ဆောင်ရွက်တော်မူလေသည်။ ဆရာတော်သည် ဂဏဟိတစရေအဖွဲ့တွင် ပါဝင်လျက် ဝိနည်းဆွေးနွေးပွဲများ၌ တက်ရောက်ဆွေးနွေး ဩဝါဒပေးလျက် ဝိနယသာကစ္ဆာ ဩဝါဒါစရိယတာဝန်ကို ဆောင်ရွက်တော်မူခဲ့သည်။ ယခုအခါ အရညဝါသီ ရွှေကျင်နိကာယ နာယကဆရာတော်အဖြစ်ဖြင့် ပဲခူးမြို့တွင် ရွှေပိုင်းသာသနာဝင်၌ ပီပြင်ထင်ရှားစွာ သာသနာပြုလျက်ရှိလေသည်။

ဘဒ္ဒန္တပဏ္ဍိတော ထေရော၊ သာသနေ ဟိတသဥ္စယော။
ပဏ္ဍိတော ဝိယတ္တော သန္တော၊ ဝဍ္ဎေန္တော ဗုဒ္ဓသာသနေ။

## ဒက္ခိဏသာခါရာမဆရာတော် အရှင်ဝါသဝ သိက္ခာ (၆၁)ဝါ အရညဝါသီ ရွှေကျင်နိကာယ နာယက ဝိနယသာကစ္ဆာ ဩဝါဒါစရိယ

ဆရာတော်သည် ၁၂၆၂-ခုနှစ်တွင် ပျဉ်ပုံကြီးရွာ၌ ဖွားမြင်တော်မူ၍ ပျဉ်ပုံကြီးတောရကျောင်း ဆရာတော် ဦးကဝိဇကို ဥပဇ္ဈာယ်ပြုကာ ၁၂၈၄-ခုတွင် ရဟန်းဖြစ်ပြီး ပညာသင်ကြားတော်မူ၏။ တောင်ငူ ပျဉ်းမနား မန္တလေးမြို့များတွင် လှည့်လည်၍ ပညာရှာဆည်းပူးပြီးနောက် ပျဉ်ပုံကြီးရွာပြန်ရောက်ကာ တာဆုံကျောင်း၊ စွယ်တော်ကျောင်းတို့၌ ၁၀-နှစ်ကျော်မျှ ပဓာနအဖြစ်ဖြင့် တပည့်ဒကာ ဒကာမတို့အား သွန်သင်ပြသဆုံးမတော်မူလေသည်။

ဆရာတော်သည် မဇ္ဈိမဒေသ ပူဇနီယဌာနများသို့ ကြွရောက်ဖူးမြော်လေ့လာတော်မူပြီး ဆက်စပ်ရာ ဒကာ ဒကာမတို့အားလည်း အကျိုးများရာ ညွှန်ကြားလျက် ၁၃၃၃-ခုနှစ်တွင် ပဲခူးမြို့ ကျောက်တိုင်ကန် ဒက္ခိဏသာခါရာမ ကျောင်းတိုက်သို့ ပဓာနအဖြစ် ရောက်ရှိကာ သာသနာပြုတော်မူသည်။ ဆရာတော်သည် ဝိနည်း၌ ကျွမ်းကျင်တော်မူသဖြင့် ဝိနည်းဆွေးနွေးပွဲများသို့ တက်ရောက်ဆွေးနွေး အဆုံးအဖြတ်ပေးလျက်

ဝိနယသာကစ္ဆာ ဩဝါဒါစရိယ တာဝန်ကို ရှက်ဆောင်သည်။ ထိုအတူ ဆရာတော်သည် တပည့်ဒကာ ဒကာမ သံဃာတော်တို့အား အဆုံးအမ ပြတ်သားစွာပေးခြင်း သာသနာ့အကျိုးကို ရှေ့တန်းမှ ဆောင်ရွက်ခြင်း တို့ကြောင့် အရညဝါသီ ရွှေကျင်နိကာယ နာယကဆရာတော်အဖြစ်ဖြင့် ထင်ရှားစွာ သာသနာပြုတော်မူဆဲရှိလေသည်။

ဘဒ္ဒန္တဝါသဝေါ ထေရော၊ ကုသလော ပိဋကဝိဒူ။
ဝသေန တဿ ဝိရဿ၊ ဝုဍ္ဍိပတ္တော သနန္တနေ။

**စမ်းကြီး တောရဆရာတော် အရှင်သိရိန္ဒ**
**အရညဝါသီ ရွှေကျင်နိကာယ နာယက**
**ဝိနယသာကစ္ဆာ ဩဝါဒါစရိယ**

ဆရာတော်သည် ၁၂၅၅-ခု ပဲခူးမြို့နယ် အထက်စည်တီးရွာတွင် ဖွားမြင်ပြီး ၁၂၇၅-ခုနှစ်တွင် စမ်းကြီးတောရ ကျောင်းတိုက်၌ပင် ရဟန်း ပဥ္စင်း ဖြစ်တော်မူလျက် စာပေ ကျမ်းဂန်များကို လှည့်လည် ဆည်းပူး လေ့လာပြီးနောက် ပြန်ရောက်ရှိပြီး (၃၂) ဝါအရတွင် စမ်းကြီး တောရ ကျောင်းတိုက်ကြီး ပဓာနဆရာတော်အဖြစ် အပ်နှင်းခြင်း ခံရ လေသည်။

ဆရာတော်သည် ရဟန်းရှင်လူ ယောဂီ သူတော်စင်တို့အား ပဋိပတ် ကျင့်စဉ်များကို ဟောဖော်ညွှန်ပြခြင်း၊ နှစ်စဉ် သကြၤန်အခါများ ဘွင် ပဲခူးမြို့နှင့် အမြို့မြို့အနယ်နယ်မှ လာရောက်ကြသည့် သူတော်စ်များကို ဒုလ္လဘ ရဟန်းပြုပေးခြင်း၊ တရားမေ့ပြသလျက် ဓုဘင် ဆောက်တည်စေ ခြင်းဖြင့် ပဋိပတ် သာသနာပြုတော်မူလေသည်။

စမ်းကြီးတောရကျောင်းတိုက်သည် ပဲခူးမြို့၏ အနောက်တောင်တွင် ရှိ၍ မြို့အစွန် ကျောက်တိုင်ကန်ရွာနှင့်ပင် တမိုင်ကျော်မျှ ဝေးကွာလျက် တိဘ်ဆိတ်ကာ အရိပ်အာဝါသကောင်းမွန် စမ်းရေတံခွန် ဝန်းခဲ့ လှည့်

ပတ် တောရ ဆောက်တည်ဖွယ် ကောင်းသော နေရာဖြစ်လေသည်။ ထို နေရာကောင်းနှင့် ဆရာတော်၏ ဆန္ဒတော်များ ပေါင်းစပ်ကာ အမြဲမပြတ် လာရောက် တရား အားထုတ်သူများ၊ ရက်ရှည် ဥပုသ်စောင့်သူများ၊ ကုသိုလ်ကောင်းမှု အထူးလာပြုသူများအပြင် သင်္ကြန်အခါတွင် ပိုမို စည်ကား များပြားလျက် ဒုလ္လဘ ရဟန်းပြုသူ (၁၀၀)ကျော်မျှပင် ရှိလေသည်။

ဆရာတော်သည် ထိုသို့ တပည့် ဒကာ ဒကာမတို့ကို ပဋိပတ်သာသနာ ပြုယင်း အရညဝါသီ ဂိုဏ်းကျော်နိကာယ၏ တတိယနာယကတာဝန် ဝိနယ သာကစ္ဆာအဖွဲ့ကြီး၏ ဩဝါဒါစရိယတာဝန်တို့ကို နှစ်ပေါင်း များစွာ ဆောင်ရွက်လျက် ဝိနယ သာကစ္ဆာ ဆွေးနွေးပွဲများတွင် သဘာပတိ ဩဝါဒမိန့်ခွန်း အပြောကောင်းသည်ဟု ထင်ရှားတော်မူကာ သိက္ခာဝါ (၆၀)ကျော်တွင် ဘဝနတ်တံ စံတော်မူလေသည်။

ဘဒ္ဒန္တ သိရိန္ဒထေရော၊ သာသနဿ သိရိန္ဒရော။
ကတွာ သာသနကိစ္စာနိ၊ ဂတော ဒေဝသဟဗျတံ။

## မင်းကျောင်းတိုက် အင်းရဲဆရာတော် အရှင်ဝိလာသ
## ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ ဩဝါဒါစရိယ

ဆရာတော်သည် ၁၂၅၈-ခုနှစ်ဖွား ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ သင်ပန်းခြေရွာသား ဖြစ်တော်မူ၍ ပဲခူးမြို့ မင်းကျောင်းတိုက်၌ သိက္ခာ (၃၂)ဝါမှ (၅၃)ဝါရသည်အထိ သီတင်းသုံးတော်မူလျက် စာပေပို့ချခြင်း၊ အရညဝါသီ ဂိုဏ်းကျော် နိကာယဂိုဏ်း၏ အကျိုးကို သည်ပိုး ဆောင်ရွက်တော်မူခြင်း၊ ဝိနည်းဆွေးနွေးပွဲကြီး၌ ပကိဏ္ဏက အမေးပြဿနာများကို ဖြေကြား ရှင်းလင်း ဆုံးဖြတ်တော်မူခြင်းများဖြင့် သာသနာပြုတော်မူသည်။

ဆရာတော်သည် ဝိနည်းဒေသနာတော်၌ လိမ္မာ ကျွမ်းကျင်တော်မူ လျက် ဝိနည်းငါးကျမ်း ခက်ဆစ်များကို အဆုံးအဖြတ် တိကျစွာ

ပေးတော်မူနိုင်သဖြင့် သာကစ္ဆာဝင် သံဃာတော်များ၏ လေးစား နှစ်သက်ခြင်းကို ရရှိတော်မူသော ဩဝါဒါစရိယ ဆရာတော်အဖြစ်ဖြင့် သာသနာ့ဝန်ကို ထမ်းဆောင်ခဲ့ပြီး ၁၃၃၃-ခုနှစ် ၅၃-ဝါအရတွင် ဘဝနတ်ကံ ဝင်စံတော်မူလေသည်။

ဘဒ္ဒန္တဝိလာသော ထေရော၊ ဝိလာသော ဗုဒ္ဓသာသနေ။
သာသနံ သော ဝိလာသေတွာ၊ ပယာတော မစ္စုနော မုခံ။

### မယင်းဓမ္မသိဒ္ဓိကျောင်းတိုက် ဆရာတော်အရှင်ကုသလ (သိက္ခာ ၆၂-ဝါ) အရည်ဝါသိရွှေကျင်နိကာယ နာယက ဝိနယသာကစ္ဆာအဖွဲ့ကြီး၏ ဩဝါဒါစရိယ ဓမ္မကထိက

ဆရာတော်သည် ၁၂၆၂-ခု ပဲခူးမြို့နယ် မယင်းရွာမ၌ ဖွားမြင်၍ ပထမ မယင်းတိုက်ကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု ရဟန်းဝတ်ကာ ညောင်းတုံးမြို့ ရွှေဟင်္သာတောရတိုက် စံကျောင်းဆရာတော် စသည်တို့ ထံ၌ ပညာများသင်ယူခဲ့ပြီး မယင်းရွာဓမ္မသိဒ္ဓိကျောင်းတိုက်သို့ ၁၂၉၅-ခုနှစ်မှစ၍ ပဓာနအဖြစ် ရောက်ရှိတော်မူခဲ့သည်။ ဆရာတော်သည် ပဲခူးမြို့နယ် မြောက်ပိုင်းတခွင် အရည်ဝါသိ ရွှေကျင်နိကာယ သာသနာဝင်တွင် တရားဓမ္မ ဟောပြောပြသ ဆုံးမခြင်း၌ အလွန်ထင်ရှားတော်မူသည့်အပြင် ဂိုဏ်းဂဏကိစ္စ အလှူဒါန မင်္ဂလာများ၌ ကိုယ်တော်တိုင် ကြွရောက်ချီးမြှောက်တော်မူလျက် တရားဟောလေ့ရှိသည်မှာ ဆရာတော်၏ထူးခြားတော်မူချက်တရပ် ဖြစ်သည်။

ဆရာတော်သည် ဝိနယဂရုက ဂိုဏ်းအင်္ဂါနှင့်အညီ ကျင့်သုံးတော်မူလျက် တပည့်တို့အားလည်း ရွှေကျင်ဂိုဏ်းကျင့်သုံး နေထိုင်ပုံများကို အထူးအလေးထားစေတော်မူ၏။ စာပေကျမ်းဂန် သင်အံမှုကို အားပေး ချီးမြှောက်တော်မူလျက် နောင်ပတ္တရာရွာ သာသနရက္ခိတ ပရိယတ္တိ စာမေးပွဲ ဥက္ကဋ္ဌအဖြစ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင် ဝိနယတံခွန် စာမေးပွဲ ဩဝါဒါစရိယ အဖြစ်ဖြင့်လည်းကောင်း၊ ဝိနယသာကစ္ဆာအဖွဲ့ကြီး၏

ဩဝါဒါစရိယအဖြစ်ဖြင့်လည်းကောင်း သာသနာ့ဝန်ကို အားသွန်ခြည့် စွမ်းခြင်းရှိတော်မူခဲ့သည့်အပြင် ယခုအခါ ပဲခူးမြို့နယ် အရညဝါသီ ရွှေကျောင်နိကာယ၏ နာယကဆရာတော်အဖြစ်ဖြင့် ဂိုဏ်းသံဃာတော်တို့ အား ဩဝါဒဓမ္မကို ညွှန်ပြလျက်ရှိလေသည်။

ဘဒ္ဒန္တကုသလော ထေရော၊ သံဃကိစ္စေသု ကုသလော။
သာသနေ သော မဟုဿာဟော၊ သက္ကစ္စံ ဝိယ အာဝဟော။

## အရညဝါသီ ရွှေကျောင်နိကာယ နာယက
## ရွှေဂူဆရာတော် အရှင်အာစိဏ္ဏ(သိက္ခာ ၅၁-ဝါ)
## ဝိနယ်သာကစ္ဆာအဖွဲ့ကြီး၏ ဩဝါဒါစရိယ

ဆရာတော်သည် ၁၂၇၁-ခုနှစ်ဖွား ညောင်လေးပင်မြို့နယ် ရှမ်းရွာ ဇာတိဖြစ်၍ ပထမ ရွှေဂူဆရာတော် အရှင်ဉာဏာလင်္ကာရနှင့်အတူ ရွှေဂူ ကျောင်းတိုက်သို့ ရောက်ရှိတော်မူကာ ပထမ ရွှေဂူဆရာတော် ပျံလွန် တော်မူပြီး ၁၃၃၃-ခုနှစ်မှစ၍ ဒုတိယမြောက် ဆက်ခံသော ပဓာန ဆရာတော်ဖြစ်လေသည်။

ပထမရွှေဂူဆရာတော် ပြုစုချမှတ်ထားခဲ့သော ပရိယတ်သာသနာပြု လုပ်ငန်းများကို အားသွန်ကြိုးပမ်း ဆောင်စွမ်းတော်မူလျက် ရွှေခြူး မိခင် ဒေါ်မြတင် အထိမ်းအမှတ် စာပြန်ပွဲ၊ ပဲခူးတိုင်း ဝိနယတံခွန် စာမေးပွဲ၊ သီလရှင် ပိတ်လှူဒါန်းပွဲများကို မပျက်မကွက် ရှေးယခင် အတိုင်း ဆောင်ရွက်တော်မူလေသည်။ ဆရာတော်သည် ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ ဩဝါဒါစရိယ တာဝန်နှင့် တနှစ်တွင် သုံးကြိမ်ထက် မနည်း ဝိနည်းဆွေးနွေးပွဲကို စီမံတော်မူလျက် ဝိနယဂရုကာဂုဏ် ပိဋကာ စာရိကဝတ် ဆွမ်းခံခြင်း၌ အမြဲလေးစားသောအားဖြင့် ထင်ရှားလေ သည်။

ဘဒ္ဒန္တအာစိဏ္ဏော ထေရော၊ သွာစိဏ္ဏော ဗုဒ္ဓသာသနေ။
ကတ္တဗ္ဗံ သော ကရမာနော၊ သမ္ဗုဒ္ဓသာသနံ ဓရော။

## ကျိုက်လှရွာ ဒက္ခိဏာရုံကျောင်း ဆရာတော် အရှင်သံကိစ္စ ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ ဩဝါဒါစရိယ

ဆရာတော်သည် ၁၂၆၁-ခုနှစ်ဖွား ပဲခူးမြို့နယ် ကျောက်တန်းရွာသား ဖြစ်တော်မူ၍ အလယ်တန်းပညာကို သင်ယူပြီးနောက် ညောင်တုံးမြို့ ရွှေဟင်္သာတောရကိုက် ပထမစံကျောင်း ဆရာတော် ဦးလေးတော်သူထံ လိုက်ပါလျက် လောကုတ္တရာပညာများကို သင်ယူတော်မူ၏။ ၁၂၇၁-ခုနှစ်တွင် ပထမစံကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု ရဟန်းဝတ်ကာ စာကိုဆက်သင်ပြီးနောက် စံကျောင်း ဆရာတော်ထံတွင်ပင် သက္ကတ၊ ဟိန္ဒီ၊ သီဟိုဠ်၊ အင်္ဂလိပ်ဘာသာရပ်များကို လေ့လာ သင်ယူလျက် စာပေမှိုချ သိမ်တင်းသုံးနေခဲ့သည်။ ထိုမှတဖန် လင်းဝင်ရွာ၌ ကျောင်းဘုန်းကြီးအဖြစ် သာသနာပြုခြင်း၊ ရွှေတိဂုံစေတီတော် စနေထောင့် မှော်ရုံ၌ (၇)နှစ်ကြာမျှ ငှိုပတ်အားထုတ်ခြင်း၊ အိန္ဒိယ သီဟိုဠ်နိုင်ငံများသို့ သွားရောက်ကာ ပူဇနီယဋ္ဌာနများကို ဖူးမြော်လေ့လာခဲ့ခြင်းများဖြင့် လှည့်လည်ပြီးနောက် ဝေါမြို့နယ် ကျိုက်လှရွာ ဒက္ခိဏာရုံကျောင်းသို့ ၁၃၁၈-ခုနှစ်တွင် ပဓာနအဖြစ် ရောက်ရှိတော်မူခဲ့သည်။

ဆရာတော်သည် ဘာသန္တရ၊ ဂန္ထန္တရများ ကျွမ်းကျင်တတ်မြောက်သည့်အလျောက် တပည့်တပန်းများအား သင်ကြားပို့ချပေးလျက် ဝိနယဂရုကဂုဏ် ပြည့်စုံတော်မူကာ ဝိနယသာကစ္ဆာ ဩဝါဒါစရိယအဖြစ်ဖြင့် သာသနာမှုများ ဆောင်ရွက်တော်မူစဉ် ၁၃၃၄-ခုနှစ်၌ ဘဝနတ်ထံ စံလွန်တော်မူလေသည်။

ဘဒ္ဒန္တသံကိစ္စော ထေရော၊ သံဃကိစ္စေသု ဗျာဝဋော။
ဘာသန္တရေသု ကောဝိဒေါ၊ သဟာဗျတံ ဒိဝံဂတော။

### ရွှေပန်းတောရကျောင်းကြီး ဆရာတော်အရှင်ဇာနေယျ
### (သိက္ခာ ၅၉-ဝါ)

### အရညဝါသီ ရွှေကျင်နိကာယ နာယက
### ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ ဩဝါဒါစရိယ

ဆရာတော်သည် ၁၂၆၃-ခုနှစ် ဖွားမြင်လျက် ပဲခူးမြို့နယ် တောင်ပို့တရာရွာ ဇာတိဖြစ်တော်မူ၍ ပဲခူးမြို့ ရွှေပန်းတောရ မူလဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြုလျက် ဥပသမ္ပဒအဖြစ် ရတော်မူ၏။ စာပေကျမ်းဂန်များကို လှည့်လည်သင်ကြား ဆည်းပူးတော်မူပြီးနောက် (၃၅)ဝါမှ (၄၄)ဝါအထိ တိုက်အုပ် ဆရာတော်အဖြစ်ဖြင့်လည်းကောင်း၊ (၄၅)ဝါမှ ယခုအချိန်အထိ ပဓာန နာယက ဆရာတော်အဖြစ်ဖြင့်လည်းကောင်း ပရိယတ် ပဋိပတ် သာသနာ့တာဝန်ကို ကျေပြွန်စွာ ဆောင်ရွက်တော်မူလျက်ရှိသည်။

ဆရာတော်သည် ဝိနည်းဒေသနာတော်ကို ထူးခြားစွာ လေ့လာလျက် ဝိနည်းဆွေးနွေးပွဲ၌ ပါဝင်တော်မူကာ ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ ဩဝါဒါစရိယ ဖြစ်တော်မူခဲ့လေသည်။

ဘဒ္ဒန္တဇာနေယျော ထေရော၊ ဇာနိတဗ္ဗေသု ကောဝိဒေါ။
သာကစ္ဆာသမိတိယာပိ၊ ဩဝါဒါစရိယော ဟိ သော။

### တတိယမင်းကျောင်း ဆရာတော်အရှင်နိသဘ

### အရညဝါသီ ရွှေကျင်နိကာယ နာယက
### ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ ဩဝါဒါစရိယ

ဆရာတော်သည် ၁၂၆၉-ခုနှစ်ဖွား ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် သင်ဗန်ချိန်ရွာသား ဖြစ်တော်မူ၍ ဒုတိယမြောက် သက်တော်ရှည် ပဲခူးမြို့ မင်းကျောင်း မဟာနာယကဆရာတော်ကို ဥပဇ္ဈာယ်ပြုကာ ရဟန်းဖြစ်တော်မူလေသည်။ စာပေပညာ ဆည်းပူးသင်ကြားတော်မူရာ ပုလ်ပ်

မြို့ သာသနဝေပုလ္လကျောင်း၌ စာပေပို့ချ သာသနာပြုတော်မူခဲ့သဖြင့် ပုလိပ်ဆရာတော်ဟု ထင်ရှားကာ ၁၃၂၃-ခုနှစ်တွင် ပဲခူးမြို့ မင်းကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိတော်မူပြီး ရွှေခြုံးဦးသူတော်၊ ဦးပွ စသော ပစ္စယာနုဂ္ဂဟဒါယကာ ဒါယိကာမတို့ကို အမှီပြုလျက် မင်းကျောင်းတိုက်ကြီးကို စာသင်တိုက်ကြီးအဖြစ်ဖြင့် မဟာနာယက ဆရာတော်လက်အောက်၌ သာသနာပြုပေးလေသည်။

ဆရာတော်သည် အလုပ်လုပ်သော ဆရာတော်တပါး ဖြစ်တော်မူသဖြင့် မဟာနာယကဆရာတော် ပျံလွန်တော်မူသောအခါ တတိယ မင်းကျောင်း ဆရာတော်အဖြစ် အုပ်ချုပ်တော်မူရကာ ဝိနယသာကစ္ဆာ ဩဝါဒါစရိယဘာဝန်၊ အရညဝါသီ ရွှေကျင်နိကာယ၏ နာယကဆရာတော် တာဝန်များကို ထမ်းဆောင်ယင်း ၁၃၃၅-ခုနှစ်တွင် ဘဝနတ်ထံ ငင်စံတော်မူခဲ့လေသည်။

ဘဒ္ဒန္တနိသဘော ထေရော၊ နိပာတမာနိကော ဟိ ဝေ။
သာသနေ သောဘိယုဉ္ဇိတွာ၊ ယာတော ဒေဝါန သန္တိကေ။

## ခေါင်းဆေးကျွန်းဆရာတော် အရှင်စက္ကိန္ဒ (သိက္ခာ ၅၆-၀၇)
## အရညဝါသီ ရွှေကျင်နိကာယ နာယက
## ဝိနယသာကစ္ဆာ ဩဝါဒါစရိယ

ဆရာတော်သည် ၁၂၆၉-ခုဖွား သနပ္ပင်မြို့နယ် ခရမ်းရွာဇာတိ ဖြစ်၍ ခရမ်းမြေမဒိနီကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု ရှင်အဖြစ် ရဟန်းအဖြစ်ရကာ စာပေသင်ကြား တတ်မြောက်တော်မူပြီးသောအခါ ဝိနည်းသာသနာတော် ထွန်းကားရေးကို အထူး အလေးပေးတော်မူလျက် တောင်စွန်းအနီး ဇုတ်သုတ်ဆရာတော်ဘုရားကြီး၏ အမိန့်အရ ပဲခူးမြို့ ခေါင်းဆေးကျွန်း မင်္ဂလာဓိပကျောင်းတိုက်၌ ပဓာန နာယက ဖြစ်တော်မူကာ တပည့်တပန်း ရဟန်းသာမဏေများကို စာပေပို့ချခြင်း၊ ဒကာ ဒကာမများကို တရားဟောပြောခြင်း၊ ဝိနယသာကစ္ဆာ ဩဝါဒါ

စရိယ တာဝန်ကို ဆောင်ရွက်တော်မူခြင်းတို့ဖြင့် သာသနာပြုတော်မူလျက်ရှိလေသည်။

ဘဒ္ဒန္တစက္ကိန္ဒထေရော၊ သုစက္ကဝုဒ္ဓိကာရကော။
စက္ကာယ ဘာရဓော ဟုတွာ၊ သမ္ဗုဒ္ဓစက္ကဇောတကော။

**စန္ဒာရုံဆရာတော် အရှင်နန္ဒဝံသ (သိက္ခာ ၆၂-ဝါ)**
**ဝိနယသာကစ္ဆာ သြဝါဒါစရိယ**

ဆရာတော်သည် ၁၂၆၃-ခုဖွားမြင်၍ သနပ္ပင် ရေကျော်ရွာသား ရေကျော်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ၁၂၈၃-ခုနှစ် ရဟန်းဖြစ်လျက် ပဲခူးမြို့ ခေါင်းဆေးကျွန်းအနီး စန္ဒာရုံကျောင်းတိုက်၌ ၁၃၃ဝ-ပြည့်နှစ်မှစ၍ ပဓာန နာယကဖြစ်တော်မူကာ ဝိနည်းဆွေးနွေးခြင်းကို များစွာစိတ်ဝင်စားတော်မူလျက် ဝိနယ သာကစ္ဆာ ဆွေးနွေးပွဲများ၌လည်းလစဉ်တက်ရောက်တော်မူသည်၊ ဝိနယသာကစ္ဆာ သြဝါဒါစရိယအဖြစ်ဖြင့် သာသနာဝင်၌မှတ်တမ်းတင်အပ်လျက် ယခုထက်ထိ သက်တော်ထင်ရှား သာသနာပြုတော်မူလေသည်။

နန္ဒဝံသော မဟာထေရော၊ နန္ဒနကိစ္စကာရကော။
နန္ဒယံ မာနသံ သတ္တ၊ သတ္တသာသနေ ဇောတကော။

**သင်ပုံးတောရဆရာတော် အရှင်ကုဏ္ဍလ သိက္ခာ(၆၂-ဝါ)**
**အရညဝါသီ ရွှေကျင်နိကာယ နာယက**
**ဝိနယသာကစ္ဆာအဖွဲ့ကြီး၏ သြဝါဒါစရိယ ကမ္မဋ္ဌာနာစရိယ**

ဆရာတော်သည် ၁၂၆ဝ=ပြည့်နှစ်ဖွား ပဲခူးမြို့နယ် ဈေးညောင်ပင်ရွာသားဖြစ်တော်မူ၍ ခရမ်းမြို့နယ် ဖော့ကန်ရွာတွင် ရဟန်းအဖြစ်ရောက်ရှိလျက် ဘီးလင်း၊ ဇုတ်သုတ်၊ ပဲခူး၊ ခေါင်း ဆေးကျွန်းကျောင်း

စသည်တို့၌ ဂန္ထန္တရ အာဝဝသင်ကြားတော်မူပြီး ရန်ကုန်မြို့ သာသနာ့ ရိပ်သာ မဟာစည်ဆရာတော်ထံ သတိပဋ္ဌာန် ကျင့်စဉ်များ အားထုတ် နည်းယူတော်မူ၏။ ထို့နောက် ၁၃၁၇-ခုနှစ်မှစ၍ ဒေးစွန်ပါတောင်ခြေ ဆင်ပုံးတောရကျောင်းတိုက်သို့ ရောက်ရှိတော်မူကာ ပဋိပတ္တိစုရကို ကိုယ် တိုင်လည်း အားထုတ်ရောက်ရှိလာသော တပည့်ယောဂီရဟန်းရှင်လူများ ကိုလည်း အမြဲတမ်း ကမ္မဋ္ဌာန်းပြသတော်မူသည်။ ဝိနယသာကစ္ဆာ နှစ်ပတ် လည်ဆွေးနွေးပွဲသို့ ကိုယ်တိုင်ကြွရောက်တော်မူခြင်း ဩဝါဒါစရိယ တာဝန်ကို ဆောင်ရွက်တော်မူခြင်းဖြင့် သာသနာဝင်တွင် ထင်ရှားတော် မူလျက်ရှိလေသည်။

ဘဒ္ဒန္တကုဏ္ဍလော ထေရော၊ ကုသလော ပိဋကဝိဒူ။
ဝိနာယကသ္သ စက္ကသ္သ၊ ဝုဍ္ဍိယာ ဝါယာမံ အကာ။

ဘုရားလေး ဥက္ကံတိုက်အုပ် ဆရာတော် အရှင်တိလောက
(သိက္ခာ ၅၅-ဝါ)
ဝိနယသာကစ္ဆာအဖွဲ့ကြီး၏ အကျိုးဆောင် ဩဝါဒါစရိယ

၁၂၆၉-ခုနှစ်ဖွား ဆရာတော်သည် ကျိုက်ထိုမြို့နယ် အရက်သည်မ ရွာဇာတိဖြစ်၍ ကျိုက်ထိုမရန်းချို့ကျောင်း၌ ပညာသင်ကြား ရှင်ရဟန်း အဖြစ်ရရှိကာ အရပ်ရပ်၌ ပညာသင်ယူခဲ့သည်။ ဆရာတော်သည် ဝိနယ သာကစ္ဆာအဖွဲ့ကြီး စတင်တည်ထောင်စဉ် ၅၇-ပါးတွင် ပါဝင်ခဲ့သည့် အကျိုးဆောင်လည်းဖြစ် နောက်အခါ ဩဝါဒါစရိယလည်းဖြစ်တော် မူသည့် ဆင်ပုံးတောရ၊ ရွှေဂူစသော ဆရာတော်ကြီးများနှင့် ဝိနယသာ ကစ္ဆာဖြစ်မြောက်ရေးကို အထူးအားပေး ကျိုးပမ်းတော်မူလျက် ဘုရား လေးဥက္ကံကျောင်း၌ ၁၄-ဝါမှယခုထက်တိုင် တိုက်အုပ်ဆရာတော်အဖြစ် ဖြင့်သာသနာပြုတော်မူ၏။ တပည့်ဒကာ ဒကာမတို့အား မေတ္တာဩဝါဒ ကထာဒေသနာများ ဟောတော်မူခြင်း၌ ထင်ရှားတော်မူပြီး ဂိုဏ်း ဂဏ သုံးသကိစ္စများကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပြေငြိမ်းစေတော်မူသည်။

ဘဒ္ဒန္တတိလောကော ထေရော၊ တိလောကဂ္ဂဿ သာသနေ။
စုရေ သော ပူရယမာနော၊ အဂ္ဂဂ္ဂသာသနံ ဓရော။

## ဂန္ဓာရုံကျောင်းဆရာတော် အရှင်သုစိဏ္ဏ
## ဂဏဟိတဓရ ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏
## အထူးအကျိုးတော်ဆောင်

ဆရာတော်သည် ၁၂၆၇-ခုဖွား ဒါးပိန်နယ် သပြုရွာသားဖြစ်၍ ၁၂၁၇-ခုနှစ် ရဟန်းဖြင့်လျက် ပဲခူးမြို့ ရွှေအောင်ရွေးကျောင်း၌ ပညာများဆည်းပူးကာ ဂန္ဓာရုံကျောင်းသို့ ကြွရောက်သီတင်းသုံး သာသနာပြုလေ၏။

ဆရာတော်သည် ပဲခူးမြို့နယ် အရညဝါသီ ရွှေကျင်နိကာယ ဂဏဟိတရေအဖွဲ့နှင့် ဝိနယသာကစ္ဆာ အဖွဲ့နှစ်ခု တည်ထောင်မှု၌ အထူးကျေးဇူးများသော ဆရာတော်တပါးဖြစ်လေသည်။ ဆရာတော်သည် ဂိုဏ်းသံဃာအဖွဲ့အစည်းဆိုင်ရာ တာဝန်များကို ကျေကျေပွန်ပွန် ရွှေဆောင်ပြုလျက် စည်းလုံးချက်ရှိအောင် စီမံတော်မူနိုင်လေသည်။ ၁၃၁၂-ခုနှစ် ဝိနည်းဆွေးနွေးပွဲကြီးကို ပြုလုပ်ရန် သတ်မှတ်ပြီးချိန်မှစ၍ ကိုယ်တိုင်ကိုယ်ကျ ပစ္စည်း ပညာ ဝီရိယအား များစွာဖြင့် ဆင်ပုံးတောရဆရာတော်၏ ဆန္ဒပြည့်ဝအောင် ဂိုဏ်း သံဃာတော်များ၏ညီညွတ်စည်းလုံးမှုရှိအောင် ဖြေ ငံ့မက်မှန်ကန် သည်းခံစိတ် များစွာထားလျက် ဆောင်ရွက်တော်မူသည်။ ဝိနယသာကစ္ဆာ ဆွေးနွေးပွဲကြီး ပြုလုပ်ရာဌာနအဖြစ် မိမိ၏ ဂန္ဓာရုံကျောင်းတိုက်ကိုပင် သတ်မှတ်တော်မူလျက် ဝိနည်းဆွေးနွေးပွဲ ကြွ ဆရာတော်များအား ဆွမ်းကွမ်း ယာဉ်ကာလျှုဒါန်းနိုင်ရေး ဆွေးနွေးပွဲ အတွက် စာရွက်စာတမ်းစသည့် လိုအပ်ချက်များကို ဒကာ ဒကာမတို့ အထူးလေးစားယုံကြည်မှုရှိအောင် ဟောပြောတော်မူလေသည်။

ဆရာတော်သည် ဂိုဏ်း ဂဏ သံဃာအများအကျိုးကို ရွက်ဆောင်တော်မူခြင်း တပည့်သံဃာ ဒကာ ဒကာမတို့၏ လောကသံသရာ နှစ်ဖြာ

ကောင်းကျိုး ပွားတိုးစေခြင်းဖြင့် ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ အကျိုးတော်ဆောင်ချုပ် တာဝန်ကို ထမ်းဆောင်တော်မူယင်း ၁၃၂၁-ခု သီတင်းကျွတ် ၁၄-ဝါ၌ ဘဝနတ်ထံ ပျံလွန်တော်မူရှာလေသည်။

ဘဒ္ဒန္တသုစိဏ္ဏော ထေရော၊ သွာစိဏ္ဏော ဗုဒ္ဓသာသနေ။
ကတ္တဗ္ဗံ သော ကရမာနော၊ သဟာဗျတံ ဒိဝံ ဂတော။

## ရွှေပန်းတောရ ပဓာနိကာရာမ ဆရာတော် အရှင်သီလာစာရ

## ဂဏဟိတစရေ ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ အထူးအကျိုးဆောင်

ဆရာတော်သည် ပဲခူးမြို့ ရွှေပန်းတောရ ပဓာနိကာရာမကျောင်းတိုက်ကြီးကို စတင်တည်ထောင်တော်မူလျက် တပည့်သံဃာများအား စာပေပရိယတ်၊ သီလရှင်နှင့် လူယောဂီသူတော်စင်တို့အား ပဋိပတ်အကျင့်များကို ဟောပြောပြသလျက် ဂိုဏ်း သံဃာတော်များ၏ အကျိုးကို အထူးလိုလားတော်မူသည်။

ထို့ကြောင့် ဆရာတော်သည် ဂဏဟိတခရအဖွဲ့ စတင်တည်ထောင်ခြင်း၌ ပါဝင်ပြီး ဝိနယသာကစ္ဆာ လုပ်ငန်းစဉ်များကို ဂန္ဓာရုံဆရာတော်နှင့်အတူ ထူးကဲစွာ အကျိုးပြုလုပ်ဆောင်တော်မူလေသည်။ ထိုမှ ဂန္ဓာရုံဆရာတော် ပျံလွန်တော်မူပြီးနောက် ဝိနယသာကစ္ဆာ ဆွေးနွေးပွဲကို လစဉ်လတိုင်း ၁၄-နှစ်ကြာမျှ ပဓာနိကာရာမ ကျောင်းတိုက်၌ပင် တာဝန်ယူပြုလုပ်ပေးသည်။ ဆွမ်းဒကာ မောင်တော်ကား အကြိုအပို့ဒကာများ စသည်ဖြင့် ဝိနယသာကစ္ဆာ ဆွေးနွေးပွဲအတွက် အဘက်ဘက်မှ ပြည့်စုံအောင် ကိုယ်တိုင်ကိုယ်ကျ တပည့်များနှင့် ပါဝင်ဆွေးနွေး ပြုလုပ်ပေးသည်။

ဆရာတော်သည် ပရဟိတ္တများကို အားပါးတရ အကျိုးပြုပြီးနောက် ၁၃၃၀-ခုနှစ်တွင် အဖော်မမှီး တပါးတည်း ကေစာဂိုကျင့်လျက် တောထွက်တော်မူသွားလေသည်။

ဘဒ္ဒန္တသီလာစာရော ယော၊ သီလေသု သမ္မအာစာရော။
ပရက္ကိစ္စံ အာဝဟိတွာ၊ အတ္တကိစ္စေ အတန္ဒိတော။

## အရညဝါသီ ရွှေကျင်နိကာယ နာယက
## မျက်နှာတော် ဆရာတော် အရှင်နာဂိန္ဒ (သိက္ခာ ၅၂-ဝါ)
## ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ အထူးအကျိုးဆောင်
## မဟာကလျာဏီ ကျောင်းတိုက်ကြီး၏ ဩဝါဒါစရိယ

ဆရာတော်သည် ဝိနယသာကစ္ဆာအဖွဲ့ကြီး၌ အလှန်အလှိုင်လုပ်သည့် ဆရာတော်တပါး ဖြစ်လေသည်။ သို့ဖြစ်၍ အဖွဲ့ဝင် ဆရာတော် အားလုံးက အဖွဲ့ကြီး၏ အကျိုးတော်ဆောင်ချုပ်အဖြစ်ဖြင့် တာဝန် ပေးအပ်ခြင်းကို ခံယူတော်မူရလေသည်။ ဆရာတော်သည် သနပ္ပင်မြို့နယ် ခရမ်းရွာ ဦးထွန်းလင်း ဒေါ်ငယ်တို့မှ ၁၂၆၇-ခုနှစ် တပေါင်းလဆုတ် (၉)ရက် စနေနေ့တွင် ဖွားမြင်တော်မူကာ (၁၂)နှစ်အရွယ်တွင် သာမဏေဝတ်ပြီး အသက် (၂၆)နှစ်အရွယ် ၁၂၉၃-ခုနှစ်တွင် ပဲခူး မြို့ ဟသ်ာကုန်းကျောင်းတိုက် တိပိဋကာလင်္ကာရဝရာဘိဝံသ ဘွဲ့ခံဆရာတော် အရှင်ဂုဏာဝံသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်တော်မူလာခဲ့သည်။

ဆရာတော်သည် ငယ်စဉ်က မွေးဖွားရာ ခရမ်းရွာကျောင်း၌ ပညာ သင်ကြား၍ နောင်အခါ ပဲခူးမြို့ ရွှေအောင်ရွှေးကျောင်းတိုက် ဆရာ တော်ထံ ပိဋကတ် အခြေခံတို့ကို သင်ယူ ဆည်းပူးတော်မူကာ ဇိုင်းဂနိုင်း ရွာကျောင်း ဆရာတော် အရှင်ကလျာဏထံတွင် သဒ္ဒနီတိ စသော ကျမ်း ကြီးများ ဝိနည်းငါးကျမ်းပါဠိတော်ကို ဆိုဝါတို့ဖြင့် သင်ယူတော် မူခဲ့လေသည်။

ဆရာတော်သည် ၁၂၉၅-ခုနှစ်တွင် ပဲခူးမြို့ မျက်နှာတော်ကျောင်း သို့ စတင် ရောက်ရှိတော်မူ၍ ရွှေဂူဆရာတော် အရှင်ဉာဏာလင်္ကာရထံ တွင် တဘက်မှ ပညာသင်ယူကာ တဘက်မှ တပည့်ရဟန်း သာမဏေ

များကို စာပေပို့ချလျက် ၁၃၀၉-ခုနှစ်မှစ၍ မျက်နှာတော်ကျောင်းတိုက်၏ ပဓာန နာယက ဖြစ်တော်မူလေသည်။ ရွှေဂူဆရာတော်နှင့် တွဲဖက်ကာ ကလျာဏီသိမ်တွင် ကျင်းပသော စာမေးပွဲများ၌လည်းကောင်း၊ ကလျာဏီသိမ်တော်တွင် သံဃမဟာပဝါရဏာ ပြုပွဲဆိုင်ရာ စီမံရာ၌လည်းကောင်း၊ ကလျာဏီသိမ်တော်ကြီး စောင့်ရှောက်ရေးအဖွဲ့၌လည်းကောင်း ပါဝင်ဆောင်ရွက်လျက် ကလျာဏီသာသနာဝင်၌ အထူး သက်ဝင်တော်မူသည့် အကျိုးတော်ဆောင် ဆရာတော်တပါး ဖြစ်လေသည်။ ရွှေချိုး ပရိယတ္တိ စာမေးပွဲ၊ ဝိနယတံခွန် စာမေးပွဲ စသည်တို့၌ ဆရာတော်သည် အထူးတလည် စီမံဆောင်ရွက်ကာ အဖြေလွှာစစ်ဆေးခြင်း စသော တာဝန်များကို နှစ်ပေါင်းများစွာ ဆောင်ရွက်တော်မူလေသည်၊ ဆရာတော်သည် ပဲခူး အရှေ့ဝါသီ ရွှေကျင်နိကာယ၏ နာယကတာဝန်ကိုလည်း ထမ်းဆောင်တော်မူဆဲ ဖြစ်လေသည်။

၁၃၁၂-ခုနှစ်မှစ၍ ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ အကျိုးတော်ဆောင် တာဝန်ကို ထမ်းဆောင်ယင်း လပတ်တိုင်း ဆွေးနွေးပွဲကြီး၏ အဖြေများကို ပြည့်ပြည့်စုံစုံ ရေးသားတင်ပြတော်မူခြင်း၊ ပုစ္ဆကတာဝန်ဖြင့် မေးမြန်းခြင်း၊ လက္ခဏာဂုဏ်ရည်ကျမ်း၊ ဓုတင်္ဂဂုဏာဒီပနီကျမ်း စသည်တို့ကို ပြုစုရေးသားတော်မူခြင်း၊ ထိုထိုမှတ်သားဖွယ် အဆုံးအဖြတ်တို့ကို ရေးသားခြင်း စသည်ဖြင့် ဆရာတော်သည် ထာဝစဉ် စာပေဖြင့်သာ မွေ့လျော်သည့် ပုဂ္ဂိုလ်ထူးတပါး ဖြစ်တော်မူပေသည်။ ယခုအခါတွင်မူ ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ ဩဝါဒါစရိယ ဆရာတော်အဖြစ် တင်မြှောက်သည်ကို လက်ခံတော်မူကာ ကလျာဏီ သာသနာဝင်တွင် ကျောင်းတိုက်ကြီး၏ ဩဝါဒါစရိယ အဖြစ်ဖြင့် ပါဝင်ကာ စည်ပင်ထွန်းပြောင် တည်ခိုင်အောင် စောင့်ရှောက်တော်မူနေခြင်းဖြင့် သာသနာတော်ကို အသက်ပေး ပြုစုလျက်ရှိပေသည်။

ဘဒ္ဒန္တနာဂိန္ဒော ထေရော၊ ထိရော သမ္ဗုဒ္ဓသာသနေ။
ဓုရေ သော ပူရယမာနော၊ သာကစ္ဆာယံ ဟိတံ ဓရော။

## အရညဝါသီ ဓုတင်ကျင့်နိကာယ နာယက

## သာသနာ့မဏ္ဍိုင် ဆရာတော် အရှင်ပညာဇောတ

## (သိက္ခာ ၄၆-၀၁)

## ဝိနယသာကစ္ဆာ အဖွဲ့ကြီး၏ အကျိုးတော်ဆောင် ဓမ္မကထိက

ဆရာတော်သည် ပဲခူးမြို့တွင် ယခုအခါ စာချ စာသင် ရဟန်းရှင် အပါး (၃၀၀)ခန့်မျှရှိသော သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်း တိုက်ကြီး၏ ပဓာန ဦးစီးဖြစ်တော်မူလေသည်။

ဆရာတော်သည် အရညဝါသီ ဓုတင်ကျင့်နိကာယ၏ အကျိုးကို များစွာ ရှေးရှု ဆောင်ရွက်တော်မူသဖြင့် ဝိနယသာကစ္ဆာ သာသနာတွင် အကျိုးဆောင်တာဝန်နှင့် ဓမ္မကထိက တာဝန်များကို ရွက်ဆောင်တော်မူခဲ့လေသည်။

၎င်းပြင် ၁၃၁၉ ခုနှစ်မှစ၍ ပဲခူးမြို့သို့ ကြွရောက်ကာ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး တည်ထောင်တော်မူပြီး စာချ စာသင် ရဟန်းရှင်များအား စာပေသင်ကြားပို့ချခြင်း၊ နေထိုင်မှု အကျင့်သိက္ခာ မြင့်မားစေခြင်း၊ တနှစ်တခါ စာမေးပွဲပြီးချိန်၌ ဓိဋ္ဌာနကျင့်စဉ်များဖြင့် ပဋိပတ် သာသနာပြုခြင်းများကို အထူးအလေးထား ရွက်ဆောင်တော်မူလေသည်။

ဆရာတော်သည် ယခုအခါ ဝိနယသာကစ္ဆာအဖွဲ့ကြီး၏ ပုစ္ဆက တာဝန်၊ ဩဝါဒါစရိယ တာဝန်များအပြင် ကလျာဏီ သံဃပဝါရဏာပွဲ၌ စီမံတော်မူခြင်းများ ရှိနေသဖြင့် ကလျာဏီ သာသနာဝင် မှတ်တမ်းတွင် သက်ဝင်တော်မူလေသည်။

ပညာဇောတော မဟာထေရော၊ ပညာယ စက္ခုဇောတကော။
သဗ္ဗဒါ ဇောတေတွာ ပညာယ၊ ဇိနသာသနဘာရဓော။

## ဝမ်းဘဲအင်း ဘာဝနာရုံ ဆရာတော် အရှင်ရေဝတ (သိက္ခာ ၄၀•၀၇) ဝိနယသာကစ္ဆာအဖွဲ့ကြီး၏ အထူးအကျိုးဆောင် ဓမ္မကထိက

၁၂၈၂-ခုဖွား လှည်းကူးမြို့နယ် ခရိုန်ရွာသားဖြစ်၍ ခရိုန်ရွာ ရွှေကျင်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၊ ၁၃၀၃-ခုနှစ် ရဟန်းအဖြစ် ရရှိ ပညာသင်ကြားခဲ့သည်။ ရန်ကုန် ဘုရားကြီးတိုက်၊ ပဲခူး ဂန္ဓာရုံ ကျောင်းနှင့် ဘုရားကလေး ဥက္ကံကျောင်း မဟာနာယက ဆရာတော် စသည်တို့ထံ ပညာရှာမှီးတော်မူပြီး ပဲခူးမြို့နယ် ဝမ်းဘဲအင်းရွာ ဘာဝနာ ရုံကျောင်းတိုက်၌ ပဓာန နာယကအဖြစ်ဖြင့် ရဟန်း (၁၀) ဝါရသည်မှ စ၍ ဂိုဏ်း သံဃာ့အကျိုး၊ တပည့်ဒကာ ဒကာမတို့၏ အကျိုးကို တိကျ ကျေပွန်စွာ ဝိနယဂရုက ဂိုဏ်းအင်္ဂါမြောက်လောက်အောင် ထမ်းဆောင် တော်မူလေသည်။ ဆရာတော်သည် ဝိနည်းကျမ်းဂန်များကို လေ့လာ တော်မူပြီး လစဉ် ဝိနည်းဆွေးနွေးပွဲ တက်ရောက်ခြင်း၊ နှစ်ပတ်လည် ဝိနယသာကစ္ဆာ မဟာသန္နိပါတသဘင်ကြီးကို နှစ်စဉ် နှစ်စဉ် နှစ်ညဉ့် သုံးရက်တို့ဖြင့် စည်ကားစွာ ကျင်းပပေးခြင်းဖြင့် ဝိနယသာကစ္ဆာ အဖွဲ့ ကြီး၏ အထူးအကျိုးဆောင်တာဝန်၊ ဓမ္မကထိကတာဝန်များကို ရွက် ဆောင်တော်မူလေသည်။

ဘဒ္ဒန္တရေဝတော ထေရော၊ ဆေကော ဝိနယပိဋ္ဋကေ။
ဝိနယသာကစ္ဆာယံ သော ဟိ၊ ကိစ္စကာရီ ဝိသာရဒေါ။

## အခြား ဝိနယသာကစ္ဆာအဖွဲ့ဝင် ဆရာတော်များ

ပြဆိုခဲ့ပြီးသော ထေရုပ္ပတ္တိအသွင် ဂုဏကထာကျဉ်းစဉ် အကျဉ်းမျှဖြင့် ဝိနယသာကစ္ဆာအဖွဲ့ကြီး၏ ပံ့ပိုးလှူဒါန်းတော်မူပြီး သက်တော်သင်ရှား ရှိသဲ ဩဝါဒါစရိယနှင့် အထူးအကျိုးဆောင်ဆရာတော်များကို ကြည်ညို သံဝေဂရဖွယ် သိရှိနိုင်ပေပြီ။ ထို့အပြင် ဝိနယသာကစ္ဆာဆွေးနွေးပွဲဝင် ပဓာနဆရာတော် သံဃာတော်များကား များစွာ ရှိကုန်သေး၏။

၁။ ပဲခူးမြို့ မဟာကြီးတောရကျောင်း ဆရာတော် အရှင်ဝါယမိဿရ (ဓမ္မာစရိယ)၊

၂။ ပဲခူးမြို့ ဆုတောင်းပြည့်ကျောင်း ဆရာတော် အရှင်ဓမ္မပီယ (ဓမ္မာစရိယ)၊

၃။ ပဲခူးမြို့ ဘုရားသုံးဆူရွာ နာရဏီသိမ်ကျောင်း ဆရာတော် အရှင်သုန္ဒရ (ဓမ္မာစရိယ)၊

၄။ သနပ်ပင်မြို့နယ် ခရမ်းရွာ ဓမ္မမေဒီနီကျောင်း ဆရာတော် အရှင်အဂ္ဂဝံသာဘိဝံသ (စေတိယင်္ဂဏနှင့် အစိုးရ ဓမ္မာစရိယ၊ ဒီဃဘာဏက)၊

၅။ ပဲခူးမြို့ ဖောင်တော်ဦးကျောင်းသစ် ဆရာတော် အရှင်ကေသဝ (ဓမ္မာစရိယ)၊

၆။ ဇိုင်းဂနိုင်းကြီးရွာ ရွှေကျင်ကျောင်း ဆရာတော် အရှင်ပညာစက္က၊

၇။ ဘုရားကြီးရွာ ဓမ္မဒီပိကာရုံကျောင်း ဆရာတော် အရှင်ဝေပုလ္လ၊

၈။ ပဲခူးမြို့ ဂန္ဓာရုံကျောင်း ဆရာတော် အရှင်ကာရုည၊

၉။ ॥ ပေါင်းကြီးတောရကျောင်း ဆရာတော် အရှင်ဝရသာမိ၊

၁၀။ ॥ မဟာဂန္ဓာရုံကျောင်း ဆရာတော် အရှင်စန္ဒောဒယ (ဓမ္မာစရိယ)၊

၁၁။ ပျဉ်ပုံ တာဆုံ့ စိန်ဘုရားကျောင်း ဆရာတော် အရှင်ညာဏုတ္တရ၊

၁၂။ ကင်းချောင်းရွာ ဒက္ခိဏာရုံကျောင်း ဆရာတော် အရှင်အာစာရ၊

၁၃။ ပဲခူးမြို့ သာသနဟိတကာရီကျောင်း ဆရာတော် အရှင်ကေလာဝ၊

၁၄။ ပဲခူးမြို့ စွယ်တော်ရောင်ကျောင်း ဆရာတော် အရှင်သောဘဏ၊

၁၅။ ပဲခူးမြို့ ရွှေချောင်းတောရကျောင်း ဆရာတော် အရှင်မာဏဝံသ၊

၁၆။ ပဲခူးမြို့ သီရိဇေယျုံကျောင်း ဆရာတော် အရှင်ပညာသီရိ၊

၁၇။ ဝမ်းဘဲအင်းရွာ ဘာဝနာရုံကျောင်း ဘုန်းတော်ကြီး အရှင်သုဒဿန၊

၁၈။ ပဲခူးမြို့ ကိုးသိန်းကျောင်းတိုက် ဆရာတော် အရှင်တိလောကာဘိဝံသ (မဟာစရိယ)၊

၁၉။ ဘုရားကလေး ဥက္ကံကျောင်းတိုက် ဘုန်းတော်ကြီး အရှင်သုဇာတ၊

၂၀။ ဘုရားကြီးမြို့ အရှေ့ခရွှကျောင်းကျောင်း ဘုန်းတော်ကြီး အရှင်သီလာစာရ၊

၂၁။ ပျဉ်ပုံကြီးရွာ သရက်တောကျောင်းဘုန်းတော်ကြီး အရှင်ဉာဏိန္ဒ၊

၂၂။ ပဲခူးမြို့ မင်းကျောင်းတိုက် ဘုန်းတော်ကြီး အရှင်သူရိယ (မဟာစရိယ)၊

၂၃။ လိပ်ပြာကန်ကျောင်း အရှင်စန္ဒိမာ....အစရှိသော အကျိုးဆောင်ကထိကသုဏ္ဌဆရာတော် သံဃာတော်တို့သည်လည်း ဝိနယသာကစ္ဆာ ဆွေးနွေးပွဲဝင်များ ဖြစ်ခဲ့ကြ၍ ဝိနည်းငါးကျမ်းဆိုင်ရာ ပါဠိ အဋ္ဌကထာ ဋီကာနှင့်တကွ မူလပဏ္ဏာသတို့ကို နှစ်ခေါက်ပြီးမြောက်သုံးခေါက်ရောက်အောင် စိတ်ပါဝင်စားစွာ လေ့လာဖြေကြား ဆွေးနွေး

တော်မူလျက် ရှိကြပေသည်။ ချီးကျူးဖွယ်ကောင်းသည့် သာသနာပြု ပုဂ္ဂိုလ်တို့ပါတကား။

## ကလျာဏီသာသနာဝင် ဒွါဝီသတိမပိုင်း အပြီးသတ်ခြင်း

သူတော်ကောင်းတို့ ကြည်ညိုဖို့ သံဝေဂရဖို့ ရေးသားပြုစုအပ်သော ကလျာဏီသာသနာဝင်ကျမ်းတွင် ဝိနယသာကစ္ဆာအဖွဲ့ဝင်အဖြစ် သာသနာပြုခဲ့ပြီး ပြုနေဆဲဆရာတော်များ၏ ဖြစ်တော်စဉ်အကျဉ်းချုပ်အချို့ကို ဝိနယသာကစ္ဆာ ငွေရတုဂုဏ်ပြုစာစောင်မှ ထုတ်နုတ်၍ ဂန္ထဂရု မဖြစ်စေပဲ ပြဆိုရာဖြစ်သော ဒွါဝီသတိမ (၂၂) ခုမြောက်ပိုင်း ဤတွင် လက်စသတ် လိုက်ပါပြီ၊

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ကလျာဏီသာသနံသေ၊ သမတ္တော ဒွါဝီသတိမော ဟိ ၆၀။

# ကလျာဏီသာသနာ့ဝင်

# တေဝီသတိမပိုင်း

## ကလျာဏီသိမ်ဝိနယပရိယတ္တိစာမေးပွဲ

သက္ကရာဇ် ၁၃၀၄-ခုနှစ်၌ ဝိနယသာသနာပြု သာသနာ့ဒါယကာကြီး ရွှေခြုံဦးသူတော် စတင်တည်ထောင်ခဲ့သည့် ရွှေခြုံ ဝိနယပရိယတ္တိစာမေးပွဲကြီးကို ၁၃၂၆ ခုနှစ်နှစ်၌ ပုဂ္ဂိုလ်တဦးတယောက်တည်း ပြုလုပ်ကျင်းပခြင်းထက် ခေတ်အခါအားလျော်စွာ အသင်းအဖွဲ့ဖြင့် ပြုလုပ်ကျင်းပခြင်းက သာလွန်ကောင်းမွန်သည်ဟု မဟာနာယက၊ သြဝါဒါစရိယ ဆရာတော်များနှင့် သက်ဆိုင်ရာ ဒါယကာများက ဆင်ခြင်ယူဆကြသဖြင့် သက္ကရာဇ် ၁၃၁၆-ခုနှစ်မှစ၍ "ကလျာဏီသိမ် ဝိနယပရိယတ္တိစာမေးပွဲ" ဟူသော အမည်သစ်ကို ပြောင်းလဲစေခဲ့ကြကုန်၏။ ဗုဒ္ဓမြတ်စွာ သာသနာတော်၏ ကျက်သရေဆောင်ကြီးဖြစ်သော ဤကလျာဏီသိမ်တော်အဆောက်အအုံကိုလည်း စာဖြေဌာနအဖြစ် သတ်မှတ်တော်မူကြသည်။

**အသင်း၏ရည်ရွယ်ချက်။** ။"ဝိနယေဌိတေ သာသနံ ဌိတံ"[၁] ဟူသည်နှင့်အညီ ဝိနည်းတည်မှ သာသနာတော်တည်သည်။ ထိုဝိနည်းသာသနာကို မပျက်မပြား ဆက်ပွားတည်နေအောင် သာကီယဇာတ် သားတော်မြတ်များ ဖြစ်ကြသော ရှင်၊ ရဟန်းတို့သည် သင်ယူခြင်း၊ ကျက်မှတ်

---

၁။ ဝိ၊ ၄၊ ၁၂၊ ၁၁။

ခြင်း၊ လှေလှော်ဆောင်ရွက်ခြင်းတို့ဖြင့် ရဟန်းသံဃာတော်များ အဆက်ဆက်တို့ ကြိုးပမ်းအားထုတ်တော်မူခဲ့ကြသည်။

ထိုသင်အံဆောင်မှတ်သော သာသနာ့ဝန်ဆောင်များ အများအပြား ပေါ်ပေါက်သဖြင့် ဝိနည်းဒေသနာတော်သာအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်နေထိုင်ပါက လဇ္ဇီသူမွန် သီလဝန်ပုဂ္ဂိုလ်များ တိုးတက်စည်ကား ပေါ်များလာပြီး ဘုရားရှင် သာသနာတော်ကြီး စည်ပင်ခိုင်မြဲ၍ နှစ်ရှည်မြားမြောင် နှစ်ငါးထောင်ကာလပတ်လုံး တည်နိုင်ရန်ဟု ရည်ရွယ်ချက်ဖြစ်သည်။

**အသင်း၏ဆောင်ရွက်ဖွယ်လုပ်ငန်း။** ။အထက်ပါစာမေးပွဲကြီးကို မဟာကလျာဏီသိမ်တော်ကြီး၌ ကန့်သတ်ထားသော အပါးရေမပြည့်မီ နှစ်စဉ်ပြုလုပ်ကျင်းပရာတွင် ဝေယျာဝစ္စပြုလုပ်ခြင်း ပစ္စယာနုဂ္ဂဟအနေဖြင့် ချီးမြှောက်ခြင်းတို့ဖြင့် တာဝန်ယူဆောင်ရွက်၍ ဆုနှင်းသဘင် ဆင်ယင်ကျင်းပပေးရန်ဖြစ်သည်။ ၎င်းပြင် စွမ်းနိုင်ပါက ဆရာတော်များညွှန်ကြားချက်ဖြင့် ပဲခူးမြို့နယ်တွင်းရှိ အမျိုးသမီးများအား မေ့မကြ အနုတ္တလက္ခဏာသုတ် အစရှိသော ကျမ်းများကိုလည်း ရေးဖြေပွဲ ပြုလုပ်ကျင်းပပေးရန်ဖြစ်သည့်အတိုင်း မေ့မကြ အနုတ္တလက္ခဏာသုတ်တို့ကို စာမေးပွဲကျင်းပပြုလုပ်၍ အမျိုးသမီးများကို ဖြေဆိုစေခဲ့ကြကုန်၏။

## ဝိနည်းဆိုင်ရာ စာမေးပွဲများ ဆုနှင်းပွဲများ၌ ကျူးရင့်သည့်ဂါထာ ပါဠိအနက်

ကလျာဏီသိမ် ဝိနယပရိယတ္တိစာမေးပွဲမှစ၍ ဝိနည်းပရိယတ္တိဆိုင်ရာ စာမေးပွဲများ ဆုနှင်းသဘင်များတို့၌ အောက်ပါဝိနည်းအရာ ဧတဒဂ်ရ အရှင်ဥပါလိမထေရ်မြတ် ရှင်ရှင်မြူးမြူး ဥဒါန်းကျူးအပ်သော ဥပါလိထေရာ ပဒါန်လာ ၂-ဂါထာ ပါဠိအနက်ကို ရှင်ရဟန်းသံဃာ အရှင်မြတ်တို့ စုရုံးညီညာ ရွတ်ဖတ်ပူဇော်တော်မူကြသည်။

(က) သတ္တုကပ္ပံ သုဝိနယံ၊ ဓာရေမိ ဟာဒယေနဟံ။
နမဿမာနော ဝိနယံ၊ ဝိဟရိဿာမိ သဗ္ဗဒါ။

(ခ) ဝိနယော အာသယော မယှံ၊ ဝိနယော ဌာနစင်္ကမံ။
ကပ္ပေမိ ဝိနယေ ဝါသံ၊ ဝိနယော မမ ဂေါစရော။

(က) အဟံ၊ ငါသည်။ သတ္တုကပ္ပံ၊ သက်တော်ထင်ရှား မြတ်ဘုရားနှင့် မခြားတမူ အလားတူသော။ သုဝိနယံ၊ ကိုယ်စိတ်နှလုံး သုံးပါးလုံးကို ကောင်းစွာဆုံးမရာ ဝိနည်းဒေသနာတော်ကို။ ဟာဒယေန၊ မြဲစွာယူကျုံး စိတ်နှလုံးဖြင့်။ ဓာရေမိ၊ ဆောင်ရပါပေ၏။ ဝိနယံ၊ ဆုံးမကြောင်းခေါ် ဝိနည်းတော်ကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ နမဿမာနော၊ မြတ်နိုးသဒ္ဒါ ရှိခိုးပါလျက်။ ဝိဟရိဿာမိ၊ နေရပေတော့အံ့။

(ခ) ဝိနယော၊ သာသနာ့အသက်ခေါ် ဝိနည်းတော်သည်။ မယှံ၊ ငါ၏။ အာသယော၊ မှီရာ တည်ရာ နေစရာဖြစ်ခဲ့ပါ၏။ ဝိနယော၊ သာသနာ့အသက်ခေါ် ဝိနည်းတော်သည်။ မယှံ၊ ငါ၏။ ဌာနစင်္ကမံ၊ ရပ်တည်စရာ စင်္ကြံသွားစရာ ဖြစ်ခဲ့ပါ၏။ ဝိနယေ၊ သာသနာ့အသက်ခေါ် ဝိနည်းတော်၌။ ဝါသံ၊ လိုက်နာမယွင်း နေထိုင်ခြင်းကို။ ကပ္ပေမိ၊ မလင့်ပုံသေ ပြုကျင့်ရပေ၏။ ဝိနယော၊ သာသနာ့အသက်ခေါ် ဝိနည်းတော်သည်။ မမ၊ ငါ၏။ ဂေါစရော၊ ကျင့်နည်းဖုံဖုံ အမြဲစုံလျက် ကျက်စားရာ အာရုံဖြစ်ခဲ့ပါပေ၏။

## မြေမြတ် မဟာကလျာဏီကျောင်းတိုက်

စင်စစ်ထူးကြွားမှုကား မဟာကလျာဏီကျောင်းတိုက်သည် ထူးမြတ်သည့် ဘူမိနက်သံ အောင်မြေမှန်သည့် ဒေသမွန်ဖြစ်လေသည်။ ဤမဟာကလျာဏီကျောင်းတိုက်ကြီးအတွင်း၌ မဟာကလျာဏီသိမ်တော်သည် မည်သည့် သမိုင်းဆရာမျှ အတိအကျဂဏန်းထိုး၍ မဖော်ပြနိုင်အောင် များစွာသော

သိဟိုဠ်ရဟန်းတော်၊ ကမ္ဘောဒီးယား ရဟန်းတော်၊ လာအို ရဟန်းတော်၊ မြန်မာရဟန်းတော်တို့၏ ဥပသမ္ပဒကံစိမ်ရာ ကံကြီး ကိုယ်ဆောင်ရှက်ရာ မဟာဘူမိ မြေသိခရ ကေန္တစင်စစ်ဖြစ်လေသည်။မဟာကလျာဏီကျောင်းတိုက်ကြီးသည်လည်း ဝိနယသာကစ္ဆာ ဝိနည်းပိဋကပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသည်ကျမ်းဂန်များကို ဆွေးနွေးရာ ဝိနယပရိယတ္တိစာမေးပွဲကြီးများ စသည့်စာမေးပွဲကြီးများ ကျင်းပရာ ဌာနမှန်လည်း ကေန်စင်စစ်မှန်လှပေသည်။ သို့ဖြစ်ရာ ကလျာဏီသိမ် ဝိနယပရိယတ္တိစာမေးပွဲ စည်းမျဉ်းဥပဒေများ စာစောင်၌—

ကလျာဏီဓမ္မပဒေသံ၊ ကလျာဏိဌာနသာသနံ။
ကလျာဏီ သမ္မာရေန္တု၊ ကလျာဏီဂုဏာဓရကာ—

ဟုသောဂါထာဖြင့် "ကောင်းမြတ်သောဂုဏ်ကို ဆောင်ကြသည့် စိတ်ကောင်းသက်ဝင် သူတော်စင် သူတော်ကောင်းတို့သည် ကလျာဏီ၏ ဥပဒေသလမ်းညွှန်မှုကိုလည်းကောင်း ကလျာဏီသိမ် ကလျာဏီကျောင်းတိုက်မှအသုံးအမကိုလည်းကောင်း ယူကြကုန်လော့"ဟု ဖော်ပြခဲ့လေသည်။

## ကလျာဏီသာသနာဝင် တေဝီသတိမပိုင်း အပြီးသတ်ခြင်း

သူတော်ကောင်းတို့ ကြည်ညိုဖို့ သံဝေဂရဖို့ စီရင်ရေးသားအပ်သော ကလျာဏီသာသနာဝင်ကျမ်းတွင် ကလျာဏီသိမ်ဝိနယပရိယတ္တိစာမေးပွဲ သမိုင်း မဟာကလျာဏီကျောင်းတိုက်ကြီး၏ မြေမြတ်မဟာ ဖြစ်ပုံတို့ဖြင့် တန်ဆာဆင်အပ်သော တေဝီသတိမပိုင်းကို လက်စသတ်လိုက်ပါပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ကလျာဏီသာသနဝံသေ၊ သမတ္တော တေဝီသတိမော ဟိ စ။

# ကလျာဏီသာသနာဝင်

## စတုဝီသတိမပိုင်း

### မဟာကလျာဏီသိမ်တော် ပဝါရဏာပွဲတော်ကြီး

အရှင်စန္ဒာလင်္ကာရ၊ အရှင်ဝဏ္ဏ၊ အရှင်အာစာရ၊ အရှင်သီလသာရ ဧသော တောရပ်နေပျော် မထေရ်ကျော်လေးပါးတို့၏ စတင်တည် ထောင်တော်မူခဲ့သော တောရတိုက်သံဃာတော်များသည် အလွန်လျှင် ညီညွတ်တော်မူကြသည်။ ဝိနည်းသိက္ခာပုဒ်တော်များကိုလည်း အလေးပြု တော်မူကြသည်။ ကိုယ်နှုတ်နှလုံး သိမ်မွေ့တော်မူကြသည်။ သပိတ်တလုံး သင်္ကန်း ၃-ထည်ဖြင့်သာ ရောင့်ရဲခြင်းများတော်မူကြသည်။ နှစ်စဉ် နှစ်တိုင်း သီတင်းဝါလကျွတ်လျှင် ပဲခူးမြို့ မဟာကလျာဏီသိမ်တော်ကြီး သို့ ကြွတော်မူကြ၍ ပဝါရဏာပြုတော်မူကြသည်။ ယခင်က သီဟိုဠ်ကျွန်း တောင်ပိုင်းရှိ ရဟန်းတော်များ ရောဟနဇနပုဒ်ရှိ တိဿမဟာရာမ ကျောင်းတိုက်ကြီး၌ တညီတညွတ်တည်း ပဝါရဏာပြုတော်မူကြပုံကို လည်းကောင်း၊ သီဟိုဠ်ကျွန်းမြောက်ပိုင်းရှိ ရဟန်းသံဃာတော်များ အနုရာဓမြို့ရှိ မဟာဝိဟာရ ကျောင်းတိုက်ကြီးအတွင်းရှိ လောဟမဟာ ပါသာဒခေါ် ကြေးပြာသာဒ်တော်ကြီး၌ မဟာပဝါရဏာပြုတော်မူကြပုံ ကိုလည်းကောင်း သတိရဖွယ်ရာဖြစ်လေသည်။

ပဲခူးပဒေသသေဋ္ဌမှိ၊ အရညနိကာယယတိ။
ပဝါရဏံ ပဝါရေသုံ၊ သဗ္ဗေ သဟိတမာနသာ။

## မဟာကလျာဏီဆရာတော်က ပင့်လျှောက်ရ

သီတင်းကျွတ်လာပြည့် မဟာပဝါရဏာနေ့မတိုင်မီ ၇-ရက်၊ ၈-ရက် စသည်ကြိုတင်၍ မဟာကလျာဏီဆရာတော်က "မဟာကလျာဏီ သိမ်တော်ကြီး၌ ( )ကြိမ်မြောက် ပဝါရဏာပြု ပင့်လျှောက်လွှာ 'အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုတ္ထာနံ ဘိက္ခူနံ တီဟိ ဌာနေဟိ ပဝါရေတုံ' ဟူသော ဗုဒ္ဓမိန့်ခွန်းတော်ကို ဦးထိပ်ရွက်ပန်ဆင်၍ နှစ်စဉ်ပြုမြဲဖြစ်သော ပဝါရဏာပွဲ ကလျာဏီသိမ်တော်ကြီးကျောင်းတိုက်သို့ ပုရိမဝါသား ရဟန်းတော်များ နေ့ဆွမ်းဘုဉ်းပေးပဝါရဏာကံဆောင် လှူခံကြွရောက် ချီးမြှောက်တော်မူပါရန် လျှောက်ကြားပါသည် သံဃာတော် အရှင်သူမြတ်တို့ဘုရား....ဆရာတော် ကလျာဏီသိမ်ကျောင်း" ဟူသော ပင့်စာ ဆက်ကပ်၍ ပင့်လျှောက်လေ့ရှိသည်။ တောရဂိုဏ်းဝင် ဆရာတော်များ သည် များသောအားဖြင့် သပိတ်တလုံး သင်္ကန်း ၃-ထည်ဖြင့် မဟာ ပဝါရဏာပြုရန် မဟာကလျာဏီကျောင်းတိုက်သို့ ကြွတော်မူကြသည်။ မဟာကလျာဏီကျောင်းတိုက်ကြီးသား သံဃာတော် တထောင်ကျော်တို့ ချမ်းသာစွာ သီတင်းသုံးနိုင်ရန် ဥယျာဉ်ဗိမာန် အရိပ်အာဝါသ အဝိုင်းအဝန်း ပမာဏ ရေမြေစသည်တို့ဖြင့် လွန်စွာပြည့်စုံလှပေသည်။

## ပဝါရဏာပွဲအစီအစဉ်

သတ်မှတ်ထားသောအချိန်တွင် အချက်ပေးတုံးမောင်းခေါက်သော အခါ အသွေးအရောင်ညီ သင်္ကန်းများ ဝတ်ဆင်ထားသည့် သံဃာတော် ၁၀၀၀(တထောင်)ခန့်တို့သည် ရှေးဦးစွာ ဝါစဉ်အလိုက် ကြည်ညိုဖွယ် ဆောင်တော်မူကြလျက် သိမ်တော်ကြီးသို့ ကြွရောက်တော်မူကြ၍ ချေဆတ်သံ၊ လက်ချိုးသံ၊ စကားပြောသံစသည် မရှိပဲ တည်ကြည်ငြိမ် သက်စွာ သီတင်းသုံးတော်မူကြသည်။ ၎င်းနောက် ဝိနည်းတော်အရ သမာနဝဿိက ပဝါရဏာပြုတော်မူကြသည်၊ ၎င်းနောက် အောက်တွင် ဖော်ပြပါရှိသည့် အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် သဒ္ဓမ္မဝဂ် ဒုတိယ အဂါရဝသုတ်ပါဠိတော်၊ ဒီဃနိကာယ် မဟာဝဂ္ဂပါဠိမဟာပရိနိဗ္ဗာန

သုတ်လာ ဘိက္ခုအပရိဟာနိယဓမ္မသုတ်ပါဠိတော်ကို ညီညာသံချို ရွတ်ဆို တော်မူကြသည်။

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

သုတ္တန္တပိဋက၊ အင်္ဂုတ္တရနိကာယ၊
ပဉ္စကနိပါတ၊ သေခဗလဝဂ်—

### ၁။ ဒုတိယ အဂါရဝသုတ် ပါဠိတော်။

ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဂါရဝေါ အပ္ပတိဿော အဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ။ ကတမေဟိ ပဉ္စဟိ-အသဒ္ဓေါ ဘိက္ခု အဂါရဝေါ အပ္ပတိဿော အဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ၊ အဟိရိကော ဘိက္ခဝေ ဘိက္ခု အဂါရဝေါ အပ္ပတိဿော အဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ၊ အနောတ္တပ္ပီ ဘိက္ခဝေ ဘိက္ခု အဂါရဝေါ အပ္ပတိဿော အဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ၊ ကုသီတော ဘိက္ခဝေ ဘိက္ခု အဂါရဝေါ အပ္ပတိဿော အဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ၊ ဒုပ္ပညော ဘိက္ခဝေ ဘိက္ခု အဂါရဝေါ အပ္ပတိဿော အဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ၊ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဂါရဝေါ အပ္ပတိဿော အဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ။

ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု သဂါရဝေါ သပ္ပတိဿော ဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ၊ ကတမေဟိ ပဉ္စဟိ သဒ္ဓေါ ဘိက္ခဝေ ဘိက္ခု သဂါရဝေါ သပ္ပတိဿော ဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ၊ ဟိရိမာ ဘိက္ခဝေ ဘိက္ခု သဂါရဝေါ သပ္ပတိဿော ဘဗ္ဗော

ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ၊ ဩတ္တပ္ပီ ဘိက္ခဝေ ဘိက္ခု သဂါရဝေါ သပ္ပတိဿော ဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ၊ အာရဒ္ဓဝီရိယော ဘိက္ခဝေ ဘိက္ခု သဂါရဝေါ သပ္ပတိဿော ဘဗ္ဗော ဣမသ္မိံ ဓမ္မ-ဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ၊ ပညဝါ ဘိက္ခဝေ ဘိက္ခု သဂါရဝေါ သပ္ပတိဿော ဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ။ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု သဂါရဝေါ သပ္ပတိဿော ဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဍ္ဎိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိတုန္တိ။

(အင်္ဂုတ္တိုရ် ပါဠိတော် ဒုတိယအုပ် စာမျက်နှာ -၇)

သုတ္တန္တပိဋက၊ ဒီဃနိကာယ
မဟာဝဂ္ဂပါဠိ၊ မဟာပရိနိဗ္ဗာန

## ၂။ ဘိက္ခုအပရိဟာနိယဓမ္မသုတ် ပါဠိတော်။

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အဘိဏှံ သန္နိပါတာ သန္နိပါတ-ဗဟုလာ ဘဝိဿန္တိ၊ ဝုဍ္ဎိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ သမဂ္ဂါ သန္နိပတိဿန္တိ၊ သမဂ္ဂါ ဝုဋ္ဌဟိဿန္တိ၊ သမဂ္ဂါ သံဃကရဏီယာနိ ကရိဿန္တိ၊ ဝုဍ္ဎိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အပညတ္တံ န ပညပေဿန္တိ၊ ပညတ္တံ န သမုစ္ဆိန္ဒိဿန္တိ၊ ယထာပညတ္တေသု သိက္ခာပဒေသု သမာဒါယ ဝတ္တိ-ဿန္တိ၊ ဝုဍ္ဎိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ ယေ တေ ဘိက္ခူ ထေရာ ရတ္တညူ စိရပဗ္ဗဇိတာ သံဃပိတရော သံဃပရိဏာယကာ၊ တေ သက္ကရိဿန္တိ ဂရုံ ကရိဿန္တိ မာနေဿန္တိ ပူဇေဿန္တိ၊ တေသဉ္စ သောတဗ္ဗံ မညိဿန္တိ၊ ဝုဍ္ဎိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ ဥပ္ပန္နာယ တဏှာယ ပေါနောဗ္ဘဝိကာယ န ဝသံ ဂစ္ဆိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ အရညကေသု သေနာသနေသု သာပေက္ခာ ဘဝိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နောပရိဟာနိ။

ယာဝကီဝဉ္စ ဘိက္ခရေ ဘိက္ခူ ပစ္စတ္တညေဝ သတိံ ဥပဋ္ဌပေဿန္တိ၊ ကိန္တိ အနာဂတာ စ ပေသလာ သဗြဟ္မစာရီ အာဂစ္ဆေယျုံ၊ အာဂတာ စ ပေသလာ သဗြဟ္မစာရီ ဖာသုဝိဟရေယျုန္တိ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

ယာဝကီဝဉ္စ ဘိက္ခဝေ ဣမေ သတ္တ အပရိဟာနိယာ ဓမ္မာ ဘိက္ခူ သုဌဿန္တိ၊ ဣမေသု စ သတ္တသု အပရိဟာနိယေသု ဓမ္မေသု ဘိက္ခူ သန္ဒိဿိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။

(သုတ်-မဟာဝါပါဠိတော်၊ စာမျက်နှာ-၆၅)

(အင်္ဂုတ္တိုရ်-ပါဠိတော်၊ ဒုတိယအုပ်၊ စာမျက်နှာ-၄၁၂။)

၎င်းနောက် မေတ္တာဘာဝနာ ပွားများတော်မူကြပြီး မဟာနာယက ဆရာတော် ဘုရားကြီး၏ ဩဝါဒ မိန့်ခွန်းကို နာယူတော်မူကြသည်။ ၎င်းနောက် ဂိုဏ်းနှင့်ဆိုင်ရာ ဆွေးနွေးဖွယ်များကို ဆွေးနွေးတော်မူကြသည်။

အောက်ဖော်ပြပါ ဩဝါဒကထာမှာ ၁၃၄၂-ခုနှစ် သီတင်းကျွတ် လပြည့် မဟာကလျာဏီသိမ်တော် ပဝါရဏာ နှစ်တရာပြည့်အကြို(၉၉) ကြိမ်မြောက် ကျင်းပအပ်သော မဟာပဝါရဏာပွဲတော်ကြီး၌ နာယက ဆရာတော်ဘုရားကြီးတို့၏ ဩဝါဒကထာကို နမူနာအဖြစ် ဖော်ပြအပ် ပါသည်။

## ပဝါရဏာ

သာသနာ ၂၅၂၄-ခု ကောဇာ ၁၃၄၂-ခု သီတင်းကျွတ်လပြည့် နေ့ မဟာကလျာဏီသိမ်တော်ကြီးပဝါရဏာ နှစ်တရာပြည့်အကြို(၉၉)

ကြိမ်မြောက် ကျင်းပအပ်သော မဟာပဝါရဏာ ပွဲတော်ကြီး၌ ကြီးမှူးတော်မူကြသည့် ဆရာတော်ကြီးတို့၏ "ဓမ္မတ္တာပုဗ္ဗင်္ဂမ-သုဒဿ" ဆိုဖွယ်ရာ ပဝါရဏာဝါဒကထာ—

စီရံ တိဋ္ဌတု သဒ္ဓမ္မော။ ။မင်္ဂလာရှိန်ဝါ ဤသို့သောချိန်အခါ၌ ကာယစိတ္တ နှစ်ဝစုံညီ သာမဂ္ဂီဖြင့် ပဝါရဏာ ပြုမြဲဖြစ်ရာ ဤသိမ်ဘော်ဌာနကြီးသို့ ပဝါရဏာပြုရန် ညီညာဖြူဖြူ အနီးအဝေးမှ စည်းဝေးရောက်လာကြကုန်သော သမဂ္ဂအပေါင်း အို အရှင်ကောင်း အရှင်မြတ်အပေါင်းတို့။

ဤယခု ပါးရေ( )ကျော်မျှ ကြွရောက် စုဝေးနေကြကုန်သော (သန္နိပါတကြီး)သည်ကား မဟာဝဂ္ဂ ပဝါရဏက္ခန္ဓကလာ- ဘိက္ခုတို့ ဝါကျွတ်ပြီးကုန်သောရဟန်းတို့အား သုံးပါးကုန်သော အကြောင်းတို့ဖြင့် (ပဝါရဏာ-ဖိတ်ကြားမှုကို)ပြုစိမ့်သောငှါ ခွင့်ပြုတော်မူ၏။ မြင်သဖြင့်လည်းကောင်း၊ ကြားသဖြင့်လည်းကောင်း၊ ရှိရှာသဖြင့်လည်းကောင်း အချင်းချင်း တပါးနှင့်တပါး ဆိုနိုင်မှုကို ခွင့်ပြုတော်မူသည်။

ဤ ခွင့်ပြုသတ်မှတ် မိန့်တော်မြွက်ကို ဦးထိပ်ထက် ပန်ဆင်ကာ အချင်းချင်း တပါးနှင့်တပါး မြင်၊ ကြား၊ ယုံမှား ကြောင်းသုံးပါးတို့ ရှိခဲ့ငြားအံ့၊ ပြောဆိုနိုင်မှု ဖိတ်ကြားခြင်းပြုဖို့ရာ စည်းဝေး ရောက်နေကြခြင်းဖြစ်ပါသည်။

ယင်းဖိတ်ကြားမှု ပြုကုန်သော သံဃာ၌ ရရှိသည့် အကျိုးသုံးမျိုးကိုလည်း "သာ ဝေါ ဘဝိဿတိ အညမညာနုလောမတာ အာပတ္တိဝုဋ္ဌာနတာ ဝိနယပုရေက္ခာရတာ" ဟု ဟောကြားတော်မူပါသည်။ ထိုတွင် အညမညာနုလောမတာ ဟူသည် အချင်းချင်း ပြောဆိုခြင်းငှာ လျော်သည်၏ အဖြစ်ဟု ဖွင့်ဆိုပါသည်။ ဆိုလိုရင်းက မြင် ကြား ယုံမှား အကြောင်းသုံးပါးကြောင့် ပြောဆိုကြပါဟု ဖိတ်ဆားသည့် ပုဂ္ဂိုလ်တို့သာ အဖိတ်ခံရသည့် သံဃာက အကြောင်းအာ လျော်စွာ တစုံတရာ ပြောဆိုခြင်းငှာ တတ်ကောင်းပါမည်။ ဝဒန္တု မံ အာယသ္မန္တော ဟု

မဖိတ်ထားသည့် ပုဂ္ဂိုလ်ကို တစုံဘရာ ပြောဆိုခြင်းငှာ တတ်ကောင်းသည် ဖြစ်ပါ။ ယင်းသို့ ဖိတ်ပန်ထားမှုကြောင့် အပြစ်အားလျော်စွာ ပြောနိုင်ခွင့် ရှိခြင်းကိုပင် အညမညာနုလောမတာ=အချင်းချင်း ပြောဆိုခြင်းငှာ လျော်သည်၏ အဖြစ်ဟူသော နံပါတ်(၁) အကျိုးကို ရရှိခြင်း ဖြစ်ပါတော့သည်။

(ခ) (ဂ) အာပတ္တိဝုဋ္ဌာနတာ၊ ဝိနယပုရေက္ခာရတာတိ အာပတ္တိဟိ ဝုဋ္ဌာနဘာဝေါ ဝိနယံ ပုရတော ကတွာ စရဏဘာဝေါ၊ ဝဒန္တိ မံ အာယသ္မန္တောတိ ဟိ ဧဝံ ဝဒန္တော အာပတ္တိဟိ ဝုဋ္ဌဟိဿတိ၊ ဝိနယဉ္စ ပုရေက္ခတွာ ဝိဟရတီတိ ဝုစ္စတိ။ (အဋ္ဌကထာ)

အာပတ္တိဝုဋ္ဌာနတာနှင့် ဝိနယပုရေက္ခာရတာကို အဋ္ဌကထာ၌ တဆက်တည်း ဖွင့်သော်လည်း ပါဠိတော်မှာ တပါးစီဖြစ်သည်။ ဤ၌ ပါဠိတော်နှင့်အညီ ခွဲခြားတင်ပြပါမည်။ (ခ) အာပတ္တိဝုဋ္ဌာနတာ ဟူသည် အာပတ်တို့မှ ထမြောက်ကြောင်း၏ အဖြစ်ဟု ဖွင့်သည်။ ယင်း နံပါတ်(၂) အကျိုးသည် နံပါတ်(၁) အချင်းချင်း တပါးနှင့်တပါး လိုက်လျောသော်မှသာ အာပတ်အပြစ်တို့မှ စင်ကြယ် ထမြောက်ကြောင်း ဖြစ်မည်။ ထိုသို့ မဟုတ်ပါမူ ဝုဋ္ဌာနကံကို ထားဘိ၊ ဒေသနာကံကိုပင် ဖြစ်နိုင်ခွင့်မရှိသောကြောင့် ဒေသနာ မပြောကြားရခြင်း အတွင်း (အလဇ္ဇီ)အဖြစ်မှ ကင်းလွတ်ခွင့်မရနိုင်ချေ။ ထို့ကြောင့် ဖိတ်ကြားခြင်း (ပဝါရဏာ)ကို အာပတ်မှ ထမြောက်စေသည်၏ အဖြစ်ဟူသော နှစ်ခုမြောက် အကျိုးတရားကိုလည်း ဟောကြားတော်မူပါသည်။

(ဂ) ဝိနယပုရေက္ခာရတာ ဆိုတဲ့ သုံးခုမြောက် အကျိုးကတော့ ဝိနည်းကို ရှေ့ရှုပြု၍ လှည့်လည်ခြင်းရှိသူ၏ အဖြစ်ဟု ဖွင့်သည်။ ဆိုလိုရင်းက အရှင်ဘုရားတို့ ကပည့်တော်ကို အပြစ်တွေက ပြောဆိုတော်မူကြပါဟု ဖိတ်မန်ထားသည့် ပုဂ္ဂိုလ်သည် အာပတ်မှ ထလတ္တံ့သောသူ၊ ဝိနည်းကို ရှေ့ရှုထား၍ နေမည့်သူ၊ ဝိနည်းလေးစားမည့်သူ ဤသို့ ကြိုတင်၍ ပြောဆိုနိုင်ပါသည်။ ယင်းသို့ ကြိုတင်ပြောဆိုနိုင်ခြင်းကို ပဝါရဏာကံ၏ သုံးခုမြောက်အကျိုးဟု ဟောကြားတော်မူပါသည်။

ဤသို့လျှင် ပဝါရဏာ စသော ဝိနည်းဓမ္မစက်များကို မချွတ်မယွင်း လိုက်နာကျင့်ခဲ့ကြခြင်းကြောင့် အတိတ်သာသနာကစ၍ ယခုကျအောင် ဘုရားမြတ်စွာ သာသနာတော်သည် သတ္တဝါကောင်းကျိုး တိုးတက် တိုးအောင် တည်တံ့ထွန်းပြောင်လျက် ရှိနေပါသည်။ ဤသည်ကား ရဟန်း သံဃာများ ပဝါရဏာကံနှင့်စပ်၍ သိစေအပ်သော ကထာတည်း။

သဒ္ဒိသံ ပါကံ ဇနေတိ ဒေသနာအရှိနှင့်ညီ၍ ၉၉-ကြိမ် ကျင်းပအပ် သည့် မဟာပဝါရဏာပွဲကြီးမှာ အဘက်ဘက် တာဝန်ရပ်များကို အား မျိုးစုံတို့ ထောင့်စေ့အောင်စုပေါင်းပါဝင်ကာ သံဃာ့ပရိသတ် လူပရိသတ် တို့အား ကောင်းနိုးရာရာ ဘောဇဉ်ခဲဖွယ် အမယ်မယ်တို့ဖြင့် ဆက်ကပ် လှူဒါန်းခြင်း( )ကျော်သံဃာအား လောင်းလှူဖွယ် ပစ္စည်းအရပ်ရပ် တို့ဖြင့် သံဃာ့ဂုဏ်ကို အာရုံပြုကာ ပူဇော်လှူဒါန်းခြင်းကစ ဤမဟာ ပဝါရဏာပွဲတော်ကြီး၌ အပေါင်းညီညာ သူရောငါပါ စုပေါင်းပါဝင် လျက် အားထုတ်ကြရသောကုသိုလ် မဟာမင်္ဂလာကြောင်းပြု ကောင်း မှုအဖုံဖုံ အလုံးစုံတို့သည် (၁) အညမညာနုလောမတာ၏ အလျော် အားဖြင့် နိဗ္ဗာန်မရခင် သံသရာတခွင် ကျင်လည်ရသမျှ ဆန့်ကျင်ဘက်ဟူ ဘယ်သူတဦးတယောက်မျှ မရှိကြပါပဲ မိမိအလိုအကြိုက် လိုက်သူတို့နှင့် သာ ပေါင်းသင်းတွေ့ဆုံရခြင်းအကျိုး၊ (၂) အာပတ္တိဝုဋ္ဌာနတာ၏ အလျော်အားဖြင့် မကောင်းမှုအပြစ်ဟူသမျှ ကင်းစင်ကြလျက် လောက မေ့ နှမ်ဝအလယ် လှန်းမြင့်ကြွယ်၍ တင့်တယ်စွာ ကျင်လည်ရခြင်း အကျိုး၊ (၃)ဝိနယပုရေက္ခာရတာ၏ အလျော်အားဖြင့် ကံပစ်ချရာ အဘက်တန်းဘဝတို့၌ ကိုယ်ကျင့်သီလ စိတ်ကဖြူစင် သူတော်စင်ကြီးတို့ သာ ဘဝတိုင်း ဖြစ်ကြရခြင်းအကျိုး၊ ယင်းသို့ခဲ့သည့် လောကီဆိုင်ရာ ကောင်းကျိုးဖလဝ ခံစံကြလျက် အဆုံးဘဝ နောက်ကာလမှာ သန္တိ သုခ အငြိမ်းဓာတ်မှန် အေးနိဗ္ဗာန်ကို ချမ်းသာလွယ်ကူသောအကျင့်ဖြင့် မုချမသွေ ရောက်နိုင်ရနိုင်ကြပေလိမ့်မည်။

ဤမျှသော တရားအစဉ် စကားအစဉ်ဖြင့် ပဝါရဏာ(ဖိတ်ကြားမှု၏) အပြုံဆိုင်ရာ ကြောင်းများစွာကြောင့် သံဃာဆရာ ဒါယကာ ဒါယိကာမ

တို့ ပစ္စက္ခသံသရာ မှန်စွာဖွဲ့ဖြိုး ကောင်းကျိုးသုခ ရှိနိုင်ကြပုံကို မုချ နိဿန္ဒနှင့်စပ်၍ တင်ပြအပ်သော သန္ဒသကထာသည် ဤမျှ၁ နိဂုံး သတ်လိုက်ပါကြောင်း။

## မဟာပဝါရဏာ ရာပြည့်ပွဲ

မဟာကလျာဏီ သိမ်တော်ကြီး၌ ပဲခူးမြို့ တောရဂိုဏ်း သံဃာတော် များ တညီတညွတ်တည်း စတင် ပဝါရဏာပြုခဲ့သည်မှာ ၁၂၄၄-ခုနှစ် သီတင်းကျွတ်လပြည့်နေ့က ဖြစ်သဖြင့် ၁၃၄၃-ခုနှစ် သီတင်းကျွတ်လ ပြည့်နေ့ တောရဂိုဏ်း သံဃာတော်တို့၏ မဟာပဝါရဏာပွဲတော်ကြီး သည် ရာပြည့် ပဝါရဏာပွဲတော်ကြီးဖြစ်လေသည်။ ဤကဲ့သို့ တဂိုဏ်း လုံး ညီညာဖြိုဖြို ပဝါရဏာပြုကြသည့် သာသနာပွဲတော်မျိုးကို သာသနာ့ သမိုင်းတွင် အလွန်ရနည်းလှချေ၏။အတုယူဖွယ်ကောင်းသည့် သာသနာ့ သမိုင်းဝင် ပွဲတော်ကြီးပါတကား။

> ပဝါရဏာ ဥဿဝေ ဟိ၊ ပဲခူးတိနုဂရေ သုဘေ။
> ဝိသေသော လက္ခဏော စေဝ၊ သာသနက္ကတိဟာသကေ။

## ကလျာဏီသာသနာဝင် စတုဝီသတိမပိုင်း အပြီးသတ်ခြင်း

သူတော်ကောင်းတို့ ကြည်ညိုဖို့၊ သံဝေဂရဖို့ ပြုစီရင်အပ်သော ကလျာဏီ သာသနာဝင်ကျမ်းတွင် ကလျာဏီ မဟာပဝါရဏာပွဲကြီး သမိုင်းကို ပြဆိုရာဖြစ်သော စတုဝီသတိမပိုင်းကို ဤတွင် လက်စသတ် လိုက်ပါပြီ။

> သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေကတေ။
> ကလျာဏီသာသနဝံသေ၊ သမတ္တော စတုဝီသတိမော ဟိ ဝေ။

## ကလျာဏီသာသနာဝင်ကျမ်း အပြီးသတ်ခြင်း

ပဲခူးမြို့ မဟာကလျာဏီကျောင်းတိုက်၌ သီတင်းသုံးနေထိုင်သော နူးညံ့သိမ်မွေ့သော ကာယကံမှု၊ ဝစီကံမှုရှိသော ရဟန်းတော် အရှင်

နန္ဒိယ ကျောက်သားတောင်းပန်သဖြင့် တန်ခူးလဆန်း ၁၃-ရက်နေ့ လောက်ကစ၍ ဤမည်သော ကလျာဏီသာသနာဝင်ကျမ်းကို အင်္ဂုတ္တရ နိကာယ် ပါဠိတော်ကို အဋ္ဌကထာ တွဲဖက်၍ ချပို့ခြင်း၊ သာမဏေ များ ကစ္စည်းသဒ္ဒါကျမ်းစသည်တို့ကို ချပို့ခြင်း၊ တဝက်တိပိဋက ပါဠိ မြန်မာ အဘိဓာန်ကျမ်း စသည်တို့ကို ဦးစီးရေးသားခြင်းစသည့် များလှ ထွေပြား အလုပ်တွေကြားမှ သီဟိုဠ်သမိုင်းကျမ်းများ၊ မြန်မာသာသနာ့ သမိုင်းမှတ်တမ်း၊မဟာကလျာဏီကျောင်းတိုက် ဆရာတော်အရှင်ဇာနေ- ယျ ထံမှရရှိသော မှတ်တမ်းများ မှီငြမ်းပြု၍ ရေးသားပြုစုရာ ယနေ့ ၁၃၄၃-ခုနှစ် နယုန်လဆုတ် ၁-ရက်နေ့ ည ၈-နာရီ ၁၅-မိနစ်အချိန် တွင် အောင်လံစိုက်ဆောက် ပြီးမြောက်ပါသဖြင့် အောက်ပါဂါထာ မြန်မာစကားပြေတို့ကို အထွတ်တင်၍ နိဂုံးအုပ်လိုက်ပါပြီ။

## ကလျာဏီသာသနာဝင်နိဂုံး

၁။ ပခုက္ကူပုရသေဋ္ဌာ၊ ပစ္ဆိမေ အာသိ ဝိဿုတော။
စတုဂါဝုတဒေသမှိ၊ ကန်ရပ်ဂါမော သုဘောဘနော။

ဘုရားမြောက်စွာ သာသနာရောင်တောက်ပြောင်ထိန်ဝင်း လင်းလက်ရာ ဖြစ်သဖြင့် မြို့မှန်မြို့မြတ်ဖြစ်သော ပခုက္ကူမြို့၏ အနောက်ဘက် ၄-ဂါဝုတ် ပမာဏဝေးကွာသောအရပ်၌ ပခုက္ကူခရိုင်အတွင်း ကျော်စောခြင်း ရှိသော ရွာ၏ သေးဘက်လေးတန့်၌ ကျောင်းကန်ဘုရား စေတီပုထိုး အချိုးချိုးတို့ဖြင့် တင့်တယ်သားယာလှသည့် ကန်ရပ်ရွာကြီး တည်ရှိ လေသည်။

၂။ ဒ္ဒိနော ဒ္ဒိဝေကသာကမှိ၊ တမှိ ဇာတေန ဇာတိယာ။
လင်္ကာဘာရတအာဒိသု၊ ဝုဋ္ဌပုဗ္ဗသုံတေသိနာ။

ထိုကန်ရပ်ရွာကြီး၌ မူလချက်မြှုပ်အနေအားဖြင့် ၁၂၉၂-ခုနှစ်၌ မွေးဖွားသော သီဟိုဠ်နိုင်ငံ(သီရိလင်္ကာနိုင်ငံ)ဘာရတခေါ်သည့် အိန္ဒိယ

နိုင်ငံအစရှိသော နိုင်ငံရပ်ခြား တိုင်းတပါးတို့၌ ကြာမြင့်စွာနေခဲ့ဖူး၍ သက္ကတ၊ ပရာကရိုက် အင်္ဂလိပ်၊ သီဟိုဠ်အစရှိသော ထိုထိုဘာသန္တရစာပေ ဗဟုသုတ သမိုင်းရာဇဝင် အမျိုးမျိုးတို့ကို ရှာမှီးလေ့လာသင်ယူလေ့ ရှိသော—

၄။ ဝိသုတာရာမသီဟာ နံ၊ သိက္ခိတေန တိပေဋကံ။
သန္တိကေ နဝ ဝဿာနိ၊ သံဂီတိကိစ္စကာရိနော။

ပခုက္ကူမြို့ မဟာဝိသုတာရာမ ဝိဇ္ဇာယတနကြီး၌ တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ မဟာထေရ် အစရှိကုန်သော မဟာဝိသုတာရာမဝါသီ ပညာရှင်မထေရ်မြတ်တို့၏ အထံ၌ ကိုးနှစ်တိုင် ပိဋကတ်သုံးပုံကို သင်ယူခဲ့သော ဆဋ္ဌသံဂါယနာ မဟာစမ္ပယ်သဘင်ကြီး၌ စာပေလုပ်ငန်းအဝဝကို ပြုလုပ်လေ့ရှိသော—

၄။ ဒက္ခိဏာရာမဝါသီနံ၊ သန္တိကေပိ သုဝိညုနံ။
သိက္ခိတော နဝ တိံသက-ဝဿိကေန ယသဿိနာ။

ရတနာပုံ မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမဘုရားကြီးတိုက် နိုင်ငံတော် သံဃာ့ဟာနာယက အမရပူရကျောင်း ဆရာတော် အရှင်ဥက္ကံသာဘိဝံသ အစရှိသော ပညာရှင်မထေရ်မြတ်တို့၏ အထံ၌လည်း သင်ယူအပ်သော နည်းနာနယ အဝဝရှိသော ရဟန်းသိက္ခာ ၃၀-ဝါရပြီး ကပည့်တပန်း အခြံအရံနှင့်လည်း ပြည့်စုံသော—

၅။ သုန္ဒရေပုရ သေဋ္ဌမှိ၊ သုန္ဒရေ ဝိသုတေ သုတေ။
သုန္ဒရေ ဇောတိပါလမှိ၊ ဝသတာ ဂဏဝါစိနာ။

ကောင်းမြတ်တင့်တယ် နေချင်စဖွယ်ကောင်းလှသော ပခုက္ကူပိဋကတ် အတတ်မြို့တော်မြတ်၌ တင့်တယ်သာမော ကျော်စောထင်ရှားလှသော

၁။ ၁၂၉၂-ခုနှစ် နတ်တော်လဆုတ် ၁၁-ရက်နေ့တွင် ဦးဘရှန် ဒွေါလှပိုတ္တိမှ ဖွားမြင်သည်။

မဟာဝိသုဘာရာမ ဝိဇ္ဇာယတနကြီး အဘုင်းရှိ တိပိဋကတ် ပါဠိဂါမီ ကျေးဇူးရှင် ဒီဃဒဿီ ရေစကြို ဆရာတော် ဘုရားကြီး အရှင်ဂန္ထသာရ မဟာထေရ်၊ အဂ္ဂမဟာ ပဏ္ဍိတအရှင်ပညာမဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ မဟာထေရ်တို့ သီတင်းသုံး၍ ဓုရန္ဒစ်ပါး ပွားများအား သစ်ရာဌာနမှန် ဖြစ်သဖြင့် တင့်တယ်သာယာ နေချင်စရာကောင်းလှသော သာသနာဇာတိပါလကျောင်းကြီး၌ နေသိုင်လျက် ဋီကာကျော်၊ ရူပသိဒ္ဓိ၊ ကင်္ခါဝိတရဏီ အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒီဃနိကာယ်ပါဠိအဋ္ဌကထာ၊ မဇ္ဈိမနိကာယ်ပါဠိအဋ္ဌကထာ၊ သံယုတ္တနိကာယ်ပါဠိအဋ္ဌကထာ၊ အင်္ဂုတ္တရနိကာယ်ပါဠိအဋ္ဌကထာ၊ ခုဒ္ဒကနိကာယ်အပါအဝင် ပါဠိတော် အဋ္ဌကထာကြီးများ၊နေတ္တိပါဠိအဋ္ဌကထာစသည့်နိကာယ် ငါးခန်း မာဂဓ ဘာသာကျမ်းဂန်များနှင့် မုဒ္ဓမောဓ၊ အမရကောသ၊ စာဏက္ကျနီတိ အစ ရှိသော သက္ကတဘာသာကျမ်းဂန်တို့ကို ချပို့လေ့ရှိသော အကျွန်ုပ်သည်—

၆။ နိဿာယ ဉာတိ ဟာဒေသေ၊ ဟတ္ထလိခိတပေါတ္ထကေ။
ဗဟုဓေလ ဂန္ထသေဋ္ဌေပိ၊ ကတောယံ ဝိဒုမာနိတော။

သမိုင်းရာဇဝင် သာသနာဝင် အတ္ထုပ္ပတ္တိ ကျမ်းဂန်အမျိုးမျိုးတို့ကို လည်းကောင်း၊ လက်ရေးမှတ်ရာ စာပေများတို့ကိုလည်းကောင်း မှီငြမ်း ပြု၍ ပညာရှင်အပေါင်းတို့ နှစ်ထောင်း ဝမ်းသာ ထောမနာအပ်သော ဤ ကလျာဏီသာသနာဝင်ကျမ်းကြီးကို ကြိုးပမ်းအားသစ် စီရင်ရေး သားအပ်ပါသတည်း။

၇။ တိဋ္ဌတံ အယံ မေ ဂန္ထော၊ သုသာရော ယာဝ သာသနံ။
တိဋ္ဌတေဝ သုတေသီနံ၊ သုသာရံ သုပကာသယံ။

အကျွန်ုပ် များလှဒုတ္တပြား စာပေအလုပ်ကိစ္စတွေကြားမှ စိတ်အား ထက်သန်စွာ ပြုစီရင်အပ်သော ဤ ကလျာဏီသာသနာဝင်ကျမ်းကြီး သည် ဘုရားမြတ်စွာ သာသနာတည်သရွေ့ ကာလပတ်လုံး သာသနာ့ သမိုင်း သုတေသီတို့အား ကောင်းမြတ်သော အနက်အဓိပ္ပာယ်ကိုပြလျက် တည်ထွန်းပါစေသတည်း။

၈။ အနေန သုဝိဋ္ဌေန၊ ပုညေန, ညေန ကမ္မုနာ။
မနီသိဘိ ဂုရူဟော၀၊ ဂစ္ဆေယျံ အမတံ သိဝံ။

ဤကလျာဏီသာသနာဝင်ကျမ်းကြီးကို ကြိုးပမ်းရသော ကောင်းမှုစုနှင့် အခြား ကျမ်းဂန်များကို ရေးသားရသော ကောင်းမှု ဂန္ထန္တရ အဝဝကို ချပို့ရသော ကောင်းမှု အစုစုကြောင့် ပညာရှင်ကြီးများသာ ဖြစ်တော်မူကြသော ကျေးဇူးရှင် မဟာထေရ်မြတ်ကြီးတို့နှင့်အတူ အမတ ကျွန်းငူ သိဝနန်းသို့ စံမြန်းရပါစေသတည်း။

ကလျာဏီသာသနာဝင်ကျမ်း အလုံးစုံပြီး၏။

## အရှင်ကေလာသ ပြုစုသော ကျမ်းစာများ


၁။ အဘိဓမ္မာ ဂုဏ်ရည်။
၂။ တိပိဋကအဋ္ဌုဒ္ဓါရသူစိကျမ်း။
၃။ တိပိဋကသုတ္တသူစိကျမ်း။
၄။ အင်္ဂလိပ် ပါဠိအဘိဓာန်။
၅။ ပါဠိ အင်္ဂလိပ်အဘိဓာန်။
၆။ သက္ကတ မြန်မာအဘိဓာန်။
၇။ ပခုက္ကူသာသနာဝင်။
၈။ မဟာဝိသုတာရာမ သာသနာဝင်။
၉။ မန္တလေးသာသနာဝင် ပဌမတွဲ။
၁၀။ မန္တလေးသာသနာဝင် ဒုတိယတွဲ။
၁၁။ မန္တလေးသာသနာဝင် တတိယတွဲ။
၁၂။ မန္တလေးသာသနာဝင် စတုတ္ထတွဲ။
၁၃။ မန္တလေးသာသနာဝင် ပဉ္စမတွဲ။

၁၄။ မန္တလေးသာသနာ၀င် ဆဋ္ဌမတွဲ။
၁၅။ မန္တလေးသာသနာ၀င် သတ္တမတွဲ။
၁၆။ မန္တလေးသာသနာ၀င် အဋ္ဌမတွဲ။
၁၇။ မန္တလေးသာသနာ၀င် နဝမတွဲ။
၁၈။ မန္တလေးသာသနာ၀င် ဒသမတွဲ။
၁၉။ မန္တလေးသာသနာ၀င် ဧကာဒသမတွဲ။
၂၀။ မန္တလေးသာသနာ၀င် ဒွါဒသမတွဲ။
၂၁။ မန္တလေးသာသနာ၀င် တေရသမတွဲ။
၂၂။ မန္တလေးသာသနာ၀င် စုဒ္ဒသမတွဲ။
၂၃။ မန္တလေးသာသနာ၀င် ပန္နရသမတွဲ။
၂၄။ ပုဂံသာသနာ၀င်။
၂၅။ ပင်းယသာသနာ၀င်။
၂၆။ အင်းဝသာသနာ၀င်။
၂၇။ စစ်ကိုင်းသာသနာ၀င်။
၂၈။ အမရပူရသာသနာ၀င်။
၂၉။ စွန်းလွန်းပဋိပတ္တိသာသနာ၀င်။
၃၀။ သီဟိုဠ်ရဟန္တာများ။
၃၁။ သီဟိုဠ်ဘုရားစုံသမိုင်း။
၃၂။ စေတိယပ္ပတ္တိဒီပနီ။
၃၃။ ပခုက္ကူဘုရားစုံသမိုင်း။
၃၄။ ပခုက္ကူ ရှင်ကျင့်ဝတ်။
၃၅။ ပခုက္ကူ စာချနည်း။
၃၆။ ပခုက္ကူ ရေစက်ချကျမ်း။
၃၇။ ပခုက္ကူ သဒ္ဒါသုတ်နက်။
၃၈။ ပခုက္ကူ ဂုဏ်တော်ဖွင့်။
၃၉။ ပခုက္ကူ ဘုရားရှိခိုးကျမ်း။
၄၀။ ပခုက္ကူ စာစပ်ကျမ်း။
၈၃။ ပခုက္ကူ နိပါတ်နက်များကျမ်း။

၄၂။ ပခုက္ကူ ပရိတ်နိဿယကျမ်း။
၄၃။ ပါဠိ ပါဌ မဥ္စူရိဖတ်စာ။
၄၄။ ဥပုသ်သည်များလက်စွဲ။
၄၅။ တိပိဋကပါဠိမြန်မာ အဘိဓာန်အတွဲ ၉-(ပါဝင်ပြုစု)။
၄၆။ တိပိဋက ပါဠိမြန်မာ အဘိဓာန်အတွဲ ၁၀-(ပါဝင်ဦးစီးပြုစု)။
၄၇။ တိပိဋက ပါဠိမြန်မာ အဘိဓာန်အတွဲ ၁၁ (ဦးစီး ပြုစု)။
၄၈။ ငိုက်အုပ်ဆရာတော် အရှင်နန္ဒိယ၏ ထေရုပ္ပတ္တိဒီပနီနှင့် အဖိုးတန် စာပေများ။
၄၉။ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုန္ဒရ၏ မဟာထေရစရိတ။
၅၀။ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ၏ ထေရုပ္ပတ္တိဒီပနီ။
၅၁။ ကျောက်ဖူးဆရာတော် အရှင်ကလျာဏ၏ ကလျာဏထေရဂုဏ်ရည်။
၅၂။ ပါးကန်ဆရာတော် အရှင်သုန္ဒရ၏ ဝါးကန်ထေရဂုဏ်ရည်။
၅၃။ သံပုရာပင်ကုန်းဆရာတော် အရှင်ဓမ္မိယ၏ ဓမ္မိယထေရဂုဏ်ရည်။
၅၄။ ကျွန်းဦးရွာ မဟာဝိဇိတာရာမတိုက်ဆရာတော် အရှင်ဉာဏုတ္တရ၏ မဟာဝိဇိတာရာမ ထေရာပဒါန်။
၅၅။ ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရ၏ မဟာထေရ-ဂုဏ္ဍတ္တပ္ပဒီပိကာ။
၅၆။ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာဆရာတော်ဘုရားကြီး၏ မဟာထေရလင်္ကာ။
၅၇။ သာသနာပိုင်ဆရာတော် ဦးဥာဏ၏ ထေရုပ္ပတ္တိ။
၅၈။ အရှင်သုန္ဒရ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဖွဲ့ ဂါထာ ခြောက်ဆယ်ပါဌ် နိဿယ။
၅၉။ အရှင်နန္ဒဝံသ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဖွဲ့ ဂါထာ ရှစ်ဆယ် ပါဌ် နိဿယ။
၆၀။ အရှင်ပညာ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဖွဲ့ ဂါထာ ကိုးဆယ် ပါဌ် နိဿယ။

၆၁။ ရေစကြိုဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဖွဲ့ဂါထာ ၁၀၀-ပါဌ် နိဿယ။
၆၂။ ကျွန်းဦးဆရာတော်ဘုရားကြီး၏ ဘုန်းတော်ဖွဲ့ ဂါထာသုံးဆယ် ပါဌ် နိဿယ။
၆၃။ လက္ခဏာတော် သုံးဆယ်နှစ်ပါး ဘုရားရှိခိုး ဂါထာ ပါဌ် နိဿယ။
၆၄။ လက္ခဏာတော်ငယ် ရှစ်ဆယ် ဘုရားရှိခိုးဂါထာ ပါဌ် နိဿယ။
၆၅။ တရာ့ရှစ်ကွက် စက်လက္ခဏာ ဘုရားရှိခိုး ပါဌ် နိဿယ။
၆၆။ နမက္ကာရ ပါဌ် နိဿယ။
၆၇။ ရှင်ဥပဂုတ် ဘုရားရှိခိုး ဆယ့်နှစ်ဂါထာပုဒ် နိဿယ။
၆၈။ ပဋ္ဌာသီခ သီချင်းဂါထာ ပါဌ် နိဿယ။
၆၉။ မြစ်ခြေမြို့ အဘယာရာမတိုက် သောဘနာလင်္ကာရသိမ် မော်ကွန်း ပါဌ် နိဿယ။
၇၀။ မရဏာဿတိဘာဝနာ။
၇၁။ မူလပဏ္ဏာသ အဋ္ဌကထာဂဏ္ဌိ။
၇၂။ ပိဋကတ်သုံးပုံ ဘုရားရှိခိုး (၁၁၅-ဂါထာ ပါဌ် နိဿယ။
၇၃။ မဟာဝံသပါဌ် (သီဟိုဠ်ပါဠိမှ မြန်မာအက္ခရာပြန်ရေး)။
၇၄။ ဒီပဝံသပါဌ်(သီဟိုဠ်ပါဠိမှ မြန်မာပါဠိပြန်ရေး)။
၇၅။ အစ္စရိယာပဒါန်နှင့် အဖိုးတန်စာပေများ။
၇၆။ ပခုက္ကူ အဘိဓာန် နိဿယသစ်။
၇၇။ တိပိဋကရေ ဝုတ္တန္တသန္ဒိပနီကျမ်း။
၇၈။ ကဝိဒပ္ပဏာနီတိ ပါဌ် နိဿယ။
၇၉။ တိပိဋကရေဝုတ္တန္တဝိကာသိနီ။
၈၀။ ဆယ့်နှစ်ရာသီဖွဲ့ ဂါထာ ပါဌ် နိဿယ။
၈၁။ ရေနံချောင်းမြို့ ရွှေတောင်တိုက်အုပ်ဆရာတော်အရှင်ဝဏ္ဏစာရ၏ ထေရဝုတ္တန္တဝိလာသိနီ။
၈၂။ သမန္တကူဋဝဏ္ဏနာပါဌ် (သီဟိုဠ် ပါဠိမှ မြန်မာပါဠိပြန်ရေး)။
၈၃။ မဟာဝိသုတာရာမနိကာယ ဝတ်ရွတ်စဉ်အဖွင့်။

၈၄။ မဟာဝိသုတာရာမနိကာယသာသနာဝင်သစ်။
၈၅။ မဟာဝိသုတာရာမ်က ဂဏဝါစက နိကာယသမိုင်း မှတ်တမ်း။
၈၆။ မဟာစည် ထေရဝုတ္တန္တဝိလာသိနီ။
၈၇။ သာသနာဝင် ဘွဲ့တံဆိပ်တော်များ သမိုင်း။
၈၈။ ၁၃၄၀-ပြည့် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး ၃-ပါးနှင့် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး ၁၀-ပါးတို့၏အဖြစ်တော်စဉ် ထေရုပ္ပတ္တိသန္ဒီပနီ။
၈၉။ အဂ္ဂမဟာပဏ္ဍိတ အရှင်ဂန္ဓမာ၏ မဟာထေရဝိက္ကိဠိတ။
၉၀။ ပခုက္ကူ အဖိုးတန်စာပေများ။
၉၁။ မိဘာမြွတ် ကျေးဇူး။
၉၂။ ထနောင်းခလ ထေရဂုဏ်ချည်။
၉၃။ ၁၃၄၁-ခုနှစ် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂-ပါးနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၆-ပါးတို့၏ အဖြစ်တော်စဉ် မဟာထေရုပ္ပတ္တိပကာသိနီ။
၉၄။ ပခုက္ကူ ရွှေတန့်တစ် ဘုရားသမိုင်း။
၉၅။ ပဋ္ဌမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးသမိုင်းကျမ်း။
၉၆။ ရွှေကူဘုရားသမိုင်း။
၉၇။ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်။
၉၈။ ကလျာဏီသာသနာဝင် (ပဲခူးကလျာဏီ သာသနာဝင်)။
၉၉။ ပခုက္ကူ နံမောတသာ အနက်များကျမ်း။
၁၀၀။ ဆရာမြွတ် ကျေးဇူး။
၁၀၁။ ယဂိယုလ အရှင်ပညာနန္ဒ၏ မဟာဝံသပါဠိ (သီဟိုဠ် ပါဠိမှ မြန်မာပါဠိပြန်)။
၁၀၂။ တပည့်လိမ္မာ။